
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
နီနီအောင်

ရန်အောင်စာပေ-၂
အမှတ်(၈၅၅)၊ ဦးဌေးကိုင်လမ်း၊ (၅၁)ရပ်ကွက်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း။
၀၉၅၁ ၉၅၆၂၉

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

ပြည်သူ့သဘောထား

- [illegible]ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- [illegible] တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် [illegible]သူများအား ဆန့်ကျင်ကြ။
- [illegible] ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



ရန်အောင်စာပေ-၂ စာအုပ်အမှတ် | ၁၃ |

# ချစ်ဦးညို

# သမိုင်းမတွင် သမိုင်းတွင် သမိုင်းဝင်နေတဲ့စကားများ

ရန်အောင်စာပေ-၂

အမှတ်(၈၅၅)၊ဦးဝေ့ကိုင်လမ်း၊(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်တိုင်း။

☎ ၀၉၅၁၁ ၉၅၆၂၉

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၁၅၆၀၀၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၀၅၄၀၂၁၀

**ဓိစဉ်ထုတ်လုပ်မှု**

ဒေါ်နီနီအောင်

**မျက်နှာဖုံးပန်းချီ**

မင်းမွှေး

**ပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာယာလမ်း၊အင်ကြင်းမြိုင်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲအောင်စာပေ)၊ မြ(၀၉၃၂)
အမှတ်(၂)၊ ချွန်း(၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာ**

"ရွှေနဒီ"

**အတွင်းဖလင်**

A- 7 Group (Asia Plaza)

**စာအုပ်ချုပ်**

ရွှယ်တော်-၂

**တန်ဖိုး**

2 5 ၆ ၅

၀၀၈.၉၁

ချစ်ဦးညို

သမိုင်းမတွင် သမိုင်းတွင် သမိုင်းဝင်နေတဲ့စကားများ/ ချစ်ဦးညို။

– ရန်ကုန်။ ရဲအောင်စာပေ၊ ၂၀၁၀။

၃၃၈-စာ ၊ ၁၈.၅×၂၅.၂ စင်တီ။

(၁) သမိုင်းမတွင် သမိုင်းတွင် သမိုင်းဝင်နေတဲ့စကားများ


## မာတိကာ

## သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ


၁ "စောလုံ စောင့်ပါခလည့်" (နရသီဟပတေ့) .... ၁၇

၂ "ကျွန်စစ်သား ငါကိုစိုးပြီ" (မင်းစောလူး) .... ၂၀

၃ "ငါ မအိုသေး" (အလောင်းစည်သူ) .... ၂၅

၄ "နားကျယ်နှင့် ဝမ်းပျက်လိလိ" (မင်းယဉ်နရသိင်္ခ) .... ၂၉

၅ "အဘိုး... ကျွန်ုပ်ကို မစပါ" (မင်းခွေးချေး)
"အရှင့်သားဖို့သာ" (ရာဇသင်္ကြန်) .... ၃၄

၆ "ထမင်းသခင်ကို ပြစ်မှားသော်
အလွန်လျှင်ဝန်လေးလတ္တံ့" (ခေင်ညို)
"ထမင်း တစ်စလောင်းကိုလျက်
သူ့ကျေးဇူးကို သိသည်" (ငါးစီးရှင်) .... ၃၉

၇ "ငါ့ကို မိပြီးဖြစ်သည်၊ ကွပ်လိုရာ ကွပ်တော်မူလော့၊
ငါ့အလိုသော်ကား မိဖုရား စောဥမ္မာ" (တောက်ဖြား)
"ငါသို့သောမင်းကို စင်လျက် ဤသို့သော စကားကိုဆိုဝံ့သည်၊
အချည်းနှီး မသေလေကောင်း" (သတိုးမင်းဖျား) .... ၄၅

၈ "ငနေ... နင် ယောကျ်ား မဟုတ်သလော" (စောဥမ္မာ) .... ၅၀




www.burmeseclassic.com

www.burmeseclassic.com


၉ "...သော၊ မင်း၏ တိုင်ပင်ခြင်းလော၊ ...၏ တိုင်ပင်ခြင်းလော" (ဝန်ဇင်းမင်းရာဇာ) .... ၅၅
၁၀ "...တော် လိုက်၍ကြည့်သော် ...သည်" (မင်းချင်းတစ်ယောက်) .... ၅၉
၁၁ "...သင်သည်မနာ၊ ကြိတ်သည်နာ" (မင်းကြီးစွာ) .... ၆၄
၁၂ "... ခုနှစ်၊ မပဲဖပ်" (မဂဒူး) .... ၆၉
၁၃ "...ဆင်ကဲလေ" (တောင်မိဖုရား) .... ၇၄
၁၄ "ငါ့ချက်စိနှစ်လုံးတွင် ဩဘောင့်ရူးဝင်ခဲ့သည်မှာ တစ်ဖက်က ထွက်သွားပြီ၊ ကျွန်တစ်ဖက်က မထွက်သေး" (ရာဇာဓိရာဇ်) ၇၉
၁၅ "အခုတော့ ချစ်မယားကို ပစ်ထားပြီး သွားပါပေါ့လား" (အမည်မသိ မိန်းကလေးတစ်ယောက်) .... ၈၄
၁၆ "ကျွန်တော်တို့သခင် မိန်းမရှုံးသည့်အရေးကို မသိ" (သမိန်ဗြတ်ဇ) .... ၈၉
၁၇ "သင့်မှာ ရဟန်းပညာရှိလည်း မရှိ၊ လူပညာရှိလည်း မရှိ" (ပင်းယစကြို့သူမြတ်) .... ၉၄
၁၈ "အင်းဝကို ပြန်လည်တိုက်ခိုက်တော့မည်ဟု အရှင် မိန့်ပြန်သည်မှာ မသင့်လျော်၊ တရားနည်းလမ်း မကျ" (အမတ်ဒိန်မဏိရွတ်) .... ၁၀၀
၁၉ "မိဖုရားကို ငါ မနှမြော၊ သင်းကိုသာ ငါ နှမြောသည်" (ရာဇာဓိရာဇ်)
"တို့သခင်စိတ်တော်ကိုသာ စမ်းသည်၊ ချစ်သနားတော်မူသည် မှန်၏" (လဂွန်းအိမ်) .... ၁၀၄
၂၀ "ဥယျာဉ်စိုက်သော ယောကျ်ားတို့သည် ရေသွန်းလောင်း၍ အပင်ကို ကြီးထွားစေသည်။ အညွန့်ကို မဆိတ်ကြပေ" (ရှင်ဒိသာပါမောက္ခ) .... ၁၀၉
၂၁ "ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကို ချမ်းသာစွာသေရအောင်" (သာလွန်မင်း) .... ၁၁၄





၂၂ "ကျွန်ုပ် အခြားမလျှောက်သာပြီ၊ စစ်တော်မူလော့" (အင်းဝဘုရင် သတိုးမင်းစော)
"မောင်အင်းဝ၊ မင့်ပွဲလေ" (ဘုရင့်နောင်) .... ၁၁၈
၂၃ "ရွှေမောဓောဘုရားမှာ နားထွင်းမည်" (တပင်ရွှေထီး)
"ပြည်အလုံးကို နောင်တော်သာ စီရင်လေ၊ ငါ့ကို မလျှောက်နှင့်တော့" (တပင်ရွှေထီး) .... ၁၂၃
၂၄ "နှစ်ဦးသောသစ္စာကို ခံသောက်ချေသော် သဘောမဟုတ်။ လိမ်လည်မှုနှင့် ပြုသည်သာဟု မင်းသံတော်တို့ မယုံပေရာ" (အလောင်းမင်းတရား) .... ၁၂၉
၂၅ "မနိုင်လျှင် ငါတို့ မရှိပြီသည်ကို ဘယ်သူ့အား အပြစ်တင်မည်နည်း" (ကျော်ထင် နော်ရထာ)
"ဘုန်းကြီးသည့် အရှင်နှင့်မတန်၊ ကျွန်ုပ်တို့ပွဲသာဖြစ်၍ အရေးများသေးသည်နှင့် တိုက်ပေသည် (ကျော်ထင် နော်ရထာ) .... ၁၃၄
၂၆ "ရာဇဝတ်ကို ကျူးလွန်၍ ကျင့်ဘိသည် နင့်ကို သံအိုးကွင်းနှင့်ကြော်မည်" (မဟာဓမ္မရာဇာမင်း) .... ၁၃၈


*

## သမိုင်းတွင် သမိုင်းဝင် စကားများ


- လေးစားအပ်သော စာဖတ်သူသို့ စာရေးသူမှ... .... ၁၄၅
၁ "ပေးတော်မူသော ရာထူးကို မယူပါရစေနှင့်၊ ကျွန်ုပ် စစ်ထိုးရန်ရှိပါသေးသည်" (ထေရပုဏ္ဏာအာဘယ စစ်သူရဲကြီး) .... ၁၅၁
၂ "အောင်မြင်လျှင် အနှစ်ကို ယူတော်မူ၊ အကာမျှသာ ပေးတော်မူပါ" (သမိန်လောတ်ဖြား) .... ၁၅၀




www.burmeseclassic.com

www.burmeseclassic.com


၃ "နမလင်သည် ငါ့ကျောက်ကုန်းထက်၌ စီးလျက် မမေးရာသည့် အမေးကိုမေးသည်၊ ငါမဆိုနိုင်တော့ပြီ"
(ဆင်ထဲထစ်ဦး–အမည်မသိ) .... ၁၆၅

၄ "[illegible]ဘုရားကြီးတို့ ရှင်ဘုရင်၊ ရှင်ဘုရင်ဝါး မဝသေးပါဘူး"
([illegible]) .... ၁၇၁

၅ "ရာဇဘွာ ဝိမုတ္တကော" (ယောမင်းကြီး ဦးဘိုးလှိုင်) .... ၁၇၈

၆ "[illegible]တို့ဆယ်၊ ငှက်ကလက်သန်းကိုပင် ဖွင့်လေ"
([illegible]ကြီး)
"ငါ့ရှင်ဂုဏ်ကို ပူဇော်ပါသည်၊ ဒုကုဋ်ကို လက်ခံပါ"
(အရှင်မဟာအရိယဝံသ) .... ၁၈၅

၇ "အုံညီ၍ ဆုံးမရစ်" (နရဝတီစည်သူ) .... ၁၉၂

၈ "တရားနည်းလမ်းမကျသည့် အောင်မြင်မှုကို ကျွန်ုပ်မနှစ်သက်၍ သခင်၏လျှို့ဝှက်ချက်ကို ဖျက်ရခြင်းဖြစ်သည်" (လဝွန်းအိမ်) .... ၂၀၁

၉ "မင်းဧကရာဇ်ဖြစ်လျက် အမျိုးအမတ်များနှင့် တိုက်ရာသလော၊ ရှဲမြတ်စွာကို ပြန်လှည့်" (မင်းသိင်္ခတ်).... ၂၀၈

၁၀ "ကျွန်တော့်အရှင်ပေးသော သစ္စာသည် စက္ကူတွင်ရေး၍ မီးဖုတ်ပြီး ထိုအကျွမ်းပြာကို ရေ၌ဖျော်၍ သောက်ရသည်။ ထိုသစ္စာသည် ဝမ်းတွင် မကျေရှိသည်"
(ပေါလသိုင်းစား) .... ၂၁၄

၁၁ "ဆရာကြီးကဲ့သို့ ကျွန်ုပ်အပေါ် စောင့်ရှောက်ဆုံးမမည့် မင်းကြီး ပေါ်ပေါက်တော့မည် မထင်ပါ"
(မင်းတုန်းမင်း) .... ၂၂၁

၁၂ "အင်းဝရွှေနန်းတော် သဘင်ကား များပြားပါ၏။ ထူပါရုံဘုရားထီးတော်တင်ပြီး၍ ပွဲစဲသည် ပြောဆိုကြသည်မျှနှင့် ယခုပွဲတော်တူပါ၏။"
(စကားတောင်စား) .... ၂၂၇

၁၃ "ဟယ်... စိတ်ကြမ်းခက်ထန်သည့် သည်ကျွန်သားကတော့ ကြာလျှင် မင်းရဲကျော်စွာ၏ နေရာကို ယူချေဦးမည်"
(ဘုရင်မင်းခေါင်) .... ၂၃၄

၁၄ "နှုတ်ရဲသူကို လက်နှေးသည်ဟု အပြစ်ဆို၍မရ။ လက်ရဲသူကို နှုတ်နှေးသည်ဟု အပြစ်ဆို၍မရ။ ယခုကိစ္စတွင် လူကြီးရောလူငယ်ပါ အပြစ်ရှိသည်ချည်း"
(ရာဇာဓိရာဇ်) .... ၂၄၀

၁၅ "ငါ့ညီ ဆင်ဖြူရသည်လော" (ဥစနာ) .... ၂၄၆

၁၆ "ငါသော်ကား မပေး၊ အဘိုးရာဇာပေးကောင်း၏ဟူက ရစေ"
(ဘုရင်မင်းခေါင်) .... ၂၅၂

၁၇ "ဝါရီရွှမင်း၏ သချိုင်းဝှမှတ" .... ၂၅၈

၁၈ "ထီးဖြူတော်ကို လေပလီသောကြောင့်၊ မြေမှီလျက် စံနေပါသည်ဘုရား" (ဦးပေါ်ဦး)
"ထီးဖြူတော်ကို ထူလိုက်ပါဘိ မောင်မင်း"
(ဗဒုံမင်း–ဘိုးတော်ဘုရား) .... ၂၆၄

၁၉ "သူတော်ကောင်းတို့ဥစ္စာကို ရေမှာပစ်လည်း မနစ် မီးမှာ ပစ်လည်း မချစ်" (မဟာပညာကျော်) .... ၂၇၀

၂၀ "ဟိဇာလေ ဟေဟေးလား"
(ရဟန်းတစ်ပါး/ နောင်–သံပျင်အမတ်) .... ၂၇၆


❖





www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးမှတ်တမ်း

ဤဆောင်းပါးများ ရေးဖြစ်အောင် အကြံပေး တိုက်တွန်းခဲ့သော စာရေးဆရာ မင်းလူ၊ အပတ်စဉ် ထည့်သွင်းဖော်ပြခဲ့သော ပေါ်ပြူလာဂျာနယ်၊ ဖတ်ရှု ဝေဖန် ဆွေးနွေးပေးကြသည့် မိတ်ဆွေများ၏ ကျေးဇူးတရားကို မမေ့မပျောက် မှတ်တမ်းတင်ပါကြောင်း။

(စာရေးသူ)

# သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့စကားများ

www.burmeseclassic.com

www.burmeseclassic.com

လောကဓာတ်ခုံကြီးထက်မှာ အမျိုးမျိုး ပါဝင်လှုပ်ရှားသွားကြတဲ့ လူသားတွေရဲ့ အခန်းကဏ္ဍတွေဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ဒီလူတွေရဲ့ ကံသုံးပါးအမှုတွေထဲမှာ ဆင်ခြင်ဖွယ်၊ နည်းယူဖွယ်၊ အားကျဖွယ်၊ လေးစားမြတ်နိုးဖွယ်များ ပါရှိသလို သံဝေဂရဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ စက်ဆုပ်ဖွယ်များလည်း ပါရှိနေကြပါတယ်။ ယူတတ်မယ်ဆိုရင်တော့ သမိုင်းဆိုတာဟာ ဘာသာရပ်အရဖြစ်ဖြစ်၊ ပညာအနေနဲ့ဖြစ်ဖြစ် ယူတတ်သူအဖို့ ကောင်းကျိုးဖြစ်ထွန်းစရာတွေချည်းပါပဲ။

သမိုင်းစဉ်တစ်လျှောက် အကောင်းနဲ့ဖြစ်စေ၊ အဆိုးနဲ့ဖြစ်စေ ထင်ရှားကျော်ကြားခဲ့သူများရဲ့ စာတစ်လုံး၊ စကားတစ်ခွန်း(များ)ဟာလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒီစာတစ်လုံး၊ စကားတစ်ခွန်းကနေပြီး ကာယကံရှင် ပုဂ္ဂိုလ်အကြောင်းနဲ့ သူနဲ့ ဆက်စပ်နေတဲ့ သူ့ခေတ်၊ သူ့ဝန်းကျင်၊ သူ့နောက်ခံတွေကို ဆန့်ထုတ် ကြည့်မြင်လို့ ရနိုင်ပါတယ်။ သူတို့ရေးခဲ့တဲ့စာ၊ သူတို့ပြောခဲ့တဲ့ စကားတွေဟာ သူတို့ရဲ့ စိတ်နေသဘော၊ ကိုယ်ကျင့်တရား၊ ဖြစ်တည်ရှင်သန်မှုများနဲ့အတူ သူတို့ရဲ့ လောကကြီးကို လှမ်းကြည့်လို့ ရနိုင်တဲ့ ပြတင်းပေါက်သဖွယ် ဖြစ်နေကြပါတယ်။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



**"ကြည်— ဝဲပြုတ်နဲ့နံပြားရရင် စားချင်တယ်"**

အားလုံးသိကြတဲ့ စာလေးတစ်စောင် (စကားလေးတစ်ခွန်း)ပါ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့စာ၊ စကား။ ဗိုလ်ချုပ်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ အဆောင်အယောင် ပကာသနကင်းမဲ့မှု၊ ကြီးလေးတဲ့ အမျိုးသားရေးတာဝန်များ ဖိစီးနေတဲ့ကြားထဲက ရိုးစင်းစွာ ထွက်ပေါ်လာတဲ့ ပကတိဖြစ်စင်မှု... တစ်ဆက်တစ်စပ်တည်း တွေးမယ်ဆိုရင် အများကြီးဆင့်ပွားလာနိုင်စရာ စာ(စကား)လေး တစ်စောင်ဖြစ်ပါတယ်။

**"ဩော်...ဘရုတပ်စ်၊ မင်းလည်းပါသကိုး"**

ဂျူးလီးယက်ဆီဇာရဲ့ စကားဖြစ်ကြောင်း အားလုံးသိကြပါတယ်။ သူ့ ဝမ်းဗိုက်ထဲ စိုက်ဝင်နေတဲ့ ဓားတွေ၊ ယိုစီးလာတဲ့ သွေးတွေ ကြားမှာ အံ့ဩစွာ၊ နာကြည်းစွာ၊ မယုံနိုင်စွာနဲ့ မြည်တမ်းရင်း သွေးအိုင်ထဲ ခွေလဲကျသွားခါနီး ဆီဇာရဲ့ နောက်ဆုံးစကား။ ဒီစကားလေးကို ဆင်ခြင်ကြည့်မယ်ဆိုရင်လည်း ရှုပ်ထွေးလှတဲ့ သက်ဦးဆံပိုင်စနစ်၊ ခေါင်းဆောင်နဲ့ နောက်လိုက်တို့ရဲ့ ဆက်နွယ်မှု၊ သစ္စာပျက်ယွင်းမှု၊ အနီးဆုံး လူရဲ့ လျှို့ဝှက်ကြံစည်မှု၊ သတိ သံဝေဂရဖွယ်၊ သင်ခန်းစာယူဖွယ်များကို ပြောပြနေတဲ့ စကားတစ်ခွန်း...။

**"ပေါင်မုန့် မရှိရင် ကိတ်မုန့်စားကြပစေပေါ့"**

ဒါဟာလည်း (၁၈)ရာစု ပြင်သစ်တော်လှန်ရေးကြီး စတင်ပေါက်ကွဲဖို့ နီးစပ်လာတဲ့ ကာလလေးမှာ ထွက်ပေါ်လာတဲ့ စကားဖြစ်ပါတယ်။ လူဝီ (၁၆)ရဲ့ မိဖုရား မေရီ အင်တွိုင်းနက်ရဲ့စကား။ ဆင်းရဲငတ်ပြတ်နေတဲ့ ပါရီမြို့သူမြို့သား လူထုရဲ့ စားရမဲ့ သောက်ရမဲ့ ဒုက္ခကွန့်ကရကပ်ဘေးကို မစာမနာ ပြောရက်ခဲ့တဲ့ ဧကရီမကြီးရဲ့ စကားဖြစ်ပါတယ်။ မိဖုရားကြီးအဖို့ စားစရာ ပေါင်မုန့် မရှိခြင်း နေရာမှာ ကိတ်မုန့်ကို အစားထိုးလို့ ရနိုင်တယ်လို့ ထင်ခဲ့ပါတယ်။ သူကောင်းမျိုး နဲ့ ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုး အကြားက





ကြီးမားလှတဲ့လူတန်းစားဘဝအသိ ကွာဟချက်ကို ပြလို့နေပါတယ်။ ဘာစတီး အကျဉ်းထောင်ရဲ့ ဘူးဝတံခါးကြီး ကျိုးပျက်ပွင့်ထွက် သွားစေဖို့ ထိမှန်တိုးဆောင့်ကြတဲ့ အကြောင်းရင်းတွေထဲမှာ မိဖုရားကြီးရဲ့ ဒီစကား တစ်ခွန်းလည်း အပါအဝင်ဖြစ်ပါလိမ့်မယ်။

'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ' လို့ ခေါင်းစီးတပ်လိုက်တဲ့ ဒီစာမှာ အလားတူ စာ(စကား)များကို အလှမ်းမီသလောက် ကောက်နုတ် ဖော်ပြသွားမယ်လို့ ရည်ရွယ်ပါတယ်။ စကားတွေရဲ့ နောက်ခံ ဖြစ်ရပ်နဲ့ အကျိုးဆက်ဖြစ်ရပ်တွေကိုလည်း အလျဉ်းသင့်သလို ပြောဖို့ ကြိုးစား ကြည့်ပါမယ်။ ကမ္ဘာ့သမိုင်းမှာ အဲဒီလို 'ရာဇဝင်တွင်'လောက်တဲ့ စကားတွေ ရှိခဲ့သလို ရာစုများစွာ ရှည်ကြာပြီဖြစ်တဲ့ မြန်မာ့သမိုင်းမှာလည်း ရာဇဝင် (သမိုင်း)တွင်မယ့် စကားတွေ ရှိနေပါတယ်။ ဒီစကားတွေကို ပြောခဲ့သူတွေကလည်း ပုဂ္ဂိုလ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး ရှိကြပါတယ်။ ဒီစကားတွေက သယ်ဆောင်လာမယ့် ဆင်ခြင်နှလုံးသွင်းဖွယ်တွေကတော့ ကျွန်တော်တို့ တစ်တွေရဲ့ ခံစားစုပ်ယူနိုင်မှုအင်အားအပေါ်မှာ မူတည်ပြီး အမျိုးစုံကွဲပြားနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သမိုင်းဆိုတာ ယူတတ်ရင် မှားမှန်ခွဲခြားနိုင်တဲ့ (အမောဟ) အသိဉာဏ်ပညာအတွက် အထောက်အကူပြုနိုင်တာချည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အတိတ်ရဲ့အကျဉ်းသားများ မဖြစ်ဖို့၊ အနာဂတ်ရဲ့ မိခင် ဖခင်ကောင်းများ ဖြစ်ဖို့၊ ပစ္စုပ္ပန်ရဲ့ သားသမီးကောင်းများဖြစ်ဖို့ အရေးကြီးလှတယ် မဟုတ်ပါလား။

❑



www.burmeseclassic.com

www.burmeseclassic.com

# “စောလုံ စောင့်ပါလှည့်”
## (နရသီဟပတေ့)

ပုဂံရာဇဝင်ထဲမှာ ထင်ရှားခဲ့တဲ့ နရသီဟပတေ့မင်းရဲ့ စကားတစ်ခွန်း ဖြစ်ပါတယ်။ ငယ်မည် မင်းခွေးချေး ခေါ်တဲ့ နရသီဟပတေ့ဟာ ပုဂံရာဇဝင်မှာ ဖြစ်ရပ်စုံလင်လှတဲ့ ဘုရင်တစ်ပါးပါ။ အမျက်စောင်မာန်ကြီးခြင်း၊ စည်းစိမ်ထက်မှူးခြင်း၊ အသိဉာဏ်နည်းခြင်း၊ မဆင်မခြင် အဆော်တလျင် ဆုံးဖြတ်အမိန့်ပေးခြင်း စတဲ့ စရိုက်လက္ခဏာတွေနဲ့ ပြည့်စုံသူလို့ ဆိုပါတယ်။ သူ့ဘက်ထက်မှာ ထူးထူးခြားခြား(လို့ဆိုရမယ့်) ဖြစ်ရပ်တွေကလည်း အများသား။ မိဖုရားကြီး ဖွားစောက အမြဲတစေ အနီးကပ် ထိန်းမတ်ပေးနေရတဲ့ ဘုရင်ပါတဲ့။

“စောလုံ၊ စောင့်ပါလှည့်”။ ဒီစကား ဖြစ်ပေါ်လာပုံက ဒီလိုပါ။ နွေလရာသီမှာ ရေဖျန်းကစားမြဲဖြစ်တဲ့ နရသီဟပတေ့ဟာ နန်းတော်ကနေ မြစ်ဆိပ်အထိ အမိုးအကာအပြည့်နဲ့ တဲတန်းလျားရှည်ကြီးကိုထိုး။ မြစ်ဆိပ်မှာလည်း မင်းတဲ ဆောက်စေပြီး ရေကစားလေ့ ရှိပါတယ်။ မောင်းမမိဿံ အစုံအလင်နဲ့ပါ။ ဒီပွဲတစ်ပွဲမှာ မိဖုရား စောလုံကို ‘မျက်စိ၊ မျက်နှာ၊ ဦးဆံ



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]လို့ မောင်းမငယ် တစ်ဦးထံ ကျိတ်မှာထားပါ [illegible]ဘာတ နရသီဟပတေ့ အလွန် မြှောက်စားချစ်ကြည်တဲ့ [illegible] တစ်ဦးပါ။ အချစ်ကြီးသူမို့ ခပ်ကြမ်းကြမ်းကလေး ကျီစယ်တဲ့ [illegible]။ [illegible]မိသံတွေ အလယ်မှာ စောလုံဟာ ရေမွှန်းပြီး ဝူးဝါး [illegible] အရှုံးတကွဲ ဖြစ်ခဲ့ရပါတယ်။ ဒါကို နရသီဟပတေ့က တဟားဟားနဲ့ [illegible]၊ ဘုရင်ရယ်တော့ အားလုံးကလည်း လိုက်ရယ်ကြပေါ့လေ။

စောလုံဟာ ငယ်ရွယ်ချောမောသလောက် အလှဂုဏ်နဲ့ မာန်မာနကြီး ရှတဲ့အထဲ ရေသဘင်ပွဲမှာ အရှက်တကွဲဖြစ်ခဲ့ရတော့ မင်းကြီးအပေါ် အမျက်သို နှလုံးနာပြီး ပွဲတော်စာ(ထမင်းအုပ်)မှာ အဆိပ်ခတ်ပါရော။ ဒီအမှု ပေါ်သွားတော့ မင်းကြီးက စောလုံကို စစ်မေးပါတယ်။ စောလုံက "ဟယ်...ပန်းပွတ်သည်မြေး၊ နင့်ကို ငါ လုပ်ကျွေး မွေးမြူ၍ ငါ့ကိုနင် သူကောင်းပြုလျှင် ဤသို့သော ကိုယ်ဖြစ်၍ အထင်အရှား ရှိပြီးမှ မောင်းမငယ်ကို နှုတ်ထည့်၍ အဝတ်အစား ဦးဆံစွတ်အောင် နင်လုပ်သောကြောင့် နင့်ကိုငါ နှလုံးထောင့်၍ ကြံသည်" လို့ ပြန်ပြောပါတယ်။

'ပန်းပွတ်သည်မြေး' ဆိုတဲ့ စကားလုံးဟာ နရသီဟပတေ့ရဲ့ မျိုးရိုးဇာတ်မြစ်ကို လှန်ပြီး ငယ်ကျိုးငယ်နာ ဖော်လိုက်တဲ့ စကားပါ။ ဒီစကားလုံးကို ဘုရင် မခံနိုင်ပါဘူး။ ဒါ့အပြင် အဆိပ်ခတ် လုပ်ကြံတယ်ဆိုတာကလည်း အဆုံးစွန်သော ရာဇဝတ်ပြစ်မှုဆိုတော့...

ပန်းပဲသမားတွေခေါ် သံကျပ်စင်လုပ်ခိုင်းပြီး 'ဖိုထိုးကျပ်တင်သတ်စေ' အမိန့်ချပါတယ်။ မိဖုရားစောလုံဟာ ခုနစ်ရက်လုံးလုံး အဓိဋ္ဌာန်ဝင်၊ သီတင်းသီလစောင့်ပြီးမှ သံကျပ်စင်တက်တယ်လို့ ဆိုပါတယ်။ သီလဂုဏ်ကြောင့် မီးသုံးကြိမ် သေပြီးမှ ငါသည် ခဏချင်း ကျွမ်း၍ ပျောက်စေသားလို့ မိဋ္ဌာန်ပြီး အနိစ္စရောက်သွားပါတယ်။

နရသီဟပတေ့မင်းဟာ စောလုံကို သတ်ပြီးနောက် စက်တော်ခေါ်ချိန်ရောက်ရင် ယောင်ယမ်းတမ်းတ ခေါ်မိပါတယ်တဲ့။ အခါ့တိုင်း သူ့အိပ်ရာအဝင်မှာ ထွေးပွေ့ချော့သိပ် ခစားရသူဟာ စောလုံဖြစ်ခဲ့တာကလား။ ဒီတော့ မင်းကြီးဟာ အိပ်ရာဝင်တာနဲ့ မြည်တမ်းပါတော့တယ်။ "စောလုံ... စောင့်ပါခလှည့်၊ စောလုံ... စောင့်ပါခလှည့်" တဲ့။





စောလုံကို စီရင်ပြီးပါပကောလို့ မိဖုရားစော သတိပေးတော့မှ ငါ မှားပြီရယ်လို့ နှလုံးကြေကွဲပြီး အိပ်မပျော်နိုင်ဖြစ်ရပါတယ်။ မဟာထေရ်ဆရာတော် တရားနဲ့ ဆုံးမမှ အတန်အသင့် ဝေဒနာပြေပြီး "နောင် ငါ မျက်တဲ့သော် လခွဲဆက်ရက် ထားပြီးမှ အချင်းခပ်သိမ်းကို မေးမြန်းစိစစ်ဦး၊ ပြီးမှ စီရင်သင့်သူကို စီရင်၊ လွှတ်သင့်သူကို လွှတ်စေ" လို့ မိန့်မှာပါသတဲ့။

* * *

ချစ်ခင်လေးစားအပ်သော မိတ်ဆွေ...။ ကျွန်တော်တို့မှာ ကိလေသာ အကြမ်းစားတွေ အခံရှိနေလေတော့ တစ်စုံတစ်ခု မိမိကို ထိခိုက်လာတယ်လို့ ထင်မြင်ယူဆလိုက်တဲ့အခါ ပြင်းထန်တဲ့ ပေါက်ကွဲမှုတွေ ထွက်ပေါ်လာတတ်ကြပါတယ်။ အဲဒီ ပေါက်ကွဲမှုရဲ့ ဖြစ်စဉ် နောက်ခံ အကြောင်းရင်းတွေထဲမှာ တရားခံဟာ 'သူ'ပဲ ဖြစ်နေတတ်ပြီး 'မိမိ'ရဲ့ အပြစ် မရှိဘူးလို့လည်း ယူဆတတ်ကြပါတယ်။ သူ့ကြောင့်၊ သင်းကြောင့်... ငါကဲ့သို့သော သူကိုများ စသည်ဖြင့် အတ္တမာန်မာန၊ ဒေါသမီးအဆိပ် တောက်လောင်ပျံ့နှံ့လာတဲ့ အခါမျိုးမှာ မပြောသင့်တာ ပြောမိ၊ မလုပ်သင့်တာ လုပ်မိနဲ့။

နရသီဟပတေ့ကတော့ "စောလုံ စောင့်ပါခလှည့်" လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀ ကျော်ကတည်းက မြည်တမ်းရေရွတ်ခဲ့ဖူးပြီ။

❑



www.burmeseclassic.com

www.burmeseclassic.com

## "ကျွန်စစ်သားငါ့ကို ခိုးပြီ"
## (မင်းစောလူး)

ကျန်စစ်သားအကြောင်းဟာ မြန်မာရာဇဝင်မှာတော့ လူသိအများဆုံးလို့ ဆိုနိုင်ပါတယ်။ သူ့ရဲကောင်း မင်းယောကျ်ားတစ်ဦးအနေနဲ့ ကျန်စစ်သားကို ဗဟိုပြုပြီး ဖြစ်ပေါ်ခဲ့တဲ့ အဖြစ်သနစ်တွေဟာလည်း အမယ်စုံလှပါတယ်။ လက်ရုံး နှလုံး ပြည့်ဝပုံ၊ အနစ်နာခံပုံ၊ ကျေးဇူးသစ္စာ စောင့်သိပုံ စသည်ဖြင့် လေးစားအားကျစရာများနဲ့ ကျန်စစ်သားရဲ့ ရာဇဝင်ဟာ ရောင်စုံတောက်လို့ နေတော့တယ်။ အနိစ္စရောက်ခါနီးအထိ သား ရာဇကုမာရ လှူဒါန်းသော ရွှေဆင်းတုကို ဖူးမြော်ပူဇော်ခဲ့တဲ့ နောက်ခံ ဝှပြောက်ကြီး ကျောက်စာအထိ ကျန်စစ်သားကြီး အကြောင်းဟာ ဆေးရောင်စုံ မြင်ကွင်းကျယ် ဇာတ်လမ်းကြီး ဖြစ်နေပါတယ်။

သမိုင်းတွင်/ဝင် စကားများအကြောင်း ပြောပြနေတဲ့ ဒီဆောင်းပါးလေးမှာတော့ ကျန်စစ်သားရဲ့ အဲဒီ လူသိများပြီး ဇာတ်လမ်းစုံတွေထဲက တစ်ခုသော ဖြစ်ရပ်နဲ့ တစ်ခွန်းသော စကားကို ပြန်နွှေးချင်ပါတယ်။





ဒီစကားကို ပြောခဲ့သူက (ဇာတ်လမ်းတစ်ပုဒ်အနေနဲ့ ကျန်စစ်သားက ဟီးရိုးဆိုရင် ဗီလိန်အဖြစ်ပါဝင်ခဲ့သူ) စောလူးမင်း ဖြစ်ပါတယ်။ စောလူးမင်းလို မင်းတစ်ပါးဆီကများ သမိုင်းဝင် စကားတစ်ခွန်း ရနိုင်ကောင်းပါရဲ့လား ဆိုရင်…ဒီလိုပါ။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း အန်ပွဲ(ကြွေအန်)လေးတစ်ခု အကြောင်းပြုပြီး (ယိုးမယ်ဖွဲ့ပြီး) မင်းစောလူးနဲ့ ဥဿာမြို့စား ငရမန်တို့ အချင်းများကြရာက ငရမန်က ပုဂံကို ပုန်ကန်ခဲ့ပါတယ်။ ရေအား၊ ကြည်းအားနဲ့ ချီလာတဲ့ ရန်သူ တပ်တွေ ပြည်တော်သာကျွန်းကို ရောက်ပြီလို့လည်း ကြားရော ကျန်စစ်သားကို အလျင် ချီစေပြီး မင်းစောလူးက နောက်တပ်မပြု ချီခဲ့ပါတယ်။ ကျန်စစ်သား စစ်ရေးသေနင်္ဂ လိမ္မာလှတာကို သိတဲ့ ငရမန်က ဒီအတိုင်း စစ်မျက်နှာ မဖွင့်ဘဲ ပရိယာယ်ဆင်ပါတယ်။ ဆင်ပုံက ဆင်ခင်း မြင်းခင်း မသာတဲ့၊ ညွန်များတဲ့ အရပ်မှာ နှီးနဲ့ဆင်ရုပ်လုပ်၊ ပေါင်းပန်းတင်၊ မဲ့ဖက်အရုပ်တွေ လုပ်ပြီး အယောင်ဆောင်တပ် ချလိုက်တာပါပဲ။

ပြည်တော်သာကျွန်းကို ညဘက်ရောက်လာတဲ့ ပုဂံတပ်တွေအဖို့ နှီးချုပ်ပြီ နောက်နေ့မှ တိုက်မယ်ဆိုပြီး တပ်ချနေခဲ့ပါတယ်။ ညဥ့်(ညရောင် ခိုဝင်)မှာ ငရမန်က စစ်ရေးငင် စစ်မြူတော့ မင်းစောလူးက မဆင်မခြင် သိုက်တိုက်ပါသတဲ့။ ငရမန်ပရိယာယ်မှာ စောလူးမင်း သက်ဆင်းရပါတယ်။ ဆင်တော် သန်မြန်စွာ ညွန်မှာ ကျွံနစ်တော့မှ မင်းစောလူး ဆင်ပေါ်က ဆင်းပြေးတော့တယ်။ တပ်လည်းပျက်ပါတယ်။ ကျန်စစ်သား ကိုယ်တိုင် ဆောင်ခွင် အရပ်ကနေ မြင်းနဲ့ တစ်ညဥ့်လုံး နှင်ခဲ့ရပြီး မိုးသောက်မှ ပုဂံပြန်ရောက်ပါတယ်။ နန်းတော်က မှူးမတ်ဝန်တွေက မင်းမဲ့ပြီဖြစ်လို့ ထီးနန်းခံပါလို့ နန်းအပ်တာကို "ငါ့အရှင် ရှိမရှိ စူးစမ်းဦးမည်၊ ငါ့အရှင် ရှိသော် သူ၍ နန်းတင်မည်" လို့ ဆိုပြီး မင်းမြှောက်တန်ဆာ ငါးပါးကို ရွှေစည်းခုံ ရှေ့တော်မှာပဲထား၊ ပြည်တော်သာကျွန်းဘက် ပြန်ထွက်ပါတယ်။

ဒီအချိန်မှာ မင်းစောလူးကတော့ ညောင်ခေါင်းထဲ ဝင်ပုန်းရင်း ထမင်းသုံးနပ် ငတ်ခဲ့လို့ လက်စွပ်ကို ထင်းခွေသမားရဲ့ ထမင်းထုပ်နဲ့လဲစားခဲ့ရာက အဖမ်းခံရပြီး ငရမန်ရဲ့ အကျဉ်းသားဖြစ်လို့နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှင်သူ့ခန်းထဲကို စွန့်စားထိုးဖောက်၊ မင်းစောလူး [illegible] အတောက်ဝင်ပြီး မင်းစောလူးကို ပခုံးထက် ထမ်းပါတယ်။ [illegible] အသိဉာဏ် နည်းလှတဲ့ မင်းစောလူး ကြံပုံက...

'ကျန်စစ်သားဟာ ငါ့ခမည်းတော်လည်း မျက်ဖူးသသူ၊ ငါလည်း [illegible]သူ ဖြစ်သည်' တဲ့။

ခေတ်စနစ်မှာ မင်းသမီးကို အကြောင်းပြုပြီး အနော်ရထာမင်းကြီး လက်ထက်က မင်းမျက်သင့်ပြီး ကျန်စစ်သား ထွက်ပြေးခဲ့ရတဲ့အဖြစ်။ နောက် သူ့လက်ထက်မှာပဲ မိဖုရားခင်ဦးနဲ့ အဆက်အသွယ် ရှိပြန်တယ်ဆိုပြီး ညောင်းစိမ်က နုတ်၊ အောက်ဒလသို့ ပို့ခဲ့ပြန်တဲ့အဖြစ် (မှူးမတ်တွေက အနော်ရထာမင်းကြီး လက်ထက်ကတည်းက ကျန်စစ်သား ပုန်းရှောင်ခဲ့ဖူးရာမှာ မင်းကြီးကိုယ်တိုင် ယူချင်မတတ်ရှိရသေး။ ယခုလည်း ကျန်စစ်သားလို ပုဂ္ဂိုလ်၊ ကိုယ်တော်နဲ့ မကွာစကောင်း) လို့ ပြောကြမှ ပြန်ခေါ်ခဲ့တဲ့ အဖြစ်။

ဒီပြဿနာကို မင်းစောလူး ပြန်တွေးမိပြီး...

'ကျန်စစ်သား ငါ့ကို သတ်လို၍ ခိုးသည်ဖြစ်သည်' လို့ ဆုံးဖြတ်ပါသတဲ့။ ဥဿာမြို့စား သူ့ကို ပရိယာယ်ဆင် စစ်ပြု အကျဉ်းချထားတဲ့ ငရမန်ကိုတော့ 'ငရမန်ကား ငါ့အထိန်းတော်သား၊ ငါနှင့် တစ်ဖက်တစ်ယောက် နို့စို့ဖက်ဖြစ်ခဲ့တဲ့သူ၊ ငရမန် ငါ့ကိုမသတ်တန်ရာ' လို့ ဆုံးဖြတ်ပါသတဲ့။

ဒီလိုကြံပြီး ကျန်စစ်သားရဲ့ ပခုံးထက်ကနေ မင်းစောလူး အားကုန်အော်လိုက်တဲ့ စကားကတော့...

"ကျန်စစ်သား ငါ့ကို ခိုးပြီ" တဲ့။

ဒီအချိန်ကလေးမှာ ကျန်စစ်သား ဘယ်လောက် ထိခိုက်တုန်လှုပ်သွားလေမလဲ။ စဉ်းစားကြည့်မိပါတယ်။ (ခမည်းတော်လက်ထက်၊ သူ့လက်ထက်၊ ငါ့မှာတော့ သစ္စာစောင့်သိလိုက်ရတာ၊ ခင်ဦးနဲ့ပတ်သက်တဲ့ နှလုံးသားကိုတောင် အကြေကွဲခံပြီး ငါ့မှာ ကျိုးနွံလိုက်ရတာ၊ ပုဂံမှာ မှူးမတ်တွေက နန်းအပ်တာတောင် သူရှိရင် သူ့ကိုရှာပြီး နန်းပြန်တင်မယ်ဆိုပြီး ရန်သူအကြား စွန့်စားဝင်ရောက် သူ့ကို ကယ်ခဲ့တာ...။ ဒီလို အခြေအနေမှာ သူ ဒီလို အော်လေခြင်း)။





ငရမန်တပ်တွေကလည်း မင်းစောလူး အော်သံကြောင့် ဖြိုင်ဖြိုင်ထကြပါပြီ။ ဒီအချိန်မှာ ကျန်စစ်သားအဖို့ လုပ်စရာ တစ်ခုပဲ ရှိပါတော့တယ်။ မင်းစောလူးကို ပခုံးပေါ်က ပစ်ချ၊ ကိုယ်လွတ်ရုန်း ပြေးဖို့ပါပဲ။

မင်းစောလူးကတော့ သူ့ရဲ့ နို့စို့ဖက်၊ သူ့ရဲ့အထိန်းတော်သား၊ သူနဲ့ ကြွေအန်ကစားဖက်၊ သူပေးလို့ ဥဿာကို စားရတဲ့ မြို့စားဖြစ်သူ၊ 'ငါ့ကို သတ်တန်ရာ' လို့ သူ ထင်မြင်ယုံကြည်လွဲခဲ့သူ ငရမန်က အနုရာဓ အရပ်မှာ ဘွပ်မျက်တာကို ခံလိုက်ရပြီး ဘဝဆုံးခဲ့ပါတယ်။

အသိဉာဏ်ဆင်ခြင်များ နည်းပြီဆိုမှဖြင့် အတွေးများ၊ အပြောများ၊ အလုပ်များတွေက တသီတတန်းကြီး ပေါ်လာပါတော့တယ်။ အဆိုးကို အကောင်းထင်၊ အကောင်းကို အဆိုးထင် ယူဆ၊ ဆုံးဖြတ်၊ အယုတ်ကို အမြတ်ထင်၊ အမြတ်ကို အယုတ်ထင်၊ အဖြောင့်ကို အကောက်ထင်၊ အကောက်ကို အဖြောင့်ထင်၊ အစစ်ကို အတုထင်၊ အတုကို အစစ်ထင်။ ဒါမျိုးကို ဝိပ္ပလ္လာသလို့ ခေါ်ကြောင်း မှတ်သားရဖူးပါတယ်။ ဖောက်ပြန်စွာ သိခြင်းတဲ့၊

မောဟတရားများ ဖုံးလွှမ်းရင် အင်မတန် ကြောက်စရာ ကောင်းလှပါတယ်။ စောလူးဟာ အနိရုဒ္ဓဒေဝ ခေါ် အနော်ရထာမင်းကြီးရဲ့ သားတော်အရင်းပါ။ ဘမျိုးဘိုးတူ မဟုတ်တဲ့အပြင် မျိုးကန်းမျိုးဆုတ်စေတဲ့ သားလို့ ဆိုနိုင်ပါတယ်။ မှန်နန်းရာဇဝင်ကတော့ သူ့ကို 'လုပ်ရည်ကြံရည်မရှိ၊ မှူးကြီးတော်ရာတို့ကိုလည်း နှလုံးမကြည်ရှိအောင် ပြုတတ်သော အလေ့ရှိ၏။ ခမည်းတော် တည်သော ရွှေစည်းခုံ မပြီးသည်ကိုလည်း မလုပ်၊ ပညာရှိတို့ လျှောက်သော စကားကိုလည်း မယူ၊ အပျော်အရွှင်နှင့်သာ နေ၏။' လို့ မှတ်ချက်ချထားပါတယ်။

ကျွန်တော်တို့တစ်တွေ ကိုယ်တိုင်နဲ့ ကျွန်တော်တို့ရဲ့ တူ၊ တူမ၊ ညီ၊ နှမ၊ သားသမီး လူငယ်လေးများအတွက် မိမိဝန်းကျင်မှာရှိတဲ့ ထိတွေ့ဆက်ဆံနေရသော အသိုင်းအဝိုင်း အဖွဲ့အစည်းမှာ ဘယ်သူကတော့ ကိုယ့်အတွက် ကောင်းကျိုးဖြစ်စေမည့်သူ၊ ဘယ်သူကတော့ ဆိုးကျိုးဖြစ်စေမည့်သူ ဆိုတာ ခွဲခြား နားလည်ထားနိုင်ဖို့ အရေးကြီးလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible] ခေါ်တို့ နိုးပြီ" လို့ စောလူးပဲ အော်ပါစေ။

[illegible]တ အဲဒီအော်သံကို ပဲ့တင် မပြန်မိပါစေနဲ့။ သဲ့သဲ့ကြားမိရင် [illegible] သူ့အသံကို သူ့ဆီပဲ ပြန်ပို့ပေးကြဖို့ ဖြစ်ပါတယ်။ "ဟယ်...မင်းညစ်" [illegible]တာဟာ တကယ်တော့ စောလူးအနေနဲ့ ကျန်စစ်သား၏ [illegible]သာစေ အားကိုး ယုံကြည်ထိုက်သော အမှန်တရားပေါ်ကနေ [illegible] ခံလိုက်ရတာပါ။

သိပ်ကို အကျနာပါတယ်။ ဘဝဆုံးတဲ့အထိပါ။

❑



## "ငါ မအိုသေး"
## (အလောင်းစည်သူ)

သူ့ကို ဖွားမြင်ချိန်မှာ စည်ကြီးက မတီးဘဲ အလိုလိုမြည်၊ ဥက္ကာသ[illegible]
တံခါးကလည်း မဖွင့်ဘဲ အလိုလိုပွင့်၊ ဒီလို နိမိတ်ထူးတွေနဲ့ သတင်းကြီးခဲ့တဲ့
အလောင်းစည်သူ။ ဘိုးတော် ကျန်စစ်မင်းကြီးက သူ့ကို ရင်ခွင်ထဲပိုက်ပြီး
"ငါ့ကား ငါ့မြေးနန်းကို စောင့်နှင့်ပါသည်သာ"လို့ မိန့်ပြီး ကလေးငယ်အရွယ်
ဘတည်းက ဘိသိက်သွန်းခြင်း ခံယူခဲ့ရတဲ့ အလောင်းစည်သူ။ နိုင်ငံတာ[illegible]
ဘစ်လျှား ဖောင်နဲ့ခရီးထွက် တိုင်းခန်းလှည့်ခဲ့ပြီး အခုတိုင် ဖောင်တော်ဦး
ဘုရားစေတီမှန်သမျှ သူတည်ခဲ့တာလို့ ပြောစမှတ်ပြုရတဲ့ အလောင်းစည်သူ၊
ဇာရိယာငါးပါးလွယ် ကျောက်ရုပ်တွေသော်မှ "ငါ့ဘေးတော် အနော်ရထာ[illegible]
ခင်းစော တည်ထားမှာကြားခဲ့ပါလျက် ငါလာသည်ကို ပသို့ကြောင့် မတီး
ခမှုတ်ကုန်သနည်း" လို့ သူက ပြောလိုက်တဲ့အခါ ကျောက်ရုပ်တွေ အသံ[illegible]
ဝင်ပြီး တီးကြ၊ မှုတ်ကြ၊ လုပ်ကြရတယ်ဆိုတဲ့ အလောင်းစည်သူ။

ဒဏ္ဍာရီဆန်တယ်ပဲပြောပြော၊ ဆွတ်ပျံ့အံ့မောဖွယ် ဖြစ်[illegible]နဲ့ အတိ[illegible]
[illegible]နေတယ်ပဲ ဆိုဆို၊ သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မိပတိ နရပတိစည်သူဘွဲ့ခံခဲ့တဲ့ အလောင်းစည်သူမင်း အကြောင်းဟာ [illegible] ကြားနာခဲ့ရတဲ့ အိပ်ရာဝင်ပုံပြင်ခန်းမှာ စွဲမက်စရာ [illegible] ဖြစ်ခဲ့ပါတယ်။

အလောင်းစည်သူအကြောင်း စဉ်းစားလိုက်ရင် ထိပ်ဆုံးမှာ ပေါ်လာတာကတော့ ဦးပေါင်းကျားနှင့် မြင်းကျားရှင် လူစွမ်းကောင်းပါပဲ။ အားလုံးလိုလို သိကြပါတယ်။ ဗိုလ်ရွှေသဘင်ခံစဉ် လက်ရုံးဆန့် ကြုံးဝါးလိုက်တဲ့အခါ [illegible]ကြီးပြီမို့ သဘ်ဟှဉ်းကျနေတာကို မှူးမတ်တို့က 'ရယ်ခိုးကြပါတယ်။ မင်းကြီးက သင်းတို့ ငါ့ကို မစွမ်းပြီဟု ရယ်ခိုးကြလေသည်လို့ အမှတ်ထားပြီး တစ်နေ့မှာ...

"တူရှင်းတောင်ခြေမှာ နေဝင်လျှင် ဦးပေါင်းကျားထုပ်နှင့် မြင်းကျားစီးယောကျ်ားတစ်ယောက် အနိုင်အထက် လုစားတယ်ဆိုတာ နင်တို့ မကြားသလော။ သူ့ကို နင်တို့လေးယောက် ရအောင်ဖမ်း၊ မရလျှင် နင်တို့ကို မျက်အံ့" လို့ တာဝန်ပေးလိုက်ပါတယ်။ စစ်သူကြီး အမတ် လေးယောက်တို့လည်း တောင်ခြေထွက်ရပါတယ်။ မင်းကြီးက ရွှေပန်းစာပွင့်မြင်းကို ဝမ်းမှာ ဝတ်လုံမြှုရစ် မြမြစွာကပြီး အိမ်ဓားလွယ်လို့ ဦးပေါင်းကျားထုပ်နဲ့ တောင်ခြေကို အပြင်းနှင်ခဲ့ပါသတဲ့။ စစ်သူကြီး လေးယောက်တို့ အပြင်းလိုက်တဲ့အခါ 'တဖျဉ်သုန် ခွာတုံ ချဉ်းတုံ' ပြု၊ ညောင်ဦးကမ်းပါးချောက်ဆင်း၊ မြင်းရေတိုက်ချောက်ကို ပြန်တက်၊ ဟိုမြင်းလေးစီးကို တိုက်ဖောက် လွတ်မြောက်အောင် လုပ်ပြီးမှ ဖိုးဦးကွင်းပြင်မှာ မြင်းရေးအမျိုးမျိုးပြ ကစားပါတယ်။ ပြီးတော့ တစ်ခါ မြင်းလေးစီးသားတို့ကို ရှေ့ကပေါက်တုံ၊ နောက်ကပေါက်တုံ၊ လက်ဝဲပေါက်တုံ၊ လက်ယာပေါက်တုံ နှင်ပြီးမှ မြို့တော် ပြန်ခဲ့ပါသတဲ့။

မိုးသောက်ညီလာခံမှာ ဟိုလေးယောက်ကို "ဟယ်...အမတ်တို့၊ မြင်းကျားစီးသော ခိုးသူကို နင်တို့ တွေ့၏လော့" လို့ မေးတဲ့အခါ စစ်သည်အမတ် လေးယောက်တို့က "လျှောက်ဝံ့သောဘုရား၊ မြင်းကျားစီးသူကား လူဖြစ်ဆန်းကာ မဟုတ်နှယ်၊ ဘီလူးဖြစ်ရာသည်၊ လူဖြစ်သော်လည်း လူမည်ဘာ မဟုတ်၊ ကြီးမြတ်သော ဘုန်းတန်ခိုးရှင် ဖြစ်ရာသည်။ ကျွန်တော်တို့ မြင်းလေးစီးကို ထားဘိ၍ နိုင်ငံတော်ဝယ်ရှိသော မြင်းသည် အပေါင်းတို့ အနှံ့ဆီးဆို့၍ ဖမ်းငြားသော်လည်း မရနိုင်ရာ" လို့ လျှောက်ကြပါတယ်။





ဒီအခါကျမှ အလောင်းစည်သူမင်းကြီးက "ဟယ်...အမတ်တို့ နင်တို့ ငါ့ကို အိုပြီဟူ၍မှတ်ကြသည်။ ငါ မအိုသေး" လို့ မိန့်တော်မူပါတယ်။ အမတ်ဗိုလ်ပါတို့ အလွန်ကြောက်ရွံ့ခြင်း ပြင်းစွာရှိကုန်၏တဲ့။

ဒီဇာတ်လမ်းကို အိပ်ရာဝင်ပုံပြင်ကတွာ နားထောင်ခဲ့ရကတည်းက 'အလောင်းစည်သူမင်းကြီး ပိုင်လိုက်လေကွာ'လို့ သဘောကျခဲ့ရပါတယ်။ အခုထိလည်း "ငါ မအိုသေး" ဆိုတဲ့ ကြုံးဝါးသံနဲ့ တူရှင်းတောင်ခြေက ဦးပေါင်းကျားနှင့် မြင်းကျားရှင်သရုပ်ကို နှစ်ခြိုက်မိနေတုန်းပါပဲ။ သို့ပေမဲ့...

ဘုန်းစွမ်းလူစွမ်း ပြခဲ့တဲ့ 'ငါ မအိုသေး'မင်းကြီးရဲ့ နောက်ဖြစ်ရပ်လေး တစ်ခုကို သတိရလိုက်မိတဲ့အခါမှာတော့ မျက်မှောင်ကြုတ် စဉ်းစားစရာလေး တစ်ခု ပေါ်လာပြန်ပါတယ်။

မင်းကြီးက တစ်ခါမှာတော့ ရောဂါဝေဒနာ မရှိဘဲ အကောင်း ပကာတိကနေ ဖြုန်းခနဲ မျက်လုံးနှစ်ဖက် ကွယ်သွားခဲ့ဖူးပါသတဲ့။ အဲဒါ ဘာကြောင့်လဲဆိုတော့ မင်းကြီး ဒီလို တွေးကြံကျူးရင့်ပါသတဲ့။

"ငါကား ဘုန်းကြီးသော မင်း၊ ဇမ္ဗူသပြေပင်ရင်းသို့ ရောက်၍ သိကြားပေးသောအမည်ကို ခံရသောသူ၊ သရက္ခန်ငါးပိုင်း၊ ဒက္ခိဏသာခါ ဗောဓိခက်တို့ကို ဘုရားရုပ်တုတော်ထု၍ ကိုးကွယ်ရသူ၊ သိန်းဃိုကျွန်း၊ မလ္လာယုကျွန်း၊ မာန်အောင်ကျွန်းသို့ ရောက်ခဲ့ပြီး အထူးထူး ရှုကြည့်ဖွယ်တို့ကို မြင်ရသူ၊ ငါ့ဘိုးဘေးတို့သည် ငါ့လောက် ဘုန်းတန်ခိုး ကြီးမည်မထင်"

အဲဒီ ဝစီကံ၊ မနောကံကြောင့် 'ကံကြီးထိုက်ပြီး မျက်စိကွယ်သွားခဲ့တာပါ။ အလောင်းစည်သူမင်းကြီးဟာ ခင်ပွန်းကြီး ဆယ်ပါးမှာ အပါအဝင်ဖြစ်တဲ့ ဗုဒ္ဓါပစာယန– အသက်သိက္ခာ၊ သီလ၊ ဂုဏ်ဝါ၊ အာစာရအမျိုး စသည်တို့မှာ မိမိထက် ကြီးမြတ်ရှိသေအပ်သူ၊ တိတကရ– ထမင်း၊ အဖျော်၊ အိပ်ရာနေရာ၊ အဝတ်၊ ပုဆိုး စသော အာမိသနဲ့တကွ တစ်စုံတစ်ခု ကျေးဇူးရှိဖူးသူ ဒီနှစ်ပါးကို စော်ကားပြစ်မှားခဲ့ပြီ။

ကျေးဇူးရှင်ဆယ်ပါး၊ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားသူတို့ ခံစားရမဲ့ အပြစ်ဆယ်ပါးမှာ နံပါတ်တစ်ဖြစ်တဲ့ ကြီးမားသောဝေဒနာမျိုး ခံစားရခြင်းနဲ့ လုံးလုံးကြီး ကြုံရပါပြီ။

ပညာရှိဟူးရားတို့ကို မေးတဲ့အခါ ဘိုးဘေးတို့ကို စော်ကားလို့ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိရပြီ၊ ပညာရှိတို့ အစီအမံနဲ့ ပုဂါရာမပြည် တည်ထောင်စ သမုဒ္ဒရာဇ်မင်းကစလို့ ခမည်းတော် စောယွမ်းတိုင်အောင် မင်း ၄၄ ဆက် အရုပ်တို့ဆို ရွှေနဲ့သွန်း၊ ရွှေအင်းပျဉ်းဆက်ထား၊ ရွှေပန်းခိုင်၊ ရွှေပေါက်ပေါက်ဖူးနဲ့ ပူဇော်ဝန်ချ မာန်လျှော့ရှိခိုးတော့မှပဲ မျက်လုံး ပြန်ကောင်းခဲ့ပါတယ်။ (မှန်နန်း)။ ဒါတောင်မှ ၄၄ ဆက် မင်းအရုပ်တွေကို အလောင်းစည်သူမင်း ပူဇော်တဲ့အခါ ပျူမင်းထီး၊ အနော်ရထာ၊ ကျန်စစ်သား ဒီသုံးရုပ်ပဲ ထားမြဲအတိုင်း တည်ပြီး၊ ကျန်လေးဆယ့်တစ်ရုပ် တုံးရုံး လဲကျကြပါသတဲ့။

အသက်ကြီးပေမယ့် စိတ်မကျေ(စိတ်ကို ချမပစ်)ဘဲ မိမိအစွမ်းကို မိမိ ယုံကြည်တာဟာ၊ သက်သေပြနိုင်တာဟာ ချီးမ တုယူချင်စရာပါ။ သို့သော် မင်းကြီးရဲ့ 'ငါ...မအိုသေး' ဆိုတဲ့ မာန်ဟာ တူရွင်းတောင်ခြေမှာ ဦးပေါင်းကျားပတ်ပြီး မြင်းကျားစီးတဲ့အဆင့်မှာ မရပ်နိုင်ခဲ့ဘဲ ရှေးကလူများ ငါ့လောက် ဘုန်းစွမ်းရှိမည်မထင် ဆိုတဲ့အထိ ရောက်သွားလေတော့ (စိတ်ပညာအရဆိုရင် အမြင့်စိတ်အလွန် (Superiority complex) လို့ ခေါ်မယ်ထင်ပါတယ်) မျက်စိ ကွယ်တဲ့အထိ ခံရတာပါ။

မာန်မာန၊ အတ္တဗဟိုပြု အယူအဆတွေ လွန်ကဲလာတော့ ကျေးဇူးရှင်တွေပါလားဆိုတဲ့ အသိဉာဏ်ကစပြီး ကွယ်ပါတယ်။ မျက်စိ ကွယ်ခဲ့ရတာဟာ အသိဉာဏ် ကွယ်ခြင်းရဲ့ ပြယုဂ်ပါ။ ဘယ်နတ်ဒေဝတာ၊ ဘယ်ကျိန်စာကြောင့်မှ မဟုတ်ပါ။ မိမိရဲ့ ဟဒယရုပ် အတွင်းက အတ္တမာန အခိုးတွေကြောင့် 'မာန်ခိုးရိုက်'ပြီး ကွယ်တာပါ။

ကျွန်တော်တို့တစ်တွေ 'ငါ မအိုသေး' လို့များ ကြုံးဝါးပြသဖို့ အခွင့်သင့်ခဲ့ရင် တူရွင်းတောင်ခြေက ဦးပေါင်းကျားနဲ့ မြင်းကျားရှင်ကို မြင်ယောင်အားကျနိုင်သလို တစ်ဆက်တည်းမှာပဲ ရွှေရုပ်တုတွေ ရှေ့မှောက် မမြင်မစမ်းနဲ့ ပျပ်ဝပ်ဒူးတုပ် ရှိခိုးခဲ့ရလေတဲ့ အလောင်းစည်သူမင်းကြီးပုံကိုပါ 'မြင်အောင်ရှု' နိုင်ဖို့ အရေးကြီးလှပါကလားလို့ တွေးမိပါတယ်။

'ငါ မအိုသေး' ... တဲ့။ ဟုတ်ပါတယ်၊ မအိုသေးပါဘူး။

ဒါပေမဲ့...။

❑



## "နားကျယ်နှင့် ဝမ်းပျက်လိလိ"
## (မင်းယဉ်နရသိခ်)

အနော်ရထာမင်းကနေ စောမွန်နှစ်အထိ ပုဂံမင်းများကို ကျောင်းသုံး …ကရာဇဝင် ရေးခဲ့တဲ့ ဆရာကြီးဦးဘသန်းက မင်းဆက်အုပ်စု ငါးစု ခွဲထား…ပါတယ်။ ဒီငါးစုအနက်က ပုဂံမင်းဆက်(စတုတ္ထ) အစုမှာ နရသူ၊ …သိခ်၊ နရပတိစည်သူ ဆိုပြီး မင်းသုံးဦး ပါဝင်ပါတယ်။ ဒီစတုတ္ထအစုဝင် …နဲ့ ပတ်သက်နေတဲ့ အကြောင်းတွေဟာ အမှတ်ထင်ထင် ဖြစ်စရာတွေ … ကြည်နူးအားရစရာ အဖြစ်သနစ်တွေတော့ မဟုတ်ပါဘူး။ သွေးညှီနံ့ …နေတဲ့ ကိစ္စတွေ ဖြစ်နေတာကို တွေ့ရပါတယ်။

ဒီမင်းသုံးဦးထဲက အလယ်မင်း နရသိခ် (မင်းယဉ်နရသိခ်)ဟာ နန်းစံ …ပဲ ရှိခဲ့ပါတယ်။ သူ့ဖခမည်း နရသူဟာ ပဋိက္ခရားမင်းက လွှတ်လိုက် …ရှစ်ယောက်တို့ လုပ်ကြံလို့ ကုလားကျမင်း အမည် ရခဲ့သူ ဖြစ်ပါ …

မှန်နန်းက (နရသိခ်မင်းအပိုင်းမှာ) 'ထိုမင်းလက်ထက် မိုးရွာကောင်း … ပြည်ထဲ ဝပြောသာယာ၏။ ပြည်သူအပေါင်းတို့လည်း ချမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးရကုန်သည်ဖြစ်၍ မြတ်သောဆုကို ယူကုန်၏' လို့ ဖော်ပြထားတဲ့ အတွက် ဖတ်ရသူအဖို့ ကြည်နူးမယ် အလုပ်မှာ မဖွယ်မရာ၊ မထင်တာတွေ ဖြစ်လာခဲ့တာပါပဲ။

အခါတစ်ပါးမှာ နရသိခ်မင်းထံသို့ မိန်းမပျိုတစ်ယောက် ဆက်သ လာပါတယ်။ ပြောဘ်လူမျိုးနွယ်တို့ မြင်စိုင်း ဝက်ဝင်တောအရပ်က ရရှိလာပြီး (ဦးသစ်သော ရွှေအဆင်းကဲ့သို့ ရှိသည်ဖြစ်၍) ဘုရင့်ထံ ပဏ္ဏာဆက်သပါ သတဲ့။ နရသိခ်မင်းက ဒီမိန်းကလေးကိုမြင်တော့ လက်မခံ ခေါင်းခါတဲ့ အပြင် စကားတစ်ခွန်း ဆိုလိုက်ပါသေးတယ်။

“နားကျယ်နှင့် ဝမ်းပျက်လိလိ” တဲ့။

အဓိပ္ပာယ်ကတော့ နားရွက်ကကြီး (နားပေါက်ကကျယ်၊ နားအောက် ဘက် တွဲရရွဲကျ)နေလို့ မတင့်တယ်ဘူး။ အမြင်မလှဘူး။ ကိုယ်တော် လက်ခံ ဖို့ မထိုက်ဘူးပေါ့။ (ဝမ်းပျက်လိလိ ဆိုတာကတော့ မိန်းကလေးရဲ့ ဝမ်းဗိုက် နေရာ၊ ခါးနေရာ မလှမပဖြစ်နေတယ်လို့လည်း အဓိပ္ပာယ်ရနိုင်ပါတယ်။)

ဆက်သလာတဲ့ သတို့သမီးငယ် တစ်ယောက်ကို ဒီလို ချိုးဖဲ့နှင်းနှိမ် စကားနဲ့ ကဲ့ရဲ့လိုက်ရုံတင်မက (သူ မနှစ်သက်လို့ ပယ်ထားတာ) ညီတော် အိမ်ရှေ့စံ နရပတိစည်သူကို ပေးလိုက်ပါတော့တယ်။ မင်းကြီး မယ်တော် မိဖုရားကြီးက သားတော်ငယ် နရပတိစည်သူနဲ့ အတူနေတာ ဖြစ်ပါတယ်။ သားကြီး ပယ်ချလိုက်တဲ့ မိန်းကလေး သားတော်ငယ်လက်ထဲ အရောက်မှာ မယ်တော်ကြီးက ချွေးမကို ပြုပြင်ဖန်တီးယူပါတယ်။ နားကို တန်ရုံဖြတ်ပြီး ဆင်သပါသတဲ့။ ဝါးသံသေဓေလို့ ဆိုတဲ့အတွက် အဆင်းကလည်း အတွန့် လှပလာပါသတဲ့။ မယ်တော်ကြီးဟာ သားတော်ငယ်အတွက် လုပ်ပေးရှာတာ ပါ။ ကိုယ်နေဟန်ထား အမူအရာက စပြီး နန်းဓလေ့နဲ့ ညီညွတ်အောင်လည်း အနီးကပ် ပို့ချပေးပါတယ်။

ဒီအခါမှာ မူလကတည်းက 'နားကျယ်'တဲ့ အပြစ်ကလေး တစ်ခုသာ ရှိပြီး ကျန်အင်္ဂါရပ်တွေက ကောင်းမွန်လှပနေလေတော့ နားလည်း တစ်ရံ ဖြစ်လာရော ပြစ်မျိုးမထင် မိန်းမလှလေး ဖြစ်လာပါတော့တယ်။

ဒီချွေးမတော်လေးကိုခေါ်ပြီး မယ်တော်ကြီးက နန်းတော်ဝင်ပါတယ်။ နားကျယ်နှင့် ဝမ်းပျက်လိလိလို့ မင်း ရှုတ်ချပယ်ရှားလိုက်တဲ့ မိန်းကလေး





ငါ့လက်ထဲမှာ ဘယ်လိုဘယ်လောက်အထိ 'တင့်တယ်လာသလဲ၊ ကြည့်လို့ ဆိုပြီး မယ်တော်ကြီး ဂုဏ်ယူချင်တာလည်း ဖြစ်ပါလိမ့်မယ်။

ဒီမိန်းကလေး (ဝေဠုဝတီ)ကို နရသိခ်မင်းက ခယ်မအဖြစ် မြင်ရတဲ့ အခါမှာတော့ အားလုံးအတွက် ကိုယ်ကျိုးနည်းစရာတွေ ဖြစ်လာပါတော့ တယ်။ နရသိခ်မင်း ဖောက်ပြန်ပျက်စီးသွားပုံဟာ အံ့ဩစရာပါပဲ။ သူ့မှာ တောင်နန်း၊ မြောက်နန်း၊ အလယ်နန်း မိဖုရား သုံးပါးရှိပြီးသားပါ။ ဒီမိဖုရား တွေကလည်း နှယ်နှယ်ရရ မဟုတ်ပါဘူး။ တစ်ဦးက အလောင်းစည်သူရဲ့ မြေးပါ၊ အမည်က မင်းအောင်မြတ်တဲ့။ ကျန်နှစ်ဦးကလည်း ညီအစ်မဖြစ်ပြီး မင်းသွေးတွေပါ။ မိဖုရား သုံးပါးဟာ ဘုရင် ဆင်စီးကြွတော်မူတိုင်း နောက်က ဆင်သုံးစီးနဲ့ လိုက်ပါရသူတွေ၊ လိုက်ပါတဲ့အခါမှာလည်း ဝေါ၊ ပေါင်း၊ ထမ်းစင်၊ သန်လျင်း ကိုယ်စီပေမယ့် ဘယ်သူ့ဆင်ကမှ မလွန်မယုတ်စေရ။ ရှေ့ဆင့်နောက်ဆင့် မဟုတ်ဘူး။ တစ်ပြေးညီ ရင်ပေါင်တန်း လိုက်ပါကြရ တယ်။ အသုံးအဆောင်တွေကလည်း တူညီ၊ ရံရွေတော်တွေ ဝတ်ဆင်တဲ့ အဆင်တန်ဆာတွေက တူညီ... အဲဒီလို အပိုအလိုမရှိ တစ်ပြေးညီ ချစ်ခင်ပြီး ဆန်းတူထားတာမို့ မိဖုရား သုံးပါးတို့ တစ်ပါးကို တစ်ပါး ငြူစူခြင်းမရှိ၊ ကြည်ဖြူကြတာ...တဲ့။

အဲဒီမင်းဟာ ညီအိမ်ရှေ့စံ မိဖုရားကို တွေ့တော့မှပဲ ဖောက်ပြန်သွား ခိုက်တာများ၊ ဆူပူမှု တကယ် မရှိဘဲနဲ့ 'ငဆောင်ချမ်းအရပ်မှာ ဆူပူသည်၊ ညီတော် စစ်ထွက်စေ' လို့ အမိန့်ချပါတယ်။ ညီ မရှိတော့မှ ခယ်မကို သိမ်းယူ နိုင်မယ့် အကြံပါ။ ညီတော် နရပတိစည်သူကလည်း အကင်းပါးသူ ဆိုတော့ တစ်စုံတစ်ခု ထူးခြားလျှင် ချက်ချင်း အကြောင်းကြားလို့ မြင်းခံ ငပြည့်ကို မှာပြီး စစ်ထွက်ခဲ့ပါတယ်။ သူ သစ်ဆိမ့် ရောက်ချိန်မှာ ဘုရင် နရသိခ်က ခယ်မကို သိမ်းပိုက် နန်းတင်တော့တာပါပဲ။

နောက်ပိုင်းဖြစ်ရပ်တွေကိုတော့ ရာဇဝင်သမိုင်း ဝါသနာပါသူတိုင်း သိကြပြီးသားပါ။ မြင်းခံ ငပြည့်က သူ့အရှင်နောက်ကို လိုက်ပြီး သတင်းဆို၊ ညမှာ ငါးပတ်ချောင်းအရောက် နေဝင်သွားလို့ မြင်းတို့ဖြုတ်၊ အိပ်စက်ဖို့ ပြင်ချိန်မှာ ချောင်းတစ်ဖက် တပ်စွဲနေတဲ့ နရပတိစည်သူရဲ့ မြင်းနံ့ကို ငပြည့်ရဲ့ မြင်း(နရပတိစည်သူ ပေးထားခဲ့တဲ့ မြင်းသူတော်စင်)က ပြင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ဟီ။ နရပတိစည်သူလည်း ဟိုဘက်ကနေ ဒါ ငါ့မြင်း ဟီသံလို့ အိပ်မရ။ နံနက် မိုးသောက်မှ ပြေည့် ချောင်းကိုဖြတ်၊ အကျိုးအကြောင်း လျှောက်တင်။ မယားစိတ်နဲ့ အဆိပ်တက်နေတဲ့ နရပတိစည်သူလည်း "ငါနဲ့ မနီးမဝေး အရပ်မှာ နင် ညဥ့်ကအိပ်ခဲ့တယ်၊ ဒီလောက် အရေးတော်မှာ နင် အမှုထမ်း ဆုတ်ယုတ်တယ်" ဆိုပြီး ပြေည့်ကို နေရာမှာတင် ကွပ်မျက်။

နောက် ကျွန်ယုံ အောင်စွာကို ခေါ်၊ နောင်တော်ကို လုပ်ကြံခိုင်းပါတယ်။ အောင်စွာလည်း သူ့ရဲ့ရှစ်ကျိပ်နဲ့အတူ လှော်ကားလှေလျင်စီးပြီး အပြင်းနှင်လို့ နန်းတော် ရောက်ပါတယ်။ ဘုရင်နရသိခ်ဲ ရေအိမ်အဝင်မှာ တွေ့တာပါပဲ။ ဓားသွားဖွေးဖွေး မြင်တော့မှ ဘုရင်လည်း "ငါ့ညီတော်ထံမှာ ကျိုးစောင့်ကြက်နှင်မျှ ဖြစ်ပါရစေ၊ ငါ့ကို မသတ်ပါနဲ့" လို့ တောင်းပန်ပါသတဲ့။

"အရှင့် ညီတော်က ဒီလို မမှာပါ" လို့ ဆိုပြီး အောင်စွာငယ်ရဲ့ ဓားဟာ လက်ခနဲ ဖြစ်သွားပါတယ်။ ရေအိမ်ရှေ့မှာပဲ နရသိခ်ရဲ့ သွေးတွေ ရဲခနဲ။

ဒီအကြောင်းတွေ ဖတ်ရချိန်မှာ အဖကို သားသတ်၊ အစ်ကို ညီ ညီသတ်၊ သူ့ ကိုယ်သတ်၊ ကိုယ့် သူသတ် ကိစ္စတွေကြောင့် နှလုံးမသာ ရှိရတဲ့ ကြားထဲကပဲ ညောင်ပင်သာဦးပုညရဲ့ သုတရတနာဆုံးမစာထဲက အသံလေးတွေ တစ်စွန်းတစ်စ မြည်လာပါတယ်။ 'ကိုယ်နှင့်မထိုက်၊ မေတ္တာစိုက်၊ မကြိုက်မခင်နှင့်' တဲ့။ 'တဏှာလောဘ၊ မျက်ဒေါသ၊ မောဟအဝင် နစ်တတ်သည်' တဲ့။ 'မေတ္တာမသက်၊ သူ့ကိုဖျက်၊ ကိုယ်ပျက်စီး၍ မှောင်တတ်သည်' တဲ့။

ထွဋ်ခေါင်ဆရာတော်ကြီးရဲ့ သံဝေဂ ဆုံးမစာထဲက အသံလေးကလည်း ခေါင်းလောင်းတွေ ထိုးလိုက်သလိုပါပဲ။ 'နင်ဖြင့် နင့်ကိုယ်၊ ဆုံးဆုံးဆို၊ နင့်ကိုယ်အမှုသည်'။ 'နင်နှင့်နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်'။ 'နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်'။ 'နင့်ကိုယ်နင်အား၊ နင်မသနား နင်မှားရာတော့သည်'။ 'နင်မဆုံးမ၊ နင့်တာပ ဘယ်က ခံလိမ့်မည်'...

နရသိခ်ဘုရင် ရေအိမ်ရှေ့ အသေဆိုးနဲ့ သေရတာဟာ ဝဋ္ဋေကြောင့် မဟုတ်။ မယ်တော် မိဖုရားကြီး အလုပ်ပြုပြင်ကောင်းလို့ မဟုတ်။ ညီနရပတိစည်သူ အမိန့်ပေးလို့ မဟုတ်။ ပြေည့်ကြောင့် မဟုတ်။ အောင်စွာ





ဓားချက်ကြောင့် မဟုတ်။ "နားကျယ်နှင့် ဝမ်းပျက်လိလိ" လို့ သူ ပြောခဲ့ပြီး သူပဲ ပြန်တပ်မက်ခဲ့တဲ့ သူ့ကိုယ်တိုင်ကြောင့်...။ သူ့တဏှာကြောင့်၊ နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်...တဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com

"အဘိုး ကျွန်ပ်ကို မစပါ"
(မင်းခွေးချေး)
"အရှင့်သားဖို့သာ"
(ရာဇသင်္ကြံ)

အဂတိလေးပါးကို လူတိုင်း သိကြပါတယ်။ သူ့အကျိုး ကိုယ့်အကျိုး ဆက်စပ်ပတ်သက်နေတဲ့ လူမှုအဖွဲ့အစည်းထဲမှာ မလွဲမရှောင်သာ အပြန်အလှန် အမှီသဟဲပြုကြရတဲ့အခါ အဂတိလေးပါးကနေ ကင်းစင်ဖို့ အရေးကြီးလှကြောင်းကိုလည်း သဘောပေါက်ကြပါတယ်။ ဒါပေမဲ့ ချစ်လို့ တစ်ဖက်သတ် ဆုံးဖြတ်ခြင်း (ဆန္ဒာဂတိ)၊ အမျက်ဒေါသကြောင့် တစ်ဖက်သတ် ဆုံးဖြတ်ခြင်း (ဒေါသာဂတိ)၊ ကြောက်ရွံ့လို့ တစ်ဖက်သတ် ဆုံးဖြတ်ခြင်း (ဘယာဂတိ)၊ တွေဝေလို့ တစ်ဖက်သတ် ဆုံးဖြတ်ခြင်း (မောဟာဂတိ) ဆိုတဲ့ အဂတိ လေးပါးကနေ ကင်းကင်းရှင်းရှင်း ဖြစ်ဖို့ဆိုတာကို လက်တွေ့အစမှာ မလုပ်နိုင်ကြတာ အများအပြား တွေ့ရတတ်ပါတယ်။

ဂတိဆိုတာ လားရာအရပ်တဲ့။ လာရောက်ခြင်းတဲ့။ နောက်တစ်မျိုးက မလားအပ်သည်သို့ လားခြင်းတဲ့။ မျက်နှာလိုက်ခြင်းတဲ့။ အဂတိလေးပါး





အကြောင်းတွေးမိတိုင်း ပေါ်လာတဲ့ အမည်နှစ်ခုက နရသီဟပတေ့နဲ့ ရာဇသင်္ကြံ။ ဘုရင်တစ်ပါးနဲ့ အမတ်ကြီးတစ်ဦး။ ပြီးတော့ သူတို့ အချီအချ ပြောကြတဲ့ စကားနှစ်ခွန်း။

ပုဂံရာဇဝင်နဲ့ ရင်းနှီးကြသူများမို့ "ဘိုး... ဘာကြောင့် ပန်းကလပ်ပဲ့သလဲ" ဆိုတဲ့ နရသီဟပတေ့ရဲ့အမေး။ "ပန်းပွတ်သည် သားမြေးတို့ ကောင်းဖြစ်လို့ ပန်းပွတ်မယ့်သူ မရှိလို့ပါ" ဆိုတဲ့ ရာဇသင်္ကြံရဲ့ အဖြေ...။

အဲဒီနောက် "ဂွထွက်ကို တင်ရာမှာ ဘာနဲ့ တင်ပါသလဲ" (နရသီဟပတေ့)၊ "ဂွထွက်ကို ငြမ်းနဲ့တင်ရပါတယ်" (ရာဇသင်္ကြံ)၊ "ဂွထွက် အထက်ရောက်ရင် ငြမ်းကို ပသို့ပြုသလဲ"၊ "ငြမ်းကို ဖျက်ရပါတယ်၊ ဒါမှ ဂွထွက် စင့်တယ်ပါတယ်"

"ကျုပ်ဟာ ဂွထွက်၊ အမတ်ကြီးဟာ ငြမ်း၊ ကျုပ် မင်းဖြစ်ပြီ၊ ရာဇသင်္ကြံကို အရာနုတ် ဒလသို့ပို့" တဲ့။ ဒီဇာတ်ကြောင်းကိုလည်း သိကြပြီးသား ဖြစ်ပါတယ်။

ဒီစကားတွေ ပြောကြ၊ ဒီအဖြစ်တွေ ဖြစ်ကြခြင်းရဲ့ မြစ်ဖျားခံရာ လိုက်ရာတော့ အထက်မှာ ဖော်ပြခဲ့တဲ့ စကားနှစ်ခွန်းကို သွားတွေ့မိပါတယ်။ "အဘိုး... ကျွန်ပ်ကို မစပါ" တဲ့။ ဒီတော့ ဟိုကလည်း "အရှင့်သားဖို့သာ" တဲ့။ အပြန်အလှန် နားလည်မှုနဲ့ ညှိနှိုင်းခဲ့ကြတာတွေပါ။ ဒါပေမဲ့ စကတည်းကိုက အခြေမခိုင်ခဲ့တာပါ။

ပုဂံထီးနန်းကို ငါးနှစ်စိုးစံသွားခဲ့တဲ့ ဥဇနာမင်းမှာ သားနှစ်ယောက် ရှိပါတယ်။ အကြီးက သီဟသူ၊ အငယ်က မင်းခွေးချေး။ ထုံးစံအတိုင်း အကြီး သီဟသူက ခမည်းတော် ရှိကတည်းက နန်းလျာထားခံခဲ့ရသူပါတဲ့။ ဒါပေမဲ့ သီဟသူဟာ အမျက်စောင်မာန်၊ ရာဇမာန် ကြီးသူဖြစ်တယ်လို့ ဆိုပါတယ်။ သီဟသူရဲ့ မျက်စောင်မာန်ကို အားလုံး ကြောက်ကြရတဲ့ထဲမှာ အမတ်ကြီး ရာဇသင်္ကြံလည်း ပါပါတယ်။ ဒါပေမဲ့ ရာဇသင်္ကြံဟာလည်း နန်းတော်မှာ အခြား မျိုးမတ် ကလန် သန်ပျင်များအပေါ် ဩဇာတိက္ကမ ရှိသူဖြစ်ပေ ဒီအပြင် တွေးလို့ ရနိုင်တာက သီဟသူကလည်း နန်းလျာမင်းလေးအ ရာဇသင်္ကြံကလည်း အမတ်ချုပ်ကြီးမို့ နှစ်ယောက်သား တစ်ယောက်နဲ့ တစ်ယောက် အစေးမကပ်ခဲ့ကြဘူးနဲ့တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့နှစ်ယောက် 'ငြိ'ခဲ့ကြပုံနဲ့ ပတ်သက်ပြီး တိုင်းရေးပြည်ရာ ကိစ္စ တွေမှာ မတွေ့မိပေမယ့် 'ကွမ်းသွေးတစ်ကွက်' အရေးအခင်းမှာတော့ အသေ အချာ တွေ့နိုင်ပါတယ်။ တစ်ခါမှာ မင်းသားသီဟသူ နောက်ကလာနေတာ ကို မမြင်မိလို့ အမတ်ကြီး ရာဇသင်္ကြံက အကျီဖျင်လက် မသိမ်းမိဘဲ ရှိခဲ့ပါ တယ်။ နန်းလျာခံ ဘုရင့်သားတော်ကြီး လာပြီဆိုရင် ပုဆိုး၊ သင်တိုင်း ဖျင်လက် သိမ်းဆည်းပြီး အရေးတယူ ကြိုဆိုရမယ်ပေါ့။ ရာဇသင်္ကြံ တကယ် မမြင်တာလည်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပလွှားခက်ထန်တဲ့ သီဟသူ ကလည်း ငါလာတာ သင်းက ရိုရိုကျိုးကျိုး မလုပ်ဘူးဆိုပြီး ဖျင်လက်ပေါ် *ကွမ်းသွေး ထွေးချလိုက်ပါသတဲ့။ အရှင့်သားလာတာ မမြင်မိပါလို့* ရာဇ သင်္ကြံက ဆိုပေမယ့် နှလုံးမပြေ ရှိသွားခဲ့ပါတယ်။ ကွမ်းသွေး စွန်းသွားတဲ့ ဖျင်ကိုတော့ ရာဇသင်္ကြံက 'တံကင်း'ထဲ ထည့် သိမ်းထားခဲ့ပါတယ်။

ဘုရင်ဥဇနာဟာ ဆင် ဝါသနာ ပါသူမို့ ဒလမြို့နားမှာ ဆင်ကောက် ရင်းနဲ့ သူ စီးတဲ့ဆင်က ပြုတ်ကျပြီး အနိစ္စရောက်ပါတယ်။

ခမည်းတော်လည်း လွန်ရော နန်းတက်တော့မယ်လုပ်တဲ့ သီဟသူကို ရာဇသင်္ကြံက (အခြားမှူးမတ်များ တစ်စုတစ်ဝေးနဲ့) "ကျေးစွန်ရွာနား ဒလမြို့ မှာ အနိစ္စရောက်ခဲ့တဲ့ ခမည်းတော်ရဲ့ သင်္ချိုင်းတော်ကို အားလုံး သွားရောက် ဦးတိုက်ကြပါမယ်။ ပြန်လာမှ ဘိသိက်ခံပါ" လို့ လျှောက်ပါတယ်။ နည်း လမ်းကျတဲ့ စကားမို့ သီဟသူ လက်ခံရပါတယ်။

ဒလက သင်္ချိုင်းတော်မှာပဲ ရာဇသင်္ကြံဟာ လျှို့ဝှက် စည်းဝေးလိုက် ပါတယ်။ အစည်းအဝေးမှာ သူက ကွမ်းသွေးစွန်းထားတဲ့ ဖျင်ကို ထုတ်ပြပြီး သီဟသူ ဆန့်ကျင်ရေးအတွက် စည်းရုံးတာပါပဲ။ ကျန်မှူးမတ်တွေကလည်း ရာဇသင်္ကြံလို အမတ်ကြီးကိုတောင် သူက လုပ်တယ်။ မင်း မဖြစ်မီကတည်း က ဒီလို ခက်ထန်နေရင်ဆိုပြီး အမှူးအမတ် ကလန် သံပျင် အပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်း ရောက်ကြပါသတဲ့။ ဒီနောက်တော့ လွယ်သွားပါပြီ။ သီဟသူကို ဝိုင်းဖမ်းပြီး သားတော်ငယ် မင်းခွေးချေးကို နန်းတင်လိုက်ကြတော့ ပါပဲ။

မင်းခွေးချေးဟာ နောင်တော် သီဟသူ ရှိနေရင် မင်းဖြစ်လာဖို့ မျှော် လင့်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ သူနဲ့ ရာဇသင်္ကြံ အကြားမှာ စကား အသေ





အလှကလည်း ရှိထားဖူးပါတယ်။ သီဟသူက ဖျင်လက် ကွမ်းသွေး ထွေးပြီး မရှေးမနှောင်းမှာပဲ မင်းခွေးချေးဟာ ရာဇသင်္ကြံဆီလာပြီး စကားတစ်ခွန်း ဆိုပါတယ်။

"အဘိုး... ကျွန်ုပ်ကို မစပါ" တဲ့။

သူက မြင်သာရွာသူ ပန်းပွတ်သည်ကို ဥဇနာဘုရင် ကောက်တော်မူ ရာက ဖွားတဲ့သားပါ။ သီဟသူရဲ့ မယ်တော်က ရွှေဂူဒါယကာ မင်းရှင်စောရဲ့ မြေး မိဖုရားကြီးပါ၊ မင်းခွေးချေးအနေနဲ့ အငယ်လည်းဖြစ်၊ ရာဇသွေးက လည်း တစ်ဝက်ပဲ ပါတာမို့ အောက်က နေရသူပေပေါ့။ သို့ပေမယ့် မင်းခွေး ချေးဟာ အခြေအနေကို သုံးသပ်တတ်ပုံရပါတယ်။ ဩဇာတိက္ကမရှိတဲ့ ရာဇ သင်္ကြံကို ပြေးကပ်နှင့်ပါတယ်။ "အဘိုး... ကျွန်ုပ်ကို မစပါ" တဲ့လေ။

ဒီအချိန်မှာ ရာဇသင်္ကြံကလည်း သီဟသူနဲ့ ပတ်သက်ပြီး အကြိတ် အခဲရှိ၊ အရှက်တကွဲ ဖြစ်ထားသူမို့ (ငိုလိုရာတွင် လက်တို့၏သို့) မဆိုင်းမတွ ဘဲ ပြန်ဆိုခဲ့ပါတယ်။ "အရှင့်သားဖို့သာ" တဲ့။

တာသွားလိုက်တဲ့ စကားနှစ်ခွန်း။ ဥဇနာမင်း မရှိတဲ့နောက် နန်းတက် တော့မယ့် သီဟသူ ရှေ့ကပိတ်ခံနေတာကို ဖယ်ရှားလိုက်ကြပြီး မင်းခွေးချေး ကို မစလိုက်ကြပါတယ်။ မင်းခွေးချေးဟာ နရသီဟပတေ့မင်း ဖြစ်ခဲ့ပြီ။

မင်းခွေးချေးမှာ မင်းလုပ်ရမယ့် အရည်အသွေး ရှိ မရှိ၊ လူရည် ထက် မထက် စသည်များကို အမတ်ကြီး ရာဇသင်္ကြံ မစဉ်းစားတော့ပါဘူး။ သီဟ သူကို သူ မုန်းထား နာကြည်းနေချိန် (ဒေါသာဂတိ)၊ ကျန်မှူးမတ်တွေက လည်း ကွမ်းသွေးစွန်း ဖျင်လက် ကြည့်ပြီး... သူများ ဘုရင် ဖြစ်လာရင် တော်ရချည့်...လို့ ဆိုကြ (ဘယာဂတိ)၊ တစ်ဖက်ကို ရှိ့နေကြချိန်မှာ ပန်းပွတ် သည် သားလေးက "အဘိုး...ကျွန်ုပ်ကို မ,စပါ" ဆိုတော့ မျက်စိကျ၊ အာရုံကျ သွား (ဆန္ဒာဂတိ)၊ နောင် အမှားတွေ အများကြီး လုပ်မယ့်သူ၊ တရုတ်ပြေး မင်း အမည်ရမယ့်သူ၊ အဆိပ်စား သေဆုံးရမယ့်သူ နရသီဟပတေ့ မင်းခွေး ချေး လက်ထဲ ထီးနန်းထိုးအပ်လိုက်တဲ့အဖြစ် ရောက်ခဲ့တာပါပဲ။

'အဘိုး... ကျွန်ုပ်ကို မ,စပါ' ဆိုတဲ့စကား၊ 'အရှင့်သားဖို့သာ' ဆိုတဲ့ စကားတွေရဲ့ နောက်ကွယ်က အဂတိတရားတွေကို ဆင်ခြင်မိရင်းက မင်းတုန်းမင်းလက်ထက် စစ်ကိုင်း ပရတ္တမချောင် သာသနာပိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဦးဆွေသူ့ရဲ့ တပည့်၊ စလေဦးပုညနဲ့ ခေတ်ပြိုင် ညောင်ပင်သာ ဦးပုညရဲ့ သူတော်ရေတာနာဆုံးမစာထဲက အမှတ် ၃၀၅ ဆုံးမစာလေးကိုပါ တစ်ဆက်တည်း အာရုံပြုမိပါတော့တယ်။

❑



"ထမင်းသခင်ကို ပြစ်မှားသော် အလွန်လျှင် ဝန်လေးလတ္တံ့"

(ခင်ညို)

"ထမင်းတစ်စလောင်းကိုလျက် သူ့ကျေးဇူးကိုသိသည်"

(ငါးစီးရှင်)

ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့တဲ့ ပရိတ်ကြီး နိဿယသစ် ဂါရဝေါစ နိပါတောစ မင်္ဂလာတရားတော်ကို ရှင်း[illegible]ချက်မှာ 'ကတညုတာ'ကိုလည်း အထူးရေးသားပြတော်မူခဲ့ပါတယ်။

ရှေးဦးစွာ ကျေးဇူးပြုတတ်သူ (ပုဗ္ဗကာရီ)၊ သူပြုဖူးသည့် ကျေးဇူးကိုသိတတ်၊ ထုတ်ဖော်တတ်သူ (ကတညုတ ကတဝေဒီ) ဆိုတဲ့ ပုဂ္ဂိုလ်နှစ်မျိုးဟာ ရခဲသော ပုဂ္ဂိုလ်များဖြစ်တယ်လို့ ဆိုပါတယ်။ (ဒုကင်္ဂုတ္တရ တတိယပဏ္ဏာသက၊ ပထမသုတ် ၈၆ ကို ကိုးကားလျက်)။

သူပြုခဲ့ဖူးသော ကျေးဇူးကိုသိခြင်းသည် ကတညုတာတဲ့။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပြုဖူးသော ကျေးဇူးကို သိရပါမယ်တဲ့။ လောကကြီးမှာ ကျေးဇူးမသိတတ်သူ (အကတညု)တွေ ပေါလှပါတယ်တဲ့။ အာလသုတ်



www.burmeseclassic.com

www.burmeseclassic.com



ကို နားတိုင်း ရွတ်တိုင်း၊ ဂါရဝေါစအပိုဒ် ဒီ ကတညုတာကို ရောက်လေတိုင်း ခေင်ညိုနဲ့ ငါးစီးရှင်တို့ အကြောင်းကို သတိမရဘဲ မနေနိုင်အောင် ဆက်စပ်တွေးမိရပါတယ်။

ပင်းယမြို့တည်တဲ့ သီဟသူမှာ သားသုံးယောက် ထွန်းကားပါတယ်။ အကြီးဆုံးက ဥဇနာ၊ အလတ်က ကျော်စွာ၊ အငယ်ဆုံးက နော်ရထာ။ တောင်နန်းမိဖုရားက ဖွားတာတွေပါ။ နောက် သားတစ်ယောက် ရှိပါသေးတယ်၊ သူက အသခ်ယာစောယွမ်း။ မှန်းနန်းအရ အသခ်ယာစောယွမ်းရဲ့ မိခင်ဟာ လင်းယဉ်ရွာသူကနေ တော်ကောက်ခံရပြီးမှ မြောက်နန်းမိဖုရား ဖြစ်လာသူပါ။ မြောက်နန်းကမွေးတဲ့ အသခ်ယာစောယွမ်းအပေါ်မှာ သီဟသူမင်း အကြင်နာပိုပုံရပါတယ်။ အသခ်ယာစောယွမ်း ကိုယ်တိုင်ကလည်း လူရည်အထက်ဆုံးလို့ ဆိုနိုင်စရာရှိပါတယ်။

ဘုရင်တွေဟာ ကိုယ်တိုင်ရဲ့ စစ်အင်အားကို အမြဲ အကဲစမ်းတတ်သလို ကိုယ်နဲ့ဆက်နွှယ်နေသူတွေရဲ့ အင်အားကိုလည်း စူးစမ်းဆင်ခြင်ကြရတယ်။ သီဟသူမင်းလည်း သူ့သားတွေရဲ့ ကိုယ်ပိုင်တပ်အင်အားတွေကို စူးစမ်းပါတယ်။ သားကြီးဥဇနာနဲ့ သားလတ်ကျော်စွာတို့မှာ ကိုယ်ပိုင် တပ်အင်အား အတော်အတန်ရှိကြပေမယ့် (သူ့ရဲတစ်သောင်းစီ၊ သူ့ရဲ တစ်ထောင်စီလို့ မှတ်ကျွဲရှိ) မြောက်နန်းရဲ့ သားအငယ်ဆုံး စောယွမ်းမှာ ရှစ်ကျိပ်ပဲ ရှိပါသတဲ့။ သီဟသူမင်းက သားအငယ်ကို စကားသွင်းပါတယ်။ ငါ မရှိရင် နင့်အင်အားလေးနဲ့ သူတစ်ပါး ညှဉ်းဆဲစရာ ဖြစ်တော့မယ်။ နင့် အစ်ကို နှစ်ယောက်ကလည်း ရှိနေတော့ နင့်ကိုမှ ကွက်ပြီး ငါ ဆင်လုံး မြင်းလုံး မပေးသာဘူး။ နင့် အစ်ကို နှစ်ယောက်ကို ရှေ့နေထားပြီး ငါ့ဆီလာတောင်းလှည့်တဲ့။

စောယွမ်းကလည်း ခမည်းတော်သင်ပေးတဲ့အတိုင်း အစ်ကို ဥဇနာနဲ့ ကျော်စွာတို့ဆီ ချဉ်းကပ်၊ ကျွန်တော် ဆင်လုံး မြင်းလုံး ရဖို့ အစ်ကိုတို့က ရှေ့နေ လျှောက်ပေးပါလို့ တောင်းဆိုပါတယ်။ ညီအစ်ကိုသုံးယောက် ခမည်းတော်ရှေ့ ရောက်ကြတော့ အစ်ကို နှစ်ယောက်က ညီအတွက် တောင်းပေးကြတယ်။ သီဟသူမင်းက ယောကျ်ားဆိုတာကွာ ဆင်လုံးမြင်းလုံး အင်အားက အရေးအကြီးဆုံး မဟုတ်ပါဘူး။ ယွမ်းလည်း ငယ်ပါသေးတယ်။ ငယ်သေး... မင်းတို့ အကြီးနှစ်ယောက်က ပေးချင်ကြလည်း ယူပေါ့ကွာလို့





ပြောကြသတဲ့။ ဒီနည်းနဲ့ စောယွမ်းဟာ ဆင်မြင်း အင်အားရ၊ တပ်ဖွဲ့ပိုင် ဖြစ်သွားရော။ နောက်တစ်ခါ ထပ်တောင်းပါသေးတယ်။ စားကျေးစားလက် (အပိုင်နယ်မြေ)ပါ။ အစ်ကိုနှစ်ယောက်က ရှေ့နေဝင်လိုက်ပေး၊ ဒီနည်းနဲ့ စောယွမ်းဟာ စစ်ကိုင်းကို ရသွားပါတယ်။ မပေးခင်မှာ ဘုရင်က ဆိုပါသေးတယ်။ မင်းတို့လျှောက်လို့ စောယွမ်း ဆင်မြင်း ရသွားပြီးပြီ၊ စားကျေးစားလက် ထပ်ရလို့ ပုန်ကန်သောင်းကျန်းရင် ခက်မယ်နော်...ပေါ့။ သားကြီးနှစ်ယောက်ကလည်း ကျွန်တော်တို့ ရှိပါတယ်။ ဒီကောင် မလုပ်ရဲပါဘူး ဆိုတော့မှ၊ အေး...ငါ ပေးတာမဟုတ်ဘူး၊ မင်းတို့ ပေးလိုရင် ယူစေဆိုပြီး စစ်ကိုင်းကို ပေးလိုက်တာ။

စစ်ကိုင်းရပြီး ဘာကြာလိမ့်မလဲ၊ အသခ်ယာစောယွမ်းဟာ သီးခြား ထီးနန်းနိုင်ငံပြုပါတော့တယ်။ ဒီတော့ ခမည်းတော် သီဟသူက သားကြီး ဥဇနာကို စစ်ကိုင်းသွားတိုက်လို့ အမိန့်ပေးပါတယ်။ ပြီးမှ တစ်ဖက်လှည့်နဲ့ သားငယ်စောယွမ်းဆီကို မင်းအစ်ကို ဥဇနာ ရွှေကြက်ယက်ကနေ ကူးလာလိမ့်မယ်။ မင်းအစ်ကို ကျော်စွာ တပယ်တောက်ရစ်က ကူးလာလိမ့်မယ်လို့ ကြိုသတင်းပို့ထားနှင့်ပါတယ်။ စောယွမ်း ကြိုတိုက်လို့ ဥဇနာရော၊ ကျော်စွာပါ အရေးနိမ့်ပြီး ပြန်ခဲ့ကြရပါတယ်။ ရှုံးပြန်လာတဲ့ အကြီးနှစ်ယောက်ကို ခမည်းတော် ညံ့တယ်လို့ အပြစ်တင်ပြီး သားငယ်စောယွမ်းအတွက်တော့ ကျိတ်ပြီး ဝမ်းချရင်အေးသွားပါတယ်။

ဒီနောက်ခံလေးကို ပြောပြရတာက တခြားကြောင့် မဟုတ်ပါဘူး။ နောင်ရင် ငါးစီးရှင် ဖြစ်လာမယ့် ကျော်စွာနဲ့ စစ်ကိုင်းစား အသခ်ယာစောယွမ်း တို့အကြား ရှိနေတဲ့ မသေးလှတဲ့ ရန်ငြိုးပဋိပက္ခ အခင်းအကျင်းကို ပြချင်လို့ပါ။

သီဟသူမင်း မရှိတဲ့နောက် သားကြီးဥဇနာ မင်းပြုပါတယ်။ ဒါပေမဲ့ ပင်းယ(မြို့)ကို စားတဲ့ သားလတ်ကျော်စွာဟာ ဘုန်းစွမ်းလူစွမ်း ပိုထက်တဲ့ သူဖြစ်နေတာရှိပါတယ်။ ဘုရင် မဖြစ်ခင်ကတည်းက ဆင်ဖြူငါးစီး ရခဲ့တယ် ဆိုပါတယ်။ ဆင်ဖြူဆိုတာ ဘုရင်တို့ရဲ့ ဘုန်းတန်ခိုးပြ သင်္ကေတကြီးပေါ့။ ဒီတော့ ဆင်ဖြူတစ်စီးတည်းသာ ပိုင်တဲ့ ဥဇနာမင်းဟာ ငါ့ညီ စည်းစိမ်ယူတော့ဆိုပြီး အသာတကြည် ဆင်းပေးပါတယ်။ ဥဇနာမင်း



www.burmeseclassic.com

www.burmeseclassic.com



အနောက်တံခါးက ထွက်ရင်ပဲ ကျော်စွာ အရှေ့တံခါးကဝင်ပြီး မင်းပြုပါတယ်။ ငါးစီးရှင်ကျော်စွာဆိုတာ မြင်းစု၊ ကာစု၊ လေးစုတွေဖွဲ့ပြီး အများသိကြတဲ့ ဘာချင်းကို ရေးစပ်သီဆိုသူပါပဲ။

နန်းသက် ကိုးနှစ်သာ ရှိခဲ့တဲ့ ငါးစီးရှင်ကျော်စွာဟာ ရာဇဝင်မှာတော့ နာမည်ဆိုး မကျန်ရစ်သူလို့ ပြောရမှာပါ။ ကာချင်း၊ ကာကနဲ့တွဲပြီး လူသိများသလို နှစ်သက်စရာကောင်းလှတဲ့ ဟောဒီ အဖြစ်ကလေးကိုလည်း လူအတော်များများ သိကြပါတယ်။

သူ နန်းတက်တော့ စစ်ကိုင်း အသင်္ချာစောယွမ်းကို သွားလုပ်ကြံချေလို့ ကျွန်ုပ်ယုံ ခေင်ညိုကို ခိုင်းပါတယ်။ (မင်းရာဇာပုံအရ)။ (ဘုရင်မဖြစ်ခင် ပင်လယ်စားဘဝကတည်းက စောယွမ်းကို လုပ်ကြံခိုင်းတယ်လို့လည်း မှတ်ချက်ရှိ)။ ခေင်ညို စစ်ကိုင်း ကူးပြီး အရိပ်အခြည်ကြည့်တော့ အခွင့်မသာတာနဲ့ တောထဲမှာ ပုန်းနေရပါတယ်။ သုံးရက်ကျော်မှ နန်းတော်ထဲ မင်းစက်ရာခန်း အရောက်ဝင်နိုင်ခဲ့တယ်။ ဒီအခါမှာ မဟာဂီရိနတ်ကို ဆွမ်းတင်ထားတဲ့ ထမင်း အမဲဟင်းတွေကို ရွှေစလောင်းနဲ့ အပြည့်အမောက် တွေ့ရတော့ ထမင်း သုံးရက်တော်ခဲ့ရတဲ့ ခေင်ညိုဟာ အားပါးတရ တဝစားလိုက်ပါတယ်။ ပြီးမှ စောယွမ်းခေါင်းရင်းကို ကပ်ပါတယ်။ စောယွမ်းဟာ အိပ်ပျော်နေပါပြီ။ ဒီအချိန်မှာ ခေင်ညို စဉ်းစားတာပါ။ (ရွှေစလောင်းနဲ့ တင်ထားတာမို့ စစ်ကိုင်းမင်းရဲ့ ထမင်းဟင်းဆိုတာ ခေင်ညို သိလိုက်တယ်)။

'ဤမင်းသည် ယခုပင် ငါ့ထမင်းရှင် ဖြစ်ခဲ့ပြီ၊ ထမင်းသခင်ကို ပြစ်မှားသော် အလွန်လျှင် ဝန်လေးလတ္တံ့.'

နောက် တစ်ဖက်ကနေ ပြန်စဉ်းစားပါတယ်။ 'ငါ့အရှင် ငါးစီးရှင် ခိုင်းသည့်အတိုင်း ငါ သူ့ကို လုပ်ကြံမှ ကျွန်ကောင်း ပီသမည်၊ လုပ်ကြံရလျက် မလုပ်ကြံဘဲ ပြန်လျှင် ငါ့အရှင် ငါ့ကို မျက်ပြီး ငါ အသက်ဆုံးချေ

နောက်တစ်ကြိမ် စဉ်းစားပြန်ပုံက...

'ငါ့အရှင် မျက်၍ သေရလျှင် တစ်သက်သာ။ ထမင်းသခင်ကို ပြစ်မှားသော် သံသရာဝယ် အပါယ်၌သာ ခံရမည်။ အပါယ်မှ လွတ်၍ လူ့အဖြစ်ကို ရဘိဦး၊ ယုတ်စွာသော ကိုယ်အဖြစ်သာ ရှိလေရာသည်'။ ခေင်ညို ဓားဟာ ဓားအိမ်ထဲကနေ နုတ်တုံ့စွပ်တုံ့ ဖြစ်နေပါတယ်။





နောက်ဆုံးမှာတော့ ခေင်ညိုဟာ ကြီးမားလှတဲ့ စွန့်စားမှု တစ်ခုကို ပြုခဲ့ပါတယ်။ ပြုပုံက စောယွမ်းရဲ့ ပတ္တမြားဓားကို ခေါင်းရင်းကနေ ဖြုတ်ယူပြီး စောယွမ်းကို မလုပ်ကြံဘဲ ပြန်လာခဲ့တာပါပဲ။ စွန့်စားမှုဆိုတာကလည်း စစ်ကိုင်းမင်းနန်းထဲကနေ ထွက်ရတာကို ဆိုလိုတာ မဟုတ်ပါ။ ပတ္တမြားဓား ယူခဲ့တာလည်း မဟုတ်ပါ။ ဓားတစ်ကမ်းမှာ ရှိနေပြီဖြစ်တဲ့ စောယွမ်းကို သတ်ဘဲ ပြန်ခဲ့ခြင်းဟာ သူ့သခင် ငါးစီးရှင်ရဲ့ အမှုတော်ကို လုံးဝ လျစ်လျူရှုလိုက်ခြင်းကို ဆိုလိုပါတယ်။ ငါးစီးရှင်ဆီ ပြန်ရောက်ရင် ခေင်ညိုဟာ 'သေမိန့်'ကို မျှော်လင့်လက်ခံရတော့မယ့် အဖြစ်ပါ။

ဒါပေမဲ့ ငါးစီးရှင်ဆီ ပြန်ရောက်၊ ဟိုက ပြီးခဲ့ပလား မေးတော့၊ ခေင်ညိုက အစအဆုံး လျှောက်တင် (ဓားအိမ်မှာဓား နုတ်တုံ့စွပ်တုံ့ကာလ သူ့စိတ်ဓားချက်တွေးတောမှုကိုပါ) ပါတယ်။ ပြီးတော့ ပတ္တမြားဓားကို ဆက်ပါတယ်။ ဒီဓားဟာ ခမည်းတော် သီဟသူ ပေးခဲ့တဲ့ဓား။ ငါးစီးရှင် ကောင်းကောင်းသိပါတယ်။ အထက်မှာ ပြောခဲ့တဲ့အတိုင်း စစ်ကိုင်းစား စောယွမ်းဟာ ငါးစီးရှင်အဖို့ ကောင်းကောင်းကြီး နာကြည်းရမယ့်သူ။ အစ်ကိုတွေဆီက အတူအညီယူပြီး အင်အားနဲ့ စားကျေးစားလက် ရအောင် တောင်းပြီး ခြားနားခဲ့သူ၊ ရန်သူစာရင်းဝင်ပါ။ ဒီရန်သူမျိုးကို ကျွန်ယုံက ထမင်းတစ်နပ်မျက်နှာနဲ့ (ဟိုက ကျွေးတာလည်း မဟုတ်၊ နတ်တင်ထားတာ ယူစားမိတာ) မသတ်ဘဲ လွှတ်ခဲ့တာဆိုတာ...။ ငါးစီးရှင်အဖို့ ခေင်ညိုကို ချက်ချင်း ထပိုင်း ခုတ်သတ်ခဲ့ရင်တောင်မှ အပြစ်တင်ဖွယ် မရှိဘူးလို့ ဆိုချင်စရာပါ။

ဒါပေမဲ့ ငါးစီးရှင်ကျော်စွာတွေးပုံ၊ ပြောပုံက 'ငါ့ကျွန်သည် ထမင်းတစ်စလောင်းကိုလျက်၊ သူ့ကျေးဇူးကို သိသည်။ နေ့တိုင်းမပြတ် သားမယားနှင့်တကွ ငါ ကျွေးမွေးသော ကျေးဇူးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း' တဲ့။ ခေင်ညိုကို ခွင့်လွှတ်ရုံမက ဆုလာဘ် စည်းစိမ်များစွာ ပေးသနားတယ်လို့ ဆိုပါတယ်။

ခေင်ညိုရော ငါးစီးရှင်ပါ၊ ကျွန်ရော သခင်ပါ တော်ကြပါပေတယ်လို့ ချီးကျူးမိပါတယ်။ သက်ဦးဆံပိုင်ခေတ်ကြီးထဲမှာ အမိန့်အာဏာနဲ့ အမှုတော်ထမ်းဆိုတာ အထွတ်အထိပ် အသက်သွေးကြောပဲ မဟုတ်ပါလား။ 'ထွီ' ခနဲ ချက်နဲ့ အသက်ဆုံးခဲ့ရတာတွေ၊ စကားတစ်ခွန်းနဲ့ အလုပ်ကြံခံရတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်များလာတဲ့ ကာလကြီးမှာ သူတို့ နှစ်ဦးသား တွေးပုံ၊ ခံယူပုံ၊ ပြုမူပြောဆိုပုံဟာ ရှာမှရှားပါပဲ။ ဘုရင့်အာဏာနဲ့ သူ့ရဲကောင်း ကျေးကျွန်တို့ရဲ့ အမူတော်ဆိုတဲ့ လောကပညတ်အပေါ်မှာ ကတည္ကတ ကတဝေဒိတရားက လှပစွာ လွှမ်းမိုး အနိုင်ယူသွားပုံလေးဟာ ကြည်နူးစရာ ကောင်းလှပါပေတယ်။

❑



"ငါ့ကို မိပြီဖြစ်သည်၊ ကွပ်လိုရာ ကွပ်တော်မူလော့၊
ငါ့အလိုသော်ကား မိဖုရားစောညွှာ"
(တောက်ပြား)
"ငါသို့သော မင်းကိုစင်လျက် ဤသို့သောစကားကိုဆိုဝံ့သည်၊
အချည်းအနှီး မသေလေကောင်း"
(သတိုးမင်းဖျား)

မြင်ကွင်းတစ်ခုကို စိတ်ကူးရုပ်ပုံ ဖော်ကြည့်မိပါတယ်။

နေရာက အင်းဝမြို့တော်၊ နန်းတော်ရဲ့ မင်းရင်ပြင်။ ပလ္လင်(သာလွန်)ထက်မှာ အသက်နှစ်ဆယ်ကျော်သာ ရှိသေးတဲ့ မင်းပျိုမင်းလွင် ဘုရင်ငယ်ပါ။ ဝဲယာရှေ့နောက်မှာတော့ ထုံးစံအတိုင်း အမတ်ဝန်ဗိုလ်ပါတွေ ခစားလို့၊ ဘုရင်ငယ်ရဲ့ လက်ဝဲဘက်မှာ အင်မတန် လှပတဲ့ မိဖုရား။ နန်းတွင်းမင်းရင်ပြင်ဆိုပေမယ့် ညီလာခံတစ်ခု ကျင်းပနေတာ မဟုတ်ပါ။ ဘုရင့် ရှေ့မှောက်မှာ နှောင်ကြိုးအထပ်ထပ် တည်းခံထားရတဲ့ (ဘုရင်နဲ့မတိမ်းမယိမ်း) သူကျွန်တစ်ယောက် ဒူးတုပ်လို့...။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်ထက်မြက်တဲ့ ဘုရင်ရဲ့ မျက်လုံးတွေဟာ အဲဒီယောကျ်ားကို စူးစူးကြည့်ရင်း မီးဝင်းဝင်းတောက်လို့။ သို့မဟုတ် သားကောင်ကို မိထားပြီး ခြသေ့်တစ်ကောင်လို အချိန်မရွေး ကိုက်ဖဲ့စားသောက်ဖို့အတွက် စိမ်ပြေနပြေ ကြည့်လို့။ ဟိုရာဇဝတ်သားကတော့ မျက်နှာအောက်စိုက် ခေါင်းငိုက်။ ဒါပေမဲ့ အသက်ဆုံးရတော့မယ့် ရာဇဝတ်သား တစ်ယောက်အနေနဲ့ သွေးပျက် ချောက်ချား ကတုန်ကယင်ဖြစ်မနေပါဘူး။ ကျရောက်လာမယ့် အပြစ်ဒဏ်ကို ရဲရဲကြီး ရင်ဆိုင်လိုက်တော့မယ့် အသွင်မျိုး။

ဘယ်မြို့ဝန်၊ ဘယ်အမတ်၊ ဘယ်စစ်သူကြီးမှ ဝင်ရောက် သံတော်ဦး တင်တာ၊ စွဲချက်တင်တာမျိုး မရှိကြဘူး။ နန်းရင်ပြင်ဟာ တိတ်ဆိတ်နေ တယ်။ ဘုရင့်အသံက တစ်လုံးချင်း အေးစက်ပြတ်သားစွာ ပေါ်လာပါတယ်။

"နင့်ကို မိပြီ၊ ရဲတင်း၊ ပုဆိန်၊ ဓား၊ လှံ၊ တံကျင်း ဘာကို လိုသလဲ"တဲ့။

ဝိဇယပူရ၊ ရန်ကိုအောင်သောမြို့လို့ အမည်ပေးခဲ့ပေမယ့် ပင်းယဟာ မြို့သက် နှစ် ၅၀ ကျော်မှာပဲ ပျက်သွားခဲ့ပါတယ်။ ပင်းယနောက် သုံးနှစ် အကြာမှာ တည်တဲ့ စစ်ကိုင်းဟာလည်း မြို့သက် ၄၉ နှစ်အရမှာ ပျက်ခဲ့ပါ တယ်။ အနောက်မြောက်ဘက်က အဟုန်ရှမ်းတွေ ဝင်တိုက်လို့ ပျက်ခဲ့ကြ တာလို့ ဆိုပါတယ်။ ပင်းယတည်သူက သီဟသူ။ စစ်ကိုင်းတည်သူ အသင်္ခယာ စောယွမ်း။ မြို့တွေပျက် လူတွေ သေကြေကျေကြ၊ ကျွဲနွား တိရစ္ဆာန် တွေ ဆုံးကြ၊ လယ်ယာမြေတွေ ပျက်ကြနဲ့ ပြာပုံဖြစ်နေတဲ့ အချိန်မှာ ကြခတ် ဝရာမှာ အကျဉ်းကျနေတဲ့ တကောင်းမြို့စား မင်းသားငယ် တစ်ယောက်ဟာ အကျဉ်းက ထွက်ပြီး အစွမ်းပြပါတော့တယ်။ သူကတော့ အသင်္ခယာ စောယွမ်းရဲ့သမီး စိုးမင်းကိုယ်တော်ကြီးနဲ့ တကောင်းမြို့စား သတိုး ဆင်ဖြူရှင် တို့က မွေးဖွားတဲ့ သတိုးမင်းဖျားပါပဲ။ သူ စားရတဲ့ တကောင်းမြို့လည်း အဟုန် ရှမ်းတို့ရဲ့ ဖျက်ဆီးမှုကို လက်ဦးခံခဲ့ရပြီးပါပြီ။

ကြခတ်ဝရာ အကျဉ်းသား အဖြစ်က လွတ်လာချိန်မှာ သူ့ အသက် ၂၀ပဲ ရှိပါသေးတယ်။ သတိုးမင်းဖျားဟာ ပင်းယ၊ စစ်ကိုင်း အပျက် အစီးတွေကြားထဲက မြို့သစ်တည်ပါတယ်။ အဲဒါဟာ အင်းဝပါပဲ။ သူ့ရဲ့ဘိုး တော်သူ တစ်စီးရှင်သီဟသူ သုံးခါတိုင်တိုင် မြို့သစ်တည်လို့ မအောင်မြင်ခဲ့ တဲ့ နေရာမှာ သူက အောင်မြင်စွာ တည်လိုက်နိုင်တာပါပဲ။





ရေကန်အသင့်ကြာအသင့် မဟုတ်လေဘဲ အပျက်အစီးတွေ ကြားထဲ က အသစ်တည်ယူရတဲ့ အလုပ်ဟာ ဘယ်လောက် ခက်ခဲမလဲဆိုတာ တွေး ချင့်ကြည့်နိုင်ပါတယ်။ မြို့သစ်တည်အပြီးမှာလည်း အေးဆေးသက်သာစွာ မြို့တည်နန်းတည်ဘုရင်ဆိုပြီး စံနေရတာ မဟုတ်ပါဘူး။ ငွေယံကုန်း၊ တောင်တွင်း၊ စကုဘက်တွေက တကြွကြွလို့ မနေမနား လိုက်နှိမ်နင်းနေရ ပါတယ်။ ဒီအချိန်မှာ သတိုးမင်းဖျားဟာ ၂၁ နှစ်၊ ၂၂ နှစ်။

ငယ်ရွယ် ထက်မြက်တက်ကြွပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိနေတဲ့ မင်းပျိုမင်းလွင် ဘုရင်တစ်ပါး။

သူနဲ့ စစ်ကိုင်းရေဝန်းကနေ အင်းဝမြို့ထဲ ဝင်ဝင်သောင်းကျန်းနေတဲ့ ဓားပြ ခေါင်းဆောင် [illegible]သူခိုး တေက်ပြားတို့ ထိပ်တိုက်တွေ့ကြပါတယ်။

တေက်ပြားရဲ့ စွမ်းရည်တွေကို ဒဏ္ဍာရီ၊ ဂန္ဓာရီဆန်ဆန် ပြောကြပေ မယ့် တေက်ပြား တကယ် စွမ်းလိမ့်မယ်ဆိုတာကတော့ သေချာပါတယ်။ [illegible]အောင် မဖမ်းနိုင်ကြလေလေ၊ လူစွမ်းကောင်း ဖြစ်လေလေပါပဲ။ တေက်ပြား [illegible]လည်း ငါ့ကို ဘုရင်ကိုယ်တိုင် ဖမ်းလို့ရမှ သတ်လို့ရမယ်လို့ ကြုံးဝါးပါ [illegible]တဲ့။ ဒီတော့ သတိုးမင်းဖျားကိုယ်တိုင် ထွက်ဖမ်းပါတယ်။ သူတို့ချင်း [illegible]ကြပုံ၊ ဖမ်းကြပုံတွေကလည်း ဇာတ်ကွက်ဇာတ်လမ်းနဲ့ ကွန့်မြူးနိုင်ရင် [illegible]မြူးနိုင်သလောက် (suspense) ဖြစ်မှာပါ။ နောက်ဆုံးတော့ မိပါတယ်။ [illegible]အခါ အစောပိုင်းအဖွင့်မှာ စိတ်ကူးရုပ်ပုံဖော်မိတဲ့ အခင်းအကျင်းအတိုင်း [illegible]ပွဲ ဖြစ်ပေါ်လာပါတယ်။

"မင်း ဘာကို လိုသလဲလို့" သတိုးမင်းဖျားက မေးတော့ တေက်ပြား [illegible] "မင်းကြီး ငါ့ကို မိပြီ၊ ကွပ်လိုရာ ကွပ်တော်မူလော့၊ ငါ့အလိုသော်ကား [illegible] စောဥမ္မာကို အလိုရှိ၏" လို့ မဆိုင်းမတွ ပြန်ပြောလိုက်ပါသတဲ့။ [illegible]င်း၊ ပုဆိန်၊ ဓား၊ လှံ၊ တံကျင် စီရင်မယ့် လက်နက်တွေကို ကျော်လွန်ပြီး [illegible]င့်ဆောင်မှာ ထိုင်နေတဲ့ မိဖုရားကိုမှ ရွေးလိုက်တဲ့စကားပါ။

မထူးတော့စကား တေက်ပြား ဆိုတာပါပဲ။ သူ ကြုံးဝါးခဲ့တယ်လေ၊ "[illegible] သတိုးမင်းဖျားရသော်သာတည်း သတ်ရတုန်အံ့၊ မရသော်ကား [illegible]ယ်သူဝံ့အံ့နည်း" လို့။ အခု သူ့ သတိုးမင်းဖျားကိုယ်တိုင်ရဲ့ အမင်းကို [illegible] သူ သေဖို့ပဲရှိတော့တယ်။ တေက်ပြား ဖြေစရာ အဖြေ သုံး[illegible]လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်ပါတယ်။ တစ်– အသက်ချမ်းသာပေးပါ (ဒါကို သူ ဘယ်လိုမှ ပြောလိမ့်မယ် မဟုတ်ပါ။) နှစ်– ကြိုက်ရာ လက်နက်နဲ့ သတ်ပါ။ သုံး– ဓား၊ လှံ လက်နက် တစ်ခုခု ရွေးပြီး အဲဒါနဲ့ သေလိုပါတယ်။ ဒီလို ဖြစ်နိုင်ဖွယ် အဖြေတွေထဲက တစ်ခုမှ မပြောဘဲ "ငါ့ အလိုသော်ကား မိဖုရားတည်း" လို့ ပြောချလိုက်ပုံဟာ တစ်– ငါ ကြုံးဝါးခဲ့တဲ့အတိုင်း ငါသေရဲတယ်။ နှစ်– ဘာလက်နက်ရွေးရွေး သေတာသေရမှာပဲ။ သုံး–အဖမ်းခံရပြီး သတ်လို့သာ သေရမှာ ငါမကြောက်။ ဒီလိုတွေးပြီး တေက်ပြားဟာ ဘယ်သူမှ ဘယ်လိုမှ မတွေးရဲ မတွေးဝံ့တဲ့အဖြေကို ဖြေချလိုက်တာ။ ဒီလို ပြောပြီး အသတ်ခံသွားရလည်း ကြည့်စမ်း သူခိုး တေက်ပြားဟာ နောက်ဆုံးအချိန်အထိ ဘုရင်ကို ရဲရဲကြီး ရင်ဆိုင်သွားခဲ့သကော။ သတ္တိပြောင်လိုက်ပါဘိ။ ဒါမျိုးများတော့ 'ကြိုက်သကွယ်' လို့ ပြောစမှတ်ဖြစ် ကျန်ရစ်ခဲ့မှာ။

"မိဖုရားကိုသာ ငါလို၏"လို့ ပြောချလိုက်ပေမယ့် တေတ်ပြားဟာ စောဥမ္မာအပေါ် ပြစ်မှားစိတ်နဲ့ ပြောတာမဟုတ်။ ဘုရင့်ရှေ့မှာ သူ မာန်မချ အရှုံးမပေးကြောင်းကို ပြတာပါပဲ။ ကြောင်မျက်လုံးတို့၊ ကိုယ်ပျောက်တာတို့ စတဲ့ စွမ်းရည်မျိုးတွေ ရှိ မရှိတော့ မသိ။ တေက်ပြားဟာ ဘုရင်ဆိုပြီး အသားလွတ် ကြောက်နေတာမျိုး မရှိတာတော့ သေချာပါတယ်။ ဒါက တေက်ပြားအပိုင်း။

ဘုရင် သတိုးမင်းဖျားဘက်ကကော...တဲ့။

တေက်ပြား အဲဒီလို ဖြေလိုက်ချိန်မှာ ဘယ်လိုဖြစ်သွားမလဲဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။ တစ်နန်းတော်လုံးကတော့ 'ဟယ်'ခနဲပဲ ဖြစ်သွား မလား၊ အံ့သြလွန်းမက အံ့သြခြင်းနဲ့ တစ်ခဲနက် တိတ်သွားမလား...။ မှူး[illegible] မိုလ်ပါတွေ ပါးစပ်အဟောင်းသား၊ တစ်ကိုယ်လုံးတုန်သွား၊ ကြားလိုက်[illegible] စကား ဟုတ်မှဟုတ်ပါလေ့စ၊ တေက်ပြား အကြောက်လွန်ပြီး သွေးလေ ဖောက်ပြန်သွားပြီလား။ သာမန်လူအများစုနှင့် မတူခြားနား၊ ဖောက်ထွက် ဆောဖွဲ့ လုပ်တတ်ပြောတတ်တဲ့ ကိစ္စတစ်ခု ပေါ်လာရင် သမားရိုးကျ လူတွေမှာ အမျိုးမျိုး တုန်လှုပ်ချောက်ချား အံ့အားသင့်ကြရပါတယ်။

ဘုရင် သတိုးမင်းဖျားကော ဘယ်လိုနေမလဲ။ စောဥမ္မာကတော့ မျက်နှာ ရဲခနဲ သို့မဟုတ် ဖွေးခနဲ ဖြစ်သွားပြီး ခေါင်းငုံ့၊ မျက်နှာ အောက်ချ





လိုက်လေမလား။ စော်ကားလေခြင်းရယ်လို့ ကတုန်ကယင်ဖြစ်သွားမလား။ ရှက်သွေးဖြာခြင်းနဲ့ပဲ စိတ်ထဲကနေ ခစ်ခနဲ ရယ်လိုက်မလား။ အဲဒီလိုတွေ ထွေထွေပြားပြား တိမ်းတိမ်းမူးမူး ဖြစ်ကုန်ကြချိန်မှာ သတိုးမင်းဖျားကတော့...

တစိုးတစိမျှ အမျက်တော် မရှိ (မှန်နန်း)။

"ငါသို့သော မင်းကို စင်လျက်၊ ဤသို့သော စကားကို ဆိုဝံ့သည်။ အချည်းနှီး မသေလေကောင်း" လို့ မိန့်တော်မူလိုက်ပါတယ်။

ငှယ်ကုန်းစား ဘယကျော်သူကို နှိမ်နင်းပြီး အလောင်းပေါ် ပွဲတော်တည်ခဲ့တယ်ဆိုတဲ့ ဘုရင်၊ စစ်ကိုင်းဘက်က ရှင်ယောင်ကိုလည်း ကိုယ်တိုင်သတ်၊ အလောင်းကို နန်းကြမ်းပြင်ဖြပြီး အောက်ချပစ်ခဲ့တယ်ဆိုတဲ့ ဘုရင်၊ သာမန် ကြည့်ရင် ခေါင်းအပုတ်ခံရတဲ့ မြွေဟောက်လို ရှူးခနဲ ပါးပျဉ်းဖြိုင်ဖြိုင်ထပြီး 'စော်ကားလေခြင်းကွာ'လို့ ချက်ချင်း ထခုတ်သတ်မယ် ထင်စရာ။

အခုတော့ "အချည်းနှီး မသေလေကောင်း" တဲ့။ တေက်ပြားကို အသတ် လွှတ်ရုံမက ရွှေတိုက်စိုးအရာနဲ့ သူကောင်းပါ ပြုလိုက်ပါတယ်။

လေးကိုချစ်လျှင် မြားကိုချစ်သကဲ့သို့ ပြည်ထဲရေးကို ချစ်သောကြောင့်လည်းကောင်း၊ ငါးကိုလိုက်သော တံငါသည် ကွန်ကို ချစ်သကဲ့သို့ ပြည်ထဲ ဒီးပွားကို လိုသောကြောင့်လည်းကောင်းတဲ့။ သတိုးမင်းဖျားရဲ့ ဆုံးဖြတ်ချက်ဟာ ကွက်တိမှန်ခဲ့တယ်လို့ ဆိုရပါမယ်။ နောင် တောင်တွင်းကို တိုက်တော့ တေက်ပြား အစွမ်းကြောင့် အောင်ပွဲရခဲ့တာပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com

## “နေ နှင့် ယောကျ်ားမဟုတ်သလော”
## (စောဥမ္မာ)

အဂ္ဂမဟာ ပဏ္ဍိတ၊ မကာရလောပ အကျော် ကျေးရွှေရှင် မန်လည်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့တဲ့ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ရဲ့ ပုဗ္ဗေဝါဒခန်း၊ ပိုဒ်ရေ ၁၂၈၊ (မဃဒေဝ တစ်ခုလုံးရဲ့ ပိုဒ်ရေအမှတ် ၂၉၇) ထဲမှာ...

“အက္ခဏဝေမိ၊ တတ်ခေါင်ထိသား၊ လေးကြီးအရာ၊ လိမ္မာလေ့ကျက်၊ လျှပ်တပြက်တွင်၊ အဆက်အဆက်၊ ခုနစ်ချက်နှင့်၊ ရှစ်ချက်လျင်လျား၊ ပစ်နိုင်အားသည်၊ ယောကျ်ားတို့လျက်၊ တချက်လွှတ်လျှင်း၊ မြားတစ်စင်းသာ၊ နှစ်စင်းပူးပြိုင်၊ မလွှတ်နိုင်ကြ၊ မိန်းမတို့မှာ၊ ရူပါသဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗဟု၊ ကိလေသာရုံ၊ ဆိပ်ပုံငါးစင်း၊ တစ်ချက်ချင်းဖြင့်၊ မကင်းရာဂ၊ ပုရိသကို၊ ကျွန်ရမဟုံ၊ ကြွင်းမဲ့မရှောင်၊ ကုန်အောင်တပြိုင်၊ ရွယ်ဆိုင်ခဏ၊ ပစ်နိုင်ကြ၏...”

(သတ်ပုံမူရင်းအတိုင်း)လို့ စပ်ဆိုပြတော်မူခဲ့ပါတယ်။

အခိပ္ပာယ်က ရှင်းပြီးသားပါ။ မင်းယောကျ်ားကြီးတို့ စွမ်းဆောင်နိုင်တဲ့ လေးအတတ်၊ မြားအတတ်မှာ အက္ခဏဝေမိဆိုတဲ့ မြားရေးကြီး အတတ်





တစ်ပါး ပါဝင်ပါတယ်။ အက္ခဏဝေမိရဲ့ အဓိပ္ပာယ်က လျှပ်တစ်ပြက်တွင် အချက်ပေါင်းများစွာ မချွတ်မယွင်း မှန်အောင်ပစ်နိုင်ခြင်းတဲ့။ အဲဒီ အတတ်အရ ယောကျ်ားတို့ဟာ လျှပ်တစ်ပြက်တို့မှာ အချက်ပေါင်း ဘယ်လောက်ပဲများစွာ ပစ်လွှတ်နိုင်ပေမယ့် တစ်ချက်ကို မြားတစ်စင်းပါပဲတဲ့။ မိန်းတို့ကတော့ အဆိပ်မြား ငါးစင်းကို (တစ်ပြိုင်တည်း)ပဲ တစ်ချက်တည်းမှာ ပစ်လွှတ်နိုင်ကြပါတယ်တဲ့။ ရာဂမကင်းတဲ့ ပုရိသတို့ကို ထိုးစိုက်သွားကြတဲ့ မြားငါးစင်း။ ရူပါ၊ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖော်ဋ္ဌဗ္ဗာ။

သတိုးမင်းဖျားက ခါးလုံလက်နက်တွေ စီချထားပြီး မင်းဘာနဲ့သေချင်သလဲ၊ ဘာကို လိုသလဲလို့ တောက်ဖြားကို မေးတော့ တောက်ဖြားက မိဖုရား စောဥမ္မာကို လို၏လို့ ဖြေတဲ့အကြောင်း ပြောပြခဲ့ပြီးပါပြီ။ တောက်ဖြားက သူ့ရဲ့ ခေါင်းငုံ့မခံ သတ္တိနဲ့ ပြောလိုက်တာဖြစ်ပေမယ့် သူ့စကားအတိုင်း ဟုတ်ဟုတ်သေးတော့လို့ အောက်မေ့မိပါတယ်။ စောဥမ္မာမိဖုရားဟာ ကိုယ်ပဲ ‘လက်နက်’ တစ်ခု ဖြစ်လာခဲ့တာပါကလား။ လက်နက်မှ ထိရှဒဏ်ရာရသူကို အဆိပ်တက်စေခဲ့တဲ့ အဆိပ်လက်နက်။

စောဥမ္မာက ပင်းယဘုရင် ဥဇနာပြောင်ရဲ့ မိဖုရား ဖြစ်ခဲ့ပါတယ်။ သတိုးမင်းဖျားက သူ့ဘထွေးတော် မင်းပြောက်ကို သုတ်သင်ပြီး ဆင်မြင်းအလုံးအရင်းသိမ်း၊ ပင်းယကို ဆက်တိုက်၊ အောင်မြင်တော့ စောဥမ္မာကို မိဖုရားဆက်မြှောက်ခဲ့တာပါ။ သက္ကရာဇ် ၇၂၆ ခုနှစ်ဟာတော့ လျင်မြန်ရှုပ်ထွေးလှတဲ့ နှစ်ပဲလို့ ဆိုရမှာပါ။ ဒီနှစ်ထဲ ကဆုန်လမှာ စစ်ကိုင်းပျက်၊ နယုန်လမှာ ပင်းယပျက်၊ ဝါဆိုလမှာ ဥဇနာပြောင် နန်းတက်၊ တော်သလင်းလမှာ ဥဇနာပြောင်နန်းကျ၊ သတိုးမင်းဖျားနန်းတက်၊ တပေါင်းလထဲမှာ အင်းဝမြို့သစ်တည်... တစ်နှစ်တည်းမှာ များပြားရှုပ်ထွေးလိုက်တဲ့ ဖြစ်ပေါ်ပြောင်းလဲမှုတွေ...။ စောဥမ္မာ ဖြတ်သန်းနေရတဲ့ နောက်ခံ အခြေအနေပါပဲ။

ဒီလို ခုမြင်ခုပျောက် ကိစ္စကြီးကပဲ စောဥမ္မာရဲ့ သဘာဝကို ပြဋ္ဌာန်းလေသလား။ သူကိုယ်တိုင်ကလည်း (မန်လည်ဆရာတော်ကြီး ခပ်ဖော်ခင်ကလေး ဆိုထားသလို) ‘သမုဒ်၊ ဗြဟ္မဏ၊ မင်း၊ မိန်းမဟု အားရဆုံး[illegible] မပြည့်နိုင်ရိုး၊ လေးမျိုးတို့တွင်၊ တစ်ပါးဝင်သည်၊ အကြွင်မိန်းမ၊ [illegible] အဌပတိ၊ ရှစ်လင်ယိုလည်း၊ လွန်ဘိပိုမို၊ ကိုးယောက်ကိုလျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုပြည့်ခဲ့၏' (သတ်ပုံမူရင်းအတိုင်း) ဖြစ်ခဲ့လေသလား။ ဒါမှမဟုတ် ပေးထား တဲ့ အခြေအနေထဲမှာ ရှင်သန်ရပ်တည်မှုတစ်ခု ရအောင်ပဲ ဖန်တီးခဲ့လေ သလား ဆွေးစရာတွေပါ။

နန်းစံသက် သုံးနှစ်အရမှာ သတိုးမင်းဖျားဟာ စကုစား သိင်္ဂသူ ဖုန့်ကန်တာကို ထွက်နှိမ်နင်းရင်း ကျောက်ပေါက်ပြီး တပ်ဆုတ်ခဲ့ရပါတယ်။ နွယ်ကြိုးဆိပ်ရောက်တော့ အနာသည်းထန်ခဲ့ပါပြီ။ မနေရတော့ဘူးဆိုတာ သတိုးမင်းဖျား သိလို့ အတွင်းသင်းမှူး ငနေကို အပါးမှာခေါ်ပြီး မှာပါတယ်။

"ငါ မရှိရင် ငါ့မိဖုရား စောဥမ္မာကို သူ မိဖုရားမြှောက်တော့မည်။ ငါ နမြောတော်မူသည်၊ နင် သွားသတ်ချေ" တဲ့။ ဒီလိုမှာပြီး မကြာမီ သတိုး မင်းဖျား အနိစ္စရောက်ပါတယ်။

အတွင်းသင်းမှူး ငနေလည်း သံလေ့လက်ပြည့်နဲ့ အပြင်းဆန်တတ် နန်းတော်ရောက်တော့ မိဖုရား စောဥမ္မာ ရှေ့တော်ဝင်ပြီး သတိုးမင်းဖျား အမှာစကားအမိန့်ကို လျှောက်ပါတယ်။ အတွင်းသင်းမှူးဟာ ဘုရင့်အမိန့်ထို သယ်လာပြီး သတ်ရမယ့်သူက မိဖုရားဆိုတော့ အတော်ကို အကျဉ်းအကျပ် ရောက်ခဲ့မှာပါပဲ။ တခြားသူဆိုလည်း အမိန့်ပြန်ပြီး ခုတ်လိုက်ရုံ သို့မဟုတ် ဘာမှမပြောတော့ဘဲ ကွပ်မျက်ပစ်လိုက်ရုံ။ အခုတော့ မိဖုရားဖြစ်နေတော့ မရဲတရဲနဲ့ လျှောက်တင်ရင်း အကျပ်တွေ့နေမှာပါ။

ဒါပေမဲ့ ဒီအကျဉ်းအကျပ် လှည်းတုပ်နဲ့ တံပိုး ပြဿနာကို လှလှလေး လေး ဖြေရှင်းလိုက်သူက စောဥမ္မာပါ။

"ငနေ နင် ယောကျ်ားမဟုတ်သလော" တဲ့။

သိပ်တာသွားတဲ့ စကားပါ။ မြားငါးစင်း တစ်ပြိုင်တည်း လွှတ်လိုက် တာပါပဲ။

အဲဒီမှာ ငနေ သဘောတွေ ပေါက်သွားပါတယ်။ မိဖုရားကို သတ် ဘာဖြစ်မလဲ၊ ဘုရင်ကလည်း ကွယ်လွန်ပြီမို့ ဘာဆုလာဘ်မှ ရဖွယ်မရှိ မိဖုရားသတ်သူဆိုပြီး နောက်ပိုင်းရန်တွေကလည်း တစ်သီကြီးလာနိုင်။ သေခင် အမိန့်တော်ထမ်း ကျေပွန်လှချည့်လို့ ဘယ်သူမှလည်း ထောမနာပြုကြမှာ မဟုတ်။ အခု စောဥမ္မာ ပြောလိုက်တာက "ငနေ၊ နင် ယောကျ်ားမဟုတ် သလော" တဲ့။





မိဖုရားနဲ့ တစ်စိတ်တစ်ဝမ်းတည်း ညီကြပြီး (အလိုမပါ၊ သဘောတွေ တဲ့ အထိန်းသမီးကို သုတ်သင်လိုက်ကြပါတယ်။) အင်းဝနန်းမှာ လခွဲနေပြီးမှ ...ကိုင်းဘက်ကူး၊ တစ်ထီးတစ်နန်း ပြုလိုက်ပါတယ်။ အတွင်းသင်းမှူးဟာ ...ဥမ္မာကိုလည်းရ၊ မိဖုရားရဲ့ ခင်ပွန်း (ဘုရင်ဟုမဆိုသာ) အဖြစ်နဲ့ စစ်ကိုင်း ...သည်း တဆောင်တယောင် လုပ်ခွင့်ရ။ စောဥမ္မာစကားအရဆိုရင် ...ယောကျ်ားဖြစ်ကြောင်းပြလိုက်တာပဲ'ပေါ့လေ။ ဒါပေမဲ့...

'ရာဂနတ်ဖမ်း၊ ယောကျ်ားနှမ်းတို့၊ ကျင့်သွမ်းယုတ်မာ၊ ကိလေသာ ...လွန်စွာမက်၍၊ နှစ်သက်မဝ၊ ဉာဏ်ကင်းပလျက်၊ မိန်းမနိုင်ငံ၊ ပိုးဖလံနှင့် ...တမျှ၊ လိုက်မှားကြ၏။ မိန်းမအာရုံ၊ လိုက်မှားတုံမူ၊ ထိုသူကား၊ ...ခပင်း၊ မင်းဆင်းရဲသား၊ မဟူငြားဘူး...' လို့ မန်လည်ဆရာတော်ကြီး ...ဆိုထားခဲ့သလို (ပုဏ္ဏောဝါဒ ၁၃၂)

သတိုးမင်းဖျား အနိစ္စရောက်ပြီး ရမည်းသင်းစား သီလဝကို နန်းတင် ...သီလဝက လက်မခံဘဲ အမြင့်မြို့စား တရဖျားစော်ကဲကို နန်းပေးဖို့ပြော၊ ...ကြီးစွာစော်ကဲလို့ ဖြစ်လာတော့ ဘုရင်က ရာဇသင်္ကြံဘွဲ့ရ ငမောက်ကို ...ပြောပါတယ်။ ငမောက်က ငနေရဲ့အစ်ကိုပါ။

"မိဖုရားကို သိမ်းပြီး မင်းပြုနေတဲ့ ငနေကို ဥပါယ်တံမျဉ်နဲ့ ရအောင် ...ရရင် စောဥမ္မာနဲ့ စုံဖက်ပေးမယ်၊ ဝါးရင်းတုတ်ရွာနဲ့ တောင်ပြုန်းနယ် ...ပေးမယ်" လို့ မိန့်ပါသတဲ့။

ရာဇသင်္ကြံ ငမောက်လည်း စစ်ကိုင်းသွား၊ သဲပြင်မှာပဲ လှေဆိုက် ...ပြီး "ငါ့ညီ မင်းဖြစ်ပြီဆိုလို့ လာခဲ့ပါတယ်၊ ငါ အတော် နေမကောင်း ...တယ်။ ငါ့ညီ လာခဲ့ပါ" လို့ စေလိုက်ပါတယ်။ ငနေလည်း ယုံပြီး ...လာပါတယ်။ ကွမ်းစွဲ၊ သောက်ရေကိုင်လောက်နဲ့ပဲ လှေပေါ်တက်ခဲ့ပါ ...ငနေ လှေပေါ်အရောက် လှေကြိုးကိုဖြတ်ပြီး တစ်ဖက်ကို ကူးခဲ့ပါတော့ ...အစ်ကိုငမောက်က ညီငနေကို ကြိမ်းပါတယ်။ "နင့်အမိဘက်ကလည်း ...မဟုတ်၊ အဘဘက်ကလည်း မင်းမျိုးမဟုတ်၊ နင် တယ် ဘုရင်ဖြစ် ...သား" ဆိုပြီး သံခြေချင်းနဲ့ ထားပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရာဇသင်္ကြံ ငမောက်လည်း မင်းကြီးစွာ ကတိအတိုင်း စောဥမ္မာ ဆောင်ဖြွန်းသါးရင်းတုတ်နယ်စား ဖြစ်သွားပါတယ်။ စောဥမ္မာ အနေနဲ့ ငင်းဆာဥဇနာပြောင်၊ သတိုးမင်းဖျား၊ ငနု၊ အခုငမောက် စတုတ္ထခင်ပွန်း နေကတော့ အချုပ်ကနေ အလွတ်ထွက်ပြေးပြီး လာဟူအရပ်မှာ နေတယ် ဆိုပါတယ်။ သူ့သတင်းနောက်ဆက်တွဲတော့ မသိရတော့ပါဘူး။

“ငနု နင် ယောကျ်ားမဟုတ်သလော” ဆိုတဲ့ စောဥမ္မာရဲ့စကား သူ့ ပင်ကိုသဘာဝလည်း ဖြစ်နိုင်သလို၊ အသက်ဘေးကနေ ကြံဖန်မွေး လည်း ဖြစ်နိုင်ပါတယ်။ မြွားငါးစင်းလို့လည်း ပြောလို့ရပါတယ်။ မိန်းမ တို့ရဲ့ အကျဉ်းအကျပ်မှ အလွတ်ရုန်းထွက်နည်း တစ်နည်းလို့လည်း ဆို ပါတယ်။ ဒါပေမဲ့...

စောဥမ္မာရဲ့ စကားကိုပဲ နားထောင်ပြီး မိန်းမဟူဘိ ထိုလ္လတ္တိ ဘာညာ ကောက်ချက်တော့ တစ်ဖက်သတ် မစောလိုက်ပါနဲ့။ အသတ်ခိုင် သတိုးမင်းဖျားနဲ့ တာဝန်ယူသူ (နောက်သဘောပေါက်သွားသူ) ငနုတို့ လည်း မြင်ယောင်ဖို့ လိုပါတယ်။ ယောကျ်ားတွေလေ။

ဒါကြောင့် မန်လည်ဆရာတော်ကြီးက ပုတ္တောဝါဒ ၁၄၄ နဲ့ မှာ ဆုံးမတော်မူထားပါသေးတယ်။

‘...အနှစ်ပညာ၊ မယှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည် မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ နွားနှင့်ကျားနှင့် တည်း...’ တဲ့။

‘...သိမ်းဆည်းမိဘိ၊ ဆင်းသတိနှင့်၊ အသိပညာဉ်၊ မယှဉ်သသူ၊ လူတို့၊ ကျင့်မှုဖောက်ပြား၊ မတည်ကြားသည်၊ ယောကျ်ားမိန်းမ မဟူတည် တဲ့။

□



# “ကျွန်၏ တိုင်ပင်ခြင်းလော၊ မင်း၏ တိုင်ပင်ခြင်းလော၊ ပညာရှိတို့၏ တိုင်ပင်ခြင်းလော”

## (ဝန်ဇင်းမင်းရာဇာ)

သတိုးမင်းဖျားနောက် နန်းတက်သူက အမြင့်မြို့စား(အမြင့်မင်း) တရဖျားစောကဲ ဖြစ်ပါတယ်။ ‘မရွယ်ဘဲ စော်ကဲမင်းဖြစ်’ လို့ အသိများကြ သူပါ။ သတိုးမင်းဖျား အနိစ္စရောက်တော့ လစ်လပ်တဲ့ ထီးနန်းကို ရမည်း သင်းစား သီလဝ ယူတော်မူပါလို့ မှူးမတ်တွေက ဝိုင်းတောင်းပန်ကြပေမဲ့ အပြုံးအရယ် နည်းလှ၊ တစ်နေလုံး နေလို့ စကား သုံးလေးခွန်းမှ မပြောတဲ့ သီလဝက ငါ မလိုချင်ဘူး၊ တရဖျားစောကဲကို မြှောက်ကြလို့ ဆိုပါသတဲ့။ မှူးမတ်တွေ တညီတညွတ်တည်း စောကဲကို မင်းမြှောက်ကြပါတယ်။ သူ့ရဲ့ လူသိများတဲ့ အမည်က မင်းကြီးစွာ။ မင်းကြီးစွာစောကဲ (အရပ်အခေါ် ဆော်ကဲ)။

သူ့လက်ထက်မှာ တခြားလူသိများတဲ့ ကိစ္စတစ်ခုကတော့ မိထီလာ ကန်ပေါင်ကျိုးတာဆည်ရင်းနဲ့ ဝန်စင်းအသည်သား ပညာရှိ တစ်ယောက်ကို ရခဲ့တာပါပဲ။ ဝန်စင်းရွာသား၊ သာမန်ယာသမား၊ လယ်သမားမို့ ဝန်စင်း



www.burmeseclassic.com

www.burmeseclassic.com



အသည်းသားသို့ ခေါ်တာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ စည်းတပစ်အမတ်လို့ ခေါ်လာကြတယ်။ စည်းတပစ်ဆိုတာ စန္ဒပဇ္ဇောတကို စည်းတပစ်လို့ အတို ခေါ်ကြရာက စည်းတပစ်ဖြစ်လာတာတဲ့။ (ဝန်စင်းမင်းရာဇာက ဒုတိယ စည်းတပစ်ဖြစ်ပြီး မင်းကြီးစွာ နန်းတက်စက ပထမ စည်းတပစ် ရှိသေးတယ်လို့ ရာဇဝင်ကြီးက ဆိုပါတယ်။)

ဒုတိယ စည်းတပစ် (ဝန်စင်းမင်းရာဇာ)နဲ့ ပတ်သက်ပြီး ဘုရင်နဲ့ ပညာရှိတို့ အကြား ဆက်သွယ်ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ရပ်များဟာ မှတ်မှတ်သားသား ရှိစရာတွေ ဖြစ်ပါတယ်။ အဲဒီထဲက တစ်ခုပါ။

မိဖုရားစောဥမ္မာနဲ့ စိတ်ညီခဲ့ကြတဲ့ အတွင်းသင်းမှူး ငနု ရှိပါရောလား။ သူ့ကို ဘုရင့်အမိန့်နဲ့ သူ့အစ်ကို ရာဇသင်္ကြံ ငမောက်က ဖမ်းခေါ်သံခြေချင်းနဲ့ထား၊ နောက် ငနုက ထွက်ပြေး၊ လာဟူ(မြဝတောင်)မှာ အခြေစိုက်ပြီး ငနုဟာ ဗိုလ်ပါစုရုံးလို့ နိုင်ငံတော်ကျေးစွန်ရွာနားတွေကို ဖျက်ဆီးပါတယ်။

သူ့အစ်ကို ရာဇသင်္ကြံ ငမောက်ဟာ (ငနုကို ဖမ်းပေးလို့) ဘုရင့်ဆီက တောင်ပြုန်းကြီးနဲ့ ဝါးရင်းတုတ်နယ်ကို အပိုင်စားဆုလာဘ် ရခဲ့ပါတယ်။ မိဖုရားစောဥမ္မာကိုလည်း ရခဲ့ပါတယ်။ ဒါပေမဲ့ ငနု အကျဉ်းက ထွက်ပြေးလွတ်မြောက်ပြီး ထောင်ထားခြားနားပြန်တော့ ရာဇသင်္ကြံ ငမောက်မှာ ဝြသနာ ဖြစ်ရပြန်တယ်။

ညီအစ်ကိုချင်းမို့ လွှတ်ပေးတယ်ဆိုပြီး မင်းကြီးစွာက အမျက်ရှိတယ်။ ဒါကြောင့် စားကျေးစားလက်လည်း ပြန်သိမ်းတယ်။ စောဥမ္မာကိုလည်း ပြန်သိမ်းမယ် (စောဥမ္မာက မင်းကြီးစွာရဲ့ နှမ)လို့ စဉ်းစားပြီး စည်းတပစ် ဝန်စင်းမင်းရာဇာကို ခေါ်တိုင်ပင်ပါတယ်။

ဒီနေရာမှာ စဉ်းစားမိတာက မင်းကြီးစွာဟာ စိတ်လိုက်မာန်ပါ တစ်ချက်လွှတ် မဆုံးဖြတ်ဘဲ ပညာရှိကို တိုင်ပင်ဖို့ သတိလေးကပ်မိပုံပါ။ အရင့်အရင် နှုတ်လွန်အမိန့်တွေနဲ့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့၊ လက်လွန်ခဲ့၊ လွန်ပြီးမှ နောင်တရခဲ့တဲ့ ဘုရင်များအကြောင်း မင်းကြီးစွာ သင်ခန်းစာ ယူထားပုံ ရပါတယ်။

ဒီလို ခေါ်တိုင်ပင်တဲ့အခါမှာ စည်းတပစ်(ဝန်စင်း)က ဘယ်လို လုပ်





သင့် မလုပ်သင့် အကြံဉာဏ် မပေးသေးဘဲနဲ့ ဘုရင်ကို ပြန်ပြီး မေးခွန်းထုတ်လိုက်ပါတယ်။

"တိုင်ပင်ခြင်း သုံးပါးတွင် ကျွန်၏ တိုင်ပင်ခြင်းလော၊ မင်း၏ တိုင်ပင်ခြင်းလော၊ ပညာရှိတို့၏ တိုင်ပင်ခြင်းလော မည်သည်ဖြင့် တိုင်ပင်တော်မူပါသလဲ" တဲ့။

မင်းကြီးစွာက "တိုင်ပင်ခြင်းသုံးပါး အဓိပ္ပာယ်က ဘယ်သို့ ရှိသလဲ" လို့ ပြန်မေးတော့မှ ရှင်းလင်းချက်ထုတ်ပါတယ်။ ထုတ်ပုံက "ကျွန်တို့၏ တိုင်ပင်ခြင်းဟူသည်ကား အရှင်သို့ လို၍ဆိုရာသည် အမှတ်ထား၍ တိုင်ပင်သတည်း။ မင်းတို့၏ တိုင်ပင်ခြင်းဟူသည်ကား မင်းတို့၏ နှလုံးတော်နှင့် အညီ လျှောက်မိသော်ကား သင့်မြတ်သည်သာဖြစ်၏။ မင်း၏ နှလုံးတော်နှင့် ဆန့်ကျင်သော်ကား ဒဏ်ပေးသတည်း။ ပညာရှိတို့၏ တိုင်ပင်ခြင်းဟူသည်ကား သင့်နိုးကောင်းနိုးသော် ယူတော်မူသည်၊ မသင့်နိုးသော် ခပ်မဆိတ်နေတော်မူသည်သာ၊ အပြစ်မရှိ" တဲ့။

အဓိပ္ပာယ်က ရှင်းပါတယ်။ အကြံဉာဏ်တောင်းသူ တိုင်ပင်သူဘက်က ထားရှိအပ်တဲ့ သဘောထားသုံးမျိုးကို ပြောတာပါ။ အတိုင်ပင်ခံ ပုဂ္ဂိုလ်အပေါ်မှာ ကျွန်(လက်အောက်ခံ)ပဲလို့ တင်ကူးသဘောထားပြီး ငါတိုင်ပင်တဲ့အတိုင်း ငါ့အကြိုက်လိုက်ပြောစေရမယ်။ ခေါင်းညိတ်ရမယ်။ အကျိုးသင့်အကြောင်းသင့် ပြန်ပြောမနေနဲ့။ ဒါပါပဲ။ (အမှန်တော့ တိုင်ပင်လို့တောင် မဆိုသာ)။ မင်းတို့၏ တိုင်ပင်ခြင်းကတော့ ငါ့အကြိုက်နဲ့ညီရင် သင့်မြတ်လျော်ကန်တယ်၊ အကြိုက်မညီ၊ အလိုမတူ သဘောထား ပြလာရင်တော့ အမျက်ထားပြီး ဒဏ်ခတ်မယ်လို့ ကြံပြီး သဘောထားတာပါပဲ။ ပညာရှိတို့၏ တိုင်ပင်ခြင်းဆိုတာက အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆီက အကြံဉာဏ် တစ်ခုခု ပေးလာလို့ အဲဒီ အကြံဉာဏ်ဟာ မိမိဆန္ဒနဲ့ ညီညီ မညီညီ သင့်လျော်လျောက်ပတ်တယ်ဆိုရင် ယူမယ်၊ လက်ခံမယ်။ မယူသော်လည်း (ခပ်မဆိတ်)ဆိုတဲ့ သဘော ငါ့အလိုနဲ့ မညီရာသလောဆိုပြီး အပြစ်မယူဘူး၊ ဗွေမယူဘူး။

ဝန်စင်းမင်းရာဇာက အဲဒီလို ပြန်ဖြေတော့ မင်းကြီးစွာက "ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့် ငါ တိုင်ပင်ပါတယ်" လို့ မိန့်ပါတယ်။ ဒီတော့မှ ဝန်စင်းမင်းရာဇာက ဘုရင်မေးတဲ့ ကိစ္စကို အဖြေပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခြေခံရေးရာမှာလည်း ပညာရှိပီပီ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ညွှန်ပြတော်တာပါပဲ။ "မင်းဆိုတာ ဆင်စွယ်ကောက်သကဲ့သို့၊ အရှေ့ သာကာခေတ်မှ ထွန်းပသောတကာသစ်နေမင်းကဲ့သို့ ကျင့်ရပါတယ်။ အကြင် သူတာ မတော်မမှန် (အာစာရဝိပ္ပတ္တိ)နဲ့ အသက် ရာထောင် ရှင်နေရပေမယ့် တော်မှန်သော (အာစာရသမ္ပတ္တိ)နဲ့ တစ်နေ့တစ်ရက်မျှ နေရခြင်းလောက် အန်ဖိုးမရှိလို့ ဘုရားဟောမှာ ပါပါတယ်။ လူဆိုတာ အနှစ်တစ်ရာနေပြီးရင် ကိုယ်ခန္ဓာကြီးက ပျက်စီးပျောက်ကွယ်သွားတာပါ။ ဒီကိုယ်ခန္ဓာ(ရှင်သန်မှု) ကို မှီပြီး ဖြစ်ပေါ်တဲ့ ကျေးဇူးစကားကောင်း၊ သတင်းကောင်း၊ ဂုဏ်သတင်း ကောင်းတွေကတော့ သားစဉ်မြေးဆက် မြစ်ညွှန့်အထိ တသသပြောမဆုံး တင့်တယ်ပါတယ်။ ကမ္ဘာကြေပေမယ့် ဥဒါန်းမကျေဆိုတဲ့စကား နှလုံးပိုက် သင့်ပါတယ်။ တမာရွက် ချိုကောင်းချိုလာပါမယ်။ မင်းဧကရာဇ်တို့ရဲ့ အမိန့် ဆုံးဖြတ်ချက်ကတော့ ဖောက်လွဲ ချွတ်ယွင်း မဖြစ်ရပါဘူး။ မြစ်ရေ အညာ အထက် မဆန်ရသလိုပါ"

မင်းကြီးစွာ အင်မတန်ကို ကျေနပ်အားရတော်မူပါတယ်တဲ့။ ဝန်စင်း အမတ်စကားဟာ ငါ့လက်ထက် ငါ့အရေးသာ မဟုတ်၊ သားစဉ်မြေးဆက် မြစ်ညွှန့်တိုင် အကျိုးများမယ့် အကြောင်းပါလားလို့ မိန့်တော်မူပြီး ဝန်စင်း မင်းရာဇာကို စည်းတပစ် (စန္ဒပဇ္ဇောတ)ဘွဲ့ ပေးတာပါပဲ။

ရာဇသင်္ကြံ ငမောက်ကိုလည်း အရင်က စားကျေးစားလက်နဲ့ စောဥမ္မာကို ပြန်သိမ်းဖို့ စိတ်ကူးခဲ့ပေမယ့် မသိမ်းတော့ဘဲ မူလအတိုင်း ထားပါတယ်။ သက်ဦးဆံပိုင်စနစ်လို့ ပြောကြတဲ့ ဘုရင့်အာဏာတော်သာ အရာရာ အဆုံးအဖြတ် ခေတ်ကာလအတွင်း မြန်မာတို့ရဲ့ အတုယူဖွယ်၊ ကျေနပ်ဖွယ်ကောင်းလှတဲ့ ဖြစ်ရပ်ကလေးပါ။ တိုင်ပင်ခြင်းစကား သုံးပါး စကားကလည်း သားမြေးမြစ်အစဉ်အဆက်ဆက် တော်တည့်မှန်ကန် အသုံးခံ အသုံးဝင်လှတဲ့ စကားတစ်ခွန်းဖြစ်လို့နေပါတော့တယ်။

❑



# "ကျွန်တော်လိုက်ရှာကြည့်သော် ကြည့်စဉ်ပုံကွယ်လေသည်"
## (မင်းချင်းတစ်ယောက်)

မင်္ဂလသုတ်မှာ သုဘာသိတဆိုတဲ့ ပုဒ်တစ်ပုဒ်ရှိပါတယ်။ သုဘာ သိတရဲ့ သဘောကို မင်္ဂလတ္ထဒီပနီမှာ ညောင်ကန်ဆရာတော်ဘုရားကြီးက အင်္ဂုတ္တိုရ်နောက်ခံနဲ့ ရှင်းပြထားရာမှာ...

'အင်္ဂါငါးပါးနှင့် ပြည့်စုံသောစကားသည် ကောင်းစွာဆိုအပ်သည် မည်၏။ မကောင်းသဖြင့် ဆိုအပ်သည်မမည်။ အပြစ်လည်းမရှိ။ ပညာရှိတို့ လည်း မကဲ့ရဲ့အပ်' လို့ ဖော်ပြပြီး အင်္ဂါငါးပါးက...

(၁) အခါကာလအားလျော်စွာ ပြောဆိုအပ်သည်လည်းဖြစ်၏။
(၂) မှန်ကန်သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။
(၃) သိမ်မွေ့သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။
(၄) အကျိုးစီးပွားနှင့် စပ်သောစကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com



(၃) အဓိပ္ပာယ်စိတ်ဖြင့် ပြောဆိုအပ်သည်လည်းဖြစ်၏။

ဤို ဆိုပါတယ်။ ဒီငါးပါးနဲ့ ပြည့်စုံရင် သုဘာသိတဝါစာပါပဲ။

သုဘာသိတနဲ့ ပတ်သက်ပြီး မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီး က သမ္မောဟဝိနောဒနီပနီကျမ်းမှာ ရှင်းလင်းပြထားပါတယ်။

မုသာဝါဒ ဟူသည်ကား စီးပွားချမ်းသာကို ပျက်စေတတ်သော ကာယပယောဂ၊ ဝစီပယောဂသည် မုသာဝါဒမည်၏။ ချွတ်ယွင်းစေလိုသော အားဖြင့် သူ့ကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒမည်၏။ ထိုမုသာဝါဒသည်ကား (၁) ချွတ်ယွင်းသောဝတ္ထုရှိသည်။ (၂) ချွတ်ယွင်းစေလိုသော စိတ်လည်း ရှိသည်။ (၃) ထိုနှင့်လျော်သော လုံ့လရှိသည်။ (၄) ထိုသို့ဆိုတိုင်းကို သူ တစ်ပါးတို့ သိသည်။ ဤသို့ အင်္ဂါလေးပါးစုံသည်ရှိသော ကမ္မပထ မြောက်သည်။

ညောင်ကန်ဆရာတော်ဘုရားကြီးနဲ့ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးများရဲ့ စာတွေနဲ့ ဖွင့်နေရတာက ငါးစီးရှင်ကျော်စွာ လက်ထက်က ဖြစ်ရပ်ကလေး တစ်ခုနဲ့ စကားလေး တစ်ခွန်းအကြောင်း ပြောပြချင်လို့ နိဒါန်းပျိုးနေတာပါ။ ငါးစီးရှင်ကျော်စွာကို မှန်နန်းက 'ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူ၏။ သူ့ကျေးဇူးကိုလည်း သိတတ်တော်မူ၏' လို့ မှတ်ချက် ချထားပါတယ်။

တစ်နေ့ ငါးစီးရှင်ကျော်စွာ နေ့လယ်စာ စားတော်ခေါ်ခါနီးမှာ 'ရှင်ယောင်' တစ်ယောက် ပရိက္ခရာရှစ်ပါးလွယ်ပြီး ရှေ့တော်မှာ ရပ်လာပါတယ်။ (ရှင်ယောင်ကို ရှင်ယောင်မှန်း ဘုရင် မသိ)။ အရှင် အဘယ်အလို့ငှာ ရပ်ပါသလဲလို့ မေးတော့ ရှင်ယောင်က ဆွမ်းအလို့ငှာ ငါ ရပ်သည် ဒကာလို့ ဖြေပါတယ်။ (ရှင်ယောင်ကလည်း အတုသာဆိုရတယ်၊ ဥပမိက္ခန္ဓေ ဟန်ဆောင်ကောင်းပုံရပါတယ်)။ ဒီအချိန်မှာ ငါးစီးရှင်ကျော်စွာက ထမင်းစားမယ်လို့ လက်ဆေးပြီးခါစ၊ ဒီလို အလှူခံလာလိုက်တော့ စိတ်ထဲ အင်မတန်ကို ကြည်နူးပြီး စေတနာသဒ္ဓါတွေ ဖိတ်ယိုလာတာနဲ့ မုနောလင်ပန်းနဲ့ ပြင်ဆင်ထားတဲ့ ထမင်းရော ဟင်းပါ (စားတော်အလုံး) ရှင်ယောင်ကို လှူလိုက်ပါတယ်။ ဆွမ်းရပြီးတော့ ရှင်ယောင်ရဟန်းလည်း ပြန်သွားပါတယ်။





ငါးစီးရှင်ဟာ ပရစေတနာတွေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြီး သူ့ အစောင့်တွေကို "ကြည့်စမ်း၊ ဒီရဟန်းတော်ဟာ မွန်းတည့်လုခါနီးမှာမှ ဆွမ်း ရပ်လာတယ်။ သာမန်ပုထုဇဉ်ရဟန်း မဖြစ်နိုင်ဘူး။ (သာမန်ဆိုရင် ဒီထက် စောဆွမ်းခံ၊ ဆွမ်းခံပြန်တဲ့အချိန်၊ ဆွမ်းဘုဉ်းပေးတဲ့အချိန်တွေနဲ့)။ အဘိညာဉ် နဲ့ ပြည့်စုံတဲ့ ရဟန္တာဖြစ်ရမယ်။ (အဘိညာဉ်ရှာနဲ့ ကြွလာ၊ ချက်ချင်း အမြန် ပြန်ကြွ၊ မွန်းတည့်အမီ ဆွမ်းဘုဉ်း) ငါ့ကို ကုသိုလ်ကောင်းမှု များစေချင်လို့ ဆွမ်းရပ်ပြီး ကြွရောက်ချီးမြှောက်တာဖြစ်မယ်" လို့ ပြောပါသတဲ့။ ဒါတွင် မက သူ့ယူဆချက်ကို အတည်ပြုနိုင်ဖို့ မင်းချင်းတစ်ယောက်ကိုလည်း "ရဟန်းတော်နောက် လိုက်ကြည့်စမ်း" လို့ ခိုင်းလိုက်ပါတယ်။

မင်းချင်းက လိုက်ကြည့်တော့ ရှင်ယောင်ပေပဲ၊ အယောင်ဆောင် သင်္ကန်းပေပဲ။ သပိတ်ကို မယားဆီ လှမ်းပေးတာ တွေ့ရပါတော့တယ်။ သင်္ကန်းဝတ်ပြီး သားမယားကို ဆွမ်းခံကျွေး အသက်မွေးနေတဲ့ ရှင်တု၊ ရှင် ယောင်။

မင်းချင်းဟာ နန်းတော်ပြန်လာရင်း စဉ်းစားပါတယ်။ "ငါမြင်ခဲ့ရတဲ့ အတိုင်း မင်းကြီးကို ပြန်လျှောက်ရင် တစ်–ငါ့အရှင် ကြည်နူးအားရ ဖြစ်နေ တာလေးတွေ ပျောက်ပျက်တော့မယ်။ သဒ္ဓါတော်မူတဲ့ စေတနာလည်း ဆုတ် ယုတ်တော့မယ်။ နှစ်– မကောင်းလှတဲ့ ဖြစ်အင်ကို ပြန်ကြားလျှောက်ထား ရလို့ ငါလည်း မျက်နှာမရဖြစ်မယ်။ သုံး– ဟို ရှင်ယောင်လည်း အပြစ်ပေး ခံရမယ်၊ အားလုံး အကျိုးယုတ်စရာချည်းပဲ။ ဒီတော့ မင်းကြီးလည်း သဒ္ဓါ တော်မူပြီး စေတနာအတိုင်းထက်အလွန်ဖြစ်စေ၊ ငါလည်း မျက်နှာရစေ၊ ဟို ရှင်ယောင်လည်း အပြစ်မှ လွတ်စေအောင်..." ဒီလို တွေးကြံပြီး နန်းတော် ပြန်ရောက်တဲ့အခါ မင်းချင်း လျှောက်တင်လိုက်ပုံက...

"အမိန့်တော်အတိုင်း ကျွန်တော် လိုက်ကြည့်ခဲ့ပါတယ်၊ ကြည့်စဉ်မှာပဲ ကွယ်သွားပါတယ်" တဲ့။

သူ့စကားထဲက 'ကွယ်သွားပါတယ်' ဆိုတဲ့ အသုံးဟာ အဓိပ္ပာယ် နှစ်ခွထွက်ပါတယ်။ တစ်– အရှင်မင်းကြီး ထင်သလို မဟုတ်ပါ၊ ရှင်တု ရှင်ယောင်သာ ဖြစ်ပါတယ်။ ရှင်စစ် ရှင်မှန်ယောင် ဆောင်ထားတဲ့ အပြစ်ဟာ ကွာကျသွားပြီး သားမယားနဲ့ ဇာတိရုပ် ပေါ်လာပါတယ်။ နှစ်–တွေ့မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေရာမှာပဲ အဘိညာဉ်တန်ခိုးနဲ့ ဖျက်ခနဲ ကွယ်ပျောက်သွားပါတယ်။ အဲဒီ အဓိပ္ပာယ် နှစ်မျိုး။

သဒ္ဓါထက်သန်နေတဲ့ ငါးစီးရှင်ကတော့ မင်းချင်းစကားထဲက ဒုတိယ အဓိပ္ပာယ်ကိုပဲ ရာနှုန်းပြည့် နားလည်လိုက်ပါတယ်။ ဩော်... ကွယ်သွားတယ်ဆိုပါလား။ အားရကြည်နူးစွာနဲ့ "တွေ့ကြလားဟဲ့၊ ငါ တွေးတဲ့ အတိုင်း မချွတ်မှန်တယ်။ ရဟန္တာပဲ" ဆိုပြီး လက်ရုံးတောင် တန်းလိုက်ပါသတဲ့။

(သတင်းကောင်း ကြားလျှောက်တဲ့ မင်းချင်းကို ဆုလာဘ်တွေ ပေး မပေးတော့ မသိရပါ။ ရာဇဝင်စာတွေထဲမှာလည်း မတွေ့မိပါ။)

အမည် မသိရတဲ့၊ မထင်မရှား မင်းချင်းတစ်ယောက်ရဲ့ ဒီစကားကို ဘယ်လို တန်ဖိုးဖြတ်မလဲ။ မဟာသတိပဋ္ဌာန်သုတ်မှာ "ရဟန်းတို့ သမ္မာဝါစာ သည် အဘယ်နည်း။ မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ရုန့်ကြမ်း သော စကားမှ ကြဉ်ရှောင်ခြင်း၊ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ခြင်း၊ ဤကြဉ်ရှောင်ခြင်းကို မှန်စွာ ပြောဆိုခြင်း သမ္မာဝါစာဟု ဆိုအပ်" လို့ တွေ့ နိုင်ပါတယ်။

ဒါပေမဲ့ ဒီလို ကြဉ်ရှောင်တိုင်း သမ္မာဝါစာ မဖြစ်သေးကြောင်းကို အင်္ဂုတ္တိုရ်၊ မိစ္ဆာဝါစာသုတ်မှာ "ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မှုနှင့် မချီးမွမ်း ထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မှုနှင့် ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏" လို့ ဖော်ပြပါတယ်။ မင်းချင်းရဲ့ 'ကျွန်တော် ကြည့်စဉ်ပင် ကွယ်လေသည်' ဆိုတဲ့ စကားဟာ ဒီအစွန်းနှစ်ပါးက လွတ်မလွတ်။

'ဂဠုန်၊ ဂဠုန်၊ တိလောကဂ္ဂ၊ အပျံ၊ အပျံ၊ သုမုတ္တက်' အစချီ ဂါထာကို ဘုရားရှိခိုးဂါထာအဖြစ် အနက်ယောဇနာပေးပြီးနောက် 'သာကွင်းအပြီး နီးစရာကို ပြဟ္မာမင်းကြီးပဲ လာလို့ ချရောသလား၊ သာမျို့အရ အစုံဖန်ပေ၊ ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့် ဥ၊ အရပ်၊ သစ္စာ ကတိတွေနှင့် ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့' လို့ ရေးခဲ့တဲ့ ဆရာကြီး သခင်ကိုယ်တော်ကြီးမှိုင်းရဲ့ နှစ်စွန်းထွက် အနက်မျိုးနဲ့ ဆင်တူတယ်လို့ ဆိုနိုင်လေမလား။

တစ်ခုတော့ နောက်ဆက်တွဲ တွေ့ရပါတယ်။ အဲဒီ ရှင်ယောင်ကို





ဆွမ်းလောင်းလိုက်တဲ့နေ့မှာပဲ ငါးစီးရှင်ဟာ ပင်းယပြည်စိုးက ခွာလုံးပတ် သုံးထွာရှိတဲ့ မြင်းစိုင်ကြီး တစ်စီး ဆက်သလာတဲ့သတင်းကို ကြားရပါတယ်။ ဒီအခါ ငါးစီးရှင်က ဒါ ငါ့ကုသိုလ်တော်အကျိုးကြောင့်လို့ ကျူးရှင့်ပါတယ် တဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com

## "ထောင်းသည့်မနာ၊ ကြိတ်သည်နာ"

## (မင်းကြီးစွာ)

အင်းဝနဲ့ ဟံသာဝတီတို့ လက်ရုံးချင်း၊ ဘုန်းချင်းပြိုင်ဆိုင်ကြပုံနဲ့ အဲဒီနှစ်လေးဆယ်ကာလ ပြိုင်ပွဲကြီးရဲ့ နောက်ကွယ်က ရသမျိုးစုံတဲ့ ဖြစ်ရပ်တွေ တို့ လူသိများကြပါတယ်။ ဆင်ခြင်ဖွယ်၊ သံဝေဂယူဖွယ်၊ အားကျဖွယ်၊ လေးစားဖွယ်၊ စက်ဆုပ်ဖွယ်၊ ရင်သပ်ရှုမောဖွယ် အဖြစ်သနစ်တွေဟာ လေ့လာလို့ မကုန်၊ ရေးလို့မကုန်စရာတွေပါပဲ။

အဲဒီ အနှစ်လေးဆယ် အရေးတော်ပုံကြီးရဲ့ အဦးအဖျားကာလလေးကို ကြည့်လိုက်တော့ အလွန်စိတ်ဝင်စားစရာ၊ ဆင်ခြင်သုံးသပ်စရာ စကားလေး တစ်ခွန်းကို တွေ့လိုက်ရပါတယ်။

သက္ကရာဇ် ၇၄၈ မှာ အင်းဝဘုရင် မင်းကြီးစွာထံကို ရှေ့ပေ(စာ) တစ်စောင်ရောက်လာခဲ့ပါတယ်။ စေလိုက်သူက မြောင်းမြစားသမိန်လောက်ဖျား၊ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်ရဲ့ ဦးရီးတော်။ သမိုင်း စိတ်ဝင်စားသူများ လေ့လာသူများအဖို့ လောက်ဖျားလို့ ကြားလိုက်တာနဲ့ ဇာတ်ပွဲထဲက ကုံးရုပ်လို နိမိတ်ပုံတစ်ခုကို တစ်ခါတည်း သတိရစေမှာဖြစ်တဲ့ လောက်ဖျား။





သူ့စာရဲ့ အဓိကက "ဟံသာဝတီမှာ ဆင်ဖြူရှင် ဗညားဦး ကွယ်လွန်ပြီးနောက် သားတော် ဗညားနွဲ့က ရာဇာဓိရာဇ်ဘွဲ့နဲ့ နန်းတက်နေပါပြီ။ ရာဇာဓိရာဇ် အခြေမခိုင်ခင် ပဲခူးကို လုပ်ကြံပါ၊ သူကလည်း ရေကြောင်းက ကူပါမယ်၊ နှစ်ဖက်ညှပ်တိုက်ရင် ပဲခူး အလွယ်နဲ့ ကျပါလိမ့်မယ်။ အောင်မြင်ရင် အနှစ်ကို အင်းဝဘုရင်ယူပါ၊ သူ့ကိုတော့ အကာပဲ ပေးပါ" တဲ့။

မစ္ဆရိယ၊ အာဃာတ၊ လောဘ၊ မောဟ မီးတို့ စတင် တောက်လောင်ဖို့ မီးမွှေးလိုက်တဲ့စာပါပဲ။ မင်းကြီးစွာဟာ ဒီကိစ္စအတွက် မှူးမတ်ဗိုလ်ပါများကို ခေါ်ယူတိုင်ပင်ပါတယ်။ စည်းတပစ်အမတ်ကြီးလည်း တက်ရောက်ပါတယ်။ သို့ပေမယ့် ဘုရင်ကို မတိမ်းမချော်ရအောင် အစဉ် တည့်မတ် ထိန်းသိမ်းပေးနေခဲ့တဲ့ စည်းတပစ်အမတ်ကြီးထံက ဒီတစ်ခါ ဘယ်လို လျှောက်တင်သလဲဆိုတာ မကြားရပါ။ (မဖတ်ရပါ)။ ဆွေးနွေးပွဲမှာ အဓိက အကျဆုံးကတော့ ဆယ့်ရှစ်နှစ်သား အိမ်ရှေ့မင်းရဲ့ အသံပါပဲ။

အိမ်ရှေ့မင်းက ဟံသာဝတီပြည့်ရှင်ဖြစ်ပြီး သူ့နယ်ထဲက မြောင်းမြစားကိုတောင် သူ မလုပ်ကြံနိုင်အောင် အင်အားနည်းနေတာပဲ။ အလုံးအရင်းနဲ့ ချီမယ်၊ တိုက်မယ်၊ ကျွန်တော် ဦးစီးမယ်လို့ ကြုံးဝါး ခွင့်တောင်းလိုက်ပါတယ်။

ဒီလိုနဲ့ပဲ တောင်ငူကြောင်း၊ တပ်ကိုးတပ်။ နောက်တပ်မကြီးမှာ အိမ်ရှေ့မင်း မင်းနားကျယ်ဦးစီး။ သာယာဝတီကြောင်း တပ်ကိုးတပ်။ နောက်တပ်မကြီးမှာ သားတော်ငယ် ပြင်စည်စား မင်းဆွေဦးစီး စစ်ချီကြပါတယ်။ ဒီသတင်းကြားတော့ ရာဇာဓိရာဇ်လည်း တပ်ကြီးပြင်လို့ စစ်ချီလာပါတယ်။

ပန်းကျော်၊ မြေထဲ၊ လှိုင်၊ ခရောက်တောင်ကြား၊ မှော်ဘီဒေသတွေမှာ တိုက်ပွဲတွေ ဆင်နွှဲကြပါတယ်။ လောက်ဖျားကတော့ ဒဂုံက စောင့်နေပါတယ်။ တိုက်ပွဲတွေကတော့ အပြန်အလှန်ပါပဲ။ နှစ်ဖက်စလုံးဟာ တက်ကြွနေကြတယ်။

ပန်းကျော်မှာ လက်ဦးပိုင်းက အင်းဝအိမ်ရှေ့မင်းသား အသာစီး ရခဲ့ပါတယ်။ ဒါပေမဲ့ ရာဇာဓိရာဇ်က မြို့ထဲပြန်ဝင် အင်အားဖြည့်၊ ရာစ ???
ဟိတ်တွေနဲ့တိုင်ပင်၊ အတိတ်ကောင်းတွေ ကောက်၊ အချိန်အခါကောင်း ယူပြီး အင်အားကြီးစွာနဲ့ ပြန်ထွက်ပါတယ်။ ဒီအချိန်မှာ မင်းသဘုရင်



www.burmeseclassic.com

www.burmeseclassic.com



သားတော် မင်းဆွေက ဆင်မြို့ချောင်း တစ်ဖက်ကနေ တပ်စွဲစောင့်နေပါတယ်။

ရာဇာဓိရာဇ် ပြန်ထွက်လာတာ တွေ့ရတော့ နောင်တော် အိမ်ရှေ့မင်းက ညီတော်မင်းဆွေဆီ လူလွှတ်ပြောခိုင်းတယ်။ ချောင်းကို ကူးမလာနဲ့ဦး။ ဟံသာဝတီတပ်တွေ အားခွန်မရှိဘဲ မြို့ပြင်ထွက်လာစရာ အကြောင်းမရှိဘူး။ အလျင်မလိုနဲ့တဲ့။ ဒါပေမဲ့ ပိုငယ်ရွယ်သူ၊ ပိုတက်ကြွသူ တပ်မှူးချုပ်မင်းဆွေက သူ့နောင်တော်စကားကို ပယ်ချလိုက်ပါတယ်။ ငါတို့ စစ်တိုက်ဖို့လာတာ၊ ဗညားနွဲ့ (ရာဇာဓိရာဇ်) ထွက်မလာမှာဘဲ စိုးရိမ်နေတာ။ သူထွက်လာပြီးမှ မတိုက်နဲ့ဦးဆိုတဲ့စကား ငါ လက်မခံဘူးဆိုပြီး ဆင်မြို့ချောင်းကို ကူးပါတော့တယ်။ ဒီအခါ နောင်တော်အိမ်ရှေ့မင်းကလည်း မြင်းနဲ့အပြင်းစေပြီး တားပါတယ်။ အင်းဝတပ်တွေ အကွဲကွဲ အထွေးထွေး ဖြစ်သွားပြီ။ ရာဇာဓိရာဇ်က ဒါကို အခွင့်ကောင်းအရယူပြီး ဖြတ်တိုက်တော့ မင်းဆွေ တပ် ပျက်ပါတယ်။ အိမ်ရှေ့မင်းလည်း အားမတန်လို့ စစ်နုတ်ပြန်လာတယ်။ ဟို ဒဂုံက စောင့်နေတယ်ဆိုတဲ့ လောက်ဖျားလည်း အင်းဝစစ်ပျက်ပြီကြားတော့ (အစကတည်းက ရာဇာဓိရာဇ်ကို ကြောက်သူ) ရေကြောင်းကပဲ လှေဦးလှည့် မြောင်းမြပြန်ပြေးပါသတဲ့။

အိမ်ရှင် မင်းညီနောင်တို့လည်း တပ်စွဲရာမှာ ပြန်စုကြပြီး မိုးစဲလေသာမှ ချီကြဖို့၊ အခု မိုးလနီးပြီမို့ နေပြည်တော်ပြန် အင်အားဖြည့်တင်းကြဖို့ ဆုံးဖြတ်ပြီး ပြန်ခဲ့ကြတယ်။ နောက်နှစ်လလောက်ကြာတော့ အင်းဝဘုရင် မင်းကြီးစွာဆီကို ရာဇာဓိရာဇ်က ရွှေပေ (စာ) ပို့ပါတယ်။ လက်ဆောင် အထည်အလိပ်၊ ဆေးဝါးတွေလည်း ပါပါတယ်။

စာပါ အကြောင်းအရာက လောက်ဖျားရဲ့ ကုန်းချောမှုကို ထောက်ပြတယ်။ သူ့ကြောင့် စစ်ဖြစ်ရတာကို သုံးသပ်ပြတယ်။ အင်းဝ ရွှေနန်းရှင်ဘကြီးတော်ကိုလည်း ခမည်းတော် ကိုယ်စား မှတ်ပါတယ် စသည်ဖြင့် အကြည်အသာပါပဲ။

ဒါပေမဲ့ စာထဲမှာပါတဲ့ တစ်ခုသော စာပိုဒ်က ဆက်ရန်ရှိသေးသည် ဆိုတဲ့ အစလေး တစ်စ ပမာပါပဲ။ ရာဇာဓိရာဇ် စာထဲမှာ...

"သားတော် မင်းညီနောင်နှစ်ပါးတို့သည် ကျွန်ုပ်၏ မြို့ရွာသို့ ဆင်းခဲ့





စဉ်က ညီနောင် နောင်တော်တို့၏ ဝတ္ထုရားအလျောက် ကျွန်ုပ်သည် သူတို့အား လက်ဆောင်ပစ္စည်းများပေးရန် ကြိုးစားခဲ့သည်။ သူတို့သည် အဆောတလျင် ပြန်နှင့်ကြသဖြင့် မမီလိုက်ခြင်းဖြစ်သည်" အဲဒီလိုဆိုပြီး...

အမတ်ဗိုက်ည(ဗိုတ်ည) ဦးဆောင်တဲ့ တမန်အဖွဲ့လက်ထဲမှာ မင်းသားညီနောင်အတွက် ထည့်ပေးလိုက်ပါတယ်။ လက်ဆောင်တွေက ရွှေသဆော်ရုပ်၊ ရွှေကြုတ်၊ ရွှေငါး၊ ရွှေပုစွန်ရုပ်။ (အထည်အလိပ်၊ ဆေးဝါးတွေနဲ့ အတူပါ)။

'အဆောတလျင် ပြန်သွားကြလို့ လက်ဆောင်ပေးဖို့ မမီလိုက်ဘူး' ဆိုတဲ့ စကားဟာ သိပ်တာသွားပါတယ်။ စစ်ရှုံး တပ်ပျက်ပြီး စစ်နုတ်ထွက်သွားရတာကလား။ လက်ဆောင်တွေထဲမှာ ရွှေနဲ့ လုပ်ထားတဲ့ အရုပ်တွေဆိုတော့ မင်းသားညီနောင်တို့ကို ခေတ်စကားနဲ့ ပြောရရင် မင်းတို့ ငယ်ပါသေးတယ်ကွာလို့ အဓိပ္ပာယ်သက်ရောက်နိုင်တဲ့ သဘော။ ခေတ်အခေါ် ဒစ်ပလိုမေစီ ကျ မကျတော့ မပြောတတ်ပါ။

ဘုရင် မင်းကြီးစွာမှာ ဒီစာ၊ ဒီစကား ကြားရတော့ ဟံသာဝတီတမန်ရှေ့မှာပဲ မိန့်တော်မူပါသတဲ့။

"ထောင်းသည်မနာ၊ ကြိတ်သည်နာ ဆိုသကဲ့သို့ ငါ့သားတို့ ရှုံးသည်ကို နှုတ်ရေးဖြင့် နှိပ်စက်၍ ဆိုလေသည်" တဲ့။

ဘုရင်တစ်ပါးရဲ့ အရှက်စကားပါ။ နာခံခက် အရှက်ရဖွယ်စကားများကို လှုတိုင်း တစ်နည်းမဟုတ် တစ်နည်း ကြားကြရပြီး ရှက်စရာကောင်းလိုက်လေခြင်းလို့ မြည်တမ်းဖူးကြတာချည်းပါပဲ။ ဒါပေမဲ့ မင်းကြီးစွာ ရှက်ပုံက သူ့နောင်မှာ စစ်ရေး၊ ရာဇရေး၊ ရာဇမာန်၊ ဘုန်းအာဏာ၊ ထီးပြိုင်နန်းပြိုင် ဘုရင်ဆိုတာတွေ ရှိနေလေတော့...

တမန်တွေရှေ့မှာပဲ မင်းကြီးစွာ မိန့်လိုက်ပါသတဲ့။

"ရှေ့သို့ သူ့အခြေပို၍ ခိုင်ခံ့လာသော် ပုသိမ်၊ မြောင်းမြနှင့် မုတ္တမတို့သူ့ လက်ဝင်ဖြစ်လိမ့်မည်" တဲ့။

(နိုင်ပန်းလှ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှာ ထောင်းသည်ငြား။ ပြောသည်နာလို့ ဆိုပါတယ်။ မြန်မာမှုအချို့မှာတော့ နာသာခံခက်၊ ညည်းမည်



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ ဆိုပါတယ်။ ဦးကုလား၊ မှန်နန်းနဲ့ သုသောဓိတမှာတော့ ထောင်းသည်မနာ ကြိတ်သည်နာလို့ ဆိုပါတယ်)။

လောက်ဖျားရဲ့ ကုန်းစကား၊ အိမ်ရှေ့မင်း မင်းနားကျယ်နဲ့ ညီတော်မင်းဆွေတို့ရဲ့ ငယ်ရွယ်တက်ကြွမှု၊ ရာဇာဓိရာဇ်ရဲ့စာ၊ မင်းကြီးစွာရဲ့ အရှက်စကား... အကြောင်းအရာတွေ အများကြီးပါလားလို့ ဆင်ခြင်စရာပါ။ ရာဇာမင်းတို့ရဲ့ လက်ထွက် စာတစ်ကြောင်း၊ နှုတ်ထွက် စကား တစ်ခွန်းတို့ဟာလည်း အင်မတန်ကို အကျိုးသက်ရောက်မှု ကြီးမားစေပါကလား။ ဒီဝိသေသလက္ခဏာတွေရဲ့ အကုသိုလ်စေတသိက် ၁၄ ပါးကို ရှင်းရှင်းကြီး မြင်နိုင်ပါတယ်။ အပြန်အလှန်အားဖြင့် စိတ်ကို ကောင်းအောင် ခြယ်လှယ်သောကုသိုလ် စေတသိက် ၁၄ ပါးကိုလည်း ဆင်ခြင်နိုင်ပါတယ်။

❑



# "မဇ၊ မုန်ဇုန် မပ်ဇပ်"

## (မဂဒူး)

မွန်ဘာသာမှာ ယောကျ်ားလေးရဲ့ နာမည်ရှေ့က 'မ'တပ်ခေါ်ပြီး မြန်မာလို 'မောင်'ဆိုတဲ့ အသုံးနဲ့ တူတယ်လို့ ဖတ်ရှုရပါတယ်။ မဂဒူးဆိုတော့ မောင်ဂဒူး။ ဂဒူးဆိုတာက ခမောက်ရှည်တဲ့။ ငယ်ငယ်တုန်းက မိဘတွေ ကောက်စိုက်နေချိန်မှာ သူ့ကို ဂဒူးခမောက်ရှည် တစ်ခုထဲထည့်၊ နောက်တစ်ခုနဲ့ အုပ်ထားရတာ အစွဲပြုပြီး ဂဒူး...မဂဒူးလို့ မိဘများက အမည် ပေးလိုက်ကြတယ်လို့ ဆိုပါတယ်။

မဂဒူးဟာ အညတရ လယ်သမားဆင်းရဲသားမိဘတို့က ဖွားမြင်တဲ့ ဘကော့ဝန်းဇာတိသားပါ။ ဒါပေမဲ့ သူဟာ မွန်ရာဇဝင်မှာ ကြီးစွာသော မှတ်တိုင်ဖြစ်တဲ့ ဝါရီရူးမင်းဆက်ကို စတင် တည်ထောင်နိုင်ခဲ့သူ ဖြစ်လာပါတယ်။ 'မဇ၊ မုန်ဇုန်၊ မပ်ဇပ်' ဆိုတဲ့ စကားသုံးခွန်းဟာလည်း အမှတ်တရစကားသုံးခွန်းလို့ ဆိုနိုင်ပါတယ်။

မဂဒူးရဲ့ ဘဝဖြစ်စဉ်ဟာ စိတ်ဝင်စားစရာပါ။ သူ့ဖခင်ဟာ ... အလုပ်ကနေ သောက္ကတဲမြို့ကို အထမ်းသမားများ ငှားပြီးရောင်းဝယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကားတဲ့ ကုန်သည်အလုပ်ပါပဲ။ မဂဒူးလည်း ကြီးလာတော့ ကုန်သည်အလုပ်ကို ဆက်ခံပါတယ်။ တစ်ခေါက်မှာတော့ အထမ်းသမား နာဖျားလို့ မဂဒူးက ငင်ထမ်းရင်း မိုးကြီးလေကြီးကျ၊ သူ့ ပခုံးထက်က တံပိုး မိုးကြိုးပစ်ခံရ၊ သတိရလို့ ကြည့်လိုက်တော့ တောင်ထိပ်မှာ ရွှေပြာသာဒ်ပုံတစ်ခု လျှပ်စီး အလက်မှာ မြင်လိုက်ရုန့်၊ နိမိတ်ထူးများ ကြုံခဲ့ပါသတဲ့။ ရွာကြီးတစ်ရွာရောက်တော့ နိမိတ်ဖတ် ဆရာ တစ်ယောက်ဆီ သွားမေးရာ ဟိုက ညွှန်ကြားလိုက်တဲ့အတိုင်း သောက္ကတမင်းရဲ့ ဆင်တဲထဲ ဝင်အလုပ်လုပ်ပါတယ်။ ကုန်သည်အလုပ်ကို စွန့်လိုက်ပါတယ်။ ဆင်ကျုံးအလုပ်ကြမ်းတွေကို ကြိုးစားလုပ်ရင်းနဲ့ ကြံရည်ဖန်ရည် ကိုယ်ရည်ကိုယ်သွေးထက်တဲ့ မဂဒူးကို ပြည့်ရှင်မင်းက မျက်စိကျပြီး ဆင်တင်းကုပ်ကနေ စားတော်ကဲထဲ ရောက်ပါတယ်။ နောက် ဝင်းမှူးအဖြစ်ပါ တိုးမြှင့် သူကောင်းပြုခြင်း ခံရပါတယ်။ သောက္ကတမင်းက မဂဒူးကို သိပ်သဘောကျတယ်လို့ ဆိုတယ်။

ဝင်းမှူးရာထူးနဲ့ ဘုရင့်ထံ ခစားရင်း မဂဒူးဟာ သမီးတော် မေနှင်းတွယ်တာနဲ့ ချစ်ကြိုးသွယ်မိကြပါရော။ နောက်တော့ သမီးတော်ကို ဆင်နဲ့တင်ပြီး ဇာတိ တကော့ဝန်းကို ပြေးပါတယ်။ ဘုရင့်သမီးတော်ကို အရယူလာခဲ့တဲ့ မဂဒူးထံကို အရင် သူ့တပည့် အထမ်းသမားတွေက ကျွန်ခံလာကြပါတယ်။ သူကလည်း တကော့ဝန်းကို မြို့တည်လိုက်ပါတယ်။ နောင် ရာဇာဓိရာဇ် အရေးတော်ပုံမှာ သမိုင်းဝင်လာမယ့် ဒုန်ဝန်းမြို့သစ်ပါပဲ။

မဂဒူးဟာ ပိုအမြင်ကျယ်လာပြီး ထီးနန်းအထိ ရည်ရွယ်ချက်ထားလာပါပြီ။ မုတ္တမစား အလိမ္မာမင်းက မဂဒူးရဲ့နှမ 'နှင်းဥရိုင်'ကို သဘောကျစွဲလမ်းသွားပါတယ်။ မဂဒူးကလည်း နှမကို အလိမ္မာမင်းထံ ပို့ခဲ့ချိန်မှာ မဂဒူးဟာ မုတ္တမ ငါ့လက်ထဲရောက်ရမယ်လို့ အကြံရှိနေပါပြီ။

အလိမ္မာမင်းနဲ့ နှင်းဥရိုင်တို့ မင်္ဂလာပွဲကို တောင်လွဲသောင်ပြင်မှာ ကျင်းပဖို့ ချိန်းဆိုစီစဉ်ကြတယ်။ မဂဒူး အကြံရှိသလို အလိမ္မာမင်းကလည်း အကြံနဲ့လေ။ မဂဒူးကို သူ မယုံပါဘူး။ သောက္ကတမင်းထံ ခစားရင်း သမီးတော်နဲ့ ဘဏ္ဍာတွေကို ခိုးပြေးလာတဲ့ မဂဒူးဟာ နှမပေးရာမှာလည်း စေတနာရိုးရိုးနဲ့ မဟုတ်ဘူး။ ဒီတော့ နှင်းဥရိုင်ကိုလည်း ငါရ မဂဒူးကိုလည်း ရှင်းပစ်မယ်ဆိုပြီး အလိမ္မာမင်းက စီစဉ်ထားပါသတဲ့။





စီစဉ်ပုံက သောင်ပြင်မင်္ဂလာပွဲည မဏ္ဍပ်ကြီးမှာ ကခုန်သောက်စားမူးယစ်ကြချိန်၊ စားမြှောင်ကိုယ်စီ ကိုင်ဆောင်ထားတဲ့ အလိမ္မာမင်းရဲ့ လူတွေက ညဥ့်မှောင်တာနဲ့ မဂဒူးကို ဝိုင်းဖမ်းကြဖို့ပါပဲ။

ဒီလျှို့ဝှက်အကြံကို မဂဒူးရဲ့ မိခင်နဲ့ နှမတို့က ထောက်လှမ်းပြီး မဂဒူးထံ အကြောင်းကြားလိုက်ကြပါတယ်။ မဂဒူး လက်ဦးမှုရယူဖို့ အစီအစဉ်ဆွဲပြီး သူ့ရဲ့ ကျွန်တွေကို ခေါ်၊ သစ္စာဆိုခိုင်းပြီးမှ အသေးစိတ် ညွှန်ကြားချက်အတိုင်း အရက်ကို ငုံပြီး လူမသိအောင် ထွေးပစ်ကြသတဲ့။ အလိမ္မာမင်းရဲ့ လူတွေကိုတော့ အရက်တွေ များများခပ်ငှဲ့ တိုက်ကြသတဲ့။ တစ်နေကုန် သောက်ကြပျော်ကြဆိုပဲ။

နေမွန်းတိမ်းပြီး ညနေစောင်း ဒီရေ ကမ်းထက်ဝက်လောက်အထိ တက်လာချိန်မှာတော့ အလိမ္မာမင်းရဲ့ လူတွေ အလွန်အကျွံ မူးယစ်နေကြပါပြီ။ သောင်ပြင်နဲ့ ကမ်းခြေအကြား ဒီရေရောက်ပြီး ချောင်းအမောက်လို ရေလျှံပြီး ဆင်တစ်ရပ် မြုပ်လောက်အထိ ရေနက်လာပါတယ်။

အချိန်က နေဝင်လုပါပြီ။ ဒီအချိန်မှာ မဂဒူးက အမှတ်မထင်ဘဲ ဆိုလိုက်ပါတယ်။ 'မဇ' တဲ့။ အရိပ်အကဲကို အစဉ်တစိုက် ကြည့်နေတဲ့ သူ့လူတွေ အတွက် ပထမ အချက်ပေးစကားပါ။ သူ့လူတွေက သောက်စားခြင်းကို ရပ်ပြီး အသင့်အနေအထား ယူလိုက်ကြပါတယ်။ နောက် မဂဒူးက ဒုတိယမြောက် အချက်ပေးစကားကို ဆိုလိုက်ပါတယ်။ 'မုန့်ဖုန်' တဲ့။ သူ့လူတွေ ထမင်း စားကြပါတယ်။ နောက် မဂဒူးရဲ့ တတိယမြောက် အချက်ပေး စကားက 'မပ်ဖပ်'။ မဂဒူးရဲ့ သူ့ရဲ့ ၇၀ တို့ဟာ မပ်ဖပ်လည်း ကြားရရော စားဆွဲပြီး ထခုတ်ပစ်လိုက်ကြတာ။ ဟိုသေအယစ်လွန်နေတဲ့ အလိမ္မာမင်းရဲ့ လူတွေ သေကုန်ကြပါတယ်။

အလိမ္မာမင်းကတော့ ဆင်တစ်စီးထက် ခုန်တက်ပြီး ကိုယ်လွတ်ရုန်း ပြေးပါသေးတယ်။ ဒါပေမဲ့ ဆင်က ချောင်းကမောက် အကူးမှာ ရေမြုပ်ပြီး မပြေးနိုင်တော့ပါဘူး။ မဂဒူးရဲ့လူတွေ လိုက်လာပြီး အလိမ္မာမင်းကို သတ်သင်၊ အဲဒီ တောင်လွဲသောင်ပြင်မှာပဲ အလောင်းကို မြှုပ်ပစ်လိုက်ကြပါတယ်။

မဂဒူးကို စားမြှောင်ထောက်ဖမ်းဖို့ အလိမ္မာမင်း စီစဉ်ထားခဲ့တဲ့ ညဉ့်



www.burmeseclassic.com

www.burmeseclassic.com



မှောင်မှ။ မဂဒူးရဲ့ အစီအစဉ်က နေဝင်ရီတရော။ မဂဒူး လုံးဝ လက်ဦးမှု ရလိုက်ပါတယ်။ မုတ္တမကိုလည်း သိမ်းလိုက်ပြီး မြို့သစ်တည်ပါတယ်။

မဂဒူးဟာ အမြော်အမြင် အကြံဉာဏ်ကောင်းသူဖြစ်ပြီး အကွက်ကျကျနဲ့ တစေ့တစပ် စီစဉ်တတ်သူပါ။ ယောက္ခမ သောက္ကတဲမင်းထံ အကြည်အသာ သဝဏ်လွှာစေပါတယ်။ မုတ္တမမြို့တည် နန်းသစ်ဆောက်ပြီးပါပြီ။ သောက္ကတဲ ထီးဖြူရိပ်မှာ ခိုလှုံပါရစေ။ မင်းမြောက်တန်ဆာငါးပါးနဲ့ မင်းဘွဲ့အမည် ချီးမြှင့်ပါ။ ရာဇဘိသေက ခံခွင့်ပြုပါလို့ အနူးအညွတ်ခွင့်ပန်ပါတယ်။ သောက္ကတဲမင်းကလည်း သမီးကို မဂဒူးခိုးပြေးစဉ်က အမျက်ထားခဲ့ပေမယ့် ခုလိုဆိုတော့ သမီးလည်း ရနေပြီ၊ မုတ္တမကိုလည်း နန်းသစ် တည်နိုင်ပြီမို့ မဂဒူး တောင်းသမျှ ပေးလိုက်ပါတယ်။ သမက်ကို သဘောကျသွားပါပြီ။ ဒီမှာပဲ မဂဒူးဟာ ဗညားဝါရူးဘွဲ့ရပါတယ်။ ဗညားဝါရူးကနေ ဝါရီရူး ဖြစ်ပါတယ်။။

နောက် ခြောက်နှစ်အကြာမှာ ဆင်ဖြူတော်ရပြီး ဆင်ဖြူရှင် ဖြစ်ပြန်ပါတယ်။ မင်း ဖြစ်ပြီးနောက် အနှစ် နှစ်ဆယ်ခန့်အတွင်းမှာ ကမ္ဗလာနီမင်း၊ တရဖျားမင်းနဲ့ ဝေါဒေါမင်းတို့ကိုလည်း အောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့...

ဝါရီရူးမင်းဟာ မင်းစည်းစိမ် ၁၉ နှစ် အရောက် အသက် ၅၄ နှစ်မှာ မြေးတော်များဖြစ်တဲ့ ရှင်ကြီးနဲ့ ရှင်ငယ်တို့ရဲ့ လုပ်ကြံမှုကို ခံလိုက်ရပါတယ်။ အကြောင်းကတော့ ရှင်ကြီးနဲ့ ရှင်ငယ်တို့ရဲ့ ဖခင် တရဖျားကို ဝါရီရူးမင်း အမိန့်နဲ့ ကွပ်မျက်ခဲ့လို့ ပြန်လက်စားချေကြတာပါ။ မြေးနှစ်ပါးလည်း ဘိုးတော်ကို လုပ်ကြံအပြီး ထွက်အပြေးမှာ ဖမ်းမိပြီး ကွပ်မျက်ခံလိုက်ရပါတယ်။ ဘိုးရဲ့ သင်္ချိုင်းခြေရင်းမှာပဲ မြေးနှစ်ယောက်တို့ရဲ့ အလောင်းများကို မြှုပ်လိုက်ကြတယ်လို့ ဆိုပါတယ်။

မှူးမတ် ပညာရှိတွေ တိုင်ပင်ကြပြီး ဝါရီရူးမင်းရဲ့ သင်္ချိုင်းဂူမှာ ရွှေငှက်ရုပ်နဲ့ ကမ္ပည်းစာတစ်ခုကို ထွင်းထားကြပါတယ်။ အဲဒီစာက 'ကြိမ်ခုတ်လျှင် ဆူးကို မထားရာ၊ အဖကို ခုတ်လျှင် သားကို မထားရာ' တဲ့။ သူ့ကို မဂဒူး ဘဝကနေ ဝါရီရူးမင်းဘဝ ပို့ဆောင်ပေးခဲ့တဲ့ "မဇ၊ မုန်ဇုန်၊ မပ်ဇပ်" သုံးခွန်းကိုတော့ ရေးထိုး မထားခဲ့ကြပါဘူး။ အကယ်၍များ ဒီစကားသုံးခွန်းနဲ့ ဖွင့်ပြီး 'ကြိမ်ခုတ်လျှင်...' နဲ့ ပိတ်လို့ ကမ္ပည်းထိုးထားခဲ့မယ်ဆိုရင်





မဂဒူးခေါ် ဗညားဝါရီရူးမင်းရဲ့ ဘဝဖြစ်စဉ် တစ်ကြောကြီးကို ထင်မြင်ဆင်ခြင် သံဝေဂ ပွားစရာ ဖြစ်လာမလားလို့ တွေးမိပါတော့တယ်။ ရာဇဝင်သမိုင်းဆိုတာလည်း ကြည့်တတ်ရင် ဘာဝနာ မဟုတ်ပါလား။

❑



www.burmeseclassic.com

www.burmeseclassic.com

## "အို ဆင်ကဲလေ"
## (တောင်မိဖုရား)

အင်းဝ–ဟံသာဝတီ ဘုန်းလက်ရုံး ပြိုင်ပွဲကြီးရဲ့ ဖြစ်စဉ်ဖြစ်ရပ်များစွာ ထဲမှာ အထင်ကရဖြစ်ရပ်တွေ အများကြီးရှိပါတယ်။ ဘုရင်၊ စစ်သူရဲကောင်း၊ မှူးမတ်ဝန်တို့နဲ့ စပ်လျဉ်းပြီး အရေးတော်ပုံကျမ်းတွေ၊ ရာဇဝင်မှတ်တမ်းတွေ မှာ အသေးစိတ် အကျယ်တဝင့် တွေ့နိုင်ပါတယ်။ ဖြစ်ရပ်စုံသလောက် ဆင်ခြင်သုံးသပ်ဖွယ်လည်း အစုံအလင်ပါပဲ။

အဲဒီလို အထင်ကရ ကိစ္စရပ်ကြီးတွေရဲ့ နောက်ဘက်ကပ်လျက်သား မှာပဲ မထင်မှတ်တဲ့ ထောင့်က ပေါ်ပေါက်လာတတ်တဲ့ အချို့ဖြစ်ရပ်လေးတွေ က စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ တစ်ခါတစ်ရံ အဲဒီဇာတ်ကွက်ငယ် လေးတွေဟာ ဇာတ်လမ်းစဉ်ကြီးကိုတောင်မှ ဖုံးလွှမ်းသွားနိုင်လောက်အောင် အင်အားရှိတတ်တယ်လို့ ဆိုချင်ပါတယ်။

အဲဒီလိုထဲက တစ်ခုသော ဇာတ်ကွက်ငယ်ကလေးပါ။

အင်းဝဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ ခြိမ့်ခြိမ့်သဲသဲ ဘုန်းပြိုင်ပွဲ နွှဲလို့ အရှိန်ကောင်းနေစဉ် အခါသမယပါပဲ။ အင်းဝ ရဲမက်တွေ စစ်ပန်းပြီး





ဝတ်မွတ်ခေါင်းပါးလှပြီမို့ ဘုရင်မင်းခေါင်ဟာ မှူးမတ်တွေကို ခေါ်ပြီး ငါတို့ မျိုးရိုက္ခာလည်း ကုန်တော့မယ်၊ ဘယ်လိုလုပ်ကြမလဲလို့ တိုင်ပင်ပါတယ်။ ဒီအခါ ရမည်းသင်းစည်သူ တင်လျှောက်ချက်အရ တပ်ကြီးရှစ်တပ်ကို နောက်ခံထားခဲ့ပြီး ဘုရင်မင်းခေါင် တပ်နုတ်ပြန်ပါတယ်။

တောတွင်းတိုက်ပွဲမှာ ရာဇာဓိရာဇ်ရဲ့ ခြောက်တပ်ကလည်း ဘုရင်မင်း ခေါင်ကို တိုက်ဖို့လိုက်လာပါတယ်။ ဘုရင်မင်းခေါင်လည်း နောက်တော်က ခံတပ်ရှိတာပဲဆိုပြီး အမှတ်မဲ့ချီခဲ့ရာမှာ လဝွန်းအိမ်က ထွက်တိုက်ပါတယ်။ ဒါပေမဲ့ ဆင်တော်ရဲမြတ်စွာ စီးပြီး အင်အား ငါးထောင်နဲ့ ဘုရင်မင်းခေါင်က ရင်ဆိုင်တာမို့ လဝွန်းအိမ်တပ် ပျက်ပါတယ်။

ဒါပေမဲ့ ဒီအချိန်မှာပဲ အထိန်းတော် လက်ယာကြီး မြင်းနဲ့ အပြင်း ရောက်လာပြီး စစ်ဖျားပေါ်တာကို တိုက်လို့ နိုင်တာကတော့ ဟုတ်ပါပြီ၊ နောက်ပိုင်းက ရာဇာဓိရာဇ် တပ်တွေ အင်အားအလုံးအရင်း များလှပါတယ်၊ ရှေ့စစ်သည်များလည်း ရှေ့အဝေး ချီနှင့်ရောက်နှင့် နေကြပါပြီ၊ အလျင်အမြန် ခွာမှ သင့်ပါမယ်လို့ လျှောက်ပါတယ်။ ဆင်တော်ရဲမြတ်စွာလည်း ပင်ပန်းလှ ပြီမို့ ဘုရင်မင်းခေါင်ဟာ နုလံမဆိုတဲ့ ဆင်ကို ပြောင်းစီး၊ ရဲမြတ်စွာကို ဆင်ကဲ စီးစေပြီး အပြင်းခွာခဲ့ပါတယ်။ ဘုရင်မင်းခေါင် စားတော် သုံးနပ် လွတ်ဝါ သတဲ့။ ကစဉ်ကလျား ကရဲကသီ တပ်ရွှေ့ရတာမို့ မင်းခေါင်းရဲ မိဖုရား ရှင်မိနောက်ဟာ ဆင်က၊ ရွှေပေါင်းဝန်းနဲ့တကွ ရာဇာဓိရာဇ် လက်တွင်း သက်ဆင်းရပါတယ်။ ရှင်မိနောက် ရန်သူလက်ထဲ ပါသွားချိန်မှာ နောက် ထပ် မိဖုရား တစ်ပါးကလည်း အခက်ကြုံရတယ်။ သူက တောင်မိဖုရား၊ တောထဲတောင်ထဲ ပြေးလွှားရတာဆိုတော့ မိဖုရားဟာ ဆင်ပေါ်က လျှောကျ ကျန်ရစ်ခဲ့ပါသတဲ့။

ဆင်ပေါ်က ကျပြီး ချောင်းတစ်ခုနား ပုံလျက်သား လဲနေတဲ့ အဲဒီ မိဖုရားကို ရဲမြတ်စွာ ဆင်တော်နဲ့ နောက်ကလိုက်လာတဲ့ ဆင်ကဲက တွေ့သို့ ခေါ်တင်ယူခဲ့ပါတယ်။ (ရာဇဝင်ကြီးမှာ အတွင်းသင်းမှူး သမီးတဲ့၊ အချို့ ရာဇဝင်မှာ ရှင်ဘို့မယ်လို့ ဆိုပေမယ့် မှန်နန်းကတော့ တောင်မိဖုရားသို့ခဲ ယူပါတယ်။)

တောထဲတောင်ထဲမှာ စခန်းချတိုင်း ဆင်ကဲ စီမံပုံမှာ ညည့်ဆည်မှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆောင့်နေပါတယ်။ နေ့ဘက်ကျမှ ဆင်တော်ရဲမြတ်စွာပေါ်ကို [illegible] ဆင်းလာတော်မူပါတယ်။

ဘုရင်မင်းခေါင်ကတော့ တစ်ပတ်အကြာမှာ နေပြည်တော်ကို ပြန် ရောက်ပါတယ်။ ဒါပေမဲ့ ဘုရင်မင်းခေါင် စိတ်မချမ်းမသာ ဖြစ်နေပါပြီ။ အလွန် ချစ်မြတ်နိုးလှပတဲ့ သူ့မိဖုရား ရှင်မိနှောက် (စစ်ရှေ့စဉ် မွန်တို့လက်တွင်း ရောက်ရှိသွားသူ)ကို ရာဇာဓိရာဇ်က သိမ်းပိုက်ပြီး မိဖုရားမြှောက်လိုက်ပြီဆို တဲ့ သတင်းကို ရခဲ့ပြီကိုး။ စစ်ကလည်း ပျက်၊ မိဖုရားလည်း သူများလက်ပါ ဆိုတော့ နေပြည်တော်မှာ ကျင်းပနေကျ နတ်ပွဲတောင် မကရ၊ စည်သံ တုရိယာသံ တစ်သံမှ မထွက်စေရလို့ အမိန့်ထုတ်ပါသတဲ့။ ဒါတင်မက ဘုရင်မင်းခေါင် ညည်းပါတယ်။ "ရှင်မိနှောက်လည်း သူ့လက်ထဲ ရောက် သွားရပြီ၊ တောင်မိဖုရားလည်း ကျကျန်ရစ်တယ်၊ ဘယ်သူ့လက်ထဲ ရောက် မလဲ မသိ၊ နှစ်ယောက်စလုံးဆုံးရှုံးရရင် ငါ အသက်ရှင်နေဖို့တောင် မကောင်း တော့ဘူး..." တဲ့။

ဒါကြောင့် တောင်မိဖုရားကို ရှာဖို့ မြင်းသည်နှစ်ဆယ် လွှတ်ပါတယ်။ မြင်းသည်တော်တွေ ပြန်လာကြတယ်၊ ရှာလို့ မတွေ့ပါပေ။ ဒါပေမဲ့ ရဲမြတ်စွာ ဆင်တော်ကို စီးလာတဲ့ ဆင်ကဲ တစ်ယောက်တော့ နောက်ကြောင်း က ပါလာတာပဲ၊ ဆင်ကဲများ တွေ့မလားလို့ မျှော်လင့်ရပါကြောင်း ဘုရင်ကို သံတော်ဦးတင်ကြပါတယ်။

ဆယ်ရက်လောက် ကြာတော့မှ ဆင်တော် ရဲမြတ်စွာ ရောက်လာ တယ်။ ဆင်ကဲ၊ မိဖုရား၊ ဦးစီးတို့ ပါလာကြတယ်။ ဘုရင်မင်းခေါင် 'ဟင်းချ' သွားပြီပေါ့။ မြို့ပြင်မှာ ဦးဆံဆေးလျှော် သန့်စင်စေပြီး နန်းကော်ထဲ ဝင်ခွင့် ပြုပါတယ်။ ဆင်ကဲကိုလည်း ကျေနပ်အားရတော်မူလို့ ဆုလာဘ်များစွာ ပေးတော်မူပါတယ်။

ဒါပေမဲ့ နောက်ဆက်တွဲဖြစ်ရပ်ကတော့ ကြေကွဲစရာပါ။

ကွမ်းအစ်ယူရင်း ကွမ်းသီးညှပ်ဖို့အလုပ် ကွမ်းညှပ် မတော်တဆ လွတ်ကျရာမှ တောင်မိဖုရားက ယောင်ပြီးဆိုလိုက်မိတယ်။ "အို...ဆင်ကဲ လေ" တဲ့။ ဘုရင်မင်းခေါင်က အနားမှာ တူယှဉ်ထိုင်လျက်။ ကွမ်းညှပ် လွတ် ကျတာ တခြားဟာ မယောင်ဘဲ "အို...ဆင်ကဲလေ"လို့မှ ယောင်ယမ်းရ





သလား။ တစ်ခုခု လန့်ဖျပ်သွားတဲ့အခါ ယောင်ယမ်းမိတာမျိုး ဆိုတာက စိတ်ထဲရှိနေတဲ့အရာ၊ စွဲလမ်းနေတဲ့အရာ၊ အကျင့်ပါနေတဲ့အရာ...ဒီလိုကိုး။

ဆင်ကဲကို တ,ခေါ် ယောင်လိုက်မိတာဆိုတော့ ဘုရင်မင်းခေါင် အတွေးပေါက်ပြီး အမျက်တော်ရှပါပြီ။ ဆင်ကဲကို ဆင့်ခေါ် စစ်မေးပါတယ်။ ဆင်ကဲ လျှောက်တင်ပုံက ပြောင်မြောက်ပါတယ်။

"မိဖုရား ဆင်ပေါ်က လျောကျပြီး ချောင်းနားမှာ တွေ့ရကတည်းက ငါတော့ ဒုက္ခလှလှရောက်ပြီ၊ မတော်ရင် အသက်ပါ သေမယ်လို့ တွက်ပြီး သားပါ၊ မိဖုရားကို တွေ့လျက်နဲ့ ကောက်မတင်ခဲ့ရင် သူတစ်ပါး မင်းက ရသွားမယ်၊ မင်းနှစ်ပါး ကြည်သာသွားကြလို့ မိဖုရားကို ပြန်ရခဲ့ရင်လည်း ဆင်ကဲ တွေ့ပါလျက် မယူဆောင်ခဲ့ပါလို့ လျှောက်ရင် ကျွန်တော် တစ်ဆွေ ဘစ်မျိုးလုံး အသတ်ခံရပါမယ်၊ ဆောင်ယူခဲ့ရင်လည်း ကျွန်တော့်ကို ယုံကြည် မှာ မဟုတ် (ငြိစွန်းခဲ့မှာပဲလို့ ထင်မြင်ယူဆပြီး) အသတ်ခံရမယ်။

"...ဒါပေမဲ့ အရှင် မိဖုရားကို ခေါ်တင်လာတဲ့နေ့က စပြီးတော့ စခန်း ကြံ့ရင် သစ်ပင်ပေါ် လင့်စင်ဖွဲ့လို့ မိဖုရားကို အပေါ်မှာ အိပ်စေပါတယ်၊ ကျွန်တော်နဲ့ ဦးစီးက မြေပြင်မှာ စောင့်ကြပါတယ်။ ရွာစခန်း ကြုံရင်လည်း မိဖုရားကို အိမ်ပေါ် အိမ်ထက်မှာ အိပ်စေပြီး၊ ကျွန်တော်တို့က မြေမှာပဲ အိပ် ပါတယ်" လို့ ရှင်းလင်းဖြေကြားပါသေးတယ်။

ဒါပေမဲ့ "အို...ဆင်ကဲလေ" ဆိုတဲ့ မိဖုရားရဲ့ ယောင်ယမ်းစကားက ဘုရင်မင်းခေါင် နားထဲ၊ ရင်ထဲ စူးဝင်နှင့်ပါပြီ။ ဘုရင်မင်းခေါင် သူ့အတွေး သူ ခိုင်လုံအောင် သူ့ဘာသာ တည်ဆောက်ပါပြီ။

ယောင်ယမ်းတယ်ဆိုတာ စိတ်ထဲက စွဲနေလို့၊ စွဲနေရအောင်က အနေနီးရုံနဲ့ မပြီး၊ အသေအချာကို ငြိစွန်းခဲ့ကြလို့... ဒီလို ဆုံးဖြတ်ပြီး "မင်း စကားလုပ်အောင်၊ နားထောင်ကောင်းအောင် လျှောက်နေတာပဲ" ဆိုပြီး 'သတ်စေ' အမိန့် ချလိုက်ပါတော့တယ်။

နောက်မှ ဆင်ဦးစီးကို ခေါ်မေးတော့ ဆင်ကဲစကားနဲ့ ထပ်တူထွက်ဆို ပါတယ်။ ဒီတော့မှ ဘုရင် နောင်တကြီးစွာ ရပြီး သေဆုံးသူ ဆင်ကဲရဲ့ သားကို အဖစားတဲ့ မြို့ပြကျေးရွာနဲ့အတူ ဆင်ကဲခန့်ပါသတဲ့၊ ဒါပေမဲ့ ဆက်လွန်ခဲ့ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား တစ်ပါးရဲ့ အမှတ်တမဲ့ ယောင်ယမ်းဆိုမြည်သံလေး တစ်ချက်ကို အကြောင်းပြုပြီး ဘုရင်တစ်ပါးရဲ့ 'အဆိပ် ငယ်ထိပ်တက်' ဖြစ်ရတဲ့ သံသယ၊ ဒေါသ၊ ဆုံးဖြတ်ချက်အောက်မှာ သစ္စာရှိ အမှုထမ်း ဆင်ကဲ တစ်ယောက် အသက်ဆုံးခဲ့ရပါတယ်။ မစူးစမ်း မဆင်ခြင်မှု၊ သတိတမန် ဉာဏ်မြော်ကတုတ် မထားမှု၊ ကျေးဇူးသစ္စာတို့ရဲ့ သဘောသဘာဝကို နားမလည်မှုတွေဟာ လူကောင်းတစ်ယောက်ရဲ့ အသက်ကို အချည်းနှီး သေတွင်းပို့ခဲ့ပါပကော။ ဪ...မိဖုရားရယ် သင်ကတော့ 'အို...ဆင်ကဲလေ' လို့ ယောင်တာလေး တစ်ချက်ပါ။ ဟိုခမျာ အသက်တစ်ချောင်းပါလားလို့ မြည်တမ်းမိရပါတော့တယ်။

❑



## "ငါးမျက်စိနှစ်လုံးတွင် ပြောင့်ရှုဝင်ခဲ့သည်မှာ တစ်ဖက်ကထွက်သွားပြီး ကျန်တစ်ဖက်ကမထွက်သေး"

### (ရာဇာဓိရာဇ်)

ဘုရင့်သားမို့ ဘုရင် အနိစ္စရောက်သည့်အခါ ထီးနန်း ဆက်ခံခွင့်ရတဲ့ အစဉ်အလာ ရာဇဝံသ တစ်ရပ် ရှိခဲ့ပေမယ့် ဟံသာဝတီ ထီးနန်းကို ရာဇာဓိရာဇ် ဆက်ခံခဲ့ပုံကတော့ အပြောလွယ်သလောက် အလုပ် မလွယ်ဘူးလို့ ဆိုနိုင်ပါတယ်။

သက္ကရာဇ် ၇၄၅ ခုနှစ်ရဲ့ နယုန်လထဲမှာ ဗညားနွဲ့ (ရာဇာဓိရာဇ်)ဟာ ဟံသာဝတီ နေပြည်တော် ပဲခူးကနေ ဒဂုံကို ထွက်ခွာခဲ့ပါတယ်။ အဲဒီနှစ် တန်ဆောင်မုန်း... ဘိုတွဲလထဲမှာပဲ ပဲခူးကို သူပြန်ဝင်ပြီး ရာဇာဓိရာဇ်ဘွဲ့ခံ ဘုရင်ဖြစ်ပါတယ်။ ဒီ ကိုးလခန့်အတွင်း ဗညားနွဲ့ကို ဝန်းရံဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာတွေက အများကြီးပါပဲ။ ဒီကာလအတွင်း ဗညားနွဲ့ဟာ သစ္စာရှိ လူယုံတွေ အများကြီး စုဆောင်းရပါတယ်။ အတွင်းရန်၊ အပြင်ရန်တွေကို နှိမ်နင်းရပါတယ်။ နောင်တော် ဒလစား၊ မညီကံကောင်နဲ့ မဟာမိတ်ပြုရတယ်။ ဘောသံကေးပေါ် သံကေး၊ လူယုံအဒေါ်ကုန်း၊ အထိန်းတော် မွေ့အဲလော၊ ဘောမွန်၊ ဘောမတ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]တဲ့ သူတွေဟာ ဗညားနွဲ့ရဲ့ ထီးနန်းရယူရေး အကြံ အစည် [illegible]တွေမှာ ပါဝင်လာတဲ့ သစ္စာခံတွေ ဖြစ်ပါတယ်။ အမတ်ကြီး [illegible]တို့ကတော့ ပဲခူးကနေပြီး ဆက်သွယ်စီမံပေးသူတွေပါ။ ဗညားနွဲ့ရဲ့ ဒီအရေးတော်ကြီးကို အစဉ်တစိုက် အနီးကပ် အကြံပေး၊ အခါပေးနေသူကတော့ မင်းကန်စီပါပဲ။

ပဲခူးမှာ ရှိနေတဲ့ သမိန်မရူ၊ အရီးတော် မဟာဒေဝီတို့ကလည်း ဗညားနွဲ့ ခြေလှမ်းတွေကို အမြဲမပြတ် စောင့်ကြည့်ရင်း အခွင့်သာတာနဲ့ ဗညားနွဲ့ကို အပြတ်ရှင်းဖို့ အားထုတ်နေကြတာ၊ သူ့ဘက်ကိုယ့်ဘက် သူနိုင်ကိုယ်နိုင် အပြိုင်ကြံနေလိုက်ကြပုံများ လျှို့ဝှက်သည်းဖိုဇာတ်လမ်းကောင်း တစ်ပုဒ်ပါပဲ။

ဒီလိုနဲ့ ဟံသာဝတီ ထီးနန်းအရေး ရှုပ်ထွေးနေချိန်မှာပဲ ဘုရင် ဆင်ဖြူရှင် ဗညားဦး အနိစ္စရောက်ပါတယ်။ အလောင်းကို နန်းတော်ထဲ ပြင်ဆင်ထားပြီး နေ့ညမပြတ် တာဝန်ယူစောင့်ရှောက်ရသူက သန်လျင်မြို့စား အမတ်ဒိန်ပါ။ ခမည်းတော် မရှိတော့ပြီလည်း ကြားရော ဗညားနွဲ့ဟာ အလုံးအရင်းနဲ့ ဒဂုံကနေ ပဲခူးကို ချီလာပါတယ်။ မှူးမတ် သေနာပတိတွေကို မြို့စီး ပြစီးတက်ကြ (ကိုယ့်နေရာက ကိုယ် အသင့်ပြင်စောင့်ကြ)လို့ သမိန်မရူ (ဗညားနွဲ့ရဲ့ ရန်သူတော်ကြီး မဟာဒေဝီနဲ့ စိတ်ဝမ်းညီနေသူ)က အမိန့်ထုတ်ပေမယ့် ဟံသာဝတီသားများဟာ ဗညားနွဲ့ထံ ထွက်ကြိုနှင့်ကြပါပြီ၊ ဗညားနွဲ့ဘက် ယိမ်းခဲ့ကြပြီ။ ဒီတော့ သမိန်မရူလည်း ဆင်ဆယ်စီး ကျွန်ယုံခုနစ်ရာနဲ့ မုတ္တမဘက် ထွက်ပြေးပါတယ်။

ဗညားနွဲ့လည်း အစီအရင် ကြီးစွာနဲ့ ချီလာပြီး အောင်မြေနင်းဖို့ စေတီတစ်ဆူတည်ပြီး မဏ္ဍပ်ကြီးတစ်ခု ဆောက်စေပါတယ်။ မြို့နန်းထဲ မဝင်သေးဘဲ စစ်ဝတ်နဲ့ပဲ ဆင်စီးချီလာ၊ မဏ္ဍပ်ထဲဝင်ပြီးမှ ရန်အောင်မြင် ဘုရားကို ထွက်ရှိခိုးပါတယ်။ ဘုရားဖူးပြီး အဆင်းမှာပဲ ထွက်ပြေးသွားသူ သမိန်မရူကို မိခဲ့ပြီလို့ သတင်းရပါတယ်။

'မရူကို မဏ္ဍပ်ကြီးနား ဆင်ကပ်မှာထား'လို့ အမိန့်ပေးခဲ့ပြီး ဗညားနွဲ့ဟာ ပဲခူးမြို့တွင်းကို မောတရုတ်တံခါးက ဝင်ခဲ့ပါတယ်။ မောတရုတ်တံခါးမှာ တာဝန်ကျနေသူက အမတ်ဒိန်၊ ဗညားနွဲ့ ကြွတော်မူလာတယ်လည်းဆို





ရော အမတ်ဒိန်ဟာ ဦးခိုက်ပြီး မြို့တံခါးပိတ်ထားတာကို ဖွင့်ပေးပါတယ်။ ဒါပေမဲ့ နှစ်ရွက်စလုံး မဟုတ်ဘူး၊ တစ်ရွက်တည်းသာ ဖွင့်ပေးတာပါ။ ဒီလို ဖွင့်ပေးပြီးမှ အမတ်ဒိန်ဟာ ဗညားနွဲ့ရဲ့ ဆင်တော်ရှေ့နေ လျှောက်ရင်း အတွင်းကို ခေါ်လာခဲ့ပါတယ်။

ကနားကြီးဆီရောက်တော့ အသင့်ကော်ဇောခင်းထားတဲ့ ပလ္လင်ပေါ် တက်ထိုင်ပြီး ခဏကြာအထိ စိတ်ငြိမ်အောင် ဆောက်တည်ပါသတဲ့။ ပြီးမှ တလမေဒေါ (သူ့ကြင်ယာ)ကို ခေါ်ခိုင်းပါတယ်။ (ဗညားနွဲ့ ဒဂုံစုန်တော့ တလမေဒေါ လိုက်ပါခွင့် မရခဲ့၊ ပဲခူးမှာ နေခဲ့)၊ တလမေဒေါက ဝမ်းနည်းစိတ်နာပြီး လိုက်မလာဘူး။ သား ဗောလောကျွန်းဓောကိုပဲ ဗညားနွဲ့ဟာ ရင်ခွင်မှာ ထားရပါတယ်။

ဒီအချိန်မှာ ထွက်ပြေးရာက ဖမ်းမိလာခဲ့သူ ရန်သူတော်ကြီး သမိန်မရူကို သူ့အမိန့်အတိုင်း မဏ္ဍပ်ကနားကြီးရဲ့ ဆင်ကပ်အောက်မှာ ချည်နှောင်ထားပြီး ဖြစ်ပါတယ်။ မရူကိုလည်း မြင်ရော ဗညားနွဲ့က "ငါ့မျက်စိထဲ ခြောင့်စူးဝင်နေဆဲ၊ မျက်စိထဲပဲ ရှိနေဆဲ" လို့ မိန့်ပါသတဲ့။ ဒီစကားရဲ့ အဓိပ္ပာယ်ကို မပိုင်ဆရာနဲ့ မင်းကန်စီတို့ သဘောပေါက်ပါတယ်။ မျက်စိထဲ အမှိုက်(ခြောင့်) ဝင်ရင် ထုတ်ပစ်ရတာကလား။ အဓိပ္ပာယ်က သမိန်မရူကို ရှင်းတော့မယ်ဆိုတဲ့ အဓိပ္ပာယ်။ မင်းကန်စီတို့က "အရှင် ရွှေနန်းတက်ပါဦး" လို့ တောင်းပန်ပေမယ့် မရပါဘူး။ စိတ်ကြီးတဲ့ ဗညားနွဲ့က 'သမိန်မရူကို ဝါးကွက်လက် ခုချက်ချင်းအပ်' လို့ သတ်စေအမိန့်ချလိုက်ပါတယ်။

ပြီးမှ ရှေးမင်းတို့ အစဉ်အလာအတိုင်း ဘိသိက်ခံ၊ ရေဖျန်းခံ၊ ရွှေအိမ်နန်းတက်ပြီး ခမည်းတော်အလောင်းကို ဝတ်ပြုပါတယ်။ ပြီးတော့မှ နန်းတက်ပွဲသဘင်ကြီး ခံယူပါတယ်။ ရှိရှိသမျှ မှူးမတ်ဗိုလ်ပါ၊ သေနာပတိ၊ ဘွန်ဟူသမျှ ဦးတိုက်ခစားကြပါတယ်။ ရာဇာဓိရာဇ်ဘွဲ့ခံပါတယ်။

အချိန်တန်လို့ ညီလာခံကျင်းပတော့ မှူးမတ်စုံညီ ခစားကြရာမှာ အမတ်ဒိန်ပါလာတာကို ရာဇာဓိရာဇ် မြင်လိုက်တဲ့အခါ...

"ငါ့မျက်စိနှစ်လုံးတွင် ခြောင့်စူးဝင်ခဲ့သည်မှာ တစ်ဖက်ကသာ ထွက်သွားပြီး ကျန်တစ်ဖက်က မထွက်သေး" လို့ မိန့်လိုက်တာပါပဲ။ အဓိပ္ပာယ်ကတော့ သမိန်မရူတော့ ရှင်းသွားပြီပေါ့၊ ကျန်တစ်ဖက်က ခြောင့်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အစောင်ဒိန်း၊ ဘယ်သူမှ တုတ်တုတ်မှ မလှုပ်ရဲကြဘူး။ ဒီအချိန်မှာ ရဲရဲဝံ့ဝံ့ ဆင်ဆိုက်သူကတော့ ကာယကံရှင် အမတ်ဒိန် ကိုယ်တိုင် ဖြစ်ပါတယ်။

"အရှင်မိန့်သူဟာ ကျွန်တော့်ကို ဆိုလိုခြင်းဖြစ်ကြောင်း သိပါတယ်။ အပြစ်က နှစ်ခုဖြစ်ပါလိမ့်မယ်၊ တစ်ခုက အရှင် ဒဂုံမှာရှိစဉ် အခြားသူတွေ ကနဲ့ဆက်သွယ်၊ လူချင်းဆက်သွယ်၊ သတင်းတွေပို့ လုပ်နေကြချိန်မှာ ကျွန်တော်က ဘာမှ ဆက်သွယ်မှု မပြု၊ ဒါက တစ်ချက်။ နောက်တစ်ချက်က အရှင် ဆင်စီးပြီး ပဲခူးမြို့တွင်း ဝင်တဲ့အခါ မောတရုတ်တံခါး တစ်ရွက်တည်းပဲ ဖွင့်ပေးခဲ့ခြင်းတစ်ချက်။ ဒါကြောင့် မျက်စိတစ်ဖက်က ခြောင့်မထွက်သေးလို့ မိန့်တော်မူတာဖြစ်ကြောင်း ကျွန်တော်သိပါတယ်" လို့ တင်လိုက်တယ်။

ပင်ကိုကလည်း စိတ်ကြီးသူ၊ ဘုန်းစွမ်းပြည့်သူ၊ ဘိသိက်လည်း ခံယူပြီးခါစ၊ အားလုံးကလည်း ပြားပြားဝပ်နေကြတဲ့ ရာဇာဓိရာဇ်လို မင်းတစ်ပါးကို ဒီလို လျှောက်တင်လိုက်တာဟာ အမတ်ဒိန်ရဲ့ သတ္တိပါပဲ။ ဒီအခါ ရာဇာဓိရာဇ်ကလည်း...

"အေး...နင့်အပြစ် နင်သိတယ်၊ ငါ မြို့တွင်းဝင်တုန်းက မိုလ်ခြေ အင်အားများလို့သာ နင်တံခါး တစ်ချပ် ဖွင့်ပေးတယ်၊ ငါ့မှာ အင်အားနည်းခဲ့ရင် တစ်ချပ်မှ နင်ဖွင့်မှာ မဟုတ်ဘူး၊ နင့်အပြစ်နဲ့ မရှုအပြစ်တူတူ..." တဲ့။

ဒါပေမဲ့ အမတ်ဒိန် ပြန်လျှောက်တင်ပါတယ်။

"အပြစ်နှစ်ခုအတွက် သတ်ရင်လည်း သေရပါမယ်၊ ထားရင်လည်း ရှင်ရပါမယ်။ စင်စစ်တော့ ကျွန်တော်ဟာ နတ်ရွာစံ ခမည်းတော်ကြီးရဲ့ သစ္စာခံပါ။ ဆင်ဖြူရှင် သစ္စာခံပါ၊ ဆင်ဖြူရှင် ရန်သူမှန်ရင် ဘယ်သူကို မဆို အသက်ပေးလိုက်ပါမယ်လို့ သစ္စာဆိုထားသူပါ၊ အရှင် ဒဂုံကနေ ခြားနားစဉ်မှာ ဆင်ဖြူရှင်အမိန့် မရဘဲ ကျွန်တော် မဆက်သွယ်နိုင်ပါ၊ အရှင် ပဲခူးမြို့တွင်း ဝင်တုန်းကလည်း သခင်ဆင်ဖြူရှင် ဗညားဦးသာ ရှိနေသေးရင် (ဗညားဦးက ကွယ်လွန်ခဲ့ပြီ)၊ အရှင့်ကို ဝင်ခွင့်မပြုဘဲ အသက်ပေး တိုက်မှာပါ၊ ဆင်ဖြူရှင်ရဲ့ ရုပ်အလောင်းကိုသာ စောင့်ရှောက်တဲ့အနေနဲ့ တံခါးတစ်ချပ်တည်း ဖွင့်ပေးတာပါ။

"... အခု အရှင် မင်းဖြစ်ပါပြီ၊ အရှင့်သစ္စာကို ကျွန်တော် ခံခဲ့ပါပြီ၊ ဒီအချိန်မှာ တစ်ယောက်ယောက်က အရှင့်ကို ပုန်စားခဲ့ရင် အဲဒီရန်သူကို





ကျွန်တော်က ဆက်သွယ်ရမှာတဲ့လား၊ ကျွန်တော် ဘယ်တော့မှ မလုပ်ပါ၊ ထီးဖြူဆောင်းမင်းကိုသာ သစ္စာခံ ခစားပါမယ်၊ ထီးဖြူမဆောင်းသော သူပုန်ခင်းကို ဘယ်တော့မှ မခစားပါ၊ ကွပ်မျက်ရင်တော့ သေရပါမယ်၊ အမတ်ဒိန်လို့ မကျင့်ကြနဲ့၊ ပုန်ကန်ခြားနားသော မင်းကို မဆက်မကပ်နေလို့ အမတ်ဒိန် သေရတယ်...လို့ စကားတွင်ပါလိမ့်မယ်။ ကျွန်တော့်ကို သတ်ရင် နောင်သားစဉ်မြေးဆက် အမတ်ဒိန်ရဲ့ ဥပမာ ထင်ရှားသွားပါတော့မယ်"

အဲဒါ အမတ်ဒိန်ရဲ့ စကားပါ။ ရာဇာဓိရာဇ် တိတ်ဆိတ်သွားပါတယ်။ မပိုင်ဆရာနဲ့ မင်းကန်စီတို့က 'အမတ်ဒိန်စကား စင်စစ် အကြောင်းမှန်လှသည်၊ အရှင့် အကျိုးသာမက နောင်အနာဂတ် ရာဇဝင်အတွက်ပါ အကျိုးသက်ရောက်စေမယ့်စကား ဖြစ်ပေသည်...' လို့ လျှောက်ကြပါတယ်။

ရာဇာဓိရာဇ်ဟာ အတော်ကြီးကြာ သုံးသပ်ဆင်ခြင်ပြီးမှ အမတ်ဒိန်ကို မဏိရွှတ်ဘွဲ့ကို ချီးမြှင့်လိုက်ပါတယ်၊ သန်လျင်ကို ဆက်စားမြဲ စားစေခွင့်ပြုပါတယ်၊ ကျွန်ရင်း၊ ရောင်းရင်းဘက်တော်သားတွေ ဘယ်သူမှ ဘွဲ့မရခင် အမတ်ဒိန်ဟာ အဦးဆုံး ရခဲ့ခြင်းပါတဲ့။ အမတ်ဒိန်တို့ခေတ် (လွန်ခဲ့တဲ့ အနှစ် ၆၀၀ ခန့်)က အမတ်ဒိန်စကားကလည်း မှတ်သားစရာပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com

## "အခုတော့ ချစ်မယားကို ပစ်ထားပြီးသွားပါပေါ့လား"
## (အမည်မသိ မိန်းမတစ်ယောက်)

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ဖတ်လေတိုင်း၊ ရာဇဝင်တွင်တဲ့ ပုဂ္ဂိုလ်ကြီးများ၏ စကားများကို စာမျက်နှာများပေါ်က တစ်ဆင့် ကြားရသလို တိုင်း အခု ခေါင်းစည်းတပ်ထားတဲ့ ငိုကြွေးမြည်တမ်းစကားကို ပြောခဲ့သူ အမည်မသိ မိန်းမတစ်ယောက်ရဲ့ အသံဟာ နားထဲမှာ စူးခနဲ စူးခနဲ ပေါ်လာ တတ်ပါတယ်။

အခက်အခဲ ပြဿနာဆိုတာ ငုပ်နေတဲ့ စွမ်းရည်များကို ကြွတက်လာ အောင် ဖော်ထုတ်ပေးတဲ့ စိန်ခေါ်မှု ဖြစ်တယ်ဆိုတဲ့ စကားရပ်ရှိပါတယ်။ အနှစ်လေးဆယ် စစ်ပွဲကာလကြီးထဲမှာ ကြွတက်လာလိုက်ကြတဲ့ စွမ်းရည် တွေဟာ မနည်းမနောပါပဲ။ ရှင်ရဟန်းများ၊ ဘုရင်များ၊ စစ်သည်ကြီးများ၊ အမတ်များ၊ မိဖုရားများ၊ သစ္စာရှိကျွန်ယုံများ သူ့စရိုက်နဲ့သူ၊ သူ့အခြေခံနဲ့သူ ပြုမူပြောဆို ကပြသွားလိုက်ကြတာများ တကယ့်ကို လောကီထုပ္ပတ် လူတို့ ဇာတ် မှန်ပြောင်းစကြာကြီးပါ။





အဲဒီလို ဖြိုင်ဖြိုင်လှိုင်လှိုင် 'မြည်'နေကြတဲ့ အသံတွေထဲမှာ အခြား ဘယ်စကား၊ ဘယ်အသံနဲ့မှ မတူ၊ ထူးထူးခြားခြားဖြစ်နေတဲ့ ဒီစကား ဒီအသံ ကတော့...။

စစ်ပွဲကာလကြီးရဲ့ တစ်ခုသော အချိန်မှာ ရာဇာဓိရာဇ်ဟာ သန်လျင် မြို့ကို ရောက်နေခဲ့ပါတယ်။ မင်းရဲကျော်စွာ အစွမ်းပြနေချိန်ဖြစ်ပြီး ဟံသာ ဝတီကို ဝိုင်းရံတပ်စွဲထားတယ်။ မြို့တွင်းမှာ ရာဇာဓိရာဇ်ရဲ့ သားတော် ဗညား ကျန်း ရှိနေတယ်။ မင်းရဲကျော်စွာက စစ်စိတ်၊ စစ်သွေး၊ အင်မတန် တက်ကြွ နေပြီး ရာဇာဓိရာဇ်ကို အရဖမ်းမယ်လို့ ကြုံးဝါးနေတယ်။ ဒီအချိန်မှာ ရာဇာ ဓိရာဇ်က...

"ဟံသာဝတီကို စစ်ချီမယ်၊ ဒါပေမဲ့ မြို့ထဲ ပိတ်မိနေတဲ့ ငါ့သားတော် ဆီကို ငါတို့ စစ်ချီလာမယ့်အကြောင်း၊ မင်းရဲကျော်စွာတပ်ကို ငါတို့ အပြင် ကနေ တိုက်မယ့်အကြောင်း ဒီအချိန်အခါ အချိန်းအချက်ကို သားတော် ဗညားကျန်းဆီကို သတင်းပို့ရမယ်၊ ဘယ်လို လုပ်ကြမလဲ" လို့ မေးပါတယ်။ ခစားနေကြတဲ့ မှူးမတ်သေနာပတိတွေ တုပ်တုပ်မှ မလှုပ်ရဲကြပါဘူး။ ဒီအခါ ရာဇာဓိရာဇ်က "ခုနေ သမိန်ဗြဲ့နဲ့ လဂွန်းအိမ်တို့သာ ရှိရင် ငါ ဒီလောက် ပူစရာမလိုဘူး။ အခုတော့ ငါ့လက်ရုံး နှစ်ဖက်လုံး ပြုတ်သွားပြီမို့ ငါ့အကြံ မအောင်တော့" လို့ ညည်းပါတယ်။ ဒီအချိန်မှာပဲ နောက်ဆုံးမှာ ခစားနေတဲ့ အဲမွန်ဒယာက သူ တာဝန်ယူပါတယ်လို့ ရဲရဲဝံ့ဝံ့ လျှောက်လိုက်ပါသတဲ့။ ဝဲခူးမြို့ပတ်လည်မှာ အင်းဝတပ်တွေ အထပ်ထပ် ရံထားတာ မင်း ဘယ်လို လုပ်မလဲမေးတော့ အဲမွန်ဒယာက သူ့အကြံကို လျှောက်လိုက်ပါတယ်။ သူ့ ကျောကွဲသည်အထိ ကြိမ်နဲ့ရိုက်ပါ၊ ပြီးရင် သူ့စိတ်ကြိုက် သူ့ရဲ ရှစ်ယောက် ခေါ်ပြီး သွားမယ်တဲ့။

အဲမွန်ဒယာဟာ ဒီ ကျောဒဏ်ရာ၊ သူ့ရဲရှစ်ယောက်နဲ့ မင်းရဲကျော်စွာ ဆီ ခိုဝင်ပါတယ်။ ငါတို့ ရာဇာဓိရာဇ် စစ်တပ်က ထွက်ပြေးလာတာ၊ မင်းရဲ ကျော်စွာထံ အမှုထမ်းဖို့ပါလို့ ပြောတယ်။ ဒါပေမဲ့ မင်းရဲကျော်စွာကလည်း စစ်အတွေ့အကြုံ ရှိသူပေပဲ၊ အဲမွန်ဒယာကို မယုံပါဘူး။ စစ်အတွင်းဆိုတာ သူ့ဘက် ကိုယ့်ဘက် ဒီလို ဥပါယ်တွေ သုံးသုံးပြီး ဝင်ထောက်လှမ်းကြ ရိုးရာ ဆင်ကြ လုပ်လေ့ရှိကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျောကွဲအောင် ဒဏ်ခတ်ခံခဲ့ရပါတယ်ဆိုတဲ့ အဲမွန်ဒယာရဲ့ စကားကို လက်မခံဘဲ သူတို့ ကိုးယောက်စလုံးကို သံခြေချင်းခတ်ပြီး အကျဉ်းချထားလိုက်ပါတယ်။ အဲမွန်ဒယာလည်း နောက်တစ်ဆင့် ကြံရပြန်တာပေါ့။ "ကျုပ် တစ်ယောက်ကို ချုပ်မြဲချုပ်ထားပါ၊ ဟို ရှစ်ယောက်ကို ထုတ်ပြီး ဟံသာဝတီသားတွေနဲ့ တိုက်ခိုင်းကြည့်လိုက်ပါ" လို့ အရေးဆိုပါတယ်။ မင်းရဲကျော်စွာလည်း သံသယရှိနေတဲ့ ကြားကပဲ ဟိုရှစ်ယောက်ကို ထုတ်ခိုင်းလိုက်ပါတယ်။ အဲမွန်ဒယာက သူတို့ကို ကျိတ်မှာလိုက်ပုံက "မင်းတို့ စိတ်ခိုင်ခိုင်ထား၊ သေလုနီးပါး ဒဏ်ရာ ရနေတဲ့ ဟံသာဝတီသားတွေကို ရအောင်ခုတ်ပြီး ဆက်သကြ" တဲ့။ ဟိုရှစ်ယောက်ကလည်း ဒီအတိုင်း လိုက်နာတော့ မင်းရဲကျော်စွာက သံသယတွေ ပျောက်သွားခဲ့ပါရော။ ဘယ်လိုပဲ ဥပါယ်တံမျဉ် သုံးသုံး၊ ကိုယ့်အချင်းချင်း ခုတ်သတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးကိုး။ ဒီတော့မှ အဲမွန်ဒယာကို သံခြေချင်းက လွှတ်၊ အင်းဝ ဝတ်စုံဝတ်ခိုင်းပြီး တိုက်ပွဲဝင်ခိုင်းပါတယ်။

အဲမွန်ဒယာက ဓားနှစ်လက်ကိုင် ပြေးဝင်တဲ့ပြီးမှ မွန်တပ်နဲ့ အနီးရောက်တော့ ခေါင်းပေါင်း ချွတ်ပြလိုက်တယ်။ ဟံသာဝတီတပ်သားတွေကိုလည်း အဲမွန်ဒယာမှန်း၊ သူ့ရဲရှစ်ယောက်မှန်း သိအောင် ဟစ်အော် ပြောပြီးမှ ဟံသာဝတီမြို့တွင်းကို အားလုံး ပြေးဝင်သွားကြတယ်။ အင်းဝတပ်သားတွေ ဘာမှ မတတ်နိုင်ကြဘူး။ အဲမွန်ဒယာ ဟံသာဝတီ မြို့တွင်း ရောက်သွားပြီပေါ့။ အဲမွန်ဒယာလည်း ဗညားကျွန်းဆီ ဝင်ပြီး လဆန်းသုံးရက် သောကြာနေ့မှာ ခမည်းတော် ရာဇာဓိရာဇ် အပြင်ကနေ မင်းရဲကျော်စွာတပ်ကို တိုက်မယ့်အကြောင်း၊ အနောက်ဘက်က စတိုက်မယ့်အကြောင်း သတင်းပို့ပါတယ်။

မင်းရဲကျော်စွာမှာတော့ ဒေါသအမျက်ခြောင်းခြောင်းပေါ့။ အင်းဝရဲမက်တွေ လွှတ်ပြီး အဲမွန်ဒယာကို လူလိမ်၊ လူကောက်၊ စေဥ်းလဲ၊ ပလီပလာလုပ်ပြီး မြို့တွင်းရအောင်ဝင်တဲ့ကောင် မင်း မကြာခင် အကြောင်း သိစေရမယ် စသည်ဖြင့် အော်ဟစ် ဆဲဆိုခိုင်းတယ်။ အဲမွန်ဒယာလည်း မြို့ရိုးထိပ်ကနေ ပဲခူးမြို့ထဲ ငါ ဝင်ခဲ့တယ်၊ ဒီမှာ ငါ မနေဘူး၊ မနက်မိုးသောက်ကျ ငါ ပြန်ထွက်ဦးမှာ၊ စောင့်သာကြည့်လို့ ပြန်အော်လိုက်တယ်။





ဒီစကား မင်းရဲကျော်စွာ ပြန်ကြားတော့ သင်း မြေလျှိုးမိုးပျံနိုင်သလား၊ ကိုယ်ဖျောက်နိုင်သလား၊ သင်းက ပြန်ထွက်ဦးမတဲ့။ မိအောင်ဖမ်းလို့ အထပ်ထပ် အစောင့်အကြပ်တွေနဲ့ စီရင်ပြန်ပါတယ်။

နံနက်မိုးသောက်တော့ အဲမွန်ဒယာ ပြန်ထွက်ဖြစ်အောင်ထွက်တယ်။ ထွက်ပုံက မသာအလောင်းဟန်ဆောင်ပြီး ထွက်တာပါ။ ဝါးကပ်ပေါ်ဖျာခင်း၊ ဖျာပေါ်အဝတ်ဖြူခင်း၊ အဲဒီပေါ်မှာ အဲမွန်ဒယာ တက်အိပ်တယ်။ ဘေးနှစ်ဖက်မှာ ငါးပုပ်တွေထည့်၊ ဝဲယာနှစ်ဖက်မှာ ဓားရှည်နှစ်လက်ချထားပြီးမှ သူ့ပေါ်ကို ဝါးကပ်တစ်ခုနဲ့ပြန်အုပ်၊ ဝါးကပ်ပေါ်ပျားရည်တွေ ဆမ်းလိုက်တော့ ယင်ကောင်တွေက တလောင်းလောင်း။

ဒီမသာကို မြို့တံခါးကနေ ထမ်းထုတ်လာတော့ နောက်မှာကပ်လျက်သား၊ ဦးပြည်းခေါင်းတုံးရိတ်ထားတဲ့ မိန်းမတစ်ယောက်' ကို ငိုယိုပြီး လိုက်ပါလာစေပါတယ်။

အင်းဝနဲ့ နီးတဲ့နေရာရောက်တော့ အဲဒီ ဦးပြည်းခေါင်းတုံးနဲ့ မိန်းမ (မြန်မာမှုမှာ မိန်းမလေးယောက် ဆံကို ဖြေ၍လိုက်လာလို့ မှုကွဲတွေ့ရ)က အသံကုန်တင်ပြီး ဟစ်ငိုပါသတဲ့။

"အိုး...ကျေးဇူးရှင်ကြီးရဲ့ အေးအတူပူအမျှ နေလာကြ၊ ဒီစစ်ကြီးအောက လွတ်အောင်ပြေးကြမယ်ဆိုပြီး အခုတော့ စစ်မပြီးခင် ကျောက်ကြီးရောဂါနဲ့ သေရလေခြင်း၊ အလောင်းကို မြေမြှုပ်လို့မရ၊ အခု ရေမျှောရတော့မှာပါလား၊ ရိုးရိုးသေခဲ့ရင် မီးသင်္ဂြိုဟ်နိုင်ရဲ့၊ ခုတော့ ကျောက်ရောဂါနဲ့ အမယ်လေး ချစ်လင်ကြီးရဲ့... ခုတော့ ချစ်မယားကို ပစ်ထားပြီး သွားပါပေါ့လား" စသည်ဖြင့် ရင်ဘတ်ထုထုပြီး အော်ဟစ်ငိုယို လိုက်လာပါတယ်။ ရေဆိပ်ရောက်တော့ မသာထမ်းသူတွေက ငှက်ပျောဖောင်ပေါ် ဝါးကပ်တင်လွှတ်ပြီး ရေကြောင်းထဲရောက်အောင် မျှောချလိုက်ကြတယ်။

အင်းဝ စစ်သည်တွေလည်း မကြားဝံ့ မနာသာ ငိုသံ၊ ဟစ်သံ ကြားရပြီးတော့ အပုပ်နံ့ကလည်း တထောင်းထောင်း၊ သည်အထဲ ကျောက်ရောဂါဆိုတော့ အကုန်ကြောက်ကြတာပေါ့။ ငှက်ပျောဖောင်ကို ကင်းစောင့်နားမလာအောင် ဝါးလုံးရှည်တွေနဲ့ ထိုးထုတ်ကြပါတယ်။ ဒီလိုနဲ့ မြစ်လယ်ရောက်မှ အထဲမှ အဲမွန်ဒယာဟာ ဝါးကပ်ကို ဓားနဲ့ခွဲ၊ ငှက်ပျောဖောင်ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible] တမ်းရောက်တော့ ကုန်းပေါ်တက်ပြေး၊ သန်လျင် [illegible]

[illegible] ထွက်မြောက်သွားပြီဆိုတာ ကြားရတော့ မယုံလို့ မင်းရဲ [illegible] အခုတ်တစ်ယောက်ကို သန်လျင်လွှတ်ပြီး ကြည့်ခိုင်းပါသေး [illegible] မြင်းရှေ့ကနဲ့ ကတ္တီပါဝတ်လုံ ဆုချခဲ့တဲ့။ အဲမွန်ဒယာဟာ [illegible] သေတဲ့ ဆုလာဘ်တွေနဲ့ ဂုဏ်ပြုစကားတွေ ရခဲ့ပါတယ်။

[illegible] ဟို ဆံပင်အဆုံးခံ ဦးပြည်းခေါင်းတုံး ရိတ်ပြီး အင်းဝ [illegible] မိန်းမသားတန်မဲ့ မကြောက်မရွံ့ လင်သေမုဆိုးမယောင် [illegible] ခြေသည်တမ်းရင်း မသာနောက်က လိုက်ပါခဲ့တဲ့ 'အမည်မသိ [illegible] နောက်ပိုင်း ဘယ်သို့ရှိလေတယ် မသိရပါဘူး။ မြန်မာမှုတွေ [illegible] အရေးတော်ပုံကျမ်းမှာလည်း မတွေ့ရ။

[illegible] ကောင်းတွေရဲ့ လက်ရုံး၊ နှလုံး၊ ပရိယာယ်၊ သေနင်္ဂတွေကိုသာ [illegible] ခော်ကွန်းထိုးကြလေတဲ့ ရာဇဝင် စာမျက်နှာတွေထဲမှာ အဲဒီလို [illegible] လည်း မသိ၊ ဘယ်ကမှန်းလည်း မသိ၊ ဘာဆုလာဘ်မှလည်း [illegible] ဒါန်းမှလည်း မတွင်ရစ်ခဲ့တဲ့ မိန်းမသားတန်မဲ့ စွမ်းစွမ်းတမံ ပါဝင် [illegible] ၊ အုတ်ချပ်' ငယ်လေးတွေ ဘယ်လောက်များရှိလေမလဲ။ "ခုတော့ [illegible] ကို ပစ်ထားပြီးသွားပါပေါ့လား" ဆိုတဲ့ ရင်ထုထုပြီး အသံကုန် [illegible] တဲ့ ငိုသံဟာ ဟိုးအဝေးကြီးမှာ သဲ့သဲ့လေးနဲ့ လေးစားဖွယ်အတိ [illegible] လို့ အမည်မသိ အညတရ သူ့ရဲကောင်းများကို အခါခါ ဦးညွှတ်မိရ [illegible] တော့တယ်။

❑



# "ကျွန်တော်တို့သခင် မိန်းမရုံးသည့်အရေးကို ဖယ်"
## (သမိန်ပြတ်ဇ)

အာရုံတစ်ခုခုထဲကို တကယ်တမ်း စူးစိုက်မွေ့လျော်နေတတ်ကြတဲ့ ဗိုလ်ကြီးတွေဟာ အခြားသော လူမှုရေး အပါအဝင် အရေးအရာတွေမှာ အာရုံအလျှင်းမရှိတာကြောင့် လူတစ်မျိုးကြီးတွေ ဖြစ်တတ်ကြတာ ရှိပါတယ်။ အထင်ရှားဆုံး အနီးကပ်ဆုံး သာဓကကတော့ ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ဒုတ်လပ်ရေးသာလျှင် သူ့ ဘဝ၊ သူ့ ဝင်သက်ထွက်သက် ဖြစ်နေတာမို့ ဗိုလ်ချုပ်ဟာ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေမှာ 'တစ်မျိုးကြီး'လို့ ဆိုကြပါတယ်။ သာမန်လူတွေ နိစ္စဓူဝ တွေ့နေမြင်နေကျပုံစံ မဟုတ်တော့ ဘူး၊ သူတို့ ကိုယ်တိုင်ကလည်း သာမန်လူတွေ တွေး၊ ကြံ၊ ပြုမူ၊ ပြောဆို နေတာမျိုးတွေကို လုံးဝ စိတ်မရောက်ကြတော့ပါဘူး။ ဒါပေမဲ့ အဲဒီလို ကျကျ၊ ဘုကျကျ တစ်မျိုးကြီးတွေရဲ့ နောက်မှာ ရိုးဖြောင့်ခြင်း၊ ရှင်းလင်း ခြင်း၊ ပရိယာယ်မာယာ မပါခြင်း စတဲ့ ချစ်ခင်လေးစားဖွယ် ဂုဏ်ရည်တွေ ငြိမ်းအောင်းနေကြပါတယ်။

'စစ်'သာလျှင် အမိအဖရယ်လို့ သဘောထားတတ်ကြတဲ့ စစ်သူရဲ ကောင်းတွေမှာလည်း ဒီသဘောမျိုး တွေ့ရတတ်ပါတယ်။ စစ်သေနင်း၊



www.burmeseclassic.com

www.burmeseclassic.com



စစ်ပရိုယာယ်တွေအကြားမှာပဲ သူတို့ကိုယ်သူတို့ နှစ်မြှုပ်ထားကြမို့ သူတို့ရဲ့ အတွေး၊ အပြော၊ အပြုအမူတွေဟာ ဘုဂလန့်ဆန်ကြတော့တယ်။ သာမန်လူတွေ မတွေး၊ မပြောတဲ့ ကိစ္စမျိုးတွေ သူတို့ဆီက ထွက်ထွက်ကျလာ တတ်ကြပါတယ်။

ရာဇာဓိရာဇ်ရဲ့ ဗိုလ်မင်းသမိန်ဗြတ်ဇဟာလည်း ဒီလိုလူမျိုးလို့ဆိုနိုင်စရာ တစ်ကွက် သွားတွေ့ရပါတယ်။ အင်းဝ-ဟံသာဝတီစစ် အရှိန်ကောင်းနေစဉ်ကာလ၊ ဘုရင်မင်းခေါင်က ရာဇာဓိရာဇ်ရဲ့ နဝင်းခံတပ်ကို အောင်မြင်ပြီး ပြည်မြို့မှာ တပ်စွဲနေခဲ့ပါတယ်။ နဝင်းခံတပ်မှာရှိတဲ့ ဟံသာဝတီ တပ်သုံးတပ်ဟာ ဗိုလ်မင်းကြီးသမိန်ဗြတ်ဇရဲ့ အစီအမံအတိုင်း မလုပ်လို့ ရှုံးခဲ့ကြတာပါ။

သမိန်ဗြတ်ဇဆိုတာ ရာဇာဓိရာဇ်ရဲ့ အားအထားရဆုံး ဗိုလ်မင်းကြီးပါ။ သမိန်ဗြတ်ဇက "ကျွန်တော့်စကား နားမထောင်ကြလို့ နဝင်းခံတပ် ကျခဲ့ပြီဒါပေမဲ့ ကျွန်တော် စီမံသလို ဆက်လုပ်ပါ" လို့ လျှောက်ပြီး ပြည်မြို့ကိုတက်လုပ်ကြဖို့၊ ဘုရင်မင်းခေါင်တပ်မှာ ရိက္ခာနည်းနေတာကို အညာထလေ့နဲ့ ရိက္ခာခက်ခဲ၊ ငတ်ပြတ်လို့ ပြည်ကအခွာမှာ တပ်ချင်းအနီးကပ်စွဲပြီးသူ တစ်ခုပြေငြိမ်းရာ ပြေငြိမ်းကြောင်း တောင်းဆိုလာရင် မလိုက်လျော့စေသည်ဖြင့် အစီအမံလုပ်ပါတယ်။

ဒီအတိုင်း လုပ်ကြတော့ တကယ်ပဲ မင်းခေါင်တပ် ရိက္ခာပြတ်ပြီးပြည်မြို့က ခွာချင်လာတယ်။ ခွာနိုင်ဖို့အတွက် "နောင်တော် နိုင်ငံ ရာမညတိုင်းနှင့် ကျွန်ုပ်၏ သုနာပရန္တ၊ တမ္ဗဒီပတိုင်းတို့သည် မီးမသေ၊ ရေမနောက်ရွှေတစ်ပြားတည်းကဲ့သို့" ဘာညာနဲ့ တမန်စေလာပါတယ်။ ရာဇာဓိရာဇ်ကလည်း သမိန်ဗြတ်ဇ မှာထားတဲ့အတိုင်း လိုက်နာပါတယ်။ လျှော့မပေးပါဘူး။ ဒီတစ်ခါ ဘုရင်မင်းခေါင်က နောက်တစ်နည်း ထပ်ကြံပါတယ်။ ကြံပုံကနဝင်းခံတပ်တိုက်ပွဲမှာ သူ့လက်ထဲ သုံ့အဖြစ်ရထားတဲ့ မွန်အမတ် သမိန်ဇိပ်ဖြူကို အသုံးချတာပါပဲ။ သမိန်ဇိပ်ဖြူရဲ့ သမီးနှစ်ယောက်က ရာဇာဓိရာဇ်ရဲ့ မိဖုရားတွေပါ။ သမိန်ဇိပ်ဖြူနဲ့ အပေးအယူ လုပ်ပြီးနောက်မှာ သမီးနှစ်ယောက်ဆီ ဖခင်ကြီးရဲ့ အမှာစကား ရောက်လာပါတော့တယ်။

"သမီးတို့ အဘအရွယ်ရောက်ပါပြီ၊ ဒီအချိန်ကျမှ အရှင်နှစ်ယောက်ရဲ့





ကျွန်မဖြစ်ပါရစေနဲ့၊ သေရင်တောင် သမီးတို့လက်တွေကို အဘရင်ခွင်ထက်တင်ပြီး သေချင်ပါတယ်၊ ခုအတိုင်းဆို အရေးတော် မပြီးပါ၊ အရေးတော်ပြီးစေဖို့ (မင်းခေါင်တပ်တွေ ပြည်ကခွာနိုင်ဖို့၊ ရာဇာဓိရာဇ်တပ်က မတိုက်ဖို့) သမီးတို့က တောင်းပန်ကြပါ" လို့ မှာလိုက်ပါတယ်။

ဖအေကြီး စာ ရတော့ မိဖုရားနှစ်ယောက်လည်း ငိုကြီးချက်မနဲ့ ရာဇာဓိရာဇ်ဆီ ချဉ်းကပ်ကြတာပေါ့။ ဒီအခါ ရာဇာဓိရာဇ်က သမိန်ဗြတ်ဇကို ခေါ်တိုင်ပင်ပါတယ်။ သမိန်ဇိပ်ဖြူ မသေသေးဘူး။ သုံ့အဖြစ် ရှိသေးတယ်ပေါ့။ သမိန်ဗြတ်ဇက အပြစ်ဆိုလိုက်ပါတယ်။ "သမိန်ဇိပ်ဖြူဟာ စီစဉ်ပေးတဲ့အတိုင်း မလုပ်ဘဲ သူ့ဘာသာသူလုပ်လို့ သုံ့ဖြစ်တာ၊ သူ သေတာ ရှင်တာ အရေးမကြီးပါဘူး" တဲ့။ ရာဇာဓိရာဇ်ဘုရင် တိတ်သွားပါတယ်။ ဘာမှဆက်မမိန့်ဘဲ လှည့်ဝင်သွားတယ်။

မိဖုရားနှစ်ပါးက ဘုရင့်နောက် လိုက်သွားပြီး ခြေဖက် ငိုယို တောင်းပန်ကြပြန်ပါတယ်။ ရာဇာဓိရာဇ်ကလည်း "အေး... မင်းတို့အဘကို ငါလည်း နှမြောတာပဲ၊ ဒါပေမဲ့ သမိန်ဗြတ်ဇ သဘောမတူဘဲ ငါ မလုပ်သာဘူး၊ မင်းတို့ကိုယ်တိုင် ဗိုလ်မင်းကြီးဆီ သွားတောင်းပန်ကြ" လို့ ပြောလိုက်ပါတယ်။

မိဖုရားနှစ်ပါး သမိန်ဗြတ်ဇဆီ ဝင်ကြပြန်တယ်။ လက်ဆောင်တွေနဲ့ပါ။ ငိုယိုပြီး ဘထွေးတော်သာ မှီခိုရာ ဖြစ်ပါတော့တယ်လို့ တောင်းပန်ကြပြန်ပါတယ်။ သမိန်ဗြတ်ဇက ဘာမှပြန်မပြောဘူး။ လက်ဆောင်တွေကိုသိတောင်မထိဘူး၊ မယူဘူးတဲ့။ မိဖုရားနှစ်ပါး လက်လျှော့ကြရပါတယ်။

ရာဇာဓိရာဇ်က သမိန်ဗြတ်ဇကို သပ်သပ်ပြောပြန်ပါတယ်။ "မိဖုရားတွေက ငါ့ခြေဖက်ပြီး ငိုကြတယ်၊ အရေးတော်ပြီးပါစေ (အင်းဝတပ် ပြန်ခွာနိုင်အောင် မတိုက်ဘဲကြည့်နေဖို့) သူတို့အဘကို တွေ့ပါရစေလို့ တောင်းပန်ကြတယ်။ ဗိုလ်မင်း ဘယ်လိုသဘောရပါသလဲ" လို့ မေးတော့...

သမိန်ဗြတ်ဇဟာ ထောင်းခနဲ ဖြစ်သွားပုံရပါတယ်။

နဝင်းခံတပ် ကျခဲ့လို့ ပြည်အထိ ဘုရင်မင်းခေါင် သိမ်းထားတာ၊ ဒါကို အောင်ပွဲပြန်ရဖို့ ရိက္ခာထောက်တွေ ဖြတ်တိုက်ပြီး ပြည်မြို့ထဲက မင်းခေါင်တပ်တွေ ငတ်အောင် လုပ်ထားတာ၊ တွက်ထားတဲ့အတိုင်း အာလုံးဖြစ်လာတာကလား။ ဘုရင်မင်းခေါင် တမန်စေပြီး စေ့စပ်ရေးစကား ဆိုရပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြဉ်းခဲ့ခရလို့ သုံ့ပန်းသမိန်ဗိုပ်ဖြဲကို ပြုပြီး သူ့သမီးနှစ်ယောက် မိဖုရားမြှောက်ခဲ့ လှည့်ပြီး အရေးဆိုလာတာ ကောင်းပြီကောင်းရဲ့နဲ့ ရာဇာဓိရာဇ်ဟာ အစီအစဉ်အတိုင်း လိုက်နာခဲ့ပြီးမှ အခု မိဖုရားတွေက ခြေဖက် ငိုယိုတောင်းပန်ကြခါမှ စိတ်လည်ပြီး ဗိုလ်မင်း ဘယ်လိုသဘောရသလဲ ဘာညာလုပ်လာခြင်းတာကို သမိန်ဗြတ်ဇဟာ စိတ်ထဲ ချဉ်တင်တင် ရှိလာဟန်တူပါရဲ့။

"ရွှေနန်းသခင် အောင်မြင်မည့်အရေးကိုသာ ကျွန်တော်တို့ ကြံတင်ပါတယ်၊ မိန်းမတို့စကားကို ညှာပြီး မကြံတတ်ပါ" လို့ လျှောက်လိုက်ပါသတဲ့။ ရာဇာဓိရာဇ်ကလည်း မလျှော့သေးဘူး။ "ဗိုလ်မင်းနဲ့ သမိန်ဗိုပ်ဖြဲတို့ဟာ ကြီးချင်းငယ်ဖော် သမီးသွေးသောက်များ ဖြစ်ကြပေတာပဲ၊ သုံ့ဘား ရောက်နေတဲ့ သမိန်ဗိုပ်ဖြဲကို ဗိုလ်မင်း မရှုကြည့်တော့ဘူးလား" လို့ မေးပြန်ပါတယ်။ ဒီအခါ သမိန်ဗြတ်ဇကြီးက အပြတ်မှ တကယ်အပြတ်ကို လျှောက်လိုက်ပါတော့တယ်။ "စစ်မှုတွင် ရှုံးမည်နိုင်မည်အရေးကို ကျွန်တော်တို့ သိပါသည်၊ ကျွန်တော်တို့သခင် မိန်းမရှုံးသည့်အရေးကို မသိ" တဲ့။

ဘုရင်ကို ပြန်ပြောတဲ့စကား တော်ရုံလူ ဘယ်ပြောရဲမလဲ။

ရာဇာဓိရာဇ် တိတ်ဆိတ်နေပါတယ်။ အမျက်လည်း မထွက်ရဲ၊ ရှာမာန်လည်း မရှုရဲပါဘူး။ မိဖုရားတွေက မောင်တော် အခြေအနေ ဘယ်လိုလဲလို့ မေးကြပြန်တော့ 'သမိန်ဗြတ်ဇကို ငါ မလွန်သာဘူး၊ သူ့သာပြော' လို့ မိန့်ပါသတဲ့။ မိဖုရားတွေကလည်း ဒုတိယမ္ဗိ လက်ဆောင်တွေနဲ့ ထပ်ချဉ်းကပ် ပြန်ပါတယ်။ ဗိုလ်မင်းကြီး သမိန်ဗြတ်ဇဟာ ပထမအကြိမ်တုန်းကလိုပဲ လက်ဆောင်တွေကို မယူမသိမ်း၊ မထိမတို့။ စကား တစ်ခွန်းတော့ ပြောလိုက်ပါတယ်။ "မင်းဧကရာဇ်တို့ စိတ်တော်အတိုင်း" တဲ့။ သဘောကတော့ ငါ့အရေးကုန်ဆိုပြီးပြီ၊ မင်းတို့ဘုရင် သဘောပေါ့။

ရာဇာဓိရာဇ်လည်း နောက်မှ ငါ့ဗိုလ်မင်း အပြစ်တင်လည်း ငါ ခံတော့မယ်လို့ ဆုံးဖြတ်ပြီး ဈေးစပ်ပြေငြိမ်းမှု လုပ်လိုက်ပါတယ်။ ဒီကိစ္စအပေါ် သမိန်ဗြတ်ဇ ဘာထပ်ပြောသေးသလဲဆိုတာတော့ မတွေ့ရပါ။ ရာဇာဓိရာဇ်ဘက်ကလည်း 'ငါသို့သော မင်းအား မိန်းမရှုံးသည့်အရေးကို မသိဟူ၍ ထိပ်ပါးပုတ်ခတ် လျှောက်ဝံ့သလော' ဘာညာနဲ့ အရေးယူအပြစ်တင်ခြင်း မရှိပါဘူး။ ဘုရင် ငြိမ်နေခဲ့ပါတယ်။





ဘုရင် ရာဇာဓိရာဇ်လို ဘုရင်တစ်ပါးကို ဒီလိုဒီလောက် ပြောဝံ့တာဟာ သမိန်ဗြတ်ဇ စိတ်ထဲ တကယ့်ကို ရိုးရိုးရှင်းရှင်း ဖြောင့်မှန်လို့ပါပဲ။ ရာဇာဓိရာဇ်ဟာ သူ့ဘဝ နောက်ဆုံးအချိန်အထိ သူ့ဗိုလ်မင်းကြီးကို တလေးတစား ဆက်ဆံသွားပါတယ်။ "ကျွန်တော်တို့ သခင် မိန်းမရှုံးသည့် အရေးကို မသိ" ဆိုတဲ့ တဲ့တိုးစကားလုံးတွေကိုလည်း သူ့အမြဲပဲ အမှတ်ရမှာ သေချာပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## “သင့်မှာ ရဟန်းပညာရှိလည်း မရှိ လူပညာရှိလည်း မရှိ”
## (ပင်းယစကြိုသူမြတ်)

မြန်မာ့သမိုင်း (ရာဇဝင်)နဲ့ မြန်မာစာပေသမိုင်းကို ပြန်ကြည့်ရင် မင်းလုပ်သူ ဘုရင်များကို ဆုံးမဩဝါဒ ပေးတော်မူခဲ့ကြတဲ့ ရဟန်း ပုဂ္ဂိုလ်ကြီးများရဲ့ ဆုံးမစာတွေဟာ တသီးတခြားကို ထင်ရှားနေတာတွေ့ရပါတယ်။ ကန်တော်မင်းကျောင်း ဆရာတော်ရဲ့ လောကသာရဆုံးမစာဟာ လူသိများလှပါတယ်။ မင်းကို ဆုံးမခန်းမှာ ပျို့လင်္ကာသွားနဲ့ ရေးထားတဲ့ အပိုဒ် ၂၅ ပိုဒ် ပါဝင်ပါတယ်။ ထင်ရှားကျော်ကြားလှတဲ့ ပါတော်မူတမ်းချင်းကဗျာကို ရေးဖွဲ့သူ ဆီးပန်းနီဆရာတော်ရဲ့ ‘ခတ္တာဝါဒ ဆုံးမစာ’ ဆိုရင်လည်း သီပေါမင်းထံ ပို့သွင်းတဲ့ ပျို့လင်္ကာသွား ၃၂ ပိုဒ် ပါရှိပြီး နိဂုံးသံပေါက်မှာ ‘မင်းပဓာန၊ မျိုးလေးဝ၊ ဆုံးမပေးသည့်စာ။ မညီမမျှ၊ ကျင့်လေက၊ ရောက်စွပါယ်လေးရွာ။ အညီအမျှ၊ ကျင့်လေက၊ ပေါက်ထဝတီသာ’ ရယ်လို့ သတိပေးတော်မူခဲ့ပါတယ်။

ဒီဆုံးမစာတွေကို ဖတ်ရတဲ့အခါ ဖတ်ရတဲ့အခါ ကဗျာလင်္ကာသွားအနေနဲ့ စာတစ်စောင်ပေတစ်ဖွဲ့ မရှိခဲ့သော်လည်း ဘုရင်နှင့် မျက်နှာချင်းဆိုင်





ပြီး မရွံ့မရှား၊ စကားအရေးဆို ဆုံးမခဲ့တဲ့ ရဟန်းပုဂ္ဂိုလ်တစ်ပါးကို **သတိရမိ**ပါတယ်။ ပင်းယစကြိုသူမြတ် အရှင်ဓေတန္တပါ။

သက္ကရာဇ် ၇၆၆ မှာ ရာဇာဓိရာဇ်ဟာ ရေတပ်အင်အားကြီးစွာနဲ့ ဆန်တက်လာပြီး စစ်ကိုင်းမြို့ ရေဝန်းမှာ တပ်ချ၊ အင်းဝအထက်ကို ကျော်တက်၊ တကောင်းအထိချီ၊ တကောင်းကို သိမ်းပြီးမှ ပြန်စုန်ဆင်း၊ အင်းဝကို အင်အားဖြ ဝိုင်းထားလိုက်တယ်။ ဘုရင်မင်းခေါင်ဟာ ညီလာခံ ခေါ်ပြီး ဟံသာဝတီမင်းနဲ့သူ့တပ် ပြန်သွားအောင် နှုတ်ရေး လက်ရေးနဲ့ ဘယ်သူများ ကြံနိုင်မလဲ တိုင်ပင်တဲ့အခါ မှူးမတ်ဗိုလ်ပါ၊ ရဟန်း၊ လူပညာရှိများ အားလုံးထဲက ပင်းယစကြိုသူမြတ်သာ ရဲရဲဝံ့ဝံ့ထွက်ပြီး အာမခံ တာဝန်ယူလိုက်ပါတယ်။

စကြိုသူမြတ်ဟာ ဦးစွာ ရာဇာဓိရာဇ်ထံ မေတ္တာစာ စေပါတယ်၊ တွေ့လိုကြောင်းလည်း အကြောင်းကြားလိုက်တယ်။ ရာဇာဓိရာဇ်ကလည်း ငါပြင်းရင် ရတနာသုံးပါးအဝင် တစ်ပါးရတနာ(သံဃာ)ကို မျက်နှာလွှဲရာ ရောက်လိမ့်မယ်ဆိုပြီး ဆွမ်းဖိတ်(ပင့်)ပါတယ်။ စကြိုသူမြတ်က ရာဇာဓိရာဇ်အတွက် လက်ဆောင်ပဏ္ဏာများ စီစဉ် ယူဆောင်စေခဲ့တယ်။ (မှန်နန်းမှာ လူ သုံးရာကိုင်ခန့်၊ အရေးတော်ပုံကျမ်းမှာ လူခြောက်ဆယ် ထမ်းပိုးရ) ဒီလက်ဆောင်တွေနဲ့အတူ ဂိုဏ်းထောက် ဆရာတော် တစ်ပါးကို အဖော်ပြုပြီး စကြိုသူမြတ်ဟာ လှေနဲ့ ဟံသာဝတီ တပ်စခန်းရှိရာ ကူးခဲ့ပါတယ်။

“အရှင်ဘုရား လက်ဆောင်တွေ များလှချည်လား” လို့ ရာဇာဓိရာဇ်က ‘ပြည်သွယ်စကား’ ဆိုသေးတယ်လို့ ဆိုပါတယ်။ ပြီးတော့လည်း စိတ်ဝင်စားစရာလေး တစ်ကွက်က စကြိုသူမြတ် ဝင်လာတာကို မြင်လျက်နဲ့ ရာဇာဓိရာဇ်က မှူးမတ်များနဲ့ ဆွေးနွေးနေဟန်ပြုပြီး မမြင်ဟန်၊ မသိဟန် ပြုသတဲ့။ ခဏနေမှ အရှင်မြတ်ဘက် လှည့်ပြီး “အရှင်ဘုရားတို့ ဘယ်အချိန်က ရောက်တော်မူကြပါသလဲ” လို့ မေးပါသတဲ့။ ဒီအခါ စကြိုသူမြတ် ဖြေလိုက်ပုံက “မင်းမြတ် မြင်တော်မူကတည်းကပင် ငါတို့ ရောက်နေကြတယ်” တဲ့။ ရာဇာဓိရာဇ်လည်း ပြုံးပြီး မြင့်သောနေရာမှာ ထိုင်တော်မူဖို့ ပင့်ပါတယ်။ တွေ့ကြတဲ့ ဒီ ထိတွေ့မှုကလေးကပဲ လှုပ်လှုပ်ရှားရှား စိတ်ဝင်စားစရာ ဖြစ်နေပါပြီ။

ဆက်ပြီး မေးကြ၊ လျှောက်ကြ၊ ဖြေကြတဲ့ စကားတွေလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



[illegible] အတော်သံခဲ၊ နိုင်ဝန်းလှရဲ့ အရေးတော်ပုံကျမ်းမှာတော့ 'ပင်းယစကြီး သူမြင်းနှင့် ရာဇာဓိရာဇ်တို့ အပြန်အလှန် စကားစစ်ထိုးကြပုံ' လို့ မာတိကာမှာ ဖော်ပြထားတယ်။ ရဟန်းတစ်ပါးနဲ့ ဘုရင်တစ်ပါးတို့ စကားစစ်ထိုးကြတယ် ဆိုတဲ့ အသုံးအနှုန်းဟာ အနည်းငယ် ပြင်း'သယောင် ရှိပေမယ့် သူတို့ ပြောကြ ဆိုကြတဲ့ စကား အသွားအလာ၊ အပေးအယူတွေ ကြည့်လိုက်တော့ 'စကားစစ်ထိုး'လို့ သုံးတာ သင့်မြတ်တယ်ဆိုရမှာပါ။

ဒီစကားပွဲကို အရေးတော်ပုံကျမ်းမှာ ၁၅ မျက်နှာခန့်အထိ ဖော်ပြပါတယ်။ မှန်နန်းနဲ့ မဟာရာဇဝင်ကြီးမှာလည်း အတော်များများလေး အသေးစိတ် ပြပါတယ်။ နေရာ ချုံ့ရမှာမို့ ဒီဆောင်းပါးမှာတော့ အများသုံး စကားလုံးအနေနဲ့ လှယ်ယူပြီး ဖောက်သည်ချပါရစေ။

**ရာဇာဓိရာဇ်။** ။ တပည့်တော်ထံ ကြွရောက်တဲ့ကိစ္စကို မိန့်ဆိုပါဘုရား။

**စကြီုသူမြတ်။** ။ မင်းကြီး ကြိုးစားအားထုတ်ပြီး အင်းဝထီးဆန်တက်လာတဲ့အကြောင်း ငါတို့ သိချင်လို့ပါ။ သိရရင် ဂိုဏ်းဆရာ သံဃာတော်များ စုရုံးပြီး ဆွေးနွေးဆောင်ရွက်ပေးဖို့ပါပဲ။

**ရာဇာဓိရာဇ်။** ။ တပည့်တော် စစ်ချီလာတာ အလိုဆန္ဒ အကြောင်း လေးပါးကြောင့်ပါ။

(၁) အထူးထူးသော အရပ်ကို ကြည့်လို၍၊

(၂) ဘုန်း လက်ရုံးခွန်အား ပြလို၍၊

(၃) တိုင်းနိုင်ငံ ကျယ်လိုပြီး ဆင်မြင်းဗိုလ်ပါများ အလိုရှိ၍၊

(၄) ပုဂံအဝရဲ့ ဘုရားပုထိုး မွေတော်ဓာတ်တော်များကို ရှိခိုးပူဇော်လို၍

ဆန်တက်လာပါတယ်။

[အရေးတော်ပုံကျမ်းမှာတော့ (၁) မင်းကြီးစွာ လက်ထက်က စော်ကားအထင်သေးခဲ့သည်ကို ပြန်လည်ချေပဖို့၊ (၂) အင်းဝကို ဟံသာဝတီထီး ခွင်ပြိုင်ပြု ချဲ့ထွင်ဖို့၊ (၃) စေတီပုထိုး ဓာတ်တော်ဖူးမြော်ဖို့၊ (၄) အောင်မြင်တဲ့ စစ်ကြောင်းနဲ့ ရောက်ရှိခဲ့ကြောင်း ပေထက်အက္ခရာတင်ပြီး နောင်လူတို့ မြော်စမှတ်ပြုဖို့လို့ ဖော်ပြပါတယ်။]





**စကြီုသူမြတ်။** ။ သာသနာတော် ဒါယကာ မင်းမြတ်တွင် တရားတော်နှင့်အညီ ဟောကြားဆုံးမမည့် ရဟန်းပညာရှိလည်း မရှိ၊ ပြည်ထဲ အမှုဒ္ဓ အမြော်အမြင် အလိမ္မာနှင့် ပြည့်စုံသော အမတ် သေနာပတိလည်း မရှိ။

**ရာဇာဓိရာဇ်။** ။ ဘယ်လို မိန့်တော်မူလိုက်ပါသလဲဘုရား။

**စကြီုသူမြတ်။** ။ (ဇမ္ဗူဒိပ်ကျွန်း၊ တာဝတိံသာ၊ အသုရာ၊ မဟာအဝီစိတို့ရဲ့ ယူဇနာတွေ၊ ရေနေ၊ တောနေ၊ လူနေတွေကို ရှင်းပြပြီး လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းလို့ ငရဲသွားရသူ သတ္တဝါများသာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းပြပြီးမှ) ကြွလာတဲ့ အကြောင်း လေးပါးမှာ...

ဓာတ်တော် ပုထိုးစေတီများကို ဖူးမြင်ပူဇော်လို၍ဆိုတဲ့ တစ်ပါးသာ တရားနဲ့ညီတယ်၊ ကျန်သုံးပါးကတော့ နတ်ရွာနိဗ္ဗာန်နဲ့ ဗီလာပဲ၊ ဒါကြောင့် ရဟန်းပညာရှိ မရှိလို့ ငါဆိုတယ်။

ပညာရှိအမတ် သေနာပတိ မရှိလို့ ဆိုတဲ့အကြောင်းက သင့်ခမည်းတော် ဗညားဦးနဲ့ အင်းဝ မင်းကြီးစွာတို့ လက်ထက်မှာ နှစ်ပြည်ထောင်မီးမသေ ရေမနောက်၊ ရွှေတစ်ပြားတည်း ဖြစ်ခဲ့ကြတယ်။ သင့်လက်ထက်မှာ ဒီလို မဖြစ်လာ၊ ပြည်သူ လူ ရဟန်းအပေါင်းတို့ ချမ်းသာရမည့်အကြောင်းကို သင့်အား လျှောက်မယ့်သူ မရှိလို့ ပညာရှိ အမတ် သေနာပတိ မရှိဟု ငါဆိုတယ်။

**ရာဇာဓိရာဇ်။** ။ အင်းဝဘုရင်က မဟာမိတ်လမ်းစဉ်ဖျက်ပြီး တပည့်တော်ရဲ့ ရေမြေကို သူ့ပိုင်နက်ထဲ သွတ်သွင်းဖို့ ကြံဆောင်တာပါ။ တပည့်တော်အပေါ် ဒီလိုဆိုရင် တပည့်တော်လက်ကို ဆွဲချုပ်ထားပြီး တစ်ပါးဘို့ ရိုက်နှက်စေသလို ဖြစ်မနေပါလားဘုရား။

**စကြီုသူမြတ်။** ။ မင်းကြီးလျှောက်သလိုဆိုရင် ငါ့မှာ တိုယ့်လုဘီ အနိုင်ပေး၊ တစ်ဖက်လူ ရှုံးစေလိုစိတ်ရှိတဲ့ ရဟန်းသိက္ခာဟုဒ်များကို ဆောင့်ဆိန်းသူအနေနဲ့ ဒုဂတိလားရမှာပါ။ ငါ ဒီလို မဟုတ်ပါ၊ သဗ္ဗညုါ အပေါင်းဘို့ကို ထာဝစဉ် မေတ္တာပို့ပါတယ်။ ငါ့ဇာတိ စိတ်ရင်းအရ အင်းဝ ဟံသာဝတီ နှစ်ပြည်သားတို့ကို သာတူညီမျှ ချစ်ပါတယ်၊ စစ်ကြီးဖြစ်ရင် နှစ်ပြည်ထောင်သုံး ကြီးမားတဲ့ အပူမီးလုံးကြီး တောက်ပါတယ်၊ သူက အလျှင်မြန်ဆုံး တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးဖွဲ့ပြီး လက်စားချေရမယ့်လို့ ဘုရားဟော မရှိပါဘူး။ ခန္တီတရား လက်ကိုင်ထားဖို့သာ သာသနာ့ဒါယကာကို ငါ သတိပေးပါတယ်။

**ရာဇာဓိရာဇ်။** ။ သင့်မြတ်လှပါတယ်ဘုရား။ သို့သော် အင်းဝမင်းကြီးစွာ ဟံသာဝတီသို့ စုန်ဆင်းတုန်းက ဘာကြောင့် ဒီလို တရား မပြခဲ့ပါသလဲ၊ တပည့်တော် တုံ့ပြန်ဖို့ လာခါမှ ခန္တီတရား လက်ကိုင်ထားပါဆိုတာ တစ်ဖက်သတ် ဖြစ်မနေပါလား။

**စကြိုသူမြတ်။** ။ (ပြုံးလျက်ပင်) ကကုသန်ဘုရားလက်ထက် သာသနာတော်ကတည်းက ခန္တီတရားဟာ ယနေ့ထိ တစ်ခုတည်းပါ။ မင်းကြီး အနေနဲ့ တရားတော်ကိုသာ ကြည့်ပါ။ (မဟာအဝီစိငရဲ၊ ပဥ္စာနန္တရိယကံတို့ကို ရှင်းပြပြီး) စစ်ဗျူဟာခင်းပြီး တိုက်ခိုက်သတ်ဖြတ်တဲ့အပြစ်ကြောင့် အပါယ်လေးပါးက လွတ်ကင်းနိုင်ပါ့မလား မင်းမြတ်။

**ရာဇာဓိရာဇ်။** ။ ရာဇဓမ္မမှာ အကျိုးနဲ့ အပြစ်ဟာ ဒွန်တွဲနေပါတယ်။ သံသရာကျင်လည်သမျှ ဘယ်သူမှ အပြစ်ပါပ အကုသိုလ်ကံက လွတ်အောင် မရုန်းနိုင်ပါ။ စိတ်ကြံစည်သမျှ ပညာဉာဏ်နဲ့ နှိုင်းဆခြင်းသာ ဝစာနပါဘုရား။

**စကြိုသူမြတ်။** ။ စစ်ဗျူဟာခင်းမယ်ဆိုလည်း စစ်အင်္ဂါလေးပါးတို မင်းကြီး သိထားဖို့လိုပါတယ်။ (လေးပါးကို ရှင်းပြပြီး) ကာလ၊ ဒေသ၊ ဥတုကို မင်းကြီး မေ့နေသလား (အင်းဝဒေသ မိုးဦးလေဦး မြစ်ရေလျှံခြင်းကို ပြောပြပြီး) ဒီလိုအချိန်မှာ မင်းကြီးရဲ့လှေတွေ၊ တပ်သားတွေ ဒုက္ခရောက်မယ်၊ အင်းဝကို မတိုက်ရဘဲ အလိုအလျောက် ပျက်စီးပါလိမ့်မယ်။

**ရာဇာဓိရာဇ်။** ။ (ပြုံးပြီး) တပည့်တော်က စစ်အင်္ဂါလေးပါး သာမက ရှစ်ပါးအထိ သိပါတယ်။ (ရှစ်ပါးကို ရှင်းပြပြီး) အရှင်ဘုရားပြောပြတဲ့ လေးပါး မှန်တယ် မှားတယ် တပည့်တော် မပြောလိုဗါဘုရား။

**စကြိုသူမြတ်။** ။ မင်းနှစ်ပါးစလုံးရဲ့ ပစ္စုပ္ပန်၊ အနာဂတ် အကျိုးအတွက် မည်သည့်ဘက်မှ မလိုက်စားဘဲ ငါ ယခုလို ကြိုးစား သတိပေးနေတာပါ မင်းကြီး။

စကားအရှိန်ကောင်းနေစဉ်မှာပဲ ရွှေကြက်ယက်ဘုရားက ဖမ်းလာခဲ့တဲ့ သုံ့ပန်းခုနစ်ယောက် (မြန်မာစာပေမူအရ ဘုရားကျွန်သီးတော်များ)ကို





မင်းကြီးထံ ဆက်လာပါတယ်။ ဒီအခါ စကြိုသူမြတ်က ဘုရားအမှု ဝေယျာဝစ္စ လုပ်သူများကို အန္တရာယ်ပြု သတ်ဖြတ်တာ ငါ မျက်ဝါးထင်ထင် မြင်ရပြီ၊ အပြစ်ကြီးလှတယ်၊ ငါ တရား သံဝေဂဖြစ်လှတယ်။ ငါတို့ကို ပြန်ခွင့်ပြုပါတော့လို့ မိန့်ပြီး ထွက်ခွာမယ်လုပ်ပါတယ်။ ဒီအခါမှ ရာဇာဓိရာဇ် စိုးရိမ်လှစွာနဲ့ မေးမြန်းပြီး စိတ်ကြမ်းများလျော့ပါး၊ သမပဋိပတ် စိတ်တွေ ဝင်၊ ရတနာသုံးပါးကို သတိရလာပြီး ဘုရားကျွန်သီးတွေကို သတ်သူ သူ့ရဲမက်တွေကို အပြစ်ပေးပါမယ်လို့ ဆိုပါတယ်။ ဒီအခါ စကြိုသူမြတ်က ထပ်မံ တားမြစ်ပြီး ရဲမက်တွေကိုပါ အပြစ်လွှတ်ဖို့ အလှူခံပါတယ်။ ဘုရင်က သဘောတူပြီး သုံ့ပန်းတွေကိုပါ လှူပါတယ်။ ပြီးမှ "တပည့်တော် အရှင်ဘုရားရဲ့ ဩဝါဒကို မဆန့်ကျင်တော့ပါ။ စစ်ပြီး စုန်ဆင်းပါတော့မယ်၊ ဒီရောက်ခဲ့တာ အစွဲပြုလို့ ဘုရားကျောင်းတော် တစ်ဆောင် ဆောက်လုပ်လှူဒါန်းချင်ပါတယ်။ တပည့်တော်မှာ သဒ္ဓါတရား ဖြစ်ပေါ်လာပါတယ်" လို့ လျှောက်ပါတယ်။

စစ်သွေးစိတ်မာန် တက်နေတဲ့ ဘုရင်တစ်ပါးကို ရင်ဆိုင်တွေ့၊ အရေးဆို စစချင်းပဲ "သင့်မှာ ရဟန်းပညာရှိလည်း မရှိ၊ လူပညာရှိလည်း မရှိ" လို့ ရဲရဲပြောခဲ့တဲ့ အဖွင့်စကားဟာ ဆွေးနွေးပွဲရဲ့ အရေးပါသော ပဏာမစကား လုံး ဖြစ်ပါတယ်။

နောက်ပိုင်း အင်းဝ-ဟံသာဝတီ အပြန်အလှန် စစ်ထိုးခဲ့ကြပေမယ့် ဒီတစ်ချီမှာ စကြိုသူမြတ်အရှင် ငြိမ်းချမ်းရေး လုပ်ဆောင်တာ အောင်မြင်ခဲ့တာကတော့ ဧကန်ဖြစ်ပါတယ်။ ရာဇောဝါဒ ဆုံးမစကားအဖြစ် ပင်းယစကြိုသူမြတ်ရဲ့ နှုတ်ထွက်ဩဝါဒ စကားလုံးဟာလည်း 'သမိုင်းဝင်' ဖြစ်နေပါတော့တယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## "အင်းဝကို ပြန်လည်တိုက်ခိုက်တော့မည်ဟု အရှင်မိန့်ပြန်သည်မှာ မသင့်လျော်၊ တရားနည်းလမ်း မကျ"

### (အမတ်ဒိန်မဏိရွတ်)

'စကားခြောက်ခွန်း၊ လူ့ဒွတ်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းကိုတည်'။ လူတိုင်းလိုလို သိကြတဲ့ ဆိုထုံးဖြစ်ပါတယ်။ အဘယကုမာရမင်းသားကို အကြောင်းပြုပြီး ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့ရာမှာ ပါဝင်ခဲ့တဲ့ စကားဖြစ်ပါတယ်။ စကားခြောက်မျိုးရှိရာမှာ ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါး မနာလို မနှစ်သက်။ ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါး နာလိုနှစ်သက် ဆိုတဲ့ နှစ်ခွန်းသော စကားအမျိုးအစားပါ။ လေးဆယ့်ငါးဝါ ပတ်လုံး ဗုဒ္ဓရှင်တော် သတ္တဝါများကို ကယ်တင်ဆုံးမ တရားဒေသနာ ပြတော်မူခဲ့ရာမှာ ဘုရားရှင်အစဉ် အသုံးပြုခဲ့တဲ့ စကားနှစ်မျိုးလည်း ဖြစ်ပါတယ်။

ဒီနှစ်မျိုးထဲက ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလိုမနှစ်သက် အမျိုးအစားဝင် စကားတစ်ခွန်းကို ပြောခဲ့သူကတော့ အမတ်ဒိန်မဏိရွတ်ပါ။

ပင်းယစကြိုသူမြတ်နဲ့ အစေ့အစပ် ဆွေးနွေးပြီးနောက်မှ ရာဇာဓိရာဇ် ဟာ စစ်ကိုရုပ်သိမ်းပြီး အင်းဝကနေ စုန်ဆင်းခဲ့ပါတယ်။ စုန်မဆင်းခင်မှာ





ရာဇာဓိရာဇ်ဟာ သဒ္ဓါအားအပြည့်နဲ့ ရွှေကြက်ယက်တံတိုင်းအနီးမှာ ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့ပါသေးတယ်။ စီးလာတဲ့ လှေဖောင်ကြီးကို ဖျက်စေပြီး ပန်းပုရုပ်လုံးများနဲ့ အကျအန မွမ်းမံဆောက်လုပ်စေကာ်ချ လှူဒါန်းခဲ့တာပါ။ ဒီကုသိုလ်အတွက် ရာဇာဓိရာဇ် များစွာ နှစ်သောင်းအားရဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကုသိုလ်သဒ္ဓါပီတိဟာ ကြာကြာခံလိုက်ရပါဘူး။ လှေတပ်ကြီး စုန်ဆင်းလို့မှ မကြာခင်မှာ ဘုရားကျောင်းတော်ဆီက မီးခိုးလုံးကြီးတွေ လိုမ့်တက်လာတာကို တွေ့လိုက်ရတော့ ပီတိဟာလေး ပျက်ပြီး ဒေါသအမျက်ခြောင်းခြောင်း ထွက်ခဲ့ရပါတော့တယ်။

ဘုရင်မင်းခေါင်က ရာဇာဓိရာဇ် စုန်သွားပြီဆိုတာသိရတဲ့အခါ ဘုရားကျောင်းတော်ကို မီးထင်းတိုက်စေခဲ့လို့ပါ။ ရာဇာဓိရာဇ်က ဒေါသနဲ့ အမိန့်ချလိုက်ပါတယ်။ "ငါ ဆောက်လုပ်လှူဒါန်းခဲ့တာကို သင်းတို့ မီးရှို့ဖျက်ဆီးခံကြတယ်၊ တပ်လှေတွေ အားလုံးရပ်၊ ဆက်မစုန်နဲ့၊ ပြန်ဆန်တက်၊ အင်းဝကို ငါ အရပြန်တိုက်မယ်" တဲ့။ သာမန်အားဖြင့် ကြည့်ရင်တော့ ရာဇာဓိရာဇ်ရဲ့ အမိန့်ဟာ ယုတ္တိသင့်ပါတယ်။ ဒေါသလည်း ထွက်စရာပါ။ ပြန်ဆန်တက်ပြီး တိုက်ချင်စရာပါ။ တိုက်မယ်လို့ ချီလာခဲ့၊ စကြိုသူမြတ်နဲ့ ဆွေးနွေးခဲ့သွားစစ်မာန်တွေကို ချ၊ သဒ္ဓါဝင်လာပြီး ဘုရားကျောင်းတော်တောင်မှ ဆောက်လုပ် လှူဒါန်းခဲ့တာကလား။ ဒါကိုမှ မီးရှို့ဖျက်ဆီးခံလိုက်ရတာလား။ အမျက်ခြောင်းခြောင်းထွက်နေတဲ့ ဘုရင့်ရှေ့တော်ကို ဘယ်သူမှ ဆင်ရဲပါဘူး။ ဒါပေမဲ့ အမတ်ဒိန်တစ်ယောက်ကတော့ ကြောက်ကြောက်နဲ့ပဲ အတင်းဦးခိုက်ပြီး လျှောက်ထားပါတယ်။

(ရာဇာဓိရာဇ်၊ ဟံသာဝတီ နန်းမြို့ထဲ ဝင်ခဲ့စဉ် တံခါးတစ်ချပ်သာ ဖွင့်ပေးခဲ့လို့ ရာဇမာန်ရှပြီး ငါ့မျက်စိထဲ ခြောင့်စူးဝင်ဆဲလို့ ပြောခဲ့တာ၊ ဒီအခါ အမတ်ဒိန် မကြောက်မရွံ့ လျှောက်ခဲ့တာ၊ လက်ရင်း လူယုံတွေထက် ဦးစွာ အမတ်ဒိန်မဏိရွတ်ဘွဲ့ ရခဲ့တာတွေကို ဒီသမိုင်းဝင်စကားရဲ့ တစ်ဝှဒ်မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။)

အခုလည်း အမတ်ဒိန်ဆိုပြန်ပါပြီ။ သူလျှောက်ပုံ— လောကကြောင်း ဓမ္မကြောင်း၊ ဓမ္မကြောင်းတွေနဲ့ ဘယ်လောက်ညီညွတ်တယ်ဆိုတာ နားထောင်ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အရှင့်ကုသိုလ်ကို သူတို့ ဖျက်ဆီးပစ်တာ အရှင်ကောင်းဖို့ပါ၊ အ ကြောင့်လဲဆိုတော့ အကြင်ပုဂ္ဂိုလ်ဟာ ကြီးပွားလိုရင် ကုသိုလ်ကောင်းမှု ပါတယ်။ သာသနာအတွက် အရှင်ပြုထားခဲ့တဲ့ ဒီကုသိုလ်ကို သူ မီးတို့ ဖျက်ဆီးပစ်တာဟာ ဘုရင်မင်းခေါင်အနေနဲ့ သူ့တန်ခိုးအာနုဘော် ပျော သွားအောင် သူ့ဘာသာသူ လုပ်တာပါပဲ။

"ဘုရင်မင်းခေါင်ဟာ ရတနာသုံးပါးနဲ့ ရတနာသုံးပါးနဲ့ သာသ တော်ကို ဖျက်ဆီးသူ ဖြစ်သွားပါပြီ၊ မီးခဲကိုင်သူ လက်ကိုသာ မီးလောင်သ သူ့မှာသာ အပြစ်တွေ ကျရောက်ပါတော့မယ်၊ တန်ခိုးအာနုဘော် ညှိုးသွား ဘုရင်မင်းခေါင်ဟာ အရှင်နဲ့ စစ်ပြိုင်တိုက်ခိုက်လို့ အောင်မြင်ဖို့လမ်း တော့ပါဘူး။

"အရှင့် ကုသိုလ်ကတော့ ရေစက်ချ လှူဒါန်းခဲ့ပြီးပြီဖြစ်လို့ အ မြောက်ခဲ့ပါပြီ၊ ကုသိုလ်တရားဘာဝနာပွားသူသာ မင်္ဂဖိုလ်ကို ရနိုင်မှာဖြ တယ်။ ဘုရားရှင် ဟောထားခဲ့ပါတယ်၊ အကြင်သူသည် သေနင်္ဂခင် စစ်အကြိမ်တစ်ရာ၊ တစ်ထောင်ပင် အောင်မြင်သည်ဆိုစေ၊ ခန္တီဟုဆိုအပ် သည်းခံခြင်းစစ်ကို တစ်ကြိမ်အောင်မြင်သည်နှင့် မညီသေးပါတဲ့။ ခန္တီ ရတဲ့ အကျိုးအာနိသင်ဟာ အခြားကုသိုလ်များထက် အဆများစွာ သာ ပါတယ်။

"...ဟံသာဝတီကို ပြန်စုန်ပါတော့မယ်လို့ ပင်းယစကြိုသူမြတ် အရှင် ဝန်ခံကတိပြုခဲ့ပြီး ဖြစ်ပါတယ်၊ ယခုမှ အတိတ်၊ အနာဂတ် အ မသိသူ၊ ရတနာသုံးပါးနဲ့ သာသနာဖျက်ဆီးသူကို အမျက်ထွက်ပြီး အင်း ပြန်တိုက်မယ်လို့ အရှင် မိန့်ပြန်သည်မှာ မသင့်လျော်၊ တရားနည်း မကျလို့ ကျွန်ုပ် မြင်တဲ့အတွက် ရွှေဖဝါးတော်အောက် ရှိခိုးလျှောက် တယ်"

စိတ်ကြီးလှပြီး အခက်အခဲပေါင်းများစွာကိုလည်း သူ့ဘုန်း အင်အားနဲ့ ဖြတ်ကျော်ကာ ဘုရင်ဖြစ်လာတဲ့ ရာဇာဓိရာဇ်လို ပုဂ္ဂိုလ် တစ်ယောက်ရဲ့ အမျက်ဒေါသရှေ့မှာ ဖြတ်ဝင်ရတဲ့ ကိစ္စပါ။ ဘယ်လော အန္တရာယ်ကြီးပါသလဲ။ ပြီးတော့ (တစ်ခါကလည်း) သတ်စေအမိန့် အောက်က သီသီလေး လွတ်မြောက်ခဲ့ရတဲ့ဖြစ်ရပ် ရှိခဲ့တယ်။





အမတ်ဒိန် ဒီလို လျှောက်နေချိန်မှာ ဟိုးမြစ်ညာ ရွှေကြက်ယက် ဘုရားကျောင်းဆောင်ဆီက မီးခိုးလုံးကြီးတွေ မည်းခနဲ မည်းခနဲ ထိုးလိပ်ထဆဲဖြစ်မှာပါ။ ရာဇာဓိရာဇ်ရဲ့ သွေးကြောတွေထဲမှာလည်း ဒေါသ ဆွက ဖျန်းခနဲ ဖျန်းခနဲ တက်ပျံဆဲဖြစ်မှာပေါ့။

တော်ရုံဆိုရင်တော့ 'နင့်ပထွေးက မီးတိုက်ပစ်တာ နင်မမြင်ဘူးလား၊ သာပြန်ပြီလား' လို့ ကြိမ်းပြီး တစ်ချက်တည်း လွှဲခုတ်ပိုင်းစီရင်ပစ်လောက်စရာ ပါပဲ။

ဒါပေမဲ့ ရာဇာဓိရာဇ်က ဆင်ခြင်သုံးသပ်တယ်။ အမတ်ဒိန်ရဲ့ စကား ကလည်း ဆင်ခြင်သုံးသပ်စရာ အပြည့်။ ဟုတ်မှန်၊ အကျိုးရှိ စကား။ ဘုရင် ဘာ စစချင်းတော့ မနှာ(ယူ)လို၊ မနှစ်သက် ဖြစ်မိမှာပါ။ သို့သော် လောက၊ ဓမ္မ၊ ရာဇ အရေးသုံးပါးစလုံးနဲ့ ညီညွတ်လှတဲ့စကားကို သူ နှစ်သက်လာရ ပါတော့တယ်။

"လှေဦးလှည့်၊ ဆက်စုန်ကြတော့" လို့ အမိန့်ပေးပါတယ်။ မင်းကျင့် တရား ဆယ်ပါးမှာ အကောဓ-အမျက်မထွက်ခြင်း၊ ခန္တီ-သည်းခံခြင်းရယ် လို့ နှစ်ပါး အပါအဝင် ပြဆိုထားပါရောလား။ ရာဇာဓိရာဇ်ဟာ စစ်ပွဲ အရာ အထောင်နဲ့ အောင်မြင်နိုင်ခဲ့ပါတယ်။

အမတ်ဒိန် မထိရှတ်ရဲ့ စကားတစ်ခွန်းဟာ ဘုရင်တစ်ပါးရဲ့ သန္တာန် ကို ကြည်လင်နိုင်ခဲ့စေရုံမက အစဉ်အလာ မဟုတ်သော စစ်ကိုလည်း တားဆီး နိုင်ခဲ့ပါတယ်။ ခေတ်ကာလများ၊ စနစ်များကို ဖြတ်သန်းပြီး ယခုတိုင် လှပ ပြောင်မြောက်စွာ ပွဲတင်မြည်နေဆဲစကားလို့ လေးစားစွာ မှတ်တမ်းပြုလိုက် ရပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## "မိဖုရားကို ငါမနေပြော၊ သင်းကိုသာ ငါနေပြောသည်"
### (ရာဇာဓိရာဇ်)
## "တို့သခင်စိတ်တော်ကိုသာ စမ်းသည်၊ ချစ်သနားတော်မူသည် မှန်၏"
### (လဂွန်းအိန်)

သူ့အမည်ရင်းက မသလုံပါ။ တိုက်ကုလားမြို့ကို စားရပြီး ဘုရင်ပေးတဲ့ ဘွဲ့မည်က လဂွန်းအိန်၊ (လွန်အိန်= သိကြားမင်းကဲ့သို့ စွမ်းသူ) ဖြစ်ပါတယ်။ သူ့ရှင် ရာဇာဓိရာဇ်ထံပါး အမှုထမ်းကြတဲ့ သူရဲကောင်းတွေထဲမှာ ထင်ရှားတဲ့သူပါ။ သံလျှစ်သမီး မေနှင်းကေသရာနဲ့ အကြောင်းပါ၊ ခေါင်ငါးဆက်စံအိမ်ကြီးကို ပိုင်ဆိုင်ရပြီးနောက်မှာ လဂွန်းအိန်ရဲ့ဂုဏ်သတင်းဟာ ပိုလို့ ကြီးကျယ်လာခဲ့ပါတယ်။ သူ့ရှင်ကလည်း အများကြီး မြှောက်စားခဲ့ပါတယ်။

သူ့ဘုရင်နဲ့ သူ့သူရဲကောင်းတို့ စစ်ပွဲကာလတစ်ခုမှာ အချစ်စမ်းအဖြစ်သည်းလိုက်ကြပုံတစ်ခုကတော့ မထိတ်သာ မလန့်သာလို့ပဲ ဆိုရပါတော့မယ်၊ ဖြစ်ပုံက ဒီလိုပါ။ သက္ကရာဇ် ၇၅၀ မှာ မြောင်းမြစား လောက်ဖျားနဲ့ ဒလစား မညီဂံဂေါင်တို့ ပူးပေါင်းပြီး ရာဇာဓိရာဇ်ကို ပုန်စားဖို့ ကြံကြပါ





တယ်။ ဒလစား မညီဂံဂေါင်ကို သူ့ရှင် ချေမှုန်းနိုင်ခဲ့ပေမင့် လောက်ဖျားက အလုံးအရင်း ကောင်းကောင်းနဲ့ ဆက်အန်တုနေပါရော။ ဒါနဲ့ပဲ မြောင်းမြကို တိုက်ဖို့ မလွယ်သေးဘူးဆိုပြီး ပုသိမ်ကို ကြိုတိုက်ဖို့ ချီပါတယ်။ ပုသိမ်က မြောင်းမြစားကို စစ်ကူပေးတာပါ။ ပွဲကြမ်းပါတယ်။ သူ့ရှင်ဘက်က အမတ်ရာဇမန္တ ဆင်ထက်မှာပဲ သေနတ်မှန် ကျဆုံးတဲ့ အထိပါပဲ။ ဒါကြောင့် တပ်ရုပ်ပြီး မြောင်းမြကို ချီပြန်ပါတယ်။ ပုသိမ်နဲ့ မြောင်းမြကို နှစ်ဖက်ညှပ် တိုက်ကြဖို့ တပ်ချပါတယ်။

သူ့ရှင်က လက်ရုံးသူရဲကောင်း လဂွန်းအိန်ကို ဒေါင်းပေါင်လုလင်ကနေ ရေကြောင်းတိုက်ပွဲနွှဲဖို့ အမိန့်ချပါတယ်။ အင်မတန် ခက်ခဲကြမ်းတမ်းမယ့် တိုက်ပွဲပါပဲ။ စစ်ထွက်ဖို့ အမိန့်နဲ့အတူ လဂွန်းအိန် စိတ်ဓာတ်ပိုတက်ကြွ၊ အမှုတော် ရှုပ်ရှုပ်ရွံ့ရွံ့ ပိုထမ်းရွက်အောင် သူ့ရှင်က အစီအစဉ်တစ်ခု လုပ်ပါတယ်။

လုပ်ပုံက ကိုယ်တိုင်သုံးဆောင်တဲ့ ရွှေကွမ်းအစ်မှာ ကွမ်းထည့်ပြီး မိဖုရား မွေ့သင် ခေါ် ဒလသုဒ္ဓမာယာကို လဂွန်းအိမ်ထံ ပို့လွှတ်ဆက်သစေတာပါ။ ကြီးစွာသော ဂုဏ်ပြုခြင်းနဲ့ စိတ်ဓာတ်မြှင့်တင်ရေးပါပဲ။ သက်ဦးဆံပိုင်စနစ်အရ သူရဲကောင်းဆိုတာလည်း ဘယ်လောက်ပင် ကြီးကျယ်စေကာမူ ဘုရင့်ရဲ့ ကျွန်ပါ။ ကျွန်တစ်ယောက်ထံ မိဖုရားကို ဘုရင်သုံးတဲ့ ရွှေကွမ်းအစ်နဲ့ စေလွှတ်တယ်ဆိုတာ နည်းနည်းနောနော ချီးမြှောက်မှုမှ မဟုတ်ဘဲကလား။

လဂွန်းအိမ်ဟာ မိဖုရားထံက ကွမ်းကိုစား၊ တပ်စခန်း ပြန်ရောက်တဲ့အခါ စဉ်းစားပါတော့တယ်။ ပုသိမ်တပ်မှာ လှေတပ်အင်အား များလှတယ်၊ တို့မှာ နည်းလွန်းတယ်။ သူ့ရှင်က ငါ့ကို အစွမ်းကုန် ချီးမြှောက်မြှင့်တင်ပေးလိုက်တာပါပဲ။ ဒါပေမဲ့ ငါ စမ်းဦးမယ်၊ ငါ့ကို သူ့ရှင် တကယ် ချစ်မချစ်၊ ချစ်ရင်လည်း ဘယ်လောက်အထိ ချစ်သလဲ ငါ စမ်းဦးမယ်။ တကယ်ချစ်တော်မူလို့ကတော့ ငါ့အသက်ကို စွန့်ပြီး အမှုထမ်းမယ်။ ဒီလိုတွေးပြီး လဂွန်းအိန်ဟာ တပည့်တစ်ယောက်ကို "ငါ့ကို မေးရင် ငါ နေမကောင်းဖြစ်နေတယ်လို့ ပြော" လို့ မှာပြီး စောင်ခေါင်းမြီးခြုံ အိပ်နေပါသတဲ့။

မိုးသောက်လို့ စစ်ထွက်ရတော့မယ့်အချိန်မှာ အမတ်ဒိန်နဲ့ ဗိုလ်မင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး သမိန်ဗြတ်ဇတို့ တပ်လှည့်စစ်ဆေးကြတော့ တပ်ဦးမှာ လဂွန်းအိန်ကို မတွေ့။ ရေတက်ချိန်၊ စစ်ထွက်ရတော့မယ့်အချိန်၊ လဂွန်းအိန် ဘယ်ရောက်နေသလဲပေါ့၊ ဟိုတပည့်က တပ်မင်း နေမကောင်းလို့ အိပ်နေပါတယ်ဆိုတော့ လဂွန်းအိန်ရဲ့ လေှထက် အိပ်ခန်းထဲ ဝင်ကြည့်ကြပါတယ်။ နဖူးစမ်းလက်စမ်းကြည့်တော့မှ လဂွန်းအိန် ဖြေပါတယ်။ "မနေ့ညက မိဖုရားကျွန်တော့်ထံ ကွမ်းဆက်လာစဉ် ရင်ဝတ်လျှောကျခဲ့တာ တွေ့ရပြီးနောက်မှာ ကျွန်တော် စွဲလမ်းပြီး မအိပ်နိုင် မစားနိုင်၊ ကယောက်ကယက်ဖြစ်ခဲ့ပြီ၊ စစ်ထွက်လည်း သေမယ်၊ စစ်မထွက်ဘဲနေလည်း သေမယ်၊ သေမှာချင်းအတူတူ မထွက်တော့ဘူး" တဲ့။

အမတ်ဒိန်နဲ့ သမိန်ဗြတ်ဇတို့က အမျိုးမျိုး ဆုံးမဩဝါဒ ပေးကြပါတယ်။ ဆူလိုက်ကြိမ်းလိုက်၊ အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်။ လဂွန်းအိန်က ပေပြီး ခံနေပါတယ်။ အမတ်ကြီးနှစ်ဦးက ထပ်ဆုံးမပါတယ်။ စစ်ကာလမို့ မင့်အလိုလိုက်ပြီး မိဖုရား မင်းကို ပေးတယ်ပဲထား၊ စစ်ပြီးတဲ့အခါ သူ့ရှင် တနုံ့နုံ့ရှိမယ်၊ ရှိလေတိုင်း မင်း အကုသိုလ်တက်မယ်၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တဲ့ ယုတ်မာတဲ့အကြံ မင်းကြံတယ်... စသည်ဖြင့်။

မရဘူး။ လဂွန်းအိန်ကလည်း "ဒါ ကျွန်တော့်ကြောင့် မဟုတ်၊ သူ့ရှင်အစီအမံကြောင့် ဖြစ်ရတာ၊ တောဆင်မထံ အာရုံငြိပြီး မုန်ယစ်တဲ့ ဆင်ပြောင်ကို ဆင်ကဲက မထိန်းနိုင်သလို ကျွန်တော့်ကို ဦးရီးတော်တို့ ထိန်းနိုင်မှာမဟုတ်ဘူး။ ထက်နေပြီးသား ဓားကို သံချေးတက် ပျက်တုံးစေပြီးမှ ဒီပျက်တုံး ဓားနဲ့ ပွဲဝင်မယ်တဲ့လား။ ဘယ်တော့မှ ပွဲရမှာ မဟုတ်ဘူး။ ရန်သူကိုအောင်မြင်လိုလျှင် ဓားရှင်က သူ့ဓားကို ပြန်ထက်အောင်သွေး၊ သံချေးပွတ်တိုက်၊ ဒီလိုလုပ်မှဖြစ်မယ်။ အခုတော့ မရတော့ဘူး၊ စစ်မထွက်ဘူး" လို့ လုံးလုံးကြီးကို ဘူးခံနေပါတော့သတဲ့။

အမတ်ကြီး နှစ်ဦးလည်း မင်းကို ငါတို့ ဆုံးမတယ်။ မင်း မနာယူ အခုလို အထွန့်တက် ချေပနေတာတွေကို သူ့ရှင်ထံ ပြန်သံတော်ဦးတင်လိုက်ရမလားဆိုတော့ လဂွန်းအိမ်က ဦးရီးတော်တို့ သဘောတဲ့လေ။

အမတ်ကြီးနှစ်ဦး အတော်အကျပ်ရိုက်သွားပါတယ်။ နောက်ဆုံးတော့ စစ်ကာလကြီးမှာ ဆုတ်ဆိုင်းနေလို့မဖြစ်၊ အချိန်ကြာရင် စစ်ရေးစစ်ရာ ပျက်





တော့မယ်။ ဖြစ်သမျှအလုံးစုံ တင်ကြစို့လို့ ဆုံးဖြတ်ပြီး သူ့ရှင်ထံ ဝင်ကြပါတယ်။ ဒါတောင်မှ လဂွန်းအိန် စစ်မထွက်ပါ သူ့ရှင်လို့ လျှောက်ပြီး ရှေ့ဆက်ဖို့ အတော်ခက်နေကြသေးတယ်။ ဘုရင်က ဘာဖြစ်သလဲ၊ ဘာပြောသလဲမေးတော့ ကျွန်စဉ်းလဲ စကားကို မဆိုသာပြီလို့ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြပြန်တယ်။ သူ့ရှင်က ဆိုသာဆိုပြောတော့မှ အကြောင်းစုံ သံတော်ဦးတင်ကြပါတယ်။

အလုံးစုံ ကြားရတဲ့အခါ သူ့ရှင် ရာဇာဓိရာဇ်ရဲ့ အမူအရာကို ကြည့်ပါ။ အရေးတော်ပုံကျမ်းအတိုင်း ပြန်ရေးပြရရင် (ရာဇာဓိရာဇ်လည်း ပြုံးတော်မူ၏၊ "မိဖုရားကို ငါ မနှမြော၊ သင်းကိုသာ ငါ နှမြောသည်" ဟု မိန့်၍ မိဖုရား ဒလသုဒ္ဓမာယာကို ခေါ်စေသည်။)

ပြီးတော့ ဆက်မိန့်ပုံကို နားထောင်ကြည့်ပါဦး။

"ငါတို့ မင်းဆိုတာ သူရဲကောင်းလည်း ချစ်တာပဲ၊ မိဖုရားလည်း ချစ်တာပဲ၊ ဒီနှစ်ဖြာအနက် မိဖုရားဆိုတာ ငါတို့ အဖော်အဖက်ပဲ၊ လူ့ဘုံမှာ ငါတို့ အာရုံဖြည့်နိုင်ဖို့နဲ့ စိတ်ပျော်ရွှင်ဖို့ပဲ။ သူရဲကောင်းဆိုတာကျတော့ ရန်သူတွေကို တွန်းလှန်အောင်မြင်ဖို့ အဖော်၊ ထီးဖြူကို စောင့်ထိန်းတတ်တဲ့ အဖော်၊ နတ်ပြည်နိဗ္ဗာန်သာသနာတော်ကို ငါတို့ဆောင်နိုင်စေတဲ့ အဖော်၊ ငါတို့အတွက် ကျက်သရေမင်္ဂလာ တန်ခိုးဣဒ္ဓိပတ်အာနုဘော်ဖြစ်စေတဲ့ အဖော်။

"မိဖုရားကို နှမြောနေလို့ မရ၊ သူရဲကောင်းကို ပိုချစ်ရမယ်၊ ငါအနေနဲ့ ဒလသုဒ္ဓမာယာလို ချောမောလှပတဲ့ မိန်းမမျိုးရှင်ရင် တစ်နေ့မဟုတ် တစ်နေ့ရမှာ မုချ၊ အခုလို စစ်ပွဲကာလမှာ လဂွန်းအိန်လို သူရဲကောင်းမျိုး ရဖို့ ခက်လှတယ်" ဒီလို မိန့်ပြီး အမိန့်ချလိုက်ပါတယ်။ "မိဖုရားအား ကောင်းစွာ ပြုပြင်မွမ်းမံလျက် ရွှေလောင်းတော်ဖြင့် လဂွန်းအိန်ထံ ပို့စေ"

အမတ်ကြီးနှစ်ဦးလည်း မိဖုရားကို ပို့ဆောင်ရေးတာဝန် ယူရပြန်ပါတယ်။ ဒီမှာလည်း သူ့ရှင်က "လဂွန်းအိန် ဆန္ဒပြည့်ဝစေဖို့ မိဖုရားကို ငါ ပို့လိုက်တယ်၊ ဆန္ဒပြည့်ဝရင် စစ်ချီရာမှာ အောင်မြင်စေဖို့ ငါ ဆုတောင်းလိုက်တယ်" လို့ မှာလိုက်ပါသေးတယ်။

မိဖုရားပို့လာပြီလို့ သတင်းကြားတာနဲ့ လဂွန်းအိန်ကလည်း ကန်တော့ပွဲ၊ ရွှေပန်း၊ ငွေပန်း၊ ဖယောင်းတိုင်၊ ပေါက်ပေါက် စတာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဆင်ပြီး အဝေးကပင် လက်အုပ်ချီကန်တော့ အမတ်ကြီးတွေကိုလည်း ရှိခိုး၊ သူ့ရှင်ကိုလည်း ရည်စူးရှိခိုးပြီး ပြောပုံက...

"တို့သခင် စိတ်တော်ကိုသာ စမ်းသည်၊ ချစ်သနားတော်မူသည် မှန်၏" တဲ့။ ပြီးတော့ သူ့အပြစ်ကို ခွင့်လွှတ်ဖို့၊ ဦးရီးတော်တို့က မိဖုရားကို ပြန်လည် ခေါ်ယူဆောင်သွားဖို့နဲ့ ကျေးဇူးရှင်ရဲ့ စိတ်တော်ကို သိရပြီမို့ ဒီလောက် စစ်ကို မဆိုထားဘိ၊ ဒါထက်ကြီးတဲ့စစ်ပဲ ဖြစ်စေ၊ အသက် သေသည့်တိုင် အမှုတော်ထမ်း ကျေးဇူးဆပ်ပါမယ်လို့ လျှောက်ပေးကြပါ' လို့ မှာပါတယ်။ ရွှေလောင်း ပြန်အထွက်၊ လဝွန်းအိန်လည်း စစ်ထွက်။

ခက်ခဲကြမ်းတမ်းလှတဲ့ ဒီတိုက်ပွဲမှာ လဝွန်းအိန် အောင်ပွဲရခဲ့ပါတယ်။

ဘုရင်နဲ့ သူ့ရဲကောင်း၊ သခင်နဲ့ ကျွန်၊ အပြန်အလှန် စိတ်စမ်း အချော်စမ်းလိုက်ကြပုံများ ဩချလောက်စရာပါပဲ။ စစ်ကာလ စစ်စိတ်စစ်သွေး ဆူဝေနေတဲ့ကာလမို့ ဒီလို မထိတ်သာ မလန့်သာ အကဲစမ်းလိုက်ကြပုံကို ဩချီးနေတဲ့အချိန်မှာပဲ ဒီဘုရင်နဲ့ ဒီသူ့ရဲကောင်းကြားက မိဖုရား ဒလသုဒ္ဓမာယာ ဘယ်လိုများ ခံစား၊ ဘယ်လိုများ ပြောလေမလဲလို့ 'မိန်းမသားစကား'တို့ ကြားချင်နေမိပါတော့တယ်။

❑



"ဉယျာဉ်စိုက်သောယောကျ်ားတို့သည် ရေသွန်းလောင်း၍ အပင်ကို ကြီးထွားစေသည်။ အသွန့်ကို မဆိတ်ကြပေ"
(ရှင်ဒိသာပါမောက္ခ)

"ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် နားလည်း ထောင်တတ်၏။ ပြန်၍လည်း ပြောတတ်၏။ သင်ယူလည်း သင်ယူတတ်၏။ ခုတ်လည်း မှတ်တတ်၏။ သိလည်း သိတတ်၏။ သိစေလည်း သိစေတတ်၏။ အကျိုးစီးပွား ရှိ မရှိ၌လည်း လိမ္မာ၏။ ငြင်းခုံခြင်းကိုလည်း မပြုတတ်။ ရဟန်းတို့... ဤတရား ရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် တမန်ပြုလုပ်၍ သွားရန် ထိုက်တန်၏။"

"အကြင်ရဟန်းသည် ကြမ်းတမ်းစွာ ပြောဆိုတတ်သော ပရိသတ်သို့ ရောက်သော်လည်း မတုန်မလှုပ်။ စကားကိုလည်း မယုတ်စေ။ သတင်းစကားကိုလည်း မဖုံးကွယ်။ ယုံမှားခြင်းကင်းသော စကားကိုလည်း ပြောဆိုတတ်၏။ မေးမြန်းသော်လည်း အမျက်မထွက်တတ်။ ထိုသို့သော သဘောရှိသော ရဟန်းတို့သည် စင်စစ်အားဖြင့် တမန်ပြုလုပ်၍သွားရန် ထိုက်တန်၏"



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ကောက်နုတ်ချက်က အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်၊ ဇင္ဃမေဏ္ဍာသက၊ မဟာဝဂ်၊ ဒူတေယျသုတ်လာ ဗုဒ္ဓရဲ့စကား ဖြစ်ပါတယ်။ တမန်အင်္ဂါရှစ်ရပ်ကို ပြဆိုထားတာပါ။

နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးတို့မှာ သံတမန်ဟာ ခေတ်မရွေး အရေးပါတဲ့ကဏ္ဍ ဖြစ်ပါတယ်။ 'ဒစ်ပလိုမက်တစ်' ဆိုင်ရာ ကျင့်ဝတ်ကျင့်ထုံး၊ လုပ်နည်းလုပ်ဟန်တွေဟာ ခေတ်အလျောက် ကျယ်ပြန့်လာခဲ့ပေမယ့် ဒစ်ပလိုမေစီရဲ့ အရင်းခံဂုဏ်အင်္ဂါကတော့ ဒူတေယျသုတ်လာ အချက်ရှစ်ချက်ကနေ ပြေးမလွတ်နိုင်ဘူးလို့ ဆိုချင်ပါတယ်။

သံတမန်လို့ ခြုံပြီးခေါ်ကြပေမယ့် မြန်မာမင်းတို့ရဲ့ အုပ်ချုပ်ရေးယန္တရားမှာတော့ သံတမန် ငါးမျိုးခွဲပြတာ တွေ့ရပါတယ်။ (၁) **စေတမန်**– ဘုရင်မင်းတို့ မှာတိုင်းဆိုသူ (၂) **တန်ဆော**– မင်းနှစ်ပါးတို့ကို သင့်အောင်ဆိုသူ (၃) **သုံ့သေး**– စကားအသွားအလာကို ထောက်၍ မယုတ်မလွန်ဆိုသူ (၄) **သံ**– လိုသောအချက်ကို တောင်းလာသူ (၅) **မင်းစေ**– မှာတိုင်းဆို၍ စေဖက်ရမှ သွားသောသူ။

ခရစ်နှစ်(၁၃) ရာစုကုန်ခါနီးမှာ မွန်ဂိုတို့ဟာ ဧရာဝတီမြစ်ကြောင်းအတိုင်း မြန်မာပြည်အလယ်ပိုင်းကို ချင်းနင်းဝင်ရောက်ဖို့ ကြံစည်ခဲ့ကြတယ်။ ဒီအခါ နရသီဟပတေ့ (တရုတ်ပြေးမင်း) ဆည်းကပ်တဲ့ မင်းဆရာ ရှင်ဒိသာပါမောက္ခ (သျှင်ဒိသာပြာမုက်)ဟာ မင်းကြီး စေလွှတ်ချက်အရ တယ်တူ (မဟာမြို့တော်၊ ပီကင်း၊ ဘေကျင်း) ကို ကြွပြီး ကူဗလိုင်ခန် (ခူဗီလိုင်)နဲ့ အရေးဆိုခဲ့ပါတယ်။

မြန်မာသက္ကရာဇ် ၆၄၆၊ ခရစ်နှစ် ၁၂၈၄ မိုးရာသီ အကုန်အထိ မွန်ဂိုတို့ မဝင်လာသေးပါဘူး။ ဒါပေမဲ့ ဆောင်းရာသီရောက်ရင် ဆင်းလာတော့မှာပဲလို့ နရသီဟပတေ့ စိုးရိမ်ပါတယ်။ ဘုရင်ကိုယ်တိုင်လည်း ပုဂံနေပြည်တော်ကခွာပြီး ပြည်အနောက်ဘက်မှာ တိမ်းရှောင်နေခဲ့တာ နှစ်နှစ်နီးပါးခန့် ရှိပါပြီ။ အမှန်တော့ နရသီဟပတေ့က စိုးရိမ်နေပေမယ့် နောက်တစ်နှစ် ၁၂၈၅ မိုးကုန်လို့ ဆောင်းဝင်တဲ့အထိ မွန်ဂိုတို့ဟာ မြန်မာပြည် အလယ်ပိုင်းကို စစ်မဆင်နိုင်သေးဘဲ စစ်ပြင်တဲ့အဆင့်သာ ရှိပါသေးတယ်။ (တကောင်း/သင်းတွဲကတော့ မွန်ဂိုလက်တွင်း သက်ဆင်းခဲ့ပါပြီ)





ဒီအချိန်မှာ အနန္တပိစည်နဲ့မဟာပိုဆိုတဲ့ အမတ်နှစ်ဦးကို ခေါင်းဆောင်တင်ပြီး ဘုရင်က တကောင်းကို သံအဖွဲ့ လွှတ်ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးနဲ့တင် မလုံလောက်တော့ဘဲ ရှင်ဒိသာပါမောက္ခ ပါဝင်လာဖို့ အခြေအနေဖြစ်ပေါ်လာပါတော့တယ်။

ဆရာတော်ဟာ သစ်ဆိမ့်နဲ့ ဟန်လင်းက ထွက်ခွာခဲ့ပြီး တကောင်းကို ရောက်လာတယ်။ မွန်ဂိုတို့ စေလွှတ်ခဲ့တဲ့ တိဗက်မဟာယာန ရဟန်းများနဲ့ တွေ့ဆုံခဲ့တယ်။ သည့်နောက်မှာ နယ်ခြားကို ဖြတ်ပြီး ဆရာတော်ဟာ (အခု ယူနန်နယ်မြို့တော်) ယဆည်ကို ရောက်လာတယ်။ ဝါဆိုပြီး အဲဒီနှစ် ၁၂၈၆ ဆောင်းတွင်းမှာ ခရီးဆက်ပါတယ်။ ကူဗလိုင်ခန် မင်းကြီးနဲ့ တွေ့ကြတဲ့အခါ ဆွေးနွေးကြတဲ့စကားတွေကို အများသုံးစကားနဲ့ ပြန်ပြောရရင်–

**ကူဗလိုင်ခန်**။ ။ တကောင်းကို ကျွန်ုပ်စေလွှတ်တဲ့ ရဟန်းတော်အဖွဲ့ဟာ စစ်ရေးအတွက် မဟုတ်ပါဘူး။ သာသနာရေးအတွက်ပါ။ (မွန်ဂိုမင်းသား ဆုဆုတေဂိခေါင်းဆောင်တဲ့ စစ်တပ်ကြီးနဲ့အတူ မဟာယာနဘုန်းကြီးတွေပါလာတယ်။ ပုဂံကို စစ်တပ်စုန်ဆင်းရင် ဒီဘုန်းကြီးအဖွဲ့တွေလည်း ပါလာမှာဖြစ်ပါတယ်)

**ရှင်ဒိသာပါမောက္ခ**။ ။ မဟာရာဇ၊ သင့် စစ်သည်များနဲ့ ရဟန်းများ မြန်မာပြည်အလယ်ပိုင်းရောက်ရင် ဆန်စားရမှ အသက်ရှင်နိုင်မယ်။ ဝပါးဆိုတာ တိုင်းပြည်သာယာရေးရဲ့အရင်းအမြစ်ပဲ။ ဒါပေမဲ့ အခု စစ်ကြောင့် ရဟန်း သံဃာများပင် နေပြည်တော်ကို စွန့်ခွာခဲ့ကြပြီ၊ စိုက်ပျိုးသူ မရှိတော့လို့ ဆန်လည်း မရှိတော့ပြီ။ သင့်စစ်သည်များ ဆန်မစားရဘဲ ထန်းကိုဖဲ စားကြရလိမ့်မည်။ ဝမ်းနာပြီး သေကျေကြမယ်။ (ဒုဗ္ဘိက္ခန္တရကပ်ကို သွယ်ဝိုက်ညည်ညွှန်းလိုက်ခြင်း) စစ်သည်တွေ သေနေတာကိုတွေ့ရင် ရဟန်းသံဃာတွေလည်း နေပြည်တော်ထဲ မဝင်ဝံ့ဘဲ ပြေးလွှားရင်းနဲ့ပဲ ပျံလွန်ကုန်ကြလိမ့်မယ်။ ဒီလိုသာဆိုရင် မင်းကြီးရည်မှန်းချက် အောင်မြင်ပါတော့မလား။ (ကူဗလိုင်ခန်မင်းကြီး တွေပြီး စဉ်းစား၊ အဖြေမပေးနိုင် ရှိချိန်မှာ ဆရာတော်က ဆင်ခြင်မိန့်ပါတယ်)

**ရှင်ဒိသာပါမောက္ခ**။ ။ မဟာရာဇ၊ ဥယျာဉ်စိုက်သော [illegible] တို့သည် ရေသွန်းလောင်း၍ အပင်ကို ကြီးထွားစေသည်။ အ[illegible]ကို ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကြပေ၊ သစ်ပင်သီးမှ အသီးကို စားဖို့ မျှော်မှန်းကြသည်။ ပုဂံကို ရေသွန်းလောင်းပါ၊ ပြည်က ငယ်ပေမယ့် ထိုပြည်၏ သာသနာသည် မြင့်မြတ်ပါသည်၊ မင်းကြီးမှာလည်း ဘုရားဆိုကိုတောင်းသူ မဟုတ်တုံလော။ (တိဗက်ပေါယာနအရ ဘုရားဆုပန်ခြင်း၊ ဘုရားအလောင်း ဖြစ်ရခြင်းဟာ အဓိကအချက်ပါ။ ဒီအညာကို ကိုင်လိုက်တဲ့အတွက် ကူဗလိုင်ခန်မင်းကြီး ပိုပြီးညွတ်သွားပုံရပါတယ်)

မဟာရာဇာ သင် တိုက်ခိုက်အောင်မြင်ခဲ့တဲ့ တိုင်းပြည်များဟာ များလည်းများ၊ ကြီးလည်းကြီးပေတယ်။ ပုဂံဆိုတာ ပြည်ငယ်တစ်ခုသာ ဖြစ်တယ်။ သာသနာထွန်းကားတဲ့ ဒေသမို့ ဘုရားလောင်းတို့က မြတ်နိုးကြတယ်။ စစ်သည်သူရဲများကို မလွှတ်နဲ့ဦး။ ငါတို့ ကောက်ပဲသီးနှံများကို စိုက်ပျိုးပါဦးမယ်၊ စိုက်ပျိုးပြီးစီးတဲ့ အချိန်ကျမှ ဝင်လာပါ။

**ကူဗလိုင်ခန်**။ ။ ပဏ္ဍိတ်ပြောဟောသော အမိန့်တော်တွင် တပည့်တော်အဖို့လည်း ပါဝင်ပါသည်။ ပဏ္ဍိတ် ပြန်ကြွတော်မူပါ။ ထွက်ပြေးသွားတဲ့သူတို့ကို ပြန်ခေါ်၍ ကောက်ပဲသီးနှံစိုက်ပျိုးကြပါ။ ပြီးစီးသောအခါ လူလွှတ်၍ တပည့်တော်အား အကြောင်းကြားပါ။

ဆွေးနွေးပွဲ အောင်မြင်စွာ ပြီးစီးခဲ့ပါတယ်။ ကျရောက်အံ့ဆဲဆဲ စစ်ဘေးအန္တရာယ်ကို ကျွမ်းကျင်လိမ္မာစွာ ရှင်ဒိသာပါမောက္ခ ဖယ်ရှားပေးခဲ့တာပါ။

နောက်ပိုင်းကျမှ နရသီဟပတေ့မင်းကို သားတော်ပြည်စားက လုပ်ကြံတာတွေ၊ မြင်စိုင်းညီနောင် အရေးတွေဟာ ရှင်ဒိသာပါမောက္ခနဲ့ ဘာမှမဆိုင်တော့ပါဘူး။ နောက်တစ်နှစ် ဆောင်းဦးပေါက် ကူဗလိုင်ခန် မင်းကြီးရဲ့မြေး ယူနန်မင်းသားက ဘိုးတော်ခွင့်ပြုချက်မရဘဲ ပုဂံကို ဝင်တိုက်ခဲ့ခြင်းဖြစ်ပါတယ်။ နရသီဟပတေ့ လုပ်ကြံခံရတဲ့သတင်းကို မွန်ဂိုအာဏာပိုင်တွေကြားကြားချင်း ပုဂံကို ဝင်တိုက်ခွင့်ပြုဖို့ ကူဗလိုင်ခန်ကို ခွင့်တောင်းတော့မင်းကြီးက ခွင့်မပြုပါဘူး။ ရှင်ဒိသာပါမောက္ခရဲ့ ရှေ့မှာ ကတိပြုခဲ့တဲ့ စကားတွေကို သတိတရ စောင့်ထိန်းခဲ့ပုံရပါတယ်။

စကားပြောကျွမ်းကျင်ခြင်းဆိုတာဟာ သံတမန်တစ်ဦးရဲ့ တကယ့်အရည်အချင်းပါပဲ။ သို့သော် စကားပြောကောင်းရုံနဲ့ မပြီးသေးပါဘူး။ ရာဇ





နီတိအရ (၁) သူ့ကို ဖလှယ်ခြင်း၌ ပညာရှိသော (၂) စကားဆိုခြင်း၌ လိမ္မာသော (၃) ရဲရင့်သော (၄) သူတစ်ပါး၏နှလုံးကို စူးစမ်းသိနိုင်သော (၅) ကောင်းမွန်ယဉ်ကျေးသော (၆) သူဆိုတိုင်းစကားကို တုံ့ပြန်နိုင်သော ပုဂ္ဂိုလ်မျိုးကိုသာ သံတမန်ပြုထိုက်တယ်လို့ ဆိုပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## "ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကို ချမ်းသာစွာသေရအောင်"

(သာလွန်မင်း)

ဘုရင်ကြီးတစ်ပါး၊ ဆင်စီးပြီး တိုင်းခန်းလှည့်ထွက်၊ တစ်နေ ရောက်တော့ သူဆင်းရဲမ တစ်ယောက် ထမင်းအိုးက ထမင်းရည် ငှဲ့နေ တွေ့၊ ထမင်းရည်တွေက မြေပေါ်မှာစီး...။ ဒါကို ဘုရင်ကြီးက တွေ့တော့ "ဟဲ့...သူဆင်းရဲမ၊ ထမင်းရည်ကို အလဟဿ ဖြုန်းတီးရမလား၊ ဆာလော နေတဲ့ နင့်ကလေးတွေကို တိုက်ပါတော့လား" လို့ သူဆင်းရဲမကို ဒဏ် ဆုံးမပြီးမှ အသပြာအချို့ ပေးကမ်း သနားတော်မူ...။ ဒီဇာတ်ကွက်လေး ငယ်စဉ် ပုံပြင်ဝတ္ထုလေးတစ်ပုဒ်မှာ ဖတ်ခဲ့ရကတည်းက သဘောကျခဲ့တယ် ဘုရင်ပေမယ့် ထမင်းရည် ငှဲ့ပစ်တာကအစ၊ စေ့စေ့စပ်စပ် မြင်ပါလား ဆူစရာရှိတာ ဆူ၊ ဆုံးမစရာရှိတာ ဆုံးမ၊ ပြီးတော့ ဆုလာဘ် သနားတော်မူ တယ်မှုတပါလား။ ဩော်...သာလွန်မင်း ဆိုပါလား။

စစ်ကိုင်း ကောင်းမှုတော်လို့ လူသိများတဲ့ ရာဇမဏိစူဠာစေတီကြီး ဆိုတာလည်း အထင်ကရ။ ဩော်... သာလွန်မင်း ကောင်းမှုတော်ဆိုပါလား။





သာလွန်မင်းရဲ့ ရုပ်ပုံလွှာကို အတော်များများ အဲဒီလောက်ပဲ သိမြင် ကြမယ် ထင်ပါတယ်။ ထဲထဲဝင်ဝင်လေး ကြည့်လိုက်တော့မှ အင်မတန် သားစားချစ်ခင်စရာကောင်းတဲ့ အချက်တွေကို ထပ်မံ တွေ့လိုက်ရပါတော့ တယ်။ သာလွန်မင်း ကောင်းမှုတော်စေတီ၊ ထမင်းရည်ဖြစ်ရပ်လောက်နဲ့ န့်သတ်ရှုမြင် မထားအပ်။ ဒီထက်ပို အလေးအနက် နှလုံးသွင်းအပ်တဲ့ ရင်တစ်ပါးပါလားလို့ အောက်မေ့မိရပါတယ်။ ဘာကြောင့်လဲဆိုတော့...

အနောက်ဘက်လွန်မင်းခေါ် မဟာဓမ္မရာဇာဓိပတိဟာ သားဖြစ်သူ င်းရဲဒိဗ္ဗရဲ့ လုပ်ကြံမှုကြောင့် အနိစ္စရောက်ခဲ့ပါတယ်။ (မြန်မာ ၉၉၀၊ ခရစ် အေဒီ ၁၆၂၈)။ ဒီအချိန်မှာ အနောက်ဘက်လွန်ရဲ့ ညီတော် ဖြစ်တဲ့ တိုး ဓမ္မရာဇာဟာ အဝေး (ထိုင်း၊ မြန်မာနယ်စပ်– ကျိုးတုံ) ရောက်နေခဲ့ ယ်။ အဖသတ်သား မင်းရဲဒိဗ္ဗကိုတော့ မှူးမတ်များက မင်းမြှောက်လိုက် ပါတယ်။

ဒီသတင်းလည်း ကြားရော သတိုးဓမ္မရာဇာနဲ့ မင်းရဲကျော်စွာ ညီ င်ကို နှစ်ပါးဟာ အဝကို အပြင်းချီလာခဲ့ပါတယ်။ မင်းရဲဒိဗ္ဗလည်း ငါ့ ထွေးတော် နှစ်ပါး လာပြီဆိုပြီး ရခိုင်ပြေးမယ်လို့ စီစဉ်ပေမယ့် မအောင်မြင် နန်းတော်မှာပဲ အဖမ်းခံလိုက်ရပါတယ်။ သူ့ကို မင်းရဲနော်ရထာက ်းသိမ်းထားလိုက်တယ်။ သတိုးဓမ္မရာဇာလည်း အဝကို ပြန်ရောက်ပြီး း တက်ပါတယ်။ သာလွန်မင်းလို့ လူသိများသူပါ။

မင်းရဲဒိဗ္ဗက အကြံကုန်ဂဠုန်ဆားချက် ထင်ပါရဲ့။ ရဟန်း ပြုပါရစေ ့ တောင်းပန်ပါသေးတယ်။ သာလွန်မင်းက 'ပိတုဃာတကကံ(အဖသတ်) သူကို ရဟန်းမပြုထိုက်' လို့ ဆုံးဖြတ်ပါတယ်။ သာလွန်မင်း နန်းတက်တဲ့ ာလ အခြေအနေဟာ အေးချမ်းငြိမ်သက်တယ်လို့ မဆိုနိုင်ပါဘူး။ အဖ ရင်ကို သားက သတ်၊ သားကို မင်းမြှောက်၊ နတ်ရွာစံ ဘုရင်ရဲ့ ညီတော် ွေက ဆင်းချလာ။ ခုခံတဲ့ တိုက်ပွဲတွေဖြစ်၊ ကွပ်မျက်ခံထိုက်သူတွေကို ွပ်မျက်အပြစ်ပေး... စတဲ့ တစ်နှစ်အတွင်း မြန်မြန်ကြီး ဖြစ်ပေါ်ပြောင်းလဲ သွားတဲ့ ဖြစ်ရပ်တွေကြောင့် တိုင်းသားပြည်သူ ရဟန်းရှင်လူတို့ ရော အေး ဖြစ်နေကြတဲ့ အခြေအနေတွေပါပဲ။

ဒါကိုသိတဲ့ သာလွန်မင်းဟာ လူတွေ မထိတ်မလန့်စေရအောင် မှင်သဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်ရထာကို မောင်းကြေးနင်းခတ်စေပါတယ်။ ဒီကြော်ငြာမောင်းသံဟာ သာလွန်မင်းရဲ့ စကားတွေလို့ ဆိုနိုင်ပါတယ်။

စကားလုံး အသုံးအနှုန်းရော၊ အဓိပ္ပာယ်ပါ အလွန်စေ့စပ်လေးနက်တဲ့ သာလွန်မင်းရဲ့ မောင်းခတ်သံကို နားစွင့်ကြည့်ပါ။

"...ပျိုးသည့်၊ စိုက်သည့်၊ ပြင်သည့်၊ လုပ်သည့် ဥယျာဉ်သဖွယ် ဖြစ်၏"

တိုင်းပြည်ကို ဥယျာဉ်တစ်ခုနဲ့ တင်စားလိုက်ပြီးမှ...

"ငါ့တွင်မူကား မသန်သည်ကို သန်အောင်၊ မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊ မပွားသည်ကို ပွားအောင်..."

ဥယျာဉ်(တိုင်းပြည်)ထဲက အသီး၊ အပွင့်၊ အပင် (တိုင်းသားပြည်သူ) တို့ သန်ဖို့၊ ပွင့်ဖို့၊ သီးဖို့၊ စည်ဖို့၊ ပွားဖို့... ငါ လုပ်မည်ဆိုတဲ့စကား ဆက်နားထောင်ကြည့်ကြရအောင်ပါ။

"အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက်သင့်သည်ကို အခြောက်နှင့်..."

အလွန်တာသွားတဲ့ စကားလုံးတွေပါ။ အစွတ်သင့် (စိုသင့်စွတ်သင့်)၊ အခြောက်သင့် (ခြောက်သင့်သွေ့သင့်)... ဆိုတဲ့ အသုံးအနှုန်းဟာ လူမှု နေရာမှန်၊ တာဝန်မှန်၊ ဆုပေးဒဏ်ပေး စတဲ့ အခုကာလ အသုံးစကားမှာ အကျုံးဝင် ပါရှိသွားစေတဲ့ စကားလုံးပါ။ ဆက်နားထောင်ကြည့်ပါဦး။

"ခါးသည့်အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပျက်ရအောင်"

'ခါးသူ'၊ 'ချိုသူ' တွေ ရှိနေကြမှာကို သာလွန်မင်း သိပါတယ်။ ဒါကြောင့် ခါးသူကို ပိုခါးမသွားရအောင် (မသက်ရအောင်)၊ ချိုသူကိုလည်း အချိုမပျက်ရအောင် ထိန်းမတ် စောင့်ရှောက်မယ်တဲ့။

"အမြစ်ယုက်ရင် ဩဇာပေါ့သည်၊ ပျက်သည်များကို အမြစ်အောင် မယုက်ရအောင် တတ်လုသော ဥယျာဉ်သည် သုတ်သင်သိမ်းပိုက် နိုင်သကဲ့သို့..."

အဲဒီလို ဥယျာဉ်ကြီးတစ်ခုနဲ့ ထင်သာအောင် ပြပြီးနောက်မှာ—





"သာသနာတော်စီးပွား၊ ပြည်သူလူတကာ၊ သတ္တဝါအပေါင်းတို့ စီးပွား၊ မိမိ ပြည်နိုင်ငံ၌ရှိသော လူအပေါင်းတို့ကို ကတိတည်စွာ—"

သာလွန်မင်းက အဝနေပြည်တော်သူ၊ နေပြည်တော်သားများကို ကတိပေးပါတယ်။

"ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကို ချမ်းသာစွာ သေရအောင်"

ငယ်သူတွေ ကြီးလာမယ့်အရေးမှာ 'ကြီးသာအောင်' လုပ်ပေးမယ်တဲ့၊ ဘေးဘျမ်းအန္တရာယ်မရှိ၊ မှန်ကန်စွာ ကြီးပြင်းခွင့်ရစေဖို့ဆိုတဲ့ သဘော၊ ကြီးသူတွေ အိုလာမယ့်အရေးမှာ 'အိုသာအောင်' လုပ်ပေးမယ်တဲ့။ စိတ်လက် ဆင်းရဲစွာ မအိုစေရ၊ နည်းလမ်းကျစွာ အိုမင်းခွင့်ရစေမယ်ဆိုတဲ့ သဘော၊

'အိုသသူကို ချမ်းသာစွာ သေရအောင်' ဆိုတဲ့ စကားကတော့ အလွန် လှပလောက် အဓိပ္ပာယ် ကြွယ်ဝလေးနက်လှတဲ့ စကားပါပဲ။ သေခြင်းဆိုတာ ဆင်းရဲဖြစ်တယ်။ 'ချမ်းသာစွာ သေရအောင်' ဆိုတဲ့စကားဟာ မရဏဒုက္ခကို အဓိပ္ပာယ်မဲ့ အန်တုတာမဟုတ်ပါ။ သေရခြင်းဆိုတဲ့ ပကတိဆင်းရဲ ထဲမှာ သေပုံသေနည်းဆင်းရဲတွေ ရှိနေတယ်ဆိုတာ သာလွန်မင်း သိပါတယ်၊ ဘောဂတွေ၊ ရတက်မီးတွေ၊ နောက်ကြောင်း စိတ်မချနိုင်တာတွေ စတာတွေ ဟာ ဆင်းရဲသော သေခြင်းတွေပါပဲ။

ဒီလို မဖြစ်စေရဘဲ သေခြင်းကို ရဲဝံ့အေးဆေးစွာ ရင်ဆိုင်နိုင်စေအောင်၊ အသေဖြောင့်အောင်၊ အသေတတ်အောင်၊ သေရကျိုးနပ်သကဲ့သို့ ခံယူသွား နိုင်အောင် အဲဒီလို လုပ်ပေးမယ်တဲ့။ အဲဒါဟာ ချမ်းသာစွာ သေခြင်းပါပဲ၊

ဒီမောင်းကြေးနင်းခတ်သံကို ကြားရတဲ့ ပြည်သားလူထုအပေါင်းဟာ အင်မတန်ကို ရင်အေးကြည်နူးရှိကြမှာပါ။ ရာဇဝင်မှတ်တမ်းများကလည်း သာလွန်မင်းကို 'မင်းတရားမှာ တိုင်းကားပြည်ရွာ သာလွန်သောကြောင့် လည်းကောင်း၊ ရွှေနန်းတော်ထက်တွင် သာယာစွာ လွန်သောကြောင့် လည်းကောင်း' လို့ ဂုဏ်ပြု မှတ်တမ်းတင်ကြပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## "ကျွန်ုပ် အခြားမလျှောက်သာပြီ စစ်တော်မူလော့"

(အင်းဝဘုရင် သတိုးမင်းစော)

"မောင်အင်းဝ မင့်ပွဲလေ"

(ဘုရင့်နောင်)

မကာရလောပအကျော် မာန်လည်ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူတဲ့ မဃဒေဝလင်္ကာသစ်၊ အမဇ္ဈောဝါဒခဏ်း(အမှုုအမတ်၊ မင်း ခစားများကို ဆုံးမခန်း)၊ အပိုဒ်–၃၇၆ မှာ…

"မင်းဘွယ်စိုးယ၊ စံတပဖြင့်၊ ခွင့်ရသော်လည်း၊ စောင့်စည်းအစ် ပညာနှိုင်းဆ၊ မပြုကြနှင့်၊ မင်းခပိပိ၊ ကျင့်ရေးညီလော့၊ စစ်ချီကာလ၊ အရာ၊ စစ်ပြန်လာက၊ မဆောင်ရဘူး၊ ရှုပဆင်းဖြင့်၊ မင်းရပ်သွင်သို့၊ ဆင်ယင် တန်ဆာ၊ နေရာထိုင်ပြု၊ မင်းကိုတုရှ်၊ ဝတ်မှုစားဟန်၊ မင်းသဏ္ဍာန်ဖြင့်၊ မရာ၊ ဘယ်ခါသော်မှ၊ မယောင်ရဘူး၊ ရာဇသေဝက၊ ပုရိသတို့၊ နိစ္စနိုင်း သတိသမ္ပဇဉ်၊ အစဉ်ဘယ်မှု၊ မချွတ်ကြနှင့်၊ ကြွလျှင်နိပ်ချိုး၊ မိုးလျှင်ချိုး မလွဲမှန်ဘိ၊ သဘောသိရှင့်၊ မိမိကိုယ်ကို၊ ကြီးမြင့်လိုမှု၊ မောက်မိမောက်ကြွ မပလွှားရာ၊ စကားကြွပ်ဆတ်၊ မင်းမတ်နင်သင်၊ မဆင်ခြင်ဘဲ၊ ဆိုချင်တာ





တိုင်း၊ နှုတ်မရိုင်းနှင့်၊ ပကိုင်းညွတ်လို၊ မိုက်မုန်ယို၍၊ မင်းကိုမာန မထောင်ရ ဘူး…" လို့ ဆုံးမထားပါတယ်။ (သတ်ပုံမူရင်းအတိုင်း)

ယိုးဒယား (မှန်နန်းအသုံးအတိုင်း)ကို ဘုရင့်နောင် ချီတက်တိုက်ခိုက် ခဲ့ရာမှာ ယိုးဒယားမင်းက လင်းဇင်းမင်းကို စစ်ကူခေါ်ခဲ့တယ်။ လင်းဇင်းမင်း က တိုက်ဆင်တစ်ထောင်၊ မြင်းရှစ်ထောင်၊ စစ်သည် သူရဲ သုံးသောင်းနဲ့ ချီလာ ပါသတဲ့။ (ယိုးဒယားစစ်ပွဲနဲ့ မြို့ဝန်းရံပုံ၊ လုပ်ကြံပုံ တိုက်ပွဲအသေးစိတ် ကိုတော့ စာမျက်နှာ ငဲ့လို့ မပြောသာတော့ပါ)။ လင်းဇင်းတပ်တွေ ချီလာ ကြောင်းကို ကင်းတပ်သတင်းပို့ချက်အရ သိရတဲ့အခါ မင်းတရားဟာ ယေး မြို့စား မင်းရဲလုလင်နဲ့ ဝါဂရုမြို့စား လက်ယာပြစ်တို့ကို ခေါင်းဆောင်စေပြီး တိုက် ခိုင်းပါတယ်။ အင်အားချင်း မမျှလို့ တပ်ပျက်ပြီး မင်းရဲလုလင်က သုံ့ဖြစ် ကျန်ရစ်၊ လက်ယာပြစ်က ကိုယ်လွတ်ရုန်း ပြေးလာခဲ့ရပါတယ်။ မင်းတရားကြီး အမျက်တော်ရှပြီး လက်ယာပြစ်ကို ကွပ်ဖို့ လုပ်တာကို အခြား အမတ် စစ်သည်များက အတော်လေး ဝင်တောင်းပန်မှ အသက် လွတ်ပါ တယ်။

ယိုးဒယားမြို့ကို တပ်တွေနဲ့ ရံထားတာလည်း လေးငါးလ ရှိနေပါပြီ။ စက အီနေတယ်။ အရေး မသာသေးဘူး ဖြစ်နေတယ်။ ဒါကြောင့် ဗညား ဒလ လျှောက်တဲ့ အစီအမံနဲ့ သေနင်္ဂအသစ် ချမှတ်ရတယ်။ သေနင်္ဂအသစ် ကတော့ လင်းဇင်းမင်းကို ချီလာအောင် အနီးထိ မျှားခေါ်ဖို့ပါပဲ။ ဒီအတွက် ယိုးဒယားမင်းက ဘုရင့်နောင်ဆီ ဆက်သတဲ့ ဩယာရံဆိုတဲ့ အမတ်ကို ညှပ်ယိတ်မျဉ်နဲ့ အသုံးပြုပါတယ်။ ဒီဩယာရံကို ယိုးဒယားမင်းက လွှတ်တဲ့ ဟန်နဲ့ လင်းဇင်းမင်းဆီ လွှတ်ပါတယ်။ စာထဲမှာ လင်းဇင်းမင်း စစ်ချီထွက် လာဖို့နဲ့ နေ့ရက်အချိန်ပါ ချိန်းကြဖို့ပါတယ်။ ဒီလို အပိုင်ချိန်းပြီးမှ မင်းတရား ကြီးက ဆိုင်ရာ ဗိုလ်မင်း အမတ် အကြီးအကဲတွေနဲ့ အလယ်ကြောင်း ခုနစ် တပ်၊ လက်ဝဲကြောင်း ခုနစ်တပ်၊ လက်ယာကြောင်း ခုနစ်တပ် ချီစေ၊ ကိုယ် တော်တိုင်က နောက်တပ်မ ပြုပြီး ၉၃၀ ခု၊ ကဆုန်လဆန်းမှာ တပ်တွေ ချီ ပါတယ်။

လင်းဇင်းမင်းကလည်း နာလဘို့အရပ်မှာ တပ်ချထားရှာနေပြီး ရှိတာတယ်။ စစ်ဖျားချီလာတဲ့ မြင်းတပ်တွေနဲ့တွေ့၊ တိုက်ပွဲဖြစ်ကြ မြင်းတပ်ထ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းဇင်းတပ် စစ်လမ်းကြောင်းထဲ ဝင်လာအောင် စစ်ရေးဝင်ခဲ့။ တိုက်ရည်ခိုက်ရည် ကောင်းလှတဲ့ လင်းဇင်းမင်းလည်း ဆင်တစ်ထောင်၊ မြင်းရှစ်ရာ၊ သူ့ရဲသုံးသောင်းနဲ့ ဝင်ချလာခဲ့တယ်။ သတ်မှတ်ထားတဲ့ စစ်တလင်းမြေပြင် ရောက်လာချိန်မှာ မဟာဥပရာဇာ၊ တောင်ငူမင်းနဲ့ အင်းဝမင်းတို့က ဝိုင်းညှပ်တိုက်မယ်ပေါ့။

ခရီးကွေ့ ကျွံလာတဲ့ လင်းဇင်းတပ်နဲ့ ရင်ဆိုင်တွေ့တာက အင်းဝသတိုးစောတပ်ပါတဲ့။ စိန်ပြောင်း၊ မြတပ္ပူတို့ ပစ်ဖောက်ကြတဲ့ အကွာအဝေးကို လွန်ခဲ့ပြီး ဆင်ချင်း၊ မြင်းချင်းယှက် တိုက်ကြတဲ့ပွဲ ဖြစ်သွားပါပြီ။ သတိုးမင်းစောဟာ တောအုပ်ထဲက ထွက်တိုက်ပါတယ်။ ဟိုဘက်က ဆင်သုံးစီးလေးစီးလဲတယ်။ တပ်ဆုတ်ရတယ်။ သတိုးမင်းစောက ဆင်နဲ့ပဲ ဖိလိုက်ထပ်တိုက်။ လင်းဇင်းတပ်တွေ ဖရိုဖရဲဖြစ်နေချိန်မှာ ကုန်းဘောင်စော်ဘွား၊ ညောင်ရွှေစော်ဘွားတို့ကလည်း ဆင်ချွန်းဖွင့်ပြီး လိုက်တိုက်၊ လင်းဇင်းတပ်နှစ်ခြမ်းကွဲ၊ မဟာဥပရာဇာနဲ့ တောင်ငူမင်းတို့က မြင်းတပ်ပါ အင်အား ထည့်ပြီး ဖိတိုက်။ လင်းဇင်းတပ် ပျက်ပါလေရော။ လင်းဇင်းမင်းလည်း စစ်သည်နှစ်သောင်းခန့် စုရုံးမိသမျှနဲ့ ပြေးရပါတယ်။

အမြောက်သံတွေ ကြားကတည်းက ဘုရင့်နောင်လည်း နောက်ကပိတ်ပြီး တိုက်ဖို့ ခရီးအကွေ့ကို ဖြတ်ချီတယ်။ လင်းဇင်းမင်း အပြေးလမ်းပါ။ လင်းဇင်းမင်းလည်း ကြခတ်ဝါးတောထဲထိ ဝင်ပြေး၊ ဝါးရုံထူထပ်လှတဲ့တောကြီးထဲ ပိတ်မိသွားတယ်။ ဘုရင့်နောင်တပ်ကလည်း မင်း ပြေးမလွတ်တော့ပါဘူးဆိုပြီး ဆက်မလိုက်တော့ဘဲ တပ်ချစောင့်တယ်။ (ဒါပေမဲ့ လင်းဇင်းမင်းက နောက်နေ့ လက်နက်ချပါမယ်လို့ စာစေပြီး ညတွင်းချင်း ဆက်ပြေးသွားပါတယ်)

ဆင် မြင်း၊ သုံ့ပန်းများ ရလိုက်ပြီး ပွဲလှခဲ့တဲ့ ဒီတိုက်ပွဲကြီး အပြီးမှာ စိတ်ဝင်စားစရာ ပေါ်လာတဲ့ အဖြစ်က...

"လင်းဇင်းမင်းကို ဘယ်သူတိုက်လို့ ပျက်သတုံး" လို့ မင်းတရားက မေးပါတယ်။ ဒီအခါမှာ သားတော် မဟာဥပရာဇာက စပြီး "ကျွန်တော်တိုက်တာပါ၊ ကျွန်တော်နဲ့ စစ်မျက်နှာဆိုင် တွေ့လို့ တိုက်ရာမှာ သူ စစ်ပျက်ပါတယ်" လို့ လျှောက်ပါတယ်။ ဥပရာဇာပြီးတော့ တောင်ငူဘုရင် မင်းခေါင်





ကလည်း "ဥပရာဇာနဲ့ မျက်နှာချင်းဆိုင်ကြတုန်း ကျွန်တော် လက်ဝဲကြောင်းက ဝင်တိုက်ရာမှာ သူ စစ်ပျက်ပါတယ်" လို့ လျှောက်ပြန်ရော။ မပြီးသေးပါ။ ကုန်းဘောင်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးကောင်းစော်ဘွားတို့နဲ့ စစ်ကဲမင်းများ ဖြစ်ကြတဲ့ ဗညားကျန္တ ရာဇသင်္ကြန် ဘယဂါမဏိ၊ မင်းရဲကျော်ထင်... အစရှိသူများကလည်း "ကျွန်တော် တိုက်တာပါ" လို့ လျှောက်ကြပါသတဲ့။

သေနင်္ဂအရ ဝိုင်းဝန်းတိုက်ခိုက်ကြဖို့ ချမှတ် ပြင်ဆင်ထားတာကလည်း လက်ယာ၊ လက်ဝဲ၊ အလယ် စစ်သုံးကြောင်း အားလုံးပေါင်းရင် တပ် နှစ်ဆယ့်တစ်တပ်ကိုး။ ဒီတော့ သူတိုက်တာ၊ ငါတိုက်တာနဲ့ အားလုံးပြောခွင့် ရှိကြပေမယ်။ သို့သော် ဒီလို အပြိုင်းအရိုင်း လျှောက်ကြတဲ့အထဲမှာ သားမက်တော် အင်းဝဘုရင် သတိုးမင်းစောအလှည့်ရောက်တော့။ သူက...

"လင်းဇင်းမင်းထံက ရထားတဲ့ အမတ်သုံ့ပန်းတွေ ရှိပါတယ်။ ကျွန်ုပ်အခြား မလျှောက်သာပြီ။ သူတို့ကိုသာ စစ်တော်မူပါလော့" လို့ပဲ အေးအေးဆေးဆေး လျှောက်ပါသတဲ့။ မင်းတရားကြီးကလည်း ငါ ဆုမပေးသာသေးဘူး၊ သုံ့အမတ်တွေ စစ်မေးကြည့်ဦးမယ်ဆိုပြီး စစ်ပါတယ်။

သုံ့ပန်းအမတ်တွေ ဖြေပုံက... "ကျွန်တော်တို့ကို ပျက်အောင် တိုက်သူရဲ့ အသွင်အပြင်ကတော့ အသားခပ်ညိုညို၊ နှာရောင်ခပ်စင်းစင်းပါ။ စီးလာတာက ဆင်နီကြီးပါ။ သူတိုက်လို့ ကျွန်တော်တို့ လေးစုကွဲပြီး တပ် စပျက်ရတာပါ" လို့ ဖြေကြတယ်။ အသားညိုညို၊ နှာရောင်ခပ်စင်းစင်း၊ ဆင်နီကြီးစီးလို့ဆိုတော့ ဘယ်သူမှန်းလဲ မသိ။ ဆင်ဆိုတာ အနီလည်း မရှိ၊ ခက်နေတော့တယ်။ ဒါနဲ့ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာက "မင်းတို့ မြင်ရင်မှတ်မိမလား" မေးတော့ မြင်ရင် ကောင်းကောင်း မှတ်မိပါတယ်လို့ ဖြေကြတယ်။

ဒီလိုနဲ့ပဲ တိုက်ပွဲတုန်းကလိုပဲ ညီတော်၊ သားတော်၊ စော်ဘွား၊ ဆော်ကန်၊ တပ်မှူး၊ စစ်ကဲမင်းတို့ စစ်ဝတ်တန်ဆာ အပြည့်ဝတ်ကြ၊ ဆင်စီးထွက်ခဲ့ကြ၊ လင်းဇင်း သုံ့အမတ်တွေက ကြည့်ကြလို့ စီမံရပြန်တယ်။

ဥပရာဇာက စပြီး တစ်ယောက်ပြီး တစ်ယောက် ထွက်လာ။ သူလား မဟုတ်ပါဘူး။ နောက်တစ်ယောက် သူလား၊ မဟုတ်ပါသေးဘူး... မင်းတကာ နောက်ကမှ အင်းဝ သတိုးမင်းစောဟာ သူ့ရဲ့ ဆင်တော် သန်မြ



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]ရောင်သုတ် (ဆုန်းတွေးတွေးသုတ်)ပြီး ထွက်လာပါတယ်။ [illegible] [illegible]တွေဟာ သတိုးမင်းစောကိုလည်း မြင်ရော "သူပါပဲ"လို့ [illegible] [illegible] တဲကြား ပြေးဝင်ကြပါသတဲ့။

မင်းတရားကြီးကလည်း အထွေအထူး မိန့်မနေတော့ပါဘူး။ "မောင်အင်းဝ၊ မင့် ပွဲပါပေ" လို့ ဆိုပြီး စားတော်ခေါ် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်း၊ လက်ကောက်၊ လက်စွပ်၊ ဝတ်လုံ၊ ဆင်တစ်ဆယ်၊ မြင်းနှစ်ဆယ်၊ သုံ့တစ်ရာ ချီးမြှင့်ပါတယ်။ သားတော် ဥပရာဇာ၊ ညီတော်နဲ့ အခြား စစ်ကဲမင်းများကိုလည်း သင့်ရာ ချီးမြှင့်ပါတယ်။

အင်းဝ သတိုးမင်းစောဟာ "ငါ လုပ်တာ" လို့ ပြောခွင့်ရှိပေမယ့် မပြောပါဘူး။ အခြား ညီတော်၊ သားတော်၊ စစ်ကဲမင်းများကိုလည်း 'သူတို့ကြောင့် တပ်ပျက်သည် မဟုတ်ဘဲ ကျွန်တော် လုပ်တာပါဟု ပြောဝံ့ကြသည် တကား' လို့ မပုတ်ခတ်ပါဘူး။ မျက်မြင်များကိုသာ စစ်ပါလို့ လျှောက်ခဲ့ပုံဟာ သူ့လက်ရုံး၊ သူ့နှလုံး၊ သူ့နှုတ်ဟန်ချက်ညီ ကွက်တိကျနေပါကလား လို့ နားလည်မိရပါတယ်။

❑



## "ရွှေမော်ဓောဘုရားမှာ နားထွင်းမည်"
## (တပင်ရွှေထီး)
## "ပြည်အလုံးကို နောင်တော်သာစီရင်လေ၊ ငါ့ကိုမလျှောက်နှင့်တော့"
## (တပင်မဲရွှေထီး)

အပေါင်းအသင်း မှားခဲ့လို့ ဒုက္ခကြီးစွာ ရောက်ရပုံကို လူကြီးတွေက လူငယ်တွေကို ဆုံးမရာမှာ အများအားဖြင့် အဇာတသတ်မင်းကို သာဓကပြကြပါတယ်။ ဒေဝဒတ်နဲ့ ပေါင်းမိမှားပြီး ယခုဘဝမှာပင် သောတာပတ္တိမဂ်ဉာဏ်ကိုရပြီး ကျွတ်တမ်းဝင်နိုင်တဲ့ အလားအလာရှိသူ ဖြစ်ပါလျက်နဲ့ ပိတုဃာတကကံထိုက်ပြီး ကျွတ်ပွဲကြီးနဲ့ လွဲရပုံအကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။

ရာဇဝင်ထဲကနေ နီးနီးနားနား ဆွဲယူပြရရင်တော့ လူပေါင်းမှားမို့ လုံးလုံးကြီး ဒုက္ခရောက်ခဲ့သူက တပင်ရွှေထီးခေါ် မင်းတရားရွှေထီးပါပဲ။

တောင်ငူကို စတည်ခဲ့တဲ့ သဝန်ကြီး၊ သဝန်ငယ်ကနေ မင်းစည်သူ အထိ မင်းပေါင်း နှစ်ဆယ့်ငါးဆက် ရှိခဲ့တယ်လို့ တောင်ငူရာဇဝင်မှာ ဆိုပါတယ်။ မင်းစည်သူအထိ တောင်ငူဟာ အဝရဲ့ လက်အောက်ခံပါ။ တောင်ငူ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်၊ ကေတုမတီခေတ်ရယ်လို့ ထွန်းကားခဲ့တာက မင်းကြီးညို၊ မင်းတရားရွှေထီး၊ ဘုရင့်နောင်၊ နန္ဒဘုရင် မင်းလေးပါးလက်ထက်မှာ ဖြစ်ပါတယ်။

မင်းကြီးညို လက်ထက်မှာ တောင်ငူအုပ်ချုပ်သူ ပဒေသရာဇ် တန်ခိုးဩဇာ ကြီးထွားလာရာက သားတော် မင်းတရားရွှေထီးကာလမှာတော့ သက်နက်နိုင်ငံတော်အဆင့် ရောက်ပြီလို့ ဆိုနိုင်ပါတယ်။

အေဒီ ၁၅၃၀ မြန်မာသက္ကရာဇ် ၈၉၂ မှာ မင်းတရားဘွဲ့ခံပြီး မင်းပြုချိန်က တပင်ရွှေထီးဟာ အသက် ၁၅ နှစ်ပဲ ရှိသေးတာ၊ နောက်နှစ်နှစ်ကြာမှ အသက် ၁၇ နှစ်၊ နားထွင်း (နားဖောက်) မင်္ဂလာပြုရပါတယ်။ နားထွင်းတော်မူသင့်ကြောင်း မှူးမတ်တွေက လျှောက်ကြတော့ မင်းတရားရွှေထီးက "ရွှေမော်ဓောဘုရားမှာ နားထွင်းမည်" လို့ မိန့်တော်မူလိုက်ပါတယ်။

ဒီစကားဟာ ငယ်ရွယ်တက်ကြွတဲ့ မင်းပျိုမင်းလွင် တစ်ပါးရဲ့ ဘုန်းအာဏာ ကြွေးကြော်သံကို ကန့်လန့်ကာ ပင့်တင်လိုက်တဲ့ စကားပါပဲ။ တစ်နည်းအားဖြင့် မင်းတရားရွှေထီးရယ်လို့ ဘုန်းတန်ခိုး ကျော်စောတော့မယ့် ပုဂ္ဂိုလ်တစ်ဦးရဲ့ အရုဏ်ဦး တေးသံပါပဲ။

ရွှေမော်ဓောဘုရားဆိုတာ ဟံသာဝတီ နေပြည်တော်(ပဲခူး)မှာပါ။ ဟံသာဝတီဆိုတာက အဲဒီအချိန်က သူ့ရှင်တကာရွတ်ပိခေါ် ပဒေသရာဇ်ဘုရင် အခိုင်အမာ မြို့နန်းတည်ရာ အာဏာစက် ဗဟိုဒေသ။

ရှေးပဒေသရာဇ်တို့ရဲ့ နိုင်ငံရေးပုံစံဆိုတာက အားကြီးသူချင်း နယ်လု၊ နယ်သိမ်းစစ်ပွဲများ၊ အားကြီးသူက အားနည်းသူကို သိမ်းသွင်းတဲ့ စစ်ပွဲများ ဆင်နွှဲခဲ့တဲ့အလေ့ ရှိပါတယ်။ ပုဂံပျက်ပြီးနောက်မှာ ဝါးအစည်းပြေသလို ပဒေသရာဇ်နိုင်ငံငယ်တွေ ပေါ်လာခဲ့ရာမှာ ပင်းယ၊ စစ်ကိုင်းခေတ်ကာလကျတော့ မင်းကြီးစွာစော်ကဲ လက်ထက်မှာ အဝ(အင်းဝ)ဟာ အင်အားကြီးလာခဲ့ပါတယ်။ အဝကို ဗဟိုပြုပြီး အထက်မြန်မာနိုင်ငံ ပြန်လည်စည်းရုံးလာသလို အောက်မြန်မာနိုင်ငံမှာလည်း ဟံသာဝတီကို ဗဟိုပြုပြီး အင်အားကောင်းလာခဲ့ပါတယ်။ အဝနဲ့ ဟံသာဝတီ အားပြိုင်တဲ့ စစ်ပွဲတွေကလည်း အထင်ကရပါ။ ဒီကာလတစ်လျှောက်လုံး စစ်တောင်းမြစ်ဝှမ်းဒေသမှာ စစ်လမ်းကြောင်းကနေ အလှမ်းဝေးတဲ့ နေရာမှာ ရှိနေတဲ့ တောင်ငူဟာ စစ်ဘေးက ကင်းလွတ်စွာနဲ့ တစ်စတစ်စ အားပြည့်လာခဲ့ပါတယ်။





အလားတူစွာ ဟံသာဝတီကလည်း အင်အားတောင့်တဲ့ နိုင်ငံငယ်တစ်ခု ဖြစ်ပါတယ်။ မင်းတရားရွှေထီးက နားထွင်းမင်္ဂလာကို ကိုယ့်ပြည်ကိုယ့်နန်းမှာ မလုပ်ဘဲ 'ရွှေမော်ဓောဘုရားမှာ နားထွင်းမည်' လို့ ဆိုလိုက်တာဟာ အားသစ်တွေနဲ့ ပြည့်လာတဲ့ ပဒေသရာဇ် မင်းပျိုမင်းလွင် တစ်ပါးက နေပြီး တည်ရှိဆဲ ဟံသာဝတီအင်အားကို စိန်ခေါ်လိုက်တာပါပဲ။

"ရန်သူ့အရပ် ဖြစ်ပါသည်ဘုရား" လို့ မှူးမတ်တွေက ဝိုင်းလျှောက်တာကို မင်းတရားရွှေထီးက နောက်ထပ် စကားတစ်ခွန်းနဲ့ အမိန့်ချလိုက်တယ်။ "ငါ့ကို ဝံ့မည်လော" တဲ့။

* * *

အမတ်လေးဆယ်၊ မြင်းသည်ငါးရာနဲ့ချီ၊ ရွှေမော်ဓောဘုရားပတ်လည်မှာ မြင်းငါးရာကို ရံစေပြီး ကိုယ်တော်တိုင်က ဇေယျသတ္တုရမြင်းတော်ကို ပတ္တမြားကကြိုးဆင်၊ ဘုရားပူဇော်ပြီးမှ နားထွင်းစေပါသတဲ့။ ဟံသာဝတီမင်းကလည်း အထိန်းတော် ဗညားလော၊ ဗညားကျန်းတို့ကို အလုံးအရင်းနဲ့ လွှတ်ပြီး တပ်ရံ ဝိုင်းစေတာပေါ့။

ဟံသာဝတီတပ် ရံပါပြီလို့ လျှောက်ကြတော့ မင်းတရားရွှေထီးက "နားကိုသာ တည့်အောင်ထွင်း" တဲ့။

နားထွင်းပြီးတော့မှ ဇေယျသတ္တုရပေါ်တက်တဲ့ပြီး "ငါ မင်းတရားရွှေထီး၊ နင်တို့ဝံ့မည်လော" လို့ ဟစ်ကြွေးကာ မြင်းရံငါးရာနဲ့တကွ ဇက်ကုန်လွှတ် ထွက်ခဲ့တယ်။ ရံထားတဲ့ ဟံသာဝတီတပ်တွေ အံ့အားသင့်၊ ကြက်သေသေပြီး ကျန်ရစ်ခဲ့ပါတယ်။ သုံးညဥ့်လေးရက်နဲ့ ကေတုမတီ နေပြည်တော် အရောက် ပြန်ခဲ့တယ်။

မင်းတရားရွှေထီးရဲ့ ဒီအပြုအမူဟာ ကေတုမတီသားတွေအဖို့ ဘယ်လောက် စိတ်အားတက်ကြွစေလေမလဲ။ အလားတူစွာပဲ ဟံသာဝတီ အဖို့သည်း ဘယ်လောက် အခံရခက်လိုက်မလဲဆိုတာ ခန့်မှန်းလို့ရနိုင်ပါတယ်။

နောက် ၂နှစ်ကျော် ၈၉၇ မှာ မင်းတရားရွှေထီးဟာ ဟံသာဝတီကို ချီတက် လုပ်ကြံပါတယ်။ အားလုံးသိကြတဲ့ ကျော်ထင်နော်ရထာဘွဲ့ခံ ရှင်ရဲထွက် (နောင်အခါ ဘုရင့်နောင်ဘွဲ့ခံ)နဲ့ တတွဲသော သတိုးဓမ္မရာဇာ



www.burmeseclassic.com

www.burmeseclassic.com



တုရင်ရာဇာ၊ တုရင်ဗလ၊ စတုရင်္ဂသူ၊ တုရင်ယော်စာ အစရှိတဲ့ စစ်သည် အမှုးဗိုလ်များနဲ့အတူ မင်းတရားရွှေထီးဟာ ပွဲပေါင်းများစွာ ဝင်ခဲ့ပြီး အနိုင်ရခဲ့ပါတယ်။ ဒဂုန်၊ ပုသိမ်၊ မြောင်းမြစတဲ့ ဟံသာဝတီ အနောက်တလွှား အပြင် မုတ္တမ၊ ရခိုင်… အထိ အောင်ပွဲတွေခံနိုင်ခဲ့တယ်။ ၉၀၁ ခုနှစ်မှာ ဟံသာဝတီမြို့ကို မြို့တော်ကိုဆက်၊ ရွှေမော်ဓောဘုရား အနောက်ကို ပတ်ပြီး မြို့သစ် တည်နိုင်ခဲ့တယ်။ တောင်ငူအင်အားကြီးမားတာကို စိုးရိမ်တဲ့ အဝဘုရင်ဟာ အထက်ပိုင်းဒေသ ပဒေသရာဇ်များနဲ့ ပူးပေါင်းခဲ့ပေမယ့် မင်းတရားရွှေထီးရဲ့ စစ်ပရိယာယ် ကျွမ်းကျင်မှုကြောင့် မအောင်မြင်ခဲ့ကြပါ။

အဲဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုန်းလက်ရုံးတောက်ခဲ့တဲ့ မင်းတရားရွှေထီးဟာ…

* * *

လူပေါင်းမှားမယ့် ဓာတ်လမ်းကို သူ့အသက် ၃၄ နှစ် အရွယ်မှာပဲ စတင်ခဲ့ပါတော့တယ်။ ရာဇဝင်ကျောင်းများအရ သိရတာကတော့ ပိစ္စရာဇ်မင်း (မဟာရာဇဝင်သစ်မှာ မိတ်စရစ်မင်း)ရဲ့ တူဖြစ်တဲ့ ကုလားကို သင်္ဘော ၇ စင်း၊ ကျွပ် ၂၀၀ နဲ့ အစည်မြို့(အစင်မြို့)ကို တိုက်ချေလို့ စေလိုက်ပါတယ်။ တိုက်ရာမှာ ရှုံးသွားလို့ မုတ္တမဆိပ် ရောက်လာခဲ့တယ်။ မုတ္တမစားက ပိစ္စရာဇ်မင်းရဲ့တူကို လူသုံးရာနဲ့တကွ မင်းတရားရွှေထီးထံ ဆက်သပါတယ်။

ဒီကုလားဟာ (အပြင်အလျာသိမ်မွေ့တာကြောင့်) မင်းတရားရွှေထီးက သနားတာနဲ့ အိပ်ကောင်းရာမွှန်နဲ့ ထားပါသတဲ့။ တစ်နေ့ ဥယျာဉ်ကစား ထွက်တော့ စက်တိုင်ထက်မှာ စကားပွင့်တင်ထားပြီး ကုလားကို (သေနတ်နဲ့) ပစ်ခိုင်းရာမှာ ချက်တိုင်းထိလို့ အလွန်သဘောကျတော်မူသွားတယ်။ ကိုယ် လုပ်တော်တစ်ယောက်နဲ့ ပေးစားပြီး ဆက်ချီးမြှောက်တယ်။ မျက်နှာသာ ပေးတယ်။

တစ်ခါသား… ဒီကုလားက သူတို့ဘာဝ သုံးဆောင်တဲ့ အမဲ၊ အစား အစာတို့ကို (ယစ်ဝေစေတတ်သော စပျစ်ရည်)နဲ့တကွ မင်းတရားရွှေထီးထံ ပွဲတော်ဆက်ပါတယ်။ ဒါကို များစွာ နှစ်သက်တော်မူပြီး နန်းထက်ခေါ်တင် အနီးမှာထား၊ ဟိုကလည်း အရက်ကိုပျားရည်တွေ၊ ဘာတွေနဲ့ရောချက်၊ မြိန်





ပေါင်းတင် စသည်ဖြင့် ပိုကောင်းအောင် စီမံပြီး ဆက်သွင်းပါသတဲ့။ မင်းတရားရွှေထီးဟာ အရပ်စကားနဲ့ ပြောရရင် အရက်စွဲသွားပြီဖြစ်ပါတယ်။

ဒီအချိန်က စပြီး ဖောက်လွဲဖောက်ပြန်တွေ စဖြစ်လာတော့တယ်။

ရာဇဝင်ကျမ်းများအလာအတိုင်း ကူးရေးပြရရင် 'ထိုအရက်ကို သောက်ရလျှင် ဤသူမယားကို ထိုသူပေး၊ ထိုသူမယားကို ဤသူပေးဟု ခအပ်မရှာ စီရင်၍…' ဒီလောက်ထိ ဖြစ်လာပါတယ်။

ဒါတွင်မက 'သူ ချောပစ်သည်ကိုလည်း မစစ်မဆေး ဖမ်းငင်ကာ ကွပ်မျက်တော်မူ' တဲ့အထိ ဆိုးလာခဲ့ပါတယ်။ ညီလာခံလည်း ထွက်လိုက် မထွက်လိုက်နဲ့ ပျက်ကွက်လာပြီး ယစ်ထုပ်ကြီးလုံးလုံး ဖြစ်သွားပါပြီ။ ဒီအခါမှာ ဘုရင့်နောင်က မနေသာရှာဘူး။

"ဤအကျင့်သည် မင်းကောရာဇ်တို့အကျင့် မဟုတ်ချေ၊ စွန့်တော်မူပါ" လို့ အကြိမ်ကြိမ် လျှောက်ပါသေးတယ်။ သေရည်တခေါင်းထဲ ငိုက်စိုက် ကျွမ်းပြန် ကျခဲ့ပြီးဖြစ်တဲ့ မင်းတရားရွှေထီးက ဘာပြန်ပြောပါသလဲ။

"ပြည်အလုံးကို နောင်တော်သာ စီရင်လေ၊ ငါ့ကို မလျှောက်နှင့်တော့"

ဒီအချိန်မှာ သူဟာ နန်းစံသက် ၁၉၊ သက်တော် ၃၄ ပဲ ရှိပါသေးတယ်။

အေဒီ ၁၅၅၀၊ မြန်မာ ၉၁၂ မှာ စစ်တောင်းစား သမိန်စောထွက်ရဲ့ အကြံအစည်၊ ညီ လက်ဝဲစားမှူး လုပ်ကြံချက်နဲ့ ကဆုန်လပြည့်ကျော် (၁) ရက်၊ ဗုဒ္ဓဟူးနေ့အဝင် ညဉ့်သုံးချက်တီးကျော်မှာ မင်းတရားရွှေထီးဟာ ကော်တော်ခေါ်နေစဉ် ကံကုန်ခဲ့ရပါတယ်။ 'ဦးခေါင်းတော်ပြတ်၍ သလွန် အောက်သို့ စဉ်ကျလေသည်ကို မိုးသောက်မှ ကြည့်ရှုကြသော် အသက် ဝိညာဉ် ရှိဘိသကဲ့သို့ မျက်တောင်တစ်ခတ်ရှိသည်။ နေ့တစ်ချက်တီးကျော်မှ စဲသောဟူ၏' တဲ့။

ဒီလို အလုပ်ကြံခံရတာကလည်း သူ့ကို လုပ်ကြံမယ့် သမိန်စောထွက် နဲ့ ညီနှစ်ယောက်ကိုမှ အတွင်းလူယုံထားပြီး စားမှူးခန့်ခဲ့တာပါ။ မင်းတရား ရွှေထီးနားမှာ ဘုရင့်နောင် မှာကြားထားတဲ့ ဓားလကွန်းအိမ် ရှိနေပါသေး တယ်။ ဒါပေမဲ့ သမိန်စောထွက်က ဆင်ဖြူပေါ်တယ်ဆိုပြီး လှည့်စားခေါ်တာ ကို ယုံပြီး ဓားလကွန်းအိမ်ကို မုတ္တမ လွှတ်ခဲ့တာပါ။ ဓားလကွန်းအိမ်က



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုးကို အနားက မခွာနဲ့လို့ ဘုရင့်နောင် မှာခဲ့ပါတယ်" လို့ လျှောက်တာတောင်မှ "သွားသာသွား၊ ငါ့အနားမှာ သမိန်စောထွတ်ရှိတယ်" ဆိုပြီး ကိုယ့်သတ်မယ့်လူကိုမှ အနီးကပ် ခေါ်ထားလိုက်တဲ့ အဖြစ်ပါ။

မင်းတရားရွှေထီးရဲ့ စကားနှစ်ခွန်းကို မျဉ်းကြောင်းဆွဲကြည့်လိုက်ရင် အလွန် သံဝေဂယူဖို့ကောင်းပါတယ်။

ပထမ စကားက "ရွှေမောဓော ဘုရားမှာ ငါ နားထွင်းမည်" တဲ့။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နဲ့ ကြွေးကြော်လိုက်တဲ့ လူငယ်တစ်ယောက်ရဲ့ စကား...။ အထွတ်အထိပ် ရောက်လာခဲ့ပြီး လူပေါင်းမှား၊ ယစ်ထုပ်ဖြစ်၊ အသိတွေဖောက်လွဲ၊ ဆုံးဖြတ်ချက်တွေမှား၊ ဒီအချိန်မှာ ပြောတဲ့စကားက "ပြည်အလုံးကို နောင်တော်သာ စီရင်လေ၊ ငါ့ကို မလျှောက်နဲ့တော့" တဲ့။ မှားလိုက်သမှ ဘယ်လောက်ထိ မှားသလဲဆိုရင် အသက်ပါ ပေးလိုက်ရတဲ့အထိ။ ဖြစ်ရလေ... မင်းတရားရွှေထီး။

❑



## "နှစ်ဦးသောသစ္စာကို ခံသောက်ချေသော် သဘောမဟုတ်။ လိမ်လည်မှုနှင့် ပြုသည်သာဟု မင်းသံတော်တို့ မယုံပေရာ။"

(အလောင်းမင်းတရား)

"သိဒ္ဓိနှာ ဝိဂ္ဂဟော ယာန၊
မာသနံ ဒွေဓ မာဿယော (ဆဂုဏ)"

ယောအတွင်းဝန်၊ ရွှေပြည်ဝန်မင်းကြီး ဦးဖိုးလှိုင်ရဲ့ ရာဇဓမ္မ သင်္ဂဟ ကျမ်းမှာ အမရကောသကျမ်း၊ ဟိတောပဒေသကျမ်းများ အလာအတိုင်း ထပ်ဆင့် ဖော်ပြထားခဲ့တဲ့ စာပိုဒ်ပါ။ မင်းတို့၏ ဂုဏ်ခြောက်ပါးလို့လည်း အမည်ပေးပါတယ်။ (၁) သိဒ္ဓိ= အစေ့အစပ်ပြုခြင်း၊ (၂) ဝိဂ္ဂဟော= စစ်တိုက်ခြင်း၊ (၃) ယာနံ= စစ်ချီတက်ခြင်း၊ (၄) အာသနံ= စစ်မချီဘဲ ကိုယ့် နိုင်ငံအတွင်း လုံခြုံအောင်နေခြင်း၊ (၅) ဒွေဓံ= ရန်သူ နှစ်ဦး နှစ်ဖက် ညှပ်သည့်ကာလ၊ နှစ်ဖက်လုံးကို အသင့်အလျော်ပြောခြင်း၊ (၆) အဿယော= ရန်သူ နှိပ်စက်မည်စိုး၍ အားကြီးသော မင်း တစ်ဦးဦးကို မှီခိုခြင်းလို့ ပြဆိုပါတယ်။

ဒီဂုဏ်ခြောက်ပါးအနက်က (ဒွေဓံ= ရန်သူနှစ်ဦးနှစ်ဖက် ညှပ်သည့်ကာလ၊ နှစ်ဖက်လုံးကို အသင့်အလျော်ပြောခြင်း) ဂုဏ်တစ်ရပ်ကို ပြည့်စုံခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သာမက ဒီဂုဏ်ကြောင့် နောက်ထပ် အဆင့်ဆင့်သော ရည်ရွယ်ချက်များ အထမြောက်ခဲ့ပုံ၊ ဖြစ်ရပ်တစ်ခုနဲ့ စကားတစ်ခွန်းကို ဖောက်သည်ချလိုပါ တယ်။

ညောင်ရမ်းမင်းဆက်ရဲ့ နောက်ဆုံးဘုရင်ဖြစ်တဲ့ မဟာဓမ္မရာဇာဓိပတိ လက်ထက်မှာ အဝနေပြည်တော်ရဲ့ ဘုန်းအာဏာစက် ပျက်စီးချုပ်ငြိမ်းသွား ခဲ့ပါတယ်။ ဟံသာဝတီရဲ့ ပြင်းထန်တဲ့ ထိုးစစ်အောက်မှာ အဝတပ်တွေ အဆင့်ဆင့် အရေးနိမ့်ခဲ့ပြီး နောက်ဆုံးအားထားရတဲ့ တောင်ငူရာဇာလည်း မကယ်နိုင်တော့ပါ။ မြန်မာနှစ် ၁၁၁၄(အေဒီ-၁၇၅၂)မှာ အဝ ပျက်ပါတယ်။ နောက် နှစ်နှစ်ကြာတော့ မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီကို ပါသွားရလို့ ဟံသာဝတီရောက်မင်း)ကို 'ပကိုးစား'က ရေမှာ ဖျောက်လိုက်တယ်လို့ ဆိုပါ တယ်။

ဒီအချိန်မှာ ဦးအောင်ဇေယျဟာ အဝ ပျက်စီးပုံကို မြင်ထားပြီးဖြစ်လို့ မုဆိုးဘိုကို ထန်းလုံးတပ် စိုက်ထားနှင့်ပါပြီ။ ရွာနီးရွာစပ်သား မှန်သမျှကို လည်း တပ်တွင်းသွင်းပြီး မျိုးရိက္ခာ လုံလောက်အောင်စု၊ လှံ၊ ဓား၊ ဒိုင်း၊ လေးမြား သင်ကြားလေ့ကျင့်၊ ထန်းလုံးတပ်ပတ်လည်ကာ၊ ဆည်ကန် ရေတွင်းတွေကို ဖျက်ဆီး စသည်ဖြင့် လိုအပ်တဲ့ အစီအမံများကို အမြော် အမြင် ကြီးစွာ လုပ်ဆောင်ထားခဲ့ပြီဖြစ်ပါတယ်။

အဝဘုရင်ဧကရာဇ်ကိုပါ လက်ရဖမ်းနိုင်ခဲ့တဲ့ ဟံသာဝတီကလည်း အရပ်ရပ်သားများကို သစ္စာခံခိုင်းထားပြီမို့ မုဆိုးဘိုလောက်တော့ အရေး လုပ်စရာ မဟုတ်လို့ တွက်ပါတယ်။ ခင်ဦးစား မင်းကြီးကျော်စွာနဲ့ လက်ပံ ပုံ့ချိကလည်း ဒီအချိန်မှာ မုဆိုးဘိုနဲ့ အနီးအစပ်မှာ တပ်စွဲထားပါသေးတယ်။ သူတို့ကိုလည်း ဟံသာဝတီ ဥပရာဇာက အထင်မကြီးပါဘူး။

"အပန်းတကြီး လုပ်ကြံရမည်မဟုတ်၊ လက်ခုပ်တီးကာသာ ယူရမည်" လို့တောင် အလွယ်သဘောထားပါသတဲ့။ ပြီးတော့ ဟံသာဝတီအရေး ရေး၊ ဘိတ်၊ ထားဝယ်၊ တနင်္သာရီကို သိမ်းသွင်းဖို့အထိ ကြံထားပါသေး တယ်။

ဒါကြောင့် ဟံသာဝတီရဲ့ အားကိုးရတဲ့ စစ်သူကြီး တလပန်းကို မုဆိုးဘိုဆိုတဲ့ ရန်ပြောင့်ကို သုတ်သင်လိုက်လို့ တာဝန်ပေးပြီး ကျွန်တော်တို့





က စုန်သွားကြတယ်။ တလပန်းက လက်ရွေးစင် မုဆိုးဘိုကို လူသုံးဆယ် လွှတ်ပြီး သစ္စာရေသောက်ခိုင်းတယ်။

ဒီအချိန်မှာပဲ မြောက်ဘက် ကွေ့ဂုဏ္ဍာအိန်ကလည်း မုဆိုးဘိုကို သစ္စာ ရေတိုက်ဖို့ လူနှစ်ဆယ် လွှတ်တယ်။ ဦးအောင်ဇေယျဟာ သစ်နှစ်ဖက်ကြား ဝါးညှပ်မယ့် အခြေအနေကို ရင်ဆိုင်လိုက်ရတာပါပဲ။ တစ်ဖက်က ဟံသာ ဝတီ၊ တစ်ဖက်က ဂုဏ္ဍာအိန်။ အညှခံလိုက်၊ လက်အောက်ခံလုပ်လိုက်ဆိုပြီး ပါးစပ်နား ဝေ့လာတဲ့ သစ္စာရေခွက်(ဖလား)က နှစ်လုံး။ ဘယ်ခွက်ကို ပုတ်ချ ပြီး ဘယ်ခွက်ကို သောက်မလဲ။ နှစ်ခွက်စလုံးကိုပဲ ပုတ်ချမှာလား။ နှစ်ခွက် စလုံးကို တစ်လှည့်စီ သောက်မှာလား။

ဦးအောင်ဇေယျက မယ်တော်၊ ခမည်းတော်နဲ့တကွ သား၊ ညီ၊ ဗိုလ် မင်းတပ်များနဲ့ တိုင်ပင်ပါတယ်။ အကြံပေးချက်တွေ ပေါ်လာပုံက...

**မယ်တော်၊ ခမည်းတော်။** ။ ရတနာပူရအဝပြည်ကြီးပင် မခံနိုင် လို့ ဟံသာဝတီမင်း လက်အောက် ရောက်ရပြီ၊ တို့မှာရှိတဲ့ ဥစ္စာရွှေငွေတွေ ကို တစ်ဝက်ခွဲပေးပြီး ဟံသာဝတီ မင်းထံ သစ္စာခံသင့်တယ်။

**သား၊ ညီ၊ တပ်မင်းများ။** ။ ဟံသာဝတီဆိုတာ ဒေသအရ ဝေး ပါတယ်။ တပ်ချီရောက်လာလည်း ကွေ့တွေနဲ့ပေါင်းပြီး စစ်ပြင်ချိန်ရပါ တယ်။ ကျွန်တော်တို့လူ စည်သာမင်းကြီးကလည်း အဝ ပျက်ချိန်မှာ ဂုဏ္ဍာအိန် လက်ထဲ ရောက်နေပါတယ်။ ကွေ့ထံမှာ သစ္စာခံသင့်ပါတယ်။

ခေါင်းတစ်လုံးနဲ့ ရေနှစ်အိုး မရွက်သာလို့ ရေတစ်အိုးအိုးကိုပဲ ရွက်သင့် ကြောင်း အကြံပေးကြရာ အဲဒီလို နှစ်မျိုးဖြစ်လာတယ်။ ဦးအောင်ဇေယျက ဒီလို မတွေးပါဘူး။ ဒီ ရေအိုးနှစ်လုံးစလုံးဟာ ရွက်ရမယ့်အရာတွေလို့ မတွေး ပါဘူး။ ဒါကြောင့် တစ်လုံးမဟုတ်တစ်လုံးဆိုတဲ့ အယူအဆလည်း ဦးအောင် ဇေယျမှာ မရှိဘူး။ ဒါဆိုရင် နှစ်အိုးစလုံးကိုပဲ ချက်ချင်း ရိုက်ခွဲမှာလား။ ဒီလိုလည်း လုပ်လို့ မဖြစ်သေးပြန်ဘူး။ နှစ်ရန်ဖြစ်သွားမယ်။ မုဆိုးဘိုဆိုတာ ဟံသာဝတီ၊ ကွေ့တို့နဲ့စာရင် (မနေ့တစ်နေ့ကမှ) အင်အားစုထားတဲ့ ထန်း လုံးတပ်။

ဦးအောင်ဇေယျက "မယ်တော်၊ ခမည်းတော်တို့၊ အစ်ကိုတို့ပြောတာ လည်း အရေးသင့်ပါတယ်။ ဒါပေမဲ့ နှစ်ဦးသစ္စာစလုံး၊ မခံရအောင် လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်" လို့ ဆိုပြီး နောက်နေ့ကျတော့ ဟံသာဝတီကိုယ်စားပြု သံနဲ့ ကွေ့ကိုယ်စားပြု သံတို့ကို စုံညီလက်ခံတွေ့ပါတယ်။ တွေ့ပြီး ပြောလိုက်တဲ့စကားက...

"ယခု ဟံသာဝတီမင်းကို သစ္စာခံပါက ကွေ့မင်းက ကျွန်ုပ်တို့ကို ဒေါသခံချေမည်၊ ကွေ့မင်း သစ္စာခံချေပါကလည်း ဟံသာဝတီမင်းက ဒေါသခံချေမည်။ သစ်နှစ်ဖက်ကြား ဝါးညှပ်သည်သို့ ကျွန်ုပ်တို့ ရှိရမည် ဖြစ်သည်"

(ဟုတ်ပေတာပဲလို့ သံနှစ်ဦးတို့ ခေါင်းတညိတ်ညိတ်ဖြစ်နေကြမှာပါ)

ဦးအောင်ဇေယျ ဆက်ပြောပုံက...

"သို့ဖြစ်၍ နှစ်ဦး သစ္စာကိုပင် မခံသာချေသေး၊ ဘုန်းလက်ရုံး တောက်ပ၍ တစ်ဦးကိုတစ်ဦး နှိမ်နင်းနိုင်သည့်ကာလမှ သစ္စာခံပါရစေ"

(ဒီနေရာ အရောက်မှာ သံနှစ်ဦးတို့ တစ်ဦးကိုတစ်ဦး မျက်ထောင့်နီကြီးတွေနဲ့ လှမ်းကြည့်လိုက်ကြမယ် ထင်ပါတယ်။)

"ယခု နှစ်ဦးသောသစ္စာကို ခံသောက်ချေသော် သဘောမဟုတ်၊ လိမ်လည်မှုနှင့် ပြုသင့်သာဟု မင်းသံတော်တို့ မယုံပေရာ"

(သိပ်ဟုတ်တာပေါ့၊ ဒါအမှန်ပဲဆိုပြီး သံတွေ သဘောကျသွားမှာ)

သံတွေ ပြန်သွားကြပါတယ်။ ကွေ့သံတွေကို လက်ဆောင်တွေ ပေးပြီး ကျောက်မြောင်းဆိပ်အရောက် ပို့ပေးတယ်။ ဂုဏ္ဍာအိန်ကလည်း ဒီစကား ပြန်ကြားတော့ သဘောကျပြီး သူ့လက်ထဲရောက်နေတဲ့ စည်သာမင်းကြီးကို တောင် ဦးအောင်ဇေယျဆီ ပြန်ပို့ပေးပါသေးတယ်။

ဟံသာဝတီသံတွေကိုတော့ အပြန်မှာ ဟလင်းမြို့ တောင်တောထဲ ထားနေ ဆီးကြိုပြီး တိုက်ပစ်လိုက်ပါတယ်။ တလပန်းက နောက်ထပ် စစ်အင်အား လွှတ်ပေမယ့် စစ်ရေးလေ့ကျင့်မှု အပြည့်နဲ့ လန်းဆန်းတက်ကြွနေတဲ့ မုဆိုးဘိုတပ်တွေက ထိထိရောက်ရောက် ပြန်ခုခံတွန်းလှန်နိုင်ခဲ့ပါတယ်။

သည့်နောက်မှာတော့ ဦးအောင်ဇေယျ (အလောင်းမင်းတရား)ဟာ မြင်းရည်တက်လက်ရွေးစင် ၆၈ ယောက်ဖွဲ့ပြီး (တပင်ရွှေထီးတုန်းက ၃၆ ယောက်ပဲ ဖွဲ့ခဲ့နိုင်ပါတယ်) မုဆိုးဘို အခြေခံထားလို့ တတိယ မြန်မာနိုင်ငံ





တော်ကြီး တည်ထောင်နိုင်တဲ့အထိ အောင်ပွဲ ဆက်ကာဆက်ကာ ရခဲ့တာ အားလုံး အသိပါပဲ။

အလောင်းမင်းတရားကြီးရဲ့ အထက်ပါ 'ဒွေ့ခံစကား'ဟာ အလွန် အရေးကြီးတဲ့ အချိန်မှာ အကောင်းဆုံး ပြောခဲ့တဲ့ စကား၊ ထိရောက်မှု အရှိဆုံး စကား ဖြစ်တဲ့အပြင် တတိယ မြန်မာနိုင်ငံတော်ကြီး တည်ထောင်ရေးအတွက် ကန့်လန့်ကာအဖွင့်စကားလို့တောင် တင်စားနိုင်မယ်ထင်ပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## "မနိုင်လျှင် ငါတို့မရှိပြီသည်ကို ဘယ်သူ့အားအပြစ်တင်မည်နည်း"

(ကျော်ထင်နော်ရထာ)

## "ဘုန်းကြီးသည့်အရှင်နှင့်မတန်၊ ကျွန်ုပ်တို့ပွဲသာဖြစ်၍ အရေးများသေးသည်နှင့် တိုက်ပေသည်"

(ကျော်ထင်နော်ရထာ)

နောင်ရိုးတိုက်ပွဲ၊ ဘုရင့်နောင်ဖောင်ဖျက်ဆိုတဲ့ စကားလုံးတွေကို လူအများ ပြောလေ့ရှိကြပါတယ်။ တစ်စုံတစ်ရာ အခက်ကြုံလို့ ယတိပြတ်ဆုံးဖြတ်စွန့်စားရမယ့် အခြေအနေမျိုး ကြုံတဲ့အခါ စိတ်နှစ်ခွ မဖြစ်ရအောင် စိတ်သတ္တိအား မွေးတဲ့နေရာမှာ သုံးလေ့ရှိကြတယ်။

ဘုရင့်နောင်ဟာ ဘုရင်နောင်ဆိုတဲ့ ဘွဲ့ကို ရခဲ့တာဟာလည်း ဒီ နောင်ရိုးတိုက်ပွဲ အပြီးမှာ ဖြစ်ပါတယ်။ သည့်အရင်ဘွဲ့က ကျော်ထင်နော်ရထာ အမည်ရင်းက ရှင်ရဲထွတ်ပါ။ ဘုရင့်နောင်နဲ့ နောင်ရိုးတိုက်ပွဲဟာ အတွဲအဖော် ဖြစ်နေပါပြီ။ အားလုံးလိုလိုလည်း သိကြပါတယ်။ မင်းတရားရွှေထီး နန်းတက်ပြီးလို့ နှစ်နှစ်အကြာမှာ ရွှေမော်ဓောဘုရားရင်ပြင်မှာ နားထွင်း၊ နောက် သုံးနှစ်အကြာမှာ ဟံသာဝတီကို အလုံးအရင်းနဲ့ တိုက်ပါတယ်။ နောက်နှစ်နှစ်





အကြာ (အေဒီ ၁၅၃၇၊ မြန်မာ ၈၉၉)မှာ ဒီ နောင်ရိုးပွဲ ပေါ်လာတာဖြစ်ပါတယ်။ (ဒေါက်တာသန်းထွန်းနဲ့အဖွဲ့ရဲ့ ၁၉၈၂ ခုနှစ် ရေးဆွဲမှတ်တမ်းပြုချက် မြေပုံအရ နောင်ရိုးဟာ ဒကမြစ်နဲ့ မင်းမနိုင်ချောင်း အကြားမှာရှိတဲ့ နယ်မြေဖြစ်နိုင်စရာ ရှိတယ်လို့ ဆိုပါတယ်။ အိမ်မဲအနောက်ကမ်းမှာ ရှိတယ်လို့ ယူဆပါတယ်။)

နောင်ရိုးတစ်ဖက်မှာ ဗညားဒလ(သို့ရှင်တကာရွတ်ပိ) ခေါင်းဆောင်တဲ့ ဆင် ၂၀၀ ကျော်၊ မြင်း ၈၀၀ ကျော်၊ သူ့ရဲ ရှစ်သောင်းခန့် အင်အား ရှိနေကြောင်း ကျော်ထင်နော်ရထာ သိတယ်။ မြစ်ကို ဖောင်ဖွဲ့ ဖြတ်ကူးပြီးတဲ့ နောက်မှာ ကျော်ထင်နော်ရထာက ဖောင်တွေကို မီးရှို့ပစ်လိုက်ကြလို့ အမိန့်ပေးတော့ တပ်မှူးစစ်ကဲတွေက လျှောက်ပါသတဲ့။ "ကျွန်တော်တို့ မနိုင်လို့ ဆုတ်ရသော် ဖောင်ရှိမှ ဖြစ်လိမ့်မည်" တဲ့။ ဒီအချိန်မှာပဲ ဘုရင့်ဆီက "သူ့တပ်ကို တွေ့ရင် ရပ်နှင့်ဦး၊ ငါ တိုက်မည်" လို့ အကြောင်းကြားတာကို "ဘုန်းတော်ကြောင့် အောင်ပါပြီ" လို့ လျှောက်လိုက်တယ်။

အင်အားအရဆိုရင် ကျော်ထင်နော်ရထာ တပ်တွေမှာ စစ်သည် သူ့ရဲက တစ်ဖက်တပ်ထက် ထက်ဝက်အင်အားပဲ ရှိတယ်။ ဒါကြောင့် စစ်ကဲတွေက "ကျွန်တော်တို့ မနိုင်ခဲ့ရင် အပြစ်တင်ခံရလိမ့်မယ် (ရာဇဝတ်သင့်လိမ့်မယ်)" လို့ ပြောကြတော့ ကျော်ထင်နော်ရထာက...

"မနိုင်လျှင် ငါတို့ မရှိပြီသည်ကို ဘယ်သူက အပြစ်တင်မည်နည်း" လို့ ပြောလိုက်တယ်။ အဓိပ္ပာယ်က စစ်တိုက်ကြလို့ မနိုင်ဘူးဆိုရင် အားလုံး နောင်ရိုးစစ်မြေပြင်မှာ အသက်ဆုံးမှာပဲ၊ အသေခံကြရမှာပဲ။ သေပြီးသူကို ဘယ့်နှယ်လုပ် အပြစ်တင်(ရာဇဝတ်သား)လို့ ရမှာလဲဆိုတဲ့ ခုတ်စပြီး လှီးစပြတ် စကားပါ။ ဒီစကားဟာ တပ်မှူးစစ်ကဲ ရဲမက်များကို နှစ်လမ်းမရှိ တစ်လမ်းသာရှိ (Do or Die) ဆုံးဖြတ်ချက်ချစေတဲ့ အမိန့်ပါပဲ။ အင်တော်နက်ဘာသွားတဲ့ စကားပါ။ စစ်သည်တွေဟာ စစ်မြေပြင် ဝင်ကြရာမှာ ဓားနှင်ဓား အန္တရာယ် ရှိတယ်လို့ ဆိုပါတယ်။ တစ်ဓားက ရှေ့ဓား၊ ရန်သူ့ဓား။ နောက်တစ်ဓားက နောက်ဓား၊ ကိုယ့်ဘုရင် အရှင်သခင်ရဲ့ဓား။ တာဝန် မကျေရင် စစ်ရှုံးရင် လှည့်ပြန်ပြေးလာရင် အကွပ်မျက် ခံရမယ့်ကိစ္စ။ ပဒေသရာဇ်ခေတ် စစ်သည်ရဲမက်များမှာ ဒီလို ဓားနှစ်ဓားနဲ့ ခဏခဏ ကြုံရကြောင်း မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်နဲ့ အရေးတော်ပုံကျမ်းတွေမှာ သာဓကတွေ အများအပြား တွေ့ရပါတယ်။

အခု ကျော်ထင်နော်ရထာရဲ့ စကားဟာ နောက်ဓားနဲ့ ပတ်သက်ပြီး သုံးသ ကိစ္စငြိမ်းစေတဲ့ စကားပါပဲ။ မိမိကိုယ်တိုင်ရဲ့ ဆုံးဖြတ်ရဲမှု၊ ဆုံးဖြတ်ချက် ကျမှု (Decisive) ကို ယိုးဒယားများထံ တိုက်ရိုက် ပို့လွှတ်ကူးစက်စေလိုက်တဲ့ စကား...။

စစ်တိုက်ကြရော။ တစ်ဖက်က ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ မင်းရဲအောင်နိုင် ကျတယ်။ ဗညားဒလ(သူ့ရှင်တကာရွတ်ပိ) ဆင်ကနေ မြင်းပေါ်ပြောင်းပြီး ဆုတ်ခွာရတယ်။ သူတို့တပ် လေးစုကွဲပြီး တပ်ပျက်တယ်။ နောက်တစ်နေ့ကျတော့ မင်းတရားရွှေထီး ရောက်လာတယ်။

စစ်သွေးကြွနေတဲ့ မင်းပျိုမင်းလွင် မင်းတရားရွှေထီးဟာ အသက်မှ ၂၂ နှစ် ရှိသေးတာကလား။ ပွဲမှန်သမျှ သူ့ပွဲချည်း ဖြစ်ချင်တာ၊ ဘုန်းစွမ်းလူစကလည်း ၁၇ နှစ်သား ရွှေမော်ဓောဘုရား နားထွင်းပွဲကတည်းက ပြခဲ့တာ။ သူ ရောက်လာချိန်မှာ စစ်က ပြီးနှင့်၊ အောင်နှင့်နေပြီဆိုတော့ မကျေမနပ်နဲ့ "ငါ့ကိုငံ့နှင့်ဆိုစေလျက် ငါ့ပွဲကို ဖျက်ကြသည်" သို့ ဆိုပါတယ်။

ဒီအခါမှာ ကျော်ထင်နော်ရထာက လျှောက်လိုက်ပါတယ်။ "ဘုန်းကြီးသည့် အရှင်နှင့် မတန်၊ ကျွန်ုပ်တို့ပွဲသာဖြစ်၍ အရေးများသေးသည်နှင့် တိုက်ပေသည်"

ဒီလောက်ပွဲကတော့ ဘုန်းတော်ကြီးဘုရားနဲ့ မထိုက်တန်ပါဘူး။ ပွဲငယ်ပါ...တဲ့ (တကယ်တော့ပွဲကြီး)။ နောင်လည်း အရှင်ကိုယ်တော်တိုင်နွှဲရဦးမယ့် စစ်ပွဲတွေ ရှိနေသေးတာမို့ တစ်နိုင်တစ်ပိုင်တိုက်ပြီး ပွဲသိမ်းထားနှင့်တာပါတဲ့။ ဒါက ဘုရင်ကို လျှောက်တဲ့စကားပါ။

တပ်မှူးစစ်ကဲတွေကို ပြောခဲ့သလို "ငါတို့ မရှိပြီသည်ကို အဘယ်သူအား အပြစ်တင်မည်နည်းဟူ၍ ပြောကာ တိုက်စေခဲ့ပြီး အနိုင်ယူလိုက်ပါကြောင်း" လို့ ဘုရင့်ကို မလျှောက်ပါဘူး။ ဒီလိုလျှောက်ရင် မင်းတရားရွှေထီးက အမျက်မထွက်တောင်မှ ကျွဲမြီးတိုသွားဦးမှာအမှန်ပဲ။ ကျော်ထင်နော်ရထာရဲ့ ဆိုလိုရင်းကို သဘောပေါက်ချင်မှ ပေါက်မယ်။ "ဩော်... မင်းတို့က သေလေပြီမို့ ငါ့အပြစ်တင်စကား၊ ငါ့ရာဇဝတ်ထားမှုကို မသိတော့ဘူးဆိုပြီး





သဘောထားကြသလား။ ငါက နေဦးလို့ ပြောတာကို မစောင့်ခြင်းက တစ်ချက်။ စစ်ရှုံးတာ တစ်ချက်။ ဒီနှစ်ချက်ကို ငါက ခွင့်လွှတ်ရမတဲ့လား။ သေပြီးတယ်ပဲ ထား။ အသေကောင်နဲ့ မင်းတို့ရဲ့ ဝိညာဉ်တွေကို ငါက ရာဇဝတ်ထားလို့ရတယ်။ သိလား..." စသည်ဖြင့် ဒေါနဲ့မောနဲ့ ပြောချင်ပြောနိုင်သေးတယ်။

အခုတော့ စစ်ကလည်း နိုင်ထားပြန်၊ ရထားတဲ့ ဆင်၊ မြင်း၊ လက်နက်တွေကိုလည်း ဆက်သပြန်။ (အဓိက ကတော့ ကျော်ထင်နော်ရထာရဲ့ လျှောက်ထားစကားက ချက်ကျလွန်းတာကြောင့်)

"အင်း... ငါ့ပွဲကို ဖျက်သည်ကား မှန်၏။ စစ်ရေး လှပေသည်" လို့ ကျေနပ်ပြောပြောခဲ့ပါတယ်။

ကျော်ထင်နော်ရထာကိုလည်း ပတ္တမြားလက်ကောက်ဆုနဲ့ လှိုင်မြို့စားပေးပြီး ဘုရင့်နောင်ဘွဲ့ ချီးမြှင့်လိုက်ပါတယ်။

နောင်ရိုးတိုက်ပွဲနဲ့ ဘုရင့်နောင်ကို ယှဉ်တွဲမြင်မိတဲ့အခါတိုင်း ဘုရင့်နောင်ရဲ့ သတ္တိ ဗျတ္တိ၊ ခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အသွေးအမြင်မှာ ယိုးသား ယိုးသားအလျောက်၊ အရှင် အရှင်အလျောက်၊ အဖွင့်အပိတ် အံကိုက်စွာ ပြောတတ်ဆိုတတ်၊ ပြောရဲဆိုရဲရှိလှတဲ့ 'နှုတ်ရည်' ကိုပါ အသိအမှတ်ပြုမိပါတော့တယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## “ရာဇဝတ်ကို ကျူးလွန်၍ကျင့်ဘိသည်။ နင့်ကို သံအိုးကွင်းနှင့်ကြော်မည်”
### (မဟာဓမ္မရာဇာမင်း)

“မဟာဓမ္မရာဇာမင်းကား ဘုန်းတန်ခိုးအာဏာကြီး၏။ မျက်နှာ[illegible] ရယ်တိုင်း ရန်ခပ်သိမ်း အောင်ဖန်များ၏။ မိုးရွာသည်ကို ဓားပြလျှင် မိုး[illegible] ဒီရေတက်သည်ကိုလည်း ဓားပြလျှင် ဒီရေတန့်၏။ မဟာဓမ္မရာဇာကျွန်[illegible] ဟု ရဲမက်တော်တို့ ကြိမ်းပလျှင် လူကိုထားဘိ၊ ဘီလူး၊ တစ္ဆေမျှသော်လည်း ပျောက်လွင့်၏”

ရာဇဝင်ကျမ်းတွေထဲမှာ မဟာဓမ္မရာဇာမင်းကို ညွှန်းထားတဲ့ အ[illegible] တွေဖြစ်ပါတယ်။ မဟာဓမ္မရာဇာဆိုတာက ဘွဲ့မည်ပါ။ လူသိများတာ[illegible] တော့ အနောက်ဘက်လွန်မင်းဆိုတဲ့ အမည်ဖြစ်ပြီး ခမည်းတော် ကံတော်[illegible] ပြီးနောက် (အေဒီ ၁၆၀၆၊ မြန်မာသက္ကရာဇ် ၉၆၈)၊ အသက် ၂၈ နှစ်[illegible] ဘုရင် ဖြစ်ခဲ့သူပါ။

ရယ်လိုက်ရင် ရန်အောင်တာတို့၊ ဓားပြလျှင် မိုးစဲတာ၊ ဒီရေတန့်[illegible] တို့ ကိုယ်တိုင် မဆိုထားနဲ့ ရဲမက်တွေက တို့ဟာ မဟာဓမ္မရာဇာကျွန် [illegible]





ဆိုလိုက်ရင် ဘီလူး တစ္ဆေတွေတောင် ပြေးရတာတို့ကို မယုံဘူးပဲထား။ မဟာ ဓမ္မရာဇာရဲ့ တကယ့် လက်တွေ့ လုပ်ရည်ကိုင်ရည်များကတော့ ရာဇဝင် မှတ်တမ်းတွေမှာ အထင်အရှားရှိပါတယ်။

လူသိများတဲ့ သန်လျင်စား ငစင်ကာနဲ့ တောင်ငူမင်း နတ်သျှင်နောင် တို့ အရေးဟာ မဟာဓမ္မရာဇာမင်း လက်ထက်အခါမှာ ပေါ်ပေါက်လာပါ တယ်။ သန်လျင်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက်မှာ မုတ္တမစား ဗညားဒလ သည်း လက်အောက်ခံအဖြစ် ဝင်ရောက်လာပါတယ်။ ဒဝယ်(ထားဝယ်)၊ ဇင်းမယ်၊ သံတွဲ စသည်ဖြင့် ဆက်လက်အောင်မြင်နိုင်ခဲ့သူ ဘုရင်တစ်ပါး ဖြစ်ပါတယ်။

ခမည်းတော်ညောင်ရမ်းမင်းက အစပျိုးခဲ့တဲ့နိုင်ငံ ပြန်လည် စည်းရုံး ရေးနဲ့ အေးချမ်းရေးကို မဟာဓမ္မရာဇာမင်းဟာ နန်းတက်ပြီး ဆယ်နှစ် ကျော်ကျော် မနားမနေ ကြိုးပမ်းခဲ့ရပါတယ်။ သူ့လက်ထက် ရောက်ချိန်မှာ နိုင်ငံတော်ဟာ တောင်ဘက် ထားဝယ်၊ မြောက်ဘက် ဗန်းမော်၊ အရှေ့ဘက် ကျိုင်းရုံးကြီးနဲ့ ဇင်းမယ်၊ အနောက်ဘက် ရခိုင်ရိုးမတောင်တန်းအထိ ကျယ် ပြန့်လာခဲ့တယ်။ ထူထောင်ရေးကာလ လွန်ခဲ့ပြီး တိုင်းပြည်အေးချမ်းစပြုလာ ပြီမို့ ဘင်္ဂလား၊ အချင်၊ ဂေါကွန်းဒါး၊ ဂိုအာမြို့တွေက သံတမန်တွေ ရောက် လာသည်အထိ နိုင်ငံခြားဆက်သွယ်ရေးလည်း ပွင့်လန်းလာတယ်လို့ ပြော နိုင်ပါတယ်။ ခြုံပြောရရင်…

မဟာဓမ္မရာဇာမင်းဟာ လူရည်သွေးညံ့သူ မင်းတစ်ပါး မဟုတ်။ လုပ် ရည်ကိုင်ရည် ရှိတဲ့ ဘုရင့်နောင်သွေး (မြေးတော်ပါတယ်)။ ညောင်ရမ်းသွေး ကို ကောင်းကောင်းပြနိုင်သူ ထက်မြက်တဲ့ မင်းတစ်ပါးပါ။

ဒါပေမဲ့… သတိတရားပဲ လွတ်ထွက်ခဲ့သလား။ ကြမ္မာပဲငင်လေ သလား။ ဥပစ္ဆေဒကကံပဲ ပါလာလို့လား၊ အခြားအခြားသော အကြောင်းတွေ ကြောင့်လား၊ မဟာဓမ္မရာဇာမင်း အနိစ္စရောက်ရပုံကတော့ ကြေကွဲစရာ ဖြစ်လာခဲ့ပါတယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုဆိုသလို ခန္ဓာဝတ်ခဲ့ရာမှာ သူ ကိုယ်တိုင်ရဲ့ နှုတ်ထွက်စကားဟာ အရေးပါတဲ့ အနီးကပ်အကြောင်း တရား တစ်ခုလို့ ဆိုနိုင်ပါလိမ့်မယ်။

“ရာဇဝတ်ကို ကျူးလွန်၍ ကျင့်ဘိသည်နှင့် သံအိုးကင်း[illegible] ကြော်



www.burmeseclassic.com

www.burmeseclassic.com



မည်"။ မဟာဓမ္မရာဇာ ဆိုခဲ့တဲ့စကား။ အပြောခံရသူက သူ့ရဲ့သားအရင်း မင်းရဲဒိဗ္ဗ။ ပြောရခြင်း နောက်ခံဖြစ်ရပ်က သားတော် မင်းရဲဒိဗ္ဗဟာ ဘုရင့် ကိုယ်လုပ်တော် ကျိုင်းတုံစော်ဘွားသမီး နှင်းခမ်းပေါ်နဲ့ ရည်ငံကြတယ်။ ဝဋ်ဦးသန္ဓေရှိလာတာကို မိန်းမစိုးတို့ကသိပြီး ဘုရင်ကို လျှောက်တော့ မဟာဓမ္မ ရာဇာက နှင်းခမ်းပေါ်ကို ခေါ်မေးတယ်။ "ဘယ်သူပေးတဲ့ သန္ဓေလဲ" နှင်းခမ်း ပေါ်ကလည်း မင်းတို့စကား မိုးကြိုးသွား မဟုတ်လား။ သေရတော့မယ့် အတူ ဟုတ်မှန်ရာသာ ဖြေတော့မယ်ဆိုပြီး "သားတော် မင်းရဲဒိဗ္ဗပါ" လို့ ဖြေပါတယ်။ ဒီအခါမှာ မင်းရဲဒိဗ္ဗကို ခေါ်ပြီး မေးပြန်ပါတယ်။ သားတော် ကလည်း ဝန်ခံပါတယ်။ ဒီအခါ မဟာဓမ္မရာဇာဟာ (အမျက်တော်မရှိသော် လည်း) ခြိမ်းခြောက်စကား ဆိုလိုက်ပါတယ်။ (မှန်နန်းကတော့ များများ အမျက်ထွက်တော်မရှိလို့ ရေးပါတယ်)။

"ရာဇဝတ်ကို ကျူးလွန်၍ ကျင့်ဘိသည်။ နင့်ကို သံအိုးကင်းနှင့် ကြော်မည်" တဲ့။

တကယ် အမျက်မရှိဘူးပဲဆိုဆို၊ ဒီစကားဟာ ဘုရင့်နှုတ်က ထွက်ချ လာတဲ့ စကားပါ။

မဟာဓမ္မရာဇာဟာ အဲဒီစကားကို ပြောလိုက်ရာမှာ များများ အမျက် မရှိလို့ မှတ်တမ်းတင်ခဲ့ကြတယ်။

သားတော်မင်းရဲဒိဗ္ဗဟာ သိပ်ကိုကြောက်သွားပါတယ်။ တကယ်ပဲ သေရတော့မယ်၊ ရာဇဝတ်သင့် (သံအိုးကင်းနဲ့ အကြော်ခံရ) တော့မယ်လို့ ယုံသွားပါတယ်။ အပြစ်ကျူးလွန်ထားသူပီပီ ဒဏ္ဍာဘေးကို အကြီးအကျယ် ထိတ်လန့်သွားတယ်။ ဒီထိတ်လန့်မှုဟာ ဆုတ်နစ်သောဒေါသမှသည် တွန်း ကန်သော ဒေါသအဖြစ်သို့ ရောက်ရှိသွားပြီး...

လူဆိုးလူသွမ်းတွေနဲ့ ပေါင်းဖက်ကြံစည်ကာ လုပ်ကြံလို့ မဟာဓမ္မ ရာဇာမင်း အနိစ္စရောက်ခဲ့ပါတယ်။ အလုပ်ကြံခံရချိန်မှာ ဗေဒင်ယတြာအရ ဟံသာဝတီနန်းမှာ စံနေခိုက်ဖြစ်လို့ အနောက်ဘက်လွန်မင်းလို့ ခေါ်ကြတယ်။ အနိစ္စရောက်ချိန်မှာ သက်တော် ၅၁ နှစ်ပဲ ရှိပါသေးတယ်။

ပိုပြီး ဇာတ်နာစရာလို့ ပြောနိုင်တာတစ်ခုကတော့ လုပ်ကြံသူ သား တော် မင်းရဲဒိဗ္ဗဟာ အခြားသူ ဟုတ်ရိုးလား။





'တဖြိုးဖြိုးလျှင်၊ တန်ခိုးရောင်ခြည်၊ ထိန်ထိန်လည်မျှ၊ မည်သည်မစဲ၊ နေ့တိုင်းကဲသည်... စက်တော်ခေါ်ဟု၊ ရွှင်ပျော်သဘင်၊ ပုခက်တင်သည်၊ ရွှင်တည့်မင်းရေး ပျံ့ပျံ့မွှေး..." ဆိုတဲ့ မြန်မာစာပေသမိုင်းမှာ အထင်ကရ ဧချင်းတစ်စောင်အဖြစ် ထင်ရှားတဲ့ ပညာရှိအမတ် ရှင်သံခိုရဲ့ ဧချင်းအဖွဲ့ခံ သားတော် ဖြစ်ပါတယ်။

❖ ❖ ❖

စာ ပြင် ပြီး၊ ဒမ်မီ ပြီး ၂၀-၁၁-၀၉



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းတွင် သမိုင်းဝင် စကားများ

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com

## လေးစားအပ်သော စာဖတ်သူသို့ စာရေးသူမှ...

"သမိုင်း ဘာကြောင့်သင်သလဲ"

"မအ,အောင်လို့"

စာရေးဆရာကြီး တစ်ဦး၏ အမေး။ ဆရာကြီး ဒေါက်တာ သန်းထွန်း၏ အဖြေ ဖြစ်၏။ လူသိများသော 'စကားဖြစ်ပါသည်။'

× × ×

'မအ အောင်လို့' ဆိုသောစကားကို ကျွန်တော်အကျယ်ချဲ့စဉ်းစား ဖြစ်ပါသည်။ သာမန်အားဖြင့်တော့ 'အ' သည်ဆိုခြင်းမှာ 'မလည်' ခြင်းပင်ဖြစ်၏။ လည်လည်ပတ်ပတ် နံ့နံ့စပ်စပ် မရှိတာ 'အ' တာ။

သို့သော် လည်ခြင်းမှာပင် မကောင်းသောအနက်များ ပါဝင် နေပြန်လေသည်။ လူရည်လည်ခြင်း၊ လူလည်ကျခြင်း၊ ရှုစ်စပ်က ဂျင်ခြေလည်ခြင်း၊ မြို့သားလူလည်... စသည်ဖြင့်

ဒေါက်တာသန်းထွန်းပြောလိုက်သော 'မအအောင်လို့' စကားမှာ ထိုအနက်များနှင့်မယှဉ်ပါ။ တိုက်ရိုက်အနက်ပြန်ကြည့်လျှင် မအခြင်း ဟူသည်မှာ သိခြင်း၊ မသိခြင်းမှလွတ်ခြင်း ဖြစ်သည်။ တစ်နည်း အားဖြင့် အမောဟ၊ ဝိဇ္ဇာ။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



အမောဟသည် မောဟ၏ဆန့်ကျင်ဘက် ဝိဇ္ဇာသည် အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်း အထွေအထူးပြောရန် လိုမည်မထင်ပါ။ သို့သော် မောဟအကြောင်း နည်းနည်းပြောချင်ပါသည်။ စိတ်ကို မကောင်းအောင် ခြယ်လှယ်သော အကုသိုလ်စေတသိက် ၁၄ ပါးတွင် မောဟသည် ထိပ်ဆုံးကလာ၏။ မောဟ၏ တိုက်ရိုက် အနက်မှာ မသိခြင်းဖြစ်သည်။

အဆိပ်ပင်၌ အဆိပ်သီးများကို သီးစေနိုင်သော ဓာတ်သတ္တိ ပါသလို သတ္တဝါတို့၏ သန္တာန်မှာလည်း သိထိုက်သောတရားများကို မသိအောင် ဖုံးကွယ်တတ်သော ဓာတ်သတ္တိတစ်မျိုး ပါဝင်သည်ဟု ဆိုပါသည်။ ထိုဓာတ်သတ္တိမှာ 'အနုသယ မောဟ' (ငြိမ်ဝပ် ကိန်းအောင်းနေခြင်းဖြင့် မသိစေခြင်း) ဖြစ်၏။

နောက် မောဟတစ်မျိုးမှာ ပရိယုဋ္ဌာနမောဟ ဖြစ်သည်။ သူကတော့ စိတ်နှင့်တွဲဖက်၍ ထကြွလာခြင်းကြောင့် အကုသိုလ်တွေ၊ မကောင်းတာတွေ ယုတ်ညစ်တာတွေ၊ ဆိုးသွမ်းတာတွေကို မသိကြတော့ဘဲ ဒုစရိုက်အမှုတွေ ပြုမိလေတော့သည်။ ဤလောကဝယ် မိုက်မဲမှုဟူသမျှသည် ဤမောဟ၌သာ အခြေတည်သည်ဟု ဆိုပါသည်။

အမှားအမှန် ခွဲမသိခြင်း၊ အမှားကို အမှန်၊ အမှန်ကို အမှားဟု လွဲမှားစွာ သိခြင်း...။ မောဟသည် ကြောက်စရာကောင်းလှပါ၏။

× × ×

သမိုင်း(ရာဇဝင်) ကို စဉ်းစားတိုင်း၊ လေ့လာတိုင်း၊ ဖတ်ရှုတိုင်းမှာပင်၊ ကျွန်တော်လည်း အချက်အလက်၊ အဖြစ်အပျက်၊ ခုနှစ်၊ သက္ကရာဇ်၊ မင်းဆက် စသည်များထက် 'မောဟ' အကြောင်းကို သာလျှင်တွေးမိပါသည်။

အတိတ်ကာလ(ခေတ်) ထဲက လူတွေမှာ မောဟတရားတွေ ဘယ်ပုံ ဘယ်ပုံ ပေါ်ပေါက်ခဲ့ကြသလဲ၊ ဘာကြောင့် ပေါ်ပေါက်ခဲ့ကြ





သလဲ။ မောဟတွေကော ဘယ်သို့ဘယ်ပုံ ဘာကြောင့် ဖြစ်ပေါ်လာခဲ့သလဲ။

ဤသို့ဖြင့် သမိုင်းကာလကို လေ့လာရသည်မှာ (ကျွန်တော့်အတွက်) အလွန်စိတ်ဝင်စားစရာ ဖြစ်လာတော့သည်။ သမိုင်း (ရာဇဝင်) ထဲမှ ပုဂ္ဂိုလ်များ၊ အဖြစ်သနစ်များသည် ကျွန်တော့်အတွက် ကာလဝေးကွာခြားနားမှု ရှိမနေတော့ပါ။ (ရှိနေသည့်တိုင် ထိုဝေးကွာခြားနားမှု အလျားအစဉ်ကြီးသည် နီးကပ်သွားသည်)

ထိုစိတ်အခံဖြင့် ကျွန်တော်သည် သမိုင်းနောက်ခံ ဝတ္ထုများကို ရေးဖြစ်ခဲ့ပါသည်။ သို့သော်ဝတ္ထုများရေးနေရင်းကပင် သူ့ချည်းသက်သက် ပြိုးပြက်ဝင်းလက်နေသော အရာများကိုတွေ့လာပြီး ထိုအရာတို့ကို ဝတ္ထုပုံစံတွင် မြှုပ်နှံခြင်း၊ သီးခြား ဝတ္ထုတစ်ပုဒ်အဖြစ် ရေးသားခြင်းငှာ မထိုက်တော့ဟု ထင်မြင်လာပါသည်။

ထိုအရာတို့ကို သပ်သပ် ဖော်ပြချင်စိတ် ပေါ်လာသည်။ သူ့ချည်း အလေးကဲ၍ ပြောပြချင်လာသည်။

ဤဆန္ဒစေတနာသည်ပင်လျှင် 'ဤသမိုင်းတွင် သမိုင်းဝင်စကားများ' ကို ရေးဖြစ်စေသော အဓိက စေ့ဆော်ချက် ဖြစ်ပါသည်။

× × ×

မေတ္တာရပ်ခံပန်ကြားစရာတစ်ခု ရှိနေပါသေးသည်။

၁၉၉၉-၂၀၀၀ က 'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ' အမည်ဖြင့် စာအုပ်တစ်အုပ် ထွက်ခဲ့ဖူးပါသည်။ ယခုထပ်မံ၍ 'သမိုင်းတွင် သမိုင်းဝင် စကားများ'။

ဤစာအုပ်နှစ်အုပ်ပါ 'စကားများ' သည် ရာဇဝင်(သမိုင်း)ကျမ်းများတွင် အမှန်တကယ် ပါရှိခဲ့သော စကားများဖြစ်သည်။ ထိုစကားများကို အသေအချာ 'ကြား' လိုက်ပြီးနောက် ကျွန်တော်ကတစ်ဆင့် ပြန်ပြောပြခြင်းသာ ဖြစ်ပါသည်။ ထိုထိုစကားများ သမိုင်းတွင်ကြစေ၊ သမိုင်းဝင်ကြစေ... ဟူ၍ ကျွန်တော် ကမ္ပည်းထိုးခိုင်းခြင်း မဟုတ်ပါ၊ ကျွန်တော့်အနေနှင့်သာ စုစည်း၍ တွင်/ဝင်စေခြင်း ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦး၊ ဖြစ်ရပ်တစ်ခု၊ စကားတစ်ခွန်း သမိုင်းတွင်ဖို့၊ သမိုင်းဝင်ဖို့ဆိုသည်မှာ တစ်ဦးတစ်ယောက်က လုပ်ယူ၍ မရပါ။ ဖွတ်အတင်း တွင်ခိုင်း၍ မရပါ။

အချိန်ကာလနှင့် နောင်းလူထုတစ်ရပ်လုံးကသာလျှင် ထိုကိစ္စကို အဆုံးအဖြတ် ပေးလိမ့်မည် ဖြစ်ပါ၏။

× × ×

ယခု စာစုများအား အပတ်စဉ် ဖော်ပြပေးခဲ့သော အတွေးသစ်ဂျာနယ်နှင့်၊ စုစည်းထုတ်ဝေသော သီရိဆွေ စာအုပ်တိုက်တို့ကို ကျေးဇူးတင်ပါသည်ဟု ဖော်ပြလျှင် ကျေးဇူးစကားမှတ်တမ်း ပြည့်စုံလုံလောက်ဦးမည် မဟုတ်ပါ။

ဤစာအုပ်ပါ 'စကားများ' ကို စကားကောင်းဖြစ်စေ၊ စကားဆိုးဖြစ်စေ မိန့်ကြား၊ ပြောဆိုရေရွတ်ခဲ့ကြသော သမိုင်းထဲမှ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်လှပါသည်ဟု မှတ်တမ်းတင်ပါသည်။

လေးစားသော

ချစ်ဦးညို

၂၀၀၅၊ ဇွန် (၁၂)



ပဏာမ ။ ။ မြန်မာ့သမိုင်းဖြစ်စဉ်တွင် ခေတ်အလိုက်အသက်ရှင် လှုပ်ရှားခဲ့ကြသည့် လူများ၏ 'စကား' များကို ဆိုင်ရာခေတ်၊ ဖြစ်ရပ်နောက်ခံဖြင့် ဆောင်းပါးများ ရေးခဲ့ပါသည်။ ယခုအတွေးသစ်ဂျာနယ်တွင် အပတ်စဉ်ရေးရန် စိတ်ကူးပြီးနောက် ခေါင်းစဉ်ကိုမူ 'သမိုင်းတွင်၊ သမိုင်းဝင် စကားများ' ဟု တပ်လိုက်ပါသည်။ အချို့စကားများက သမိုင်း 'တွင်' ကျန်ရစ်ပြီး အချို့က သမိုင်းတွင်မကျန်ရစ်စေကာမူ၊ သမိုင်း 'ဝင်'သော စကားများ ဖြစ်ကြလေသည်။ မနောကံ၏ ပြဋ္ဌာန်းမှုဖြင့် ဖြစ်ပေါ်လာသော ဝစီကံများသည် အကောင်းအဆိုး အကြောင်းအကျိုးများကို သယ်ဆောင်နေကြသည်ဖြစ်ရာ ထိုဝစီကံများမှ တစ်ဆင့် 'ပြောသူ' များ၏ စိတ်သဘာဝ၊ စေတသိက်သဘာဝ၊ လောကသဘာဝ၊ လူ့သဘာဝများကို ရှုစမ်းဆစ်ပိုင်းကြည့်လျှင် အလွန်စိတ်ဝင်စားဖွယ်၊ မှတ်ဖွယ်၊ နာဖွယ်၊ ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို တွေ့ရလိမ့်မည် ဖြစ်ပါသည်။ မည်သည့်စကားက သမိုင်း 'တွင်'သလဲ၊ မည်သည့်စကားက သမိုင်း 'ဝင်'သလဲ ဆိုသည်ကိုကား ကိုယ်တိုင် ဆုံးဖြတ်နိုင်ရန် စာဖတ်သူလက်ထဲ ဝကွက်အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## "ပေးတော်မူသော ရာထူးကို မယူပါရစေနှင့် ကျွန်ုပ် စစ်ထိုးရန် ရှိပါသေးသည်"
### (ထေရပုဏ္ဏာအဘယစစ်သူရဲကြီး)

ဝင်ကိုးဝင်လို့ လူသိများကြတဲ့ထဲမှာ 'မဟာဝင်'ဟာ တစ်ခု အပါအဝင်ပါ။ သီဟိုဠ်ကျွန်း၊ အရှင်မဟာနာမ မထေရ် ရေးသားခဲ့တဲ့ မဟာဝံသအဋ္ဌကထာကျမ်းကို ကျီးသဲလေးထပ်ဆရာတော်ကြီးက သီဟိုဠ်ရာဇဝင်မဟာဝင်ဝတ္ထု ဇမ္ဗူဒီပ စာတမ်းလို့ အမည်တပ်ပြီး မြန်မာပြန်ခဲ့ပါတယ်။ ဗိတ်ဝင်စားစရာတစ်ခုကတော့ အဲဒီမဟာဝင်ဝတ္ထု ဗဟုဝံသဝိဘာဝိနီ နိဒါန်းမှာ ဆရာတော်ကြီးက ဝင်ကိုးဝင်မက များစွာရှိကြောင်း၊ ဗုဒ္ဓဝင်၊ အနာဂတဝင်၊ ဒီပဝင်၊ မဟာဝင်၊ မဟာဗောဓိဝင်၊ ဒါဌာဓာတုဝင်၊ နလာဋဓာတုဝင်၊ ဆကေသဓာတုဝင်၊ ဓာတုဝင်၊ မဟာထူပဝင်၊ စူဠထူပဝင်၊ ဟတ္ထဝနဂလ္လဝိဟာရဝင်၊ ဂန္ထဝင်... စသည်ဖြင့် ၁၄ ခု ဖော်ပြခဲ့ပါတယ်။

နောက်တစ်ခုက 'ဝင်' ဆိုတာ မြန်မာအနက်နဲ့ ကြည့်မယ်ဆိုရင် အဝင်အပါဖြစ်ခြင်း၊ အဝန်းအဝိုင်းထဲသို့ ဝင်ရောက်ခြင်း၊ အတွင်းဖြစ်ခြင်း... စတဲ့အဓိပ္ပာယ်တွေ ရနိုင်ပါတယ်။ ဆရာတော်ကြီးကတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဝံသော ဟူသောပုဒ်ကို ဝနောတိ၊ ပတ္တုရတိတိ၊ ဝံသော သန္တာနော ဟူသော ယွာဒိမောဂ္ဂလ္လာန်ဝိဂြိုဟ်နှင့်လျော်စွာ ဝန ဓာတ် သ–ပစ္စည်း စာတွဲ နယ်ကို နိဂ္ဂဟိတ်ပြု၍ ပုဒ်ပြီး၊ ရုပ်ပြီး၊ လုပ်နည်းအစီအရင်ကို သိအပ်၏။ ထိုဝံသောကို ဝံသဟူ၍လည်းကောင်း၊ ဝင်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြ၏"... လို့ ရှင်းလင်းထားပါတယ်။ ပါဠိစကား... ဝံသရဲ့ တိုက်ရိုက် အနက်ကတော့ အနွယ်စဉ်ပါ။

အခုပြောချင်တဲ့အကြောင်းက အဲဒီ မဟာဝင်ထဲမှာပါတဲ့ ဒုဋ္ဌဂါမဏိမင်း၊ ဒီမင်းရဲ့ သူရဲကြီးတစ်ကျိပ်ထဲက တစ်ယောက်သော စစ်သူရဲကြီး အကြောင်းဖြစ်ပါတယ်။

ဒုဋ္ဌဂါမဏိဟာ ဒီနာမည်နဲ့ ဘုရင်မဖြစ်မီ ဂါမဏိမင်းသားဘဝမှာပဲ သူ့ဘုန်းအာနိသင်ကြောင့် သူ့ထံ ဝင်ရောက်အမှုထမ်းကြတဲ့ လူစွမ်းကောင်းကြီးဆယ်ယောက်ကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။

လူစွမ်းကောင်း ဆယ်ယောက်ထဲမှာ အပါအဝင်ဖြစ်တဲ့ 'အဘယ' ဆိုသူအကြောင်းက...။

ကောဋ္ဌကတောင်အနီး၊ ကိတ္တိရွာမှာ အုပ်ချုပ်နေတဲ့ ရောဟဏဆိုတဲ့ သူကြွယ်တစ်ယောက် ရှိပါတယ်။ သူ့သားက အဘယတဲ့၊ အဘယက ၁၂ နှစ်အရွယ်ကတည်းက လူလေးငါးယောက်ချီ၊မရတဲ့ ကျောက်တုံး ကျောက်ဖျာကြီးတွေကို ဂုံညင်းထိုးကစားတဲ့အထိ ခွန်အားဗလကြီးမားသူ ဖြစ်ပါသတဲ့။ ဆယ့်ခြောက်နှစ်အရွယ်ရောက်တော့ တစ်ပါးသူတွေ ဘေးအန္တရာယ် မဖြစ်ရအောင် သူ့ဖခင်က အလျား ၁၆ တောင် ရှိတဲ့ ရားနှစ်တုတ်ကြီး တစ်ချောင်း လုပ်ပေးထားရပြီး အဲဒီတုတ်ကြီးနဲ့ အုန်းပင်၊ ထန်းပင်တွေကို ရိုက်ဖြတ်ချိုးလှဲ ကစားပါတယ်။ ဒီလောက်အင်အားကြီးနေတော့ မင်းနိုင် အန္တရာယ်ပြုမှာစိုးလို့ မဟာသုမနထေရ် ထံမှာ သာမဏေ ပြုစေပါတယ်။

သာမဏေဟာ ကျောင်းအရံ ထန်းပင်၊ အုန်းပင်တွေကို ရေလောင်း ဗောဓိပင်ကို ပြုစုနဲ့ ကျောင်းပရိဝုဏ် တစ်ခုလုံး သပ်ရပ်သန့်ရှင်းရေး တာဝန်ယူပါတယ်။ တစ်နေ့တော့ အဲ့ဒီအချိန်က မင်းပြုနေတဲ့ ကာကဝဏ္ဏတိဿမင်းကြီးသားတော် ဂါမဏိမင်းသားရဲ့ လူစွမ်းကောင်းအဖွဲ့ဝင်ဖြစ်တဲ့ ကောဋ္ဌတိမ္ဗရဟာ နောက်လိုက်တွေနဲ့အတူ ခရီးထွက်ရင်း ဘုန်းကြီးကျောင်း





မှာ ဝင်နားပါတယ်။ ကျောင်းအရံတွင်းမှာ ထမင်းစားပြီး အုန်းပင်တွေမြင်တော့ နောက်လိုက်တွေကို အခူးခိုင်းပါတယ်။ အုန်းပင်တွေ လှုပ်လှုပ်ရှားရှား အုန်းသီးတွေရ၊ စားကြ၊ သောက်ကြပြီး တစ်ရေးတစ်မော အိပ်ကြပါတယ်။ အုန်းလက်တွေကြွေ၊ အုန်းပင်တွေကျိုးနဲ့ မြင်မကောင်းဖြစ်တာကို ဆွမ်းခံပြန်လာတဲ့ အဘယသာမဏေတွေ့တော့ အကြီးအကျယ်စိတ်ဆိုးပြီး အိပ်နေတဲ့ ကောဋ္ဌတိမ္ဗရရဲ့ ခြေမကို သူ့ခြေထောက်နဲ့ညှပ်၊ ပတ်ပတ်လည် ဝှေ့ပါသတဲ့။ ကောဋ္ဌတိမ္ဗရ ဆိုတာ နယ်နယ်ရရ မဟုတ်ပါဘူး။ သူ့အစ်ကို ခြောက်ယောက် ယာတွန်နေချိန်မှာ သူက အပျင်းထူအိပ်နေလို့ ဆဲဆို ကြိမ်းမောင်း ခံရတော့ ကျုပ် တာဝန်ထားဆိုပြီး တည်ပင်၊ ယင်းတိုက်ပင် စတဲ့ အပင်တွေကို ဆွဲဆွဲနှုတ်၊ မြေကို ညီအောင်လုပ်လိုက်တာ တစ်ခဏချင်း ပြီးသွားပါတယ်။ ခွန်အားကြီးတဲ့သူဖြစ်လို့ ဂါမဏိမင်းသားထံမှာ မြို့ရွာ ကံကျေးနဲ့ တကွ ရိက္ခာတစ်ထောင် စားရတဲ့ သူရဲကောင်းအဖွဲ့ဝင်ပါ။

အဲဒီ ကောဋ္ဌတိမ္ဗရဟာ အဘယသာမဏေ ခြေနဲ့ညှပ် ပတ်ပတ်လည် ဝှေ့တာကို ရုန်းမရပါဘူး၊ သာမဏေ နားတော့မှ သူက စိတ်မဆိုးဘဲ အရှင်နဲ့ တွေ့မှ အဖော်ရတော့တယ်လို့ပြောပြီး ဒီလောက် ခွန်အားအစွမ်းကြီးလှတာ ဘုရင့်နန်းတော်မှာ အမှုထမ်းပါလားလို့ တိုက်တွန်းပါတယ်။ အဘယက ငါ ဆင်းရဲသား မဟုတ်ဘူး၊ သူကြွယ်မျိုးရိုးလို့ ဆိုပါသတဲ့။ ကောဋ္ဌတိမ္ဗရကလည်း အခုအခါမှာ ဒမိဠမိစ္ဆာဒိဋ္ဌိကျေးလူမျိုးများဟာ သာသနာတော်ကို အန္တရာယ်ပေးနေကြတာ မသိဘူးလားလို့ ပြောတော့မှ ဒါဆိုရင်တော့ ငါ့မှာ တာဝန်ရှိပေသပေါ့ဆိုပြီး လူထွက်၊ မင်းမှုထမ်း၊ ဂါမဏိမင်းသားထံရောက်၊ သူစွမ်းကောင်း အဖွဲ့ဝင် ဖြစ်လာတာပါ။

အဘယရဲ့ဖခင် သူကြွယ်ကတော့ မဟာသုမနထေရ်ကို ဆည်းကပ်ရင်းနဲ့ သောတာပတ္တိဖိုလ်ဆိုက်၊ လူ့ချမ်းသာစည်းစိမ်မှာ သံဝေဂရလို့၊ ရှိစည်းစိမ် အကုန်စွန့်၊ ရဟန်းပြု တရားကျင့်ပြီး ရဟန္တာ ဖြစ်သွားပါတယ်။ ဒါကြောင့် အဘယနာမည်ပျောက်ပြီး ရဟန္တာထေရ်ရဲ့သား အဘယ (ထေရပုတ္တာအဘယ) အမည်သစ် ရခဲ့ပါတယ်။

ဒုဋ္ဌဂါမဏိမင်းဟာ လပေါင်းများစွာအတွင်း စစ်ပွဲကြီးပေါင်း [illegible] ခွဲနွှဲခဲ့ပြီး နောက်ဆုံး ဧဠာရကျေးမင်းကို သုတ်သင်နိုင်ခဲ့လို့ [illegible]မှာ



www.burmeseclassic.com

www.burmeseclassic.com



ကေရာဇ် ဖြစ်ခဲ့ပါတယ်။ စစ်ပွဲတွေပြီး၊ ရန်သူတွေ အကြွင်းအကျန် ကုန်စင်လို့ အဘိသိက်ခံတော်မူတဲ့ပွဲမှာ ထုံးစံအတိုင်း လက်ရွေးစင် စစ်သူရဲကြီး ဆယ်ဦးကို မြို့စားနယ်စား ဘွဲ့နဲ့ ရာထူးဌာနန္တရတွေ ပေးအပ်ချီးမြှောက်ပါတယ်။

စစ်သူရဲကြီးတွေ တစ်ယောက်ပြီးတစ်ယောက် ဘွဲ့အသီးသီးနဲ့ ကြီးမြှင့်သော ချီးမြှောက်မှုကို ခံယူကြပြီးနောက် ထေရပုတ္တာ အဘယ အလှည့် ရောက်လာပါရော။ ဒီအခါမှာ သူက...

"ပေးတော်မူသော ရာထူးဌာနန္တရ ဘွဲ့မည်ကို မယူပါရစေနဲ့" လို့ တင်ပါတယ်။

ဒီငြင်းဆိုချက်ဟာ အန္တရာယ်ကြီးလှပါတယ်။ မင်းကေရာဇ် ချီးမြှောက်တာကို လက်မခံဘူးဆိုတာဟာ မင်းကေရာဇ်ရဲ့ အမိန့်နဲ့ ဆန္ဒကို ဆန့်ကျင်တာပါပဲ။ ချီးမြှောက်တာကို မယူရင် မင်းပြစ်ခံဖို့သာ ရှိပါတော့တယ်။ ပြီးတော့ ဒုဋ္ဌဂါမဏိဆိုတာကလည်း မဟာဝံသမှာ ဘုန်း၊ လက်ရုံး အာဏာ၊ အပြင်းဆုံး အထင်ရှားဆုံးမင်း။ သူ့အမည် ဂါမဏိမှာ ဒုဋ္ဌတပ်တာ ကိုက ခမည်းတော်ဘုရင်ကြီးကို စော်ကားခဲ့လို့။

(ခမည်းတော် ကဝန္တတိဿမင်းကြီးက ငါ့သား... ဂင်္ဂါရဲ့ဒီမှာဘက် နယ်ပယ်နဲ့ ကျေနပ်ပါ။ ဟိုမှာ ဘက်သွားပြီး စစ်မထိုးပါနဲ့လို့ ပြောတာကို နားမထောင်ခဲ့ဘဲ ခမည်းတော်ထံကို ထဘီ၊ တဘက်စတဲ့ မိန်းမအသုံး အဆောင်တွေ ပို့ခိုင်းခဲ့တာ။ အဓိပ္ပာယ်ကတော့ ခမည်းတော် ယောကျ်ား မဟုတ်ဘူးပေါ့လေ။ ခမည်းတော်က ငါ့ကိုပြစ်မှားသလားဆိုပြီး လှောင်အိမ် သွင်းမယ်လုပ်တော့ ဇနပုဒ်ထွက်ပြေးခဲ့သူ၊ ဖအေကို ပြစ်မှားစော်ကားလို့ ဒုဋ္ဌဂါမဏိဆိုတဲ့ နာမည် ရခဲ့တာကလား။)

အဲဒီလို စွပ်ရှပ် လုပ်တတ်တဲ့ ဒုဋ္ဌဂါမဏိ၊ အခု ကေရာဇ်မင်းဖြစ်လာ တော့ ဘယ်လောက် အမိန့်အာဏာ ပြင်းလိုက်မလဲဆိုတာ တွေးကြည့်နိုင်ပါ တယ်။ အဲဒီဘုရင် ချီးမြှောက်တာကိုမှ ငြင်းပယ်ပြီး၊ 'မယူပါရစေနဲ့၊ ပြန်[illegible] တဲ့ ထေရပုတ္တာအဘယ စစ်သူရဲ။

အဘိသေကသဘင်ဟာ တစ်ခဲနက် တိတ်ဆိတ်သွားပါတယ်။ ထေရ ပုတ္တာအဘယတော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲတော့မလားပေါ့။ ဒါပေမဲ့





သူ့ရဲကောင်းကိုချစ်တဲ့ ဒုဋ္ဌဂါမဏိမင်းက "ဘာကြောင့်မယူတာလဲ" လို့ မေးပါ တယ်။ ထေရပုတ္တအဘယက "အရှင် ကျွန်ုပ်မှာ စစ်ထိုးစရာ ကျန်ပါသေး တယ်"

"ငါလျှင် ကေရာဇ်ဖြစ်ခဲ့ပြီကော၊ ဧဠာရကျေးမင်းလည်း ငါ့လက်ချက် နဲ့ ကျပြီ၊ ဒမိဠကျေးမိစ္ဆာတွေ အကုန်လုံး ပြုတ်ပြုန်းပြီကော၊ ဘယ်မှာ စစ်ထိုးစရာ ကျန်သေးလို့လဲ"

ဒီအခါ ထေရပုတ္တအဘယ လျှောက်လိုက်ပုံက...

"အရှင် အလွန်အောင်နိုင်ခဲသော၊ ကိလေသာတည်းဟူသော စစ် ရှိပါ တယ်။ ကိလေသာရန်သူတပ်တွေနဲ့ စစ်ထိုးခွင့်ပြုတော်မူပါ။ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ..."

ဒုဋ္ဌဂါမဏိမင်းက အကြိမ်ကြိမ် တားပါတယ်။ ခွင့်မပြုပါဘူး။ ထေရ ပုတ္တာအဘယကလည်း အဖန်တလဲလဲ တောင်းပန် တောင်းဆိုပါတယ်။ ဘွဲ့မည်၊ ရာထူးဌာနန္တရ လုံးဝ မယူပါ။ အမိန့်ဆန္ဒကို ဖီဆန်လို့ သတ်ချင် လည်း သတ်ပစ်လိုက်ပါဆိုတဲ့ သန္နိဋ္ဌာန်။

နောက်ဆုံးတော့ ရတနာသုံးပါးမှာ သက်ဝင်တဲ့ မင်းကြီးက ခွင့်ပြု လိုက်ရပါတယ်။ မင်းကြီးနှင့်တကွ လုပ်ဖော်ကိုင်ဖက် အားလုံးမှာ နှမြော လည်း နှမြောကြ၊ အံ့လည်းသြကြ။ တချို့ကလည်း သူ့အဖေသူကြွယ်တောင် စည်းစိမ်စွန့်၊ ရဟန်းဝတ် ရဟန္တာဖြစ်ခဲ့သေးတာကလားဆိုပြီး နားလည်ကြ၊ ထေရပုတ္တအဘယကတော့ အဲဒီမျက်နှာတွေအားလုံးကို ကျောခိုင်းစွန့်ခွာ လိုက်ပါပြီ။

ဒီဖြစ်ရပ်ဟာ ဒီမျှနဲ့ ပြီးဆုံးမသွားပါ၊ ဒုဋ္ဌဂါမဏိမင်းကြီး "သေခြင်း အနီးရှိသော ရောဂါကပ်ငြိပြီး"၊ မင်းကေရာဇ်ဘဝရဲ့ နောက်ဆုံးအချိန်၊ သေငယ်ဇော မြောချိန်မှာ နောက်ဆက်တွဲရလဒ် ဖြစ်ပေါ်လာပါတယ်။

မဟာဝင်ဝတ္ထုမှာ အသေးစိတ် အကျယ်ပြထားတာကို အနှစ်ချုပ် တင်ပြရရင် မင်းကြီး အနာသည်းစွာနဲ့ လျောင်းရင်း မဟာစေတီ၊ လောဟ ပါသာဒ တို့ကို ရှိခိုးပူဇော်ရချိန် ရဟန်းတော်တွေကလည်း အစုအဝေးနဲ့ ကြွရောက် ဆော် တွေရွတ်ဖတ်ပူဇော်ကြချိန်...။



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီး။ ။ (အတွေး) အဘယ စစ်သူကြီးဟာ ငွေဥရကျေးမင်းတို့နဲ့ ငါ နှစ်ဆယ့်ရှစ်ကြိမ်တိုင် ကြီးစွာ စစ်ထိုးခဲ့စဉ်က ငါမရှုံးခဲ့ဘူး ငါ့ထံ ဝန်းရံအဖော်ပြု အတူတကွ ပါဝင်စစ်ထိုးခဲ့တယ်။ အခု သေမင်းနဲ့ စစ်ထိုးရာမှာ ငါရှုံးအံ့ ဆိုတာမြင်လို့ ငါ့ထံ မကပ် လာတော့ဘူး။

(မင်းကြီးရဲ့ အတွေးအကြံကို ကရိန္တမြစ်အမွန်၊ ပဥ္စလိတောင်မှာ အခြ အရံ ရဟန္တာငါးရာနဲ့ သီတင်းသုံးနေတဲ့ ထေရပုတ္တအဘယ ရဟန္တာ သိတော်မူပြီး အခြံအရံနှင့်တကွ ကောင်းကင်ခရီးမှ ကြွလာကာမင်းကြီး အနား မှာတည်)

မင်းကြီး။ ။ အရှင်ဘုရား၊ ရှေးအခါက သူရဲကြီးတစ်ကျိပ် ဖြစ်ခဲ့တဲ့ အရှင်မြတ်တို့နှင့်အတူ စစ်ထိုးခဲ့တဲ့ တပည့်တော်ဟာ အခု တော့ ထိုစစ်များရပ်လို့ သေမင်းနဲ့စစ်ထိုးနေရပါပြီ။ ရန်သူ ရှုံးစိမ့်သောငှာ၊ တပည့်တော် မတတ်နိုင်တော့ပါလား ဘုရား။

အဘယရဟန္တာ။ ။ မင်းကြီးမကြောက်နဲ့၊ ကိလေသာ ရန်သူကို မအောင်ရင် သေမင်း ရန်သူကိုလည်း မအောင်ဘူး၊ အလုံးစုံ သော ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရတို့သည် မမြဲကုန်၊ အတုမဲ့ ဗုဒ္ဓကို ပင်လျှင် ဇရာ၊ မရဏ၊ အနိစ္စတို့သည် နှိပ်စက်ခြ တယ်။ ဒါကြောင့် ငါ၏ ရုပ်၊ နာမ်၊ ခန္ဓာဟူသမျှတို့သည် မမြဲ၊ ဆင်းရဲအတိ အစိုးမရဟု နှလုံးသွင်း။

ဒီနောက်မှာ ထေရပုတ္တအဘယထေရ်ဟာ မင်းကြီးရဲ့ သာသနာ ဆိုင်ရာ ကောင်းမှုများစွာကို နှလုံးသွင်းနိုင်အောင် မပြတ်သတိပေး နှိုးဆော် ပါတယ်။ တရားပြပါတယ်။ ဒုဋ္ဌဂါမဏိဟာ ဒီအခါကျမှ ဝမ်းမြောက် ကြည်နူးလှစွာနဲ့...

"အရှင်ဘုရား... အရှင်မြတ်သည် ကျွန်ုပ်၏ နှစ်ကြိမ်သော စစ်ပွဲ လည်း ကောင်းသော အဖော်သဟဲ ဖြစ်ပါပေသည်" လို့ ကျူးရင့် သွားပါ တယ်။

စစ်သူရဲကြီး တစ်ယောက် တကယ့် စစ်ကို အောင်မြင်သွားပုံ





အောင်ခြင်း အစစ်ကို ရသွားပုံ ကြည်နူးမြတ်နိုးစွာ နှလုံးသွင်းမိရင်းနဲ့ ထေရပုတ္တအဘယရဲ့ "စကားတစ်ခွန်း"ကိုလည်း သမိုင်းတွင် သမိုင်းဝင် စကားအဖြစ် ကမ္ပည်းထိုးလိုက်ရပါတယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၈၅)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## “အောင်မြင်လျှင် အနှစ်ကိုယူတော်မူ အကာမျှသာ ပေးတော်မူပါ”

(သမိန်လောက်ဖြား)

လူနဲ့အချစ်၊ သစ်ပင်နဲ့အမြစ်၊ တိုင်းပြည်နဲ့စစ်ဆိုပြီး ဘယ်လိုမှ မကင်းနိုင်သော အတွဲများအဖြစ် ပြောလေ့ရှိပါကြတယ်။ မကင်းနိုင်တာက တော့ဟုတ်ပါရဲ့။ လူ့ရဲ့အချစ်၊ သစ်ပင်ရဲ့အမြစ်ဆိုတာက တည်ဆောက်ခြင်း၊ ပွားစည်းခြင်း သဘောကိုဆောင်ပါတယ်။ တိုင်းပြည်နဲ့စစ်ကတော့ ဖျက်ဆီးခြင်း၊ ပျက်သုန်းစေခြင်း သဘောကိုပြပါတယ်။ တိုင်းပြည်တစ်ပြည် အေးချမ်းသာယာနေတာကို “စစ်မက်ဘေးကင်းသော”ဆိုတဲ့ ဝိသေသနနဲ့ ပြကြပါရော လား။

စစ်ပွဲကနေပြီး သူရဲကောင်းများကို မွေးထုတ်ပေးတယ်လို့လည်း ဆိုကြပါရဲ့။ သို့သော် အဲဒီသူရဲကောင်းကြီးတွေ ဖြစ်ပေါ်လာဖို့အရေးမှာ မိခင်တွေ၊ ဇနီးတွေ၊ နှမတွေရဲ့ မျက်ရည်များနဲ့ အရင်းအနှီးပြုရတယ်ဆိုတာ ကိုလည်း မမေ့အပ်ပါဘူး။

တစ်ခါ စစ်ကိုပဲ ကျူးကျော်စစ်၊ ခုခံစစ်၊ တရားသောစစ်၊ မတရား သောစစ်၊ နယ်ချဲ့စစ်၊ တိုင်းပြည်နဲ့လူမျိုးအတွက် ကာကွယ်တွန်းလှန်ဆော





အမည်ဖြင့် ခွဲခြားကြပါသေးတယ်။ ကမ္ဘာ၊ မြန်မာမှာ စစ်ပွဲကို အကြောင်းခံ ရေးဖွဲ့တဲ့ မှတ်တမ်း၊ မော်ကွန်း၊ လင်္ကာတွေဟာ သမိုင်းဖြစ်လာကြတယ်။ ကုန်ခဲ့တဲ့ ၂၀ ရာစုရဲ့ အကြီးကျယ်ဆုံး လူ့သမိုင်းဆိုင်ရာ အဖြစ်ဟာ ကမ္ဘာ စစ်ကြီးနှစ်ခုပဲလို့ ကမ္ပည်းတင်ကြတယ်။ အခုထိလည်း လူမျိုးရေးစစ်ပွဲ၊ အကြမ်းဖက်ဝါဒစစ်ပွဲ၊ ဒါကို ပြန်လည်တုံ့ပြန်နှိမ်နင်းတဲ့ စစ်ပွဲ၊ နယ်မြေလု စစ်ပွဲ စသည်ဖြင့်၊ စစ်ပွဲတွေဟာ အမည်နာမအမျိုးမျိုးနဲ့ ဖြစ်ပေါ်နေကြဆဲ၊ ဓား၊ လှံ၊ သေနတ် စသော လက်နက်တို့ဖြင့် သတ်သော ဘေးသင့်သော ကပ်။ သတ္တန္တရကပ် တဲ့။

သမိုင်းဦးခေတ် ဆွေမျိုးစုချင်း၊ မျိုးနွယ်စုချင်း ကျောက်လက်နက် သံလက်နက်တွေနဲ့ တိုက်ကြ ခိုက်ကြ ဖြစ်လာလိုက်ကြတဲ့ စစ်ပွဲတွေဟာ အခုထိ မစဲနိုင်သေး။ ဓာတုလက်နက်၊ ပိုးမွှားလက်နက်၊ အဏုမြူလက်နက် လက်နက်တွေ ပြောင်းလဲ ဖြစ်ပေါ်သုံးစွဲလာကြ။ စစ်ရဲ့ အခြေခံသဘော၊ စစ်ရဲ့ ရည်ရွယ်သဘော၊ စစ်ပြုခြင်း ဆိုင်ရာ လူတို့ရဲ့သဘောတွေကတော့ မပြောင်းမလဲ အစွဲအမြဲ ပါလာကြစဲပါပဲ။

အင်း၀-ဟံသာဝတီ အနှစ်လေးဆယ် စစ်ပွဲဆိုတာကို အများသိကြ ပါတယ်။ အရေးတော်ပုံကျမ်းတွေကလည်း စာပေနယ်မှာ အထင်ကရ ရှိကြပါတယ်။

အဲဒီစစ်ပွဲကတော့ ဘာကြောင့် ဘယ်လို ဖြစ်ပွားခဲ့ပါသလဲ။

* * *

အင်း၀-ဟံသာဝတီ အားပြိုင်မှုရဲ့ နောက်ခံကို ကြည့်မယ်ဆိုရင် စိတ်ဝင်စားစရာ အကြောင်းအရင်းတွေကို အများအပြား တွေ့ရပါတယ်။ အဲဒီ အကြောင်းရင်းတွေဟာ တစ်ခုနှင့်တစ်ခု သိမ်မွေ့စွာ ဆက်စပ်နေကြပါတယ်။ သာမညအကြောင်း၊ ပဓာနအကြောင်း၊ အဇ္ဈတ္တအကြောင်း၊ ဗဟိဒ္ဓအကြောင်း၊ အနီးကပ်အကြောင်း၊ ဝေးကွာသောအကြောင်း စသည်ဖြင့် အကြောင်းတရား (Cause) တွေ ရှိကြရာမှာ အရေးပါတဲ့ အကြောင်းတရား တစ်ခုကို သွားတွေ့ ရပါတယ်။ အဲဒါကတော့ သမိန်လောက်ဖြားရဲ့ စကားတစ်ခွန်း (အောက်ဖော် ဆောင်) ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်လျှင် အနှစ်ကိုယူတော်မူ၊ အကာမျှသာ ပေးတော်မူပါ"တဲ့။

ဒီစကားကို လောက်ဖျားက ဘာကြောင့်ပြောပါသလဲ။ ဒီစကားလေး တစ်ခွန်းက အင်းဝ–ဟံသာဝတီစစ်ပွဲဖြစ်ဖို့ "ဖွဲ့"နေတဲ့ ယမ်းပုံကြီးပေါ်မှာ "မီးပွား" လေးတစ်စအဖြစ် ဘယ်လို ကျရောက်ခဲ့တာပါလဲ။

ရှုပ်ထွေးသိမ်မွေ့လှတဲ့ အကြောင်းအရင်းခံတွေကို လိုက်ရှာကြည့်ဖို့ ကြိုးစားလိုက်တဲ့အခါမှာ...။ သက္ကရာဇ် ၇၁၀၊ မုတ္တမှာ နန်းတက်တဲ့ ဗညားဦးမင်းဟာ ဆင်ဖြူတော်ရလို့ ဆင်ဖြူရှင် ဗညားဦးဖြစ်လာခဲ့ပါတယ်။ ဒီဆင်ဖြူတော် အနိစ္စရောက်တဲ့အခါမှာ ဗညားဦးဟာ တောဝင်ပြီး ဆင်ရှာကြ ပါတယ်။ ဒီအချိန်မှာ ဗညားဦးသူကောင်းပြုထားတဲ့ ညီနောင်လေးဦးတို့ဟာ သူတို့နေတဲ့ ဒေသတွေကနေပြီး ပုန်စားကြတယ်။ ညီနောင်လေးဦးက ဖြတ်တဗ(မုတ္တမ)၊ အဲဖြဗုန် (လဝွန်းဗျည်း)၊ လောက်ဖြား (မြောင်းမြ)၊ ဥလို (မော်လမြိုင်) တို့ဖြစ်ပါတယ်။

ဒီထဲမှာ မြောင်းမြစား သမိန်လောက်ဖြားက မယား ၁၆ ယောက်ရှိပြီး၊ သားသမီး ၇၀ ရှိပါသတဲ့။ သား ၅၅ ယောက်၊ သမီး ၁၅ ယောက်၊ သားတွေကလည်း အရွယ်ရောက်ပြီး ရာထူးရှိသူ၊ မြို့စားဖြစ်သူတွေဆိုတော့၊ သားတွေ သမက်တွေအားကိုးနဲ့ ပုန်စားတာပါပဲ။ ဗညားဦးက ဇင်းမယ်မင်းကို သမီး ပေးမိတ်ဖွဲ့၊ ပုန်စားသူတွေကို နှိမ်နင်း၊ နောက် မုတ္တမကနေ ဒုန်ဝုန်းကို ပြောင်းပြီးစံ၊ ဒုန်ဝုန်းမှာလည်း ၆ နှစ်ပဲ နေပြီး၊ ပဲခူးကို ရွှေ့ပြန်ပါတယ်။ ဗညားဦးရောက်တဲ့အချိန်ကစပြီး ပဲခူးဟာ ရာဇဌာနီ နေပြည်တော်ကြီး ဖြစ်လာပါတယ်။ နောင်တစ်ချိန် (၇၃၁)မှာ ဗညားဦးဟာ အင်းဝဘုရင် မင်းကြီး စွာစော်ကဲထံ တမန်လွှတ်၊ ရွှေပြားခတ်နိုပ်သဝဏ်နဲ့ မဟာမိတ်ဖွဲ့တော့ မင်းကြီးစွာကလည်း လက်ခံ။ အင်းဝ–ဟံသာဝတီတို့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းပေါက်သွားပါတယ်။ နယ်ခြားမှာ ချိန်းဆိုကြ။ ဘုရင်နှစ်ပါး ဝတ်စုံ အပြန်အလှန်လဲကြ။ ရွှေလင်ပန်းတစ်ခုထဲမှာ လက်ဆုံစားကြနဲ့ ချစ်ကြည်ရေး ဖွဲ့ကြတယ်။

ဖြတ်တဗနဲ့ လောက်ဖြားတို့ကတော့ ဗညားဦးကို ဦးမညိုက်ကြသေး ပါ။ ဒီကြားထဲမှာ ဇင်းမယ်မင်းဆီ ပို့ထားတဲ့ ဗညားဦးရဲ့သမီးတော် တလမေ သီရိဟာ ဇင်းမယ်မင်း မျက်နှာသာပေးခြင်း မခံရလို့ စိတ်မချမ်းသာ ဖြစ်နေ





ပါတယ်။ သမီးတော်ကို ပြန်ခေါ်ချင်တဲ့ ဗညားဦးဟာ အမျက်မာန်လျှော့ပြီး ဖြတ်တဗနဲ့ လောက်ဖြားတို့ထံ စာစေရတော့တယ်။ ဖြတ်တဗနဲ့ လောက်ဖြား တို့က ဇင်းမယ်မင်းနဲ့ အဆက်အဆံ ရှိကြတာကိုး၊ ဒီလိုနဲ့ပဲ ဖြတ်တဗ၊ လောက်ဖြားတို့ အကူအညီနဲ့ သမီးတော်ဟာ ဟံသာဝတီကို ပြန်ရောက်ခဲ့ တယ်။ (ဒီအချိန်မှာ နောင် ရာဇာဓိရာဇ်ဖြစ်လာမယ့် ဗညားနွဲ့ကလည်း တလမေဒေါနဲ့ ချစ်ကြိုက်ပြီး ဒဂုံ ထွက်ပြေးသွားကြလို့ ပြန်ဖမ်းခေါ်၊ ဗညားဦးရဲ့ အစ်မတော် မဟာဒေဝီ ဝင်စေ့စပ်လို့ ပြန်ပေးစားလိုက်ပါတယ်) ဟံသာဝတီပြန်ရောက်လာတဲ့ တလမေသီရိကိုတော့ သမိန်မရူးနဲ့ လက်ဆက် ပေးလိုက်တယ်။

ဒါပေမဲ့ ဖြစ်ရပုံက သူတို့လက်ထပ်ပြီး သုံးနှစ်ရှိတဲ့ အခါကျတော့ အစ်မတော်မဟာဒေဝီနဲ့ သမိန်မရူးတို့ဟာ "နှစ်ကိုယ့်တစ်စိတ် ဖြစ်နေကြပါ သတဲ့။ ဟံသာဝတီနန်းတွင်းရေးရဲ့ လှုပ်ရှားမှုရေးအရှုပ်တော်ပုံပါ။

ဒီကာလတွေအတွင်း ဗညားနွဲ့မင်းသားက "အားပြည့်"လာတယ်။ ခမည်းတော် ဆင်ဖြူရှင် ဗညားဦးကလည်း သားကို မနှစ်မြို့ဘူး။ ဗညားနွဲ့နဲ့ သမိန်မရူးတို့ကလည်း မတည့်။ မဟာဒေဝီကလည်း သူ့ရဲ့ သမိန်မရူး ဘက်က ရပ်တည်ပြီး ဗညားနွဲ့ကို ဆန့်ကျင်။ ဘုရင် ဗညားဦးက ဒီအချိန်မှာ "အနာသည်း"လာပါပြီ။ သမိန်မရူးကို နန်းတင်ချင်တဲ့ မဟာဒေဝီ အုပ်စုက ဟံသာဝတီမှာ ခြေလှမ်းသွက်လာ။ ဗညားနွဲ့က သူ့ဦးရီးတော်တဲ့ ဖြတ်တဗနဲ့ လောက်ဖြားတို့ထံ မဟာမိတ် သဝဏ်ပို့။ ရှုပ်ထွေးနေပြီ ဖြစ်ပါတယ်။ ဗညားနွဲ့က ဒဂုံမှာ စခန်းချ အားမွေးတော့၊ သမိန်မရူးက တပ်ဦး ဗိုလ်ချုပ် အဖြစ်နဲ့ ဒဂုံကို တိုက်ဖို့ တပ်ကြီးလေးတပ်နဲ့ ချီ–ဝိုင်းပါတယ်။ အားလုံးနဲ့ ဆန့်ကျင်ဘက် ဗညားနွဲ့ဟာ အားနည်းသူ၊ ခမည်းတော် ကိုယ်တိုင်က ကြည်ဖြူသူဆိုတာ သိတော့ လောက်ဖြားတို့ကလည်း သမိန်မရူးဘက်က ကူမယ် လုပ်ပါတယ်။ ဒါပေမဲ့ ဗညားနွဲ့ အနီးအနားက ရဟန်း၊ လူ ပညာရှိ တွေရဲ့ ပရိယာယ် အစီအမံတွေကြောင့် တစ်ကြောင်း၊ သမိန်မရူးဟာ မဟာဒေဝီနဲ့ "တစ်စိတ်တည်းညီ" နေကြတာ သိသွားလို့ တစ်ကြောင်းကြောင့် လောက်ဖြားတို့ဟာ သမိန်မရူးဘက် မပင်းချင်တော့ဘူး ဖြစ်သွားပြန်ပါ တယ်။ နောက်ဆုံးကြတော့ လောက်ဖြားက "မရူးငယ်နှင့် အတူနေ ပျော်မိန်း သည့် မိန်းမသွမ်းကို ငါ မကူပြီ" လို့ ဆိုပြီး တပ်ဆုတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ ဗညားနွဲ့ဟာ တစ်ပွဲပြီးတစ်ပွဲ အောင်မြင်မှုတွေ ရလာပါတယ်။ ရင်ဆိုင်တိုက်ကြရာမှာ သမိန်မရူး တပ်ပျက်၊ မရူးလက်လွတ် ထွက်ပြေး၊ ဗညားနွဲ့နဲ့ ပဲခူးကို ချီချိန်မှာပဲ ခမည်းတော် ဗညားဦး ကွယ်လွန် သည်ဖြင့် ဖြစ်ရပ်တွေဟာ ဆက်တိုက်ဖြစ်ပေါ်လာတော့တယ်။ ပဲခူးကို ဗညားနွဲ့ အောင်မြင်တဲ့အခါ သမိန်မရူးကို မိလာပြီး ကွပ်လိုက်ပါတယ်။ အရီးတော် မဟာဒေဝီကိုတော့ ကျေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးရွာများ ထောက်ထားပြီး ဒဂုံကို စားမြိစားစေပါတယ်။

ဗညားနွဲ့ဟာ ရာဇာဓိရာဇ်ဘွဲ့နဲ့ ဟံသာဝတီ ထီးနန်းကို သိမ်းပိုက် အုပ်ချုပ်ပါပြီ။ ဒီအထိက ဟံသာဝတီရဲ့ ပြည်တွင်းရေး အရှုပ်အထွေးဖြစ်ခဲ့ ပါ။ မြောင်းမြစား သမိန်လောက်ဖြားဟာ ဒီဖြစ်စဉ်ကြီးထဲမှာ ပေါ်တုံပျောက် တုံ ပါခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဇာတ်ထုပ်အနေနဲ့ပြောရင် သာမန်ဇာတ်ပို့ ကဏ္ဍကပဲ ပါဝင်ခဲ့တယ်။

သို့သော် ရာဇာဓိရာဇ်(ဗညားနွဲ့) နန်းစံချိန်ကစပြီး ပြကွက် မြင်ကွင်းက ရွေ့သွားပါတယ်။ ဟံသာဝတီ အတွင်းအရေးတွေ ပြီးသွားပြီး ဟံသာဝတီ–အင်းဝ မျက်နှာစာ ရောက်သွားပါတယ်။ အဲဒီ ဇာတ်လမ်းအသစ်ရဲ့ ပြည်ဖုံး ကားကြီး ပွင့်လာအောင် စဖွင့်လိုက်သူကတော့ သမိန်လောက်ဖြားပါပဲ။

အရေးတော်ပုံကျမ်းလာအတိုင်း ကူးရေးပြရရင်–

"... ဟံသာဝတီတွင် ဗညားနွဲ့ မင်းပြုသည်ကို သိရသော မြောင်းမြ စား သမိန်လောက်ဖြားသည် မနာလို ဝန်တိုစိတ်ရှိ၍ သားများ၊ သားမယား များနှင့် ဆွေးနွေးတိုင်ပင်၏။ လက်ဆောင်ပဏ္ဏာများ စီရင်၍ စက်အရေး မပသုံ၊ မင်းစေသူ၊ မလဂွန်း သည်လေးယောက်တို့အား အင်းဝမင်းထံ စေလွှတ်၏။

အင်းဝဘုရင် မင်းကြီးစွာစော်ကဲ လက်ထဲရောက်လာတဲ့ စာက

"ဗညားနွဲ့သည် ပဲခူးကို မင်းပြုမည်။ ရာဇာဓိရာဇ် ဟူသော ဘွဲ့ခံ သည်။ ဆင်ဖြူရှင်ဗညားဦး နတ်ရွာစံခဲ့ပြီ။ ဟံသာဝတီတွင် ရာဇာဓိရာဇ် အခြေမမြဲမီ၊ အုတ်မြစ်မခိုင်ခင်ကို ရွှေနန်းရှင်ထံမှ စစ်တပ်ကြီး ချီခဲ့စေလို သည်။ ကျွန်ုပ်လည်း ရေကြောင်းဖြင့် စစ်တပ်ချီမည်။ ကျွန်ုပ်တို့သည်





အထက်နှင့်အောက် ညှပ်တိုက်ပါက ဗညားနွဲ့ခံနိုင်မည်လော။ ဆုံးခန်းရောက် သည်အထိ အောင်မြင်လျှင် အနှစ်ကို ရွှေနန်းရှင် ယူတော်မူပါ။ အကာရှာသာ ကျွန်ုပ်အား ပေးသနားတော်မူပါရန် တောင်းခံအပ်ပါသည်။ ရွှေနန်းရှင် ဘုရား"

(ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၊ နိုင်ပန်းလှ စာ – ၁၈၇၊ မြဝတီ စာပေတိုက်၊ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်)

* * *

လောက်ဖြား ဘာကြောင့် ဒီလိုကြံ၊ ဒီစာ စေရသလဲ။ အရေးတော်ပုံ ကျမ်းထဲမှာတော့ "မနာလို ဝန်တိုစိတ်ရှိ၍" လို့ ဆိုထားပါတယ်။ ဘယ်လိုမှ လွဲနိုင်တဲ့ စေ့စော်မှုပါပဲ။ လောက်ဖြားဟာ ဆင်ဖြူရှင် ဗညားဦးလက်ထက် ကတည်းက ပုန်စားဖူးသူပါ။ ဗညားနွဲ့ကို ဗဟိုပြုပြီး ဟံသာဝတီနန်းတွင်း ရေးရှုပ်ထွေးလာတော့လည်း ဟိုဘက်ပါလိုက်၊ ဒီဘက်ပါလိုက် ဖြစ်ခဲ့ဝါ တယ်။ ပြီးတော့ သူကိုယ်နှိုက်ကလည်း သား ၅၅ ယောက်၊ သားမက်တွေနဲ့ အသိုက်အဝန်းတောင့်သူ၊ မြောင်းမြကိုစားနေရင်းနဲ့ ပဲခူးကိုကြံနေသူလို့ ဆိုရပါမယ်။

ငြူစူခြင်း၊ မနာလိုခြင်းဆိုတဲ့ ဣဿာရဲ့သဘောက "ကိုယ့်ထက်သာ မနာလို၊ အကြံတူ ရန်သူ၊ အလုပ်တူ ငြူစူ" ဆိုရိုးအတိုင်းပါပဲ။ ဣဿာဆို တာက ကိုယ်နဲ့အလုပ်တူ၊ အကြံတူ၊ ကိုယ့်ထက်သာနေသူအပေါ်မှာ ဖြစ်တဲ့ သဘောပါ။ "ကိုယ်ကျင့်အဘိဓမ္မာ" ထဲမှာ မဟာဂန္ဓာရုံဆရာတော်ကြီးက "ငါးပိသည်က ရွှေသည်၏အပေါ်မှာ ဣဿာဖြစ်ဖို့ ခဲယဉ်းသော်လည်း ရွှေသည်အချင်းချင်း၊ ငါးပိသည်အချင်းချင်း၊ ရဟန်းသံဃာအချင်းချင်း၊ မွေ့ကထိကအချင်းချင်း၊ စာချဘုန်းကြီးအချင်းချင်း၊ ဆရာတော်အချင်းချင်း၊ အတင်းပြောကာ ဣဿာဖြစ်တတ်ကြသည်" လို့ ရေးတော်မူပါတယ်။

ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနဲ့မြှောက် (အတ္တုက္ကံသန)၊ သူတစ်ပါး ကိုတော့ ရှုတ်ချ(ပရဝမ္ဘန) လုပ်ကြရာမှာ၊ ပရဝမ္ဘနမှာ ဣဿာနဲ့ မလိုမုန်းထား ခြင်းသဘောတွေ ပါဝင်နေပါတော့တယ်။ လောက်ဖြားဟာ ဣဿာနဲ့ ထိုက်ခဲ့ခြင်းကို ခံရပါပြီ။ ရာဇာဓိရာဇ်က သူ့ထက် ကံ၊ ဉာဏ်၊ ဝီရိယ



www.burmeseclassic.com

www.burmeseclassic.com



သာလွန်လို့ ဟံသာဝတီအရှင်ဖြစ်သွားတာကို သူ မခံမရပ်နိုင်၊ သူ့ချည်းနဲ့လည်း မယှဉ်နိုင်။ ဒီတော့ အင်းဝဘုရင်ထံ "အနှစ်ကိုယူပါ၊ အကာသာပေးပါ" တဲ့၊ စာ စေပါလေရော။

တစ်ခါ၊ ဝန်တိုခြင်း၊ မစ္ဆရိယကလည်း နှိပ်စက်ပြန်ပါတယ်။ အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ၊ ဓမ္မမစ္ဆရိယ မစ္ဆရိယငါးမျိုး။

လောက်ဖြားရဲ့စာကို လက်ခံရရှိတဲ့ မင်းကြီးစွာကကော...၊ အရေးတော်ပုံကျမ်း စာမျက်နှာ ၁၈၇ မှာပဲ တွေ့ရပါတယ်။ "... စာကို ရလျှင် အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် ရှေ့နောက် မဆင်ခြင်ဘဲ၊ မစ္ဆာစိတ်နှင့် လောဘတရား ပွားများလာသည်။ စာပါအတိုင်း အမြန်ချီလေ၍ မြောင်းမြစား သမိန်လောက်ဖြားအား မှာလိုက်သည်"

ပြီးတော့ တောင်ငူစစ်ကြောင်း၊ သာယာဝတီစစ်ကြောင်းတွေနဲ့ အိမ်ရှေ့မင်း၊ သားတော်တွေကို အကြီးအကဲခန့် စစ်ချီပါစေတော့တယ်။ မင်းကြီး စွာစော်ကဲဟာ ဆင်ဖြူရှင်၊ ဗညားဦးရှိစဉ်က နှစ်ပြည်ထောင် ချစ်ကြည်ခဲ့၊ ဝတ်စုံလဲခဲ့၊ ရွှေလင်ပန်းတစ်ချပ်တည်း လက်ဆုံစားခဲ့တာတွေ မေ့သွားပါပြီ။

တစ်ယောက်က ဣဿာနဲ့မစ္ဆရိယ အခြေခံပြီး စာပို့တယ်။ တစ်ယောက်က မိစ္ဆာစိတ်နဲ့ လောဘထွက်လာပြီး စာပါအတိုင်း လုပ်တယ်။ ဒီလိုနဲ့ပဲ အင်းဝ–ဟံသာဝတီ အနှစ်လေးဆယ် စစ်ကန့်လန့်ကာ ပွင့်သွားပါတော့တယ်။

"အနှစ်ကိုယူပါ၊ အကာမျှသာပေးပါ" တဲ့။ လောက်ဖြားရဲ့ စကား(စာ) ပွဲပြီးလို့ ချုပ်လိုက်တော့ ဘယ်သူများ အနှစ်ရပါသလဲ။ ဘယ်သူများ အကာရပါသလဲ။ စစ်ကြီးပြီးလို့ မင်းနှစ်ပါး၊ သတိ သံဝေဂတွေ ရကြလို့ မာန်စွယ်များကို ချိုးနှိမ်လိုက်ကြချိန်မှာတော့ သူရဲကောင်းတွေရဲ့ သွေးတွေနဲ့ မိခင်၊ ဇနီး၊ နှမတို့ရဲ့ မျက်ရည်များ ရောထွေးနေတဲ့ အနိဋ္ဌာရုံပြင်ကြီးသာ ကျန်ရစ်ခဲ့ပါတော့တယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၈၆)၊ အတွေးသစ်ဂျာနယ်

□



"နမလင်သည် ငါ့ကျောက်ကုန်းထက်၌ စီးလျက် မမေးရာသည့် အမေးကိုမေးသည်၊ ငါမဆိုနိုင်တော့ပြီ"
(ဆင်ကဲတစ်ဦး–အမည်မသိ)

ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ပြန်ပြန်ဖတ်မိတိုင်း စစ်ပွဲတွေ၊ သူရဲကောင်းတွေ၊ မှူးမတ်တွေ၊ မြို့စားနယ်စားတွေ ပါဝင်တဲ့ နင်လားငါလား ဖြစ်ရပ်တွေထဲက ဘယာနက၊ ရှဒွ၊ ဝီရ၊ အဗ္ဘုတ၊ ကရုဏာ၊ ဝိဘစ္ဆ... စတဲ့ ရသတွေဟာ အထင်ကရ လွှမ်းမိုးကြပါတယ်။ ဒါပေမဲ့... အဲဒီလို တောက်တောက်ခါးခါး ဖြစ်ရပ်တွေ၊ ခံစားမှုတွေထဲကပဲ ကတ်သီးကတ်သတ် ဆိုချင်သည်း ဆိုရော့။ ဟာသရသကို သွားသွား တွေ့နေရပါတယ်။ ဒီ အဖြစ်သနစ်ကို ဖတ်မိတိုင်း၊ ပြန်တွေးမိတိုင်း မပြုံးဘဲ မနေနိုင်ပါ။

ဝစီဒုစရိုက် လေးပါးရှိကြောင်း အများသိကြပြီး ဖြစ်ပါတယ်။ အဲဒီအထဲက ဖရုသဝါစာ ကြမ်းတမ်းသော စကား၊ ဆဲရေးတိုင်းထွာသော စကား ဆိုတာကိုလည်း သိကြပါတယ်။ ကိုယ်နဲ့အဆင်မပြေသူ တစ်ဦးအပေါ် အဆင်ခြင် အစဉ်းအစားမရှိဘဲ 'လောဘကြီးသူ'၊ 'ဒေါသကြီးသူ' စသည်ဖြင့် 'နှုတ်လွတ်'စပယ် ခပ်လွယ်လွယ် ပြောချလိုက်တာနဲ့ အဲဒါ ဖရုသဝါစာ မြောက်သွားတာပါပဲ။ ဒါကြောင့် ထိန်းချုပ်ဆင်ခြင်မှုမရှိ စိတ်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လွှတ် ပြောဆိုလိုက်တာဟာ ဖရုသဝါစာအဖြစ် အလွယ်တကူ ပြောင်းနိုင်ပါတယ်။ ပြစ်မှားလိုတဲ့ စိတ်နဲ့အတူ ဆဲရေးခြင်း ၁၀ ပါးနဲ့ ညီညွတ်တယ်ဆိုရင် ဒါ ကမ္မပထ မြောက်တာပါပဲ။

ဆဲရေးခြင်း ၁၀ ပါးမှာ (၁) အမျိုးဇာတ်၊ (၂) အမည်၊ (၃) အနွယ်၊ (၄) အလုပ်အကိုင်၊ (၅) အတတ်ပညာ၊ (၆) အနာရောဂါ၊ (၇) အသွင်အပြင်၊ (၈) ကိလေသာ၊ (၉) အာပတ် ဆိုတဲ့ ၉ မျိုးဆိုင်ရာ အယုတ်အမြတ်အားဖြင့် ဆဲဆိုခြင်းအပြင် ဆယ်ခုမြောက်မှာတော့ အယုတ်အမြတ်အားဖြင့် ဆဲဆိုခြင်း ဆိုတာ ပါပါတယ်။ ဒီဆယ်ခုမြောက် အယုတ်အမြတ်အားဖြင့် ဆဲဆိုခြင်း ဆိုတာက ရှေ့ကိုးခုကနေ ကင်းလွတ်ပြီး စကားလုံးကြမ်းကြမ်းနဲ့ မဖွယ်မရာ ဆဲဆိုခြင်းမျိုးကို ပြောတာပါ။

အရေးတော်ပုံကျမ်းအရ 'နှမလင်' လို့ တိုင်းတာ ဆဲရေးခြင်း ခံလိုက်ရသူက 'ဘုရင်' ဖြစ်ပြီး၊ ဆဲသူက 'ဆင်ကဲ'တစ်ယောက် ဖြစ်ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

* * *

ဗညားဦးဟာ သက္ကရာဇ် ၇၁၀ မှာ ဆင်ဖြူရှင်ဘွဲ့ခံပြီး၊ မုတ္တမမြို့တော်ပြု နန်းတက်ခဲ့တယ်။ သူ့ရဲ့ ဆင်ဖြူတော်ဟာ အင်မတန် အစွမ်းအာနိသင် ကြီးတယ်လို့ ဆိုပါတယ်။ ဇင်းမယ် ကျူးကျော်စစ်ကို ဆင်ဖြူတော်ရဲ့ အစွမ်းနဲ့ အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဇင်းမယ်စစ်ပွဲ အောင်ပြီးနောက် သုံးနှစ်အကြာမှာ ဆင်ဖြူတော် အနိစ္စ ရောက်တယ်။ မင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူအားလုံး နှမြောတသ ကြေကွဲကြရပါတယ်။ ဗညားဦးလည်း ဆင်ဖြူတော် အနိစ္စရောက်ပြီးကတည်းက စိတ်လက်မချမ်းမသာ ဖြစ်ပြီး စက်တော်ခေါ်လို့တောင် မပျော်နိုင်အောင် ပူပင်သောက ရောက်ခဲ့ရတယ်။ ဒါပေမဲ့ လဗူတောအရပ်မှာ ဆင်ကောင်းတစ်စီး ရှိတယ်လို့ သံတော်ဦး တင်ကြတာနဲ့ တောဒေသဆီ ဆင်ရုံကြပါတယ်။ ဘုရင် ဆင်ရုံကြတယ် ဆိုတော့ အလုံးအရင်းက မသေးလှပါဘူး။

မြို့စားရွာစားတွေ၊ ယောက်ဖတော်တွေ၊ စစ်သေနာပတိတွေ၊ ဆင်မြင်း ဗိုလ်ပါ ရဲမက်နှစ်သောင်းကျော် ပါဝင်ပါသတဲ့။ လဗူတောမှာ လေး





ကြာအောင် ဆင်ရုံပါတယ်။ မုတ္တမ နန်းမြို့တော်မှာ ဘုရင် မရှိဘူးဆိုတာနဲ့ ပဒေသရာဇ်တို့ သဘာဝ ဟိုက ဒီက ထကြွပါလေရော။

ထကြွသူတွေက ဖြတ်တဗ၊ အဲဖြဗုန်၊ လောက်ဖြားနဲ့ ဥလို ဆိုတဲ့ ညီနောင် လေးယောက်၊ ဖြတ်တဗက မုတ္တမမှာ၊ အဲဖြဗုန်က လဂွန်းဗျည်းမှာ၊ လောက်ဖြားက မြောင်းမြမှာ၊ ဥလိုက မော်လမြိုင်မှာ အခိုင်အမာနေကြတယ်။

တောထဲမှာ ဆင်ရုံနေတဲ့ ဆင်ဖြူရှင် ဗညားဦး ဒါကို မသိပါဘူး။ ညတစ်ည လတွင် ကြယ်တံခွန် ပြေးဝင်တာကို တွေ့မှ မှူးမတ်၊ ပရောဟိတ်တွေကို မေးတော့၊ အရှင်မင်းကြီး ဇာတာတော် မသန့်၊ ဂြိုဟ်အနေအထား မကောင်း၊ နိမိတ် တဘောင်လည်း မကောင်းပါ။ မုတ္တမ အမြန် ပြန်တော်မူသင့်ကြောင်း တင်လျှောက်ကြပါတယ်။ ဒီတော့မှ တောတွင်းက ပြန်ထွက်၊ လမ်းတစ်ဝက်ရောက်မှ မုတ္တမကို ဖြတ်တဗ စီးပြီး အခိုင်အမာ စွဲနေကြောင်း သိရ။ မုတ္တမကို အပြင်းချီ စသည်ဖြင့် စစ်ပွဲ အစပျိုးပါတယ်။ ဖြတ်တဗက ဒီပွဲမှာ လက်ဦးမှု ရထားသူပီပီ အနိုင်ဘက်က ရှိပါတယ်။ ဗညားဦးကတော့ ဒုန်ဝုန်းကို ဆုတ်ပြီးစံရတယ်။

ယောက်ဖတော် သမိန်ဗြထပိုက်ကို ဗိုလ်ချုပ်ခန့်ပြီး တိုက်ခိုင်းတာမှာ အရေးလှမလိုလို ရှိခဲ့ပြီးမှ ဗြထပိုက်ပါ အဆိပ်ခတ်တဲ့ထမင်း စားမိပြီး ဆုံးပြန်တယ်။ ဒါနဲ့ မှော်ဘီစား ဇေယျသူရကို ဦးစီးတိုက်ခိုင်းပြန်ပါတယ်။ ဇေယျသူရလည်း ကျပြန်တယ်။ မုတ္တမ ဖြတ်တဗကို စစ်ကူပေးမယ်လုပ်နေတဲ့ ဇင်းမယ်မင်းထံ သမီးတော် တလမေသီရိ ပို့ဆက်ပေးပြီး မဟာမိတ်ဖွဲ့ပြန်တယ်။

ဗညားဦးဟာ ဒုန်ဝန်းမှာ ၆ နှစ် စံနေရပါတယ်။ စံနေရင်းနဲ့ စစ်ပွဲမှာ သူ့လူကိုယ့်လူ ခွဲသိဖို့ အမတ်ကြီး ပွန်ဗိုရဲ့သား အကြံပေးတဲ့အတိုင်း ဒုန်ဝန်းသားများ အားလုံးကို ဦးပြည်းခေါင်းတုံး ရိပ်စေပါသတဲ့။ ဒါပေမဲ့ ဒီသီတင်းကို မုတ္တမက ဖြတ်တဗ သိသွားတော့ ညီဖြစ်သူ အဲဖြဗုန်ကို ဗိုလ်ချုပ်ခန့်၊ သူ့ရဲ ၇၀၀ နဲ့ ဦးပြည်းခေါင်းတုံး ရိပ်စေပြီး ဒုန်ဝန်းကို ချီပါတယ်။ မိုးသောက်ချိန် ဒုန်ဝန်းမြို့တံခါး အဖွင့်မှာ အားလုံး ခေါင်းတုံးနဲ့ချည်း ဖြစ်နေသတော့ မြို့တံခါးစောင့်တွေက မစစ်ဆေးတော့ဘဲ ဝင်ခွင့်ပြုလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်းမှာ တိုက်ပွဲ အကြီးအကျယ် ဖြစ်ပွားတယ်။ ဗညားဦးမှာ စီးတော် ဆင်ကို က, မတင်ရသေးပါဘူး။ ဒါကြောင့် ဆင်မယဉ်သာ တစ်စီး ပေါ် ခုန်တက်ပြီး ကိုယ်လွတ်ပြေးရပါတော့တယ်။ မှူးမတ် သေနာပတိတွေ ဘုရင့်နောက် လိုက်ပေမယ့် မမီကြတော့ပါဘူး။ ဆင်ပေါ်မှာ ဆင်ထိန်း တစ်ယောက်သာ ပါပါတယ်။ ချောင်းတစ်ချောင်း အဖြတ်မှာ ဆင်မက ညွန် ကျွံသွားလို့ ဆင်ကိုထားခဲ့ပြီး ဆင်ကဲက ဘုရင်ဗညားဦးကို ကုန်းပိုးပြီး တောထဲ ဝင်ပြေးရပါတယ်။

တောထဲတောင်ထဲမှာ ဆင်ကဲရဲ့ ကျောကုန်းပေါ်က လိုက်ရင်း ဆင်ဖြူရှင် ဗညားဦးဟာ တောထဲက သစ်ပင်တွေကြည့်ပြီး "ဒါကဘာပင်လဲ" "ဒါကဘာသီးလဲ"၊ "ဒီအပွင့်ကဘာပွင့်လဲ" စသဖြင့် မေးပါသတဲ့။ ရန်သူတွေ ကို မျက်ခြည်ဖြတ်နိုင်ခဲ့ပြီဖြစ်လို့ စိတ်အေးလက်အေး ရှိသွားပုံရပါရဲ့။ ဘုရင်ဆိုတော့လည်း တောထဲတောင်ထဲက သစ်ပင်၊ သစ်သီး၊ သစ်ပွင့်တွေကို တကယ်ကို မသိတာလည်းပါရဲ့။ ဆင်ကဲကလည်း ဘုရင်ကို ကုန်းပိုးသွားရင်းကပဲ "ဘာပင်ပါ ဘုရား"၊ "ဘာအသီးပါ ဘုရား"၊ "ဘာအပွင့်ပါ ဘုရား" ဖြေရတော့တာပေါ့။ သူက ဆင်ကဲဆိုတော့ ဆင်ကောက်ရင်းနဲ့ တောတောင် ကို ကျွမ်းနေသူကိုး...။

ဒီလိုနဲ့ ကျောကုန်း ပိုးသွားကြ။ ဘုရင်က လမ်းတစ်လျှောက်လုံး မေး။ ဆင်ကဲက မေးသမျှဖြေ...နဲ့၊ ကြာလာတော့ ဆင်ကဲဟာ ပင်လည်း ပင်ပန်း၊ မေးသမျှလည်း ဖြေရဆိုတော့ ဒေါသထွက်လာပြီး –

"နမလင်သည် ငါ့ကျောက်ကုန်းထက်၌ စီးလျက်၊ မမေးရာသည် အမေးကို မေးသည်၊ ငါ မဆိုနိုင်တော့ပြီ၊ စီးဆင် ညွန်ကျွံသဖြင့် ငါကုန်းပိုး၍ ပြေးသောကြောင့် ရန်သူလက်မှ လွတ်ချေသည်" (နိုင်ငံပန်းလှ–ရာဇာဓိရာဇ် အရေးတော်ပုံ၊ စာ–၆၄) လို့ ရင့်ရင့်သီးသီး ပြောချလိုက်ပါတော့တယ်။

ဘုရင်လည်း တိတ်သွားပါတော့တယ်။ ဘာမှ ဆက်မမေးတော့ ပါဘူး။

ဒီလိုနဲ့ ကျိုက်သတေး ရောက်တော့မှ မှူးမတ်သေနာပတိ ဆင်မြင်း များ မီလာပြီး ပဲခူးဆီ ကူးကြတယ်။





ဗညားဦး ပဲခူးမှာ စံနေပြီလို့ သိရတော့ အဂ်ဂမဟေသီ အစ်မတော် မဟာဒေဝီ လည်း ကူးလာပါတယ်။ မင်းနှစ်ပါး မောင်နှမတို့ တိုင်းရေးပြည်ရာ ဆွေးနွေး ကြတယ်။ ပဲခူးကို အခိုင်အခံ့ ပြုကြတယ်။

နောင်အခါ... မှူးမတ်သေနာပတိ ကြီးငယ်များကို အထိုက် အလျောက် မြို့စား၊ နယ်စား၊ ရွာစား စည်းစိမ်ရာထူးဌာနန္တရများနဲ့ ချီးမြှောက် ပါတယ်။ ဒီလို အချီးအမြှောက် ခံရတဲ့အထဲမှာ အရေးကြီးတဲ့ ကဏ္ဍက ပါဝင်ခဲ့ သူ တစ်ယောက်တော့ မပါပါဘူး။ သူက ဆင်ကဲပါပဲ။ မဟာဒေဝီက မမေ့ မလျော့ သတိပေး တိုက်တွန်းပါတယ်။

"ကျွန်တော်ရင်း ဆင်ကဲသည် မောင်တော်ကို အထူးကျေးဇူးပြုသူ ဖြစ်ပေသည်။ သူ့ကိုလည်း ကျေးမက်စည်းစိမ် ချမ်းသာပေးတော်မူ"

ဆင်ဖြူရှင် ဗညားဦးက...(မှုန်နေတဲ့ မျက်နှာထားမျိုးနဲ့ ဖြစ်ပါလိမ့် မယ်) ဘာပြန်ပြောသလဲဆိုတော့...

"အစ်မတော် ပြောတဲ့အတိုင်း သူ့ကျေးဇူး အထူးရှိတာ မှန်ပါရဲ့၊ ဒါပေမဲ့ ကျေးဇူးဂုဏ် မမြောက်ဘူး၊ ဒုန်ဝန်းက ထွက်ပြေးခဲ့ကြရစဉ် တောထဲ မှာ သူနဲ့ငါ တစ်ခရီးတည်း လာခဲ့ကြတယ်။ ဒီတုန်းက ငါ့နား 'ရှနာ'အောင် သူဆိုတယ်၊ ငါ အရှက်တော် ရခဲ့တယ်၊ ကျေးဇူးတစ်ထောင်ပင်ရှိစေ၊ အပြစ် တစ်ခု ပြုမိချေက ကျေးဇူးဂုဏ် တစ်ထောင်စလုံး ပျက်ရသည်...လို့ ရှေး လူများ ဆိုခဲ့တယ်။ ငါလို ဘုရင်တစ်ပါးကို 'နားရှ'အောင် သင်း ပြောဆိုတဲ့ အတွက် သင်း အသက်ကို ငါ မသတ်ခြင်းသည်ပင်လျှင် သင်း ကျေးဇူးဆပ် ခြင်း မည်တယ်။ အစ်မတော်ပဲ သင်းကို ခေါ်ထားပေတော့..."

မဟာဒေဝီလည်း ဘာမှ ထပ်မပြောသာပါ။ ဆင်ကဲကို ခေါ်ပြီး သင့်ရာ အသက်မွေးမှု ပေးလိုက်တယ်လို့ ဆိုပါတယ်။

* * *

ဩောင်ပင်သာ ဦးပုည က "လောဘကြီးသူ စကားပို၊ ဒေါသကြီးသူ စကားတို၊ မောဟကြီးသူ စကားအို၊ ကောကြီးသူ စကားယို၊ မာနကြီးသူ စကားမို... ဆိုကြသည့်အလာနှင့် ပိုသည်၊ တိုသည်၊ အိုသည်၊ ယိုသည်၊ မိုသည် စကားများကို စဉ်းစား၍မှတ်" လို့ ဩဝါဒ မေတ္တာစာ ရေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကဲဟာ ဒေါသကြီးသူတစ်ဦး မဟုတ်တောင်မှ စိတ်ဆတ်သူ တစ်ဦး ဖြစ်ပါလိမ့်မယ်။ တောထဲမှာ ဘုရင်ကို ကုန်းပိုးပြီး တစ်တောဝင် တစ်တောထွက်၊ ပြေးနေတုန်း၊ ဘုရင်ကလည်း ဟိုအပင်မေး၊ ဒီအပင်မေး။ အောက်ကနေ ကြည့်ဖြေရတာဆိုတော့ မောကလည်းမောနဲ့... ဘုရင်ကို 'ဆဲ' မိသွားတာ ဖြစ်လိမ့်မယ်။

ဗညားဦးကလည်း သူ့ကိုပဲ အားကိုးနေရတာဆိုတော့ 'နှမလင်' လို့ အဆဲခံရတာကိုပဲ အောင့်အည်း သည်းခံလိုက်ရပါတယ်။ နောက်တော့မှ— မသတ်ခြင်းသည်ပင်လျှင် ကျေးဇူးဆပ်တာလို့ ပြောခဲ့ပုံအရ အတော်ကို သူ နာထားပုံပါပဲ။

ဆင်ကဲ ပြောလိုက်ပုံ၊ ဘုရင် ငြိမ်ကျသွားပုံက ပြုံးချင်စရာပါ။ ဒါပေမဲ့... သူ့ ဖရုသဝါစာဟာ သူ့အသက်နဲ့ တန်ဖိုးချင်း ညီတယ်ဆိုတာ သူ ပြန်သိရချိန်မှာတော့ သူ ဘယ်လိုနေမှာပါလိမ့်... ။

မဃဒေဝ၊ ပုဗ္ဗောဝါဒ (၂၅၇) မှာ မန်လည်ဆရာတော်ကြီးက— "**ယုတ်**မာစကား၊ ဒေါသအားဖြင့်၊ ပြစ်မှားချွတ်လွဲ၊ မစွပ်စွဲနှင့်၊ စွပ်စွဲဖရုသ် **ဆဲဆို**စုတ်သား၊ ကြမ်းကြုတ်ဝစန၊ နှုတ်စားမတည့်၊ သူများကိုယ့်မှာ၊ အရာ **မရှိ**၊ မနိုက်ထိဘူး၊ မိမိကိုယ်သာ၊ ဖြတ်တတ်စွာ၏"

ဆင်ကဲရယ် ဗညားဦးကို ကုန်းပိုးခေါ်ဆောင် တောတောင်ထဲ ဖြတ် ပြေးခဲ့တာလေး ရှိနေလို့ပေါ့... ဒါလေး ကယ်ပေလို့သာပေါ့၊ မဟုတ်ရင်တော့ လား... ဘုရင်ကို 'နှမလင်' လို့ ဆဲလိုက်ပုံကဖြင့် (ပြုံးမိချင်နေတဲ့ အထဲမှာ) သူ့ကိုယ်စား ကျောချမ်းလိုက်ပါဘိ...။

အတွဲ(၄)၊ အမှတ်စဉ်(၁၈၇)၊ အတွေးသစ်ဂျာနယ်

❑



## "မင်းဘုရားကြီးတို့ ရှင်ဘုရင်၊ ရှင်ဘုရင်ဝါး မဝသေးပါဘူး"

(ဦးပေါ်ဦး)

မြန်မာ့သမိုင်းမှာ ရှင်ဘုရင်များကို ဝိသေသအမျိုးမျိုးနဲ့ ဂုဏ်မြှင့်ချီးပ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ သက်ဦးဆံပိုင် အရှင်သခင်ဆိုတဲ့ စကားလုံးက တော့ လူသိအများဆုံးပါ။ တစ်ခါတစ်ရံ မိုးမြေကို အစိုးရသော... လို့လည်း ဝိသေသပြုကြပါတယ်။ သက်ရှိသက်မဲ့ အားလုံးရဲ့ သခင်ပါပဲ။ ရာဇာဓိရာဇ— မ ခင်းတကာတို့ထက် (မြင့်သော မြတ်သော အချုပ်ဖြစ်သော) မင်း— ခင်းထက်မင်း ဆိုတာလည်းရှိပါတယ်။ ဓမ္မရာဇာ... ဆိုတဲ့ စကားကတော့ တရားမင်းလို့ အဓိပ္ပာယ်ရပါတယ်။ သီရိတြိဘုဝနာဒိတျ... ဆိုတဲ့ စကားလုံး တွေကတော့ ဘွဲ့ထူးဂုဏ်ထူး ချီးကျူးမှည့်ခေါ်တာမို့ ဘုရင်အပေါ်မှာ တိုက် ရိုက် ဝိသေသဖွင့်ခြင်း မဟုတ်လို့ ဆိုနိုင်ပါတယ်။

မြန်မာဘုရင်များဟာ သက်ဦးဆံပိုင် အချုပ်အခြာအာဏာ... ဖြစ်လို့ 'အာဏာစက်' ထက်လှပါတယ်။ ဒါပေမဲ့ ဘုရင်ဟာ သူ့ရဲ့ မင်း... အာဏာတော်ကို အချုပ်အချယ် ကန့်သတ်မဲ့ သုံးခွင့်ရတယ်လို့ မဆို... အခြားသူတကာ သုံးခွင့်မရတဲ့ ရာဇအာဏာကို 'တစ်ချက်လွှတ်' အခွင့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲပိုင်ခွင့်ရှိတယ် ဆိုသော်လည်း အဲဒီ ရာဇအာဏာကိုပဲ အထိန်းအကွပ်တွေနဲ့ မံထားရံထားတယ်လို့ ဆိုရမှာပါ။

အများသိကြတဲ့ မင်းကျင့်တရား ဆယ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ နာယကဂုဏ် ခြောက်ပါး အစရှိတဲ့ ပြဋ္ဌာန်းချက်များဟာ တကယ်တော့ 'နှုန်းစံ'များအဖြစ်ထက် ပိုပြီး ဘုရင်အတွက် လက်တွေ့ လုပ်ထုံးလုပ်နည်း၊ ကျင့်ထုံးကျင့်နည်း အရာရောက်ဖို့ မလွယ်ဘူး ဆိုရပါမယ်။ ရာဇဩဝါဒ၊ ရာဇမတ္တန်၊ ရာဇသေဝက... အစရှိတဲ့ ကျမ်းများကလည်း မင်းတို့ စောင့်အပ်၊ လိုက်နာအပ်တဲ့ တရားများကို ညွှန်ပြကြပါတယ်။ ဒါပေမဲ့ ဒီဥပဒေ ကျင့်ထုံးတွေကလည်း ဘုရင်ကို တကယ်တမ်း ချုပ်ကိုင်နိုင်ကြတာ မဟုတ်ပါ။

ဒါဖြင့် ရှင်ဘုရင်ရဲ့ ရာဇအာဏာကို တကယ်တမ်း ထိန်းကွပ်ကန့်သတ်ထားတဲ့ အရာတွေက ဘာတွေလဲလို့ မေးစရာရှိပါတယ်။ အခြေခံအားဖြင့်တော့ ဗုဒ္ဓဘာသာတရားတော် ဖြစ်ပါတယ်။ ပြည်သူပြည်သားတွေရဲ့ ကြည်ညိုလေးမြတ်မှုကို ခံယူရရှိဖို့ 'တရားစောင့်သောမင်း'ဖြစ်ရေးကို မြန်မာဘုရင်တွေ အလေးမူကြပါတယ်။

တကယ့်တကယ်... ဘုရင့်အာဏာတော်ကို အနီးကပ် ထိန်းမတ်ကန့်သတ်ပေးနေတာ တစ်ခုကတော့ မှူးကြီးမတ်ကြီးများ ဖြစ်ပါတယ်။ လွှတ်တော်၊ ဗြဲတိုက်စတဲ့ အုပ်ချုပ်ရေး ယန္တရားဌာနကြီးတွေ စနစ်တကျ မဖွဲ့ခင်ကတည်းက မှူးကြီးမတ်ကြီးများရဲ့ အခန်းကဏ္ဍဟာ ရာဇအာဏာရဲ့ အရေးပါတဲ့ 'ရေစစ်'သဖွယ် ဖြစ်ပါတယ်။

ဒါကလည်း မှူးကြီးမတ်ကြီးများရဲ့ အရည်အချင်း ပြည့်ဝမှုရယ် ဒါကို ဘုရင်လုပ်သူက လိုက်လျောလက်ခံမှု ရှိခြင်းရယ် ဒီနှစ်ချက်ပေါ်မှာ မူတည်ပြီး ဒီဂရီ အတက်အကျ ရှိပြန်ပါသေးတယ်။ မှူးကြီးမတ်ကြီးမှူး ဆိုတာ ရှင်ဘုရင်နဲ့ 'လက်ပွန်းတတီး' ရှိသူများ မဟုတ်လား။ ဒီတော့ ရှင်ဘုရင်ရဲ့ အာဏာစက်ကို မလွန်တန်တာ မလွန်ရအောင်၊ လျှော့သင့်တာ လျှော့အောင်၊ မလွှဲသင့်တာ မလွှဲအောင် မဲတင်းညှိနှိုင်းရတာမျိုး တွေ့ကြုံရပါတယ်။

ခြွင်းချက် တစ်ခုအနေနဲ့ ရှိပြန်တာက အဲဒီ မှူးကြီးမတ်ကြီးသော





ရှင်ဘုရင်ရဲ့ လေးစား သိမှတ်မှုကို ခံရသူ ဟုတ်မဟုတ်၊ သူကိုယ်တိုင်ထေ တော်တည့်ဖြောင့်မတ်သူ ဟုတ်မဟုတ်၊ အဂတိလေးပါး ကင်းစင်သူ ဟုတ်မဟုတ်... စတဲ့ အခြေအနေတွေပါပဲ။ 'မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်' ဆိုတဲ့ စကားလည်း ရှိနေသေးတာကို...။

အဲဒီလို နီးကပ်သော ဆက်သွယ်မှုရှိနေကြတဲ့ ရှင်ဘုရင်နဲ့ မှူးမတ်တို့ အကြား စိတ်ဝင်စားစရာ (ထိပ်တိုက်တိုးမှု) မဆိုနိုင်တောင်မှ အဖုအထစ်တွေ ပေါ်ကြတဲ့ ဖြစ်ရပ်တွေထဲမှာ အမရပူရ မြို့တည်နန်းတည် ဘိုးတော် မင်းတရားကြီးနဲ့ အမတ်ကြီး ဦးပေါ်ဦးတို့ အကြောင်းက တစ်မျိုး စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။

* * *

စကားစပ်လို့ ပြောချင်တာက အချို့သူများအနေနဲ့ ဦးပေါ်ဦးနဲ့ ပတ်သက်ပြီး နည်းနည်း သံသယရှိတဲ့ ကိစ္စပါ။ အလွယ် ရေးလိုက်ကြတဲ့ ပုံပြင်ဆန်ဆန် သာဓကတွေကြောင့် ဦးပေါ်ဦးဟာ ဘုရင့်ပျော်တော်ဆက်လိုလို၊ ဘုရင်ကို နှုတ်လန်ထိုးတတ်တဲ့ ဦးပေါ်ဦးဆိုတဲ့ အမတ်ကြီး တကယ် မရှိသလိုလို... ထင်တတ်ကြပါတယ်။

တကယ်တော့ ဦးပေါ်ဦးဟာ ဘိုးတော်မင်းတရား နန်းတက်ပြီး တစ်နှစ်အကြာ ၁၁၄၄ ခုနှစ် အတွင်းမှာပဲ 'မဟာဇေယျသူရသင်္ခယာ' ဘွဲ့နဲ့ နားခံတော်ကြီး ရာထူး ရခဲ့သူပါ။ နောက်နှစ် ၁၁၄၅ မှာ 'မင်းကြီးသိရိမဟာနန္ဒသင်္ကြံ' ဘွဲ့နဲ့ ဆောမြို့စား၊ ယောမြို့စား အတွင်းဝန်ကြီး ခန့်ထားခံရသူပါ။

နောက် ၁၁၈၁ မှာ နန်းတက်တဲ့ ရတနာပူရ စတုတ္ထ မြို့တည်နန်းတည် ဘကြီးတော်လက်ထက်မှာလည်း 'သတိုးမင်းကြီး မဟာမင်းခေါင်' ဘွဲ့နဲ့ အဂ္ဂမဟာသေနာပတိ ဗိုလ်မှူးဝန်ကြီး၊ ၁၁၉၉ မှာ နန်းတက်တဲ့ ကုန်းဘောင် ရွှေဘိုမင်း လက်ထက် 'ဝန်ကြီးသတိုးမင်းကြီး မဟာသုဓမ္မရာဇကျော်ထင်' ဘွဲ့နဲ့ တရားဝန်ကြီးချုပ်... ဆိုတဲ့ ရာထူးဌာနန္တရကြီးတွေကို ရရှိခဲ့သူ ဖြစ်ပါတယ်။

ဘိုးတော်မင်းထံ အမှုမထမ်းခင်က ရဟန်းဘဝနဲ့ သုံးနှစ် နေခဲ့ပြီး စာပေသင်ကြားတတ်မြောက်ပြီးမှ မင်းမှုထမ်းတယ်လို့ဆိုပါတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ဦးဟာ ပိဋကတ်ကျမ်းဂန်၊ ဗေဒင်၊ ဓမ္မသတ်... စတဲ့ ဂန္ထန္တရ တို့မှာ အလွန် ကျွမ်းကျင်ပါတယ်။ ကဗျာဗန္ဓ ဖွဲ့ဆိုရာမှာလည်း ကဝိတစ်ဆူဖြစ်တဲ့ အပြင် ဇဝနဉာဏ်၊ တန်ဖုပ္ပတ္တိဉာဏ်လည်း ကောင်းတာမို့ အပြော၊ အလျှောက်၊ နှုတ်စအာစလည်း ထက်ခဲ့သူဖြစ်ပါတယ်။ ရာထူးကလည်း ကြီး၊ ပညာကလည်း ထက်၊ စကားလုံးကလည်း ပြောင်၊ ဒီ့အပြင် ကိုယ့်စိတ်ကိုယ့်လိပ်ပြာ သန့်နေသူများဟာ အမြင်အကြား မတော်ရင် ဘာကိုမဆို၊ ဘယ်သူ့ကိုမဆို၊ 'ဒိုးဒိုးဒေါက်ဒေါက်' ပြောရဲကြတာကလား။ ဦးပေါ်ဦးက ဒီလို ပုဂ္ဂိုလ်မျိုးဆိုတော့ နန်းတော်မှာ ဘုရင်နဲ့ပတ်သက်ပြီး အရေးရယ်၊ အကြောင်းရယ် ပေါ်လာပြီဆိုရင် ကျန်မှူးမတ်များက ဦးပေါ်ဦးထံကိုပဲ ချဉ်းကပ်အားထားရတဲ့သဘော ရှိပါတယ်။

ပြဿနာဖြစ်ပုံက ဘိုးတော်မင်းတရားဟာ မြေးတော် စစ်ကိုင်းမင်းနဲ့ ဆင်ဖြူရှင်မယ်တို့က ဖွားမြင်တဲ့ မြစ်တော်ကလေးကို မြတ်နိုးတော်မူပါသတဲ့။ မြစ်တော်ကလေးဆိုတာ မင်းကလေး၊ ညောင်ရမ်းမင်း... စတဲ့ အမည်များအပြင် 'စကြာမင်း' လို့ ကျော်စောသူပါ။ ဒီမြစ်တော် စကြာမင်းကလေးကို မြပုခက်တင်၊ ဧယင်ဆင်၍ ကျင်းပရာမှာ ခမည်း(ခမဲ)ပေးတော် မူလိုပါတယ်။ ဒါကြောင့် လက်ဖွဲ့ဖို့ သဿမေဓ အခွန်တော်ငွေကနေ ငွေ ရှစ်သိန်းထုတ်စေ၊ ယိုးဒယားပြည်မှ အကောင်းဆုံး မြရတနာများ သွားရောက် ဝယ်ယူစေ...လို့ အမိန့်တော် ထုတ်ပြန်လိုက်ပါတယ်။ ဒီအကြောင်းကို ဆိုင်ရာ ဝန်ကြီးများဆီက ဦးပေါ်ဦး ကြားသိတဲ့ အခါမှာတော့ "မင်းဘုရားကြီးတို့ရှင်ဘုရင်၊ ရှင်ဘုရင်ဝါး မဝသေးပါဘူး" လို့ ပြောလိုက်တာပါပဲ။

လူဝါးဝ(လူပါးဝ)တယ်ဆိုတဲ့ စကား အသုံးက မိုက်ရိုင်းတယ်၊ စော်ကားမော်ကားလုပ်တယ်၊ မဟုတ်တဲ့ နည်းလမ်းနဲ့ အမြတ်ထုတ်တယ် ဆိုတဲ့ အဓိပ္ပာယ် ထွက်ပါတယ်။ လူဝါးမဝ (လူပါးမဝ) သေးဘူး ဆိုတာကျတော့ လုပ်ရမယ့် အလုပ်ကို မလုပ်တတ်တာ၊ သိသင့်သိထိုက်တာကို မသိတာ၊ ကိုယ့်အနေအထားကိုယ် မသုံးသပ်တတ်တာ၊ ရေလည်သင့်တာကို မရေလည်တာ... စတဲ့ **အဓိပ္ပာယ်**တွေ ထွက်ပါတယ်။

ဦးပေါ်ဦး ပြောချ**လိုက်တဲ့**စကားက တည့်တည့်ပြန်ရရင် 'ခင်ဗျားတို့ ရှင်ဘုရင်ဟာ ရှင်ဘုရင်ဖြစ်ပြီး ရှင်ဘုရင် မလုပ်တတ်သေးပါလား၊ ရှင်ဘုရင်





လုပ်ရမယ့် အလုပ်ကို မသိတဲ့ ရှင်ဘုရင်ပါလား' လို့ အဓိပ္ပာယ် **ထွက်တာ**ကလား။ အတော်ပြင်းထန်တဲ့ စကားလို့ ဆိုရမှာပါ။ အထူးသဖြင့် '**အဝါးမဝ**' ဆိုတဲ့ ရင်သီးတဲ့ အသုံးအနှုန်းကို 'ရှင်ဘုရင်ဝါးမဝ' လို့ တွဲသုံးလို**က်တော့** ပိုပြီး နင့်စေတယ် ဆိုရမှာပါပဲ။

မင်းနားတစ်ထောင် ဆိုသလို ဒီစကား ဘိုးတော်မင်းတရား ကြားတဲ့ အခါ 'မျက်တော်မူပြီး လက်ရှိ ရာထူး အဆောင်အယောင်တွေ အကုန်နုတ်သိမ်း၊ သိန္နီမြို့နယ်ကို အကျဉ်းနဲ့ ပို့စေပါတယ်။ ဘိုးတော်မင်းတရား မျက်တာကို အပြစ် မဆိုသာပါဘူး။ ဦးပေါ်ဦးစကား ရင့်သီးပေတာကိုး။ သို့သော် စကားလုံး အသုံးအနှုန်း ရင့်သီးတာကို အသာထား... ဦးပေါ်ဦး အနေနဲ့ ဒီလို 'ပေါက်လိုက်'တာကတော့ လွန်သလားဆိုတော့ မလွန်ဘူးဆိုရမှာပါပဲ။ ဘာကြောင့်လဲ မြစ်တော်ကို ခမဲပေး လက်ဖွဲ့တော်မူချင်လို့ လိုအပ်တဲ့ ငွေကို သဿမေဓအခွန်တော်ကနေ ထုတ်ယူခိုင်းတာကိုက လမ်းမှ မကျတာကိုး။ ပြီးတော့ ငွေကလည်း ရှစ်သိန်း၊ နည်းနည်းနောနော မဟုတ်၊ ဒီငွေနဲ့ ဝယ်မှာက ယိုးဒယားပြည်က ကောင်းပေ့ဆိုတဲ့ ကြွေ...။

ပညာရှိကဝိစာဆို ဦးပေါ်ဦးဟာ ဝိနည်းဓာတ်တော်ထဲက ဝိနည်းအမတ်ကြီး ပုဏ္ဏက ခေါ်ဆောင်ရာ လိုက်ခါနီးမှာ သားတွေကို မင်းမှုထမ်းတို့ ကျင့်သုံးအပ်တဲ့ ရာဇဝသတီတရား ဟောခဲ့တာကို မသိမရှိ သိမှာပါ။ ဒီတရားထဲက 'မင်းထံ ခစားသည်ရှိသော် အတိုင်းအရှည်ထက် အလွန်စကားကို မပြောရာ၊ အခါခပ်သိမ်းလည်း ဆိတ်ဆိတ်မနေအပ်၊ မိမိပြောဆိုခွင့် ရောက်လျှင် ဖရိုဖရဲ မရှိ သန့်ရှင်းပြတ်သားစွာ ကိုယ်နှင့် အတိုင်းအရှည် စကားကို ပြောရာ၏၊ မှန်သော စကားကိုသာ ပြေပြစ်သာယာ နာပျော်ဖွယ် ပြောဆိုရာ၏...' ဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။ ဒါတွေကိုလည်း ဦးပေါ်ဦး မသိမရှိ သိမှာပါ၊

'ပွဲလည်တင့်စေ၊ ခ,ယမ်းနေသော်၊ ရေမြေစိုးခြာ၊ နရာဓိပ္ပ၊ နရစံသည်း မင်းဟူသည်ကား၊ အရည်မတန်၊ ပြင်းထန်အမျက်၊ ထွက်သည်ရှိသော်၊ မျက်စိမှိုက်ဝင်၊ မီးသွင်ပြုန်းတီး၊ ပျက်စီးတတ်ခြေ၊ သို့ဖြစ်သော၍၊ မချေနှုတ်ကြမ်း၊ အသွမ်းပြိန်ဖျင်း၊ ပြောဆိုခြင်းနှင့် ကင်းအပ်သေး...'



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးစီးကို ဆောင့်ခေါ်ပါတယ်။ နေ့ဘက်ကျမှ ဆင်တော်ရဲ့မြတ်စွာပေါ်ကို တင်ပြီး ခရီးဆက်ရပါတယ်။

ဘုရင်မင်းခေါင်ကတော့ တစ်ပတ်အကြာမှာ နေပြည်တော်ကို ပြန်ရောက်ပါတယ်။ ဒါပေမဲ့ ဘုရင်မင်းခေါင် စိတ်မချမ်းမသာ ဖြစ်နေပါပြီ။ အသွင် ချောမောလှပတဲ့ သူ့မိဖုရား ရှင်မိနှောက် (စစ်ရှေ့စဉ် မွန်တို့လက်တွင်း ရောက်ရှိသွားသူ)ကို ရာဇာဓိရာဇ်က သိမ်းပိုက်ပြီး မိဖုရားမြှောက်လိုက်ပြီဆိုတဲ့ သတင်းကို ရခဲ့ပြီကိုး။ စစ်ကလည်း ပျက်၊ မိဖုရားလည်း သူများလက်ပါဆိုတော့ နေပြည်တော်မှာ ကျင်းပနေကျ နတ်ပွဲတောင် မကရ၊ စည်သံ တူရိယာသံ တစ်သံမှ မထွက်စေရလို့ အမိန့်ထုတ်ပါသတဲ့။ ဒါတင်မက ဘုရင်မင်းခေါင် ညည်းပါတယ်။ "ရှင်မိနှောက်လည်း သူ့လက်ထဲ ရောက်သွားရပြီ၊ တောင်မိဖုရားလည်း ကျကျန်ရစ်တယ်၊ ဘယ်သူ့လက်ထဲ ရောက်မလဲ မသိ၊ နှစ်ယောက်စလုံးဆုံးရှုံးရရင် ငါ အသက်ရှင်နေဖို့တောင် မကောင်းတော့ဘူး..." တဲ့။

ဒါကြောင့် တောင်မိဖုရားကို ရှာဖို့ မြင်းသည်နှစ်ဆယ် လွှတ်ပါတယ်။ မြင်းသည်တော်တွေ ပြန်လာကြတယ်၊ ရှာလို့ မတွေ့ပါပေ။ ဒါပေမဲ့ ရဲမြတ်စွာ ဆင်တော်ကို စီးလာတဲ့ ဆင်ကဲ တစ်ယောက်တော့ နောက်ကြောင်းက ပါလာတာပဲ၊ ဆင်ကဲများ တွေ့မလားလို့ မျှော်လင့်ရပါကြောင်း ဘုရင်ကို သံတော်ဦးတင်ကြပါတယ်။

ဆယ်ရက်လောက် ကြာတော့မှ ဆင်တော် ရဲမြတ်စွာ ရောက်လာတယ်။ ဆင်ကဲ၊ မိဖုရား၊ ဦးစီးတို့ ပါလာကြတယ်။ ဘုရင်မင်းခေါင် 'ဟင်းချ' သွားပြီပေါ့။ မြို့ပြင်မှာ ဦးဆံဆေးလျှော် သန့်စင်စေပြီး နန်းကော်ထဲ ဝင်ခွင့်ပြုပါတယ်။ ဆင်ကဲကိုလည်း ကျေနပ်အားရတော်မူလို့ ဆုလာဘ်များစွာ ပေးတော်မူပါတယ်။

ဒါပေမဲ့ နောက်ဆက်တွဲဖြစ်ရပ်ကတော့ ကြေကွဲစရာပါ။

ကွမ်းအစ်ယူရင်း ကွမ်းသီးညှပ်ဖို့အလုပ် ကွမ်းညှပ် မတော်တဆ လွှတ်ကျရာမှ တောင်မိဖုရားက ယောင်ပြီးဆိုလိုက်မိတယ်။ "အို...ဆင်ကဲလေ" တဲ့။ ဘုရင်မင်းခေါင်က အနားမှာ တူယှဉ်ထိုင်လျက်။ ကွမ်းညှပ် လွှတ်ကျတာ တခြားဟာ မယောင်ဘဲ "အို...ဆင်ကဲလေ"လို့မှ ယောင်ယမ်းရ





သလား။ တစ်ခုခု လန့်ဖျပ်သွားတဲ့အခါ ယောင်ယမ်းမိတာမျိုး ဆိုတာက စိတ်ထဲရှိနေတဲ့အရာ၊ စွဲလမ်းနေတဲ့အရာ၊ အကျင့်ပါနေတဲ့အရာ...ဒီလိုကိုး။

ဆင်ကဲကို တ,ခေါ် ယောင်လိုက်မိတာဆိုတော့ ဘုရင်မင်းခေါင် အတွေးပေါက်ပြီး အမျက်တော်ရှပါပြီ။ ဆင်ကဲကို ဆင့်ခေါ် စစ်မေးပါတယ်။ ဆင်ကဲ လျှောက်တင်ပုံက ပြောင်မြောက်ပါတယ်။

"မိဖုရား ဆင်ပေါ်က လျောကျပြီး ချောင်းနားမှာ တွေ့ရကတည်းက ငါတော့ ဒုက္ခလှလှရောက်ပြီ၊ မတော်ရင် အသက်ပါ သေမယ်လို့ တွက်ပြီး သားပါ၊ မိဖုရားကို တွေ့လျက်နဲ့ ကောက်မတင်ခဲ့ရင် သူတစ်ပါး မင်းက ရသွားမယ်၊ မင်းနှစ်ပါး ကြည်သာသွားကြလို့ မိဖုရားကို ပြန်ရခဲ့ရင်လည်း ဆင်ကဲ တွေ့ပါလျက် မယူဆောင်ခဲ့ပါလို့ လျှောက်ရင် ကျွန်တော် တစ်ဆွေ ဘစ်မျိုးလုံး အသတ်ခံရပါမယ်၊ ဆောင်ယူခဲ့ရင်လည်း ကျွန်တော့်ကို ယုံကြည်စွာ မဟုတ် (ငြိစွန်းခဲ့မှာပဲလို့ ထင်မြင်ယူဆပြီး) အသတ်ခံရမယ်။

"...ဒါပေမဲ့ အရှင် မိဖုရားကို ခေါ်တင်လာတဲ့နေ့က စပြီးတော့ စခန်းကြုံရင် သစ်ပင်ပေါ် လင့်စင်ဖွဲ့လို့ မိဖုရားကို အပေါ်မှာ အိပ်စေပါတယ်၊ ကျွန်တော်နဲ့ ဦးစီးက မြေပြင်မှာ စောင့်ကြပါတယ်။ ရွာစခန်း ကြုံရင်လည်း မိဖုရားကို အိမ်ပေါ် အိမ်ထက်မှာ အိပ်စေပြီး၊ ကျွန်တော်တို့က မြေမှာပဲ အိပ်ပါတယ်" လို့ ရှင်းလင်းဖြေကြားပါသေးတယ်။

ဒါပေမဲ့ "အို...ဆင်ကဲလေ" ဆိုတဲ့ မိဖုရားရဲ့ ယောင်ယမ်းစကားက ဘုရင်မင်းခေါင် နားထဲ၊ ရင်ထဲ စူးဝင်နှင့်ပါပြီ။ ဘုရင်မင်းခေါင် သူ့အတွေး သူ နိုင်လုံအောင် သူ့ဘာသာ တည်ဆောက်ပါပြီ။

ယောင်ယမ်းတယ်ဆိုတာ စိတ်ထဲက စွဲနေလို့၊ စွဲနေရအောင်က အနေနီးရုံနဲ့ မပြီး၊ အသေအချာကို ငြိစွန်းခဲ့ကြလို့... ဒီလို ဆုံးဖြတ်ပြီး "မင်းစကားလုအောင်၊ နားထောင်ကောင်းအောင် လျှောက်နေတာပဲ" ဆိုပြီး 'သတ်စေ' အမိန့် ချလိုက်ပါတော့တယ်။

နောက်မှ ဆင်ဦးစီးကို ခေါ်မေးတော့ ဆင်ကဲစကားနဲ့ ထပ်တူထွက်ဆိုပါတယ်။ ဒီတော့မှ ဘုရင် နောင်တကြီးစွာ ရပြီး သေဆုံးသူ ဆင်ကဲရဲ့ သားကို အဖစားတဲ့ မြို့ပြကျေးရွာနဲ့အတူ ဆင်ကဲခန့်ပါသတဲ့။ ဒါပေမဲ့ ဆက်လွန်ခဲ့ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## "ရာဇဘာစွာ ဝိမုတ္တကော"
## (ယောမင်းကြီးဦးဘိုးလှိုင်)

အင်္ကျီဖြူ၊ ပုဆိုးဖြူ၊ ခေါင်းပေါင်းဖြူနှင့် ရွှေစလွယ် ၁၂ ဆင့်ထိုး အမြဲလိုလို ဝတ်ဆင်တတ်သူ၊ နိုင်ငံခြားသားအရာရှိ (အင်္ဂလိပ်–အမေရိကန်) တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းစုံစမ်းတတ်သူ၊ တိုင်းပြည်လူမျိုး လုံခြုံတိုးတက်ရေးကို အမြဲတစေ ကြံစည် အားထုတ် လက်တွေ့ ကြိုးပမ်းလုပ်ကိုင်သူ… ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ကို ယော မင်းကြီး ဦးဘိုးလှိုင်လို့ လူသိများပါတယ်။

ပြည်ဆရာတော်က ဦးဘိုးလှိုင်ကို အကဲဖြတ်ရာမှာ "မင်းတုန်းခေတ် မှာ မောင်ဘိုးလှိုင်ဟာ မဟောသဓာကဲ့သို့ ဖြစ်သည်။ မင်းတုန်းမင်းထား ဝိဒေဟရာဇ်မင်းကြီးနှင့် တူ၏။ မြောက်နန်းမိဖုရားက ဥဒုမ္ဗရဒေဝီနှင့်တူ၏" လို့ မိန့်တော်မူခဲ့ပါတယ်။

စာရေးဆရာ၊ သတင်းစာဆရာ၊ ဆရာကြီး (ဦး)ညိုမြကတော့ သူ့ရဲ့ 'ကုန်းဘောင်ရှာပုံတော်' ထဲမှာ… ဦးဘိုးလှိုင်ကို မိုက်ကယ်အိန်ဂျလို၊ လီယို နာဒို ဒါဗင်ချီတို့လိုပဲ အနုပညာဘက်၊ သိပ္ပံဘက်မှ စွမ်းအင်ထက်မြက်သော သုခမိန်ကြီးဖြစ်တယ်လို့ အကဲဖြတ်ပါတယ်။ ဒါတွင်မက ဦးဘိုးလှိုင် ပြုစုခဲ့သော





ကျမ်းများ (အချို့မူ ၁၅ ကျမ်း၊ အချို့မူ ၁၉ ကျမ်း၊ မြန်မာ့စွယ်စုံကျမ်း မှတ်တမ်းအရ ၁၂ ကျမ်း) ရဲ့ နယ်ပယ် ပညာရပ် စုံလင်လှပုံကို အကြောင်း ပြုပြီး ဦးညိုမြက "သူတစ်ဦးတည်းနှင့် တက္ကသိုလ်ကျောင်းတစ်ခု ထူထောင် နိုင်အောင် တတ်ကျွမ်းနေ၏" လို့ ဂုဏ်ပြုခဲ့ပါတယ်။

ဆရာကြီးမောင်ထင်ကလည်း "ဦးဘိုးလှိုင်သည် မင်းအဆက်ဆက် တို့အား ၎င်းတို့၏ တစ်သက်စာ အတွက်သာ ကျေးဇူးပြုနိုင်ခဲ့သော်လည်း လူမျိုးနှင့် နိုင်ငံအတွက်ကား သမိုင်းအစဉ်အဆက်တစ်လျှောက် ကျေးဇူးပြု လျက်ရှိသည်ကို တွေ့ရလိမ့်မည်" လို့ ဖော်ပြခဲ့ပါတယ်။

ဆရာမကြီး ရွှေဘိုမိမိကြီးကလည်း ဦးညိုမြရဲ့ ကုန်းဘောင်ရှာပုံတော် ထဲက ဝိသေသဂုဏ်ပုဒ်ကို မြတ်နိုးလှစွာ ဆောင်ယူပြီး 'မဟာ လူရည်ချွန်၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်' အမည်နဲ့ စာအုပ် ရေးသားခဲ့ပါတယ်။

ဦးဘိုးလှိုင်နဲ့ ပတ်သက်ပြီး ရေးကြ၊ ပြောကြ၊ တသအောက်မေ့ကြတဲ့ စာတွေ၊ မှတ်တမ်းတွေထဲမှာ အသွင်တူ အဆင်ကွဲ ဖြစ်ရပ်တွေ၊ စကားတွေ လည်း များစွာ ရှိနေကြပါတယ်။

သူ့ရဲ့ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇန ကျမ်းများအပေါ် ချီးမွမ်းစကား ပြောနေတဲ့ မြင်းထိန်း တောကို ဒေါင်းဒင်္ဂါး ၁၆ ပြား ထုတ်ပေးပြီး "ရော့… ၎င်းငွေနှင့် မောင်မင်း ပုဆိုးဝယ်၍ဝတ်လေ၊ ယနေ့မှစ၍ ငါ ရေးသော ကျမ်းများကို လူတွေ့တိုင်း ချီးမွမ်းမနေနဲ့၊ ကြည့်ရှု ရန် မတိုက်တွန်းလေနဲ့၊ မှတ်သွားလေ…" လို့ ပြောလိုက်တဲ့ စကားဟာလည်း လူသိများတဲ့ စကားဖြစ်ပါတယ်။ စာမတတ်၊ အသိမဲ့တဲ့ လူမျိုးက ပညာရှင် တစ်ဦးရဲ့စာကို ချီးကျူးနေရင် ပညာရှင်ကို သတ်သည်နှင့်သာ တူလို့ ရွှေပြည် ဝန်ကြီးက တေသို့သောလူမျိုးကို ရှောင်ကြဉ်တာဖြစ်ကြောင်း မော်ဘီ ဆရာသိန်းက မှတ်တမ်းတင်ခဲ့ပြန်ပါတယ်။ ဒါဟာ ပညာမဲ့တို့ကြောင့် သူ မကြာခဏ 'အရာကျ' ခဲ့ရတဲ့ ဖြစ်ရပ်များနဲ့လည်း တစ်မျိုးတစ်ဖုံ ဆက်ခပ် နေမလားလို့ တွေးစရာပါ။ သို့သော်…

"ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း" လို့ ပြုစုတဲ့ ဆရာကြီးမောင်ထင်က "ဝန်ကြီးသည် ပညာမဲ့တို့ကြောင့် မကြာခဏ အရာကျခဲ့သည်။ ထိုသို့ အရာကျသောအခါ ဝမ်းမနည်းခဲ့ချေ။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရာထူးကို ပြန်၍ရခဲ့သည်ချည်းပင်။ သို့သော် ရာထူးပြန်ရ၍လည်း ဝမ်းမသာခဲ့ချေ။ မိမိအား မကောင်းကြံသူတို့ကိုလည်း ပြန်၍လက်စားချေခြင်းကို မပြု။ ယင်းတို့နှင့် ကင်းဝေးရခြင်းအဖြစ်ကို မင်္ဂလာရှိသည်ဟု နှလုံးပိုက်ဟန်တူသည်။ သို့သော် ပညာမဲ့အဖြစ်ကို ရွံရှာသောကြောင့်လည်း အသက်ထက်ဆုံး ပညာပေးသော လုပ်ငန်းကို ဆောင်ရွက်သွားလေသည်"... လို့ မှတ်သားဖွယ်ရာ ဖော်ပြခဲ့ပါသည်။

အဲဒီလို ရိုးဖြောင့်မှု၊ သတ္တိရှိမှု၊ ပညာဉာဏ် ကြီးကျယ်မှု၊ ခေတ်ကာလကို ရှေ့သို့ တိုးတက်ကျော်လွန် မြင်သိတတ်မှု... စတဲ့ လေးစားမြတ်နိုးဖွယ် ဂုဏ်များနဲ့ ပြည့်စုံသော ဦးဘိုးလှိုင်ရဲ့ တစ်ခွန်းသောစကား (တစ်ခုသောစာ) ကလည်း စိတ်ဝင်စားစရာကောင်းလို့ နေပါတော့တယ်။

အဲဒီစကား(စာ)က **'ရာဇဘဏ္ဍာ ဝိမုတ္တကော...'** တဲ့။

ရှင်ဘုရင်များနှင့် နီးနီးကပ်ကပ်နေ၊ ထီးရေးနန်းရေး တိုင်းရေးပြည်ရာ တွေမှာ ထဲထဲဝင်ဝင် လှုပ်ရှား၊ ရာထူးဌာနန္တရတွေရရှိ၊ ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်ခံရ၊ အဲဒီလို မှူးမတ်ဝန်များ ရှိခဲ့ကြရာမှာ ဦးဘိုးလှိုင်ရဲ့ ဘဝနဲ့ ဖြစ်စဉ် ဖြစ်ရပ်တွေ ကတော့ အများနဲ့မတူ တစ်မူခြား... လို့ ဆိုရမှာပါပဲ။

တစ်ကြောင်းဆွဲ ချစ်ကြည့်လိုက်ရင်ပဲ ဦးဘိုးလှိုင်ရဲ့ 'စကက်ချ်'ဟာ ထင်ထင်ရှားရှား ပေါ်ပါတယ်။ အဘိုးက ရွှေပြည်ဝန် လက်ဝဲ ဝင်းတော်မှူး အဘက ယင်းတောဝန်ကြီး၊ ဒီကနေ ဆင်းသက်တဲ့ 'မောင်လှိုင်'ဟာ ရွှေဘိုကို မင်းတုန်းမင်း အောင်မြင်ချိန်မှာ ယောမြို့စား မင်းသား (မွေးစားသားတော်) ဖြစ်၊ အမရပူရကို မင်းတုန်းမင်း ဝင်ချိန်မှာ ကုလားဝန် ရာထူးရ၊ မကွေးဝန်ကြီးသမီး(ခင်ဖြူ)နဲ့ အကြောင်းပါ၊ နောက် ကလေးမြို့၊ ယောမြို့၊ ဆောမြို့ လောင်းရှည်မြို့၊ ထီးလင်းမြို့များနဲ့ သူကောင်းပြုခြင်း ခံရ၊ သီပေါမင်း လက်ထက်ရောက်တော့ ရွှေပြည်ဝန်ကြီးဖြစ်။

ဘွဲ့ထူးဂုဏ်ထူးများကို ကြည့်ပြန်ရင်လည်း မင်းလှစည်သူဘွဲ့ (ယောမြို့စား)၊ မင်းကြီး မဟာမင်းလှစည်သူ (အတွင်းဝန်)၊ သတိုးမင်းကြီး မင်းလှမဟာမင်းခေါင်သီဟသူ စတဲ့ ဘွဲ့တွေ...။ ယောမင်းကြီးလို့ လူသိများပေမယ့် ဝက်မစွတ်မြို့စားဝန်ကြီး၊ မကွေးမြို့စားဝန်ကြီး... ဆိုတဲ့ အမည်များနဲ့လည်း ထင်ရှားသူပါ။





မင်းတုန်းမင်း၊ ကနောင်မင်း၊ မက္ကရာမင်းသား၊ သီပေါမင်း... အနောက် နန်းမတော်၊ ဆင်ဖြူမရှင်၊ စုဖုရားလတ် စတဲ့ မင်းစိုးရာဇာများ၊ ကင်းဝန်မင်းကြီး၊ ရေနံချောင်းမြို့စားဝန်ကြီး၊ မြို့သစ်မြို့စား ဝန်ထောက် စတဲ့ ဝန်ကြီးမှူးမတ်များနဲ့ တရင်းတနှီး ရှိသူ...။ မင်းတုန်းမင်းကြီးရဲ့ မုဒ္ဓါဘိသေက (မဟာသမ္မတ တင်မြှောက်သော နည်းအတိုင်း ကျင်းပတဲ့ အခမ်း အနား) သဘင်မှာ အရေးပါတဲ့ နေရာကနေ အမှုတော် ထမ်းခဲ့ရသူ၊ မဟာအတုလဝေယန် ကျောင်းတော်ကြီး တည်ဆောက်ရေးမှာ ကြီးကြပ်ဆောက်လုပ်ခဲ့သူ၊ ခေတ်မီတိုးတက်သော အမြင်ရှိတဲ့ ကနောင်မင်းသားကြီးရဲ့ စီမံကိန်းကို အနီးကပ် ကူပံ့ အကြံပေးခဲ့ပြီး ပြင်သစ်၊ အီတလီ၊ အင်္ဂလန် နိုင်ငံများဆီ မြန်မာ ပညာတော်သင် ၉၀ တို့ကို စေလွှတ်ရေးမှာ အဓိက ပါဝင်ခဲ့သူ...။ ထိုစဉ်က ခေတ်မီ ပညာရပ်များ တတ်ကျွမ်းတဲ့ လူငယ်များနဲ့ လက်ပွန်းတတီးရှိပြီး ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့သူ။ နိုင်ငံခြား သံတမန်တွေ၊ စီးပွားရေး၊ နိုင်ငံရေး ကိုယ်စားလှယ်တွေနဲ့ တွေ့တွေ့ဆိုင်ဆိုင် ပြောဆို ဆွေးနွေးရသူ...။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးလို 'ကျမ်းတတ်၊ ကျမ်းပြု' ပညာရှိများနဲ့ စာပေပညာအရ ဝေဖန်ရေးဂယက် ထကြွစေခဲ့သူ။ တိပိဋက၊ သေလက္ခရ ကျောက်စာများကို ပုဒ် ပါဌ် အက္ခရာ မချွတ်မယွင်းစေရအောင် ကျောက်ထက်အက္ခရာ ရေးထွင်းထုလုပ်ခြင်း အလုပ်မှာ ကြီးမှူး ကြပ်မတ် ထမ်းရွက်ခဲ့သူ။ နေပြည်တော်တဝန်း စက်ရုံတော် ၅၀ ကျော်တို့ကို လှည့်လည်ကြည့်ရှု တာဝန်ယူရသူ...။

ဦးဘိုးလှိုင်ရဲ့ စိတ်ဓာတ်၊ ဉာဏ်ပညာနဲ့ တာဝန်ဝတ္တရားများ၊ ကြီးကျယ်မှုကို သိလောက်ပါပြီ။

အဲဒီလို ပြိုးပြိုးပြက်ပြက် တောက်ပခဲ့တဲ့ ကြယ်ပွင့်ကြီးဟာ **'မိုးဝေ'** မှာ ကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့ လ,မသာ၊ သာသောအခါ သာပါလိမ့်မယ်' ဆိုသလို... လင်းလိုက်၊ မှိန်လိုက်၊ တောက်ပလိုက်၊ မှေးဖျော့လိုက် **ဖြစ်ရပ်** များကလည်း ဩချလောက်ပါပေတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများအရ ဦးဘိုးလှိုင်ဟာ (မင်းတုန်းမင်း လက်ထက်) ၁၂၂၇ မှာ ပထမအကြိမ် ရာထူးကျခဲ့ပါတယ်။ ၁၂၂၈ မှာ (ကနောင်မင်းသားကြီး လုပ်ကြံခံရ) ပြန်ခန့်ပြီး ၁၂၃၃ မှာ ဒုတိယအကြိမ် ရာထူးကျပြန်ပါတယ်။ (လူသိများတဲ့ ဖြစ်ခါးရည်– ဘီယာကိစ္စ) ပြန်ခန့်ပြီး ၁၂၃၅ မှာ တတိယအကြိမ် ရာထူးကျခဲ့ပြန်ပါတယ်။ (အချို့မှတ်တမ်းများမှာတော့ မင်းတုန်းမင်းလက်ထက်၊ ခြောက်ကြိမ်ထက်မနည်း၊ အရာချ ခံလိုက်ရ၊ ပြန်အခန့်ခံလိုက်ရ လို့ ဆိုပါတယ်။)

၁၂၄၀ ပြည့် နှစ်မှာတော့ ဦးဘိုးလှိုင်ဟာ 'ရာဇဓမ္မသင်္ဂဟကျမ်း'ကို ရေးသား စီရင်ပြီး၊ သီပေါမင်းထံ ဆက်သွင်းပါတယ်။ ရာဇဓမ္မသင်္ဂဟကျမ်းဟာ မြန်မာ့နိုင်ငံရေး အတွေးအခေါ်ဟောင်းတို့ကို မြတ်စွာဘုရားရဲ့ ကာလာမသုတ်အရ စစ်ဆေးတဲ့နည်းနဲ့ သုံးသပ် တင်ပြထားတယ်လို့ ပညာရှင် အများမှတ်ချက်ချကြပါတယ်။ "တရားဟူသည် အဟောင်းအသစ် မဆိုသာ။ သဘော အမှန်အကန်ကျ၍ ကောင်းသည်သာ ပမာနဖြစ်သည်" ဆိုတဲ့ အချက်ကို အခြေခံပါတယ်။ "ဟောင်းသော်လည်း ပယ်သင့်မှပယ်၊ သစ်သော်လည်း လိုက်သင့်မှလိုက်" မှုကို လက်ကိုင်ပြုပါတယ်။ ဦးဘိုးလှိုင်ဟာ သူ့ကျမ်းကို 'မင်းအစရှိသော အစိုးရသူကြီးတို့ ကျင့်အပ်သောကျမ်း' လို့ ဆိုပေမယ့် ပုဂံဝန်ထောက်မင်း ဦးတင်ကတော့ 'သီပေါမင်းကို ဆုံးမသော ကျမ်း' လို့ အဖြောင့် အတိအလင်းဆိုပါတယ်။

ရာဇဓမ္မသင်္ဂဟကျမ်းကို ၁၂၄၀၊ နတ်တော်လဆန်း ၇ ရက်နေ့မှာ ရေးသားစီရင်၊ ဘုရင့်ထံဆက်သွင်းပြီး ရက်ပေါင်း ၅၀ ခန့် အကြာ ၁၂၄၀၊ ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့မှာ အရာနှင့်တကွ ဘွဲ့အမည်၊ အရည်၊ အဆောင်အရွက်၊ စားကျေးမြို့ရွာများကို ရုပ်သိမ်းခံရပါတယ်။ ဦးဘိုးလှိုင်နဲ့အတူ ရေနံချောင်းမြို့စားဝန်ကြီး၊ ဝန်ထောက် မြို့သစ် မြို့စားတို့ပါ အရာကျသွားကြတာပါ။ ဒီတစ်ခါ ဦးဘိုးလှိုင် အရာကျတာကတော့ နောက်ဆုံးအကြိမ်ပါပဲ။ နောက်ထပ် ပြန်ခန့်တာ မရှိတော့တဲ့အတွက် နောက်ထပ် ကျဖို့လည်း မရှိတော့ပါ။

* * *





နောက် နှစ်နှစ်အကြာမှာ ဦးဘိုးလှိုင်ဟာ သုဗောဓ လင်္ကာရကျမ်းအသစ် နိဿျကို ပြုစုပါတယ်။ ဒီအလင်္ကာနိဿျကျမ်းဟာ သီဟိုဠ်ကျွန်း အရှင်သံဃရက္ခိတထေရ် မာဂဓဘာသာ(ပါဠိ)နဲ့ ရေးခဲ့တဲ့ သုဗောဓလင်္ကာရကျမ်းပါ။ ဒါကို မြန်မာပြန်ထွက်နိုင်ဖို့ စံကျောင်းဆရာတော်နဲ့ ကင်းဝန်မင်းကြီးတို့ ဆွေးနွေးကြပြီး နောက်ဆုံးတော့ ဦးဘိုးလှိုင်ကိုပဲ မြင်ကြပါသတဲ့။

ဦးဘိုးလှိုင်က တာဝန်ယူ မြန်မာပြန် စီရင်ပြီးနောက် စံကျောင်းဆရာတော်က ဖတ်ကြည့်ပြီး "မောင်ရင်လှိုင် သည်လောက်တော်မှန်း တို့ မသိခဲ့ပါ" လို့ မိန့်ပါတယ်။ ဒီအလင်္ကာနိဿျကျမ်းဟာ ပါဠိဘာသာမှာ ပထမကြီး အဆင့်လောက် ရှိသူများမှသာ ဖတ်ရှုနားလည်နိုင်တယ်လို့လည်း အဆိုရှိပါတယ်။ ဒီကျမ်းက 'ရသ' အကြောင်းကို အထူးတလည် ဖွင့်ဆိုထားတဲ့ ကျမ်းပါ။

ဒီကျမ်းရဲ့ ကျမ်းပြီးနိဂုံးမှာ ဦးဘိုးလှိုင်ရဲ့ဖြစ်စဉ်ကို ပါဠိဘာသာနဲ့ ရေးပါတယ်။ ဒီနိဂုံး အပြီးသတ်ခါနီးလေးမှာ ပါလာတဲ့ စကားလုံးကတော့ 'ရာဇဘာဝ ဝိမုတ္တကော' ဖြစ်ပါတယ်။

သူ့အဓိပ္ပာယ်က 'မင်းခစားအဖြစ်မှ လွတ်၏'

ဦးဘိုးလှိုင်ဟာ သူ့ အရာက ခဏခဏကျ၊ ပြန်ခန့် ပြန်ကျ၊ အခုနောက်ဆုံး ရာဇဓမ္မသင်္ဂဟကျမ်းကို အကြောင်းပြုလို့ နောက်ဆုံးအကြိမ် ရာထူးကျရတဲ့အဖြစ်ပေါ်မှာ ဝမ်းနည်းခြင်း၊ စိတ်ကွက်ခြင်း၊ စိတ်ပျက်ခြင်း မရှိဘူးလို့ မှန်းဆလို့ရနိုင်ပါတယ်။ သို့သော် 'လွတ်ပြီ ကျွတ်ပြီ' လို့ ဝမ်းသာအားရ ဥဒါန်းကျူး ကြွေးကြော်တာလည်း မဟုတ်ပါ။ 'မင်းခစားအဖြစ်မှ လွတ်၏' (ရာဇဘာဝ ဝိမုတ္တကော) ဆိုတဲ့ စကားလုံးနဲ့ဆက်ပြီး (တိုင်းရေးပြည်မှု အကြီးအငယ်ကို မပြုမူ၍၊ အထူးထူးသော ကျမ်းဂန်တို့ဖြင့် မွေ့လျော်၏) လို့ လာပါတယ်။

ကျမ်းပြီးနိဂုံးရဲ့ အဆုံးသတ်မှာတော့–

"ကျမ်းဂန်ကို စည်းပူးပေါင်းစု စီရင်သော ကုသိုလ်ဖြင့် နိဗ္ဗာန်[illegible]ဟူသော အကျိုးသည် ပြီးစီးစေသတည်း။ လောကသုံးပါး၏ နတ်[illegible]သော မြတ်စွာဘုရား၏ သူတော်ကောင်းတရားဖြစ်သော [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည် လောက အစီးအပွားကို ပြီးစေလျက်၊ မြင့်ရှည်စွာ ကာလပတ်လုံး တည်စေသတည်း” နဲ့ ချုပ်ပါတယ်။

မဟာလူ့ရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ရဲ့ ရဲဝံ့သော၊ ခေတ်ရှေ့ပြေးသော၊ ဉာဏ်ပညာလျှင် အထွက်တပ်သော၊ တိုင်းပြည်လူမျိုးကို ချစ်တတ်စွာသော ပုံရိပ်ထဲမှာ ဒီ ‘ရာဇဘေဇ္ဇာ ဝိမုတ္တကော’ ဆိုတဲ့ စကားလေးကိုလည်း မြင့်မြတ်တဲ့ နှလုံးသားပြယုဂ်ရဲ့ ပုံတင်သံအဖြစ် ကြားယောင် နေပါတော့တယ်။

□



## “ကျောင်းကိုသပ်၊ ငွေကာလက်သန်းကိုပင် ဖွင့်လေ။”
## (ရေငုံဘုန်းကြီး)
## “ငါ့ရှင်ဂုဏ်ကို ပူဇော်ပါသည်၊ အကျင့်ကို လက်ခံပါ။”
## (အရှင်မဟာအရိယဝံသ)

ကြည်ညိုစရာ၊ ကြည်နူးစရာကောင်းလှတဲ့ အခုဖြစ်ရပ်မှာ ရဟန်း သုံးပါး ပါဝင်ပါတယ်။ စစ်ကိုင်း ပုညရှင်စေတီတော် မြောက်ဘက်မှာ သီတင်းသုံးတဲ့ ရေငုံဘုန်းကြီးရယ်၊ ရတနာပူရ အဝပြည်က ရှင်မဟာအရိယ ဝံသရယ်၊ အမည်မသိ ပုဂ်က ရဟန်းတစ်ပါးရယ် ဖြစ်ပါတယ်။

ပထမကိုယ်တော် – ရေငုံဘုန်းကြီးဆိုတာက ကျမ်းဂန် အလွန်တတ်ကျွမ်းလို့ ထင်ရှားကျော်ကြားပေမဲ့ နေတာထိုင်တာ (သီတင်းသုံးတာ) ကတော့ မထင်မရှားပါ။ ရေငုံဘုန်းကြီးလို့ ဘာကြောင့် တွင်သလဲဆိုတော့ **‘ရေကိုငုံ၍နေလေ့ရှိ’** လို့ပါပဲ။ ဘာကြောင့် ရေငုံထားသလဲဆိုတော့ ‘လိုလို ရာရာ ဟုတ်ဟုတ်ညားညား’ စကားပြောချင်လို့ ဖြစ်ပါသတဲ့။ ‘ဝစီပိတ်’ ကျင့်စဉ် မဟုတ်ပါ။ လူသုံးရပ်ရွာစကားနဲ့ ပြောရရင်တော့ အပိုတွေပြောမှာ ချင်လို့ ရေငုံထားတာပါပဲ။ ဒါဖြင့် ရေမငုံဘဲနဲ့လည်း တုံဆိုဘာတော့ နေလို့ ရသားပဲလို့ မေးစရာရှိပါတယ်။ မှန်ပါတယ်။ ကိုယ်ပြောချင်မှပြော မပြောချင်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ပိတ်ထားရုံပါ။ သို့သော် ရေငုံထားလိုက်တော့ သူတစ်ပါးတွေ က လာလာမေးကြ ပြောကြတာတွေကိုပါ ဟန့်ပြီးသားဖြစ်သွားပါတယ်။ ဒီကိုယ်တော်ကြီးဟာ တရားစကား၊ စာပေစကား၊ ကျမ်းဂန်စကား ကလွဲပြီး ဘာတစ်ခွန်းမှ ဝစီကံမှု အပိုမပြုတဲ့ ရဟန်းတော်ကြီး ဖြစ်ပါတယ်။

တစ်နေ့သောအခါမှာတော့ ရေငုံဘုန်းကြီးထံကို အဝေးပြည်က ရဟန်း တစ်ပါး ရောက်လာပါတယ်။ ရှင်မဟာအရိယဝံသတဲ့။ ဒီအရှင်ဟာ ထူပါရုံ ဒါယကာ နရပတိမင်း လက်ထက်အခါမှာ ကျမ်းဂန် တတ်မြောက်သူလို့ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ပါ။ ရဟန်းကောင်း ရဟန်းမြတ်များ အနွယ် အဆက် ဆင်းသက်ခဲ့တဲ့ ပင်းယစကားကျောင်းအနွယ် ဖြစ်ပါတယ်။ ပင်းယ စကားကျောင်းမှာကတည်းက ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တွေကို သင်ကြားပြီး နှုတ်တက်ရွရွ အာဂုံရွက်ဆောင်နိုင်သူ ဖြစ်ပါတယ်။ "မိခင် ကိုယ်ဝန်ဆောင်သည် သားသန္ဓေကို ကောင်းစွာ လွယ်သကဲ့သို့ ကျမ်းဂန်များ ကို ကောင်းစွာ လွယ်ပိုက် ပွေ့ဆောင်နိုင်တယ်" လို့ ဆိုကြပါတယ်။ ဒီလို အာဂုံ နှုတ်တက် ရွက်ဆောင် နိုင်ပါသော်ငြား "ကျမ်းဂန်တက်၊ စာတတ်ဆိုတဲ့ သဘောကို ငါ မသိသေး" လို့ ရှင်မဟာအရိယဝံသက ယူဆပါတယ်။ သဘောကတော့ "ငါ အာဂုံဆောင်နိုင်တာတော့ မှန်တယ်၊ စာမတတ်သေး ဘူး" လို့ မိမိကိုယ်မိမိ သုံးသပ်ဆင်ခြင်လိုက်တာပါ။

ဒါကြောင့် ရှင်မဟာအရိယဝံသဟာ စစ်ကိုင်းဘက်ကူး၊ ရေငုံဘုန်းကြီး ဆီမှာ စာဝါတောင်းမယ်လို့ ဆည်းကပ်ပါတယ်။ ဘုန်းတော်ကြီးက စကား မပြောလို့ နှစ်ရက် သုံးရက် ဒီအတိုင်း ဝတ်ဖြည့်ပြီး ပြန်လာခဲ့ရတယ်။ တတိယမြောက်နေ့တော့ ရှင်မဟာအရိယဝံသက မိမိခင်းထိုင်တဲ့ သားရေ နယ်ကို ဘုန်းကြီးကြားအောင် ခေါက်လိပ်ပါသတဲ့။ ချိုးချိုးချွတ်ချွတ် အသံ တွေကို တမင်လုပ်တာမှန်းသိလို့ ဘုန်းကြီးက ငုံထားတဲ့ရေ ထွေးပြီး မေးပါ တယ်။ ဒီတော့မှ စာဝါ တောင်းချင်လို့ပါလို့ လျှောက်တယ်။ ဘာတွေ သင်ကြား လေ့လာဖူးသလဲလို့ ထပ်မေးတော့ ရှင်မဟာအရိယဝံသကလည်း သင်ခဲ့ အံခဲ့ ရွတ်ခဲ့ အာဂုံဆောင်ခဲ့သမျှ ကျမ်းတွေကို ပြောပါတယ်။ ဒီတော့ ရေငုံဘုန်းကြီးက "သင်ရိုးကျမ်းဂန် ကုန်ပြီပဲ" လို့ မိန့်ပါသတဲ့။ ရှင်မဟာ အရိယဝံသက "မှန်ပါ၊ စာတတ်ကျမ်းတတ်ဆိုတဲ့ သဘောကိုတော့ မသိ သေးပါဘုရား" လို့ လျှောက်ပြန်ပါတယ်။





ဘုန်းကြီးက ဒါဆို ငါ့မှာ စာဝါသုံးဝါပို့ချတယ် မအားဘူး၊ မွန်းတိမ်း မှာတော့ ပုညစေတီရင်ပြင်မှာ တံမြက်ဝတ်ပြုတယ်။ အဲဒီအချိန်လေး ပေးမယ် လို့ မိန့်လိုက်ပါတယ်။ တံမြက်ဝတ် အချိန်မှာ စာပို့ချပေးမယ်ပေါ့။

ဒီအချိန်ပိုင်းမှာ ရေငုံဘုန်းကြီး ပို့ချတာ 'ဋီကာလက်သန်း' ဖြစ်ပါ တယ် နည်းနာနယ၊ အထူးထူး အပြားပြား ပြသပို့ချပေးတော်မူတယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ သုံးရက်ကြာ ပို့ချပြီးတဲ့နောက် နောက်ရက်ကစပြီး ရှင်မဟာအရိယဝံသ ပေါ်မလာတော့ဘူး။ နောင်တစ်ရက်... တစ်ရက် ... သုံးရက်အထိ ပေါ်မလာဘူး။ ရေငုံဘုန်းကြီးက ဒီကိုယ်တော် ဘာများ ဖြစ်လို့ ပါလိမ့်၊ နေများမကောင်းသလားဆိုပြီး ပုညစေတီ အရှေ့မြောက် မန်ကျည်း ပင် တောမှာ ကျောင်းဆောက်နေတယ် ကြားတယ်၊ သွားပြီး မေးကြစမ်းလို့ တပည့်ကို လွှတ်တယ်။ တပည့်နဲ့ ရှင်မဟာအရိယဝံသတို့က လမ်းမှာပဲ တွေ့ကြပါတယ်။ ဟိုကလည်း ဘုန်းကြီးဆီအလာကိုး။ ဒီလိုနဲ့ ... ဘုန်းကြီး ဆီ ရောက်၊ မေးကြ လျှောက်ကြပုံက–

"ဘယ်နှယ်ကြောင့် ပျောက်သွားသလဲ ကိုယ်တော်"

"အရှင်ဘုရား ပြသပေးတဲ့ နည်းနာနိဿယတွေကို မှီပြီး ဆင်ခြင် နှလုံးသွင်း ကြံစည်သုံးသပ်နေတာပါ ဘုရား"

"အင်း... အဲဒီတော့..."

"စာတတ်တယ်ဆိုတာ ဒါပါလားလို့ တပည့်တော် သိသွားပါပြီ ဘုရား"

"အင်း... သာဓု၊ သာဓု၊ သာဓု"

ခေတ္တ တိတ်ဆိတ်နေပြီးမှ ရေငုံဘုန်းကြီးက

"ကိုယ်တော် ဒါဆို ဘုန်းကြီးကို ကျေးဇူးဆပ်"

"တင်ပါ့ဘုရား..."

"ဆပ်ပုံဆပ်နည်းကို ပေးလိုက်မယ်၊ ဋီကာလက်သန်းကို ဖွင့်တဲ့ ကျမ်းရေး"

"မှန်ပါ့ဘုရား..."

* * *



www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာအရိယဝံသဟာ ဋီကာလက်သန်း အဖွင့်ကို ရေးသားပါတယ်။ 'မဏိသာရ မဥ္ဇူသာကျမ်း' လို့ အမည်ကျော်ပါတယ်။ စာပေထဲမှာတော့ ဋီကာလက်သန်းဆိုတာ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို လက်သန်း အဋ္ဌကထာလို့ ဆိုပြီး ဒီ အဋ္ဌကထာအဖွင့်ကိုပဲ ဋီကာလက်သန်းလို့ ဆိုပါတယ်။ ဒီဋီကာဟာ အဖွင့်အပြ သိသာခြားနားလှလို့ ရှေးက 'ဋီကာလှ' လို့ ခေါ်ကြပါတယ်။ ဒီဋီကာကို သင်ပြီး ရှင်မဟာအရိယဝံသ စာတတ် ကျမ်းတတ် ဖြစ်ပုံကိုစွဲပြီး ရှင်မဟာအရိယဝံသက စလို့ 'ဋီကာကျော်' လို့ တွင်တယ်ဆိုပါတယ်။ 'မဏိသာရ မဥ္ဇူသာ' ဟာ ဋီကာကျော် အဖွင့်ဖြစ်ပါတယ်။ (အဋ္ဌကထာ = ပါဠိတော်ကို ဖွင့်သောကျမ်း၊ ဋီကာ = အဋ္ဌကထာကို ဖွင့်သောကျမ်း)

ဒီအထိ ကြည်ညိုမြတ်နိုးဖွယ်အချက်တွေကို ကောက်ကြည့်ကြပါ။

ပါဠိ – အဋ္ဌကထာတွေကို နှုတ်တက်ရွရွ အာဂုံဆောင်ထားနိုင်ပေမယ့် 'ငါဒီလို အာဂုံရတာဟာ စာတတ်တာ မဟုတ်သေးဘူး' လို့ ဆင်ခြင်လိုက်တဲ့ ရှင်မဟာအရိယဝံသရဲ့ အယူအဆဟာ အလွန်ရဲရင့် မှန်ကန်တဲ့ အတွေးအခေါ်ပါ။ တကယ် စာတတ်တယ်ဆိုတာဟာ အကြောင်းအကျိုး ဆက်စပ် ခြေခြေမြစ်မြစ် သုံးသပ်၊ ဆင့်ပွားနားလည်... ဒီလို ဉာဏ်မျိုး ပွင့်မှသာ စာတကယ် တတ်တယ်လို့ ဆိုကြပါတယ်။ ဒါကို ရှင်မဟာအရိယဝံသ ရှင်းရှင်းကြီး မြင်ပြီး ရေငုံဘုန်းကြီးထံ တပည့်ခံလာတယ်ဆိုတာဟာ သူ့ရဲ့ ပညာရှင် ပညာရှိဂုဏ်ရည် ဖြစ်ပါတယ်။

နောက်တစ်ခါ– ဋီကာလက်သန်းကို အဖွင့်ရေးခိုင်းခြင်းဖြင့် ကျေးဇူးဆပ်ခိုင်းတဲ့ ရေငုံဘုန်းကြီးရဲ့စကား...။ "ကျေးဇူးကိုဆပ်၊ ဋီကာလက်သန်းကိုပင် ဖွင့်လေ" တဲ့။ တခြားနည်း ကျေးဇူးဆပ်ခိုင်းတာ မဟုတ်ပါ။ ပစ္စည်းဝတ္ထုအာမိသ ပူဇာနည်း မဟုတ်ပါ။ ဓမ္မပူဇာ... ပရိယတ္တိပူဇာ၊ တရားနဲ့ ပြန်ကျေးဇူးပြု၊ စာပေနဲ့ ပြန်ကျေးဇူးပြု...တဲ့နည်း ဖြစ်ပါတယ်။ ကျေးဇူးပြန်ဆပ်လို့ ရဲရဲဝံ့ဝံ့ အဆပ်ခိုင်းလိုက်ပြီး၊ ဆပ်ပုံဆပ်နည်းကိုလည်း "ဋီကာလက်သန်း အဖွင့်ရေး" လို့ တာဝန် ပေးလိုက်တာဟာဖြင့် စာပေဆရာနဲ့ တပည့်အကြား အကောင်းဆုံး ကျေးဇူးဆပ်နည်း ဖြစ်ပါတယ်။ တုံ့ဆပ်မယ့် ကျေးဇူးကို မိမိထံ ဦးမလှည့်စေဘဲ အများနဲ့ဆိုင်တဲ့ဘက် လှည့်နိုင်းလိုက်တာ





ဟာဖြင့် ရေငုံဘုန်းကြီးရဲ့ ပညာရှိ သူတော်ကောင်း ပီသလှတဲ့ ဂုဏ်ရည် ဖြစ်ပါတယ်။

စာတ်လမ်းက မပြီးသေးပါ။ ရှင်မဟာအရိယဝံသဟာ 'မဏိသာရ မဥ္ဇူသာ' ကျမ်းကို ညဘက် လူသံ၊ ငှက်သံ တိတ်ဆိတ်မှ ရေးသားပြုစုပါသတဲ့။ သန့်ရှင်းစင်ကြယ်တဲ့ ဉာဏ်ကိုရဖို့ တည်ကြည်တဲ့ သမာဓိရှိမှ ဖြစ်မှာ မဟုတ်လား...။ ပုညစေတီ အရှေ့မြောက်ချောင်မှာ သီတင်းသုံးပြီး ဒီကျမ်းကို ရေးတာပါ။ အဲဒီမှာပဲ စာပေလည်းပို့ချတော့ တပည့်သံဃာ အများအပြားပြန့်ပွားစည်ပင်ခဲ့တယ်လို့ ဆိုပါတယ်။ မဏိသာရမဥ္ဇူသာကျမ်းကို ရေးသားစီရင်... ပြီးသမျှ... ပြီးသမျှ အစဥ်ကို ပုညရှင်စေတီရင်ပြင်မှာ သံဃာအများနဲ့ ဖတ်ကြ၊ နာကြပါတယ်။ ဒါဟာ အခုကာလ စာတမ်းဖတ်ပွဲရဲ့ ရှေ့ပြေးလို့ ခေါ်နိုင်ပါတယ်။ အင်းဝခေတ်က စာတမ်းဖတ်ပွဲပါ။ ရေငုံဘုန်းကြီးရဲ့ လက်ရုံး တပည့်ကြီး (ဘုန်းကြီးကိုယ်တိုင်ရဲ့ တာဝန်ပေးမှုကြောင့်) စီရင်တဲ့ ကျမ်း၊ ကျမ်းပြုသူကလည်း ပရိယတ်နယ်မှာ ထင်ရှားသူဆိုတော့ လပြည့်၊ လကွယ်၊ ရှစ်ရက်၊ သီတင်းနေ့တိုင်း ပုညရှင်စေတီရင်ပြင်မှာ ကျင်းပတဲ့ ဒီပွဲဟာ ထိုစဥ်က သံဃာလောကနဲ့ စာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်များ နယ်ပယ်မှာ အတော်လေး သီတင်းကြီးခဲ့တယ်လို့ ဆိုရပါမယ်။

ဒီစာသဘင်ပွဲကနေပြီး နောက်ထပ် မှတ်သားစရာဖြစ်ရပ် ပေါ်လာပြန်ပါတယ်။

တစ်ည – မဏိသာရမဥ္ဇူသာရကျမ်းကို ဖတ်ကြားနေဆဲ ပရိသတ် အစွန်ဆီကနေပြီး "အေး..." ဆိုတဲ့ အသံတစ်သံ ပေါ်လာတယ်။ ကျမ်းကို ဆက်ဖတ်... နောက်တစ်ခါ အဲဒီနေရာကပဲ "အေး..." ဆိုပြီး အသံ ပေါ်လာပြန်ရော။ အသံရှင်က တစ်ဦးတည်းပါ။ ဒီ "အေး" ဆိုတာက ဟုတ်ပြီ... ဟုတ်ပြီ အဓိပ္ပာယ်ရတဲ့ "အေး" မဟုတ်ပါဘူး။ သူ့အသံက ရင်ခေါင်းထဲကနေ..."အေး" ဆိုပြီး လေးလေးပင်ပင်ကြီး ထွက်လာတာမျိုး။ ဒါမျိုး အသံကို ဘုန်းတော်ကြီးများ ပြုလေ့ရှိပါတယ်။ ဒီ "အေး" ရဲ့ အဓိပ္ပာယ်ကြီးက သဘော မကြိုက်ညီတာကို ပြပါတယ်။ အဲဒီလို "အေး" အသံကြီး နှစ်ကြိမ် ထွက်တယ်။ ရှင်မဟာအရိယဝံသကလည်း "အေး" အသံ ထွက်တဲ့ ခိုင်း ကျမ်းဂန်ရဲ့ ဘယ်နေရာလောက်မှာလဲ ဆိုတာကို... တေးထားလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အသံပြုတဲ့ ပုဂ္ဂိုလ်ကိုလည်း ဘယ်သူဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာ ဖော်နိုင်းလိုက်တယ်။ အသံပြုသူက ရဟန်းတစ် ပါးပါပဲ။ ဘွဲ့အမည် မသိရပါ။ ပုဂံကနေ ဘုရားဖူးလာတဲ့ အာဂန္တုကိုယ်တော် တစ်ပါးပါ။

ကျောင်းပြန်ရောက်တော့ ရှင်မဟာအရိယဝံသက "အေး" အသံ ထွက်ခဲ့တဲ့ နေရာ တေးမှတ်ထားတဲ့နေရာကို ပြန်စစ်ပါတယ်။ လား... လား... ဘာကြောင့် ရင်ခေါင်းသံနဲ့ "အေး" "အေး" နှစ်ကြိမ် မြည်ရသလဲဆိုတာ အဖြေ ပေါ်ပါပြီ။ တစ်နေရာမှာက ဝါကျ ထပ်နေပါတယ်။ အခြား တစ်နေရာက အစွဲပျက်နေပါတယ်။ အစွဲပျက်တယ်ဆိုတာက ပါဠိသဒ္ဒါ အသုံးမှားနေတာပါပဲ။ 'ဣမံ ဂန္ထံ' (ဤစာကို)လို့ ရေးရမယ့်အစား 'ဣဒံ ဂန္ထံ' လို့ မှားရေးမိတာကလား။ ပါဠိမှာ ဤသည်လို့ အဓိပ္ပာယ်ရတဲ့ စကား နှစ်လုံး ရှိပါတယ်။ ဣမံ နဲ့ ဣဒံ...ပါ။ မြန်မာမှာတော့ ဤကျမ်းစာ၊ ဤမိန်းမ၊ ဤယောကျ်ား၊ ဤဒေသ၊ ဤရထား... ဘယ်လိုမဆို တွဲသုံးလို့ ရပါတယ်။ ပါဠိမှာတော့ လိင်တူမှ တွဲသုံးရပါတယ်။ ဂန္ထ-က ပုလ္လိင်ဖြစ်လို့ သူ့ကို ဣမံနဲ့သာ တွဲရပါတယ်။ နပုလ္လိင်ဖြစ်တဲ့ ဣဒံနဲ့ မတွဲရဘူး။ ဒါကို အစွဲပျက်တယ်လို့ ဆိုပါတယ်။

ရှင်မဟာအရိယဝံသဟာ ဩ... ဒါကြောင့် သူ အေး...အေး ဆိုပေတာပဲလို့ နားလည်ပြီး ပုဂံက အာဂန္တု ပုဂ္ဂိုလ်ကို ပင့်ပါတယ်။ တွေ့ကြတော့

"ငါ့ရှင် ဤကျမ်းကို ငါ လူသည် ငှက်သံဆိတ်တဲ့ ညဥ့်အခါမှာသာ ရေးပါတယ်။ နေ့အခါ ပုရပိုက်ကို အုပ်ထားတာပါ။ သာမည အားထုတ်မှု မဟုတ်ပါ..."

လို့ဆိုပါတယ်။

ပုဂံရဟန်းက "အရှင်ဘုရား ပြုစုသောကျမ်းမှာ ပမာဆိုရလျှင် လူတစ်ယောက်က ကျောက်စရစ်များကို လက်မှာဆုပ်ပြီး နံရံကို ပစ်ပေါက်တဲ့အခါ တစ်စေ့မကျန် နံရံကို မှန်သကဲ့သို့ ရေးသမျှ စာ စကား တို့ဟာ အလိုရှိအပ်တဲ့ အနက်သို့ ရောက်တာချည်း ဖြစ်ပါတယ်။ သို့သော် တစ်နေရာမှာ ဝါကျတစ်ချက် ထပ်ပါတယ်။ အခြားတစ်နေရာမှာ အစွဲပျက်ပါတယ်။ ဒါကြောင့် အေး... အေး... ဆိုမိပါတယ်ဘုရား" လို့ လျှောက်ပါတယ်။

ရှင်မဟာအရိယဝံသဟာ ဒီစကား ကြားရတဲ့အခါမှာ အားရနှစ်





သက်လှပြီး မိမိသုံးသော ဒုကုဋ်သင်္ကန်းကြီးကို ပေးလှူပါတယ်။ ပုဂံရဟန်းက မယူရဲပါ။ စာတတ်ပေတတ် ဘုန်းတော်ကြီးတစ်ပါးက ပူဇော်တာကိုး၊ ဒီမှာတင် ရှင်မဟာအရိယဝံသက -

"ငါ့ရှင်ဆိုသော ပုဂ္ဂိုလ်ကို ပူဇော်သည် မဟုတ်ပါ။ ငါ့ရှင်ဂုဏ်ကို ပူဇော်ပါတယ်၊ ဒုကုဋ်ကို လက်ခံပါ" လို့ ဆိုပါတယ်။ ဒီတော့မှ ပုဂံရဟန်းလည်း လက်ခံပါတယ်။ ဖြစ်ရပ်ကလေးကတော့ ဒီလောက်သာပါ...။

ဒီထဲမှာပဲ ကြည်ညိုစရာ၊ ကြည်နူးစရာ၊ အတုယူဖွယ်ရာ၊ လေးစားအပ်သော အပြုအမူတွေ ပါဝင်နေတာကို တွေ့နိုင်ပါတယ်။

- ရေငုံဘုန်းကြီးက ကျေးဇူးကိုဆပ်၊ ငွေကာလက်သန်း အဖွင့်ရေး ... လို့ မိန့်လိုက်တာ၊

- ပုဂံရဟန်းက အမှားကို ထောက်ပြရာမှာ ကာယကံရှင် သိစေဖို့ နာခံခက်စေတဲ့ စကားလုံးမသုံး၊ အေး...အေး လို့ပဲ အသံပြုပြီး သတိပေးလိုက်တာ၊

- ရှင်မဟာအရိယဝံသကလည်း သူ့အမှား သူဝန်ခံပြီး သူ့ထက်ငယ်သော ဝေဖန်ထောက်ပြသူအပေါ် အပြစ်မယူတဲ့အပြင် ပညာဂုဏ်ကို ပူဇော်တဲ့အနေနဲ့ ဒုကုဋ် လှူလိုက်တာ...။

ဒါတွေဟာ စိတ်နှလုံးမြင့်မြတ်တဲ့ ပညာရှိတွေရဲ့ စံထားဖွယ်အပြုအမူတွေပါပဲ။ ဒါကြောင့် (ပုဂံရဟန်းရဲ့ အေး...အေး... အပါအဝင်) ရေငုံဘုန်းကြီးရဲ့ စကားနဲ့၊ ရှင်မဟာအရိယဝံသတို့ရဲ့ စကားတွေကို သမိုင်းတွင် သမိုင်းဝင် စကားများစာရင်းသို့ တလေးတစား ထည့်သွင်းလိုက်ခြင်းဖြစ်ပါတယ်။

အတွဲ(၄)၊ အမှတ်စဉ် (၁၉၀)၊ အတွေးသစ်ဂျာနယ်

□



www.burmeseclassic.com

www.burmeseclassic.com

# "အုံညို၍ သုံးပရစ်"
## (နရပတိစည်သူ)

ပုဂံခေတ် သမုဒ္ဒရာဇ်မင်းကစပြီး စောမွန်နှစ်အထိ ငါးကျိပ် ငါး ယောက်သော မင်းအစဉ်…လို့ ဆိုကြရာမှာ၊ ၅၃၆ ခုနှစ် နန်းတက်တဲ့ နရပတိစည်သူဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ သူဟာ မင်းယဉ်နရသိင်္ခရဲ့ ညီဖြစ်ပြီး အနော်ရထာ(အနိရုဒ္ဓဒေဝ)ရဲ့ မြစ်တော်တဲ့သူပါ။ မှန်နန်းရာဇဝင်တော်ကြီးမှာ သူ့ကို (နရပတိစည်သူမင်းကြီးကား၊ မင်း၏ တရား ဆယ်ပါးကိုလည်း မပြတ် ဆောက်တည်တော်မူ၏။ ပြည်ရေးရွာမှု ရှိသောအခါ ပညာရှိတို့ လျှောက်သော စကားကို ယူတော်မူ၏။ ရာဇမာယာ၌ လိမ္မာကျွမ်းကျင်သည်ဖြစ်၍ ပြည်သူအပေါင်းတို့သည် နှစ်လိုကြကုန်၏။ မြန်မာပြည် အနှံ့အစပ် ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ပြုတော်မူ သော် ဝတ္ထုကံ၊ မိုးမြေ၊ လယ်ယာ၊ ဥယျာဉ် လှူတော်မူ၏။) လို့ ကမ္ပည်း ထိုးထားတာ တွေ့ရပါတယ်။

ဒီဂုဏ်ပုဒ်ကို ရရှိခဲ့တဲ့ နရပတိစည်သူမင်းရဲ့ ဘုရင်ဘဝ အစကနဦး ပိုင်းကို ကြည့်မယ်ဆိုရင်တော့ သူဟာ စိတ်မြန်ကိုယ်မြန်နဲ့ ကိုယ်ထိလက်





ရောက် လုပ်ခဲ့တာတွေ အတော်များတာကို **တွေ့နိုင်ပါတယ်**။ မင်း**မှုထမ်း** ကျွန်ယုံ၊ ဘုန်းတော်ကြီး၊ အမတ်ကြီး **စသည်ဖြင့်** အလွှာအသီးသီးက ပုဂ္ဂိုလ်များနဲ့ ကဏ္ဍကောစ ဖြစ်ခဲ့ပြီး မှ**တ်လောက်**သားလောက်ဖြစ်ရပ်**တွေ** ပေါ်ပေါက်ခဲ့တယ်။ တစ်နည်းပြောရရင် "**အမှားတွေ** အများကြီး လုပ်ခဲ့တယ်" လို့ ဆိုရမှာပါ။ သူ့ကို မဏ္ဍိုင်ထားပြီး ဝတ္ထုရေးရင် စာရေးဆရာတွေ ကြိုက် တတ်တဲ့ "စရိုက်ရှင်" ဇာတ်ကောင်မျိုးအဖြစ် တွေ့နိုင်ပါတယ်။

အားလုံးသိပြီးဖြစ်ပေမယ့် သူ့ဘဝ ဖြစ်စဉ်ကို တစ်ကြောင်းဆွဲ ပြော ချင်ပါတယ်။

ကုလားကျမင်းလို့ အမည်ဆိုးရခဲ့တဲ့ နရသူ အလုပ်ကြံခံရပြီးနောက် သားတော် မင်းယဉ်နရသိင်္ခ နန်းတက်ပါတယ်။ သူ(နရပတိစည်သူ) က ညီတော်အဖြစ် အိမ်ရှေ့ ဥပရာဇာ ရပါတယ်။ အိမ်ရှေ့ဘဝမှ ပထမဆုံး မှတ်လောက်သားလောက် ဖြစ်ရပ်ကတော့ ဝေဠုဝတီ ကိစ္စပါပဲ။ ဝါးအတွင်း မှာ သံသေဒဇ ပဋိသန္ဓေစွဲပြီး ဖွားမြင်ခဲ့တယ်ဆိုတဲ့ မိန်းမချော မိန်းမလှ။ ဘုရင်ကိုဆက်၊ မင်းယဉ်နရသိင်္ခက "နားကျယ်နဲ့ ဝမ်းပျက်လိလိ" လို့ ဆိုပြီး ငြင်းပယ်၊ ညီတော်ထံရောက်၊ မယ်တော်ကြီးက နားလှသွားအောင် လုပ်ပေး၊ မင်းယဉ်နရသိင်္ခက ပြန်သဘောကျ၊ သူ့မယားလိုချင်တော့ သူ့လင်ကို အပေး လွှတ်ပါသတဲ့။ ငဆောင်ချမ်းအရပ်သို့ ညီတော် စစ်ထွက်စေ… အမိန့်။

နရပတိစည်သူက 'ဉာဏ်ပဋိဘာန်လျှင်သူ' ဖြစ်လို့ မြင်းခံပြေည့်ကို စီးတော်မြင်းပေးပြီး အိမ်တော် အရိပ်အခြည် ကြည့်နေရစ်၊ ထူးခြားရင် အမြန်သတင်းပို့လို့ မှာသွားပါတယ်။ ငဆောင်ချမ်းမှာ ဘာသူပုန်သူကန်မှ မရှိလေတော့ နောင်တော် အကောက်ကြံပြီလို့သိပြီး၊ မှူးမတ်များနဲ့ ညီညွတ်၊ သစ္စာခံစေပါတယ်။ မင်းယဉ်နရသိင်္ခကလည်း ခယ်မတော်ကို သိမ်းပိုက် လိုက်တယ်။ မြင်းခံပြေည့်လည်း ဒီအကြောင်း သတင်းပို့ဖို့ မြင်းနဲ့အလာ ချင်းတွင်း ပရိမ္မရောက်၊ ကူးဖြတ်၊ ဟန်လင်းကိုအဖြောင့်သန်း၊ ငါးပတ်ချောင်း ရောက်တော့ မိုးလည်းချုပ်ပြီ၊ မြင်းလည်းပင်ပန်းပြီဆိုပြီး ညဥ့်အိပ်နားလေ သတဲ့။ မြင်းက သူ့သခင်အနံ့ရလို့ ပြင်းစွာဟီပါတယ်။ မြင်းဟီသံ ကြားတဲ့ နရပတိစည်သူလည်း ငါ့မြင်းဆိုပြီး စက်တော်ခေါ်မရပါဘူး။ မနေ့ လင်းမှ ပြေည့်ရောက်လာ၊ အကျိုးအကြောင်းသိတော့ နောင်တော်အပေါ် ကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားပါတယ်။ ဒီအမျက်က ပွပွရွှေးရွှေးပဲ၊ ပြေည့်အပေါ် ပေါက်ကွဲပါတယ်။ "နှင်ညဥ့်က ဘယ်မှာအိပ်သလဲ"။ "ငါးပတ်ချောင်းမှာ အိပ်ပါတယ်ဘုရား။" "ငါရှိတဲ့အရပ် နီးနေရက်ကနဲ့၊ မရောက်လာ၊ နှင်အိပ်တယ်" ဆိုပြီး နေရာမှာတွင် ပြေည့်ကို ကွပ်လိုက်ပါတော့တယ်...။ ဒါဟာ နရပတိစည်သူရဲ့ စိတ်မြန်လက်မြန် အပြုအမူများ နိဒါန်းပါပဲ။

ဒုတိယအဖြစ်အပျက်က ကျွန်ယုံ ငအောင်စွာပါ။ နောင်တော်ကို လုပ်ကြံဖို့ လွှတ်လိုက်ပါတယ်။ "ငါ့အမှုတော်ကို အသက်စွန့်ထမ်း၊ မရီးတော်သုံးပါးမှာ နှင်နှစ်သက်သူနဲ့ လက်ဆက်၊ သူကောင်းပြုမယ်" လို့ ကတိပြုပါတယ်။ ငအောင်စွာလည်း မင်းယဉ်နရသိင်္ခက အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့ပါတယ်။ ဒီမင်းက နန်းစံသုံးနှစ်သာ ကြာပါသည်။ နရပတိစည်သူလည်း ပုဂံနန်းကို စံပါတယ်။ ဘုရင်ဖြစ်စမှာပဲ မရီးတော်များက ခြေဖက်ပြီး ငအောင်စွာနဲ့ မပေးစားပါနဲ့လို့ ငိုယိုတောင်းပန်ကြလို့ ငအောင်စွာကို ခေါ် "ငါ ကတိ ပေးခဲ့တာတော့မှန်တယ်၊ သို့သော် မရီးတော်များကို ပေးခဲ့ရင် ဘိုးဘေးများကို ငါပြစ်မှားရာရောက်မှာမို့ သူကောင်းသမီး တစ်ပါးပါးယူပါ" လို့ နရပတိစည်သူက ဆိုပါတယ်။ ငအောင်စွာက ဘုရင်ဆိုပြီး ကတိသစ္စာ မတည်ရာသလောဆိုတဲ့ အဓိပ္ပာယ်နဲ့ "ထွီ" လို့ လုပ်လိုက်ပါသတဲ့ "ငါသို့သော မင်းကို လုပ်ရာသလား" ဆိုပြီး ငအောင်စွာကို ကွပ်မျက်လိုက်ပြန်ပါတယ်။

တတိယအဖြစ်တော့ လူသိအများဆုံးမို့ အကျယ်မဆိုတော့ပါ။

အနန္တသူရိယအမတ်နဲ့ ပတ်သက်တဲ့ကိစ္စပါ။ နောင်တော်ရဲ့ အထိန်းတော်သား ဖြစ်တဲ့အတွက် အနန္တသူရိယကို သတ်စေအမိန့်ချပါတယ်။ ကျူးပြင်ခုတ်ကျူငုတ်မကျန် စေရသဘောလား၊ ဝေဠုဝတီကို နောင်တော် အကောက်ကြံ သိမ်းပိုက်တဲ့ကိစ္စမှ အနန္တသူရိယ တာဝန်မကင်းဘူးလို့ ယူဆသလားတော့ မပြောတတ်ပါ။ "သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ..." လင်္ကာလေးပိုဒ် ဖတ်ရတော့မှ "လွှတ်စေ" အမိန့်ပေးပါတယ်။ သူသတ်တို့က "လွန်ခဲ့ပြီ" လို့လျှောက်တော့ "နှင်တို့ မသတ်ခင်က ဒီစာကို ဆက်ကောင်းပါရက်နဲ့၊ သတ်ပြီးမှ ဆက်သလား" ဆိုပြီး သူသတ်တို့ကို 'မျက်'ပြန်ပါတယ်။

* * *





ဒီဖြစ်ရပ်ကစပြီး နရပတိစည်သူဟာ နောင်တကြီးစွာရလို့ "နောင်ငါ မျက်လို့ သတ်စေအမိန့်ချပေမယ့် တစ်လ လေးသီတင်း စသည်ဖြင့်ထားပြီးစစ်ကြဦး၊ သေတန်မှသေစေ၊ မသေတန်သူ လွှတ်ပါစေ" လို့ ဆိုပါသတဲ့။ သူ့စိတ်သူသိပြီး ရာဇအာဏာကို သူ့ဘာသာသူ ပြန်ထိန်းချုပ်ဖို့ ဆင်ခြင်မိတာဟာ နရပတိစည်သူရဲ့ ကောင်းကွက်တစ်ခုလို့ ဆိုနိုင်ပါတယ်။

နောင်တော်ကို အလွယ်တကူ လုပ်ကြံနိုင်ခဲ့တာ အကြောင်းပြုပြီး သူ့နန်းတော်ရဲ့ လုံခြုံမှုကိုလည်း အပြည့်စီမံပါတယ်။ တိုင်းခန်းလှည့်ပြီး ကလေး၊ မင်းကင်း၊ မြေဒူး စတဲ့ ဒေသကိုးခုမှာ ဘုရား၊ ဂူ တည်တာမျိုးလည်း လုပ်ပါတယ်။ လိုဏ်နှစ်ဆင့်ရှိတဲ့ စူဠာမဏိ၊ ကော်တော့ပလ္လင်၊ မမ္မရာဇိက ဘုရား၊ ငါးမျက်နှာ စတဲ့ဘုရားများ တည်ပါတယ်။ နေပြည်တော်ဝန်းကျင်က သံဃာတော်များကိုလည်း ပစ္စည်းလေးပါး ထောက်ပံ့ပါတယ်။

မှတ်သားလောက်စရာ ဖြစ်ရပ်တစ်ခုကတော့ စူဠာမဏိဘုရား တည်စဉ်ကပါ။ တူးရွှင်းတောင်တက်ပြီး အပြန်မှာ ချောက်အရပ်ဆဲက ပဋ္ဋမြား အရောင် တောက်တာမြင်လို့ ဒီနေရာမှာ ငါ့ကို ဘုရားတည်စေချင် တာပဲဆိုပြီး ချောက်ကြီးကို ပြည်သူအပေါင်းတို့ ဖို့စေပါတယ်။ ဒီမှာတင်ပဲ ပံသုကူ ဗွေယ်ရှင် မဟာထေရ်ကြီးနဲ့ တွေ့ပါတော့တယ်။ မဟာထေရ်က "မင်းကြီးဟာက ကောင်းမှုမဖြစ်၊ မကောင်းမှုဖြစ်ပြီး မင်းကြီးလှူတဲ့ဆွမ်း ငါမခံတော့" လို့ မိန့်တယ်။ ဒီအခါ နရပတိစည်သူက "ပြည်သူတို့လှူတဲ့ ဆွမ်းဟာလည်း တပည့်တော်ဆွမ်းပဲ မဟုတ်ပါလား၊ တပည့်တော်ဆွမ်းကို မဘုဉ်းလိုရင်တော့ တပည့်တော်ရဲ့ပြည်မှာ မနေမှဘဲ ဖြစ်တော့မယ်" လို့ ပြန်လျှောက်လိုက်ပါသတဲ့။ (ဗွေယ်ရှင် မဟာထေရ်ကလည်း နှယ်နှယ်ရရမှ မဟုတ်တာကလား။ ကထိန်သင်္ကန်းကို မခံဘဲ သုသာန်တစပြင်က သူကောင်(လူသေ) လွှမ်းတဲ့ အဝတ်ပုဆိုးကို ကောက်ပြီး သင်္ကန်းအစဖြစ် သုံးဆောင်တော်မူတား။ ဒါကြောင့် ပံသုကူ မဟာထေရ်လို့ တွင်တာ။ ဗွေယ်ရှင် ဘွဲ့ရတာကလည်း မှတ်သားလောက်စရာပါ။ နွားကျောင်းသားသူငယ် ငဗွေယ်...တဲ့။ သူ့ဆ ကုသိုလ် ရချင်လို့ မထေရ်ကြီး အဝတ်ယူဖို့ဆိုပြီး သူ့ကိုယ်သူ လူသေ ဆောင်လိုက်ပါသတဲ့။ မဟာထေရ်ကလည်း လူသေအမှတ်နဲ့ ဗွေယ်ရဲ့ အိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝေါလွှမ်းထားတဲ့ ပုံသုကူ**အဝတ်** ကောက်ယူလိုက်တယ်။ ငွေယ်ဟာ တကယ့်ကို အသက်မဲ့ ဖြစ်သွားတယ်။ မဟာထေရ်ရဲ့ သီလအမိဋ္ဌာန် ပျက်မသွားစေရအောင် လူရှင်ဟာ **လူသေ** ဖြစ်ပေးရတဲ့သဘော။ ငွေယ်ရဲ့ **အဖော်**တွေက **သူ့**မိဘတွေဆီ ဒီအကြောင်း သွားပြောတော့ မိဘတွေမှာ မဟာထေရ်ထံလာပြီး ကယ်ပါယူပါ ဖြစ်ကုန်ရော။ ဒီတော့မှ မဟာထေရ်က ပရိတ် ရွတ်ပြီး ပရိတ်ရေနဲ့ ငွေယ်အလောင်းကိုဖျန်း၊ ငွေယ်ပြန်ရှင်လာတယ်။ ဒီကစပြီး ငွေယ်ရှင် ပံသုကူမဟာထေရ်ဆိုပြီး ထင်ရှားလာတော့တာ။) ဒီလိုထေရ်ကြီးနဲ့ **အခြေအတင်** ဖြစ်ကြတော့ နရပတိစည်သူကလည်း သူ့ကိုယ်သူ ဘယ်လိုပဲနောင်တ သံဝေဂနဲ့ ဆင်ခြင်ဆင်ခြင်၊ သူ့စရိုက်ကိုက စိတ်မြန်၊ နှုတ်မြန်၊ လက်မြန်သမားပေကိုး၊ တပည့်တော်ပြည်မှာ **မနေမှဖြစ်တော့**မယ်လို့ ပြောချလိုက်တော့တယ်...။ မထေရ်ကြီးကလည်း **မင်းကြီးက** ဒီလိုဆိုသလား။ ကောင်းပြီ ငါမနေဘူးဆိုပြီး သိန်းယိုင်ဗ္ဗကျွန်း ကြွတော့**မယ်** လုပ်ပါလေရော။

မထေရ်မြတ်ကြီး ကြွတော့မယ့်အခါမှာ မှန်နန်းက ဒီလို ဖော်ပြပါတယ်။ "သရပါ တံခါးစောင့်သော ဘီလူးတစ်ယောက်သည် မင်းကြီး ထွက်တော်မူသောအခါ မလွှဲဖယ်၊ တံခါးထက်ဝယ် ကားယားရပ်လျက်နေဘိ၏။ မင်းကြီးလည်း သမား၊ ဟူးရား တို့ကို ခေါ်တော်မူ၍ ဆေးဝါးမန္တရားတို့ဖြင့် အထွေထွေ ပြုစေ၏။ ဘီလူးလည်း မလွှဲဖယ်နေဘိ၏။ ဟူးရားဖြူ ဟူးရားညို တို့ကို ခေါ်တော်မူ၍ ဘီလူး မလွှဲဖယ်နေကြောင်းကို မေးတော်မူ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့ကလည်း သခင်မြတ် ပံသုကူမထေရ်ကို မသင့်သော စကားဖြင့် မိန့်တော်မူ၍ ပံသုကူမထေရ် ကြွလေသောကြောင့် ဘီလူး မလွှဲဖယ်နေသည် **နားတော်လျှောက်၏**"

မဟာထေရ်ကို **မနည်း**ပြန်ပင့်ရတယ်။ တုရင်္ဂပ**စွည်းဆိုတဲ့ အမတ်ရဲ့** စွမ်းရည်ကြောင့် **မဟာထေရ်** ပြန်ကြွလာခဲ့တယ်။ **ပြန်ရောက်လာတော့** နရပတိစည်သူဟာ မဟာထေရ်ရဲ့ လက်ကိုမပြီး အရိအသေ **အနူးအညွတ်** နန်းတော်ကို ပင့်ပါတယ်။ သရပါတံခါးရောက်တော့ ဘီလူးဆင်းပြီး ဦးချပါတယ်။ နန်းတော်မှာ ကိုယ်တိုင်လက်နဲ့ ဆွမ်းပွဲပြင်လုပ်ကျွေး တောင်းပန်ရုံမက သားတော်ငါးပါးကိုပါ လှူပါတယ်။ သားတွေကို မဟာထေရ်ထံ အလုပ်အကျွေးအဖြစ် သွတ်သွင်းလှူဒါန်းလိုက်တဲ့ အပြုအမူကလည်း





မှတ်သားလောက်စရာပါပဲ။ မဟာထေရ် ပြန်ကြွတော့ သားတော် **ငါးပါး** လိုက်ပါသွားရပါတယ်။ ဒါပေမဲ့ မဟာထေရ်ကြီးက ကျောင်းအထိ **ခေါ်မသွား**ပါ။ လမ်းမှာပဲ မြေပြင်ပေါ် အဝန်းငါးကွက် ရေးသားပြပြီး မင်း**သားတွေကို** ပြန်လွှတ်လိုက်ပါတယ်။ နရပတိစည်သူကလည်း ဒါဟာ ငါ့**သားများကို** ကောင်းမှုကုသိုလ် ပြုစေလိုတဲ့ သဘောဖြစ်ရမယ်ဆိုပြီး သားငါးပါးကို ရွှေကိုယ်လေးချိန် အဲဒီရွှေကို ကံကျွေးပြုပြီး စာကြီးဘုရားလှူ၊ မြေပုံသာဘုရားလှူ၊ ကွန်းစွန်းအိုဘုရားလှူ၊ သီကြားတောင်ဘုရားလှူ၊ ချောက်ဘုရားလှူဆိုတဲ့ ဘုရားငါးဆူ တည်ပါတယ်။

အဲဒီလို ပြောစမှတ်ပြုလောက်တဲ့ မဖြစ်သနစ်တွေထဲက နောက်တစ်ခုကို ပြောချင်ပါသေးတယ်။ သူ့ အိမ်ရှေ့စံဘဝ သူ့မိဖုရား ဝေဠုဝတီကို နောင်တော်ဘုရင်က လုည့်ဖြားသိမ်းပိုက်ခဲ့တာကြုံရတယ်။ ဒါကိုအကြောင်းပြုပြီး သူ နန်းတက်ဖို့ ဖြစ်လာခဲ့တယ်။ သူ့ကျတော့လည်း ယောက်ဖတော် သုဘရာဇ်ရဲ့ ဇနီးကို သဘောကျလို့ နန်းတော်ခေါ် အပါးမှာ ထားပါတယ်။ နောင်တော်တုန်းက သူ့ကိုတစ်ဖက်လှည့် ကြံသလိုတော့ မလုပ်ပါ။ ဒီအတိုင်းကို 'ကောက်'ပြီး၊ သုဘရာဇ်ကို ဒီအတိုင်းထားတာ သုဘရာဇ်မှာ "**အရှုးအမူး**" ဖြစ်နေပါတဲ့။ ဒါကြောင့် မိဖုရားများနဲ့ တိုင်ပင်ပြီး သုဘရာဇ်ကို ကိုယ်လုပ်တော်ထဲက ကြိုက်ရာ တစ်ယောက်ယူလို့ အစားပြန်ပေးပါတယ်။ သုဘရာဇ်ကလည်း တစ်ယောက်မလုပ်ပါနဲ့ နှစ်ယောက် ပေးပါဆိုလို့ နှစ်ယောက်ပေးရပါတယ်။ ဘာမှ ပြဿနာဆက်မဖြစ်ဘဲ ကျေနပ်သွားကြတယ်လို့ ဆိုပါတယ်။

* * *

အဲဒီလို ပြောစမှတ်တွင်တဲ့ နရပတိစည်သူမှာ သားတော်ငါးပါး ရှိပါတယ်။ **အငယ်ဆုံးသားရဲ့** မယ်တော်က ဥယျာဉ်သည်သမီးပါ။ **အဆင်းတင့်တယ်ပြည့်စုံလို့** ကောက်တော်မူပြီး ဇေယျသိင်္ခသားတော် **ဖွားမြင်ပါ**တယ်။ ဗိမ္ဗိသာရ၊ အဇာတသတ်နဲ့ ဝေဒဟီ ဖြစ်ရပ်နှင့် တူပုံက တစ်ခါ**တော့** နရပတိစည်သူ လက်မှာ ခူနာပေါက်လို့ ဆေးကုပေမယ့် မသက်သာ၊ **အသွေး**ကိုက်ခဲရာမှ ဇေယျသိင်္ခ မယ်တော်က ခံတွင်းနဲ့ငုံ၊ အကိုက်**အခဲများသက်သာ**



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြည်ပေါက်ရာမှာ မင်းကြီးစက်တော်ခေါ်ရာက နိုးမှာစိုးလို့ မျိုချပါတယ်။ ဒီအတွက် နင်နဲ့အတူ ငါ့အပေါ် ချစ်ကြင်သူမရှိ၊ ကြိုက်ရာဆုတောင်းလို့ ဆုပေးတော့ ဓေယျသိခ်မယ်တော်က အခြား ရွှေ ငွေ၊ ဆင်၊ မြင်း၊ လယ်ယာ မတောင်းဘဲ "အမြိတ်အစွန်ဖြစ်သော ကျွန်တော် ဓေယျသိခ်ကို အိမ်တော်စောင့်ပါစေ" လို့ တောင်းယူပါတယ်။ ဘုရင်ကလည်း ဆုပေးပါတယ်။

မယ်တော်အကြောင်းပြပြီး ဒီဆုကို ရသလို ဓေယျသိခ် ကိုယ်တိုင်ကလည်း အဆင်းအသွင် ကောင်းပြီး အမူအကျင့် နူးညံ့၊ အတတ်ပညာ ပျမ်းကျင်၊ လူတကာတို့ နှစ်လိုတဲ့ မင်းသားတစ်ပါး ဖြစ်တယ်လို့ ဆိုပါတယ်။ ဓေယျသိခ်ကို နန်းတော်စောင့် (နန်းတော်နဲ့ ပတ်သက်သမျှ ယုံကြည်စိတ်ချစွာ လွှဲအပ်ခံရ) ပေးသလို သားတော်ကြီးတွေဖြစ်တဲ့ ဓေယျသူရ၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချီ တို့ကိုလည်း အဲဆောင်အယောင်ကြီးတွေနဲ့ ချီးမြှောက်ပါတယ်။ အငယ်ဆုံး ဓေယျသိခ်ကလည်း နောင်တော်လေးပါး အိမ်တော်သွားပြီး ဝတ်ပြုခစားလို့၊ နောင်တော်များကလည်း ငြိုငြင်ခြင်း မရှိဘဲ သာမက အလွန်နှစ်သက်ကြတယ်လို့ ဆိုပါတယ်။

သူ့တုန်းက နောင်ညီပြဿနာ ဖြစ်ခဲ့ပေမယ့် သူ့သားများ လက်ထက်မှာ အကြီးတွေနဲ့အငယ် ပြဿနာ မဖြစ်အောင် နရပတိစည်သူ ထိန်းပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ သားတော်ငါးပါးကို ဝန်းရံနေစေပြီး အလယ်မှာ ထီးဖြူစိုက်၊ မင်းပြုထိုက်သူထက် ထီးဖြူညွှတ်စေသောလို့ အဓိဋ္ဌာန်ပြုတဲ့အခါ ထီးဖြူက ဓေယျသိခ်ထံ ညွှတ်ပါတယ်။ ဒါကြောင့် ထီးလိုမင်းလို တွင်ပါတယ်။

နရပတိစည်သူမင်းကြီး သက်တော် ၇၄ နှစ်၊ နာမကျန်းဖြစ်တဲ့ နောက်ဆုံးအချိန်များမှာ သားတော်ငါးပါးတို့ရဲ့ လက်တွေကို 'အလှည့်လှည့် အလှယ်လှယ်' ယူပြီး ရင်ဘတ်ပေါ်တင်လို့ မှာကြားပါတယ်။ ဒီနောက်ဆုံးစကားတွေဟာ နရပတိစည်သူမင်းကို အရည်အချင်းရှိပြီး ရှေ့နောက်မြော်မြင်တတ်တဲ့ ဘုရင်အဖြစ် ရာဇဝင်မှာ နေရာရစေတောပါပဲ။ သူ မိန့်ပုံက...

"သားတော်တို့၊ ငါ စီရင်သည့်အတိုင်း မပျက်စေနဲ့၊ နောင်ညီ ငါးပါးတို့ အမှုတိုင်းမှာ ညီညွတ်စွာ၊ ချစ်ကြည်စွာ ဆောင်ရစ်ကြ။ အတူအညီ





ကောင်းစားချင်သော အလွန်တင့်တယ်တယ်။ ကျွန်များစွာ ရှိပေမယ့် ဆွေရင်းမျိုးချာ မရှိသူဟာ ကောင်းစားသည် မဟုတ်၊ ပြည်ရေးရွာမှု ငြိမ်းချမ်းစေလိုသော် နောင်ညီငါးပါးတို့ သည်လိုကျင့်ကြ။ နှုတ်သီး ရှည်ရှည် ခွပ်အုံ့ထင်သော် နှုတ်သီးကိုဖြတ်၊ အတက်ရှည်ရှည် စူးအုံ့ ထင်သော် အတက်ကိုဖြတ်၊ အတောင်ရှည်ရှည် ပျံအုံ့ထင်သော် အတောင်ကိုဖြတ်။ ငါတို့ မင်းဟူသည် ချစ်သည်မုန်းသည်မရှိ။ ထုံးစံနှင့်အညီ ဒဏ်ကိုပေးရတယ်။ ဒီလိုကျင့်မှ သူတကာတို့ ကြောက်ရွံ့ ခန့်ညားတယ်။ ကြောက်ရွံ့ခန့်ညားမှ ခပ်သိမ်းသော အမှုတို့ အပြီးတိုင် ရောက်တယ်"

"အမှုထမ်းတို့ကို ခြေဆယ်ပွဲရမှ မြင်းတင်ရာတယ်။ မြင်းဆယ်ပွဲရမှ ဆင်တင်ရာတယ်။ ဆင်ဆယ်ပွဲရမှ လေ့တင်ရာတယ်။ လေ့ဆယ်ပွဲရမှ လေးရာပြမြို့ကို ပေးရတယ်"

"ခပ်သိမ်းသော ပြည်သူတကာတို့ရဲ့ နှလုံးကို ယူကျုံးဘိသကဲ့သို့ တည့်မတ်ကောင်းမွန်စွာ ကျင့်ကြ။ ဒါမှသာ အခွေအရံ များလေရာတယ်။ အခွေအရံများမှ သူ ကြောက်ရွံ့လေရာတယ်"

ဒါက သားတော်တွေကိုမှာတဲ့ စကားပါ။ ပြီးတော့ သားတော်တွေကို သစ္စာပေး သစ္စာခံစေပါတယ်။ သစ္စာတော်ခံစေပြီးမှ မိဖုရားလေးပါးနှင့် မင်းဆွေမင်းမျိုး မှူးကြီးမတ်ရာများကို ခေါ်ပြီး မှာပြန်ပါတယ်။

"သားတော် ငါးပါးတို့သည် ငါ စီရင်သည်ကို ဖျက်သော် အမိန့်တော်ကို မပစ်မပယ်သော သူက အုံညီ၍ ဆုံးမရစ်"

ဒီလို မှာရုံမက ဒီအမှာအတိုင်းလိုက်နာပါမယ်လို့ သစ္စာခံစေပါတယ်။

နရပတိစည်သူမင်းဟာ သူတစ်ချိန်က မှားခဲ့ လွန်ခဲ့တာတွေအပေါ်မှာ သင်ခန်းစာ ယူနိုင်ခဲ့သူ၊ အဲဒီလို အမှားမျိုး နောက်လူတွေ မကျူးလွန်မိအောင် ကြိုတင်စီမံ ချမှတ်နိုင်တဲ့သူလို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် သူ့ရဲ့ နောက်ဆုံး မှာကြားချက်တွေထဲက "အုံညီ၍ ဆုံးမရစ်" ဆိုတဲ့စကားကတော့ အနန္တ



www.burmeseclassic.com

www.burmeseclassic.com



သူရိယ အမတ်ကြီးနှင့် ပတ်သက်တဲ့ သူ့ရဲ့အမှား၊ ပံသုကူမထေရ်နဲ့ ပတ်သက်တဲ့ သူ့ရဲ့အမှားများကနေ တိုက်ရိုက်ထုတ်နုတ်ယူလိုက်တဲ့ သင်ခန်းစာမှ ပေါက်ဖွားသော ဩဝါဒ ဖြစ်ပါလိမ့်မယ်။ သူ့အမှာစကားက နောက်မင်းများ (မှူးမတ်များ) အပေါ် ဘယ်လောက်အထိ သက်ရောက်ခဲ့ပါသလဲ။

သားတော်ဇေယျသိခ်၊ နောက်သားတော် မွေ့ရာဇာ (ကျစွာမင်း) နောက်သားတော် ဥဇနာ၊ နောက်သားတော် သီဟသူနှင့် မင်းခွေးချေး (နရသီဟပတေ့) လက်ဝယ်အရောက်၊ သီဟသူကို ရာဇသင်္ကြံ အမှူးပြုသော အမတ်များက ဖမ်းယူဖြုတ်ချလိုက်ခြင်းဟာ နရပတိစည်သူမင်းရဲ့ "အုံညီ၍ ဆုံးမရစ်" အကျိုးသက်ရောက်မှုပေလား...။ စဉ်းစားစရာ ဖြစ်ပါတယ်။

အတွဲ(၄)၊ အမှတ်စဉ် (၁၉၁)၊ အတွေးသစ်ဂျာနယ်။

❑



## "တရားနည်းလမ်းမကျသည့် အောင်မြင်မှုကို ကျွန်ုပ် မနှစ်သက်၍ သခင်ဖြစ်လျှို့ ဝှက်ချက်ကို ဖွက်ရခြင်းဖြစ်သည်။"

## (လဝွန်းအိန်)

အင်းဝ ဘုရင်မင်းခေါင်နဲ့ ဟံသာဝတီ ရာဇာဓိရာဇ်တို့ရဲ့ စစ်ပွဲကာလ တစ်လျှောက်မှာ စစ်ရေးကိုအကြောင်းပြုပြီး မှတ်သားလောက်တဲ့ ဖြစ်ရပ်တွေ များစွာ ပေါ်ပေါက်ခဲ့ပါတယ်။ ပြဿနာ၊ အခက်အခဲ၊ အကျဉ်းအကျပ်နဲ့ ကြုံတွေ့တဲ့ အခါအခါအပေါ်မှာ တုံ့ပြန်မှုတွေကိုလိုက်ပြီး လူသားတွေရဲ့ အမူအကျင့် စိတ်နေသဘာဝများကလည်း စိတ်ဝင်စားဖွယ် အထွေထွေအပြားပြား ပေါ်ပေါက်လာပါတော့တယ်။

လဝွန်းအိန်ဟာ ရာဇာဓိရာဇ်ရဲ့ စစ်သူရဲတွေအနက် ထင်ရှားလှသူပါ။ ရန်သူ့တပ်ထဲ၊ တစ်ကိုယ်တည်းဝင်ပြီး သံတောင်မြို့စား မင်္ဂြိုင်းရဲ့ ဦးခေါင်းကို စွန့်စွန့်စားစား ရအောင် ယူနိုင်ခဲ့လို့ မသလုံ အမည်ရင်းကနေ လဝွန်းအိန် (သိကြာမင်းကဲ့သို့စွမ်းသူ) ဘွဲ့ရခဲ့သူ ဖြစ်ပါတယ်။ လက်ရုံးထက်မြက်လှတဲ့ 'ပွဲရ' သူရဲကောင်းအဖြစ် ရာဇာဓိရာဇ်က အားထားရသူလည်း ဖြစ်ပါတယ်။ လဝွန်းအိန်နဲ့ ပတ်သက်ပြီး အမှတ်ထင်ထင် ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ရပ်များ အများနက် အခုအရေးကလည်း မှတ်သားလောက်စရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝ–ဟံသာဝတီ စစ်ပွဲဖြစ်နေချိန်၊ အင်းဝ စစ်တပ်တွေ တောင်ငူအောက်ဒေသအထိ ချီခဲ့ကြပြီး၊ ရောက်တဲ့နေရာတိုင်းက ကျေးရွာမြို့များကို မီးထင်းတိုက်၊ ကျွဲ၊ နွား၊ ဝက်၊ ကြက် ရိက္ခာမှန်သမျှ သိမ်းယူရင်းနဲ့ ပန်းကျော်ဆိုတဲ့ အရပ်ကိုရောက်တော့ အင်းဝတပ်ကြီးမှာ ရိက္ခာ အခက်အခဲ တွေ့ရတော့တယ်။ တပ်ချနေတဲ့ ဟံသာဝတီစစ်ကြီးကိုလည်း မဖျက်နိုင်၊ လာလမ်းအတိုင်း ပြန်ဆုတ်မယ်ဆိုရင်လည်း ရိက္ခာ မရနိုင်။ လွင်ပြင်ကိုဖျက်ပြီးလည်း မထွက်ဝံ့။ ဒီတော့ တောကိုကျော်ပြီးတော့ပဲ ရိက္ခာစပါး အရှာထွက်ကြရပါတယ်။

ဒါကို ရာဇာဓိရာဇ် ကြားတော့ "အင်းဝတပ်တွေ ရိက္ခာရပြီး အပြန်ခရီးမှာ ဖြတ်တိုက်၊ ဖမ်းခဲ့" လို့ သမိန်အဝန်နိုင် ဆိုတဲ့ သူရဲကောင်းကို မိန့်မှာစေလွှတ်လိုက်ပါတယ်။ သမိန်အဝန်နိုင်လည်း တောလမ်းကနေ တိုက်ပြီး အင်းဝ သို့ပန်းတွေ၊ မြင်းတွေ၊ တိုက်ဆင်တွေကို သိမ်းယူ လာနိုင်ခဲ့တယ်။ အင်းဝတပ်တွေမှာ ဒီအတိုင်းဆက်သွားရင် ဒုက္ခလှလှကြီး ရောက်တော့မယ့်အဖြစ်နဲ့ ရင်ဆိုင်ရတော့တယ်။

ဒါကြောင့် အင်းဝ ဘုရင်မင်းခေါင်က အင်းပဲသူကြီးကို ရာဇာဓိရာဇ်ထံ လွှတ်ပြီး 'အစေ့အစပ်' သဝဏ် စေပါတယ်။ ဒါကို ရာဇာဓိရာဇ်က ပြင်းပြင်းထန်ထန် တုံ့ပြန်လိုက်ပေမဲ့ မင်းခေါင်က အန္တုအညွှတ်ပဲ စကားပြန်ပါတယ်။ "တစ်ဦးကိုတစ်ဦး အပြစ်တင်နေကြလျှင် သံသရာ ဆုံးမည်မဟုတ်။ သူ့အပြစ် ငါ့အပြစ်ဟူ၍ မဆိုကြဘဲ နှစ်ဖက်စလုံးက အပြစ်တွေကို စွန့်ပစ်ကြပါစို့" စသည်ဖြင့် သဝဏ်ပြန်စေပါတယ်။ ပြီးတော့ "မောလိုင်းသောင်စီ ဘုရားတွင် ငါ့ကျွန် အမှုးအမတ်ကြီးငယ်များနှင့် နောင်တော်၏ကျွန် အမှုးအမတ်ကြီးငယ်များအား သစ္စာပြုကြစေလိုသည်။ အချိန်းအချက်ပြုကြပြီးပါက ညီတော်လည်း စစ်နုတ်၍ အင်းဝသို့ ပြန်ပါမည်" စသည်ဖြင့် စေ့စပ်စကား ဆိုလာပါတယ်။ ရာဇာဓိရာဇ်က တင်းခံနေပေးပေမယ့် အင်းသဲသူကြီးနဲ့ အမတ်ဒိန်တို့ရဲ့ ကျွမ်းကျင်မှုကြောင့် "နှစ်ဖက် မှူးမတ်များ သစ္စာပြုပွဲ" ကို ကျင်းပဖို့ စီစဉ်ကြပါတယ်။ အပစ်အခတ်ရပ်စဲထားပြီး ကျေအေးဖို့ ဆွေးနွေးကြမယ့် သဘောပါ။





ဒီလို စီစဉ်ကြပေမယ့် ရာဇာဓိရာဇ်က သူ့ရဲ့ သေနာပတိများကိုခေါ်ပြီး ဆွေးနွေးပါတယ်။ "ဘုရင်မင်းခေါင်ဟာ မြသီတင်း ဘုရားရင်ပြင်မှာ ငါနဲ့ သစ္စာ ဆိုပြီးခဲ့တာကို ဖောက်ဖျက်ပြီး၊ အလုံးအရင်း ဆင်မြင်းများစွာနဲ့ ချီလာတယ်။ ဟံသာဝတီကို ယူဖို့ သူလာတယ်။ ဒါပေမဲ့ အခု ရိက္ခာပြတ်ပြီး ငတ်မွတ်တော့မှာမို့ နှစ်ဖက်မှူးမတ်ကြီးငယ်များ သစ္စာပြုကြစေချင်တယ်လို့ အရေးဆိုလာပြန်တယ်။ သစ္စာပြုပြီး အင်းဝ ပြန်မယ်လို့လည်းဆိုပါတယ်။ မင်းတို့ဘယ်လို သဘောရကြသလဲ..." လို့ မေးပါတယ်။

ဒီအခါ သမိန်ဗြတ်ဇကေ "သူတို့ သစ္စာစောင့်ရင်သာ ကျွန်တော်တို့ စောင့်ရမှာပါ။ သူတို့က မစောင့်ဘဲ ကျွန်တော်တို့က စောင့်ရမှာလား" လို့ လျှောက်ပါသတဲ့။ ရာဇာဓိရာဇ်ကလည်း "ငါလည်း ဒီလို သဘောရတယ်" လို့ ဆိုပါတယ်။ ကျန်မှူးမတ်များလည်း သဘောတူကြတယ်။

ဒီလိုနဲ့ပဲ သစ္စာပြုကြတဲ့နေ့မှာပဲ အင်းဝ မှူးမတ်သေနာပတိတွေကို အကုန်ဖမ်းယူကြရမယ်လို့ ရာဇာဓိရာဇ်က အမိန့်ပေး ညွှန်ကြားပြီး သစ္စာပြုကြမယ့် ပန်းကျော်ချောင်းသောင်ပြင် သဲအောက်မှာ ဓား၊ လှံတွေကို မြှုပ်ထားလိုက်ကြပါတယ်။

သစ္စာပြုကြမယ့်နေ့။ အင်းဝ–ဟံသာဝတီ နှစ်ဖက်မှာ မှူးမတ် သေနာပတိ သုံးဆယ်စီ ရွေးထားကြတယ်။ ဟံသာဝတီဘက်က ရာဇာဓိရာဇ်ကိုယ်စား အကြီးဆုံး အာဏာကုန် လွှဲအပ်ခံရသူက သမိန်ဗြတ်ဇ။ အငယ်ဆုံးက လဂွန်းအိမ်။ အင်းဝဘက်က ဘုရင်မင်းခေါင်ကိုယ်စား မြင်စိုင်းစား သရေစည်သူ၊ အငယ်ဆုံးက မိုးညှင်းသတိုး။ ဟိုဘက်–ဒီဘက်မှာ ဘုရင်နှစ်ပါးနဲ့ မှူးမတ် အခြွေအရံများက နေရာယူကြတယ်။ သစ္စာပြုပွဲ တက်ရောက်ကြမယ့် အင်းဝ–ဟံသာဝတီ မှူးမတ်သေနာပတိတွေက အလယ်ကြောအတိုင်း အတွဲလိုက် အတွဲလိုက် တွေ့ဆုံကြမယ့် အစီအစဉ်ပါ။

ရာဇာဓိရာဇ်ရဲ့ လျှို့ဝှက်အကြံက သစ္စာပြုပွဲပြီးတာနဲ့ ဟံသာဝတီမှူးမတ်တွေက ဘုရင်မင်းခေါင်ကို သွားရှိခိုးကြမယ်။ အဲဒီမှာ လမ်းခုလတ်သောင်ပြင်အောက် မြှုပ်ထားတဲ့ လက်နက်တွေကို ယူပြီး မင်းခေါင်ကို အရဖမ်း။ ရာဇာဓိရာဇ်ကို ရှိခိုးဖို့လာမယ့် အင်းဝ မှူးမတ်တွေကိုလည်း ဖမ်းဆီးတကယ်ကို အကြံပိုင်တဲ့ လျှို့ဝှက်ချက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးအတွက် စေ့စပ်သစ္စာပြုကြမှာဆိုတော့ နှစ်ဖက် မှူးမတ်သုံးဆယ်ကိုက လက်ဆောင်ပစ္စည်းကလွဲပြီး လက်နက် မကိုင်ဆောင်ကြပါဘူး။ ဒီလိုနဲ့ အတွဲလိုက် အတွဲလိုက် တွေ့ဆုံကြရာမှာ လဂွန်းအိမ်တို့အတွဲ အလှည့်ရောက်တော့ နှစ်ဖက်ပရိသတ် သဘောကျပြီး ရယ်မောကြပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လဂွန်းအိမ်က လက်ခွင်ခွင်၊ သတိုးက ခေါင်ခွင်ခွင်ကိုး၊ ပရိသတ် ရယ်သံတွေကြားမှာပဲ သတိုးက လဂွန်းအိမ်ကို လည်ဖက်အုပ် လက်ဆောင်ပေး။ လဂွန်းက သတိုးကို ပဝါနှစ်ပိုင် လက်ဆောင်ပေးနဲ့ အတော် ဟုတ်နေကြတာပေါ့။ အပြန်အလှန် လက်ဆောင် ပေးပြီးကြရင် သစ္စာပြုကြတော့မှာ။

ဒီအချိန်မှာ သတိုးက မေးလိုက်ပါတယ်။ "သွေးသောက် သင်လည်း သူ့ရဲကောင်း၊ ငါလည်း သူ့ရဲကောင်း၊ သူ့ရဲကောင်းချင်း စကားပြောကြရအောင်။ အခု ငါတို့ ပြုကြမယ့်သစ္စာဟာ ဖြောင့်မှန်မယ်ထင်သလား။ ဖောက်ပြန်ကြဦးမှာလား"

လဂွန်းအိမ် ပြန်ဖြေလိုက်ပုံက "သတိုး၊ နင်ရူးနေသလား၊ စစ်တို့နဲ့သဘောမှာ သစ္စာမှန်တယ် ရှိဖူးသလား၊ ငါ့ကို နင်ရလည်း သတ်မှာပဲ နင့်ကို ငါရလည်း သတ်မှာပဲ။ စစ်အတွင်း ပြုတဲ့သစ္စာကို ဖြောင့်မှန်တယ်လို့ နင်ယုံမလား" တဲ့။

သတိုးက လဂွန်းအိမ်စကားကို ယုံကြည်တယ်။ ဒါကြောင့် ခေါင်းဆောင် မြင်စိုင်းမင်းဆီသွားပြီး "အခုလုပ်မယ့် သစ္စာဟာ မမှန်ပါ။ ဆင်မသွားပါနဲ့" လို့ ပြောပါတယ်။ ဒီနောက်တော့ အင်းဝ မှူးမတ်တွေလည်း အချင်းချင်း သတင်းဆက်သွယ်ကြပြီး ဆင်တွေပေါ်တက်၊ ဆင်ဦးပြန်လှည့် ထွက်သွားပါတော့တယ်။ သစ္စာပြုပွဲ အစီအစဉ် ပျက်ပါလေရော။

လဂွန်းအိမ်ကြောင့်ဆိုတာလည်း သိရော ရာဇာဓိရာဇ်ဟာ အကြီးအကျယ် ဒေါသဖြစ်ပြီး "ဒီလောက်အရေးကြီးတဲ့ပွဲ၊ နင် ဖျက်တယ်၊ ခေါင်းဖြတ် လက်ဖြတ် သတ်ပစ်" လို့ မိန့်ပြီး၊ အဲမွန်ဒယာလက် အပ်လိုက်ပါတော့တယ်။ အဲမွန်ဒယာလည်း သူ့မိတ်ဆွေ တိုက်ဖော်တိုက်ဖက် လဂွန်းအိမ်ကို ဆွဲထုတ်သွားရပါတော့တယ်။ ဒါပေမဲ့ အဲမွန်ဒယာက ဘုရင် အမျက်ပြေမှ လျှောက်





ခိုင်းရမယ်။ အမှုအပြစ်ကတော့ ရောမပဲ။ သို့သော် ချေနိုင်ရင် လွတ်ပါစေ။ မချေနိုင်ရင်တော့ ကွပ်မျက်ရတော့မှာပဲလို့ တွေးပြီး လက်လွန်ခြေလွန် မလုပ်သေးဘဲ ထားပါတယ်။

သမိန်ဗြတ်ဇနဲ့ အမတ်ဒိန်တို့ကလည်း လဂွန်းအိမ်အပေါ် သံယောဇဉ်ရှိကြသူတွေကိုး။ ဒါကြောင့် ရာဇာဓိရာဇ်ကို အမျက်ပြေလိုပြေငြား လျှောက်တင်ကြပါသေးတယ်။ "လဂွန်းအိမ်က အရှင့်ကျက်သရေကို တည်ဆောက်ပေးတဲ့ ထူးချွန်လှသော သူ့ရဲကောင်း ဖြစ်ပါတယ်။ ဒီလောက် အရေးကြီးနေတဲ့ စစ်ကာလမှာ သူ့ကို သတ်ပစ်လိုက်ရင် ရန်သူ အားတက်သွားပါမယ်၊ သူ့လို တိုက်ရည်ခိုက်ရည်မြင့်တဲ့ သူ့ရဲကောင်းမျိုး အစားရဖို့ မလွယ်ပါ" စသည်ဖြင့် လျှောက်ကြပါတယ်။ ရာဇာဓိရာဇ်က "တခြားသူ့ရဲကောင်း အစားထိုး မရရင် သူ့နေရာ ငါဝင်မယ်" လို့ ယတိပြတ် ဆိုလိုက်ပါတယ်။

သမိန်ဗြတ်ဇနဲ့ အမတ်ဒိန်တို့က ဆက်လျှောက်တင်ကြသေးတယ်၊ "ဒီလျှို့ဝှက်ချက်ကြီးကို လဂွန်းအိမ် ဖွင့်ချလိုက်တာ သူ့မှာ အကြောင်းယုတ္တိတစ်ခုခုတော့ ရှိနိုင်ပါတယ်။ သူ့ကို ခေတ္တနုတ်ယူပြီး ကျွန်တော်တို့ စစ်မေးခွင့်ပြုပါ။ ခိုင်လုံတဲ့ အကြောင်းပြချက်နဲ့ သူ ချေပနိုင်ရင် သူ့အသက်ကို ချမ်းသာပေးသင့်ပါတယ်။ မခိုင်လုံဘူးဆိုမှ သူ့ကို ကွပ်မျက်စီရင်ပါမယ်" ဆိုတော့ ရာဇာဓိရာဇ်က ခပ်မဆိတ်နေပါသတဲ့။

ဒါနဲ့ပဲ အဲမွန်ဒယာကလည်း မသတ်သေးဘဲ ဆိုင်းထားချိန်၊ အမတ်ဒိန်က အခေါ်လွှတ်လိုက်တော့ သချိုင်းကနေ ပြန်ခေါ်လာပြီး၊ ရာဇာဓိရာဇ် ရှေ့မှောက်မှာ စစ်မေးကြပါတယ်။ လဂွန်းအိမ် အကြောက်လွန်နေလို့ ဘာတစ်ခွန်းမှ ပြန်မဖြေနိုင်ဘူး။ အမတ်ဒိန်က ဘုရင့်ရှေ့မှာ မေးလို့တော့ မရဘူး၊ စခန်းခေါ်သွားပြီး မေးမှဖြစ်တော့မယ်ဆိုပြီး သမိန်ဗြတ်ဇရဲ့ စစ်စခန်းမှာ ရေမိုးချိုးခိုင်း၊ စိတ်ငြိမ်တော့မှ "ဘုရင်မင်းမြတ်ကိုယ်တိုင် ချမှတ်ထားတဲ့ လျှို့ဝှက်ချက်ကြီးကို မင်းဘာကြောင့် ဖျက်ပစ်တာလဲ" လို့ မေးကြတယ်။

ဒီတော့မှပဲ လဂွန်းအိမ်က မိုးညှင်းသတိုးက သူ့ကို အခုပြုတဲ့သစ္စာ မှန်မယ်ထင်သလားလို့ မေးချိန်မှာ သူစဉ်းစားပုံကို အခုလို ပြန်ဖြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းဝတပ်တွေ ရှုံးတော့မယ်၊ သူတို့ရိက္ခာလည်းပြတ်လို့ ပြန်ပြေးကြတော့မယ်။ ဒီလိုအချိန်မှာ သူတို့ ဆုတ်ပြေး၊ ကျွန်တော်က လိုက်တိုက်၊ အလွယ်နဲ့ အနိုင်ရမှာ သေချာတယ်။ ဒီလိုအလွယ်နဲ့ တရားသဖြင့်တိုက်ပြီး ရမှာကို မတိုက်ဘဲ၊ သစ္စာပြုဟန်နဲ့ မဖြောင့်မမှန် လိမ်လည် လုပ်ကြံပြီးမှ အနိုင်ယူမယ်ဆိုရင် (တရားနည်းလမ်းဖြင့် အလွယ်တကူ အောင်နိုင်မည်ကို မယူ၊ စဉ်းလဲမှုဖြင့် ဥပါယ်ပြုပြီးမှ အနိုင်ယူမည်ကြံသည်) ဒါ နည်းလမ်း လုံးလုံး မကျဘူး။ (တရားနည်းလမ်းမကျသည့် အောင်မြင်မှုကို ကျွန်ုပ် မနှစ်သက်၍ သခင်၏ လျှို့ဝှက်ချက်ကို ဖျက်ရခြင်းဖြစ်သည်)"

ဒီအဖြေသိတော့ သမိန်ဗြတ်ဇကေ ဒါဆို "အင်းဝစစ်ကို တရားသဖြင့် အလျင်အမြန် နိုင်အောင် မင်း လုပ်နိုင်မှာလား" လို့ မေးလိုက်ပါတယ်။ လဂွန်းအိန်က "ဗိုလ်မင်းတို့ စီစဉ်ပေးတဲ့အတိုင်း လုပ်ပါမယ်" ဆိုလို့ အမတ်ဒိန်က မောလင်တောတွင်း သေနင်္ဂအစီအမံချပေးပါတယ်။ အဲဒီ တိုက်ပွဲမှာ လဂွန်းအိန် ရာနှုန်းပြည့် မအောင်မြင်ခဲ့ပေမယ့် နောက်တစ်ချီ ဘုရင်မင်းခေါင် စစ်တဲအတွင်းသို့ အရောက်ဝင်ပြီး မင်းခေါင်၏ လက်သုံးတော်ဓားနဲ့ ရွှေကွမ်းခွက်ကို အရယူနိုင်ခဲ့လို့ ရာဇာဓိရာဇ်က လဂွန်းအိန်ကို အသက်ချမ်းသာခွင့် ပေးလိုက်ပါတယ်။

လဂွန်းအိန်ဟာ ဆင်စီး၊ မြင်းစီး ကျွမ်းကျင်လှပြီး တိုက်ရာခိုက်ရာမှာလည်း ဘီလူးစီးသလို ကြမ်းတမ်း ရဲဝံ့စွာ ထိုးခုတ်တတ်သူ ဖြစ်ပါတယ်။ ဒါကြောင့် ရာဇာဓိရာဇ်ရဲ့ သူရဲကောင်းများအနက် သူဟာ လက်ရုံးရည်အရှ ထင်ရှားသူပါ။ လက်ရုံးရည်သမား။ လဂွန်းအိန်ဟာ သူ့ရှင် ရာဇာဓိရာဇ်ရဲ့ သစ္စာကို စောင့်သိလိုက်တာကလည်း သူ့အသက်ကို သူမပိုင်၊ သခင်သာပိုင်တယ် လို့တောင် ခံယူသူပါ။ အဲဒီလို လဂွန်းအိန်ရဲ့ "တရားနည်းလမ်း မကျသည့် အောင်မြင်မှုကို ကျွန်ုပ် မနှစ်သက်" ဆိုတဲ့ သဘောထား(စကား) ကတော့ဖြင့် သူ့ရဲ့လက်ရုံးစွမ်းရည်ကိုရော၊ သခင့်အပေါ် စောင့်သိတဲ့သစ္စာကိုပါ ကျော်လွန်သွားပါတော့တယ်။ ဒါဟာ တကယ့်သူရဲကောင်းတို့ရဲ့ စိတ်ဓာတ်ဝိညာဉ် ဖြစ်တယ်လို့လည်း ဆိုရပါမယ်။ ရန်သူ၊ လျှို့ဝှက်ချက် အရှင်သခင်အပေါ် စောင့်သိတဲ့ သစ္စာ၊ မိမိအသက်အန္တရာယ် ဆိုတာတွေ





အားလုံးကို ကျော်ခိုင်းပြီး လောကအမှန်တရားမျက်နှာကိုသာ ထောက်ထားတဲ့ လေးစားဖွယ် စိတ်ဓာတ် ဖြစ်ပါတယ်။

အကယ်၍ တစ်စုံတစ်ယောက်က အင်းဝ–ဟံသာဝတီ စစ်ကို နောက်ခံပြုပြီး သူရဲကောင်း လဂွန်းအိန်ရဲ့ အမြင့်ဆုံး စွမ်းဆောင်မှုကို ပြောဝါလို့ မေးလာရင် အခြားအခြားသော တိုက်ပွဲဝင်ဖြစ်ရပ်များ၊ လက်ရုံးရည် ထက်မြက်မှုများကို သာမန်အဆင့်ပဲထားပြီး ပန်းကျော်ချောင်း သောင်ပြင်မှာ သတိုးကို ပြောလိုက်တဲ့ အဲဒီစကား (အဲဒီစကားလုံးများ ထွက်ပေါ်လာစေတဲ့ စိတ်ဓာတ် ဝိညာဉ်) ဖြစ်ပါတယ်လို့ မဆိုင်းမတွ ပြန်ဖြေလိုက်မှာ ဖြစ်ပါ တယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၂)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## “မင်းကျောင်ဖြစ်လျက် အမှုးအမတ်များနှင့် တိုက်ရာသလော၊ ရဲမြတ်စွာကို ပြန်လှည့်”
(မင်းသိဒ္ဓတ်)

သေနင်္ဂအစီအမံတွေ၊ နည်းဗျူဟာတွေ၊ ပရိယာယ်တွေနဲ့အတိပြီးတဲ့ စစ်ရေးစစ်ရာ စစ်မျက်နှာ၊ စစ်မြေပြင်မှာ စစ်ပွဲဝင်သူရဲကောင်းတွေရဲ့ ရုပ်ပုံလွှာတွေဟာ အမျိုးမျိုး အဖုံဖုံ ထွေပြား ပေါ်ပေါက်နေကြပါတယ်။ ဓားတစ်ဝင့်၊ လှံတစ်စွင့်၊ မြားတစ်ခုန့်၊ မြင်းတစ်ဇက်၊ ဆင်တစ်ချွန်း အလှည့်အပြောင်းတွေကလည်း ဆိုင်ရာစစ်ပွဲဝင် မင်းယောက်ျားတို့ရဲ့ ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေတယ်။ စစ်ပွဲ(တိုက်ပွဲ)ရဲ့ အမြင့်ဆုံး၊ အရှုပ်ထွေးဆုံးအချိန်မှာ စစ်သူရဲများရဲ့ စိတ်ဓာတ်၊ အစွမ်းအစ သဘောတွေဟာ အလိုအလျောက် ပေါ်လာကြတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ တုံ့ပြန်မှုတွေကို အကြောင်းပြုပြီး စစ်သူရဲများရဲ့ ဘဝမှာလည်း အကျိုးသက်ရောက်မှုတွေ ထပ်မံ ပေါ်ပေါက်လာကြပြန်ပါတယ်။

ပန်းကျော်ချောင်းသောင်ပြင် သစ္စာပြုပွဲကို နောက်ခံထားပြီး ဟံသာဝတီ သူရဲကောင်း လဂွန်းအိန်ရဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ဝိညာဉ်ကို ဖော်ထုတ်ခဲ့





ပြီးပါပြီ။ အဲဒီဖြစ်ရပ်နဲ့ တစ်ဆက်တည်းရှိနေတဲ့ ဇာတ်လမ်းတစ်ခုကို ပြောချင်ပါတယ်။

သူ့ရှင် ရာဇာဓိရာဇ်ရဲ့ သတ်စေအမိန့်ကနေ ကိုယ့်အသက်ကိုယ် ရွေးယူနိုင်ဖို့ လဂွန်းအိန်ကို အစီအစဉ်တစ်ခု ချမှတ်ပေးပါတယ်။ အဲဒါကတော့ အင်းဝဘုရင်မင်းခေါင် တပ်စခန်းချနေတဲ့ မောလင်တောအုပ်ထဲသွားပြီး မင်းခေါင်ကို အနိုင်တိုက်ဖို့ပါပဲ။ လဂွန်းအိန်က ဆင်တော် ဗကမတ်ခေါ် အသိဏ္ဍာရာဇ်ဆင်ကိုသာစီးပြီး တိုက်ရလို့ကတော့ မုချနိုင်ပါမယ်လို့ဆိုပါတယ်။ ရာဇာဓိရာဇ်ကလည်း ခွင့်ပြုတော်ပါတယ်။ ရဲမက် ငါးရာလည်း ထည့်ပေးလိုက်တယ်။ ဘုရင်မင်းခေါင်က တောအုပ်ထဲမှာ မြင်းစီးပြီး ညချမ်းအခါ တပ်ကိုလှည့်လည် စစ်ဆေးလေ့ရှိတယ်။ မင်းခေါင် နောက်ကနေ အင်းဝ ရဲမက် သုံးလေးရာနဲ့ တိုက်ဆင်များ လိုက်ပါလေ့ ရှိပါတယ်။ ဒီလို အခြေအနေမှာ လဂွန်းအိန်က ဝင်တိုက်ရမှာပါ။

လဂွန်းအိန်က နောက်တစ်ခု ထပ်ပြီး တောင်းဆိုပြန်ပါတယ်။ ဘုရင်မင်းခေါင်ကို အမိကထား တိုက်မှာဆိုတော့ သူ့ မေး၊ လှံဟာ မင်းခေါင်ဆီ တန်းသွားရမှာ။ ဒါပေမဲ့ လဂွန်းအိန်က ဘုရင်မင်းခေါင်ကို မမှတ်မိဘူး။ တောထဲ တောင်ထဲ ညမှောင်ထဲမှာ ရည်ရွယ်ရင်း ပစ်မှတ်ကိုသာ ထင်ထင်ရှားရှား သိပြီး ထိဖို့လိုတာကြောင့် “ဘုရင်မင်းခေါင်အား သိသူကို ထည့်ဆေးပါ” လို့ လဂွန်း အိန်ကတောင်းဆိုပါတယ်။

ဒီအခါ ရာဇာဓိရာဇ်လည်း ဒီလောကမှာ ဘုရင်မင်းခေါင်ကို ထိုသူထက် ဘယ်သူမှ ပိုမသိနိုင်တဲ့ လူတစ်ယောက် ခေါ်ယူလိုက်ပါတယ်။ သူက ဘုရင်မင်းခေါင်ရဲ့ ညီအရင်း မင်းသိဒ္ဓတ်ပါပဲ။ မင်းသိဒ္ဓတ်က အင်းဝကို စွန့်ခွာပြီး ဟံသာဝတီဘက် ပူးပေါင်းလာသူ။ မင်းခေါင်ရဲ့ ညီတော်အရင်းဖြစ်ပါလျက် သူ့နောင်တော်သူ ဆန့်ကျင်ပြီး နောင်တော့် ရန်ဘက်ဖြစ်နေတဲ့ ရာဇာဓိရာဇ်ဆီ ဘာကြောင့် သူခိုဝင်လာခဲ့သလဲ...၊ ထီးနန်းပလ္လင်၊ ရွှေခြံရံ စည်းစိမ်၊ ဘွဲ့မည် ဌာနန္တရနဲ့ ပတ်သက်လာရင် သားအဖချင်း၊ ညီအစ်ကိုချင်း သွေးသားရင်း အချင်းချင်းအကြား စိတ်ဝမ်းကွဲပြား၊ သွေး ‘ကျဲ’ သွားကြတာမျိုးကို လူတို့သမိုင်းမှာ တွေ့ကြရတာဟာ သတိသံဝေဂ ယူဖို့ ကောင်းလှပါတယ်။ နောက်ကြောင်းက ဒီလိုပါ...



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းကြီးစွာ လက်ထက်တုန်းက သားတော်ကြီး ဆင်ဖြူရှင်ကို ဥပရာဇာပေးခဲ့မှာ သားအလတ် မင်းဆွေ (နောင် ဘုရင်မင်းခေါင်)နဲ့ သားအငယ် မင်းသိဒ္ဓတ်တို့ကို အထိန်းတော် နှစ်ယောက်နဲ့ အဝေး ပို့လွှတ်ခဲ့ပါတယ်။ ထွန်တုံးပူတက်အရပ်၊ အဲဒီကနေ တောင်တွင်းကျောက်စစ်၊ အဲဒီကနေ ပတိမ်းမဘဲအရပ်ထိ မင်းဆွေနဲ့ မင်းသိဒ္ဓတ် ညီနောင်တို့ ဆင်းရဲငြိုငြင်စွာ နေခဲ့ကြရပါတယ်။ အထိန်းတော် နှစ်ယောက်ဖြစ်တဲ့ ငခင်ညိုနဲ့ ငခင်အိုတို့က စည်းစုပ်၊ ငြင်းများ တီးမှုတ် နတ်ပွဲကပြီးရတဲ့ ပစ္စည်းလေးတွေနဲ့ မင်းနှစ်ပါးကို ပြုစုလုပ်ကျွေးခဲ့ရပါတယ်။ နောက်ကျမှ ခမည်းတော် မင်းကြီးစွာက ပြန်ခေါ်ပြီး၊ သဃ်ရာဇာထံအပ်၊ စာသင်ခိုင်းပါတယ်။ ဒီအချိန်မှာ မင်းဆွေက ကိုးနှစ်၊ မင်းသိဒ္ဓတ်က ခုနစ်နှစ်၊ ငယ်ငယ်လေးတွေပဲ ရှိပါသေးတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝ အရွယ်ကတည်းက ဆင်းရဲဒုက္ခခံဖော်ခံဖက် ညီအစ်ကိုတွေပါ။

သူတို့နောင်တော် ဆင်ဖြူရှင် တရဖျားက နန်းသက် ၇ လပဲ ခံတယ်။ တကောင်းစား ငနောက်ဆံက လုပ်ကြံပြီး နန်းတက်။ တစ်ခါ ငနောက်ဆံကို မှူးမတ်တွေကပြန် လုပ်ကြံတော့ အင်းဝထီးနန်းက လစ်လပ်နေရော။ ထီးနန်းရှိုးအတိုင်း မင်းဆွေကို နန်းတင်ကြတော့ မင်းဆွေက ဆင်မြင်းမိုလ်ခြေအင်အားအလုံးအရင်းရှိတဲ့ ရမည်းသင်းစား ဦးရီးတော် မဟာပြောက်ကို အပ်ကြပါလို့ ဆိုပါသတဲ့။ မှူးမတ်တွေကလည်း မဟာပြောက်ကို ပင့်ရတော့တယ်။ ဒီနေရာမှာ မင်းသိဒ္ဓတ်က သူ့နောင်တော် မင်းဆွေကို သွားပြောပါတယ်။ ကိုယ်စားတဲ့ ထမင်းပွဲကို လွှဲပေးတာဆိုရင် ထားပါ။ အခုဟာက မင်းစည်းစိမ်၊ ထီးနန်း ဘာဖြစ်လို့ လွှဲပေးရတာလဲဆိုတော့ မင်းဆွေကလည်း ငါ့မှာ ပြောဆိုပြီးဖြစ်နေပြီလို့ ပြန်ပြောပါတယ်။ မင်းသိဒ္ဓတ်က ဒါဆိုရှိစေ နောင်တော် ပြောဆိုပြီးတာ အသာနေ၊ ဦးရီးတော်လာရင် ငါတိုက်မယ်ဆိုပြီး မဟာပြောက်ကို တိုက်ခိုက်အောင်မြင်လိုက်တယ်။ ဒီလိုနဲ့ပဲ မင်းဆွေဟာ ဘုရင်ဖြစ်လာပြီး မင်းခေါင်ဘွဲ့ ခံယူခဲ့တယ်။ နန်းတက်ပြီး နောက်တစ်နှစ် ၇၆၄ မှာ မင်းခေါင်က ညီတော်မင်း သိဒ္ဓတ်ကို သီရိဇေယျသူရဘွဲ့နဲ့ စစ်ကိုင်းစား ချီးမြှင့်ပါတယ်။ မင်းခေါင် ထီးနန်းရခဲ့တာဟာ ညီမင်းသိဒ္ဓတ်ကြောင့်လို့ ပြောလို့ရပါတယ်။





ငယ်စဉ်ဘဝမှာ ဆင်းရဲဒုက္ခ ရောက်ဖော်ရောက်ဖက်လည်းဖြစ်ခဲ့၊ နောင်တော် ထီးနန်းရဖို့အရေး ကိုယ်ထိလက်ရောက် လုပ်ပေးခဲ့သူလည်း ဖြစ်ခဲ့ပါလျက်နဲ့ မင်းသိဒ္ဓတ်ဟာ ဘာကြောင့် ရာဇာဓိရာဇ်ထံ ဘက်ပြောင်းခဲ့ပါသလဲ။ ဤသာ မစ္ဆရိယကနေ ပေါက်ဖွားလာတဲ့ အမုန်းအာဃာတလို့ပဲ ဆိုရပါတော့မယ်။

ဘုရင်မင်းခေါင်က သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့နန်း၊ ဆင်ကောင်းမြင်းကောင်းများနဲ့ ချီးမြှောက်တော့ မင်းသိဒ္ဓတ်က "ဒီ ငဆွေဟာ ငါ သူကောင်းပြုခဲ့လို့ ဖြစ်လာခဲ့ရတာပါ" လို့ ပြောပါသတဲ့။ မှူးမတ်တွေက ဒီလို မချေမငံ ပြောတာကို ဘုရင်မင်းခေါင်ထံ ပြန်လျှောက်ကြပါတယ်။ သား မရှိသေသော် ကျွန် မရှိသေ၊ ကျွန် မရှိသေသော် အိမ်နီးချင်း မရှိသေပါ။ ညီတော်ကို ဆုံးမသင့်ပါတယ်ပေါ့။

ဘုရင်မင်းခေါင်လည်း ဝန်ကြီး မင်းရာဇာကို ဆုံးမစေပါတယ်။ မင်းသိဒ္ဓတ်ဟာ အမျက်စောင်မာန်ကြီးတယ်။ နှိုင်းနှိုင်းချိန်ချိန် မရှိတတ်ဘူး။ ဘုရင့်ညီတော်လည်း ဖြစ်နေတယ်ဆိုပြီး မင်းရာဇာက စကားနဲ့ သွယ်ဝိုက်ဆုံးမဖို့ ကြိုးစားပါတယ်။ မင်းသိဒ္ဓတ်က လက်မခံပါ။ နေရာကထသွားတယ်လို့ ဆိုပါတယ်။ ပြီးတော့ မြောက်ဘက်အရပ်ကိုတက် ပုဂံကနေ အင်အားစု၊ အလုံးအရင်းနှင့် ပြန်ချီလာပြီး ဘုရင်မင်းခေါင်ကို နန်းအပ်မလား၊ စီးချင်းထိုးမလား ရာဇသံ ပေးပါတော့တယ်။ ညီနောင်နှစ်ပါး ဆင်စီးချင်းထိုးကြတော့တာပါပဲ။ ဒီပွဲမှာ မင်းသိဒ္ဓတ် အရေးနိမ့်ပါတယ်။ မင်းခေါင်က ညီတော်ကို အသက်ချမ်းသာပေးပြီး နောင်အိမ်သွင်းလိုက်တယ်။ ညီတော်ဟာ အသိဉာဏ်နည်းပေမယ့် ကျေးဇူးကြီးခဲ့သူ ဖြစ်တယ်ဆိုပြီး မကြာခင်မှာ နောင်အိမ်က လွှတ်ပါတယ်။ ဒါပေမဲ့ မင်းသိဒ္ဓတ်ရဲ့ စိတ်မှာတော့ အညိုးအမည်း စွဲခဲ့ပြီမို့ လွှတ်တာနဲ့ပဲ အင်းဝကိုခွာ၊ ဟံသာဝတီဆက်ပြေး၊ ရာဇာဓိရာဇ်နဲ့ ပေါင်းတော့တာပါပဲ။ ရာဇာဓိရာဇ်ကလည်း မင်းသိဒ္ဓတ်ကို အနေဆောင်အယောင်ကြီးစွာနဲ့ မြို့ကြီးပြကြီးပေးတယ် ဆိုပါတယ်။

အခု မင်းသိဒ္ဓတ်အနေနဲ့ အစ်ကိုကို လက်စားချေခွင့် ရပါပြီ။ လသွန်းအိန် တပ်နဲ့အတူ လိုက်ပါပြီး "အဲဒါ မင်းခေါင်ပဲ" လို့ ညွှန်ပြလိုက်ပါပါပဲ။

ဗကမက် ဆင်ပေါ်တက်၊ လဂွန်းအိန်နဲ့အတူ ကုန်းလယ်ကို လိုက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ညချမ်းရောက်တော့ ဘုရင်မင်းခေါင် မြင်းနဲ့ တပ်လှည့် စစ်ဆေးတယ်။ သူ့ဆင်တော် ရဲမြတ်စွာ တစ်စီးသာ အပါးက လိုက်ပါလာတယ်။ နောင်ဘက် မြင်း၊ ဆင်တွေ အလှမ်းဝေးဝေး ကျန်ရစ်တယ်။ ဆင်တော် ရဲမြတ်စွာ ရှေ့မှာတော့ ရဲမက်ငါးရာခန့် လိုက်ပါလာကြတယ်။ ဘုရင်မင်းခေါင် အနီးရောက်တော့မှ လဂွန်းအိမ်လည်း အသံမပြု အသာကွယ်နေရာက ဆင်စီး ထွက်ပါတယ်။ ကုန်းလယ်မှာ မင်းသိဒ္ဓတ်ပါလာဆဲ၊ ညချမ်း မှောင်ရီပိုးဝါး မှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားတယ်။ အသံတွေလည်း ကြားရော မင်းခေါင်က စီးလာတဲ့မြင်းကို ဆင်ရဲမြတ်စွာဆီကပ်၊ မြင်းကနေ ဆင်ပေါ်ပြောင်း၊ လဂွန်း အိမ် (ဗကမတ်ဆင်နဲ့) ထံ ချွန်းဖွင့် ဝင်တယ်။ ဒါပေမဲ့ မင်းခေါင်က မတိုက်ရ သေးခင် အပါးက ချီလာတဲ့ တရဖျားက လဂွန်းအိမ်ကို ထွက်တိုက်ပါတယ်။ ဒါပေမဲ့ တရဖျား စီးတဲ့ဆင်ကို လဂွန်းအိမ်ရဲ့ဆင် ဗကမက် ဇွေ့လို့လဲရ တယ်။ ဘုရင်မင်းခေါင်နဲ့ လဂွန်းအိမ်တို့ ဆင်စီးချင်း တိုက်ကြတော့မှာပါ၊ ဆင်စွယ်ချင်း ယှက်ခါနီး... ဗကမတ်ကုန်းလယ်ဆီက ကျယ်ကျယ် လောင် လောင် အသံထွက်လာတယ်။ မင်းသိဒ္ဓတ်ရဲ့ အသံပါ...။

"မင်းဧကရာဇ်ဖြစ်လျက်၊ အမှုုအမတ်များနှင့် တိုက်ရာသလော— ရဲမြတ်စွာကို ပြန်လှည့်"

ဒီလိုလှမ်းအော် (သတိပေး)ပြီး "နောက် တပ်တွေ စစ်ကူပေးဖို့ ရှိနေ တယ်။ တိုက်လို့မရနိုင်ဘူး။ မြန်မြန်ခွာ... ဆုတ်..." လို့ ပြောပြန်တယ်။ မင်းခေါင်လည်း ချွန်းငင်ပြီး ပြန်ခွာတော့တာပါပဲ။ လဂွန်းအိမ်က ချွန်းပေါက် ပြီး အတင်းလိုက်ပါတယ်။ ဘုရင့်ဆင်ဆိုတော့ ဆင်တော် ရဲမြတ်စွာ ကုန်း လယ်မှာ ထီးဖြူက အစွင့်သား ရှိနေတယ်။ လဂွန်းအိမ်ကလည်း မှောင်ရီရီမှာ ထီးဖြူကိုပဲ အမှတ်စွဲပြီး လိုက်ပါတယ်။ မင်းသိဒ္ဓတ်က "အင်းဝမှာ အဝတ်ဖြူ ရှားသလား" လို့ အော်ပြန်ပါတယ်။ မင်းခေါင်လည်း ဒီတော့မှ ရဲမြတ်စွာကို အင်းဝ ဆင်တပ်ကြားထဲ မောင်းသွင်းလိုက်တော့ လဂွန်းအိမ် ဘယ်လိုမှ ရှာမတွေ့တော့ပါဘူး။ နောက်တော့ အင်းဝဆင်တပ်နဲ့ ဖိလိုက်ပြန်လို့ ဆင်တစ်စီးတည်းနဲ့ ကျွံနေတဲ့ လဂွန်းအိမ်ဟာ အတင်းပြန်ဆုတ်ခဲ့ရတယ်။

လဂွန်းအိမ်က ရာဇာဓိရာဇ်ကို ဒီဖြစ်ကြောင်းကုန်စင် ပြန်တင်ပါ တယ်။ ဘုရင်မင်းခေါင်နှင့် ဆင်ချင်း အစွယ်ယှက်လုနီးမှာ မင်းသိဒ္ဓတ်





အော်ဟစ် သတိပေးလို့၊ မင်းခေါင် ပြန်ဆုတ်ကြောင်း၊ နောက်ကလိုက်တိုက်တော့လည်း ဆင်တပ်ထဲ ရောလိုက်လို့ ရှာမတွေ့တော့ကြောင်း၊ နောက် အင်းဝ ဆင်တပ်က ဖိလိုက်လာလို့ အလွတ်ရုန်းခဲ့ရကြောင်း...။

ရာဇာဓိရာဇ်က မင်းသိဒ္ဓတ်ကို ခေါ်မေးပါပြီ။ ဒီတစ်ခါ အရေး အောင်မြင်ရင် အင်းဝထီးနန်းပေါ် တင်ပေးဖို့အထိ ရည်စူးထားပါလျက်နဲ့ ဘာကြောင့် ဒီလို လုပ်ရသလဲ...။

မင်းသိဒ္ဓတ် ပြန်ဖြေပါတယ်။ ရှင်းရှင်းလေးပါပဲ။ "ကျွန်ုပ်တို့ ညီရင်း အစ်ကို ဖြစ်တယ်။ မင်းခေါင်ဟာ ကျွန်ုပ်ရဲ့နောင်တော်ရင်း၊ အစ်ကိုဖြစ်သူကို ကိုယ့်မျက်စိအောက် ပျက်စီးမှာကို ညီက မြင်ရက်ရှုရက်ပါ့မလား။ ဒါကြောင့် ဟစ်ပြီး သတိပေးလိုက်တယ်"

ဒီအချိန်မှာ မင်းသိဒ္ဓတ်ဟာ သူ့ရဲ့နောင်တော် မင်းဆွေတို့ ကလေး ငယ်ဘဝ ကျေးစွန်တောရွာတွေမှာ အထိန်းတော် ခေင်ညို၊ ခေင်ဘတို့ နုတ်ပွဲကပြီး ကျွေးမွေးပြုစုခဲ့တာကို ခံယူပြီး ညီနောင်နှစ်ပါး ဆင်းရဲဒုက္ခလတ် တွဲ ခါးစီးခံခဲ့ရပုံတွေကို မြင်ယောင်နေမလားမသိပါ။ ငါ့အစ်ကို သွေးသား ရင်းချာဆိုတဲ့ အသိတွေ ဝင်ခဲ့ပါပြီ၊ သွေးက စကားပြောပါပြီ... ။ ဒါပေမဲ့ သိပ်နောက်ကျသွားခဲ့ပါပြီ။

ရာဇာဓိရာဇ်က "အင်းဝမှာ သင် အနေမသင့်လို့ ငါ့ထံ ရောက်တယ်။ ငါပေးတဲ့ ဘုန်းစည်းစိမ်ကို စံပြီး သူကောင်းဖြစ်ရတာထက် နောင်တော်ကို ပိုချစ်ပေသကိုး။ ထပ်ပြီး သူကောင်းပြုဦးမယ်၊ ငါကြံထားတယ်။ သို့သော် ငါ့ထက် အစ်ကိုကို ပိုချစ်သူဟာ နောင် အတွင်းရန်သူဖြစ်လာမှာ မုချ" လို့ ဆိုပြီး ပါးကွက်အာဏာသားများလက် အပ်လိုက်ပါတော့တယ်။

"ဆင်တော်ကို ပြန်လှည့်၊ ရဲမြတ်စွာကို ပြန်လှည့်..." လို့ ဟစ်ပြီး သတိပေးလိုက်နိုင်တာကြောင့် ဘုရင်မင်းခေါင် အချိန်မီပြန်ဆုတ်၊ ပြန်လှည့် ချမ်းသာရာ ရသွားပေမယ့် အဲဒီလို ဟစ်အော် သတိပေးခဲ့တဲ့ မင်းသိဒ္ဓတ် မှာတော့ ပြန်လှည့်ဖို့၊ ပြန်ဆုတ်ဖို့ အချိန်နှောင်းသွားပါပြီ။ သွေးသားရင်းချာ နောင်ညီဆိုတဲ့ သံယောဇဉ်အသိလေးတစ်ချက် ဝင်းပြက်ခဲ့ပေမယ့် မှားခဲ့တဲ့ အမှားတွေအတွက် ပေးလျော်လိုက်ရတာက သူ့အသက်ဇီဝိန် ဖြစ်ပါတော့တယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၃)၊ အတွေးအမြင်မှုနှယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## "ကျွန်တော့်အရှင်ပေးသောသစ္စာသည် စက္ကူတွင်ရေး၍ မီးဖုတ်ပြီး ထိုအကျွမ်းပြာကို ရေ၌ဖျော်၍ သောက်ရသည်။ ထိုသစ္စာသည် ဝမ်းတွင်မကျေရှိသည်"

(ပေါ်လသိုင်းစား)

မိုးကောင်းစော်ဘွားရဲ့ ပိုင်နက်ထဲက 'ပေါလသိုင်း' ဆိုတဲ့ နယ်ကို စားရတဲ့ အတွက် သူ့ကို ပေါလသိုင်းစားလို့ခေါ်တာ ဖြစ်ပါတယ်။ ရာဇဝင် ကျမ်းတွေထဲမှာ ပေါလသိုင်းစားလို့ပဲ ဖော်ပြပြီး နာမည်ကို မသိရပါ။ အမှန်တော့ ပေါလသိုင်းဟာ အိမ်ခြေရှစ်ဆယ်၊ ရှိလှမှတစ်ရာလောက်သာ ဖြစ်လို့ ပေါလသိုင်းစားဟာ ရွာစား အဆင့်လောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ သူ့ကို အကြောင်းပြုပြီး ပေါ်ပေါက်တဲ့ဖြစ်ရပ်နဲ့ စကားအချို့ကတော့ မသေး ငယ်လှပါဘူး။

သက္ကရာဇ် ၉၃၇ ကာလဟာ ဆင်ဖြူများရှင် မင်းတရားကြီးလို့ အမည်ရခဲ့တဲ့ ဘုရင့်နောင် ဘုန်းမီးနေလ တောက်ပနေတဲ့ အချိန်ပါ။ မှန်နန်း ဒုတိယတွဲ မာတိကာချုပ်မှာ "ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသော ဆင်ဖြူ များရှင် မင်းတရားကြီးသည် မွန်သုံးရပ်နှင့်တကွ ကေတုမတီပြည်ကြီး၊ သရေ





ခေတ္တရာပြည်ကြီး စသော မြန်မာနိုင်ငံ၊ မွန်နိုင်ငံအလုံးကို သိမ်းရုံးတော်မူပြီး လျှင် စော်ဘွားကိုးပြည်ထောင်နှင့် ယွန်းပြည်၊ ယိုးဒယားပြည်၊ လင်းဇင်းပြည် ကသည်းပြည်၊ လင်းဇင်းပြည်များသို့ ချီတက်တိုက်ဖျက်တော်မူရာ အောင်မြင် တော်မူသည့်အကြောင်း..." ဆိုပြီး မှတ်တမ်းတင်ထားပါတယ်။

သားတော်၊ ညီတော်၊ သမက်တော်များ၊ သစ္စာရှိ ဗိုလ်၊ မှူးမတ်၊ သူရဲ ကောင်းများ၊ လက်အောက်ခံ ပဒေသရာဇ် နယ်စား၊ မြို့စားများ ဝန်းရံခစားပြီး ဆင်၊ မြင်း၊ ခြေကျင်တပ်ကြီးများကလည်း အလုံးအရင်းကြီးစွာနဲ့ ဖြန့်ကြက် အောင်ပွဲဆင်နေတဲ့ ကာလဖြစ်ပါတယ်။ ဒီအချိန်မှာ ဘုရင့်နောင်မင်းတရား ကြီးနဲ့ ပေါလသိုင်းစားတို့ တွေ့ကြတာပါပဲ။

* * *

ဖြစ်ပျက်ပုံက ဒီလိုပါ။...၉၃၇ ခုနှစ်၊ သီတင်းကျွတ်လမှာ မိုးကောင်း၊ မိုးညှင်းကို ချီပါတယ်။ ၆ တပ်စီ ပါဝင်တဲ့ ကြည်းကြောင်း စစ်ကြောင်းသုံးခု၊ ရှစ်တပ်စီ ပါဝင်တဲ့ ရေကြောင်းများနဲ့ ချီခြင်း ဖြစ်ပါတယ်။ ကြည်းကြောင်းမှာ တိုက်ဆင်၊ မြင်း၊ ခြေကျင်သူရဲများ၊ ရေကြောင်းမှာ လွန်းကြင်တိုက်လှေ၊ လှော်ကားသံလှေ၊ ရိက္ခာတင်ကုန်လှေ၊ သမ္ဗန်၊ ကတ္တူများနဲ့ ဧရာမ အင်အား ကြီးပါ။ ဟံသာဝတီကနေ တိဂုံ၊ နောက် ပြည်၊ စကု၊ ပုဂံ၊ အဝချီလာကြပြီး မိုးထားလက်ပံရောက်တော့ လေ့တပ်ကိုစွဲ၊ ကြည်းတပ်များက မိုးကောင်း ဆက်ချီ...။

ဒီလို ချီလာကြတဲ့ သတင်းကိုကြားတော့ မိုးကောင်းစော်ဘွားနဲ့ မိုးညှင်းစော်ဘွားတို့က "ဘုရင့်နောင်ရဲ့ ဆင်လုံးမြင်းရင်း အင်အားဟာ ငါတို့ အင်အားနဲ့စာရင် သူက စကြာဝဠာတိုက်ဝလိုဖြစ်ပြီး ငါတို့ကတော့ ဖယောင်း ကြုတ်ဖုံးမျှသာ ရှိတယ်။ မတန်တဆ ကွာလွန်းလှတယ်။ ဘယ်လို လုပ်ကြ မလဲ" လို့ တိုင်ပင်ကြပါတယ်။

ဒီစကားကြားတော့ ပေါလသိုင်းစား ဝင်လျှောက်တယ်။ "ဘုရင့်နောင် မှာ စစ်အင်အား ဘုန်းအာဏာ ကြီးမားလှတာ အခုမှ သိတော်မူတာ မဟုတ် ပါ။ သူ့ကျွန်ဖြစ်ပြီး သူချီရာ လင်းဇင်းလိုက်လည်း လင်းဇင်းစစ်မြေမှာ သေမှာ ဖြစ်ပါတယ်။ မလိုက်လည်း သူနဲ့ယှဉ်တိုက်၊ ကိုယ့်အရပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသိသောမှာ ဖြစ်ပါတယ်။ သေခြင်းသေရရင် သူ့အရပ်မှာ သေတာထက် ကိုယ့်အရပ် ကိုယ့်ဒေသ ကိုယ့်မြေမှာ ကိုယ်သေရတာက မြတ်ပါသေးတယ်။ သူ့ကို ဖိဆန်ပြီးပြီ။ တိုက်ရုံပဲ ရှိတော့တယ်။ သူချီလာတဲ့လမ်းမှာ ကြိုစောင့် တိုက်မယ်” လို့ ဆိုပါတယ်။ ဒါတွင်မက ဆက်လျှောက်လာတာက “စောစောက မိန့်တဲ့ သူ့အင်အားက စကြာဝဠာတိုက်ဝ၊ ကိုယ့်မှာ ဖယောင်း ကြုတ်ဖုံးဆိုတဲ့ စကားကို စင်စစ် မိန့်တော်မမူသင့်ပါ။ မှူးမတ် ဗိုလ်ပါတွေ ကြားရင် စိတ်အားငယ်ကြပါလိမ့်မယ်။ မိုးညှင်းစော်ဘွားနဲ့ ကျွန်တော်တို့ ခရီးတောက အောင်ပြီး ဘုရင့်နောင် အမှတ်မဲ့ချီလာတာ အငိုက်ဖမ်း တိုက်ပါ့ မယ်။ နိုင်တော့လည်း နိုင်စေ။ မနိုင်လည်း ဆင်ဦးမှာ သေပါစေတော့…”

ပေါလသိုင်းစားအကြံကို စော်ဘွား နှစ်ဦးစလုံး လက်ခံကြပါတယ်။ မိုးကောင်းစော်ဘွားကို အဝေး ရှောင်တိမ်းစေပြီး၊ မိုးညှင်းစော်ဘွားနဲ့ ပေါလသိုင်းစားတို့က ကသာနဲ့ မိုးကောင်းကြား တောလမ်းမှာပုန်းပြီး တစ်ခွဲ စောင့်တယ်။ သူတို့အင်အားက ဆင်ခြောက်ဆယ်၊ ဗိုလ်ငါးထောင်၊ ဟိုထ တိုက်ဆင် စစ်တပ်တစ်တပ်ကို ရာနဲ့ချီရှိတာတကား…။

သူတို့တောထဲမှာ ပုန်းစောင့်တာကို ဘုရင့်နောင်က ကြိုပြီး သတင်းရ ပါတယ်။ သမက်တော် အင်းဝဘုရင် သတိုးမင်းစောကို အဦးအစီး ခန့်ပြီး တပ်ဆယ်တပ် လွှတ်လိုက်ပါတယ်။ ဆင်ငါးရာ၊ မြင်းငါးထောင်၊ သူရဲတစ် သိန်း။ ကြိုစောင့်နေတဲ့ တောကို ဒီတပ်ကြီးနဲ့ ဝိုင်းအုံပစ်လိုက်တယ်။ မိုးညှင်း စော်ဘွားနဲ့ ပေါလသိုင်းစားတို့က ထွက်တိုက်တယ်။ ဘာခံနိုင်မှာလဲ၊ မိုးညှင်း စော်ဘွား ဆင်ဦးမှာပဲ ကျပါတယ်။ ပေါလသိုင်းစားကို လက်ရဖမ်းမိသွား တယ်။ မိုးကောင်းဆက် တက်သိမ်းပြီး ပေါလသိုင်းစားကို ဘုရင့်နောင် ရှေ့မှောက် ပို့လိုက်ပါတော့တယ်။

ဘုရင့်နောင်က ငါ့ကျေးဇူးသစ္စာကို သွေဖယ်ပြီး မိုးကောင်းစား မိုးညှင်းစားတို့ ပုန်စားကြတယ်။ ဘယ်သူ့စကား နားထောင်ပြီး ဒီလို ပြုကြ သလဲမေးတော့– ပေါလသိုင်းစားက စော်ဘွားနှစ်ဦးကို သူလျှောက်တဲ့စကား တွေ ပြန်ပြောပြပါတယ်။ ပြီးတော့ “ကျွန်တော် တိုက်တွန်းတာပါ။ ကျွန်တော် အရှင်မိုးကောင်းစော်ဘွားကို အဝေးသို့ ပြေးပုန်းစေတာ မိုးညှင်းစော်ဘွားနဲ့ ကျွန်တော်က အရှင် ကသာဆိပ်ကအတက် ဆီးကြိုတိုက်ဖို့ စီမံတာ၊ အားလုံး





ကျွန်တော့် အစီအမံပါ။ အခု အရှင့် ဘုန်းအာဏာ အင်အားကို မလွန်ဆန်သာလို့ မိုးညှင်း စော်ဘွားလည်း ကျခဲ့ပြီ။ ကျွန်တော့်ကိုလည်း အရှင်ရပါပြီ။ ကျွန် တော့်ကို ကွပ်မျက်မယ်ဆိုလည်း အရှင့်မှာ မကောင်းမှုမဖြစ်ပါ…” လို့ ဆက်လျှောက်ပါတယ်။

ဒီနေရာမှာ ပေါလသိုင်းစားအနေနဲ့ ဘုရင့်နောင်ကို လျှောက်တင်စရာ စကား အနည်းဆုံး နှစ်မျိုးရှိပါတယ်။ တစ်မျိုးက “ကျွန်တော် မသိပါ။ အရှင် စော်ဘွားတို့ ကျွန်အဖြစ်နဲ့ သူတို့ အာဏာထားတဲ့အတိုင်း လုပ်ရပါတယ်” ဆိုတဲ့စကား၊ နောက်တစ်မျိုးက “အရှင်မင်းတရားကြီးကို မတိုက်ပါနဲ့၊ အင်အား ဘုန်းလက်ရုံးချင်း မမျှပါဘူးလို့ ကျွန်တော် တားမြစ်ပါတယ်။ မရပါ။ နီးရာဓား ကြောက်လို့ ကျွန်တော် လိုက်ပါရပါတယ်။ အသက် ချမ်းသာ ပေးတော်မူပါ”… ဆိုတဲ့စကား။

ဒီစကားမျိုးတွေ ပေါလသိုင်းစား မဆိုပါ။ မှန်တဲ့အတိုင်းဆိုပြီး “သူ့ကို ကွပ်မျက်မယ်ဆိုရင်လည်း ဘုရင့်နောင်မှာ မကောင်းမှု မဖြစ်ပါ” လို့ ဆိုပါတယ်။ ဘုရင့်နောင် မင်းတရားကလည်း ဒီလို အဖြောင့်ဆိုတဲ့သူ၊ အင်အားချင်း မမျှမှန်း သိလျက် တိုက်တဲ့သူမျိုးကို တန်ဖိုးထားတတ်သူ ဆို တော့ ပေါလသိုင်းစားကို မကွပ်မျက်ဘဲ (ဘာမှလည်း မပြောဘဲ) ရွှေတိုက် စိုးတို့ထံ အပ်ထားလိုက်ပါတယ်။ ပေါလသိုင်းစားကို လိုတဲ့အခါ ထုတ်သုံး မယ်ဆိုတဲ့ စိတ်ကူးလည်း ဘုရင့်နောင်မှာ ရှိနိုင်ပါတယ်။

* * *

ဒီနောက်တော့ မိုးကောင်းစော်ဘွား ပြေးရာအရပ်ကို ညီတော်၊ သားတော် မှူးမတ် ဗိုလ်ပါတို့နဲ့တကွ လိုက်ပါတယ်။ တောတောင်ချောက် ကမ်းပါး ထူလွန်းလှလို့ မတွေ့တဲ့အပြင် ဆင်မြင်းဗိုလ်ပါ ငတ်မွတ်ဖျားနာ ကြတယ် ဆိုပါတယ်။ ခန်းတီး၊ ခန်းညှင်းထိ လိုက်ပေမယ့် မရပါဘူး။ ဒါကြောင့် တပ်တွေကိုပြန်ခေါ်၊ မိုးကောင်းမှာနားရင်း ပေါလသိုင်းစားကို ရှေ့တော်သွင်းစေပါတယ်။ ဆုလာဘ်တွေချ၊ သစ္စာတော်ခံရမယ်ဆိုပြီး သစ္စာ တော် (အလွှာ) ကို ဖတ်ခိုင်းပါတယ်။ ပေါလသိုင်းစားက သစ္စာတော် အခါ မှာ “အခု–ကျွန်တော့်ကို သစ္စာတော် ပေးတာဟာ ဘယ်လို အမှုတော် ထမ်းစို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပါလဲ" လို့ မေးပါတယ်။ ဘုရင့်နောင်က "ငါ့ရဲမက်တွေနဲ့အတူ မင်းကိုယ်တိုင်ချီ၊ မိုးကောင်းစော်ဘွားကို ဖမ်းပေးဖို့ အမှုတော် ထမ်းရမယ်၊ ဒီအတွက် သစ္စာတော်ခံစေတာပဲ" လို့ မိန့်ပါတယ်။

ဒီအခါမှာ ပေါလသိုင်းစားက ဦးသုံးကြိမ်ချပြီး လျှောက်တယ်။ "မိုးကောင်းစော်ဘွားကို အရှင့်အာဏာ ဖီဆန်ပုန်စားဖို့ တိုက်တွန်းသူက ကျွန်တော်ပါ။ အရှင်မင်းတရား ချီလာတယ်ကြားလို့ မိုးကောင်းစော်ဘွား လွတ်ရာပြေးနိုင်အောင် စီစဉ်သူကလည်း ကျွန်တော်ပါ။ အရှင်မင်းတရား ကသာဆိပ်ကအတက် ဆီးကြိုတိုက်ဖို့ စီမံတာလည်း ကျွန်တော်ပါ။ ဘုန်းချင်း မမျှလို့ ကျွန်တော်အခု သုံ့အဖြစ် အဖမ်းခံရပါတယ်။ ယခု ကျွန်တော့်အရှင် မိုးကောင်းစော်ဘွားကို ဖမ်းပေးဖို့ အမိန့်တော်ထားပါတယ်။ မဖြစ်နိုင်ပါ။

"ကျွန်တော့်အရှင် ပေးသောသစ္စာသည် စက္ကူတွင် ရေး၍ မီးဖုတ်ပြီး ထိုအကျွမ်းပြာကို ရေ၌ဖျော်၍ သောက်ရသည်။ ထိုသစ္စာသည် ဝမ်းတွင်း မကျေရှိသည်။ မိုးကောင်းစော်ဘွားကို ကျွန်တော် ဖမ်းမပေးနိုင်ပါ။ ဖမ်းမပေး ရကောင်းလားဆိုပြီး ဒီဘဝမှာတွင်မက နောင်ဘဝတိုင် သတ်လည်း သေရတော့မှာပါ။ သေပါစေတော့။ ကျွန်တော့်အရှင် သစ္စာကို ကျွန်တော် မဖျက်နိုင်ပါ..."

ဒီစကားကို ကြားရတဲ့အခါ ဘုရင့်နောင်မင်းတရားက အနီးရှိ မှူးမတ် ဗိုလ်ပါများကို...

"ကြားကြလား၊ ပေါလသိုင်းစားငယ်ဟာ အိမ်ခြေရှစ်ဆယ်ခန့်မျှကို သာ မိုးကောင်းစော်ဘွားပေးလို့ စားရတဲ့သူ။ ဒါတောင်မှ သူ့ကျေးဇူးကို အောက်မေ့ပြီး ကိုယ့်ကိုယ်ကိုယ် အသေခံလို့ ဒီစကားမျိုးပြောတယ်။ သူ့ စည်းစိမ်ဟာ မောင်မင်းတို့မဆိုထားဘိ၊ မောင်မင်းအမတ်တို့မှာရှိတဲ့ ကျွန် တစ်ယောက်ရဲ့ စည်းစိမ်မျှပင် မရှိဘူး။ သူ့စကားကြားရတဲ့ မင်းတို့ မရှက်ဘူးလား..." လို့ မိန့်ပါသတဲ့။ နောက်... ပေါလသိုင်းစားကို မင့်သခင်ကို မင်း ဖမ်းမပေးနိုင်လည်း ရှိစေတော့၊ သူရှိတဲ့နေရာကိုကော ပြနိုင်မလားလို့ မေးပါတယ်။

ဒီအချိန်မှာ ဘုရင့်နောင်က ပေါလသိုင်းစားကို ယုံကြည်ပြီး နောက်





ထပ် သွေးတိုးစမ်းတဲ့သဘော ဖြစ်နိုင်ပါတယ်။ ပေါလသိုင်းစားအလည်း အကြံနဲ့ ရှိပုံရပါတယ်။ နေရာကိုတော့ ပြညွှန်နိုင်ပါတယ်လို့ ဆိုတယ်။ ဒါကြောင့် ရွှေထားမှူးကို ထည့်ပေးလိုက်ပါတယ်။

ပေါလသိုင်းစားဟာ ရွှေထားမှူးနဲ့အတူသွားပြီး မိုးကောင်းကလေး စခန်းလည်း ရောက်ရော ထွက်ပြေးသွားပါတယ်။ ဘုရင့်နောင်က အမျက်တော်ရှပြီး ရွှေထားမှူးကို သတ်စေအမိန့်တော်ချပါလေရော။ ဒီအခါမှာ မိုးညှင်းစော်ဘွားရဲ့ ကျွန်သုံ့ပန်းဖြစ်နေတဲ့ စောရဲဆိုသူက ဝင်လျှောက်ပြန်ပါတယ်။

"ပေါလသိုင်းစား ထွက်ပြေးတဲ့အတွက် မိုးကောင်းစော်ဘွားကို ရမှာပါ။ ဘာကြောင့်လဲဆိုတော့ ပေါလသိုင်းစား ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ အားလုံး သိကြပါပြီ။ သူ့ကို လက်ရဖမ်းမိပြီး မကွပ်မျက်လည်း ဆုလာဘ်ပေးပြီး အမှုတော်ထမ်းခိုင်းတာလည်း အားလုံးအသိပါ။ ဒါကြောင့် အပြစ်ကြီးလေးလှသူကို အရှင်ရတာတောင် မကွပ်မျက်ဘဲ သူကောင်းပြုချီးသာပေးတယ်။ ဘုရင့်နောင်မင်းတရားကြီး သဘောတော် ပြည့်လှပေတယ် ဆိုပြီး ကြားရသူအပေါင်းဟာ မိုးကောင်းစော်ဘွားအနီးကခွာပြီး ခြေတော်ရင်း ရောက်လာကြဖို့ ရှိပါတယ်။ ရောက်လာသူတွေက မိုးကောင်းစော်ဘွား ရှိရာကို ပြကြမှာ သေချာပါတယ်"

ဒီစကားကြောင့် မင်းတရားက ရွှေထားမှူးကို အသက်ချမ်းသာပေးပါတယ်။ စောရဲကိုလည်း ပုဆိုးဝတ်လုံ၊ ရွှေထားငါးပတ်ခံတွင်း ချီးမြှင့်တယ် ဆိုပါတယ်။

ဘုရင့်နောင်က သားတော်မဟာဥပရာဇာ၊ သမက်တော်အဝဘုရင် တို့ကို ဦးစီးခန့်ပြီး မိုးကောင်းစော်ဘွားပြေးရာ ထပ်လိုက်စေပါသေးတယ်။ မိုင်းလုံအထိ လိုက်ပေမယ့် မရပါဘူး။ ဆီးနှင်းတွေဟာ အိုးအရည်ထဲမှာ အခဲလိုက်ဖြစ်တဲ့အထိ ရာသီဥတု ဆိုးရွားလာလို့ ပြန်လှည့်ကြရပါတယ်။ နောက်တစ်နှစ်ကြာတော့ တပ်ထုအလုံးအရင်းနဲ့ ထပ်လိုက်ပါတယ်။ ဒီတစ်ခါတော့ မိုးကောင်းစော်ဘွားကို မိပါပြီ။ စောရဲစကား မှန်ပါတယ်။ တောထဲတောင်ထဲ ငတ်လွန်းလို့ မိုးကောင်းစော်ဘွားရဲ့ အမတ်တွေက နေရာပြလို့ ဖမ်းမိတာပါ။ စော်ဘွားကို မင်းတရားက အပြစ်လွှတ်လိုက်ပါ

www.burmeseclassic.com



တယ်။ ပေါလသိုင်းစားရဲ့ အခန်းကဏ္ဍကို ထပ်မတွေ့ရတော့ပါဘူး။ နေရာဖြစ်တာလည်း ပေါလသိုင်းစား မဟုတ်ပါဘူး။ သူ့ဇာတ်သိမ်းကို မသိရပေမယ့် ဘုရင့်နောင်မင်းတရားကြီးကို သူ မကြောက်မရွံ့ လျှောက်ခဲ့တဲ့ သူ့စကားကတော့ ရာဇဝင်မှာ သူ့ကို နေရာတစ်နေရာ ရစေခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၅)၊ အတွေးသစ်ဂျာနယ်

❑



## "ဆရာကြီးကဲ့သို့ ကျွန်ုပ်အပေါ် စောင့်ရှောက်ဆုံးမမည့် မင်းကြီး ပေါ်ပေါက်တော့မည် မထင်ပါ"
## (မင်းတုန်းမင်း)

ပဌမသဂ်ါယနာတင် ရတနာပုံ မြို့တည်နန်းတည် ဘဝရှင်မင်းတြားကြီးလို့ အစွဲအမှတ်ပြုကြတဲ့ မင်းတုန်းမင်း အကြောင်းကို သူ့ရဲ့ သမိုင်းခေတ်နောက်ခံများနဲ့တကွ အများသိကြပြီး ဖြစ်ပါတယ်။ မင်းတုန်းမင်းရဲ့ ဥပမိကိုယ်ရည်ကိုယ်သွေးကို သုတေသီပညာရှင်များက တည်တံ့သူ၊ မင်းမှုရေးရာများမှာ လေးလေးပင်ပင်စိတ်ထားသူ၊ ရဟန်းသံဃာများ၊ အကျင့်သိက္ခာ ရှိသူများကို ထူးထူးကဲကဲ ဆည်းကပ်ရိုသေချင်တတ်သူ၊ ဒါနသီလနဲ့ မကင်းကွာနေလိုသူ၊ အသတ်အဖြတ် အညှဉ်းအဆဲကို တတ်နိုင်သမျှ ရှောင်လိုသူ (တစ်ခါတစ်ရံ) ဘာသာကြည်ညိုမှု လွန်လွန်ကဲကဲ ဖြစ်တတ်သူ... စတဲ့ ပုံရိပ်များနဲ့ ယှဉ်တွဲဖော်ပြကြပါတယ်။ ဒီပုံရိပ်နဲ့ ယှဉ်ပြီး မင်းတုန်းမင်း ရွေးတော် မြည်တမ်းခဲ့တဲ့ စကားတစ်ခွန်းကို ဖော်ပြချင်ပါတယ်။

မင်းတုန်းမင်း လက်ထက် လွှတ်တော်မှာ ဝန်ကြီးရှစ်ပါး ရှိတယ်လို့ မှတ်သားရပါတယ်။ ဒီရှစ်ပါးအနက် ပခန်းဝန်ကြီးခေါ် ပခန်းမြို့စားဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သတိုးမင်းကြီး မဟာမင်းလှစည်သူ ဦးရန်ဝေးဟာ မင်းတုန်းမင်းအတွက် အမှတ်တရအရှိရဆုံး ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဦးရန်ဝေးက ချင်းတွင်းအနောက်ဘက် ဗန့်ကြည်နယ်၊ ဗဒူရွာဇာတိဖြစ်ပြီး ၁၁၇၄ ခုဖွားမို့ မင်းတုန်းမင်းထက် နှစ်နှစ်ကြီးသူပါ။ ဦးရန်ဝေးဟာ ဦးဝိသုဒ္ဓဘွဲ့နဲ့ ဗဒူရွာကျောင်းမှာ ခန်းနေ ဦးပဉ္ဇင်းကြီး ဖြစ်ခဲ့ပြီး ပုဂံမင်း နန်းတက်ပြီး နောက်မှာတော့ နေပြည်တော် ဗားကရာတိုက်၊ ငွေရေးကျောင်းမှာ ကျောင်းထိုင်ဆရာတော် ဖြစ်လာပါတယ်။ (နောင်အခါ ကင်းဝန် မင်းကြီး ဖြစ်လာမယ့် မောင်ကောင်းကလည်း သူ့ဇာတိမုံတိုင်ပင်ရွာကနေ ရှင်အာသဘ ဘွဲ့နဲ့ ဆရာတော် ဦးဝိသုဒ္ဓထံမှာ အတွင်းတပည့်အဖြစ် ခံယူနေထိုင်ခဲ့ပါတယ်) ဒီအချိန်က လွှတ်တက်မင်းသားကြီးဖြစ်နေတဲ့ မင်းတုန်း မင်းသားဆီ ဦးဝိသုဒ္ဓက မှန်မှန်ကြွပြီး သီလပေးတရား ဟောနေခဲ့တယ်။ ဒါကြောင့် ဦးဝိသုဒ္ဓနဲ့ မင်းတုန်းမင်းသားဟာ ငယ်ဆရာ၊ ငယ်တပည့် ငယ်ဒကာလို့ ဆိုနိုင်ပါတယ်။

မင်းတုန်းမင်းသား ရွှေဘိုကို တိမ်းရှောင်စဉ်မှာ အတန်တန်တောင်းပန် တိုက်တွန်းလို့ ဦးဝိသုဒ္ဓဟာ လူဝတ်လဲပြီး လိုက်ပါခဲ့ရပါတယ်။ မင်းသားရဲ့ အကြီးတော်ဘဝကနေ ဘုရင်ဖြစ်တော့ မဟာမင်းလှစည်သူဘွဲ့နဲ့ အတွင်းဝန် ခန့်ထား မြှောက်စားလိုက်ပါတယ်။ (မောင်ကောင်းက လူထွက်တာပိုစောပြီး အိမ်တော်ဘဏ္ဍာစာရေးအဖြစ် အမှုထမ်းပါတယ်)

ဦးရန်ဝေးဟာနောက်တော့ သတိုးမင်းကြီးဘွဲ့နဲ့အတူ ကိုယ်ရံတော်စုကြီးခြောက်ကြောင်း၊ သေနတ်မှုစပြီး အရပ်ရပ် သေနတ်စုဝန်၊ နောက်ဆုံးတော့ လွှတ်တော် ဦးစီးခေါင်းဆောင်ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးအထိ ထိပ်ဆုံး ရာထူး တာဝန်ကြီးများကို ယူခဲ့သူပါ။ မင်းတုန်းမင်းက သူ့ ဆရာတော် လူထွက်ဝန်ကြီးကို ခမည်းတော် သာယာဝတီမင်းရဲ့ မိဖုရားငယ် သန်လျင်မြို့စား မိဖုရားနဲ့ လက်ဆက်စေပြီး လစာရိက္ခာ ၂၀၀၀ ကျပ် ချီးမြှင့်ပါတယ်။ ဒါ့အပြင် ပခန်းဝန်ကြီးအိမ်ကို ပွဲတော်အုပ် ပို့ပေးတဲ့အထိ ဆရာလို လေးစား ချီးမြှောက်ပါတယ်။

တစ်ခါတော့ ဦးရန်ဝေးနှမ မုဆိုးမခေါ်နီဆိုတာ ရွှမ်းပါးလို့ မောင်ကြီးဆီ အကူအညီ လာတောင်းပါသတဲ့။ ဦးရန်ဝေးက သူ့မှာလည်း ရိက္ခာ ၂၀၀၀





ကျပ်ထဲက ဝန်ကြီးကတော် ၁၀၀၀ ကျပ်၊ ငယ်သားတွေ ၅၀၀ ကျပ်၊ သူ့အတွက် ၅၀၀ကျပ် ခွဲသုံးနေရတော့ နှမဖြစ်သူကို အလွယ်တကူ မထောက်ပံ့နိုင်ဘူး။ ဒါနဲ့ နည်းလမ်းရှာရင်း ရွှေပန်းထိမ်တော်သားတွေ ရွှေပုခက် တစ်ခုကို လုပ်နေကြတဲ့ဆီ ရောက်သွားပြီး ပိုတဲ့ ရွှေတုံးတစ်တုံးကို တွေ့လို့ "နန်းတော်က မေးရင် ငါယူသွားတယ် ပြောလိုက်" ဆိုကာ ယူချသွားပါလေရော။ ရွှေတုံးက ၄၅ ကျပ်သား ရှိပါတယ်။ ရွှေတုံးကို နှမ မယ်နီထံ ပေးလိုက်တယ်။ နန်းတော်က သတင်းကြားပြီး ယောအတွင်းဝန် ဦးဘိုးလှိုင်ကို လွှတ်လိုက်ပါတယ်။ ဦးရန်ဝေးက ဦးဘိုးလှိုင်ကို "အေး... ငါ ယူချလာတယ်၊ ငါ့မှာ နှမ ဒုက္ခသည်ကို ထောက်ပံ့ရမယ့် တာဝန်ရှိတယ်။ ငါရတဲ့ ရိက္ခာကလည်း လောက်ရုံပဲရှိတယ်။ တခြား တံစိုးလာဘ်လည်း ငါက ယူတာ မဟုတ်ဘူး။ ဒါကြောင့် ယူခြင်းယူ၊ ခိုးခြင်းခိုး ကိုယ့်ဘုရင်ရဲ့ ပစ္စည်းပဲ ယူမယ်ဆိုပြီး ယူလာတာ၊ နောင်သံသရာ ဒီအပြစ်အတွက် အတုံ့အလှည့် ခံရလည်း ကိုယ့်ဘုရင်အိမ်မှာ ခွေးဖြစ်ဖြစ် ခံရတာမြတ်တယ်လို့အောက်မေ့ပြီး ယူလာခဲ့တယ်" လို့ ပြောပါသတဲ့။ မင်းတုန်းမင်းက သဘောတွေကျပြီး ရွှေတုံးကို နန်းတော်ကပဲ ငွေတစ်ထောင်နဲ့ ပြန်ရွေး၊ ခေါ်နီကိုလည်း အနောက်ဆောင် မိဖုရားတွေက ခေါ်ယူပြုစုလုပ်ကျွေး ထောက်ပံ့ကြလို့ လုပ်လိုက်ပါတယ်။

တစ်ခါမှာလည်း သာသနာရေး ကိစ္စအဝဝမှာ အသုံးပြုဖို့ အခွန်တော်ငွေ ပိုမိုကောက်ခံလိုကြောင်း မင်းတုန်းမင်းက ဝန်ကြီးကို တိုင်ပင်ပါတယ်၊ ကောက်မှာက တစ်အိမ်ထောင်ကို တစ်နှစ်အတွက် တစ်မတ်ပါ။ ပခန်းဝန်ကြီးက မဟာသမ္မတမင်းကစပြီး ရှေးအဆက်ဆက် မင်းကောင်းမင်းမြတ်တွေဟာ ဆယ်ဖို့တစ်ဖို့၊ ဆယ်ခိုင့်တစ်ခိုင်သာ သဿမေဓ ကောက်ယူကြောင်း၊ ဘာအကြောင်းနဲ့မှ ပိုမိုကောက်ယူဖို့ မသင့်ကြောင်း၊ ကောက်ယူမယ်ဆိုရင် ရှေးအစဉ်အလာကို ချိုးဖောက်ရာရောက်လို့ ဥယျာဉ်ကို မျောက်ဖျက်တာနဲ့ တူကြောင်း သံတော်ဦးတင်လိုက်တော့တယ်။ မင်းတုန်းမင်းရဲ့ ရည်ရွယ်ချက် အထမမြောက်ပါဘူး။

နောက်တစ်ခုကတော့ မင်းတုန်းမင်း အင်မတန် စိတ်ဆိုးတော်မူသည် ဆိုပါတယ်။ ကရင်နီစော်ဘွားက သူ့ပိုင်နက်ကို ဘုရင် သိမ်းပိုက်တော်မူ လို့ လျှောက်ချက်တင်တယ်။ မင်းတုန်းမင်းက သဘောတူပြီး သိမ်းဖို့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်တော်ကို လွှတ်တော် ပို့လိုက်ပါတယ်။ ဦးရန်ဝေးက အဲဒီအချိန်မှာ စာချွန်ကို ဆုတ်ဖြဲပစ်လိုက်ပြီး "မင်းတို့မြင်တဲ့အတိုင်း လျှောက်တင်လိုက်" လို့ နားခံတော်ကို ပြောလိုက်ပါတယ်။ မင်းတုန်းမင်းကြီး အလွန်စိတ်ဆိုးပြီး အတွင်းတော်ဝင်လို့ အမိန့်တော်နဲ့ ဆင့်ခေါ်တော့ ဦးရန်ဝေးက "တိုင်းရေးပြည်မှုတွေနဲ့ လွှတ်တော်မှာ အလုပ်ရှုပ်နေတယ်။ အမိန့်တော်နဲ့ ဆင့်ခေါ်တိုင်း ငါ မလာနိုင်ဘူး လျှောက်လိုက်" လို့ ပြောပါသတဲ့။ ပြီးတော့ ညညီလာခံလည်း ငါးရက်တိုင် မဝင်ဘဲနေပါတယ်။ ငါးရက်ကြာမှဝင်တော့ မင်းတုန်းမင်းက ဘာကြောင့် အမိန့်ကို ဖျက်ရသလဲ မေးပါတယ်။ ဦးရန်ဝေးက "ကရင်နီဟာ ယိုးဒယားနယ်စပ်ဖြစ်တယ်။ ကိုယ့်ပိုင်နက် နယ်စပ်မှာ ရှိသွားရင် ကုလားဖြူပိုင်နက်နဲ့လည်း နီးကပ်သွားမယ်။ အယုက်အတင် အတွေးအခေ ဖြစ်လာမယ်။ ကုလားဖြူတွေကလည်း ထကြွလာမယ်။ နှစ်စဉ်ဆက်မြ ၁က်ဆောင်ပဏ္ဏာကိုပဲယူပြီး အေးအေးနေသင့်တယ်။ ကရင်နီနယ်ကို သိမ်းလိုက်ရင် အကျိုးထက် အပြစ်များမယ်။ ပြီးတော့ မင်းမည်သည် မင်းနှင့်တူအောင် ကျင့်ရာတယ်။ သူတစ်ပါး ပြောတိုင်း မလုပ်သင့်ဘူး။ လွှတ်တော်ကို မတိုင်ပင်ဘဲ အမိန့်တွေ ထုတ်နေရင် ဘာကြောင့် လွှတ်တော်ထားသေးသလဲ၊ ဖျက်သိမ်းရောပေါ့" လို့ လျှောက်ပါသတဲ့။ မင်းတုန်းမင်းမှာ ဆိုဖွယ်စကားမရှိ၊ နားထောင်လို့သာ နေရတော့တယ်ဆိုပါတယ်။

နောက်တစ်ခု ရှိပါသေးတယ်။ ဒါကလည်း ပခန်းဝန်ကြီးမို့သာပါ။ တော်ရုံလူဆိုရင် အရာနုတ် မင်းပြစ်သင့်မယ့် ကိစ္စမျိုး။ မင်းတုန်းမင်းကြီးက "ငါ့အမှုတော်ထမ်း ဝန်စုမှူးစုတို့ဟာ မယားများစွာ ယူကြလို့ လစာရိက္ခာနဲ့ မလောက်မငြဖြစ်၊ တံစိုးလာဘ်တွေ စားဖြစ်နေကြတာပဲ။ ဒါကြောင့် ရာထူးဌာနန္တရအလိုက် မယားဦးရေ ကန့်သတ်ရင်ကောင်းမယ်" လို့ မိန့်ပါတယ်။ ဒီအလွှာကလည်း လွှတ်တော် ရောက်လာတယ်။ ပခန်းဝန်ကြီးက "အေး-တိုင်းပြည်တော်မှာ ဘုရင်ဟာ မယား အများဆုံးယူတဲ့ ပုဂ္ဂိုလ်ပဲ။ ဒီတော့ ဘုရင်ကိုပါ ထည့်သွင်းပညတ်မှ ဒီအမိန့်ဥပဒေ တရားမျှတ မှန်ကန်လိမ့်မယ်" လို့ မှတ်ချက်ချလိုက်ပါသတဲ့။

မဟုတ်မခံ အသက်စည်းစိမ်မငဲ့၊ မင်းလိုမလိုက် မင်းကြိုက်မဆောင် တရားမျက်နှာကိုသာ ကြည့်တဲ့ ပခန်းဝန်ကြီးနဲ့ တွေ့လေတိုင်း မင်းတုန်းမင်း





ဟာ အလျှော့ပေးခဲ့ပါတယ်။ တစ်ခါသားတော့ ဦးရန်ဝေးဟာ လွှတ်တော်ရောက်လာတဲ့ အမိန့်စာချွန်တွေကို ချိုးဖဲ့ပစ်ပြန်တယ်။ အမိန့်စာချွန်ထဲ ရာထူးခန့် ပြန်တမ်းတွေပါ။ လွှတ်တော်ကနေ မှတ်သားချက်ထားဖို့နဲ့ ထုတ်ပြန်ပေးဖို့ စာချွန်တွေ ဖြစ်ပါတယ်။ ဘာတွေလဲဆိုတော့ အဝေးမြို့ဝန် နှစ်နေရာ လစ်လပ်နေတာကို ဘုရင်မြတ်နိုးတဲ့ မိဖုရားငယ်တွေ အလိုလိုက်ပြီး သူတို့ ဆွေမျိုးသားချင်းများကို တိုက်ရိုက်ခန့်ထားဖို့ စာချွန်တွေပါ။ မိဖုရားတွေ လျှောက်ထားချက်ဆိုပြီး အတွင်းတော်က တိုက်ရိုက် ခန့်တယ်ဆိုတာ လွှတ်တော်နဲ့ ဝန်ကြီးများရဲ့ အခွင့်အာဏာကို ကျော်လွန်တာပဲဆိုပြီး ဦးရန်ဝေးဟာ မခံမရပ်နိုင်ဖြစ်တာပါပဲ။ ဘုရင်က မေးတော့ "လွှတ်တော်ဆိုတာ တိုင်းပြည် ကောင်းဖို့ ဘုရင့်အမိန့်တော်ကိုသာ နာခံပြီး အမှုတော်ကို ထမ်းရွက်တာဖြစ်တယ်။ မိဖုရားများအမိန့်ကို နာခံဖို့မရှိပါ" လို့ လျှောက်ပါတယ်၊ မင်းတုန်းမင်းက စောဒကတက်ခွင့် မရှိတော့ပါဘူး။

နောက်ဖြစ်ရပ်တစ်ခုကတော့ ကိုယ်ထိလက်ရောက်ကို ဆုံးမတာပါပဲ၊ ဖြစ်ပုံက ပခန်းဝန်ကြီး ကျောက်တော်ကြီးဘုရားပွဲအသွားလမ်းမှာ ဝန်ကတော် တစ်ဦး ခြောက်စထော်င် လှည်းယာဉ်နဲ့ ရွှေထီးဆောင်းလို့ အဆောင်ကိုင်များနဲ့ တခမ်းတနား သွားနေတာ တွေ့ရပါတယ်။ ဦးရန်ဝေးက သူ့လှည်းသမားကို "အဲဒီဝန်ကတော်ကို ကြိမ်လုံးနဲ့ ရိုက်စမ်း" လို့ ခိုင်းလိုက်ပါလေရော၊ ရုတ်ရုတ်သဲသဲဖြစ်ပြီး ဝန်ကတော်လည်း အိမ်ပြန်ပြေး၊ ညညီလာခံကျတော့ မင်းတုန်းမင်းက မေးပါတယ်။ ဦးရန်ဝေးက "ဝန်ကတော်ဟာ သူ့လင်ရတဲ့ ရိက္ခာထက် အဆမတန် စိတ်ကြီးဝင်ပြီး တဆောင်တယောင်လုပ်တယ်၊ ဆင်းရဲသားတွေမြင်ရင် သူ့လင် တံစိုးလာဘ်ရလို့ ဒီလို ခမ်းခမ်းနားနား သွားနိုင်တာပဲလို့ ထင်ကြမယ်။ ဒါကြောင့် တော်မတော် မသိတဲ့ဘဝင်ကို ချနှိမ်ဖို့ ရိုက်ဆုံးမခိုင်းတာပါ" လို့ လျှောက်လိုက်ပါတယ်။

ပခန်းဝန်ကြီး ဦးရန်ဝေးကို မျက်နှာဖြူအရာရှိများကလည်း လေးစားကြပါတယ်။ အီးဘီစလေဒင်က "ဝန်ကြီးဟာ ပွင့်လင်းသူ၊ တရားမျှတသူ" လို့ အကြိမ်ကြိမ် ဖော်ပြပါတယ်။ 'ဖိုက်' ရဲ့ မန္တလေးသွား မှတ်တမ်းမှာလည်း "ပခန်းဝန်ကြီးဟာ အလွန်ဗဟုသုတကြွယ်ဝကြောင်း၊ သံကြီးတမန်ကြီး လက္ခဏာများနဲ့ အပြည့်ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အရေးကြီးတဲ့ ပြဿနာများ



www.burmeseclassic.com

www.burmeseclassic.com



ကို စီမံခန့်ခွဲဖို့ လွှဲအပ်ခံထားရန် ထိုက်တန်သူဖြစ်ကြောင်း" ချီးကျူးရေးထားပါတယ်။ 'ဗိုးလား' ကလည်း "အသက်ခြောက်ဆယ်ခန့် ရှိပြီဖြစ်သော ပခန်းဝန်ကြီးသည် နဖူးကျယ်ကျယ်၊ ကျောက်ပေါက်မ သက်သက်၊ ကွမ်းစားထားသော သွားများက မည်းနက်လျက်ရှိပြီး သိက္ခာ သမာဓိ အပြည့်ရှိသော အသွင်ကို ဆောင်သည်" လို့ မှတ်တမ်းတင်ခဲ့ပါတယ်။

ပခန်းမင်းကြီးဟာ ၁၂၃၇၊ တော်သလင်းလ အသက် ၆၃ နှစ်မှာ ကွယ်လွန်ပါတယ်။ မင်းတုန်းမင်းတရားကြီးဟာ သူ့ရဲ့ ငယ်ဆရာလည်းဖြစ် အကြီးတော်လည်းဖြစ်ခဲ့တဲ့ ဝန်ကြီးကို အလွန်ချစ်ခင်လေးစားလှတဲ့အတွက် ဆရာကြီးလို့ ခေါ်တာပါ။ တစ်ခါတစ်ရံ ဘုရင်ကိုပင် ကျော်လွန်တတ်လို့ 'ပခန်းရှင်ဘုရင်ကြီး' လို့လည်း ခေါ်တတ်ပါသေးတယ်။

ဝန်ကြီးဦးရန်ဝေး ကွယ်လွန်တော့ မင်းတုန်းမင်းကိုယ်တိုင် အိမ်တော်ကြွလာပြီး မျက်ရည်စို့စို့နဲ့ ပြောဆိုတမ်းတပါတယ်။

"ဆရာကြီးသည် တိုင်းရေးပြည်မှုမှစ၍ ကျွန်ုပ် အကျိုးကို များစွာဆောင်ပါပေသည်။ ဆရာကြီးကျေးဇူးများစွာ ကျွန်ုပ်အပေါ်မှာ ရှိပါပေသည်။ ဆရာကြီး၏ကျေးဇူးကို ကျွန်ုပ်က ကြီးကျယ်သော ကျေးဇူး ပြန်၍မဆပ်နိုင်၊ မချီးမြှောက်နိုင် ကြွေးတင်လျက် ရှိခဲ့လေသည်။ ဆရာကြီးကဲ့သို့ ကျွန်ုပ်အပေါ် စောင့်ရှောက်ဆုံးမမည့် မင်းကြီး ပေါ်ပေါက်မည် မထင်ပေ"

မင်းတုန်းမင်းရဲ့စကားဟာ ဝမ်းနည်းကြေကွဲခြင်းမှာ မြစ်ဖျားခံပေမယ့် ပခန်းဝန်ကြီးရဲ့ သီလ၊ သမာဓိဂုဏ်နဲ့ သူကိုယ်တိုင်ရဲ့ သောဝစဿတာ (ဆိုဆုံးမလွယ်သူ၏ အဖြစ်) မင်္ဂလာနဲ့ ပြည့်စုံမှုကို ဖော်ပြတဲ့ စကားတွေဖြစ်တယ်လို့ မှတ်တမ်းတင်လိုက်ရပါတယ်။

အတွဲ(၄)၊ အမှတ်စဉ် (၁၉၆)၊ အတွေးသစ်ဂျာနယ်

❑



## "အင်းဝရွှေနန်းတော်သဘင်ကား များပြားပါ၏။ ထူပါရုံဘုရား ထီးတော်တင်ပြီး၍ ပွဲစဲသည် ပြောဆိုကြသည့်မှုနှင့် ယခုပွဲသော် တူပါ၏။"

(စကားတောင်စား)

မြန်မာ့သမိုင်းအစဦးကာလ ပျူခေတ်ကတည်းက တရုတ်ပြည်ကို သံများစေလွှတ်ခဲ့တဲ့ အထောက်အထားရှိပါတယ်။ မြို့ပြအုပ်ချုပ်ရေးစနစ် တည်ရှိကတည်းက သံတမန်ဆက်ဆံရေးဟာ အရေးပါခဲ့ပြီး သံတမန်ဆိုတာဟာ ဆိုင်ရာတိုင်းပြည် မြို့ပြထီးနန်း၊ ဘုရင်နဲ့ ဒေသရဲ့ ဂုဏ်သိက္ခာကို ကိုယ်စားပြုသူလို့ နားလည်ကြရပါတယ်။ ရာဇဝင်မှာ ရှင်ဒိသာပါမောက္ခ၊ ပင်းယစကြိုသူမြတ်တို့ဟာ ရဟန်းတော်များအဖြစ်နဲ့ ပြောင်မြောက်သော သံတမန်အလုပ် လုပ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များအဖြစ် ထင်ရှားပါတယ်။

ရာဇနီတိအရ တမန်ပြုထိုက်သူဆိုတာ (၁) သူ့ကို ဖလှယ်ခြင်း၌ ပညာရှိထသော၊ (၂) စကားဆိုခြင်း၌ လိမ္မာထသော၊ (၃) ရဲရင့်ထသော၊ (၄) သူတစ်ပါး၏နှလုံးကို စူးစမ်းသိနိုင်ထသော၊ (၅) ကောင်းမည်ထသော



www.burmeseclassic.com

www.burmeseclassic.com



(၆) သူဆိုတိုင်း စကားကိုလည်း ပြန်နိုင်ထသော… ဆိုတဲ့ အရည်အချင်းများနဲ့ ပြည့်စုံအပ်တယ်လို့ ဖော်ပြထားပါတယ်။

သက္ကရာဇ် ၉၁၃ မှာ အင်းဝထီးနန်းတက်တဲ့ စည်သူကျော်ထင် လက်ထက် ဟံသာဝတီမှာလည်း ဘုရင့်နောင် ကျော်ထင်နော်ရထာက ဆင်ဖြူများရှင်မင်းတရားကြီးအဖြစ်နဲ့ ဘုန်းမီးနေလတောက်ပချိန်…။ ဒီအချိန်မှာ ပေါ်ပေါက်တဲ့ စကားတောင်စား အမည်ရှိ တမန်တစ်ဦး အကြောင်းဟာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ဘုရင့်နောင်ဟာ မွန်သုံးရပ်နဲ့တကွ ပြည်၊ တောင်ငူတို့ကိုပါ သိမ်းပိုက်နိုင်လို့ အလုံးအရင်း ဆင်မြင်းများလှကြောင်း၊ မကြာမီမှာ အင်းဝကို ချီလာဖို့ရှိကြောင်း အမတ်များက လျှောက်ကြတဲ့အတွက် အင်းဝဘုရင် စည်သူကျော်ထင် (ဘွဲ့မည် နရပတိ)ဟာ ဗိုလ်ပါအင်အားတွေ ဖြည့်တင်း၊ တိုက်လှေကြီးတွေပြင်ဆင်၊ လက်နက် ရိက္ခာ ဆေးဝါးစုဆောင်း စသည်ဖြင့် လုပ်သလို တစ်ဖက်ကလည်း အုန်းဘောင်၊ သီပေါစတဲ့ နယ်တွေဆီလူလွှတ်၊ အစေ့အစပ်ပြု… လုပ်ပါတယ်။ ဒီလောက်နဲ့ မလုံလောက်သေးပါဘူး…။ ဟံသာဝတီရဲ့ အခြေအနေကိုလည်း စုံစမ်းထောက်လှမ်းရဦးမှာပါ။ ဒါဟာ အင်းဝရဲ့ အလွန်သိမ်မွေ့တဲ့ (ပြည်ပဆက်ဆံရေး) သဖွယ် ဖြစ်ပါတယ်။ အင်အား တောင့်တင်းလှတဲ့ ဟံသာဝတီကို သူလျှိုအဖြစ် ထောက်လှမ်းလို့လည်း မဖြစ်ပါဘူး၊ လက်ဆောင်ပဏ္ဏာ ဆက်သလို့လည်း မဖြစ်ပါဘူး။ ဘက်ပြိုင် ဆန့်ကျင်ဘက်အနေအထား သို့မဟုတ် လက်အောက်ခံ ခိုလှုံအောက်ကျို့အနေအထား၊ ဒီအစွန်းနှစ်ပါးကနေရှောင်ပြီး ချဉ်းကပ်ရမယ့် အခြေအနေပါ။ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်၊ မဟာမိတ်ပြုတာမျိုးလည်း မဖြစ်စေရ။ ရာဇသံပေးပြီး စစ်ကြေညာတာမျိုးလည်း မဖြစ်စေရ။

ဒီလိုအခြေအနေမျိုးမှာ စကားတောင်စားကို ဟံသာဝတီလွှတ်ခြင်း ဖြစ်ပါတယ်။ ထုံးစံအတိုင်း လက်ဆောင်ပဏ္ဏာတော့ ပါရပေမပေါ့။ သို့သော် သူ့အထက်ကလည်း မနေ (နေလို့လည်းမရ၊ ဟံသာဝတီက အင်အား ကြီးလှတယ်)၊ သူ့အောက်လည်းမဝင်၊ ဒီဆက်ဆံရေးကို အကောင်အထည်ဖော်မယ့် စကားတောင်စားဟာ ဟံသာဝတီမှာ ဘယ်လို ပြုမူ၊ လှုပ်ရှား ပြောဆိုခဲ့ပါသလဲ။

* * *





အင်းဝက စကားတောင်စား ဟံသာဝတီ လာတယ်ဆိုတာ ဘုရင့်နောင် မင်းတရား သိရတော့ ဝမ်းသာသွားတယ် ဆိုပါတယ်။ ဝမ်းသာပုံက ဒီလိုပါ။ ဘုရင့်နောင် မင်းတရား လက်အောက်မှာ ဗညားဒလတို့လို အရည်အချင်း ပြည့်တဲ့ မွန်အမတ်ကြီးများ ခစားနေပါတယ်။ သို့သော် ဗညားဒလတို့က မင်းတရားမို့သာ မလျှောက်ရဲတာ။ အင်းဝသား၊ ပြည်သား၊ တောင်ငူသားတွေဟာ တို့ဟံသာဝတီသားတွေလို ဉာဏ်ရည်ကြံရည် မရှိပါဘူး၊ ဘုန်းရည်ကံရည် ရှိလို့သာပါ… လို့ အထင်ရှိကြပါတယ်။ ဒါကို ဘုရင့်နောင်လည်း သိပါတယ်။ ဒါကြောင့် အင်းဝက စကားတောင်စား လာပြီဆိုတော့ အင်းဝသားတွေရဲ့ ကြံရည်ဉာဏ်ရည်ကို ဗညားဒလတို့ သိစေခွင့်ကြုံပြီ ဆိုပြီး ဝမ်းမြောက်တာပါ။

စကားတောင်စားကို ဧည့်ခံဖို့၊ စကားပြောဖို့လည်း အမတ်ကြီး ဗညားဒလကို တာဝန်ပေးပါတယ်။ "မင့်အိမ်မှာပဲ စကားတောင်စားကို ဧည့်ခံပါ၊ တခြား မှူးမတ်တွေလည်း ဗညားဒလအိမ်ကပဲ စောင့်ကြ၊ ဆွေးနွေးပြောဆို စုံစမ်းကြ" လို့ ဘုရင့်နောင်က အမိန့်မှတ်ပါတယ်။

ဗညားဒလက… ဘယ်လို အကဲစမ်းလိုက်သလဲဆိုတော့ သူ့စံအိမ်မှာ သူ ထိုင်ဖို့အတွက်ပဲ 'ဖဒိုင်' ခင်းထားလိုက်တယ်။ ဖဒိုင်ပေါ်မှာ အုံးဝန်းချထားတယ်။ ဖဒိုင် (ဖတိုင်) ဆိုတာ သလွန်ညောင်စောင်းလို လဲလျောင်းလို့လည်းရ၊ ထိုင်လို့လည်းရအောင် လုပ်ထားတဲ့ ခုံရှည်တစ်မျိုးပါ။ ဧည့်သည် စကားတောင်စား အတွက်တော့ ဖဒိုင်ခြေရင်းမှာ သင်ဖြူးခင်းပေးထားတယ်။ ပုဆိုး၊ အင်္ကျီ၊ ပေါင်းထုပ် အနီရောင်ချည်း ဝတ်လာတဲ့ စကားတောင်စားက သူ့အတွက် ခင်းထားတဲ့ သင်ဖြူးကို လှမ်းကြည့်လိုက်တယ်။ ကျန်အိမ်ရှင် မှူးမတ် မြို့စားများက အဲဒီသင်ဖြူးကို ဝန်းရံထားတဲ့ နေရာတွေမှာ ထိုင်လျက်သား စောင့်နေကြတယ်။ ဗညားဒလကတော့ ဒီအချိန်မှာ ထွက်မလာသေးဘဲ တံခါးကြားကပဲ အသာကြည့်နေပါသတဲ့။

စကားတောင်စားက သူ့အတွက်ခင်းထားတဲ့ သင်ဖြူးမှာ အသား တကျ မထိုင်ဘဲ ဒူးထောက် (ပေါင်ထောင်) နေလိုက်ပါတယ်။ ထိုင်လည်း မရိုင်း၊ ယို့လည်းမယို့တဲ့ ကိုယ်ဟန်အနေအထားနဲ့ပါ။ ဒီတော့မှ ဗညားဒလ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ဖဒိုင်မှာ တက်ထိုင်လိုက်တယ်။ စကားတောင်စားကလည်း သင်ဖြူးမှာ ဒူးထောက်ထိုင်နေရာကနေ ဖြုတ်ခြည်းထပြီး ဖဒိုင်မှာ တက်ထိုင်ဖို့ ပြင်လိုက်တယ်။ ဗညားဒလက စကားတောင်စားကို လက်လှမ်းပါတယ်။ ဒါပေမဲ့ စကားတောင်စားက ဗညားဒလရဲ့ လက်ကို မယူဘဲ ဖဒိုင်ပေါ် တက်ထိုင်လိုက်ပါတော့တယ်။ ဒါဟာ အပြုအမူအားဖြင့် စပြလိုက်တာပါပဲ။

ဒီနောက်မှာတော့ ပဋိသန္ထာရ ပြောကြပါတယ်။ ပြောကြပုံစကားအသွားအလာ အသုံးအနှုန်းကို အကဲခတ်ကြည့်ပါ။

ဗညားဒလ။ ။ အင်းဝမင်းနရပတိ ကျန်းခန့်သာတော်မူပါရဲ့လား။ (ဟံသာဝတီ အမတ်ကြီး မိမိအနေနဲ့ အင်းဝဘုရင်ကို တိုက်ရိုက် အဖက်တန်ထား တန်းညှိပြီး မေးလိုက်တဲ့စကား)

စကားတောင်စား။ ။ ကျွန်ုပ်တို့သခင် ဘုရင်နရပတိ ကျန်းခန့်သာတော်မူဘဲ့အတွက် ဆင်ဖြူရှင်သခင် မင်းတရားကော ကျန်းခန့်သာတော်မူပါရဲ့လား သိလိုတော်မူ၍ ကျွန်ုပ်ကို စေလိုက်ခြင်းဖြစ်ပါတယ်။ (ဗညားဒလက မိမိရှင်ဘုရင်နဲ့ တန်းညှိလိုက်တာကို သိပြီး ဘုရင်ဘုရင်ချင်းသာ တန်းတူထားရကြောင်း ပြန်ပြောလိုက်တဲ့ စကား)

ဗညားဒလ အံ့အားသင့်သွားပါတယ်။ ငါက သူ့ဘုရင်ကို တိုက်ရိုက်မေးတာ၊ သူက သူ့ဘုရင်နဲ့ ငါ့ဘုရင် ပြန်ချိတ်ပါလားဆိုပြီး အံ့အားသင့်သွားတာပါ။ အဲဒီနောက်တော့ အကြည်အသာ ပြောကြဆိုကြ၊ ကွမ်းလက်ဖက်စားကြပြီး လူချင်းခွဲပါတယ်။

ဒီအကြောင်း ဘုရင့်နောင်မင်းတရားကို ဗညားဒလက ပြန်လျှောက်တော့ ဘုရင့်နောင် သဘောကျပြီး ပြုံးတော်မူပါသတဲ့။ ဗညားဒလလည်း စကားတောင်စား လိမ္မာပါးနပ်ပုံတော့ သိရပါပြီ။ ပြုမူနေထိုင်ပုံ အကျစ်အလျစ် ရှိမရှိ သိသာရအောင် နက်ဖြန် လွှတ်တော်မှာ မှူးမတ်များအလယ်မှာ သူ့ကို ထမင်းကျွေး ဧည့်ခံပါရစေလို့ ခွင့်တောင်းပါတယ်။

နောက်နေ့ကျတော့ ဗညားဒလ စီစဉ်ထားပုံက သင်ဖြူးခင်း၊ အနားမှာ ရေအပြည့် ရွှေကရားနဲ့ ရွှေဖလားက တစ်လုံး၊ ငွေဖလားက တစ်လုံး ချထားတယ်။ ထမင်းပွဲပြင်ပုံက ငွေလင်ပန်းအပြည့်၊ အနားပင် မမြင်ရအောင် ထမင်း





ထည့်ပြီးမှ အပေါ်ယံကနေ အမဲပေါင်း၊ အကြော်၊ အကင်၊ အသားတွေကို အထပ်ထပ် တင်ထားပါတယ်။ ထမင်းကို မမြင်ရတော့တဲ့အထိ။ ဟင်းလေး တစ်ကိုလည်း အရည်မမြင်သာအောင် အထပ်ထပ် ထည့်ပါတယ်။ ပွဲတော်အုပ်ကိုလည်း ဖွင့်လိုက်ရော စကားတောင်စားက ငါ့ကို စမ်းပြီလို့ သိလိုက်တယ်။

သူ ဘယ်လို လုပ်ပါသလဲ။ ရွှေကရားထဲကရေကို ရွှေဖလားထဲထည့်လိုက်ပါတယ်။ ပြီးတော့အမဲပေါင်း၊ အကြော်၊ အကင်၊ အသားတွေ အပြည့်ဖုံးထားတဲ့ ထမင်းကို အပေါ်ကနေ ယူမစားဘဲ အထဲက နှိုက်တယ်။ အဲဒီလို နှိုက်ပြီး အသားတွေကို ယူစားတယ်။ ဟင်းလေးတစ်ကိုလည်း အပေါ်က မယူဘဲ လက်နှစ်ပြီး အထဲက ယူစားတယ်။ တဖြည်းဖြည်းနဲ့ ထမင်းပုံက နိမ့်နိမ့်ကျလာပါတယ်။ ထမင်းကို မမြင်ရပါဘူး။ ထမင်းပုံပေါ်မှာ နှိုက်ရာ မထင်ဘူး။ ဟင်းလျာခဲဖွယ်တွေဟာ ကြည့်လိုက်ရင် အပေါ်ယံက ဘာမှ မယွင်းပါဘူး။ ဒါပေမဲ့ အောက်ဘက်ပိုင်းကတော့ တစ်ခြမ်းစီ ကုန်သွားတယ်။ အဲဒီလို စားပြီးတော့မှ ရွှေဖလားထဲက ရေကို သောက်၊ ငွေဖလားထဲ ရေငှဲ့၊ ငွေဖလားနဲ့ လက်ဆေးပါတယ်။

တကယ်ကတော့ ဗညားဒလ ပြင်ထားတဲ့အတိုင်းသာ စားရိုးစားစဉ် အပေါ်ကနေ စနှိုက်စားရင် ထမင်းမမြင်ရအောင် ဟင်းတွေ၊ အသားတွေချည်း အထပ်ထပ် ခင်းထားတာ ဖြစ်တဲ့အတွက် ထမင်းပွဲဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်မှာပါ။ အပေါ်ယံက နှိုက်ရာဖွဲရာတွေနဲ့ ထမင်းလုံးတွေ စဉ်လို့ဖိတ်လို့ မြင်ရှုမကောင်း ဖြစ်မှာပါ။ ဒါကို စကားတောင်စားက ပုံမပျက်စေရအောင် စားပြသွားတာပါပဲ။

စကားတောင်စားဟာ အစားအသောက် (ထမင်းပွဲ ယဉ်ကျေးမှု)မှာလည်း ကျစ်လျစ်ပြေပြစ်ပါပေတယ်လို့ ဗညားဒလက ဘုရင့်နောင်ကို ပြန်လျှောက်ပါတယ်။

နောက် ဘုရင့်နောင်မင်းတရားကြီး သဘင်ကြီးစွာ ခံပါတယ်။ [illegible] အောက်ခံ မင်းများ၊ မင်းဆွေစိုးမျိုး၊ မှူးကြီးမတ်ရာများ၊ ဗိုလ်ပါ[illegible]နဲ့ ကြီးစွာသော သဘင်ပါ။ ဒီပွဲမှာ ဘုရင့်နောင်ကိုယ်တိုင် စကားတောင်စားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုကြပါတယ်။ ဘုရင့်နောင်အမေးနဲ့ စကားတောင်စား အဖြေက ဒီလို လာပါတယ်။

ဘုရင့်နောင်။ ။ အင်းဝ နရပတိစည်သူ ကျန်းခန့်သာတော်မူစ။

စကားတောင်စား။ ။ (အရှင်ပို့သသော မေတ္တာကြောင့်လို့ မပြော) ရတနာသုံးပါး ဂုဏ်တော်ကြောင့် ကျွန်တော်တို့သခင် ကျန်းခန့်သာတော် မူပါတယ်။

ဘုရင့်နောင်။ ။ ယခု ငါ သဘင်ခံတော်မူသော ပွဲကဲ့သို့ မောင်မင်းတို့ အင်းဝမှာ ပွဲလမ်းသဘင် စည်ကားပါရဲ့လား။

စကားတောင်စား။ ။ မင်းတရားကြီးဘုရား၊ အင်းဝရွှေနန်းတော်သဘင် ကား များပြားလှပါတယ်။ ထူပါရုံဘုရား ထီးတော်တင်ပြီး၍ ပွဲစဲသည်ကို ပြောဆိုကြသည်မျှနှင့် ယခုပွဲတော်တူပါတယ်။ (ဘုရင့်နောင်ရဲ့ သဘင်တော်ကြီး စည်တယ်ဆိုတာ အင်းဝက ထူပါရုံဘုရား ထီးတော် တင်ပွဲပြီးသွားလို့ ပွဲသဘင် စဲသွားချိန်လောက်ပဲ ရှိပါတယ် ဆိုတဲ့ စကားကို စကားလှအောင် လျှောက်လိုက်တာပါ)

ဘုရင့်နောင်မင်းတရား စိတ်မျက်တော် မမူပါဘူး။ သဘောကျပြီး ဆက်မေးပါတယ်။

ဘုရင့်နောင်။ ။ မောင်မင်းတို့ အင်းဝရွှေနန်းရင်ပြင် ကျယ်ပါစ။

စကားတောင်စား။ ။ မင်းတရားကြီးဘုရား၏ ရွှေနန်းတော်ရင်ပြင် ကျယ်လှသည်ထက် တစ်တာသာ ပိုပါသည်။

ဘုရင့်နောင်။ ။ တစ်တာပိုကြောင်း မောင်မင်းဘယ်သို့ သိသနည်း။

စကားတောင်စား။ ။ ကျွန်တော်မျိုး အလှမ်းတွင် တာပါပါသည် ဘုရား။ (သူ့ခြေလှမ်းတိုင်း တွက်တွက်ပြီး လှမ်းလို့ သိတဲ့အကြောင်း)

ဘုရင့်နောင်နဲ့ ဒီလို အချီအချပြောတဲ့ စကားတောင်စားရဲ့ စကားကို စကားကြီး ၁၀ ခွန်းမှာ 'ခက်တင်မောင်းနှင်း' စကားအရာ ဝင်တယ်လို့ ဆိုကြပါတယ်။ ခက်တင်မောင်းနှင်းရဲ့ သဘောက တစ်ဖက်သားစကားကို ဟုတ်တယ်လို့လည်း မဆို၊ မဟုတ်ဘူးလို့လည်းမဆို။ မှန်၏လည်းမပြော၊ မှား၏လည်း မပြော။ တင်လည်းမတင်၊ ကျလည်းမကျ ပြောနည်းမျိုး ဖြစ်ပါတယ်။





စကားတောင်စားဟာ ဟံသာဝတီမှာ သုံးလနေပြီး ဘုရင့်နောင်ထံ ဆုလာဘ်များစွာနဲ့ ပြန်စေပါတယ်။ အင်းဝပြန်ရောက်တော့လည်း နရပတိမင်းက ဆုလာဘ်များ ထပ်ချီးမြှင့်ပါတယ်။ စကားတောင်စား ပြောခဲ့တဲ့ စကားဟာ ရာဇနီတိလာ တမန်ကောင်းတို့ရဲ့ စကားအင်္ဂါနဲ့ ညီညွတ်လှပလို့ နေပါတော့တယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၇)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## "ဟယ် စိတ်ကြမ်းခက်ထန်သည့် သည်ကျွန်သားကတော့ ကြာလျှင် မင်းရဲကျော်စွာ၏ နေရာကို ယူချေဦးမည်"
## (ဘုရင်မင်းခေါင်)

ဟံသာဝတီသူ့ရဲကောင်း သမိန်ဗရမ်းနဲ့ စိန့်သူရဲကောင်း ဂါမဏိတို့ရဲ့ စီးချင်းထိုးပွဲအကြောင်းဟာ လူသိများတဲ့ ဖြစ်ရပ်ပါ။ ဒီပွဲမှာ သမိန်ဗရမ်းက ဂါမဏိကို အနိုင်ရလိုက်တဲ့အတွက် အင်းဝဘုရင်မင်းခေါင်က သမိန်ဗရမ်းကို ကြီးစွာ မြှောက်စားပါတယ်။ သမိန်ဗရမ်းဟာ မင်းရဲကျော်စွာရဲ့ ဆင်တပ်ကို သူစီးတဲ့ ဆဒ္ဒန္တဆင်နဲ့ ထိုးဖောက်တိုက်ခိုက်ရင်းက တွင်းနက်ထဲ ဆင်ကျလို့ အဖမ်းခံလိုက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် အင်းဝမှာ သုံ့ပန်းအဖြစ်နေရာက စိန့်သူရဲကောင်း စိန်ခေါ်လာတော့ အင်းဝဘက်ကနေ ထွက်တိုက်မယ့်သူမရှိလို့ သမိန်ဗရမ်း ထွက်ခဲ့ပါတယ်။ ဒါကိုလည်း လူသိများပါတယ်။

ဘုရင်မင်းခေါင်က ငါ့ရဲ့ ထီးဖြူနန်းလျာကို တည်တံ့ခိုင်မြဲအောင် သမိန်ဗရမ်း တာဝန်ယူ တွန်းလှန်ပေးနိုင်ခဲ့တယ်လို့ ဆိုပြီး သမီးတော် ရာဇဓိတာနဲ့ လက်ဆက်၊ မဟာဥပရာဇာအဖြစ် အပ်နှင်းမယ်လို့ စီစဉ်ပါတယ်။ ဒီအခါမှာ သမိန်ဗရမ်းက ဘုရင့်အစီအစဉ်ကို လက်မခံဘဲ အမှုတော်





ကို ထမ်းရွက်ရာမှာ သူ့အနေနဲ့ သုံ့ပန်းအဖြစ် ခြေကျဉ်းခတ်ခံရတဲ့ ဒုက္ခကလွတ်ချင်တာရယ်၊ သူ့ သူရသတ္တိအစွမ်းကို ပြပြီး ကျော်စောကိတ္တိ တွင်စေချင်တာရယ်။ ဒါပဲ ဆန္ဒရှိပါတယ်။ နောက်ထပ် ဆန္ဒနှစ်ခုကို ဆက်ပြောရရင် သူ့ကို ကွပ်မျက်ချင် ကွပ်မျက်ပါ။ ဒါမှမဟုတ် ဟံသာဝတီ ပြန်ခွင့်ပြုပါ။ ဒါပဲရှိပါတယ်။ ဘုရင်ချီးမြှောက်တော်မူတာဟာဖြင့် အင်မတန်မှ ကြီးမားတဲ့ ကျေးဇူးပါ။ သို့သော် လက်မခံပါရစေနှင့်။ အရှင်ပေးတဲ့ဆု၊ အရှင့် ပြန်ဆက်သပါတယ်လို့ ပြန်လျှောက်ပါသတဲ့။

အင်းဝမှူးမတ်တွေကလည်း ဘာမှအကြံမပေးကြပါဘူး။ ဘုရင်မင်းခေါင်တော့ သမိန်ဗရမ်းကို ပြန်မလွှတ်ချင်ဘူး။ ဂါမဏိရန် တွန်းလှန်ထားတဲ့ ကျေးဇူးကလည်း ရှိတာကြောင့် ကွပ်မျက်ပစ်လို့ မဖြစ်ဘူး။ ရာဇာဓိရာဇ်နဲ့ စစ်ကလည်း ပြီးသေးတာ မဟုတ်တော့ သမိန်ဗရမ်းကို အင်းဝမှာပဲ ဆက်ထားမယ်လို့ ဆုံးဖြတ်ပါတယ်။

ဒါပေမဲ့ သမိန်ဗရမ်း အင်းဝမှာနေအောင် ဘယ်လိုထားမလဲ။ သုံ့ပန်းအဖြစ် ဆက်ဖမ်းထားလို့ကလည်း မဖြစ်တော့ဘူး။ ဘုရင်မင်းခေါင် အကြံအိုက်နေတဲ့ကိစ္စကို မိဖုရားကြီးက ဖြေရှင်းပေးလိုက်ပါတယ်။ အခြား မဟုတ်ပါ။ ချစ်ခြင်းမေတ္တာ၊ တဏှာသမုဒယနဲ့ ချည်နှောင်ထားဖို့ပါပဲ။ ဒါကြောင့် သမီးတော်ရာဇဓိတာကို နားချပါမယ်လို့ တာဝန်ယူလိုက်ပါတယ်။ သမီးတော် ရာဇဓိတာက သီလရှင်ဝတ်ပြီး လောကီကို ကျောခိုင်းဖို့ ရည်ရွယ်ထားတာဖြစ်ပေမယ့် မယ်တော်ရဲ့ ဖျောင်းဖျမှု၊ ခမည်းတော်အမိန့်ကို မလွန်ဆန်ဝံ့မှုတွေကြောင့် လက်ခံလိုက်ပါတယ်။

မယ်တော်ကြီးရဲ့ ကျွမ်းကျင်လိမ္မာမှုကြောင့် သမိန်ဗရမ်းဟာ ရာဇဓိတာကို တွေ့မြင်ချစ်ကြိုက် စိတ်ဝင်စားခဲ့ပါတယ်။ ဒီအချိန်မှာပဲ ဘုရင်မင်းခေါင်ကလည်း ဘုရင့်အာဏာရော၊ အကျိုးအကြောင်းသင့်တဲ့ စကားနဲ့ဝါ အမိန့်ချလေတော့ သမိန်ဗရမ်းလည်း လက်ခံလိုက်ပါတယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ငါ ကုသိုလ်ကံရှိသေးရင် ငါ့ရဲ့နိုင်မြဲတဲ့ သစ္စာ အာနုဘော်ကြောင့် ဟံသာဝတီကို တစ်ချိန်ပြန်ရောက်နိုင်ကောင်းရဲ့လို့ တေးမှတ်ထားပြီး သွားပါ။

ဘုရင်မင်းခေါင် ချီးမြှောက်တာကို လက်ခံပါတော့မယ် ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သမိန်ဗရမ်းက ခြင်းချက် နှစ်ခုထားပြီး တောင်းဆိုပါတယ်။ သူဟာ ဘာသာစကားမတူ၊ အနွယ်ခြားသူဖြစ်လို့ ကျွဲတို့အလယ်က ဒီးဒုတ်လိုဖြစ်မှာ စိုးပါတယ်တဲ့။ ရာဇရေးရာကိစ္စများကို ဆောင်ရွက်စီစဉ်နိုင်မှာလည်း မဟုတ်ပါဘူးတဲ့။ ဒါကြောင့် တစ်– သူ့ကို ဘယ်သူကမှ 'ကျွန်' လို့ မခေါ်စေရ။ 'ကျွန်' လို့ ခေါ်ခဲ့ရင် ဟံသာဝတီကို ကိုယ့်သဘောနဲ့ကိုယ် ပြန်ခွင့်ပြုရမယ်။ နှစ်က အင်းဝ–ဟံသာဝတီ စစ်မှာ ဘယ်ဘက်ကမှ မပါဘဲ ကြားနေပါရစေ။ တကယ်လို့ အခြားတိုင်းတစ်ပါး၊ ဒေသကလာပြီး ထိပါးရင်တော့ အသက်ပေး တိုက်ခိုက် တွန်းလှန်ပါမယ်... တဲ့။ ဒီနှစ်ချက်ဟာ သမိန်ဗရမ်း ဘက်က တောင်းသင့်တောင်းထိုက်တဲ့ အခွင့်အရေးဖြစ်တယ်လို့ ဘုရင်မင်းခေါင် နားလည် လက်ခံပါတယ်။ သမိန်ဗရမ်း လက်ခံလိုက်တာကိုလည်း အလွန်အားရဝမ်းသာ ဖြစ်သွားတယ်ဆိုပါတယ်။

ဒါကြောင့် သမိန်ဗရမ်းကို မဟာဥပရာဇာပေး၊ သမီးတော်နဲ့ စုံဖက်ရုံသာမက "သမိန်ဗရမ်းကို မဟာဥပရာဇာလို့ပဲ ခေါ်ကြရမယ်၊ တစ်စုံတစ်ယောက်ကများ ကျွန်လို့ ခေါ်ခဲ့ရင် ထိုသူနဲ့တကွ တစ်ဆွေလုံး တစ်မျိုးလုံး ကွပ်မျက်စေ" လို့ အင်းဝတစ်လွှား ကြေညာမောင်းခတ်စေပါတယ်။

နားလည်မှုတွေ၊ ခြွင်းချက်တွေ အပေါ်မှာ တည်ဆောက်ခဲ့ကြတဲ့ ဒီကိစ္စဟာ ဘယ်လောက်ထိ ခိုင်မြဲခဲ့သလဲဆိုတာ ဆက်ကြည့်ရင်၊ အစပိုင်းမှာတော့ အားလုံး အဆင်ချောမွေ့ခဲ့ပါတယ်။ လက်ထပ်ပွဲ၊ ဥပရာဇာဘိသိက်ပွဲကြီးကျယ်စွာ ကျင်းပကြလို့ အားလုံးကျေနပ်ပျော်ရွှင်ကြလို့ပါပဲ။

ဒီလိုနဲ့ ရာဇမိတာမှာ သားယောက်ျားလေး ထွန်းကားပါတယ်။ ဘုရင်မင်းခေါင်ကလည်း မြေးတော်ကို အလွန်ချစ်မြတ်နိုးပါတယ်။ ကလေး တစ်နှစ်ခြောက်၊ လမ်းလျှောက်သင်စ အရွယ်မှာ ဘုရင်မင်းခေါင်က မြေးတော်ကိုချီပြီး ညီလာခံထွက်လေ့ရှိပါတယ်။ ညီလာခံဆိုတော့ မှူးမတ်သေနာပတိများနဲ့အတူ ဥပရာဇာ သမိန်ဗရမ်းလည်း ရှိနေတာပေါ့။

တစ်နေ့တော့ ကလေးက ဘိုးတော်ဘုရင်မင်းခေါင်ရဲ့ ရင်ခွင်ထဲမှာ နေရင်း မတ်တတ်ရပ်ပြီး ဘိုးတော်ရဲ့ ပခုံးကိုဆွဲ၊ ဆံပင်တွေကိုဆွဲ လုပ်တော့ ဘုရင်မင်းခေါင်မှာ ညီလာခံအလယ် ရာဇဣန္ဒြေလည်းပျက်၊ နာလည်းနာဖြစ်ပြီး ရုတ်တရက် ရေရွတ်လိုက်တယ်။

"ဟယ်... စိတ်ကြမ်းခက်ထန်သည့် သည်ကျွန်သားကတော့ ကြွေလျှင် မင်းရဲကျော်စွာ နေရာကို ယူချေဦးမည်" တဲ့။

ဒီလိုပြောပြီး ကလေးကို ခပ်ကြမ်းကြမ်းလေး ဆွဲဖယ်လိုက်ပါသတဲ့။ သားတော် မင်းရဲကျော်စွာက စစ်ပွဲမှာ ကျဆုံးခဲ့ပြီးပြီ ဖြစ်ပါတယ်။

သမိန်ဗရမ်း ဒီစကားကို ကြားလိုက်တယ်။ အခြား မှူးမတ်တွေလည်း ကြားတယ်။ ဘုရင်မင်းခေါင်ဟာ သူထုတ်ပြန်တဲ့ အမိန့်ကို သူပဲ ကျူးလွန်လိုက်မိပါပြီ။ "ကျွန်" ဆိုတဲ့ အသုံးအနှုန်း သူ့နှုတ်က ထွက်ကျသွားပါပြီ။ သမိန်ဗရမ်းဟာ ညှိုးငယ်စွာနဲ့ ညီလာခံအပြီးမှာ ပြန်ခဲ့ပါတယ်။

(ဒီနေရာမှာ မင်းရဲကျော်စွာနဲ့ ပတ်သက်ပြီး နောက်ကြောင်းတွေကို ထည့်ပြောစရာ ဖြစ်လာပါတယ်။ နောက်ကြောင်းတွေကလည်း ထွေးထွေးလိန်လိန် ရှိလှပါဘိ။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နဲ့ မိဖုရား တလမေဒေါ တို့ကနေ သားတော် ဗောလောကျွန်းဒေါ ဖွားမြင်ခဲ့တယ်။ တလမေဒေါ ကတော့ ရာဇာဓိရာဇ် (ဗညားနွဲ့)ရဲ့ စိမ်းကားရက်စက် စော်ကားမှုကို နာကြည်းပြီး ကိုယ့်ကိုယ်ကိုယ် အဆိပ်နဲ့ အဆုံးစီရင်သွားလို့ ဗောလောကျွန်းဒေါဟာ ငယ်စဉ်ကတည်းက အထိန်းတော်နဲ့သာ ကြီးပြင်းခဲ့ရတယ်၊ အရွယ်ရောက်လာတော့ ဗောလောကျွန်းဒေါမှာ ဆင်မြင်းလှသူ အလုံးအရင်းနဲ့ ပြည့်စုံလာတာကို ရာဇာဓိရာဇ်က ငါငယ်စဉ် သူ့လိုအင်အားမရှိဘဲနဲ့တောင် ထီးနန်းရအောင်ယူနိုင်ခဲ့တာ၊ အခုသူက အင်အားအပြည့်နဲ့ဆိုတော့ စိုးရိမ်ရတယ် ဆိုပြီး အကောင်ဖိန် ဆိုသူကို သတ်ခိုင်းလိုက်တယ်။ ဗောလောကျွန်းဒေါကို ဖမ်းတဲ့အခါကျတော့ ခမည်းတော်ကို ပုန်စားဖို့ ငါမကြံရိုးအမှန်၊ ဒါပေမဲ့ ငါ့ကို ဒီလိုထင်တယ်။ ငါ့အမေတုန်းကလည်း ရာဇသွေးစင်စစ်၊ မိဖုရားစင်စစ် ဖြစ်ပါလျက်နဲ့ မကြင်မနာ ဟိုဆီသည်မကို ပိယရာဇာဒေဝီဘွဲ့ပေး မိဖုရားကြီးမြှောက်၊ ငါ့အမေကိုစော်ကား၊ ဒီစိတ်နဲ့ ငါ့အမေ မလှမဝ သေခဲ့ရတယ်။ အခုလည်း အပြစ်မရှိတဲ့ ငါ့ကို သတ်စေပြီလို့၊ နာကြည်းစွာနဲ့ သူ့မိခင်လိုပဲ အဆိပ်သောက် အဆုံးစီရင်ခဲ့တာပါ။ မသေခင် ရွှေမော်ဓော ဘုရားမှာ သီလယူ၊ ရတနာတန်ဆာများ လှူပြီး "သည်ဘဝမှာ စုတေခဲ့သော် အင်းဝတွင် မင်းသားဖြစ်ပြီး ယခုဘဝ ခမည်းတော် ရာဇာဓိရာဇ်နှင့် စစ်ထိုးရပါလို၏" လို့ ဆုတောင်းခဲ့တယ်။







www.burmeseclassic.com

www.burmeseclassic.com



ဒီဆုတောင်းက ပြည့်ခဲ့တယ်လို့ ဆိုကြပါတယ်။ ဘုရင်မင်းခေါင် ဖြစ်လာမယ့် မင်းဆွေရဲ့ မိဘုရား ရှင်မိနောက်ထံ ကိုယ်ဝန်စွဲ ဝင်စား ရှင်မိနောက်က ကိုယ်ဝန် အရင့်အမာ ရှိစဉ်ကတည်းက ဟံသာဝတီနယ်တ သရက်သီး၊ မြေသင်းခဲနဲ့ ရေများကို စားချင်သောက်ချင်တဲ့ ချဉ်ခြင်းတစ် ဟံသာဝတီကို လွှတ်ပြီးယူခိုင်း၊ ဟံသာဝတီကလည်း ဒါဗောလောကျွန်းဒေါ ဝင်စားပြီလို့ ယူဆပြီး မသန့်တဲ့ အသီး၊ မြေကြီး၊ ရေတွေကို ပေးလိုက် ဒါတွေကို ရှင်မိနောက် စားသောက်ပြီး မင်းရဲကျော်စွာကို မွေးတယ်လို့ ယုံကြည်ပါတယ်။ ကလေး ငိုရင်တောင်မှ ဘယ်လိုမှချော့မရ၊ ကြီးလာရင် ဟံသာဝတီကို တိုက်ခိုက်အုပ်စိုးရစေမယ်လို့ ချော့မှ အငိုတိတ်ပါသတဲ့။ ဒါကြောင့် မင်းရဲကျော်စွာဟာ ယခင်ဘဝက ရာဇာဓိရာဇ်ရဲ့သား ဗောလော ကျွန်းဒေါ ဖြစ်တယ်လို့ အားလုံးက လက်ခံယုံကြည်ထားကြတယ် ဆိုပါ တယ်။ ဒီတော့ ဘုရင်မင်းခေါင် ရေရွတ်လိုက်တဲ့ "ကြာရင် မင်းရဲကျော်စွာ နေရာကို ယူချေဦးမည်" ဆိုတဲ့စကားဟာ အဓိပ္ပာယ် အများကြီး တာသွားတဲ့ စကားပါပဲ။ ဒါက တစ်ချက်။

အဓိက ကတော့ "သည်ကျွန်သား" ဆိုတဲ့ စကားလုံးပါ။ ဒီစကား အသုံးအနှုန်းဟာ သမိန်ဗရမ်းရဲ့ ရင်ထဲကို များများကြီး စူးဝင်စေပါတယ်။ ဘုရင်မင်းခေါင် မြှောက်စားလို့ သမီးတော် ရာဇဓိတာကိုရ၊ ဥပရာဇာ ဖြစ်နေ ပေမယ့် တကယ်တော့ သမိန်ဗရမ်းဟာ ရာဇာဓိရာဇ်ရဲ့ အမှုထမ်း (ကျွန်)ပဲ ဖြစ်ပါတယ်။ မင်းမျိုးမင်းနွယ် မဟုတ်ပါဘူး...။ ဒီ ဇာတိပုညကို ထိသွား တာပါပဲ။

ဘုရင်မင်းခေါင် အနေနဲ့ ဒီစကားလုံး အသုံးအနှုန်းကို (မြေးတော်ထ ပခုံးဆွဲ၊ ဆံပင်ဆွဲလို့ပဲဖြစ်ဖြစ်) ဘယ်လို အကြောင်းကြောင့်နဲ့မှ ပြောထွက်ရို မသင့်တာ အမှန်ပါပဲ။ သမိန်ဗရမ်းကို ဘယ်လိုပဲ မြှောက်စားသည် ဖြစ်စေ သူ့အတွင်းစိတ်ထဲမှာ သမိန်ဗရမ်းဟာ ရာဇာဓိရာဇ်ရဲ့ ကျွန်၊ အင်းဝသား မဟုတ်၊ မင်းမျိုးမင်းသွေး မဟုတ်ဆိုတဲ့ အခံကြီး ရှိနေတာကို ဖွင့်လှစ်ထုတ် ပြလိုက်သလို ဖြစ်သွားပါတော့တယ်။

မုန်တိုင်ပင် ဆရာတော်ရဲ့ ကဗျာမှာ မင်းတို့ဟာ မုသား၊ အမျက်နဲ့ ဟာသ၊ ဒီသုံးမျိုးကို ချုပ်တည်းရမယ်လို့ "မုသာဝါဒ၊ ပထမတည့်၊ ဒုတိယ





မှာ၊ ကောစလာ၏။ တစ်ဖြာဟာသ၊ ဤသုံးဝကို၊ ရှောင်ကြဉ်အပ်စွာ၊ မင်းဝယ် လာသည်။ မကွာမြဲထွေ၊ စွဲမှတ်လေ" ဆိုပြီး ရေးခဲ့ပါတယ်။

ဒါ့အပြင် လောကနီတိ ပျို့မှာလည်း "လူပြည်သေဌ်နင်း၊ မင်းနှင့် ပုဏ္ဏား၊ ရဟန်းများက၊ ဘုရားစသည်၊ သီလမွေ့လျော်၊ လူထင်ကျော်တို့၊ မိန့်တော်ထုတ်ပြ၊ နှစ်ခွမဖြာ၊ မှန်မြဲသာတည့်" လို့ လာပါတယ်။

ဘုရင်မင်းခေါင်ဟာ ရုတ်တရက် ဒေါသကို မထိန်းနိုင်ဘဲ သူ့အမိန့် သူ ပြန်ဖျက်တဲ့စကား၊ သူကိုယ်တိုင် လွှတ်ခနဲ ပြောချလိုက်တာ ဖြစ်ပါတယ်။ အကျိုးသက်ရောက်မှုကတော့ သမိန်ဗရမ်းက သူချစ်တဲ့ မိဖုရား ရာဇဓိတာ နဲ့ သားငယ်ကို စွန့်ခွာ၊ ဘုရင်မင်းခေါင်ထံကိုလည်း (ရွှေနန်းရှင်သည် ခြင်း ချက် ထားတော်မူသည့် ကတိသစ္စာကို တည်တံ့ခိုင်ခံ့အောင် မထားနိုင်သည် ဖြစ်သဖြင့်) စသည်ဖြင့် စာရေးထားခဲ့ပြီး ဓားတစ်စင်း၊ လှံတစ်ချောင်း၊ မြင်းတစ်စီးနဲ့ အင်းဝကို ကျောခိုင်း၊ ဟံသာဝတီ ထွက်သွားပါတော့တယ်။

ဒါကြောင့်လည်း "အမျက်သည် အမျက်ချည်းသက်သက် မထင်ရှား တတ်၊ အမျက်နှင့်စကား ရောပါလာလျှင် ထင်ရှားသည်။ ထိုစကားသည် မင်းတို့စကား ဖြစ်ပါမူကား မင်းတို့စကားလျှင် လက်နက် မည်ကုန်သည်" လို့ ဆိုကြပါတယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၈၈)၊ အတွေးသစ်မျှားနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

"နှုတ်ရဲသူကို လက်နှေးသည်ဟု အပြစ်ဆိုရှုံမရ။
လက်ရဲသူကို နှုတ်လေးသည်ဟု အပြစ်ဆိုရှုံမရ။
ယခုကိစ္စတွင် လူကြီးရော လူငယ်ပါ အပြစ်ရှိသည်ချည်း"
(ရာဇာဓိရာဇ်)

အင်းဝ–ဟံသာဝတီစစ်မှာ ဟံသာဝတီဘက်က လဂွန်းအိန်၊ သမိန်ဗရမ်း၊ အဲမွန်ဒယာ စတဲ့ သူရဲကောင်းတွေဟာ ထင်ရှားသူများ ဖြစ်ကြပါတယ်။ လဂွန်းအိန် ကျဆုံးသွားတဲ့အခါ သုရှင်ရာဇာဓိရာဇ်က "သမိန်ဗြဲနဲ့ လဂွန်းအိန်တို့ နှစ်ဦး မရှိတော့သည်မှာ ငါ့လက်နှစ်ဖက်စလုံး ပြတ်သွားသည်သို့ဖြစ်ခဲ့ပြီ" လို့ ထိခိုက်ကြေကွဲစွာ ဆိုခဲ့ပါတယ်။

ဒါပေမဲ့ လဂွန်းအိန် နေရာကို ဆက်ခံမယ့် သူရဲကောင်းတစ်ဦး ထပ်ပေါ်လာခဲ့ပါသေးတယ်။ သူ့ကို လူသိနည်းပါတယ်။ သူ့နာမည်က 'လကျိုက်သန်း' ပါ။

သီလက္ခန် သာမညဖလသုတ် အဋ္ဌကထာနဲ့ ဋီကာတို့အရ သူရဲကောင်း အပြား ၁၃ ပါး ရှိရာမှာ ဆင်စီးစစ်တိုက်သူရဲကောင်း (ဟတ္ထာရောဟ)၊ မြင်းစီး စစ်တိုက်သူရဲကောင်း (အဿရောဟ)၊ ယာဉ်ရထားစီး သူရဲကောင်း





(ရထိက) ... စတဲ့ အမျိုးအစားတွေအရ သတ်မှတ်ကြည့်မယ်ဆိုရင် 'လကျိုက်သန်း' က မမ္မရောစိန် ခေါ်တဲ့ တစ်ဖက် စစ်သည်များအတွင်း အတင်းဝင်ရောက် တိုက်ခိုက်နှိမ်နင်းနိုင်တဲ့ သူရဲကောင်းမျိုးလို့ ခေါ်ရပါမယ်။

နောက်ခံက ဒီလိုပါ။ ဒဂုန်ကို အင်းဝဘုရင်မင်းခေါင် သိမ်းပိုက်တပ်ချထားချိန်။ သန်လျင်စား အဝမင်းသီရိက ရာဇာဓိရာဇ်ဆီ စစ်ကူတောင်းလို့ ကြည်း၊ ရေ စစ်ကူပို့ဖို့ စီစဉ်နေချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ ဂိုဏ်းဆရာတော် သင်္ဃရာဇာက ရာဇာဓိရာဇ်ရှေ့မှောက်ကို အသက်အစိတ်တောင် မပြည့်သေးတဲ့ လူငယ်တစ်ယောက် လာပို့တယ်။ ဦးပြည်းခေါင်းတုံးနဲ့၊ အဲဒီလူငယ်ဟာ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိဟန်နဲ့ မျက်နှာထား ခပ်တင်းတင်းနဲ့ပါ။

သူက မကြာခင်ကမှ ရဟန်းဘဝကနေ လူထွက်လာသူ လကျိုက်သန်းပါပဲ။ ရဟန်းသုံးဝါပဲ ရပါသေးတယ်။ ရဟန်းဘဝကတည်းက ပရိယတ်၊ ပဋိပတ် စိတ်မဝင်စားဘဲ လက်ဗွေ့လက်ပမ်း အမြဲကျင့်ပြီး စိတ်ကလည်းထန်၊ လူကလည်းသန် ဆိုတဲ့ ပုဂ္ဂိုလ်။ လဂွန်းအိန် ကျဆုံးပြီဆိုတော့ သူက "လဂွန်းအိန် မရှိတော့ဘူး။ ဒါပေမဲ့ အင်းဝ ဘုရင်မင်းခေါင် တပ်ချီလာရင် ကွဲထွက်အောင် ကျုပ် တိုက်စမ်းချင်တယ်" လို့ ကြုံးဝါးနေတာနဲ့ ရဟန်းတွေက ဒါဆိုရင် လူထွက်တော့ဆိုပြီး လူထွက်။ သင်္ဃရာဇာဆီ လျှောက်ထား၊ ရာဇာဓိရာဇ်ဆီ ပို့လာတာဖြစ်ပါတယ်။ လူထွက်ပြီး နောက်မှာ သူ့ကို လကျိုက်သန်း (ဝါ) သာမဏေသန်းလို့ မခေါ်တော့ဘဲ "မတ်သန်း" လို့ ခေါ်ကြပါသတဲ့။

ရာဇာဓိရာဇ်က အသွင်အပြင်ကြည့်ပြီး သဘောကျတာနဲ့ "အမှုတော်ထမ်းဖို့ ဆုံးဖြတ်ထားပြီးပြီလား" လို့ မေးတော့ မတ်သန်းက "လဂွန်းအိန် ကျသွားပြီ ကြားရကတည်းက စိတ်မကောင်းပါ။ အခု လူထွက်ခဲ့ပြီ၊ အမှုတော်ထမ်းပြီး အင်းဝစစ်ကို နိုင်အောင်တိုက်ပါမယ်" လို့ လျှောက်လိုက်ပါတယ်။ သုရှင် ဝမ်းသာအားရစွာနဲ့ မတ်သန်းကို စစ်သည် ခန့်လိုက်ပါတယ်။

နောက် ဒဂုန်ကို တိုက်ဖို့ ရာဇာဓိရာဇ်က တပ် ၉ တပ်နဲ့ ချီ။ သန်လျင်မှာ တပ်စွဲစစ်ပြင်ပါတယ်။ မတ်သန်းကို စစ်ဦးစစ်ဖျား သမိန်ဗြဲထံမှာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထည့်ပေးထားတယ်။ ဗိုလ်မင်းတွေက "မတ်သန်း သတ္တိရှိတယ်၊ လျင်မြန်တယ်လို့ ကျော်ကြားတာ ဟုတ် မဟုတ် အခု လက်တွေ့ ကြည့်ရမှာပေါ့"လို့ ပြောကြတော့ "ကျုပ် ဒီညပဲ ဒဂုန်ကို ဝင်တိုက်မယ်၊ ကျုပ်နောက်ကသာ စစ်ကူလွှတ်ပေး" လို့ ပြောပါသတဲ့။ ဒီလိုနဲ့ပဲ ဗိုလ်မင်းနဲ့ အချိန်းအချက်လုပ်ကြပြီး ညမှောင်ချိန်မှာ မတ်သန်းက ဓားရှည်နှစ်လက်ကိုင်၊ ဒဂုန်မြို့ရိုးကို ကျော်ဝင်၊ အထဲရောက်တာနဲ့ အတင်းဝင်ခုတ်တော့ မြို့စောင့်တပ်တွေ လန့်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပါရော။ မတ်သန်းလက်ချက်ကြောင့် မှောင်ကြီးမည်းမည်းမှာ အင်းဝတပ်သားတွေလည်း အတုံးအရုံး ကျကုန်တယ်။ မတ်သန်း မြန်လွန်းလို့ အင်းဝတပ်တွေ တစ်နေရာပြီးတစ်နေရာ ကွဲထွက် ကျဆုံး ဖြစ်လေတော့ ဟံသာဝတီက အင်အားအများကြီးနဲ့ ဝင်စီးပြီလို့ ထင်ကြပါတယ်။

ဒီအချိန်မှာ မတ်သန်းက အိမ်တစ်အိမ်ကို မီးတိုက်လိုက်တော့ မီးအလင်းရောင်ကြောင့် မတ်သန်း တစ်ဦးတည်း ဆိုတာကို သိသွားကြပြီး အင်းဝ မြို့စောင့်တပ်သားတွေက ကစဉ့်ကလျားဖြစ်နေတာ ပြန်စု၊ မတ်သန်းဆီ ဝိုင်းလိုက်ကြတယ်။ မြို့ပြင်က ဟံသာဝတီ စစ်ကူတပ်တွေက ရောက်မလာကြတာကြောင့် မတ်သန်းဟာ တစ်ယောက်တည်းတော့ ဘယ်လိုမှ ရင်ဆိုင်နိုင်မှာ မဟုတ်လို့ မြို့ရိုးကိုကျော် ပြန်ပြေးရတော့တယ်။

ဘုရင်မင်းခေါင်ကလည်း စည်မောင်းတီးပြီး တပ်ကြီးချီ၊ မြို့ပြင်ထွက်လာတော့ မြို့ပြင်က သမိန်ဗြထဗိုလ်တပ်တွေနဲ့ အပြင်းအထန် တိုက်ကြပါတယ်။ ဟံသာဝတီတပ် အင်အားနည်းတာမို့ နောက်မှာ တပ်မချထားတဲ့ ရာဇာဓိရာဇ် တပ်မအရောက် ဆုတ်ခွာခဲ့ရပါတယ်။

သုရှင် ရာဇာဓိရာဇ်ဟာ စစ်ရေးနဲ့ ပတ်သက်ရင် အလွန် သွေးဆူပြီး ပြတ်ပြတ်သားသား လုပ်တတ်သူပါ။ အမျက်ပြင်းစွာ ထွက်ပြီး "ဘာကြောင့် ဆုတ်ခွာရတာလဲ၊ ဒဂုန်ကို အရယူဖို့ ချီတာ မဟုတ်လား၊ ငါ့တပ်မ တပ်လန့် အောင်အထိ လုပ်တဲ့ မင်းတို့အပြစ် မင်းတို့သိသလား" လို့ မေးတော့တာပါပဲ။

ဒီအခါမှာ ဗိုလ်မင်းက "ကျွန်တော်တို့ တပ်ကွဲပြီး ဆုတ်ခဲ့ရတာ မတ်သန်းကြောင့်ပါ။ သူက နောက်က တပ်တွေကို မစောင့်ဘဲ ရှေ့ဆုံးက ထွက်၊ တစ်ယောက်တည်း မြို့ရိုးကိုကျော်ဝင် ထိုးခုတ်၊ အလျင်စလို မီးတိုက်တဲ့ အတွက် သူ့တစ်ယောက်တည်းကို မြို့စောင့်တပ်တွေ မြင်သွားပါတယ်။





ကျွန်တော်တို့ နောက်ကတပ်တွေ အတွင်းဝင်ဖို့ မမီသေးခင်မှာ အင်းဝ တပ်တွေက မြို့တွင်းက ထွက်တိုက်လို့ ကျွန်တော်တို့ တပ်ကွဲခဲ့ရခြင်း ဖြစ်ပါတယ်" လို့ လျှောက်ပါတယ်။

ရာဇာဓိရာဇ် မတ်သန်းကိုခေါ်ပြီး "မင်း အဲဒီအတိုင်း လုပ်ခဲ့သလား" မေးတော့ မတ်သန်းကလည်း "ကျွန်တော် မြို့ရိုးကို ကျော်ဝင်မယ်လို့ ဗိုလ်မင်းကို မှာခဲ့ပါတယ်။ အမြန်လိုက်ခဲ့ပါလို့လည်း မှာခဲ့ပါတယ်။ မြို့ရိုးထက် ကျွန်တော် ခုန်ဝင်ပြီး မြို့ရိုးထိပ်မှာပဲ အစောင့်တွေကို ခုတ်သတ်ခဲ့ပါတယ်။ ပြီးတော့ မြို့တွင်းဝင်ပြီး သူတို့မြို့စောင့်တပ်ကွဲအောင် ကျွန်တော် တိုက်ခဲ့ပါတယ်။ ပြီးတော့ သူတို့ တပ်ကွဲကုန်ပြီဆိုတာ သိအောင် ကျွန်တော် မီးတိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မှာခဲ့သလို နောက်ကဗိုလ်မင်းတို့ အချိန်မီ ဝင်မလာကြပါ။ မြို့စောင့်တပ်တွေ အင်အားပြန်စုပြီး ကျွန်တော့်ကို လိုက်တဲ့ အခါကျတော့ တစ်ယောက်တည်း ဘယ်လိုမှ ခံလို့မရတဲ့အတွက် ပြန်ပြေးခဲ့ရပါတယ်။ ရာဇဒဏ်ထားတော်မူရင်လည်း ခံဖို့အသင့်ပါ" လို့ လျှောက်တင်ပါတယ်။

သုရှင် နှစ်ဖက်စကားကို ကြားရပေမယ့် ဒေါသ မပြေနိုင်ပါဘူး။ သုရှင် မိန့်ပါတယ်။ "လူကြီးက လူငယ်ကို အပြစ်ဖို့တယ်။ လူငယ်က စိတ်မြန်ပြီး လူကြီးက နှေးကွေးလေးလံတယ်။ ဒါနဲ့ပဲ အရေးကိစ္စ ပျက်ရတယ်။ ဥပမာအနိမ့်စားပေးရရင် ခရမ်းချဉ်သီးနဲ့ ငပိလိုပဲ။ ခရမ်းချဉ်သီးကို ချဉ်တယ်၊ ငါးပိကို ငန်တယ်လို့ အပြစ်ဆိုလို့ မရဘူး။ နှစ်ခုဆုံမှ ကောင်းမယ်။ အေး- နောက်ဥပမာပေးရရင် နှုတ်ရဲသူနဲ့ လက်ရဲသူလိုပဲ။ နှုတ်ရဲသူကို လက်နှေးသည်ဟု အပြစ်ဆို၍မရ၊ လက်ရဲသူကို နှုတ်လေးသည်ဟု အပြစ်ဆို၍မရ၊ နှစ်ယောက်ဆုံမှ ကောင်းသည်။ ယခုကိစ္စတွင် လူကြီးရော လူငယ်ပါ အပြစ်ရှိသည်ချည်း။ ဒါကြောင့် အပြစ်ရှိကြတဲ့ ဗိုလ်မင်းနဲ့ မတ်သန်း နှစ်ဦးစလုံးကို ကွပ်မျက်စေ..."

ဒီနေရာမှာ သုရှင်ပြောတဲ့ လူကြီးဆိုတာ နှုတ်ရေးထက်ပြီး လက်မသွက် နိုင်တော့တဲ့ ခေါင်းဆောင်ပိုင်းကို ဆိုလိုပြီး၊ လူငယ်ဆိုတာ နှုတ်ရေး မထက်ပေမယ့် လက်သွက်တဲ့ နောက်လိုက်ပိုင်းကို ဆိုလိုတယ်လို့ ခန့်မှန်းနိုင်ပါတယ်။ တစ်နည်း တွေးမယ်ဆိုရင် သဘောတရား သီဝရီ ပိုင်းသူနဲ့ လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကျွမ်းကျင်သူ သဘောမျိုးပါပဲ။ နှစ်ဦးနှစ်ဖက် မစုစည်း မပေါင်းစပ်နိုင်တဲ့အခါ အရေးကိစ္စ မအောင်မြင်နိုင်တော့ပါဘူး။

ကြည့်ရတာ၊ မတ်သန်းကလည်း စိတ်မြန်လက်မြန်နဲ့ တစ်ယောက်တည်း ဝင်ချသွား၊ ထိုးခုတ်၊ အချိန်းအချက်ကို သေချာမပြောခဲ့ (လက်ရဲ၍ နှုတ်လေး)၊ ဟို ဗိုလ်မင်းကျော်တော့လည်း အသေအချာပြောဆို စီစဉ်ချိန်းချက်ပြီးမှပဲ လုပ်တတ်ပေမယ့် လက်မြန်ခြေမြန်မရှိ (နှုတ်ရဲ၍ လက်နှေး)၊ ဒီနှစ်ခုအကြား 'ဟ' သွားတာပါပဲ။

သုရှင်ရဲ့ 'ကွပ်မျက်စေ' အမိန့်ကို 'ဈေးဆစ်' မယ့်သူ ပေါ်လာပါတယ်။ သူကတော့ သုရှင်အနီးမှာ အမြဲရှိပြီး နှိုင်းချိန်ဝေဖန် သုံးသပ်လေ့ရှိတဲ့ အမတ်ဒိန် မဏိရွှတ်ပါပဲ။ အမတ်ဒိန်က "သူတို့ အသက်ကို ချမ်းသာပေးပါဦး၊ သူတို့ အပြစ်သူတို့ ကျေအောင် ပေးဆပ်ခွင့်ပြုပါ။ ရာဇဒဏ် သင့်တာကို ပြန်လည်ချေပ ထမ်းဆောင်ခွင့်ရသူများဟာ မုန်ကျတဲ့ဆင်လို ကြမ်းတမ်းမာကျောစွာ အကောင်းဆုံး အင်အားအစွမ်းနဲ့ အမှုတော် ထမ်းတတ်ကြပါတယ်။ ဒါကြောင့် သူတို့ကို အမှုတော်ထမ်းခွင့်ပြုပါ" လို့ လျှောက်ပါတယ်။ သုရှင်က လက်ခံပြီး "ကောင်းပြီ၊ ဒီတစ်ကြိမ်တည်းနဲ့ ဒဂုန်ကို အရတိုက်၊ တပ်ဆုတ်ခွာဦးမယ်ဆိုရင် မင်းတို့နဲ့တကွ တစ်ဆွေမျိုးလုံးကို သတ်ပစ်မယ်" လို့ အမိန့်ချလိုက်ပါတော့တယ်။

ဗိုလ်မင်း သမိန်ဗြထဗိုလ်နဲ့ မတ်သန်းတို့ ရှေ့ဆုံးတပ်အဖြစ် ချီကြရပြန်ပါတယ်။ ဒီတစ်ခါတော့ အသေအချာ ချိန်းချက်ကိုက်ညှိ ညှိနှိုင်းတိုက်ကြပြီးမှ တိုက်တာဖြစ်လို့ အင်းဝမြို့စောင့်တပ်နဲ့တကွ တပ်မကြီးပါ အစိတ်စိတ်ကွဲပြီး ဘုရင်မင်းခေါင်ပါ ရေကြောင်းနဲ့ ဆုတ်ခွာသွားရပါတယ်။ မတ်သန်းကတော့ အင်းဝလှေတပ်နောက်ကို ဆက်လိုက်၊ ရေကြောင်းတိုက်ပွဲ ဆက်ဖြစ်၊ အင်းဝရေကြောင်း ရဲမက်ငါးရာခုနှစ်ဆယ်နဲ့ လှေခုနှစ်စင်းကို လက်ရဖမ်းနိုင်ခဲ့ပါတယ်။

သုရှင် ဒီအခါကျမှ အားရတော်မူလို့ မတ်သန်းကို "လဂွန်းအိန်ကိုယ်စား ငါအားထားနိုင်သူ ရပြီ" ဆိုပြီး သမိန်ဗြဘွဲ့နဲ့ လဂွန်းအိန်ရခဲ့ဖူးတဲ့ အဆောင်အယောင်ဆုလာဘ်များနဲ့ ချီးမြှင့်တယ်ဆိုပါတယ်။

မတ်သန်းကတော့ သူဖမ်းလာတဲ့ အင်းဝ စစ်သည်တွေကို –





"မင်းတို့ ဘုရင်မင်းခေါင်သိတဲ့ လဂွန်းအိန်ထက် အစွမ်းသတ္တိ ဖိုကောင်းတဲ့ ရာဇာဓိရာဇ်ရဲ့ သူရဲကောင်းတစ်ဦးဟာ ငါပဲ။ မှတ်ထား ငါ့နာမည် မတ်သန်း" လို့ ဝင့်ဝင့်ကြွားကြွား ပြောတော့ သုံ့ပန်းတွေကလည်း ကြောက်လည်းကြောက်၊ မြှောက်လည်းမြှောက် စကားနဲ့ ပြန်ပြောကြတယ် "စစ်သူရဲကြီးကို မနုဿလူသားလို့ မမှတ်ပါ။ တန်ခိုးဣဒ္ဓိဝါဒ်နဲ့ ပြည့်စုံတဲ့ နတ်သားတစ်ပါးလို့တောင် ထင်ကြပါတယ်" တဲ့။

မတ်သန်းကတော့ သဘောတွေကျပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ရှိတယ်ဆိုပါတယ်။

နှုတ်ရဲလက်နှေးသူနဲ့၊ လက်ရဲနှုတ်လေးသူတို့ အဆင်ပြေပြေ ခေါင်းမိလို့ အရေးမလှ ဖြစ်ခဲ့ကြရာကနေ အဆင်ပြေပြေ ပေါင်းမိသွားကြလို့ အောင်ပွဲရခဲ့ဖူးတဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။

အတွဲ(၄)၊ အမှတ်စဉ်(၁၉၉)၊ အတွေးသစ်ဂျာနယ်

□



www.burmeseclassic.com

www.burmeseclassic.com

# "ဖုသီ ဆင်ဖြူရသည်လော"

(ဥဇနာ)

ဗြဟ္မစိုရ်လေးပါးလို့ အသိများတဲ့ ဗြဟ္မဝိဟာရတရားလေးပါးတို့ဟာ စိတ်ကိုကောင်းအောင် ခြယ်လှယ်တတ်တဲ့ စေတသိက် ၁၄ ပါးမှာလည်း အပါအဝင်ဖြစ်ပါတယ်။ အဲဒီထဲက 'မုဒိတာတရား' နဲ့ ယှဉ်နေတဲ့ ရာဇဝင်လာ ရှားရှားပါးပါးဖြစ်ရပ် စကားတစ်ခုအကြောင်း ပြောချင်ပါတယ်။

ပင်းယခေတ် ကာလပါ။ တစ်စီးရှင် သီဟသူ အနိစ္စရောက်တော့ သားတော်ကြီးဖြစ်တဲ့ ဥဇနာက ထီးနန်းဆက်ခံပါတယ်။ ရာဇဝင်မှာ ဘုရင်များဟာ သူတို့ရဲ့ ဘုန်းအာဏာ အလျောက်၊ အရည်အချင်း အလျောက် အမည်ကောင်းဖြစ်ဖြစ်၊ အမည်ဆိုးဖြစ်ဖြစ် တစ်ခုခုတော့ တွင်ကျန်ရစ်ခဲ့ကြတာ အားလုံးအသိပါ။ တချို့က စစ်မက်ရေးရာ၊ တချို့က ဘုရားတည် ကျောင်းဆောက် ကုသိုလ်ဒါန၊ တချို့က တိုင်းပြည်ထူထောင်ရေး၊ တချို့က ဉာဏ်ပညာ ကျန်းဂန်ဗဟုသုတ စသည်ဖြင့် ချန်ထားရစ်ခဲ့ကြပါတယ်။ တချို့ကျတော့လည်း မိဖုရားအများကြီးယူ၊ တချို့ကျတော့လည်း စည်းစိမ် အလွန်ယစ် စသည်ဖြင့် အကောင်းမဟုတ်တဲ့ ဘက်ကလည်း တွင်ရစ်ခဲ့ကြပါသေးတယ်။ ဒီအထဲမှာ ခုပြောမယ့် ဥဇနာမင်းကတော့ ရာဇဝင် စာမျက်နှာ





တစ်ရွက်မှာ သိမ်သိမ်မွေ့မွေ့ ထူးထူးခြားခြားလေးလို့ ပြောစရာ အမွှေးတင်စေခဲ့တယ် ဆိုနိုင်ပါတယ်။

တကယ်တော့ ဥဇနာမင်းရဲ့ ဆောင်ရွက်ချက်တွေထဲမှာ 'စကား ခုနစ်ကျောင်း'ကို ဆောက်လုပ် လှူဒါန်းခဲ့တာဟာ ထင်ရှားတဲ့ လုပ်ရပ်တစ်ခု ဖြစ်သင့်ပါတယ်။ ပင်းယ စကားခုနစ်ကျောင်းဆိုတာ သာသနာတန်ဖိုး၊ ယဉ်ကျေးမှု သမိုင်းတန်ဖိုးကြီးတဲ့အရာ မဟုတ်ပါလား။ သို့သော် ဥဇနာ ဆိုတဲ့ အမည်နာမဟာ သူ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ စကားခုံနစ်ကျောင်းနဲ့ ယှဉ်တွဲပြီး ပေါ်လွင်ခဲ့ခြင်း မရှိလှပါဘူး။ ဥဇနာမင်းဟာ အခြားကျောင်း (ဘုန်းတော်ကြီးကျောင်း) များကို ဆောက်လုပ် လှူဒါန်းခဲ့ရာမှာ ဇမ္ဗူကာ၊ ဝေဠုဝန်၊ အိမ်နိမ့်၊ ဇေတဝန်၊ ကုလားကျောင်း၊ ရွှေကျောင်း၊ တောင်စွန်ကျောင်းစသည်ဖြင့် ပါဝင်ကြပါသေးတယ်။

ဒါက ကုသိုလ်ကောင်းမှုဘက်ပါ။ ပင်းယပြည်နဲ့ ပတ်သက်ပြီးတော့လည်း မြင်းအစု၊ ကာအစု၊ လေးအစုတွေ ဖွဲ့စေပါသေးတယ်။ အစုဆိုတာ တပ်ဖွဲ့တဲ့ သဘောပါပဲ။ သို့သော် ဒီဆောင်ရွက်ချက်ကလည်း ဥဇနာမင်းကို ရာဇဝင်ထဲမှာ သိသိမှတ်မှတ် နေရာမရစေခဲ့ပြန်ပါဘူး။

ဥဇနာမင်းကို မမေ့နိုင်စရာ ဖြစ်ရပ်နဲ့ စကားက…။

ပင်းယမင်းဆက် စတင် ထူထောင်တဲ့ တစ်စီးရှင် သီဟသူမင်းက စပြောရပါမယ်။ သီဟသူဟာ ပုဂံကျော်စွာမင်းကို နန်းချပြီး နန်းတက်လာတဲ့ လက်ရုံး နှလုံးကောင်းမင်းပါ။ သူ ဘုရင်ဖြစ်လာတော့ နန်းကျကျော်စွာမင်းရဲ့ မိဖုရား မိစောဦးကို သိမ်းပိုက်ပြီး တောင်နန်းမိဖုရား ထားပါတယ်။ ဒီအချိန်က မိစောဦးမှာ နန်းကျကျော်စွာနဲ့ ပဋိသန္ဓေ သုံးလပါလာခဲ့တယ်။ ဒီပဋိသန္ဓေက ဥဇနာကို ဖွားမြင်ပါတယ်။ နောက်တစ်ခါ သီဟသူနဲ့ မိစောဦးတို့ကပဲ သားတစ်ယောက် ထပ်မြင်ပါတယ်။ သူ့ကို ကျော်စွာလို့ပဲ အမည်ပေးပါတယ်။ ဒီတော့ ဥဇနာနဲ့ ကျော်စွာတို့ဟာ ညီအစ်ကို သွေးချင်းဖြစ်သော်လည်း (မိခင် မိစောဦးတစ်ဦးတည်းက ဖွားမြင်ပေမယ့်) ဖခင်ချင်း မတူကြပါဘူး။ ဥဇနာရဲ့ ဖခင်က နန်းကျကျော်စွာမင်း၊ ကျော်စွာနဲ့ ဖခင်က သီဟသူပါ။ အရပ်စကားနဲ့ ပြောရင်တော့ မအေတူ ဖအေကွဲ ညီအစ်ကိုပေါ့။

တစ်အူထုံ့ဆင်း မိတူဖတူ ညီရင်းအစ်ကိုတွေသော်မှ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြောင့် စိတ်ဝမ်း မညီမညွတ်၊ သံယောဇဉ် မကျစ်မလျစ် ရှိကြတာဆိုတော့ ဖအေမတူတဲ့ သူတို့ညီနောင်ကြားမှာ ဆက်ဆံရေး ကျဲနေခဲ့တာဟာ အပြစ်ဆိုဖွယ် မရှိပါ။ ပြီးတော့ ဖခင် (ခမည်းတော်) များကလည်း ဘုရင်တွေ မဟုတ်ပါလား။ ဒါကြောင့် ဥဇနာနဲ့ ကျော်စွာတို့ဟာ နောင်တော်ရဲ့ ညီတော်ရဲ့ဆိုပြီး ဖက်လှဲတကင်း မရှိခဲ့ကြပါဘူး။ အကြီးက အငယ်ကို ညီ မခေါ်သလို၊ အငယ်ကလည်း အကြီးကို နောင် မခေါ်ပါဘူး။

ဒီလိုနဲ့ တစ်စီးရှင် သီဟသူ အနိစ္စရောက်တော့ အရင်ကတည်းက မြတ်နိုးစွာနဲ့ အိမ်ရှေ့ပေးခဲ့တဲ့ ဥဇနာဟာ မင်းဖြစ်လာခဲ့ပါတယ်။ ကျော်စွာကတော့ သူ့ခမည်းတော် ကျော်စွာ လက်ထက်ကတည်းက အပိုင်စားရခဲ့တဲ့ ပင်လယ်မြို့ကို ဆက်လက်အပိုင်စားပါတယ်။ ဒါကြောင့် သူ့ကို ပင်လယ်စား ကျော်စွာလို့ လူသိများပါတယ်။ ပိုပြီး လူသိများတာကတော့ 'တမောင်း တမောင်း တို့တမောင်းသည်၊ တမောင်းဘကောင်းသားလော'ဆိုတဲ့ ကာချင်းကို ရေးစပ်သီဆိုသူ၊ ကာကစားသူ၊ ကာကသူအဖြစ် စာပေ ယဉ်ကျေးမှုနယ်မှာ ထင်ရှားခဲ့ပါတယ်။ ဒါ့ထက်ပိုပြီး ထင်ရှားတာကတော့ 'ငါးစီးရှင် ကျော်စွာ' ဆိုတဲ့ အမည်ပါပဲ။

ဆင်ဖြူတော် ရရှိပိုင်ဆိုင်ခြင်းဆိုတာဟာ မြန်မာမင်းများအတွက် ဘုန်းကျက်သရေ ပြည့်စုံကြီးပွား တိုးတက် များပြားခြင်း... လို့ အဓိပ္ပာယ်ရပါတယ်။ ဥဇနာမင်းက ကျော်စွာကို မြင်းလေးဆယ်၊ ကာလေးဆယ် ဖွဲ့တော်မူ (လက်ဆောင်ပေး) ထားပါတယ်။ ကျော်စွာဟာ သိကြားမင်းပေးတဲ့ အိပ်မက်ကို ရပြီးနောက်မှာ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး ခြိုးခြံစွာ နေထိုင်ခဲ့တယ်လို့ ဆိုပါတယ်။ အိပ်မက်ထဲမှာ ဆင်ဖြူရအံ့ဆိုတာလည်းပါပါတယ်။ လက်ငါးချောင်းကို (မသန့်မစင်ထိလူး) အိပ်မက်လည်း မက်တယ်ဆိုပါတယ်။ မကြာခင်မှာပဲ ဆင်ဖြူတွေ့ကြောင်း လျှောက်ထားလာကြလို့ ကျော်စွာဟာ ကိုယ်တိုင် ဆင်ကြော့ပါတယ်။ ဆင်ဖြူတွေ ရပါတယ်။ တစ်စီးတည်း မဟုတ်ပါ။ လှိုင်းတက်အရပ်က တစ်စီး၊ မုံတောမြောင်းကျပ်က တစ်စီး၊ ပျက်စွယ်တောင်ခြေရင်းက တစ်စီး၊ စမုံဖျားက တစ်စီး၊ သဘာန်းကိုးရွာမြောက်လွန်တဲ့ ညွန့်ကျုံးက တစ်စီး၊ အားလုံး ဆင်ဖြူငါးစီးပါ။ ဆင်ဖြူတော်တွေကို ပုလဲတမူး၊ မဟာကေသရ၊ သန်မြန်စွာ၊ ဥပေါသထား





ချစ်စွာမရဲလို့ အမည်မှည့်ပါတယ်။ ကျော်စွာဆင်ဖြူငါးစီးကို ကိုယ်တိုင်တောဆင်း၊ တောနင်း၊ လွန်ကြော့ပြီး ရရှိပိုင်ဆိုင်လိုက်တဲ့ အဲဒီသတင်းဟာ ထိုစဉ်က ပင်းယတစ်လွှားမှာတော့ အကြီးကျယ် အလှုပ်ခတ်ဆုံး ဖြစ်ခဲ့မှာပါ။ သူ့ခမည်းတော် သီဟသူမင်းကြီးသော်မှပင် စမုံမြစ်ထဲ မျောလာတဲ့ ဆင်ဖြူအမ အသေကို ဆယ်ယူထုမတ် စီးနင်းပြီး တစ်စီးရှင် တစ်စီးရှင်ဘွဲ့ ခံခဲ့ရတာကလား...။

ဆင်ဖြူငါးစီးရှင် ကျော်စွာဆိုတဲ့ ဂုဏ်ဒြပ်ဟိတ်ဟာ အလွန်ကို ကြီးမားခဲ့မှာပါ။ ဘုန်းတန်ခိုးအာဏာ ဘဝကုသိုလ်ကံ ကြီးမားကြောင်းရဲ့ သင်္ကေတဖြစ်ပါတယ်။ ကျော်စွာဆင်ဖြူငါးစီးရကြောင်း သတင်းဟာဥဇနာရဲ့ နန်းတော်ဆီကိုလည်း ကြီးစွာ ဂယက်ရိုက်ခဲ့မှာပါ။ ပင်လယ်မြို့ကို စားရတဲ့ အငယ်လူက ဆင်ဖြူငါးစီးရတယ်ဆိုတာဟာ သွယ်ဝိုက်သောနည်းအားဖြင့် ဥဇနာရဲ့ ထီးဖြူပလ္လင်ကို ခြိမ်းခြောက်ရာ ရောက်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒီသက်ရောက်မှုကို ဥဇနာမင်းကလည်း တုံ့ပြန်ခဲ့ပါတယ်။ တုံ့ပြန်ပုံက...

အမတ်တစ်ဦးက ကျော်စွာ ဆင်ဖြူငါးစီးရကြောင်း ဥဇနာခင်းကို လျှောက်တဲ့အခါမှာ "ငါ့ညီ ဆင်ဖြူရသည်လော..." လို့ ဝမ်းပန်းတသာ ပြန်မေးလိုက်ခြင်းပါပဲ။ ဒီစကားလေးထဲမှာ အင်မတန် အရေးကြီးတဲ့ အင်္ဂါရပ်နှစ်ခု ပါရှိနေပါတယ်။ တစ်ခုက 'ငါ့ညီ' ဆိုတဲ့ အသုံးအနှုန်း၊ တစ်ခုက 'မုဒိတာတရား'။

ဖခင်ချင်း ကွဲပြားကြလို့ ဥဇနာကျော်စွာဟာ 'ညီ'၊ 'နောင်' မခေါ်ကြပါဘူး။ ဥဇနာက ကျော်စွာကို 'ညီ' လို့ တစ်ခါမှ မခေါ်ခဲ့ဖူးပါဘူး။ အခု 'ငါ့ညီ' လို့ခေါ်လိုက်တာဟာ အလွန်ကို ထူးခြားလေးနက်တဲ့ အဓိပ္ပာယ်တွေ အပြည့်ပါ။ အမတ်က လာလျှောက်ချိန်မှာ ဥဇနာဟာ ဥဇနာ မဟုတ်ဘဲ အခြားသူ တစ်ဦးဖြစ်နေခဲ့ရင် 'သင်း ဆင်ဖြူရသတဲ့လား'၊ 'ဩ ငါးစီးတောင်မှ ပဲလား'၊ 'သင်းက သည်သို့လား' စသည်ဖြင့် ပြောကောင်းပြောနိုင်ပါတယ်။ သို့တည်းမဟုတ် ဘာမှမပြောနိုင်လောက်အောင် ဖြစ်သွား၊ မျက်နှာကွက်ခနဲပျက်၊ မည်းခနဲညိုပြီး အတွင်းဆောင်ထဲ အမြန်ဝင်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အခုတော့ ဥဇနာက ဝမ်းပန်းတသာနဲ့ "ငါ့ညီ ဆင်ဖြူရသည်လော" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အမတ်က ဥဇနာမင်း ဒီလိုမိန့်ကြောင်း ကျော်စွာကို ပြန်သတင်းပို့ပါတယ်။ ကျော်စွာ ဘယ်လိုဖြစ်သွားပါသလဲ၊ ဆင်ဖြူငါးစီး ရထားတဲ့ မာန်နဲ့ငါမှငါ ဖြစ်နေပါသလား၊ မဟုတ်ပါ။ "ငါ့နောင်တော်သည် ငါ့ကို ညီဟု မခေါ်ဖူးမြဲ ယခု ညီဟုခေါ်ပေသည်" ဆိုပြီး ကြီးစွာ ပီတိနဲ့ ကြည်နူးလှတဲ့အတွက် လာပြောတဲ့အမတ်ကို ဆင်မ တစ်စီး ဆုချလိုက်ပါတယ်။ နောက်တစ်ခါ အမတ် တစ်ယောက်က ဥဇနာမင်းကို ကျော်စွာ ဆင်ဖြူရကြောင်း လျှောက်ပြန်ပါတယ်။ ဒီမှာလည်း ပထမနည်းတူ "ငါ့ညီ ဆင်ဖြူရသည်လော" လို့ မေး(ကျူးရင့်) ပြန်ပါတယ်။ အမတ်က ကျော်စွာကို ပြန်လျှောက်၊ ကျော်စွာ ဝမ်းသာ၊ အမတ်ကို ဆင်မ တစ်စီး ဆုချပြန်ပါတယ်။

အမတ်တွေရဲ့ သဘောထား ဘယ်သို့ ရှိသလဲတော့ မသိနိုင်ပါဘူး။ အစိုးရိမ်လွန်ပြီး တိုင်တာပဲလား။ မျက်နှာလိုအားရပဲ လျှောက်တာလား မပြောတတ်ပါ။ ဥဇနာမင်း တုံ့ပြန်လိုက်တဲ့ 'ငါ့ညီ' ဆိုတဲ့ စကားတစ်ခွန်းကတော့ ကျော်စွာရင်ကို ပီတိများနဲ့ ပြည့်လျှမ်းစေခဲ့ပါတယ်။

ပြည့်စုံကြွယ်ဝ ချမ်းသာသူများကို မြင်ရကြားရတဲ့အခါမှာ စိတ်ထားဖြူလွယ်သူတို့အဖို့ 'သြော် တော်ပါပေတယ်၊ ကောင်းပါပေတယ်၊ ကောင်းစွ၊ ကောင်းစွ၊ ရှေးကောင်းမှုကံ ယခုကောင်းမှုကံကြောင့် ယခုလို ချမ်းသာရပေတာပဲ' လို့ ဖြစ်ပေါ်လာတဲ့ မုဒိတာ။

တစ်ဖက်လူ သမ္ပတ္တိဆိုက်နေစဉ်မှာ မမြင်လို မကြားလိုဘဲ အဘိဇ္ဈာနဲ့ ဣဿာအားကြီးသူတွေမှာတော့ မုဒိတာ မထားနိုင်ကြပါဘူးလို့ ဆိုပါတယ်။

'ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု' (ရရှိသော ချမ်းသာမှ လက်မလွတ်ပါစေသတည်း) ဆိုတာဟာ မုဒိတာပို့နည်း ဖြစ်ပါတယ်။ သာမန်အားဖြင့်သော်မှ ထားရှိပို့လွှတ်ဖို့ ခက်ခဲနေတတ်ကြတဲ့ မုဒိတာတရားကို ထီးနန်း ပလ္လင်တွေ ဝန်းရံနေတဲ့ကြားက ဥဇနာမင်း ထားရှိပွားများလိုက်နိုင်တာဟာ ချီးကျူးစရာစင်စစ်ပါပဲ။

ဒါတင်မကသေးပါ။ "ငါ့ညီဟာ ဘုန်းရှင်ကံရှင် စင်စစ်ဖြစ်ပါပေတယ်။ သူ့ရဲ့ ဘုန်းကံတန်ခိုးကို ငါတော့လေးစားစွာ အသိအမှတ်ပြုပါတယ်။ ထီးနန်းပလ္လင် အရေးမှာလည်း ငါ့ထက် သာလွန်သူ ဖြစ်ပေတယ်" လို့ မပြောဘဲ အလုပ်နဲ့ သာဓက ထင်ရှားပြသွားပါတယ်။ အဲဒါကတော့...





"ငါ့ညီ ငါ့စည်းစိမ်ကို ယူပါစေ။ ငါမူကား ပဲ့အောင်းမှုစကား ခုနစ်ကျောင်းကို လှူလိုသမျှ လှူ၍နေတော့မည်" လို့ ဆိုပြီး နန်းတော်အနောက်တံခါးက ထွက်ခွာခဲ့ပါတယ်။ ဒီအခါ ညီတော် ငါးစီးရှင်ကျော်စွာလည်း နန်းတော် အရှေ့တံခါးက ဝင်ခဲ့ပါတယ်။ သက္ကရာဇ် ၇၀၄ မှာ ငါးစီးရှင်ကျော်စွာ မင်း ဖြစ်ပါတယ်။

ရာဇဝင်ကျမ်းမှာတော့ 'နောင်တော် ဥဇနာမင်းကြီးသည် ညီတော်ကို ခန့်ညားရှိန်ရှားတော်မူသည်ဖြစ်၍' လို့ ဆိုပါတယ်။ မိမိထက် သာလွန်တာကို အထင်အရှား မြင်တွေ့ရတဲ့အခါ ခန့်ညားရှိန်ရှားတာမျိုး ဖြစ်ပေါ်ချင်လည်း ဖြစ်ပေါ်မှာပါ။ သို့သော် "ငါ့ညီ ဆင်ဖြူရသည်လော" ဆိုတဲ့စကားနဲ့ ချိတ်ကြည့်မယ်ဆိုရင်တော့ ဥဇနာမင်းရဲ့ ပကတိ တရားကိုယ် ခံတတ်ဟာ ရှာမှ ရှားတဲ့ 'မုဒိတာ' ဖြစ်ကြောင်း ထင်ရှားစွာ တွေ့နိုင်မှာ ဖြစ်ပါတယ်။

(ဒီပြဟ္မဝိဟာရတရားကနေ တစ်ဆင့် ဥဇနာမင်း ဆက်လက်တိုးတက် ရင့်ကျက်သွားပုံ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စကားခုနစ်ကျောင်းမှာ လှူဒါန်း လုပ်ကျွေးနေခဲ့ရာကနေပြီး မကွေးရာအရပ်မှာ တောဝင်တော်မူ၏လို့ တွေ့ရပါတယ်။ ဥဇနာမင်းကြီးဟာ ပိုမိုခက်ခဲတဲ့ ဥပေက္ခာအဆင့်အထိ ရောက်ရှိမြင့်တက်သွားခဲ့ပြီ ထင်ပါတယ်။

အတွဲ(၄)၊ အမှတ်စဉ်(၂၀၀)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## "ငါသော်ကား မပေး။ အဘိုးရာဇာပေးကောင်း၏ဟူ၍က ရစေ"

## (ဘုရင်မင်းခေါင်)

ဆုံးမစာပေါင်းချုပ်စာအုပ်ကို အခါအခွင့်သင့်တိုင်း ဖွင့်လှန်ဖတ်ရှု ဖြစ်ရာမှာ ညောင်ပင်သာ ဦးပုညရဲ့ သုတရတနာဆုံးမစာ (သံပေါက်) ထဲက (မိတ်ကောင်းဆွေရင်း၊ ကောင်းသတင်း၊ အချင်းသိအောင် ဖွင့်ရမည်) (မိတ်ဆွေဖော်ပေါင်း၊ ကောင်းမကောင်း၊ အကြောင်းချိန်ထောက် ချင့်ရမည်) (ပရိသတ်ပုံ၊ မိတ်ကောင်းဂုဏ်၊ ယုံကြည်လောက်အောင် မြှင့်ရမည်) (ဆိုခွင့် ပြုခွင့်သင့်မသင့်၊ နှိုင်းချင့်အခါလင့်ရမည်)... ဆိုတဲ့ အပိုဒ်တွေဖတ်မိတော့ ဘုရင်မင်းခေါင်နဲ့ သူ့ရဲ့စကားတစ်ခွန်းကိုပါ ဆက်စပ်သတိရမိပါတယ်။

နောက်ခံအကြောင်းလေးက ဒီလိုပါ။ ဘုရင်မင်းခေါင်ရဲ့ ငယ်နာမည် က မင်းဆွေတဲ့၊ သူ့ညီက ရှင်သိဒ္ဓတ်တဲ့။ ခမည်းတော်က မင်းကြီးစွာစော်ကဲ ဖြစ်ပါတယ်။ သို့သော် မယ်တော်ဘက်ကတော့ မင်းမျိုးမင်းသွေး မဟုတ် ခဲ့ပါ။ မင်းကြီးစွာစော်ကဲ တိုင်းခန်းလှည့်လည်စဉ်က ကန်ဇွန်းနိမ့်ရွာရှိ မိဘောဇာကို တွေ့မြင်နှစ်သက်ပြီး သိမ်းပိုက်ခဲ့ရာက မင်းဆွေတို့ ညီနောင်နှစ် သမီးရှင်မြတ်လှ (နောင်–သုပဘာဒေဝီဘွဲ့ခံ) တို့ကို ဖွားမြင်ခဲ့ပါတယ်။





မင်းကြီးစွာမှာ သားတော်ကြီး အိမ်ရှေ့မင်း ဆင်ဖြူရှင် တရုတ်ပြည်မှာ ဖဲ့အတွက် နောင်တစ်ချိန် တရဖျား မင်းဖြစ်လာရင် မင်းဆွေတို့ကို အန္တရာယ် ပြုချေရဲ့ဆိုပြီး ငယ်စဉ်ကပဲ အဝေးအရပ်မှာ ရှောင်နေစေပါတယ်။ ထွန်းတုံးဇု တက် တောင်ဘက် ကျောက်ဆည်ပန်းထိမ်မဖဲအရပ် ဒေသမှာ မင်းဆွေနဲ့ ရှင်သိဒ္ဓတ်တို့ဟာ ကလေးဘဝကတည်းက သွားနေရပါတယ်။ အဲဒါဟာ မင်းဆွေ ကိုးနှစ်သား၊ ရှင်သိဒ္ဓတ် ခုနစ်သား အထိပါပဲ။ ညီနောင်နှစ်ဦးကို ထိန်းကျောင်းပြုစုဖို့ ငခင်ညိုနဲ့ ငခင်ဘဆိုတဲ့ အထိန်း နှစ်ယောက်ကိုတော့ ထည့်ပေးလိုက်ပါတယ်။ (မင်းဆွေ ကိုးနှစ်သား ရောက်မှ ပြန်ခေါ်ပြီး ပင်လယ်ကျေး သဃ်ရာဇာထံအပ် စာသင်စေပြီး မင်းသား အဆောင် အယောင်နဲ့ ပြင်စည်မြို့ကို ပေးတယ်ဆိုပါတယ်)

အဲဒီလိုဆင်းရဲ ချို့ငဲ့စွာ နေထိုင်ခဲ့ရတဲ့ ကာလတွေအတွင်း အထိန်း တော် ငခင်ညိုက ငြင်းကိုမှုတ်လို့၊ ငခင်ဘက နတ်ကလို့ မင်းညီနောင် နှစ်ပါးကို လုပ်ကျွေးခဲ့တာပါ။ ဒါကြောင့် ငခင်ညိုနဲ့ ငခင်ဘတို့ဟာ မင်းဆွေ (မင်းခေါင်) ရဲ့ ကျေးဇူးရှင်၊ ငယ်ကျွန် လက်စွဲကြီးတွေ ဖြစ်ပါတယ်။

နောက်တော့ မင်းကြီးကျော်စွာ၊ တရဖျားအပြီး မင်းခေါင်ဘုရင် ဖြစ်ပါတယ်။ မင်းခေါင်ဟာ ကျေးဇူးသိတတ်သူပါ။ ဒါကြောင့် မိမိငယ်စဉ်က ဆင်းရဲပင်ပန်းစွာနဲ့ မငြီးမငြင် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ငခင်ညို၊ ငခင်ဘတို့ ကို ချီးမြှောက်ဖို့ စီစဉ်ပါတယ်။ ဒီအချိန်မှာ ခမည်းတော် မင်းကြီးစွာ လက်ထက် ကတည်းက ခန့်ထား အားကိုးခဲ့ရတဲ့ ပညာရှိ စည်းတပစ်အမတ် ကြီးကိုလည်း မင်းခေါင်က သူ့လက်ထက်မှာ မင်းရာဇာဆိုတဲ့ ဘွဲ့မည်နဲ့ ချီးမြှောက်ခဲ့ပါပြီ။ ဝန်ဇင်းမင်းရာဇာလို့ လူသိများသူ ဖြစ်ပါတယ်။

ဘုရင်မင်းခေါင်အနေနဲ့ ကျေးဇူးရှင်လည်းဖြစ်၊ လူယုံငယ်ကျွန်လည်း ဖြစ်၊ မိတ်ဆွေကောင်းလည်းဖြစ်တဲ့ ငခင်ညိုနဲ့ ငခင်ဘတို့ကို ချီးမြှောက်ဖို့ အရေးမှာ စဉ်းစဉ်းစားစား ဆောင်ရွက်ခဲ့ရပါတယ်။ ငခင်ညိုနဲ့ ငခင်ဘတို့ဟာ တစ်ယောက်က ငြင်းမှုတ်၊ တစ်ယောက်က နတ်ကပြီး ရှာဖွေကျွေးမွေး ခဲ့တာတော့ မှန်တယ်။ သို့သော် လူရည်လူသွေးက ရှိပါသေးတယ်၊ အမတ် ကြီး မင်းရာဇာဆိုတာကလည်း အနီးကပ်နေ (ခစား)ရင်း ဘုရင့် အလိုအလျော တိုင်း လိုလိုမှာ သင့်မသင့် လျော်မလျော် အမြဲဆုံးမ (သံတော်ဦးတင်) လေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



တာတလား။ ဒီအရေးအရာတွေထဲမှာ ရာထူးဌာနနဲ့ ခန့်အပ်ရေးတွေလည်း ပါပါတယ်။

ဒါကြောင့် ဘုရင်မင်းခေါင်က ဦးစွာ ခေင်ညိုကို သစ်ယာဘွဲ့နဲ့ တောင်ငူစား ခန့်အပ်လိုက်ပါတယ်။ ဆင် ၇၀ လည်း ပေးတယ်ဆိုပါတယ်။ မင်းရာဇာရဲ့ ဆုံးမပဲ့ပြင်မှုကိုလည်း ခံယူလို့ မိန့်မှာပါတယ်။ ငြင်းမှုတ်တဲ့ ခေင်ညိုဟာ တူရိယာဂီတမှာ သာမက မင်းရေးမင်းမှု၊ မြို့ရေးရွာမှုမှာလည်း ကျွမ်းကျင်နိုင်နင်းတဲ့ အရည်အချင်းရှိသူ ဖြစ်ပုံရပါတယ်။

ခက်နေတာကတော့ ခေင်ဘပါပဲ။ နတ်က ကတောတ်တဲ့ ခေင်ဘဟာ ဘယ်လို ကိုယ်ရည်ကိုယ်သွေး ရှိသူလဲဆိုတာ ရာဇဝင်ကျမ်းတွေထဲမှာ မပါပါ။ သို့သော် ခေင်ညိုနဲ့ နှိုင်းယှဉ်ကြည့်ရင် ခေင်ဘဟာ အစွမ်းအစ နည်းရှာပုံရပါတယ်။ ဒါကြောင့်လည်း ခေင်ညိုကို တောင်ငူစား ပေးပြီးပေမယ့် ခေင်ဘကိုတော့ ဘုရင်မင်းခေါင်က အပါးတော်မှာပဲ ခစားစေပါတယ်။ ဘုရင့်အပါးဆိုတော့ ကောင်းကောင်းနေ ကောင်းကောင်းစားရမှာပါ။ သို့သော် မြို့စားနယ်စား ဘွဲ့မည်နာမရယ်လို့ သိသိမှတ်မှတ် သူကောင်းပြု မခံရသေးပါ။ ကြည့်ရတာကတော့ ခေင်ဘ(ကြီး)ဟာ ရိုးပုံရိုးအနဲ့ ဘုရင့်အပါး ခစားနေရင်း သူဝါသနာပါတဲ့ ပွဲလမ်းသဘင် ကြည့်ရှုနားဆင် နေရတာနဲ့ပဲ အတော် ကျေနပ်ခဲ့မယ် ထင်ပါတယ်။ ဒါပေမဲ့ ငြင်းမှုတ်တဲ့ ခေင်ညိုတောင် တောင်ငူစား ရသေးတာ၊ နတ်ကတဲ့ ငါ့ကိုလည်း တစ်ချိန်တော့ တစ်ခုခု ပေးမှာပါလေလို့လည်း တိတ်တခိုး မျှော်လင့်နေပုံ ရပါတယ်။

ဒီလိုနဲ့ တစ်နေ့ ဘုရင်မင်းခေါင်ဟာ ပွဲတော်တည်ရင်းနဲ့ ထမင်း(ဆန်) ကောင်းကြောင်း၊ ဒါဟာ စကုမြို့က ထွက်တဲ့ သီတာဆန်နဲ့ ချက်တာ ဖြစ်ကြောင်း၊ စကုလယ် ကောင်းကြောင်း စကားစပ် မိန့်ကြားရင်းနဲ့ 'စကုမြို့စား နေရာလစ်လပ်ရင်တော့ ခေင်ဘကို ပေးရမှာပ' လို့ ပြက်ရယ်သဘော စကား ဆိုလိုက်ပါတယ်။ အလေးအနက် မဟုတ် အမှတ်မထင် ပြောလိုက်တာလို့ ဆိုပါတယ်။

ခေင်ဘ(ကြီး)က ဒါကို စွဲမှတ်သွားပါလေရော၊ သူ့ကိုသူ စကုမြို့စား လောင်းဖြစ်သွားပြီလို့ နားလည်လိုက်ပါလေရော၊ မကြာခင် စကုမြို့စား နေရာက လစ်လပ်သွားတော့ ခေင်ဘလည်း ငါစကုမြို့စား ဖြစ်ပြီဆိုပြီး





စကုကို ထွက်မယ်ပြင်ပါတယ်။ ပြင်ပုံက ငွေတစ်ရာ သူများဆီကချေး လှော်ကားလှေကို ပြင်ဆင်ပြီး နံနက်ထွက်ခါနီးမှာ ကြေးစည်တီး စမ်းလိုက်တာပါပဲ။ ကြေးစည်သံ ကြားတော့ ဘုရင်မင်းခေါင်က မေး...။ ခေင်ဘတာ အစီအစဉ်ကို သိရ၊ အဲဒီမှာ ခက်ကုန်တော့တာပါ။

ခေင်ဘလုပ်ပုံက ဟုတ်မှမဟုတ်ဘဲကိုး။ မြို့စားဆိုတာက ဘုရင့် အမိန့်တော်မှတ်ပြီး ဆိုင်ရာက ထုတ်ပြန်ခန့်အပ်၊ စာချွန်လွှာ၊ မောင်းကြေးနင်း ...စသည်ဖြင့် 'ပြန်တမ်း' ထုတ်ပြီးမှ အရာမြောက်တာ။ အခုတော့ ဘုရင်မိန့်ဖူး တဲ့ စကားလေး တစ်ခွန်းပဲ ရှိတာကို ခေင်ဘက အတည်ယူပြီး လုပ်လိုက် တော့ ရွှေနန်းရှင် အရှက်တော်ရ၊ ရာဇက္ကန္ဒြေ ယွင်းရတော့မယ် အကွက်မျိုး ဆိုက်ခဲ့တော့တာကလား။ တရားဝင် မခန့်အပ်ဘဲ မြို့စား တက်လုပ်ရင် ခေင်ဘကတော့ ငါ့ကို ဘုရင်နှုတ်မိန့်နဲ့ ခန့်ပြီးသားလို့ ပြောရဲမှာ ဖြစ်ပေမယ့် အများအဖို့တော့ ကဲ့ရဲ့စရာ ဖြစ်လာတော့မှာကိုး။

ဒီတော့ မတတ်နိုင်ဘူး။ သင်းကို ငါစကုမပေးချေ၊ ခေင်ဘကို ခေါ်လို့ အမိန့်တော်နဲ့ ဆင့်လိုက်ရပါတယ်။ ပြီးတော့ ဝန်ဇင်းမင်းရာဇာ အမှူးပြုတဲ့ မှူးမတ်များကိုပါခေါ်ပြီး ခေင်ဘ လုပ်ပုံ စစ်မေးရတော့တယ်။ ကျေးကျွန် အမှုထမ်းလေး ငါးဆယ်ယောက်လောက်တောင် မရှိပါဘဲနဲ့ မြို့စားလုပ်မယ် ဆိုတာ တော်မတော်မေးတော့ ခေင်ဘမှာ ကြောက်လည်းကြောက်၊ ရှက် လည်းရှက်၊ ဝမ်းလည်းနည်းဖြစ်ပြီး စကုမြို့စား နေရာမှာ လစ်လပ်ရင် ပေးမယ်ဆိုလို့ ဘုရင့်အမိန့်ရှိခဲ့ဖူးလို့ အခု ငွေတစ်ရာချေးပြီး လှေပြင်မိတာ ဖြစ်ပါတယ်။ အခုတော့ ငွေတစ်ရာ ကြွေးတင်တာပဲ အဖတ်တင်ပါတော့ တယ်လို့ ပြောပြီး ငိုယိုလျှောက်ထားပါလေရော။ ဘုရင်မင်းခေါင်လည်း ခေင်ဘ လုပ်ပုံ မဟုတ်လွန်းလို့သာ ခေါ်ပြီးတားမြစ်မာန်မဲရပေမယ့် ငယ်ဘဝ ကျေးဇူးရှင်ကြီး ဒီလိုဖြစ်တယ်ဆိုတော့ ဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲ။ ဘုရင်မင်းခေါင်မှာပါ အခက်ကြုံရတော့တာပါပဲ။ ရွှေနန်းတော် ကျွင့်ထုံး ပြည်သူအများက တစ်ဖက်၊ ရိုးအမိုက်မဲတဲ့ ကျေးဇူးရှင်က တစ်ဖက်။

ဒီအကျပ်အတည်းကို ဝင်ရောက်ဖြေရှင်းပေးလိုက်သူက ဝန်ဇင်းမင်း ရာဇာပါ။ မြို့စားပေးမယ်ဆိုတဲ့ စကားမိန့်ဆိုဖူးတဲ့အတွက် ပေးသင့်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောဇုန်းရှိသော ကျေးဇူးဆပ်အပ်သော သူလည်းဖြစ်ကြောင်း လျှောက်တင်လိုက်ပါတယ်။

ဒီအခါမှာ သက်သာရာရသွားတဲ့ ဘုရင်မင်းခေါင်က–

"ငါသော်ကား မပေး အဘိုးရာဇာ ပေးကောင်း၏ ဟူကရစေ" လို့ မိန့်ကြားလိုက်ပါတယ်။ ဒီစကားဟာ အလွန်တာသွားတဲ့ စကားဖြစ်ပါတယ်။ ခေင်ဘရဲ့ လက်လွတ်စပယ်ပြုပုံကို ခွင့်မလွှတ်။ မင်းတို့ရဲ့ အကျင့်တရား ရာဇအာဏာနဲ့အညီ တရားဝင် မပေးသေးဘဲ ယူတဲ့အပြစ်ကို သည်းမခံဆိုတဲ့ သဘောနဲ့ "ငါသော်ကား မပေး" လို့ဆိုပါတယ်။ တစ်ဖက်ကလည်း "အဘိုးရာဇာ ပေးကောင်း၏ ဟူကရစေ" ဆိုရာမှာ ဘိုးရာဇာစကားထဲမှာ ကျေးဇူးရှင် ဆိုတာပါတယ် (ဟုတ်လည်းဟုတ်တယ်) မြို့စားပေးမယ် ပြောဖူးတဲ့ အတွက် ဆိုတာလည်းပါတယ်။ ဒါကြောင့် မင်းတို့စကား အမှားမခံ နှစ်ခွန်းမရှိ၊ စကားတည်ခြင်းဆိုတာလည်းပါအောင် ကျေးဇူးရှင်ဆိုတာကိုလည်း နားလည်သိမှတ်မူ ရောက်အောင် 'ရစေ' လို့ ခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။

ခေင်ဘဟာ ဒီလိုနဲ့ပဲ ဆင်နှစ်ဆယ်နဲ့တကွ စကုမြို့စား ဖြစ်သွားပါတယ်။

ဘုရင်မင်းခေါင်က သူ့ကျေးဇူးရှင်ကြီး အဲဒီလို ဖြစ်သွားတဲ့အတွက် အလွန် ဝမ်းမြောက်ရှာတယ် ဆိုပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဘုရင်မင်းခေါင် ထပ်လုပ်လိုက်တဲ့အကွက် တစ်ကွက် ရှိပါသေးတယ်။ အလွန်ဇေ့စပ်တယ်လို့ ပြောရမှာပါ။ ဘာလဲဆိုတော့ မှူးမတ်တွေ မကျေမနပ် မဖြစ်စေရအောင် ခေင်ဘလည်း (ရိုးပုံရိုးအကြီးဆိုတော့) ငါမြို့စားဟဲ့ဆိုပြီး မာန်မတက်ရအောင် ဘုရင်မင်းခေါင်က သူ့ရဲ့ ဝမ်းမြောက်ပီတိကို အပြင်မထွက်စေရ ဝမ်းထဲမှာသာ ဖုံးဖိသိုသိပ်ပြီး နေလိုက်ပါတယ်။ နှစ်လလောက်ကြာတော့မှ ဘိုးရာဇာကို စလွယ်ချီးမြှင့်ပါတယ်။ ဒါတွင်မက ခေင်ဘ ကိုလည်း ပြောပါတယ်။

"နင့်ကို စကုငါမပေး၊ ဘိုးရာဇာပေးခြင်း ဖြစ်သည်။ သို့ကြောင့် အဘိုးရာဇာကို နင်ပူဇော်" တဲ့။

ခေင်ဘကလည်း ဘိုးရာဇာကို ဝမ်းမြောက်ဝမ်းသာ ရွာတစ်ရွာ ပူဇော်ပါတယ်။

ရန်အောင်တာပေ–၂



ဒီဖြစ်ရပ်ကိုကြည့်ပြီး ခေင်ဘအတွက် ကံနိတော်မင်းကျောင်း ဆုံးမစာထဲက 'မပေးဘဲကို မလိုလင့်၊ မပေးဘဲကို မဆိုလင့်။ မခေါ်ဘဲကို မသွားလင့်၊ မမြိန်ဘဲကို မစားလင့်။ မမှည့်ဘဲကို မဆွတ်လင့်' ဆိုတဲ့ စာကို သတိရစရာပါ။

ဝန်ဇင်းမင်းရာဇာကိုကြည့်ပြီး ရေရွတ်လိုက်ချင်တာကတော့ စဉ့်ဝါ ဆရာတော်ရဲ့ မမ္မနီတိ ဆုံးမစာ တစ်ပိုဒ်ဖြစ်ပါတယ်။

"ဧကန်စင်စစ်ပ၊ ပညာသစ်မှတ်ကယ်ယူ။ စိုးရသခင်နှင့် ပညာရှင် သည်နှစ်ဦး၊ ထူးကြမတူ၊ ပြည့်ရှင်ဂုဏ်အင် လျှင်းသော်လည်း၊ ကိုယ့်တိုင်း ပြည်သူသာ ကြည်ဖြူကြစတမ်း။ ပညာရှိမှာတောင့်၊ ကဝိဂုဏ်ရည် မြောက်လို့၊ ရောက်လေရာ သူခပ်သိမ်း၊ တိမ်းညွှတ်ဖြည့်လွမ်း"

အတွဲ (၅)၊ အမှတ်စဉ် (၂၀၁)၊ အတွေးသစ်ဂျာနယ်

❑

ရန်အောင်တာပေ–၂

www.burmeseclassic.com

www.burmeseclassic.com

## “ဝါရီရှူးမင်း၏ သချိုင်းဂူမှာ”

ပုဂံမှာ နရသီဟပတေ့ နန်းစံနေချိန်၊ ထီးပြိုင်နန်းပြိုင် ရှိနေကြတဲ့ မင်းတွေက ပဲခူးမှာ တရုဖျား၊ မုတ္တမမှာ ဝါရီရှူးတို့ဖြစ်ကြပါတယ်။ ဒီမင်းတွေ အနက်မှာ ဝါရီရှူးက စိတ်ဝင်စားစရာကောင်းသူပါ။ ‘မောင်ခမောက်ရှည်’လို့ အစီပွာယ်ရတဲ့ မဂဒူးအမည်ရှိ အညတရ လယ်သမား ဆင်းရဲသားဘဝကနေ ဘုရင်ဖြစ်လာသည်အထိ လုပ်ရည်ကိုင်ရည် ကောင်းတဲ့သူ ဖြစ်ပါတယ်။

မဂဒူးရဲ့ ဇာတိက တကော့ဝန်း (နောင်–ဒုန်ဝန်းမြို့ဖြစ်လာ)ပါ။ တကော့ဝန်းနဲ့ ဘုရင်နန်းစံရာ သောက္ကတဲမြို့ခရီးမှာ အထမ်းသမားအဖြစ် လုပ်လုပ်ခဲ့ရတဲ့ မဂဒူးဟာ သောက္ကတဲမင်းထံ ဆင်ကျုံး အလုပ်ကြမ်းသမား အဖြစ် ဝင်အမှုထမ်းခဲ့ပါတယ်။ ဆင်တင်းကုပ်ကနေ စားတော်ချက်အဆောင် အဲဒီနောက် ဝင်းမှူးရာထူးအထိ အဆင့်ဆင့် တက်ခဲ့ပါတယ်။ သောက္ကတဲမင်း တလည်း မဂဒူးဟာ ဘုရင့်သမီးတော် ‘မေနှင်းတွယ်တာ’ နဲ့ ချစ်ကြိုက်ပြီး နောက် ဆင်နဲ့တင်ပြီး သူ့ဇာတိ တကော့ဝန်းဆီ ခိုးပြေးပါသတဲ့။ ဘုရင့် သမီးတော်ကို အရယူလာနိုင်သူဆိုတော့ အရင်က သူ့လုပ်ဖော်ကိုင်ဖက် တပည့်တပန်းတွေဟာ သူ့ထံမှာ အမှုတော်ထမ်းတွေ ဖြစ်ကုန်ကြတယ်။





ဒီကြားထဲမှာ မုတ္တမစား အလိမ္မာမင်းက မဂဒူးရဲ့ နှမ ‘နှင်းဥရိုင်’ ကို သဘောကျနေတော့ မဂဒူးကလည်း နှမကို ပို့ဆက်လိုက်တယ်။ နှမကို ပေးပြီး မုတ္တမကိုတော့ တစ်နေ့ ငါအရယူမယ်လို့ သူကြံလိုက်ဝါပြီ။ အလိမ္မာ မင်းနဲ့ နှင်းဥရိုင်တို့ မင်္ဂလာပွဲကျင်းပတဲ့ တောင်လွဲသောင်ပြင်မှာပဲ မဂဒူးဟာ အသေအချာ အကွက်ချစီစဉ်ပြီး အလိမ္မာမင်းရဲ့ လူတွေနဲ့ အလိမ္မာမင်းကိုပါ သုတ်သင်ပစ်လိုက်နိုင်ပါတယ်။ မုတ္တမလည်း သူ့လက်ထဲရောက်ရော။

ဒီအခါအရင်က သမီးတော်ကို ခိုးပြေးလို့ အမျက်ထားခဲ့တဲ့ သောက္ကတဲ မင်းကလည်း မုတ္တမစား ဖြစ်လာတဲ့ မဂဒူးအပေါ် ကြည်လင်သွားပါတယ်။ သမက်ကို ‘ဗညားဝါရူး’ ဘွဲ့အပ်နှင်းပါတယ်။ ဗညားဝါရူးကနေ ဝါရီရှူးဘွဲ့ ဖြစ်လာတာပါ။ နောက်ခြောက်နှစ်ကျော်အကြာမှာ ဝါရီရှူး(မဂဒူး)ရဲ့ ဘုန်း အာဏာစက်ကို ပိုပြီး မြင့်မား ထင်ရှားစေတဲ့ အဖြစ်ကတော့ ဆင်ဖြူတော် ရလိုက်တာပါပဲ။

ပဲခူးမှာ မင်းပြုနေတဲ့ တရုဖျားနဲ့လည်း ဝါရီရှူးက မဟာမိတ် ဖွဲ့လိုက် ပါတယ်။ ဖွဲ့ပုံကလည်း ဩချလောက်စရာပါ။ သမီး အပြန်အလှန် ပေးကြ တော့ တရုဖျားရဲ့ သမီးရှင်စောလှကို ဝါရီရှူးကယူ၊ ဝါရီရှူးရဲ့သမီး မေနှင်း သိန်ဒျာကို တရုဖျားကယူ၊ ရွှေလမ်းငွေလမ်း ဖောက်ပြီး တစ်ဦးရဲ့ ရန်စစ်ကို တစ်ဦးက ကူညီဖြိုဖျက်ကြစတမ်းလို့ ကတိသစ္စာ ပြုကြပါတယ်။

အဲဒီအချိန်မှာပဲ ပုဂံနရသီဟပတေ့က တူတော် မင်းချစ်စောကို ဝါတ နောအရပ်စေလွှတ် ဝိုင်းရံစေပါတယ်။ (ရာဇသကြိုဳ အမတ်ကြီးက ဒလကို လုပ်ကြံချိန်ပါ) မုတ္တမ တရုဖျားမင်းလည်း ကြောက်ရွံ့ပြီး ယောက္ခမ သမက်၊ ဝါရီရှူးထံ စစ်ကူတောင်းပါတယ်။ ဝါရီရှူးက ကိုယ်တိုင်ဦးစီးပြီး စစ်ကူပေး ဝါတနောကို သိမ်း၊ နောက် ဒလဆက်ချီ ဆက်သိမ်း၊ တစ်ဆက်တည်းပဲ ဟသ်ာတကို သိမ်း၊ နောက်သထုံ (ကျွန်းသတို) ဆက်သိမ်း… အောင်ပွဲတွေ ဆက်ရခဲ့တော့တယ်။

အဲဒီမြို့ရွာနယ်ပယ်တွေကို အောင်မြင်ပြီး ဝါရီရှူးနဲ့ တရုဖျားမင်းနှစ်ပါး တို့ တပ်ရုပ်သိမ်းပြန်အလာ၊ မွေ့လှာခေါင်ဆိုတဲ့ အရပ်မှာ စခန်း[illegible] တရုဖျားက အကောက်ကြံပါလေရော၊ တရုဖျား သစ္စာဖျက်ပြီလည်းဆိုရော



www.burmeseclassic.com

www.burmeseclassic.com



ဝါရီရူးက "ငါ့အားကြံသော ပျက်စီးမှုသည် သူ့အားသာ တန်ပြန်ဖြစ်စေသတည်း" လို့ သစ္စာဆို အဓိဋ္ဌာန်ပြုပြီး ပြန်တိုက်ပါတယ်။ တရဖျားဟာ ဆင်စီးချင်းထိုးတိုက်ပွဲမှာ အရေးနိမ့် ထွက်ပြေးပါတယ်။ လိုက်ဖမ်းလို့မိတော့ သတ်ဖို့ဟာကို သံဃာများက မေတ္တာရပ်လို့ အသက်ချမ်းသာပေးပြီး သုံ့အဖြစ် မုတ္တမကို ခေါ်လာခဲ့တယ်။ သို့ဆိုပေမယ့် တရဖျားရဲ့သမီး သူ့မိဖုရား ရှင်စောလှ မျက်နှာထောက်ပြီး ချမ်းသာစွာ နေစေခဲ့တာပါ။

ဒါပေမဲ့ တရဖျားက မုတ္တမမှာပဲ ဝါရီရူးကို လုပ်ကြံဖို့ ဒုတိယအကြိမ် စီမံပြန်တဲ့အတွက် အရှင်ထားလို့ မရတော့ဘူးဆိုပြီး ပါးကွက်အာဏာသား လက်ထဲ ထည့်လိုက်ပါတော့တယ်။

ထိတ်လန့်နာကျင် ကြေကွဲစရာပါပဲ။ ဝါရီရူးရဲ့သမီး မေနှင်းသိန်ချာက လင်ဖြစ်သူ တရဖျားကို ချစ်လွန်းတော့ ချမ်းသာပေးဖို့ တောင်းပန်ပါတယ်။ ဝါရီရူးက သတ်စေအမိန့်ကို မပြင်တော့ပါဘူး။ ဒီမှာတင် မေနှင်းသိန်ချာဟာ သူ့ဆံပင်နဲ့ တရဖျား ဆံပင်တွဲပြီး စုချည်လိုက်ပါသတဲ့။ သမီးတော်က ဒီလိုလုပ်တော့ ပါးကွက်အာဏာသားတွေ ဘာမှ မလုပ်ဝံ့ကြတော့ဘူး။ ဝါရီရူးကို သံတော်ဦးတင်ကြတော့ "ငါ့သမီးဆံပင်ကို လွတ်စေ၊ တရဖျားရဲ့ ဆံပင်ကို အရင်ကဖြတ်၊ ပြီးတော့ ကွပ်မျက်" လို့ အမိန့် ချလိုက်ပါတော့တယ်။

သမီးတော် မေနှင်းသိန်ချာမှာ တရဖျားနဲ့ရတဲ့ သားနှစ်ယောက်ရှိပါတယ်။ ဘိုးတော် ဝါရီရူးက အလွန်ချစ်ပြီး ရှင်ကြီးနဲ့ ရှင်ငယ်လို့ အမည်ပေး အပါးမှာ ခစားစေပါတယ်။

ဝါရီရူး ဆင်ဖြူတော်ရခဲ့ပြီးနောက်မှာ မုတ္တမဟာ စည်ပင်ဝပြော သာယာပြီး နေပြည်တော်သူ နေပြည်တော်သားများဟာလည်း အလွန် ချမ်းသာ ကြွယ်ဝကြတယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ နောက်ထပ် အနှစ် ၂၀ လောက်ကြာတော့ မြေးတော် ရှင်ကြီးနဲ့ ရှင်ငယ် နှစ်ပါးတို့လည်း အရွယ်ရောက် လာကြပါပြီ၊ ဘိုးတော် ဝါရီရူးမင်းအပါးမှာ ရှင်ကြီးက ကွမ်းတော်ကိုင်၊ ရှင်ငယ်က ရေတော်ကိုင်အဖြစ် ခစားကြပါတယ်။ ကွမ်းကိုင်၊ ရေကိုင်ဆိုတာက ဘုရင်အင်မတန် ချစ်ကြည် ယုံစားသူကိုသာ ထားတဲ့ နေရာပါ။





ဝါရီရူးကလည်း သူတို့အဖ တရဖျားမင်းကို အပြစ်အလျောက် ကွပ်မျက်ခဲ့တာ ဖြစ်ပေမယ့် မြေးများကို အလွန်ချစ်ပါတယ်။ အဖေကို သတ်ခဲ့တဲ့အတွက် ပြန်အလျော်ပေးပြီး မြှောက်စားတာလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ရှင်ကြီး ရှင်ငယ်တို့ကတော့ "တို့အဖကို ဘိုးတော်ဘုရားက မချစ်လို့ သတ်ခဲ့တယ်။ သူသတ်ခဲ့တဲ့ သူ့ရဲ့သား နှစ်ယောက်ကို သူချစ်တယ် ဆိုတာ မဖြစ်နိုင်ဘူး။ ငါတို့ အသက်နှစ်ချောင်းလည်း စိတ်မချရဘူး..." လို့ ခံယူထားကြပြီးသား။

ဒါကြောင့် ဝါရီရူးမင်း ရေအိမ်အဝင်မှာ ညီနောင် နှစ်ပါးတို့တစားမြှောင်ကိုယ်စီနဲ့ ဘိုးတော်ကို ထိုးသတ်လိုက်ကြပါတယ်။ ပြီးတော့ ထွက်ပြေးသွားကြတယ်။ မှူးမတ်တွေက လိုက်ဖမ်းတော့ အေးကျောင်းမှာ မိပါတယ်။ မိတဲ့နေရာမှာပဲ ကွပ်မျက်လိုက်ကြပါတယ်။ ပြီးတော့ ဝါရီရူးမင်း သင်္ချိုင်းခြေရင်းမှာပဲ ရှင်ကြီး၊ ရှင်ငယ်တို့ အလောင်းကို မြှုပ်လိုက်ကြတယ်။

သင်္ချိုင်းဂူမှာတော့ ရွှေငှက်ရုပ်လုပ်ပြီး၊ ကမ္ပည်းအက္ခရာ ထွင်းလိုက်ကြတယ်။ "ကြိမ်ကိုခုတ်လျှင်၊ ဆူးကိုမထားရာ၊ အဖကိုခုတ်လျှင် သားတို့မထားရာ..." တဲ့။

ထီးနန်းစည်းစိမ် အာဏာလက်ရုံးများနဲ့ ဖွဲ့စည်းသော ပဒေသရာဇ်စနစ်ထဲမှာ အခုလို ဘိုးကိုမြေးသတ်၊ အဖကိုသားသတ်၊ သားကိုအဖသတ်၊ နောင်ညီအချင်းချင်းသတ်... စသည်ဖြင့် သွေးစွန်းကြတဲ့ အဖြစ်သနစ်တွေကို တွေ့ကြရပါတယ်။ ဒါဟာ ပဒေသရာဇ်စနစ်ရဲ့ ဆိုးကျိုး၊ ကြောက်မယ်ဖွယ် ဘေးကြီးလို့ ပြောကြပေမယ့် စင်စစ်တော့ လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟ ကိလေသာတို့သာလျှင် အရင်းခံ စင်စစ်ဖြစ်ပါတယ်။ ထီးနန်းစည်းစိမ်ဆိုတာက ဗဟိဒ္ဓအကြောင်းတရား၊ ဝတ္ထုကာမ အဖြစ်နဲ့သာ ပါဝင်ပြီး မကောင်းသော စေတသိက်များသာလျှင် အဇ္ဈတ္တအကြောင်းတရား ကိလေသာကာမအဖြစ် စေ့ဆော်ကြတာ ဖြစ်ပါတယ်။

ဝါရီရူးမင်း သင်္ချိုင်းဂူ ကမ္ပည်းစာကလည်း မှူးမတ်များက နောင်လာနောက်သားများအတွက် သင်ခန်းစာ ရကြစေရန်လို့ ရည်ရွယ်ပြီး ထွင်းခဲ့တာလို့ ဆိုပါတယ်။ တကယ်တော့ ဒီကမ္ပည်းစာကလည်း လွဲမှားသော အဆိုသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ လက်စားချေရေးနှင့် အဆုံးမသတ်နိုင်သော အမုန်း၊ အာဃာတ၊ ရန်ငြိုးများကိုသာ ညွှန်းဆိုနေတဲ့ အဆိုပါ။ ဒီကမ္ဘည်းစာအစား ဘာကြောင့်များ ဓမ္မသံဝေဂ ရစေတဲ့ အခြားစာတစ်ခုခု မထွင်းခဲ့ကြတာပါလိမ့်...လို့ မှုးမတ်များကို လှမ်းပြီး မကျေမနပ် ဖြစ်လိုက်မိပါတော့တယ်။

အတွဲ (၅)၊ အမှတ်စဉ် (၂၀၂)၊ အတွေးသစ်ဂျာနယ်

❑



## "ထီးဖြူတော်ကို လေပလီသောကြောင့် မြေမှီလျက် စံနေပါသည်ဘုရား"
(ဦးပေါ်ဦး)

## "ထီးဖြူတော်ကို ထူလိုက်ပါဘိ မောင်မင်း"
(ဗဒုံမင်း-ဘိုးတော်ဘုရား)

အဂ္ဂမဟာမဏ္ဍိတ၊ မကာရလောပအကျော်၊ မန်လည်ဆရာတော်ဘုရားကြီး စီရင်တဲ့ မဟာသုတကာရီ မဃဒေဝအမၽွောဝါဒခဏ်း-၃၇ ပိုဒ်ရဲ့ တစ်ခုသော အပိုဒ်မှာ "....မင်းခစားတို့၊ ယုံမှားအပ်စွာ၊ မကောင်းရာဘူး၊ ပညာအမျိုး၊ မကိုးစားသင့်၊ အခွင့်ဆင်ခြင်၊ လျှောက်အတင်၌၊ မဝင်မင်းနား၊ ယိုကြားခဲ့သော်၊ မတ်မဲပေါ်လျက်၊ ရှေ့တော်မင်းပွဲ၊ ဗိုလ်ပုံထဲက၊ ငင်ဆွဲအဟုတ်၊ နှင့်ထုတ်ခံရ၊ မင်းဟူကလျှင်၊ မာနဇာတိ၊ ကြီးစွာဘိ၏။ မြွေမီးပမာ၊ ကြောင်းမရှာဘူး၊ လိုရာလိုက်လျော၊ အသင့်ချောရှင့်၊ သဘောကေန်၊ မှန်မမှန်ဝင်၊ ပြစ်ဒဏ်မလွတ်၊ ဖြစ်တို့တတ်၏..." လို့ ဆုံးမ သတိပေးထားပါတယ်။

(သတ်ပုံနှုန်း)

ဘိုးတော်ဘုရားလို့ လူသိများတဲ့ ဗဒုံမင်း (၁၇၄၅–၁၈၁၉) လက်



www.burmeseclassic.com

www.burmeseclassic.com



ထက် ပေါ်ပေါက်အမှုထမ်းခဲ့သူ မှူးမတ်ဝန်ကြီးများ အနက်မှာ နာမည်အထွက်ဆုံး ပုဂ္ဂိုလ်ကတော့ အမတ်ကြီး ဦးပေါ်ဦးပါ။ ဦးပေါ်ဦးဟာ ဘိုးတော်ဘုရားလက်ထက်မှာ မဟာဇေယျသူရသင်္ချာဘွဲ့နဲ့ နားခံတော်ကြီးအဖြစ် မင်းကြီးသီရိမဟာနန္ဒာသင်္ကြံဘွဲ့နဲ့ ဆောမြို့စား၊ ယော်မြို့စား အတွင်းဝန်ကြီးအဖြစ် ခန့်ထားခြင်း ခံခဲ့ရသူလည်း ဖြစ်ပါတယ်။

ဦးပေါ်ဦးကို ပိဋကတ်ကျမ်းဂန်၊ ဗေဒင်၊ မဓ္ဓသတ်စတဲ့ ဂန္ထန္တရတို့မှာ အလွန်ကျွမ်းကျင်သူ၊ ကဗျာဗန္ဓဖွဲ့ဆိုမှုမှာလည်း ကဝိတစ်ဆူ၊ တန်ဆာပွတိ ဉာဏ်၊ ဇဝနဉာဏ် ရှင်သန်ထက်မြက်လှသူလို့လည်း မှတ်တမ်းတင်ကြပါတယ်။

ဘိုးတော်ဘုရားနဲ့ အခြား မှူးမတ်ဝန်များ၊ မင်းမှုထမ်းများ အကြား ပြဿနာ အကျဉ်းအကျပ် ပေါ်လေတိုင်း ဦးပေါ်ဦးက ဝင်ဝင်ရှင်းပေးရတာကိုလည်း အများ အသိပါ။ အဲဒီလို ဖြစ်ရပ်တွေအနက် တစ်ခုသော ဖြစ်ရပ်ကတော့ မထိတ်သာ မလန့်သာ တကယ့်ကို အကြိတ်အနယ် ပေါ်ပေါက်ခဲ့ဖူးပါတယ်။

နောက်ခံဖြစ်ရပ်က မင်းကွန်းပုထိုးတော်ကြီး တည်ဖို့ မြေသားတောင်ကမ်းပါးပ ပြုပြင်စီမံတဲ့ ကာလပါ။ ဘိုးတော်ဘုရားက ကရဝိက်ဖောင်နဲ့ ထွက်ချီပြီး နန်းတော်ကျွန်းစံ နန်းတော်တစ်ဖက်က ကြက်တောင်ဉယျာဉ်မှာ စံနေပါတယ်။ ဖြစ်ရပ်က အဲဒီလို ဘုရင်စံနေချိန်မှာ ထီးဖြူတော်ဟာ ခုံမှာ စိုက်ထားရာကနေ လေခတ်ပြီး မြေပေါ်လဲကျသွားခြင်းပါပဲ။

ထီးဖြူတော်ဆိုင်ရာ အမှုထမ်း 'အစိုသား'တို့ ပေါ့လျော့မှုပါ။ ထီးဖြူတော်ကို ခုံမှာစိုက်ထားပြီး သူတို့ချင်း စကားဖောင်ဖွဲ့နေကြတုန်း လေခတ်ပြီး လဲသွားတာပါပဲ။ ဒါကို ဘိုးတော်ဘုရား မမြင်ပေမဲ့ အနီးဝန်းကျင် မှူးမတ်အမှုထမ်းအားလုံး မြင်လိုက်ကြရပါတယ်။

ထီးဖြူတော်လဲတယ်ဆိုတာ အင်မတန် ပြဿနာကြီး ဘာကြောင့်လဲ ဆိုတော့ လောကရဲ့ အထွတ်ဟာ တိုင်းစိုးပြည်စိုးမင်း။ မင်းရဲ့ အထွက်ဟာ မကုဋ္ဌ- မကိုဋ္ဌ။ မကိုဋ္ဌရဲ့ အထွက်ဟာ ထီးဖြူတော်ကိုး။ အမြင့်အမြတ်အထွက်ဖြစ်သော ဘုရင့်ဘုန်းအာဏာရဲ့ ထိပ်ချာ သင်္ကေတဖြစ်သော ထီးဖြူတော်နဲ့ ပတ်သက်ပြီး မြန်မာဘုရင် အဆက်ဆက် ကျင့်သုံးလက်ခံခဲ့ကြတဲ့





ရာဇ အစဉ်အလာဆိုတာကလည်း အင်မတန်မှ ကြီးကျယ်တာကလား။ ထီးဖြူတော်နဲ့ ပတ်သက်လို့ မအပ်မရာဖြစ်ခဲ့ရင် ချမှတ်ထားတဲ့ ရာဇဒဏ်ကလည်း ဘယ်လောက် ပြင်းထန်းလိုက်သလဲ ဆိုတော့-

ထီးတော်မိုး ၆၄ ယောက်တို့ဟာ ကိုယ့်တာဝန်ချိန် မဟုတ်ဘဲ ထီးဖြူတော်ကို ဖွင့်ရင် ရုပ်ရင်ဖြစ်စေ၊ ကိုယ့်တာဝန်အလှည့်မဟုတ်ဘဲ မိုးခြင်း၊ ထမ်းထားခြင်းပြုရင်ဖြစ်စေ၊ ထီးဖြူတော်ကို သိမ်းထားတဲ့ အစိုသားလက်က လွတ်ကျရင်၊ လဲရင် ဖြစ်စေ၊ အဲဒီလူကို ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မီးလောင်တိုက် သွင်းစေ...တဲ့။

ထီးဖြူတော် လဲသွားလို့ ပြန်ထူလိုက်တယ်လည်း မကြုံပါလေနဲ့။ ဘုရင်မင်းမြတ် သက်တော်ထင်ရှားရှိပါလျက် ကောက်ယူ ထူမတ်သူဟာ ဘယ်လောက် ရာထူးကြီးသူ ဖြစ်ပါစေ၊ ဖိုဖုရား သားတော်ပဲဖြစ်စေဦး၊ ဒါဟာ ထီးသစ်တင်ရာ ရောက်လို့ အာဏာဖီဆန် ထောင်ထားခြားနားခြင်းဝါပဲတဲ့။ ဒါကို စီရင်တာဟာလည်း အထက်ပါနည်းအတိုင်းပါပဲ။ ကာယကံရှင်နဲ့တကွ ဆွေးခုနစ်ဆက်၊ မျိုးခုနစ်ဆက် မီးလောင်တိုက် သွင်းစေ။

ကောင်းပါပြီ၊ ထီးဖြူတော် လဲသွားလို့ပါဘုရား။ ကောက်ယူစိုက်ထူရမှာပါ ဘုရားလို့ ဘုရင့်ကို ခွင့်ပန်လျှောက်ရင်ကော အမင်္ဂလာ စကားဆိုသူ၊ ဘုန်းတော်အန်တုပြီး ထီးသစ်စိုက်လိုသူပဲလို့ သတ်မှတ်ပြီး အပြစ်ဒဏ်က မီးလောင်တိုက်သွင်း...။

အခု ဘိုးတော်ဘုရားရဲ့ ထီးဖြူလေခတ်ခံရပြီး မြေသို့လဲကျ၊ ရာဇဒဏ် ထိုက်သင့်သွားပြီ။ ဘယ်သူမှလည်း ပြန်မစိုက်ရဲ၊ ဘယ်သူမှလည်း အကျိုးအကြောင်း မလျှောက်ရဲ၊ ဆွေမျိုး ခုနစ်ဆက်နဲ့တကွ မီးလောင်တိုက် အသွင်းခံရမယ့် ဘေးကြီး။ နောက်ဆုံးတော့ ဝန်ရှင်တော် မင်းကြီး လေးပါးတို့ဟာ ဦးပေါ်ဦးဆီ ချဉ်းကပ်ကြရပါတော့တယ်။ ထီးဖြူတော် အမှုထမ်းတွေနဲ့ သူတို့ရဲ့ ဆွေမျိုးမိသားစု အသက်ဟာ ဦးပေါ်ဦးလက်ထဲမှာပဲ ရှိပါတော့တယ်။ ဓိဝိတဒါနပါ။ ကယ်ပါကူညီပါ ဖြစ်ကုန်ကြပါတယ်။

ဦးပေါ်ဦးက အစပိုင်း အင်တင်တင် လုပ်လိုက်ပြီးမှ ဒါဟာ အင်မတန်ကြီးကျယ်တဲ့အရေးဖြစ်တယ်။ အတော်ကို ကြိုးစားရမှာ မတော်လို့ သူပါ ရာဇဒဏ် ထိမှာလို့ စကားခံပြီးမှ (ဝန်ရှင်တော်မင်းကြီးများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ပညာပေးချင်လေသလားမသိ) ဘုရင့်ထံ တင်ခ၊ လျှောက်ခ ပေးရမယ်လို့ အဖိုးစားနားစကား ဆိုလိုက်ပါတယ်။

ပေးပါမယ်။ ဘယ်လောက်လဲဆိုတော့ ငွေကောင်း မြန်မာချိန်နှစ်ရာ (ပိဿနှစ်ရာ၊ ကျပ်ချိန်နှစ်သောင်း) တောင်းလိုက်ပါလေရော။ ဝန်ရှင်တော်မင်းကြီးတစ်ပါးရဲ့ ရိက္ခာတော်ငွေကိုက တစ်လမှာ မြန်မာချိန် တစ်ရာ ရကြတာကိုး။ မင်းကြီးများက များလျချည်လားဆိုပြီး ဈေးဆစ်မယ်လုပ်တော့ ဦးပေါ်ဦးက အပိုင်တွက်ပြလိုက်ပါသတဲ့။ အခု ရာဇဒဏ် ထိုက်သင့်နေတဲ့ အမှုထမ်း အစိုးသား ၆၄ ယောက်၊ သူတို့ကို လေးစိတ်ပြု၊ တစ်စိတ် ဆယ့်ခြောက်ယောက်၊ သူတို့ရဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ပါ ထည့်တွက်နည်းတဲ့ လူတွေလား။ တစ်ဦးတစ်ဖွဲ့ကို ငါးကျပ်စီ တစ်ဆယ်စီ ခွဲခန့်ယူဦး။ မင်းကြီးများ အမြတ်တောင် ထွက်နိုင်သေးတယ် လုပ်ပါလေရော။ ဝန်ရှင်တော် မင်းကြီးများလည်း ဒါဖြင့်ရင်လည်း လက်ခံပါပြီ လျှောက်တင်ပါတော့ဆိုတော့ ဦးပေါ်ဦးက လက်ငင်းပေးပါတဲ့။ အမှုအောင်ပြီးလို့ နောင်မှ မပေးဘူးဆိုရင် ဝန်ရှင်တော်မင်းကြီး လေးပါးနဲ့ ပေါ်ဦး ကြွေးမြီကိစ္စ တရား တဘောင်ဖြစ်ကြ၊ ကျော်မကောင်း ကြားမကောင်းပါဘူး...တဲ့လေ။

မင်းကြီးများကလည်း အခု ထွက်တော်မူရာ လိုက်ပါလာကြတာဆိုတော့ လက်ငင်းငွေ ဘယ်မှာရပ့်မလဲ။ နေပြည်တော် (အမရပူရ) ပြန်မှရမှာပေါ့လို့ ပြန်ပြောပါတယ်။ ဒီတော့ ဦးပေါ်ဦးက အခုပါလာကြတဲ့ မင်းဆွေမျိုးများဆီက နားတောင်း၊ လက်ဝတ်၊ ဘယက်၊ ဒွါဒရာတွေကို ခေတ္တငှားကြ၊ မင်းကြီးများ ငှားရင်ရပါတယ်။ ရတော့ ကျုပ်လက်ထဲထည့် နေပြည်တော်ရောက်ရင် ငွေချိန်နှစ်ရာနဲ့ ပြန်ရွေးပေါ့လို့ ဆိုပါတယ်။ မင်းကြီးများလည်း အောင့်သက်သက်နဲ့ အဲဒီအတိုင်း လုပ်၊ ပစ္စည်းတွေကို ဦးပေါ်ဦး လက်ထဲထည့် (ဒါတောင် ဦးပေါ်ဦးက ငွေချိန်နှစ်ရာဖိုး ရှိမရှိ ရာဖြတ်နဲ့ ဖြတ်ကြည့်ဦးမယ် လုပ်လိုက်သေးတယ်) မင်းကြီးများက ဒါတော့ အကဲပိုပါပြီ၊ မင်းညီမင်းသားများ ပစ္စည်းပဲ မရွေးဘဲနေမလား၊ မပေးဘဲနေမလား ပြောကြတော့မှ ပစ္စည်းတွေကို ပဝါနဲ့ထုပ်၊ အဆောင်ကိုင် ဝန်စာရေးလက်ထဲ မအပ်ဘဲ သူကိုယ်တိုင် ယူထား။ အပိုင်လုပ်ပြီးမှ ဘုရင့်ရှေ့တော် ဝင်ပါတယ်။

* * *





ဘိုးတော်ဘုရားရှေ့ ရောက်တာနဲ့ ဦးပေါ်ဦးက ဘယ်ကနေ စလိုက်သလဲဆိုတော့ (စာတော်ပြန် ဆရာသိန်းပြုစုတဲ့ ကဝိသေတ္တုမဥ္ဇူသာကျမ်းအရ) ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း ရတုတစ်ပိုဒ်ကို ရွတ်ဆိုလိုက်ပါတယ်၊ ဘိုးတော်ဘုရားက "ပေါ်ဦး... အခါမဲ့ ခစားရောက်ပါလား၊ ဘာအကြောင်းရှိသတုံး" မေးတော့ "မကြုံစဖူး၊ အထူးအံ့ရာ၊ မြင်ပါသဖြင့် လွန်မင်းစွာဝမ်းမြောက်ဝမ်းသာ ရှိလာလို့ပါဘုရား၊ ဒါကြောင့် အခါဆိုင်းလင့် အခွင့်မစောင့်သာတော့ဘဲ ဦးညွတ်တွား အခစား ဝင်ရတာပါဘုရား" လို့ လျှောက်ပါတယ်။

ဘုရင်က "တင်" ဆိုတော့မှ ဦးပေါ်ဦးက သူ လေ့လာ ဖတ်ရှုခဲ့သမျှဇာတက၊ အဋ္ဌကထာများမှာ "လူမင်း ဘုန်းကြီးက နတ်မင်း မနေသာ" ဆိုတဲ့စကားဟာ တယ်မှန်ကြောင်း...။ နေမိဇာတ်၊ စန္ဒကုမာရဇာတ်၊ မဟောသဓဇာတ်၊ ဇနကဇာတ်၊ တေမိဇာတ်၊ သုဝဏ္ဏသာမဇာတ်တွေထဲက ထုတ်နုတ်ပြ၊ ရှွန်းရှွန်းဝေအောင် သံတော်ဦးတင်ပြီးတော့မှ "သြော်...အလောင်းတော်ပါရမီရှင်ကြီးများပေတကားရယ်လို့ အံ့သြကြည်ညိုမိကြောင်း" လျှောက်ပါသတဲ့။ ဆက်ပြီးတော့ "စာထဲပေထဲမှာ ဖတ်ခဲ့ကြည်ညိုခဲ့ရတာ အခုတော့ မုချကေန်ကိုယ်တွေ့ ဒိဋ္ဌ မှန်စွာ တွေ့မြင်ရလို့ ထူးပြီး အံ့သြမိပါကြောင်း" ဆက်တင်ပါတယ်။

ဘိုးတော်က "မောင်မင်း ဘာများမြင်လို့လဲ" ပေါ့။ ဒီတော့မှ ဦးပေါ်ဦးက "အခု အရှင်မင်းတရား ထွက်ချီ စံပယ်တော်မူရာသို့ ဝဠာဟက၊ ပလဝယက္ခ နတ်မင်း ထက်ကြပ်မကွာ လိုက်ပါလာတာ သိရလို့ပါ" တဲ့၊ "ဒီနတ်မင်းကြီး လိုက်ပါတယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ" မေးပြန်တော့ ဦးပေါ်ဦးက သာရတ္ထသင်္ဂဟ၊ သရတ္ထဒီပနီ၊ အဘိဓမ္မတ္ထဝိဘာဝနိဋ္ဌိကား ဝိသုဒ္ဓိမဂ်...စတဲ့ ကျမ်းကြီးကျမ်းခိုင်တွေထဲက ဆိုင်ရာဆိုင်ရာ ကိုးကားထုတ်နုတ် လျှောက်တင်ပြီးမှ "လေပြည်လေညင်း၊ လေပြင်းလေထန်၊ လာဟန်ထင်ထင်၊ ရှုဆင်ခြင်လျှင် နတ်ပင်ကေန်ဖြစ်ပါတယ်" လို့ ဆက်လျှောက်လေပြည် ခြောက်မျိုးအကြောင်း လျှောက်၊ ယခု ဝဠာဟက၊ ပလဝယက္ခနတ်မင်းကြီးဟာ ကိုယ်ရောင်ကိုယ်ဝါနဲ့ ပြတာမဟုတ်။ (ဒီလို ပြလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေဟာ နတ်ကို လှည့်ကြည့်တော့ ရှေ့ပိုင်းက ဘုန်းတော်ကြီးဘုရားကို နောက်ကျောခိုင်းရာ ရောက်မှာစိုးလို့) ထင်ရှားပြလိုက်ရင်လည်း အုတ်အုတ်သဲသဲ ဖြစ်မှာမို့...။

"ဘုန်းကြီးလှသော ထီးဘုရင်ကြီး သိသာတော်မူရန် အာရောစနှ ဟူသော ပန်ကြားလျှောက်ထားခြင်း လေညင်းလေပြည် လေဟုန်ချီ၍ မိမိလာရောက်လိုက်ပါကြောင်း၊ ထက်ကြပ်မကွာ အခစားလိုက်ပါလာကြောင်း သိသာတော်မူရန် နတ်မင်းကြီးက သံတော်ဦးတင်ရာမှာ ထီးဖြူတော်ကို လေပလီသောကြောင့် မြေမှိုလျက်စံနေသည်ကို မြင်ရပါကြောင်း" လျှောက်တင်လိုက်ပါတယ်။

ဘိုးတော်ဘုရားက ပြုံးပြီး မိန့်လိုက်ပါတယ်။

"ထီးဖြူတော်ကို ထူလိုက်ပါဘိ မောင်မင်း"

* * *

မိမိ ရောက်လိုတဲ့ဆိပ်ကမ်းကို ကူးချင်ရင် အညာကကြိုတင် ကူးမှသာ လိုရာဆိပ်ကမ်း ရောက်သလို စကားအရာမှာလည်း အလိုရှိတဲ့အရာ ရောက်စေအောင် ကြိုတင်ပိုကူး ပြောဆိုခြင်းကို ရေကူးညာတင်စကားလို့ ခေါ်ပါတယ်။ အခု ဦးပေါ်ဦးဟာ 'ထီးဖြူတော်လဲကျ' တဲ့ ဧရာမ ပြဿနာကို ရှင်းလင်းဖို့ ရေကူးညာတင်စကားနဲ့ လျှောက်တင်တယ်လို့ ဆိုနိုင်ပါတယ်။ သို့သော် ပြောလိုတဲ့ စကား ဆိုက်ဖို့ ဘယ်လောက်အထိ ညာတင်ရသလဲ အဲဒီလို ပြောဆိုနိုင်ဖို့ နည်းပရိယာယ် ဘယ်လောက်ကြွယ်ဝရသလဲ၊ ကြွယ်ဝနိုင်ဖို့ ဘယ်လောက် စာပေကျမ်းဂန် ဝမ်းစာပြည့်ရသလဲ ဆိုတာကိုလည်း အထင်အရှား ပြနေတယ်လို့ ဆိုရပါမယ်"

ဦးပေါ်ဦး နှုတ်ရေးကြွယ်ကြွယ်နဲ့ ဆိုင်တာရော မဆိုင်တာရော ပြောတတ်လှချည့်လို့ ယူဆမယ်ဆိုလည်း ယူဆနိုင်ပါတယ်။ သို့သော် ဒီလျှောက်တင်ချက်နဲ့ပဲ ဦးပေါ်ဦးဟာ မိမိကိုယ်တိုင်ရဲ့ အသက်အပြင် လူပေါင်း များစွာရဲ့ အသက်ကို ရာဇဒဏ်ချောက်တွင်းနှုတ်ခမ်းဝကနေ ဆွဲတင်ကယ်ထုတ်နိုင်ခဲ့တာကိုတော့ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။





ဒီကြားထဲမှာ ဝန်ရှင်တော်မင်းကြီးလေးပါးတို့ကို ငွေချိန်နှစ်ရာတိ္တ ပညာပြသွားပုံကလည်း ပြုံးချင်စရာအကွက်လေး တစ်ကွက် ဖြစ်လိမ့်မယ်ထင်ပါတယ်။

အတွဲ(၅)၊ အမှတ်စဉ်(၂၀၃)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## "သူတော်ကောင်းတို့ ဥစ္စာကို ရေမှာပစ်လည်း မနစ်၊ မီးမှာ ပစ်လည်း မချစ်"
## (မဟာပညာကျော်)

ရခိုင်ပညာရှိအမတ်ကြီး မဟာပညာကျော်ဟာ မင်းခြောက်ဆက် လက်ထက်တော်များမှာ ပညာရှိအမတ်အဖြစ် ခစားထမ်းရွက်ရသူဖြစ်ပါတယ်။ မဟာပညာကျော် အမှုထမ်းခဲ့တဲ့ ရခိုင်ဘုရင်များက မင်းဗားကြီး (၈၉၃)၊ မင်းတိက္ခာ (၉၁၅)၊ မင်းစောလှ (၉၁၈)၊ မင်းစကြာဝတေး (၉၂၆)၊ မင်းဖလောင်း (၉၃၃) နဲ့ မင်းရာဇာ (၉၅၅) တို့ ဖြစ်ပါတယ်။ ဝိမလဘွဲ့က နေပြီး စစ်တောင်းစား မဟာပညာကျော်ဘွဲ့ မည်ရည်ကို ခံယူရရှိပြီး ဘုရင်အဆက်ဆက် အပါးတော်မြဲ လက်သုံး အတိုင်ပင်ခံ ပညာရှိအဖြစ် အားကိုးအားထားခံရသူပါ။ ဟံသာဝတီဘုရင် မင်းတရားရွှေထီးနဲ့ ဓညဝတီဘုရင် မင်းဗားကြီးတို့ နှစ်ပြည့်တစ်ပြည့် နှစ်ကိုယ့်တစ်စိတ် ဖြစ်ကြတဲ့အခါ မဟာပညာကျော်ဟာ ဟံသာဝတီကို ရှေ့သည်တော်အဖြစ် သွားရောက်ခဲ့ပြီး မင်းတရား ရွှေထီးကလည်း အလွန် နှစ်ခြိုက်တဲ့အတွက် ဆုလာဘ်အသပြာများနဲ့ ချီးမြှင့်တယ်လို့ ဆိုပါတယ်။





ဓညဝတီအရေးတော်ပုံမှာ ပါရှိတဲ့ မဟာပညာကျော် [illegible] ဟာ ရခိုင်ရာဇဝင်မှာရော၊ မြန်မာ့သမိုင်းမှာပါ အထင်အရှား [illegible] ရရှိထားပါတယ်။ အခု အဲဒီ လျှောက်ထုံး(ဖြစ်ရပ်)ထဲက [illegible] လက်ဆင့်ကမ်းပါရစေ။

ဒီဖာတ်လမ်းမှာ လူသားဇာတ်ဆောင် ၁၀ ဦးနဲ့ တိရစ္ဆာန် ၄ ကောင်တို့ ပါဝင်ပါတယ်။ လူသား ၁၀ ဦးက ရဟန်း၊ တံငါ၊ ငှက်ခတ်သမား၊ ကုလား၊ ပန်းထိန်သည်၊ တရားသူကြီး၊ တရားသူကြီးကတော်၊ တရားသူကြီးရဲ့ ကျွန်၊ သူခိုး၊ ဘုန်းကြီးကျောင်းသားတို့ ဖြစ်ပြီး တိရစ္ဆာန် ၄ ကောင်ကတော့ ငါး၊ ကျီး၊ စွန်၊ ကြွက်တို့ ဖြစ်ပါတယ်။ ဖြစ်ပုံကတော့ ဇာတ်ကွက်ငယ်တွေ သူ့နေရာနဲ့သူ အပိုင်းပိုင်း အဆစ်အဆစ် ပါဝင်နေလို့ စိတ်ဝင်စားစရာပါပဲ။

တစ်ခါသား မင်းဗားကြီးဟာ မဟာမုနိဘုရားကြီး ဘုရားဖူးထွက်ခိုက်မှာ ပတ္တမြားလက်စွပ်က ကျွတ်ကျပြီး ရေထဲကျသွားပါတယ်။ (ကန်၊ ချောင်း၊ အိုင်၊ မြစ် အတိအကျ မတွေ့ရပါ။ သို့သော် တံငါဆယ်ယူတဲ့ အကြောင်းပါတဲ့အတွက် မြစ်ဖြစ်ဖို့များပါတယ်) လက်စွပ်ကို ငါးတစ်ကောင်က မျိုပါတယ်။ တစ်လလောက် အကြာမှာ တံငါတစ်ယောက်က အဲဒီ ငါးကို ရှုဝမ်းဗိုက်ကိုခွဲ၊ လက်စွပ်ကို တွေ့တော့ ငါးနဲ့တကွ လက်စွပ်ကို ဘုရင်ထံ ဆက်သ ပါတယ်။ ဘုရင်က မဟာပညာကျော်ကို မိန့်တော့ မဟာညာကျော်က "လက်စွပ်ရေထဲကျ၊ မျိုမိတဲ့ ငါးသော်မှ အသက်အသေခံပြီး တံငါဆီရောက်၊ တံငါက ဆက်သ... ဒါဟာ အရှင်မင်းကြီး ဘုန်းကံကြီးကြောင်ကို ပြတဲ့သာကေပါ။ သို့သော် ဒီအတိုင်း ပြောလိုက်ရင် ဉာဏ်နည်းသူတို့အဖို့ သဘောရောက် နားလည်မှာ မဟုတ်တဲ့အပြင် (ကြီးကျယ်ရန်တောလို့) ငြိငြင်ရာသော အကြောင်းရှိပါတယ်။ ဒါကြောင့် ဒီထက်ပိုမို ထင်ရှား အရှား သိသာစေရအောင် ခုနစ်လ အချိန်ပေးပါ။ ကျွန်တော်မျိုး စီရင်ပါမယ်" လို့ လျှောက်ပါတယ်။ (ဘာကြောင့် ခြောက်လ၊ တစ်နှစ် စသည်ဖြင့် အချိန် မတောင်းဘဲ ခုနစ်လ တောင်းသလဲတော့ မသိပါ။ မဟာပညာကျော်က အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းကျွမ်းကျင်သူမို့ သူကိုယ်တိုင်သာ [illegible] သိပါလိမ့်မယ်။)

မဟာပညာကျော် စီရင်ပုံက ဒီလိုပါ။ ပတ္တမြားကို သားတစ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်၊ အဲဒီသားတစ်ကို အလုံးတူ အရွယ်တူ အခြားသားတစ်များနဲ့ အတူထားပြီး ကြဲချထားလိုက်ပါတယ်။ ကျီး စွန်တွေ သားတစ်လာချီကြရာ ပတ္တမြားသားတစ်လည်း ပါသွားပါတယ်။ ဆယ်ရက်ခန့်ရှိတော့ ငှက်ခတ်သမားက စွန်တစ်ကောင်နဲ့အတူ ပတ္တမြားကို ဘုရင့်ထံ လာဆက်သပါတယ်။ ဒုတိယအကြိမ် ပြန်ရောက်လာခြင်းပါ။

အဲဒီနောက် မဟာပညာကျော်ရဲ့ အစီအမံနဲ့ပဲ မထင်မရှား လူ တစ်ယောက်ထံ ပတ္တမြားကို အပ်ပြီး ရောင်းခိုင်းပါတယ်။ ဒါကို ကုလား တစ်ယောက်က အသပြာ တစ်ရာ ပေးပြီး ဝယ်သွားတယ်။ ကုလားက ပတ္တမြားကို ရွှေကွင်းဝတ်မယ်ဆိုပြီး ပန်းထိမ်တစ်ဦးထံ အပ်တယ်။ ပြန်ရွေးဖို့ အချိန် မစေ့ခင် ပန်းထိမ်အိမ်ကနေ သူခိုးက ခိုးသွားပြန်ပါလေရော။ ကုလားက မကျေနပ်လို့ တိုင်။ မဟာပညာကျော် အမှုစစ်ပြီး ဒါဟာ မင်းပတ္တမြားဆိုတာ သိပြီးနေပေမဲ့ ဘာမှ ထုတ်မပြောဘဲ ငါစီရင်ပေးမယ်လို့သာ ဆိုလိုက်ပါတယ်။ လက်စွပ်သူခိုးက မြစ်ဆိပ်ရေချိုးတဲ့အခါ လက်စွပ်ကို ချွတ်ပြီး မြစ်ဆိပ် တစ်နေရာ ထားခဲ့တော့ ကြွက်တစ်ယောက်က ချီပြီး တွင်းထဲ ယူသွားပြန်တယ်။ တရားသူကြီးရဲ့ ကျွန်တစ်ယောက်က ကြွက်သား စားချင်လို့ ကြွက်တူးတော့ ပတ္တမြားလက်စွပ်ကို တွေ့ပြန်ပါတယ်။ ကျွန်က သူ့လက်ထဲ မထားရဲပါ၊ သခင်ဖြစ်တဲ့ တရားသူကြီးထံ အပ်ပါတယ်။ တရားသူကြီးကတော့ လက်စွပ်မြင်တာနဲ့ ဒါ မင်းရဲ့ ပတ္တမြားပဲ။ မဟာပညာကျော် ကိုင်နေတဲ့ အမှုပဲလို့ တပ်အပ်သိပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တရားသူကြီးက မဟာပညာကျော်ကို မနှစ်မြို့ အငြိုးတေးထားသူ ဖြစ်နေတယ်။ "ယခင့် ယခင် အမှုမှ ဖြစ်စဉ်က ငါတို့ စီရင်တဲ့တရားကို မဟာပညာကျော်က ဖျက်ပြီး 'ကျော်' လုပ်သွားခဲ့တာ" ဆိုပြီး မကျေမနပ် ဖြစ်နေတာကလား။ ဒီတော့ တံငါ၊ ပန်းထိမ်၊ ကုလား၊ ငှက်ခတ်သားတို့ရဲ့ အမှုကို သူ စီရင်ပြပါမယ်၊ ခုနစ်လ အချိန်ပေးပါလို့ သင်း(မဟာပညာကျော်)က ဘုရင်ထံ လျှောက်ခဲ့တယ်။ သိကြရောပေါ့၊ သူတောင်းထားတဲ့ ခုနစ်လ လွန်မှ ဘုရင့်ထံ ငါဆက်သမယ်လို့ ကြံမိပြီး သိမ်းထားလိုက်ပါတယ်။ ဒါကို တရားသူကြီးကတော်က သူ့ခင်ပွန်း မရှိခိုက် ထုတ်ကြည့်ပြီး လက်စွပ်ကို ချထားရင်းနဲ့ အိပ်ပျော်သွား





တော့ ကျီးတစ်ကောင်က ချီးသွားပြီး သူ့အသိုက်မှာထားတယ်။ တရားသူကြီး ပြန်ရောက်လာတော့ အကျိုးအကြောင်းသိရ၊ လင်မယားရန်ဖြစ် ရိုက်မောင်း ပုတ်မောင်းအထိ ဖြစ်တယ်နဲ့ တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မယားလုပ်တဲ့သူက ကွာမယ်ရှင်းမယ် တက်တိုင်တာကိုး။ တရားသူကြီးဆိုတော့လည်း ကွာလိုကြောင်းက ဘုရင်ဆီအထိ တက်ရတယ်။ ဘုရင်က မဟာပညာကျော်ကို လွှဲလိုက်တော့ မဟာပညာကျော်က တရားသူကြီးကတော်ကို စစ်မေး၊ လက်စွပ်ပျောက်တဲ့ ကိစ္စကြောင့် ဆိုတာလည်း သိရော "ခဏဆိုင်းဦး၊ စီရင် ပေးမယ်" လို့ ဆိုလိုက်ပါတယ်။

အဲဒီနောက် ဘုန်းကြီးကျောင်းသားကဗျာ၊ ကျီးသိုက်တက်နှိုက်ရင်းနဲ့ လက်စွပ်ကို ရတော့ ဆရာဘုန်းကြီးဆီ ကျောင်းသားလေးက အပ်ပါတယ်။ ဘုန်းကြီးက ဘုရင့်ပစ္စည်းမှန်းတော့ မသိပါဘူး။ သို့သော် ရတနာကျောက် ဆိုတာ တို့များ ရဟန်းနဲ့ မဆိုင်၊ မင်းထိုက်မင်းတန်ပဲဆိုပြီး ဘုရင့်ထံ ဆက်ပါ တယ်။ ပတ္တမြားက ဘုရင့်ထံ ပြန်ရောက်လာတယ်။ ဒါ တတိယအကြိမ် မြောက် လက်စွပ် ပြန်ရောက်လာခြင်းပါ။ မဟာပညာကျော်ကို ခေါ်ပြတော့ ပတ္တမြားကို သားတစ်ထဲထည့် ငှက်စာပေးတဲ့ ရက်ကစ တွက်ရင် အခု ဘုရင့် ထံ ပြန်ရောက်တဲ့ ရက်အထိ ရက်ပေါင်း ၁၉၀ ရှိပြီဆိုတာ ပေါ်လာပါတယ်။ မဟာပညာကျော် ခွင့်တောင်းထားတာက ၇ လ (ရက်ပေါင်း ၂၁၀) ဆိုတော့ ရက် ၂၀ လောက် ကျန်သေးတယ်။ မဟာပညာကျော် ဘာလုပ်ပါသလဲ။ ဘုန်းကြီးကတစ်ဆင့် ကျောင်းသားကိုမေး၊ တွေ့ခဲ့တဲ့ ကျီးသိုက်ကိုပြ၊ အဲဒီ အသိုက်က ကျီးဖိုကျီးမကိုဖမ်း၊ ပတ္တမြားလက်စွပ်နဲ့ မခြား တူတဲ့ အခြား တစ်ကွင်းကိုလုပ်ပြီး ကျီးနှုတ်သီးမှာ မြဲမြဲအောင် ချည်ပြီး ပြန်လွှတ်လိုက်ပါ တယ်။ ဘုရင့်ထံ ပတ္တမြား သုံးကြိမ် သုံးခါတိတိ ပြန်ပြန်ရောက်လာတဲ့ အဖြစ် (တံငါဆီက၊ ငှက်ခတ်သားဆီက၊ ဘုန်းကြီးဆီက)ကို မဟာပညာ ကျော် နောက်ကြောင်းပြန်ပြီး စုံစမ်းပါပြီ။

လက်စွပ်အတု ချည်ပေးထားတဲ့ ကျီးကို မပြတ်စောင့်ကြည့်ဖို့ မင်း[illegible] များကို မှာထားလိုက်ပါတယ်။ ကျီးကလည်း စားနေကျ တရားသူကြီးအိမ် မှာနားတော့ တရားသူကြီးကတော်လည်း ပျောက်သွားတဲ့ လက်စွပ်[illegible]နှုတ် သီးမှာ ပြန်တွေ့တယ်ဆိုပြီး ကျီးကို အုတ်အုတ်ကျက်ကျက် [illegible]ဖမ်းကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းစေတွေက ဒီအကြောင်း ပြန်လျှောက်ကြတော့မှ မဟာပညာကျော်က တရားသူကြီး မောင်နံ့ကို ဆင့်ခေါ်လိုက်ပါတယ်။

အဆင့်ဆင့်မေးရင်း အဖြေတွေ ထွက်လာပါတယ်။ ကျီးနှုတ်သီးက လက်စွပ် ဘယ်ကရသလဲ။ ကျွန်က ပေးလို့ပါ။ ကျွန်ကိုမေး ဘယ်ကရသလဲ။ ကြွက်တွင်းတူးရာက ရပါတယ်။ ကြွက်တွင်းကို ပြစမ်း။ ကြွက်တွင်းကို ပြတယ်။ အဲဒီ အနီးတစ်ဝိုက် လူစောင့်ချထားပြီး ကြည့်ကြစမ်းပေါ့။ လက်စွပ်ခိုးသွားတဲ့ သူခိုးကလည်း ရေချိုးလာရင်း ဒီနားမှာ ငါ လက်စွပ်ချထားခဲ့တာ ပျောက်သွားတယ်။ ဘာညာအချင်းချင်းပြောတော့ သူခိုးကိုဖမ်း၊ အဲဒီ လက်စွပ်မင်း ဘယ်ကရသလဲ။ ပန်းထိမ်အိမ်က ခိုးခဲ့တာပါလို့ ဖြောင့်ချက်ပေး၊ ဝန်းတိမ်ကို မေး။ ပန်းထိမ်က ကုလားက ရွှေကွင်းပေးပါလို့ အထည်အပ်ကြောင်း အစစ်ခံ။ ကုလားကို ဆက်စစ်၊ ကုလားက အသပြာ တစ်ရာပေးဝယ်ခဲ့ကြောင်း ဘယ်သူ့ဆီကလည်းတော့ မမှတ်မိ။ မထင်မရှား လူတစ်ယောက်ပါပဲလို့ အစစ်ခံ။

အဲဒီ မထင်မရှား လူဆိုတာက အစကတည်းက မဟာပညာကျော်ခိုင်းထားတဲ့ လူ...။ ဇာတ်လမ်း...အစ...အဆုံးလည်း 'လုံး'မိရော မဟာပညာကျော်က ဖြစ်စဉ်တစ်ခုလုံးကို ရှင်းပြပြီး စီရင်ထုံးပြုလိုက်တယ်။

"လက်စွပ်တော် ရေသို့ အကျမှာ မြေ၊ ရေ လက်မခံဝံ့လို့ ငါးက သိမ်းထားရတယ်။ အဲဒီငါးကို တံငါရတယ်။ တံငါက ဘုရင့်ထံ ပြန်ဆက်တယ်။ တံငါဆက်လာပြီးနောက် သတ္တဝါမျိုးစုံထံရောက်၊ အဆင့်ဆင့်ပြောင်း၊ နောက်ဆုံး မပျောက်မဆုံး လက်ဝယ်ပြန်ရောက်တယ်"

"တရား ကျမ်းဂန်တို့မှာ သူတော်ကောင်းတို့ ဥစ္စာကို ရေမှာ ပစ်လည်း မနစ်၊ မီးမှာ ပစ်လည်း မချစ် (အပူရှိန်ကြီးလွန်းလို့ လောင်ကျွမ်းခြင်း) ယင်းသို့ ထုံးဟောင်းစကား ရှိခဲ့ပေတယ်"

"အရှင်မင်းကြီး ဘိသိက်ခံတော်မူခဲ့တဲ့ အင်္ဂါများနဲ့ ပြည့်စုံပြီး တရားကို စောင့်ထိန်းတဲ့အတွက် လူလိုနတ်လိုဖြစ်ကာ သုံးကြိမ်တိုင် လက်စွပ်တော် ပြန်ရခဲ့တယ်"

"ဘုန်းတော်ကြီးဟာ ရဟန်းတရားနဲ့ လျော်ညီတဲ့အတွက် ပစ္စည်းလေးပါး အလှူမပြတ် ခံယူရရှိစေရမယ်၊ တံငါနဲ့ ငှက်ခတ်သမားတို့က





ကိုယ်နဲ့မထိုက်သော အရာကို သိတတ်တဲ့အတွက် မင်းဘဏ္ဍာထိန်းသဘောကောင်းနဲ့ ညီညွတ်တယ်။ သူတို့ကို လက်စွပ်တန်ဖိုး ရှင်ဘုရင်က ချီးမြှင့်ပါစေ"

"တရားသူကြီးကတော့ ကြွက်နဲ့တူတယ်။ ပန်းထိမ်က စွန်နဲ့တူတယ်။ ကုလားက ငါးနဲ့တူတယ်။ သူခိုးက ကျီးနဲ့တူတယ်။ ထိုသတ္တဝါလေးကောင်တို့ ဒဏ်ရောက်သည့် နည်းအတိုင်း ထိုသူလေးဦးတို့ မင်းပြစ်သင့်စေ"

မဟာပညာကျော် ဒီလို စီရင်လိုက်တဲ့အခါမှာ နွေခေါင်ခေါင်ဖြစ်လျက် ထစ်ချုန်းရိုက်ဟည်း၊ မိုးသည်းထန်စွာ ရွာချလိုက်တယ်လို့ ဆိုပါတယ်။

အတွဲ(၅)၊ အမှတ်စဉ်(၂၀၅)၊ အတွေးသစ်ဂျာနယ်

❑



www.burmeseclassic.com

www.burmeseclassic.com

## "ဟဲ့စာလေ ဟေ ဟေး လား"

## (ရဟန်းတစ်ပါး/နောင် - သံပျင်အမတ်)

တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ဖြစ်ပေမယ့် ပြည်ရေးပြည်ရာ အမှုတွေကို စိတ်မဝင်စား (နားမှုခံတော်မမူ)၊ စစ်ကြောကွပ်ညှပ် စီရင်ဆုံးဖြတ်စရာရှိသမျှ သားတော်အိမ်ရှေ့မင်းကိုသာ လွှဲအပ်ထားပြီး ကိုယ်တိုင်ကတော့ စာပေကျမ်းဂန်မှာသာ မွေ့လျော်တဲ့ ဘုရင်ဟာ ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီးဖြစ်ပါတယ်။

ကျစွာမင်းကြီး ပုဂံပြည် ထီးနန်းရချိန်ကတော့ သက္ကရာဇ် ၅၈၁/၅၉၆ လို့ နှစ်မျိုးတွေ့ရပါတယ်။ မင်းကြီး စာပေကျမ်းဂန်မှာ မွေ့လျော်တယ်ဆိုတာက တော်ရုံသာမန်ကာလျှံကာ မဟုတ်ပါ။ ပိဋကတ်သုံးပုံကို ကိုးခေါက် ပြန်သင်တာမျိုး။ ပါဠိအဋ္ဌကထာ-ဋီကာကျမ်းတွေကနေ အထူးထူးသော အစိမ္ပာယတ္ထများကို ကြံစည်တွေးတော၊ စစ်ကြောဆွေးနွေးတာမျိုး၊ ပရမတ္ထဗိန္ဒုကျမ်း၊ သဒ္ဒဗိန္ဒုကျမ်းများကို မာဂဓဘာသာ၊ ဂါထာဖွဲ့သီကုံး စီရင်တာမျိုး... ဒီလောက်အထိ နက်နက်ရှိုင်းရှိုင်း လိုက်စားကျွမ်းကျင်တဲ့ စာဆိုဘုရင်တစ်ပါး ဖြစ်ပါတယ်။





ကျစွာမင်းကြီး လက်ထက်မှာ ရဟန်းပညာရှိများ၊ လူပညာရှိများ ပေါ်ပေါက်ထင်ရှားခဲ့ကြပြီး နန်းတွင်းသူမိဖုရား၊ မင်းသမီး၊ အငြိမ့်တော်များ သည်ပင် ကျမ်းဂန်စာပေ သင်ယူလေ့လာ လိုက်စားကြတယ်လို့ ဆိုပါတယ်။ ဘုရင်မင်းမြတ်ကိုယ်တိုင်က စာပေမွေ့သူဆိုတော့ နန်းတော်မှာလည်း စာသံပေသံတွေနဲ့ ထုံမွှမ်း စည်ပင်နေတော့တာဟာ သဘာဝကျပါတယ်။

ကျစွာမင်းကြီးဟာ "စာသမား" ဖြစ်တဲ့အလျောက်၊ စာပေကျမ်းဂန်နဲ့ နီးစပ်သူ၊ ထွန်းပေါက်သူ၊ စာတတ်ပေတတ် ပုဂ္ဂိုလ်မျိုးကို စိတ်ဝင်စားသူ၊ ချီးမြှောက်သူလည်း ဖြစ်ပါတယ်။ ထူးခြားတယ်လို့ ပြောရမယ့် အချက်ကတော့ မင်းကြီးရဲ့ သမီးတော်တစ်ပါးဟာ ဖအေတူသမီး ဖြစ်လာပြီး စာပေကျမ်းဂန် ဆည်းပူးတတ်မြောက်ခဲ့တာပါပဲ။ သမီးတော်ရဲ့ အမည်နာမဘွဲ့ကို မတွေ့ရပါ။ သမီးတော်ကလည်း ဘယ်လောက်အထိ စာပေပရိယတ် ကျွမ်းကျင်လိုက်သလဲဆိုတော့ ရဟန်းသံဃာတော်များကိုပင် စာပို့ချ ပေးနိုင်တဲ့ အထိပါ။ ရဟန်းများကို စာပို့ချရာမှာတော့ မာတုဂါမနဲ့ ရဟန်းဖြစ်နေလို့၊ ပို့ချသူမင်းသမီးနဲ့ စာလိုက်သူ ရဟန်းအကြားမှာ တင်းထိမ်ကန့်လန့်ကာ ခြားထားရပါတယ်။

ဒီလိုနဲ့ပဲ တစ်နေ့သောအခါမှာတော့ ကျမ်းဂန်တတ်ရဟန်းတစ်ပါးဟာ မင်းသမီးရဲ့ အဆင်းသဏ္ဌာန်ကို မြင်တွေ့ချင်တဲ့အတွက် ပို့ချတဲ့စာမှာ (ယခင်က မပါဝင်သော) စာတစ်ပိုဒ် ဖြည့်ထည့်လိုက်ပါတယ်။ ထုံးစံအတိုင်း ကန့်လန့်ကာ တစ်ဖက်တစ်ချက်စီမှာ နေကြရင်း စာချစာလိုက် ပြုကြပြီး ရဟန်းက သူဖြည့်ထားတဲ့ ပါဠိကို ရွတ်ပြလိုက်ပါတယ်။

"ဟဲ့ စာလေ ဟေဟေးလား... " တဲ့။

ဒီပါဠိ ကျန်ပါသေးတယ်လို့ ရဟန်းကပြောတော့ မင်းသမီးက "တပည့်တော်ရဲ့ စာမှာတော့ အဲဒီအပိုဒ် မရှိပါ" လို့ ဆိုပါတယ်။ ရဟန်းက ရှိပါသေးတယ်၊ မယုံရင်ကြည့်လှည့်ပါဆိုတော့ မင်းသမီးကလည်း တင်းထိမ် အကာအရံကို ဖယ်ရှားထွက်လာတဲ့ပြီး ရဟန်းရဲ့ စာကိုကြည့်ပါတယ်။ တကယ်ကတော့ ဒီစာပိုဒ်ဟာ တံငါသည်တို့ ကွန်ကြိုးဆွဲရာမှာ ဆိုကြတဲ့ တေးသွားဆန်ဆန်စာပါ။ မင်းသမီးက စာကိုဖတ်ကြည့်ပြီး "အဟိ သုတ်စာ သော တံငါတို့သည်။ စာလေ-ကွန်တို့ကို ဟေဟေးလား ဆွဲကြကုန်



www.burmeseclassic.com

www.burmeseclassic.com



၈်" လို့ စကားနဲ့ လျော်အောင် အနက်သမ္မန်ပြန်ပြီး တင်းထိမ် တစ်ဖက် ပြန်ဝင်သွားပါတယ်။

အဲဒီ တဒင်္ဂဟာ ရဟန်း၊ မင်းသမီးနဲ့တကွ မြန်မာစာပေတို့ရဲ့ ဖြစ်စဉ် ဘဝကို ချိုးကွေ့ပြောင်းလဲ ဖြစ်ပေါ်သွားစေတဲ့ တဒင်္ဂလို့ ဆိုရမှာပါပဲ။ မင်းသမီးက စာကိုကြည့် အနက်ပြန်ပေးချိန် အခိုက်အတန့်လေးမှာ ရဟန်းကတော့ မင်းသမီးကိုပဲ ကြည့်နေခဲ့တာကလား။

ဘုရင့်သမီးတော်ကို မြင်လိုက်ရတဲ့ အချိန်ကစပြီး တပ်မက်တဲ့စိတ်နဲ့ (မအိမသာ–မရပ်မတည်နိုင်) ရှိသွားတယ်လို့ ဆိုဂါတယ်။ ဒီအကြောင်းဟာ ကျွစွာမင်းကြီးဆီကို တစ်နည်းနည်းနဲ့ ပေါက်ကြားရောက်ရှိသွားတော့တယ်။ ဒီနေရာမှာ ကျွစွာမင်းကြီး မဟုတ်ဘဲ အခြားဘုရင် တစ်ပါးပါး ဖြစ်နေရင်တော့ အကျိုးဆက်က တစ်မျိုးတစ်မည် ဖြစ်လာစရာ အကြောင်းရှိပါတယ်။ သို့သော် စာပေကျမ်းဂန်ဖြင့်သာ သူ့ဘဝကို ဖွဲ့စည်းထားတဲ့ ဘုရင် ဖြစ်လေတော့ မင်းကြီးက "ငါ့သမီးတော်ကို အလိုရှိလျှင် အခိုင်အခံ့ အသုံးပြု နိုင်လောက်သော ကျမ်းဂန်ပြုစုလေ" လို့ မိန့်လိုက်ပါတယ်။

ရဟန်းလည်း နဂိုကတည်းက ကျမ်းဂန် တတ်မြောက်ပြီးဖြစ်လို့ ကစ္စည်း သဒ္ဒါကျမ်းကို ဖွင့်ဆိုတဲ့ "ဉာသ်ကျမ်း၏ အဖွင့်ဋီကာ" ကျမ်းကို စီရင်ပါတော့တယ်။

နောက်တော့ ရဟန်း လူဝတ်လဲပြီး ကျွစွာမင်းကြီးက "သံပျင်အရာ" ပေးပါတယ်။ သမီးတော်နဲ့လည်း ဆောင်နှင်းလိုက်ပါတယ်။ ဒီအခါ "သံပျင်အမတ်" လို့ တွင်ခဲ့ပြီး သမီးတော်လည်း "သံပျင်မင်းသမီး" တွင်ခဲ့ပါတယ်။ ဋီကာကျမ်းကလည်း "သံပျင်ဋီကာ" ဆိုတဲ့ အမည်နဲ့ မြန်မာစာပေနယ်မှာ အထင်အရှား မှတ်တိုင်တစ်ခု ဖြစ်လာခဲ့ပါတယ်။

ကစ္စည်းသဒ္ဒါကျမ်းကို ဖွင့်ဆိုသော "ဉာသ်ကျမ်းအဖွင့်ဋီကာ" ဆိုတဲ့ အမည်နဲ့ မထင်ရှားဘဲ သံပျင်ဋီကာ အမည်နဲ့ ထင်ရှားခဲ့ပုံကလည်း မှတ်သားလောက်စရာပါ။ ဘုရင့်သမီးတော်ရဲ့ မူလအမည်၊ ဘွဲ့နာမကိုလည်း မတွေ့ရ၊ ရဟန်းရဲ့ ဘွဲ့ကိုလည်း မတွေ့ရဘဲ သံပျင်အမတ်၊ သံပျင်မင်းသမီး၊ သံပျင်ဋီကာ ဆိုပြီး "သံပျင်" ဆိုတဲ့ စကားလုံးကသာ ဗဟိုချက် ဖြစ်လာပါတယ်။

အမှန်တော့ သံပျင်ဆိုတာ လယ်မြေများကို ကြည့်ရှုစစ်ဆေး မှတ်





သားရတဲ့ လယ်မြေအရာရှိ အမှုထမ်းပါပဲ။ မြေတိုင်းအမတ်လို့ ခေါ်ရင် သင့်ပါတယ်။ ရွာတစ်ခုတည်းနဲ့ဆိုင်တဲ့ လယ်မြေ ကြီးကြပ်ရတဲ့ အရာရှိကို "ကလန်" လို့ ခေါ်ပြီး ရွာတစ်ရွာထက် ပိုမိုပြီး အများအပြား ကြီးကြပ်ရတဲ့ အရာရှိရာထူးကို "သံပျင်" လို့ ခေါ်ပါတယ်။ ကလန်–သံပျင် ဆိုတဲ့ ရာထူးနဲ့ မင်းမှုထမ်းများဟာ ပုဂံခေတ်မှာ လူသိများပြီး ထင်ရှားတွင်ကျယ်ကြသူများ ဖြစ်ခဲ့ပါတယ်။

ဝေါဟာရ ဝိပ္ပလ္လာသလက္ခဏာဒီပကကျမ်း (လက်ရေးမူ) မှာတော့– နယ်ရှိ ရွာကုန်အစိုးရသည့် မြို့သူကြီးကို သံပြင်ဟူသည်မှာလည်း သဒ္ဒါကို ဆိုလိုလျက် ဗ နှစ်လုံးကို ပပြု၊ ပတစ်လုံး မပြု၊ သမ်၊ နိဂ္ဂဟိတ်ကို ပြေ "သမ်ပင်" ဖြစ်၏။ အသံကိုငဲ့၍ မာဂဓဘာသာဖြစ်သောကြောင့် 'ရ' အာချုံနှင့် ပြောင်း၍ "သမ်ပြင်" ခေါ်သည်။ မ သတ်ကို နိဂ္ဂဟိတ်နှင့် ပြောင်း၍ "သံပြင်" ဟု ရေးထုံးတွင်သည်။

(စာဆိုတော်များ အတ္ထုပ္ပတ္တိ–ပဉ္စမအကြိမ်၊ ရာပြည့်စာအုပ်တိုက်) လို့ ဖော်ပြထားပါတယ်။

ဒီလို သံပျင်ဋီကာဆိုပြီး တစ်စောင်တစ်ဖွဲ့ ပေါ်ပေါက်လာစေတဲ့ အကြောင်းတွေထဲမှာ 'ဟိဓာလေ ဟေဟေးလား' ရဲ့ အခန်းကဏ္ဍက မသေးပါဘူး။ တံငါတို့က ကွန်ကိုဆွဲငင်တယ်လို့ အဓိပ္ပာယ်ထွက်တဲ့ ဒီစာ (စကား)ကို မင်းသမီးက အနက်ပြန်ပေးချိန်မှာ စာလိုက်တဲ့ ပုဂ္ဂိုလ်ဟာလည်း ဘုရင့်သမီးတော်ရဲ့ ပညာ၊ အလှဂုဏ်များရဲ့ ပိုက်ကွန်ထဲမှာ အဆွဲအငင် ခံခဲ့ရပေတယ်။

နောက်ပိုင်း သံပျင်အမတ် ဖြစ်လာပြီးတဲ့အခါကျတော့ သူဟာ ပိုက်ကွန်ဖြစ်သွားပြီး သမီးတော်ကတော့ ပိုက်ကွန်ထဲမှာ အရှန်းအတန့် မဖြုနိုင်၊ အဆွဲအငင် ဘဝ ရောက်ခဲ့ရတယ်။ ချစ်ခြင်းသံယောဇဉ်ဖွဲ့ အနေနဲ့လည်း လှုပနေတဲ့ ဖာတ်ကွက်လေးလို့ ဆိုနိုင်ပါတယ်။ ပိုပြီးလှပတဲ့ အကွက်ကတော့–

သမီးတော်ကို အသံကြားရုံနဲ့မပြီး၊ ရုပ်အဆင်းကိုပါ မြင်လိုက်တဲ့ 'ဟိဓာလေ ဟေဟေးလား' အပိုဒ်ဖြည့်လိုက်တဲ့ လုပ်ရပ်၊ ပြီးတော့ ခွဲဝတ် တိမ်းညွတ်မှုများနဲ့ မအိမသာ မရပ်မတည်နိုင် ဖြစ်ရ... ။ ကိုသိသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျူရှာမင်းကြီးက အခြားနည်းများနဲ့ အရေးမယူဘဲ ကျမ်းဂန်တစ်ခု ပြုစုခိုင်းလိုက်တဲ့အတွက် ဖြစ်ပါတယ်။ အကယ်၍ ကျူရှာမင်းကြီးသာ စာပေသမားမဟုတ်ခဲ့ရင် ဒါဟာ ရာဇမာန်ရှပြီး ကျော်မကောင်းကြားမကောင်း နောက်ဆက်တွဲတွေ ပေါ်ပေါက်လာနိုင်စရာ ရှိပါတယ်။ အခုတော့–

စာချသူလည်း ချ၊ စာလိုက်သူလည်း လိုက်၊ အဖြည့်အပိုဒ်ရေးပြီး ကြံစည်၊ အကြောင်းစုံ သိသွားတဲ့ ဘုရင်ကလည်း ဒီလိုနည်းနဲ့ စီရင်လိုက်လေတော့–

သံပျင်အမတ်၊ သံပျင်မင်းသမီး၊ သံပျင်ဋ္ဌီကာ ဆိုတဲ့ အမည်နာမအခန်းကဏ္ဍဟာ မြန်မာစာပေသမိုင်းမှာ လေးစားဖွယ် တစ်နေရာကို ရရှိလာခဲ့ပါတယ်။ ဒါကြောင့် "ဟိဏ္ဍာလေ ဟေဟေးလား" ဆိုတဲ့ စာ (စကား) လေးကို ကြားယောင်မိတိုင်း စာပေအနုပညာ၊ ဉာဏ်ပညာဓာတ်ခံများနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်တယ်ဆိုရင် ပြဿနာအခက်အခဲ ဖြစ်စရာ ရှိတာတောင်မှ ဖြစ်မလာတော့ဘဲ ကောင်းသော အကျိုးကျေးဇူးများသာ ပေါ်ထွက် လာတတ်ပါကလားလို့... မှဒိတာ ဖြစ်ရပါတော့တယ်။

အတွဲ(၅)၊ အမှတ်(၂၀၆)၊ အတွေးသစ်ဂျာနယ်

❖ ❖ ❖

ချစ်ဦးညို

စာပြင်ပြီး ၄–၁၀–၀၉
ဒမ်မီပြီး အားလုံးပြီး ၂၀–၁၁–၀၉

ရန်အောင်စာပေ–၂

www.burmeseclassic.com